http://www.dhammadownload.com

[illegible]

[illegible]

[illegible]

# [illegible]

http://www.dhammadownload.com

http://www.dhammadownload.com

အမရပူရ

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

ဒသမကျမ်းစာ

# အနာဂတ်သာသနာရေး



ဆရာတော်ကိုယ်တိုင်တည်းဖြတ်၍ ၁၃၁၁ ခုနှစ်က

ပုံနှိပ်ခဲ့သောမူနှင့်ညှိနှိုင်းထုတ်ဝေသည်။

http://www.dhammadownload.com

**အနာဂတ်သာသနာရေး**
၁၉၉၅ ဖေဖော်ဝါရီ

**ကြီးကြပ်စီစဉ်သူ** ဦးကျော်ဦး(ပါရမီစာပေ)

**စာစီ** မအေးအေးသန့်(ပါရမီကွန်ပျူတာ)

**အဖုံးပန်းချီ** စံတိုး

ရန်ကုန်မြို့၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်(မှတ်ပုံတင်အမှတ်
၀၂၄၀၅ /၀၂၅၂၇) က ထုတ်ဝေ၍
သာသနာရေးဦးစီးဌာနအတွက်
မျက်နှာဖုံးကို ဒေါ်ခင်စီ(၀၁၄၈၀) မေတ္တာမိုးပုံနှိပ်တိုက်
၂၂၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း ၌ လည်းကောင်း၊
အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀) ကလျာအော့ဖ်ဆက်
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ ၌ လည်းကောင်း
ရိုက်နှိပ်သည်။

**စောင်ရေ** ၁၀၀၀၀

**တန်ဖိုး** ၁၃၀ ကျပ်

**ပါရမီစာပေ**
၄၊ ကမ္ဘာအေးစေတီတော်မှခ်ဦးစော်း၊ ရန်ကုန်
၂၈၂၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

http://www.dhammadownload.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အချိန်နိဒါန်း** | ၇ |
| **ဗုဒ္ဓရတနာ** | ၁၇ |
| ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ | ၁၇ |
| ဗုဒ္ဓရှင်တော်နှင့်ကောသလမင်း | ၂၅ |
| ဗုဒ္ဓရှင်တော်နှင့်ဗိမ္ဗိသာရမင်း | ၃၄ |
| ဗုဒ္ဓရှင်တော်နှင့်ဗြဟ္မာယုပါမောက္ခ | ၃၇ |
| ဗုဒ္ဓရှင်တော်နှင့်ဥပါလိသူကြွယ် | ၅၂ |
| ဗုဒ္ဓရှင်တော်နှင့်ဝစ္ဆဂေါတ္တပုဏ္ဏား | ၆၃ |
| ဗုဒ္ဓနှင့်သရဘပရိဗိုဇ် | ၆၅ |
| ဓာတ်တော်အပ်နှင်းပွဲ | ၇၃ |
| ဗုဒ္ဓရှင်တော်ကိုကြည်ညိုပုံအစဉ် | ၇၇ |
| ဗုဒ္ဓတ္တစရိယာအခန်း | ၉၂ |
| **ဓမ္မရတနာ** | ၁၂၁ |
| ဒုက္ကရစရိယာကျင့်တော်မူပုံ | ၁၂၈ |
| ဗုဒ္ဓရှင်တော်နှင့်ပဉ္စဝဂ္ဂီ | ၁၃၅ |
| ဓမ္မစကြာတရားတော် | ၁၃၇ |
| အနတ္တလက္ခဏာသုတ်တော် | ၁၇၄ |

http://www.dhammadownload.com


ပဋိစ္စသမုပ္ပါဒ်တရားတော် ၁၈၇
အနာဂတဘယသုတ်တော် ၂၂၂
သာသနာကွယ်ကြောင်းတရားတော် ၂၂၇

**သံဃရတနာ** ၂၄၂

သံဃံ သရဏံ ဂစ္ဆာမိ ၂၄၂
အရှင်ယသ ၂၄၄
အဂ္ဂသာဝက ၂ ပါး ၂၅၀
အရှင်မဟာကဿပ ၂၅၆
ဆဗ္ဗဂ္ဂီရဟန်းများ ၂၆၄
အရှင်မဟာကဿပ ဝန်ဆောင်ပုံ ၂၆၉
ဒုတိယသံဂါယနာတင်ခန်း ၂၇၇
တတိယသံဂါယနာတင်ခန်း ၂၈၆
အသောကမင်းသာသနာပြုခန်း ၂၉၃
ဒုဋ္ဌဂါမဏိမင်း ၂၉၉
ပေထက်အက္ခရာတင်ခန်း ၃၀၂

**မြန်မာပြည်သာသနာ** ၃၀၉


အင်းဝခေတ်သာသနာ ၃၁၂
မင်းတုန်းမင်း၏ သာသနာပြုအမိန့်တော် ၃၂၂
ပစ္စက္ခသာသနာ့အခြေအနေ ၃၂၇
ကဿပရှင်တော်၏ နောက်ပိုင်းသာသနာ ၃၃၈
မျက်မှောက်ခေတ်တစ္ဆေပြိတ္တာများ ၃၄၃

http://www.dhammadownload.com

## အနာဂတ်သာသနာ ၃၅၂


| | |
|---|---|
| ကာလာမသုတ်တော် | ၃၅၂ |
| အနာဂတ်ကျောင်းတိုက်များ | ၃၅၅ |
| သိမ်သမုတ် | ၃၇၄ |
| ရဟန်းခံ | ၃၇၅ |
| ကထိန်ခင်း | ၃၇၆ |
| သားရှင်ပြု | ၃၈၁ |
| ဘုန်းကြီးပျံ | ၃၈၆ |
| လူ့အသုဘ | ၃၉၃ |
| ဘုရားတည်မှု | ၃၉၈ |
| ဆွမ်းတော်ကြီးတင် | ၄၀၀ |
| သီတင်းကျွတ်ပွဲများအပြစ် | ၄၀၄ |
| ဥပုသ်စောင့် | ၄၀၆ |
| လက်ထပ်မင်္ဂလာ | ၄၀၇ |
| ကျေးရွာပြုပြင်ရေး | ၄၀၉ |
| တောရော မြို့ပါ ပြုပြင်ရေး | ၄၁၃ |
| လူများလည်းသာသနာပြုနိုင်ပုံ | ၄၁၄ |
| နိဂုံးချုပ် | ၄၁၇ |
| နောက်ဆုံးညွှန်ပြချက် | ၄၂၆ |

http://www.dhammadownload.com



http://www.dhammadownload.com

# အချီ နိဒါန်း

သာဂါရာ အနဂါရာစ၊ ဥဘော အညောည နိဿိတာ။
အာရာဓယန္တု သဒ္ဓမ္မံ၊ ဘုဇိဿံ ဥဿိတဒ္ဓဇံ။

သာဂါရာစ၊အိမ်ရာတည်ထောင်လူတို့ဘောင်၌ခေါင်းဆောင် ရှေ့သွား လူကြီးများတို့သည် လည်းကောင်း။ အနဂါရာ စ၊ အိမ်ရာမထောင် သာသနာ့ဘောင်၌ ခေါင်းဆောင်ရှေ့သွားဆရာတော်ဘုရားတို့သည်လည်းကောင်း။ ဥဘော၊ မြန်မာဒကာ မြန်မာဆရာဟု ကမ္ဘာကို ရှုနိုင်သည့် လူထုထိပ်ခေါင် ထိုခေါင်းဆောင် ၂ မျိုးတို့သည်။ အညောညနိဿိတာ၊ ကိုင်းကိုကျွန်းမှီ ကျွန်းကိုင်းမှီသို့ ပမည်မယွင်း အချင်းချင်း အားထားကြကုန်လျက်။ ဘုဇိဿံ၊ ၆၂ နှစ်မျှ ကျွန်ဘဝမှ လုံးဝမတ်မတ် လွတ်လပ်ခဲ့ပြီးသော။ သဒ္ဓမ္မံ၊ မိမွေဖနှစ် ချက်မြှုပ်ဖြစ်၍ အသစ်တည်ဖန် ကိုယ့်နိုင်ငံကို။ ဥဿိတဒ္ဓဇံ၊ တို့ပြေတို့မြေ တို့အမွေဟု အခြေသိုက်မြိုက် စိုက်တလူလူ အောင်လံထူမြဲသာလျှင်။ အာရာဓယန္တု၊ မြေပြင်ရေပြင် ဝေဟင်မလပ် တပ်ပေါင်းကွပ်လျက် အမြတ်ရတနာ သာသနာလည်း ရောင်ဝါထိန်ညီး လုံးစုံပြီးအောင် ချီးမြှောက်နိုင်ကြပါစေသတည်း။

**ဤကျမ်းစာမျိုး ရှိသင့်ပြီ**

ဘုန်းကြီးတို့သည် သီတင်းသုံးဖော် အချင်းချင်း မြန်မာနိုင်ငံသာသနာတော်အရေးနှင့်စပ်၍ပြုပြင်သင့် ဖြည့်စွက်သင့် နုတ်ပယ်သင့်သော အချက်များကို မကြာခဏဆွေးနွေးခဲ့ကြသည်။ ဘုန်းကြီးကိုယ်တိုင်မှာမူ အနာဂတ်သာသနာ့ရေးကျမ်းစာတစ်စောင်ကို ရေးသားလိုစိတ်များစွာ

http://www.dhammadownload.com



ဖြစ်နေ၏။ သို့သော် မိမိ ညွှန်ပြထားသော အစီအစဉ်ကို လက်ခံနိုင်လောက်အောင် စဉ်းစားပြီး ပုဂ္ဂိုလ်တို့မှာ ရဟန်းရှင်လူများစွာဝယ် အနည်းငယ်သာရှိမည်ဖြစ်သောကြောင့်မိမိကျမ်းစာအတွက်တိုင်းပြည်မှာ အကျိုးမရဘဲ အပြစ်ရဖို့သာ မြင်မိရကား ဤကျမ်းစာကို မရေးသားသေးဘဲ အခါအခွင့်သင့်သည်တိုင်အောင် ဆိုင်းငံ့ထားခဲ့ရာ ယခုအခါသော် အောက်ပါ အကြောင်းများကြောင့် ဤကျမ်းစာမျိုး ရှိသင့်ပြီဟု ထင်မြင်လာပေသည်။

**ခေတ်မြင်သော အရှင်များ**

ရဟန်းတော်များသည်(နိုင်ငံရေးလိုက်စားသူအချို့လူတို့ထင်မြင်နေသလို)ရိုးရိုးနှင့်အေးအေးနေကြပြီးလျှင် ကမ္ဘာ့အခြေအနေကို မမြော်မြင်နိုင်ကြသော လမ်းဟောင်းလိုက် ပုဂ္ဂိုလ်များချည်းမဟုတ်ကြ၊ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ အတော်ကြာကပင် တိုင်းသူပြည်သားတို့နှင့် သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏အခြေအနေကို နိုင်ငံခြားအခြေအနေနှင့် နှိုင်းစာကြည့်ရှုနိုင်လောက်အောင် ခေတ်မီဉာဏ်စက္ခုကို ပိဋကတ်စာပေများမှ ရရှိကြပြီး ဖြစ်၏။ ယခု စစ်ကြီးပြီးချိန်၌ကား သာသနာတော်အရေးကို ပြုပြင်ဖို့ရန် စိတ်အားထက်သန်ကြသော အရှင်မြတ်တို့တွင် အချို့အရှင်များသည် ဘုန်းကြီး၏ဝါဒကို စုံစမ်းလာကြ၏။ အချို့အရှင်များကား "မည်ကဲ့သို့ ပြုပြင်လိုစိတ်ရှိသည်ဟု မသိသေးဘဲနှင့်" ဘုန်းကြီးကိုပုံပြီး ယုံကြည်နေကြဟန်တူသည်။ ထို့ကြောင့် အရှင်သူမြတ်တို့အား မိမိ၏ဝါဒကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြဖို့ရာ ဤကျမ်းစာကို ရေးသားသင့်ပြီဟု ထင်မြင်လာပေသည်။

**နိုင်ငံရေး ခေါင်းဆောင်များ**

များစွာသော နိုင်ငံရေး ခေါင်းဆောင်များ သည် ဘုရားဒကာ၊ ကျောင်းဒကာ၊ရဟန်းဒကာစသည်ဖြင့် သာသနာ့ဒါယကာများ၏ သားမြေး အဆက်အနွယ်များနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓ ရှင်တော်မြတ်၏

http://www.dhammadownload.com



လေးနက်လှသော တရားအရသာကို ထိုက်တန်သမျှ ခံစားဖူးသော ဥပါသကာတွေသာ များပေသည်။ ထိုသူတို့၏ နိုင်ငံရေးတရား ဟောပြောရေးသားကြရာ၌ ဗုဒ္ဓတရားတော်များကို သွင်းကာ သွင်းကာ တစ်ရံတစ်ခါ ဟောပြော ရေးသားခြင်း၊ "ကျွန်တော့်သဘောက ရဟန်းတော်များဟာ ပရိယတ် ပဋိပတ်ကိုသာ ကြိုးစားစေချင်တယ်" စ,သည်ဖြင့်ရေးသားခြင်းတို့ကား ထိုခေါင်းဆောင်များ၏ဥပါသကာ ပီသကြောင်း အသည်းနှလုံးထဲ၌ စွဲလောက်အောင် ဗုဒ္ဓမြတ်စွာကို ယုံကြည်နေကြောင်းပြသော သာဓကများဖြစ်ပေသည်။ လွန်ခဲ့သော တစ်နှစ်လောက်ကမှ ယခု နိုင်ငံရေး၌တာဝန်ဆောင် ဒကာလေး တစ်ယောက်သည် အောက်နိုင်ငံမှတစ်မင်္ဂလာလာ၍ ဘာသာရေး၌ အခြေကျကျ ကျမ်းစာများကို ရေးသားပေးပါရန် လျှောက်လာပြန်၏။ ထို့ကြောင့် ထိုနိုင်ငံခေါင်းဆောင်များ၏ နိုင်ငံကိုပြုပြင်ရာဝယ် ဘုရားအလိုတော်ကျနိုင်သမျှ သာသနာရေးကိုလည်း ထည့်သွင်းစဉ်းစားကြဖို့ရာ ဤကျမ်းစာမျိုး ရှိသင့်ပြီဟု ထင်မြင်လာပေသည်။

**စာရေးဆရာများ** အချို့စာရေးဆရာများနှင့် သတင်းစာဆရာများလည်း ယခုလက်ရှိ သာသနာရေးနှင့် စပ်သော အကြောင်းအရာကို ဉာဏ်မီသမျှ ပြုပြင်ကြ၏။ သို့သော် သာသနာ့တာဝန်ဆောင် မဟုတ်ကြသော ထိုလူဝတ်ကြောင်များ၏ ရေးသားမှုကို တိုင်းပြည်က လေးလေးနက်နက်မစဉ်းစားကြသဖြင့် တချို့အရေးအသားအတွက် ပြုပြင်ရာမရောက်ဘဲ ဆွပေးသကဲ့သို့ ဖြစ်နေသောကြောင့် သာသနာ့ အရေးအရာနှင့် စပ်လာလျှင် မိမိတို့စိတ်ရှိသလို မရေးဝံ့ကြတော့ဘဲ တိုင်းပြည်သဘောကျသာ ရေးကြရတော့၏။ ထို့ကြောင့် လက်ရှိ သာသနာရေးကို သာသနာ့ဝန်ဆောင်များ ကိုယ်တိုင် စိစစ်ထိုက်ရကား ယခုအခါဝယ် ဤကျမ်းစာမျိုးရှိသင့်ပြီဟု ထင်မြင်လာပေသည်။

http://www.dhammadownload.com



**ခေတ်ပညာတတ် လူငယ်အချို့**

ခေတ်ပညာတတ် လူငယ်အချို့လည်း သူတို့သင်ထားကြသော ဆင်ခြင်တုံပညာများအရ မြန်မာပြည်၏ အခြေအနေကို စဉ်းစားရာဝယ် မြန်မာလူမျိုးတို့ ကိုးကွယ်နေသော ဘုန်းကြီးများ၏ အကြောင်းအရာ ကိုလည်း ထည့်သွင်းစဉ်းစားကြပေလိမ့်မည်။ ထိုသို့ စဉ်းစားသည့်အခါ ပတ်ဝန်းကျင်၌ တွေ့မြင်နေကျ ရဟန်းငယ် အများနှင့် ရှေးရိုး ဘုန်းတော်ကြီးများကိုသာ အများအပြား တွေ့မြင်ရ၍ လူမျိုးရေး သာသနာရေးကို လေးလေးနက်နက် စဉ်းစားပြီးသော အရှင်များကို မတွေ့မြင်ကြရသောကြောင့် မိမိတို့ကိုးကွယ်ထားသော ရဟန်းတော်များအပေါ် အားမလို အားမရ ဖြစ်ရရှာကြပေလိမ့်မည်။ (သူတို့၏အားမလို အားမရ ဖြစ်ရခြင်းကား စော်ကားလို နှိမ့်ချလိုစိတ် မဟုတ်ဘဲ အလိုမကျသော မိဘကို အလိုကျစေလိုစိတ် မြှင့်တင်လိုစိတ်မျိုးသာများပေလိမ့်မည်။) ထို့ကြောင့် ထိုလူငယ်များနှင့်တကွ တိုင်းသူပြည်သားအများ ကျေနပ်လောက်သော သာသနာရေး အစီအစဉ်ကိုညွှန်ပြဖို့ရာ ဤကျမ်းစာမျိုး ရှိသင့်ပြီဟု ထင်မြင်လာပေသည်။

**ကျေးရွာမြှုမြင်ရေး**

ဘုန်းကြီးကား မြို့၌အနေများသော်လည်း ကျေးရွာ တောသားဇာတိဖြစ်၍ မိမိ၏အမျိုးသားဖြစ်ကြသော ကျေးရွာသူ ကျေးရွာသားတို့၏ အဆင့်အတန်းကို မြို့သူမြို့သားတို့နှင့်(အလုပ်အကိုင်မှတစ်ပါး)တန်းတူဖြစ်အောင် မြှင့်တင်လို၏။ အမှန်အားဖြင့် ကျေးရွာသားတို့၏ ပစ္စည်းတန်ဖိုး အခြေအနေသည် များစွာသောမြို့သူမြို့သားတို့အောက် မလျော့ကျချေ။ သို့ရာတွင် အနေအထိုင်မှာ ကွာခြားလှတော့၏။ ခေတ်ပညာတတ်နည်းပါး၍ စိတ်နေစိတ်ထားလည်း မြို့သူမြို့သားတွေကို အထင်ကြီးနေသလို ရှိတတ်၏။ အစိုးရ အမှုထမ်းဟူသမျှကို “မင်း” ဟူ၍ အထင်ရောက်

http://www.dhammadownload.com



ကာ ကြောက်စရာချည်း မှတ်နေလေတော့၏။ ထိုသို့ ကြောက်နေရာမှ တစ်ခါတစ်ရံထ,၍ ရမ်းလိုက်ကြသည်မှာမူ နိုင်ငံပင် ဆူပူစေနိုင်ပြန်၏။နိုင်ငံရေးများ၌လှုပ်ရှားဝင်ကြသောမြို့သားတို့၏လက်ကိုင်တုတ်ပြုလုပ်ခြင်းကို ခံရာကြရ၍ ခံစရာရှိလျှင် ထိုကျေးရွာသား အများပင်ခံရာကြရသော်လည်း စံစရာရှိလျှင်မူကား ထိုသူများ မစံကြရချေ။

နိုင်ငံသူနိုင်ငံသားတို့တွင် ရာခိုင်နှုန်း ၉၀ ခန့် သည် ကျေးရွာတို့၌ နေသူများဖြစ်ကြသည်ဟု ဆို၏။ သို့ဖြစ်လျှင် ထိုသူတို့ကို မမြင့်တင်ဘဲ ရာခိုင်နှုန်း ၁၀ မျှလောက်သာ မြို့သားတို့ မြင့်နေရုံမျှဖြင့် ဤနိုင်ငံကိုမြင့်သောနိုင်ငံဟုဆိုနိုင်မည်လော။ ကျေးရွာများကို မြင့်တင်ရာ၌ အကြောင်းများစွာတို့တွင် ကျောင်းထိုင်ဘုန်းတော်ကြီးများသည် အချုပ်အခြာဖြစ်၏။ ဘာ့ကြောင့်နည်း၊ ထို ကျေးရွာသားတို့သည် ဘုန်းတော်ကြီးများကို လုံးဝပုံ၍ ယုံကြည်အားကိုးကြသောကြောင့်တည်း။ ထို့ကြောင့် ဘုန်းတော်ကြီးများ၏ အရည်အချင်းမမြင့်လျှင် ကျေးရွာအဆင့်လည်း ပြုပြင်သလောက် ခရီးမရောက်နိုင်ရကား ဘုန်းတော်ကြီးများ အရည်အချင်းမြင့်ဖို့ရာလည်း ဤကျမ်းစာမျိုးရှိသင့်ပြီဟု ထင်မြင်လာပေသည်။

**သာသနာကြောင့်**
**မြန်မာမြင့်ပုံ**

အနော်ရထာမင်း လက်ထက်မှစ,၍ မြန်မာ တိုင်းရင်းသားတို့ ယဉ်ကျေးမှု တိုးတက်လာကြ သည်မှာ သာသနာတော်ကြောင့်သာဟု(သဘောရိုးအတိုင်း)ထင်မြင်၏။ အင်္ဂလိပ်နှင့် စစ်ဖြစ်စ အချိန်မှစ,၍ ဘုရင်မင်းတို့သည် လက်နက်အင်အားကို အပြင်းအထန် ဖြည့်တင်းထိုက် ပါလျက် သာသနာဝင် အရှင်မြတ်တို့ ဩဇာညောင်းမှုကြောင့် လက်နက် မစုခဲ့ကြသည်မဟုတ်လောဟု စောဒကဝင်ဖွယ်ရှိ၏။ သာသနာဝင်အရှင်များသည် လောကီရေးရာ၌ ဤမျှအထိဝင်စွက်ဖို့ တာဝန်

http://www.dhammadownload.com



မရှိပါ။ ဝင်စွက်ခဲ့ကြမည်လည်း မဟုတ်ပါ။ သာသနာဝင်နှင့် ရာဇဝင် ရေ့ပိုင်းကိုကြည့်လျှင် စစ်မှုရေးရာ၌ပင် အပြစ်ကင်းသောကိစ္စ၌ ပါ ဝင်ရွက်ဆောင်ခဲ့ကြပါ သေးသည်။ ထိုစစ်ဖြစ်စအချိန်က လက်နက် မစုခဲ့ကြခြင်းမှာ ထိုခေတ်လူတို့ ဒေသန္တရ ဗဟုသုတ မရှိကြသေးဘဲ ကံဆိုးမိုးမှောင် ဆိုသလိုကြောင့်သာ ဖြစ်ပါလိမ့်မည်။

ယခုအချိန်သော် ထိုခေတ်ကဘိုးဘေးတို့၏ကြွေးကို အရေး တကြီး ပြန်ဆပ်နေရသော အချိန်ဖြစ်၏။ ဤအချိန်မျိုး၌ ငါတို့ သာသနာဝင် အရှင်မြတ်တို့သည် ကိုယ်စီကိုယ်င ဣန္ဒြေရရနှင့် ထထကြွကြွ ရှိလိုက်ကြမည်ဆိုလျှင် လွတ်လပ်ပြီးနောက် ဆယ်နှစ် လောက်အကြာဝယ် ကမ္ဘာက လေးစားရသော တိုင်းပြည်ကလေး တစ်ပြည် မဖြစ်နိုင်ဘူးဟု မည်သူကန့်ကွက်ရဲအံ့နည်း။ ထိုကဲ့သို့ အကျိုးကို မြော်မြင်ကာ ယခုအချိန်မှာ ဤကျမ်းစာမျိုးရှိသင့်ပြီဟု ထင်မြင်လာပေသည်။

**သာသနာ ဆုတ်ယုတ်နေပြီတဲ့**

စစ်မဖြစ်မီက ရဟန်းသာမဏေ အရေ အတွက် ရှစ်သောင်းကျော် တစ်သိန်း နီးပါး ရှိ၏။ လူတို့ကလည်း အရောင်း အဝယ် ဖွံ့ဖြိုးသလောက် စည်းမဲ့ကမ်းမဲ့ဒါနမှုကို ပြုကြသည်မှာ နိုင်ငံ တွင်းသား အချို့လူများကို မဆိုထားဘိ၊ နိုင်ငံခြား ကုန်သည် များပင် (သူတို့ရောင်းရလွန်းလို့) ဝမ်းသာစရာကြီးဖြစ်၏။ ထို အချိန်အခါ၌ များစွာသော ဗုဒ္ဓဉပါသကာ “ဗုဒ္ဓသာဝက” အခေါ်ခံသူတို့က သာ သနာတော် တိုးတက်စည်ကားပါပေသည်ဟုချီးကျူးကြလေသည်။ ကျေးရူးရှင် ဆရာတော်များ၏ ထိပ်ခေါင်တင် ရေးဆရာတော်ကြီးက မူ “သာသနာတော် စည်ကားနေတာ မဟုတ်ဘူးဟဲ့။ သာသနာတော် ဝမ်းလျှောတော့မှာမို့ ဝမ်းရောင်နေတာ”ဟုအမိန့်တော်ရှိခဲ့ဖူးပါသတဲ့။

http://www.dhammadownload.com



လွန်ခဲ့သော ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ကား ရဟန်းတော်တွေ အတော်များများ လူ့ဘောင်သို့ ပြောင်းသွားကြ သဖြင့် ရဟန်းတော်များ နည်းပါး၍ ကျဲတောက်တောက် ခြောက်ကပ်ကပ် မြင်ကြရသော မြန်မာလူမျိုးအချို့၏ နှုတ်ဖျား၌ "သာသနာတော် ဆုတ်ယုတ်နေတယ်"ဟုညည်းတွားကြလေသည်။ သူတို့ကား ရဟန်းသာမဏေများမှသာ သာသနာစည်ပင်သည်"ဟုဆိုလိုကြ၏။ အမှန်အားဖြင့်ကား ရဟန်းသာမဏေ များရုံသာ များနေကြခြင်းသည် လိုရင်းမဟုတ်ပါ။ ပရိယတ်, ပဋိပတ်တာဝန်ကို ထမ်းဆောင်သူ များမှသာ သာသနာ စည်ပင်ပါသည်။ သို့ဖြစ်၍ရှေးကလိုသာသနာတော်စည်ပင်အောင် ထူထောင်ရာ၌ သဒ္ဓါတရားဖြင့် ကြည့်ကြည့် ပညာဖြင့် ကြည့်ကြည့် ၂ မျိုးလုံး ကြည့်၍လှသော ထူထောင်နည်းကို ညွှန်ပြဖို့ရာ ဤကျမ်းစာမျိုးရှိသင့်ပြီဟု ထင်မြင်လာပေသည်။

**သာသနာ့ရောင် လွှမ်းနေသောပြည်**

ဤမြန်မာနိုင်ငံကို ပန်းချီပညာရှင်တို့မျက်စိဖြင့် ပုံဆွဲ ကြည့်မည် ဆိုလျှင် ကျွန်းသစ်များနှင့် လယ်ယာမြေကွက်များကို အောက်ခံလုပ်၍ သာသနာ့ရောင်စုံကို ခြယ်လှယ်ကြရပေလိမ့်မည်။ နိုင်ငံခြားသားတို့ မျက်စိ၌လည်း ဤအတိုင်းပင် မြင်ကြ၏။ သို့ဖြစ်လျှင် မြန်မာနိုင်ငံတော် ကားပုံ၏ အမွှမ်းတင် အခြယ်အလှယ် ဖြစ်သော သာသနာတော်အရောင်ကို မည်သို့ဖြစ်အောင် စီမံကြမည်နည်း။ မှေးမှိန်အောင် လုပ်မည်လော။ လုံးဝကွယ်ပျောက်သွားအောင် ဖယ်ရှားပစ်မည်လော။ မသိမသာ မှေးမှိန်အောင် လုပ်လျှင် မြန်မာနိုင်ငံသည် ယခုအခြေအနေထက် အောက်တန်း ကျဦးမည်သာ။ ဖယ်ရှားပစ်ဖို့ရာမူ တိုင်းသူပြည်သားအများက အသက်နှင့်လဲ၍ ခုခံကြမည်သာတည်း။ထို့ကြောင့်မြန်မာပြည်၏မည်သည့်

http://www.dhammadownload.com



ခေါင်းဆောင်မဆို သာသနာ့အရောင်ကို စံနစ်ကျကျနှင့် ထွန်းပြောင်ဖို့သာ ဂရုစိုက်သင့်ကြသည်။ ဤသို့ ကျွန်းသစ်နှင့် လယ်ယာ မြေကွက်များ အဆီသြဇာပြည့်ဝလျက် သာသနာ့အရောင် ထွန်းပြောင်ဖို့ နည်းလမ်းကို ညွှန်ပြဖို့ရာလည်း ယခုအခါ ဤကျမ်းစာမျိုး ရှိသင့်ပြီဟုထင်မြင်လာပေသည်။

**ရဟန်းငယ် ရှင်ငယ်များ**

အနာဂတ်ကာလ၌ နိုင်ငံနှင့် သာသနာတော်၏ ကျက်သရေကို ဆောင်ကြရမည့် သာသနာ့ဝင် အရှင်ကောင်း တို့မှာ ယခုလက်ရှိ ရှင်ငယ် ရဟန်းငယ်များပင် ဖြစ်၏။ ထိုသူတို့ကို ယခုနှယ်က အနေအထိုင် ကိုယ်ကျင့် သိက္ခာနှင့် စာပေအမျိုးမျိုးကို တတ်သိအောင်ကြိုးစားပေးဖို့ တာဝန်ကား ယခုအခါ မိရိုးဖလာ ပို့ချ သင်ပြနေခြင်းမျိုးဖြင့် ကျေပွန်ကြမည် မဟုတ်သေးချေ။ ဘာ့ကြောင့်နည်း။ ယခု သင်နည်းကား ပါဠိကို သင်နေသည်ဟု ဆိုပါလျက် ထိုပါဠိကို မပြောတတ် မရေးတတ်ဘဲ ဖတ်တတ်ရုံ အဓိပ္ပာယ်သိရုံမျှ ဖြစ်သောကြောင့်တည်း။ အနာဂတ်ကာလဝယ် တတ်ဖွယ်, မှတ်ဖွယ်, သိဖွယ်, သာသနာပြုဖွယ်သည်ကား ကေန်ကျယ်ဝန်းလာပေလိမ့်မည်။ ထိုသို့ မချဲ့နိုင်လျှင်လည်း သာသနာ့ဝင် အရှင်များကို ရှေးခေတ်လို လေးစားကြမည်မဟုတ်။ (လက်ရှိ အခြေအနေကိုပင် လေးနက်စွာ စဉ်းစားကြည့်ပါလေ)။ ထို့ကြောင့် သာသနာ့ဝင် အရှင်များ၏ ပညာသင်ကြားရေးမှစ,၍ အဆင့်အတန်း မြှင့်တင်ဖို့ရာလည်း ဤကျမ်းစာမျိုး ရှိသင့်ပြီဟု ထင်မြင်လာပေသည်။

**ရှေးသားပုံ အစီအစဉ်**

အနာဂတ် **သာသနာ**ကို မြှင့်လိုရာ၌ ယခုလက်ရှိ **ပစ္စုပ္ပန် သာသနာ့အ**ရေးကို စဉ်းစားရပေလိမ့်မည်။ **ပစ္စုပ္ပန်သာသ**နာ့အခြေအနေလည်း ရှေး သာသနာ

http://www.dhammadownload.com



ဝင်တို့နှင့် နှိုင်းယှဉ်ကြည့်မှ သာ၍ ထင်ရှားပေမည်။ တစ်ဖန် အတိတ် သာသနာဝင်၌ သဘာဝ ကျမကျကို ပြန်၍စိစစ်တန်လျှင် စိစစ်ရလိမ့် မည်ဖြစ်သောကြောင့် ထို့ထက်ရှေးကျသော အရိယာသံဃာတော်များ ၏ အလုပ်အကိုင် အနေအထိုင်ကို သိဖို့ရန်အရေးကြီးပြန်ပေသည်။ ထိုအရိယာသံဃာတော်များနှင့် ဗုဒ္ဓ၏ရည်ရွယ်တော်မူချက် လေး နက်သော ဓမ္မအစုကို သိရသည့်အခါ သာသနာတော်အရေး၌ "ဤ အလုပ်သည် သဘာဝကျ၏။ ဤအလုပ်ကား သဘာဝမကျ"ဟု သိမြင်လာ ကြပေလိမ့်မည်။ ထိုသို့ သိမြင်လာသည့်အခါ "ပြုပြင်လို မြှင့်တင်လိုသောစိတ်ဆန္ဒလည်း ရှိကြပေလိမ့်မည်"ဟုထင်မြင်သော ကြောင့် ၁–ဗုဒ္ဓရတနာ၊ ၂–ဓမ္မ ရတနာ၊ ၃–သံဃာ့ရတနာ၊ ၄–မြန် မာပြည် သာသနာ၊ ၅–ကဿပဗုဒ္ဓရှင်တော်၏ နောက်ပိုင်း သာသနာ ဤအကြောင်းအရာတို့ကို ပြပြီးမှ အနာဂတ်သာသနာရေးကို ညွှန်ပြ ထားပါသည်။

**မျှော်လင့်ချက်** ပြုပြင်ကြဖို့ရန် ရည်သန်၍ ဤကျမ်းစာကို ရေး သားရသော်လည်း "ဂတာနုဂတိကော လောကော –လောကကြီးသည် ရှေးဟောင်းလမ်းကိုသာ လိုက်လေ့ရှိ၏။ ဗြာဟ္မ ဏာတွေကို ကိုးကွယ်သော ခေတ်ဆီက ဗြာဟ္မဏာဆိုလျှင် နွားကိုသတ် နေသော်လည်း ကိုးကွယ်တတ်ကြ၏"ဟုဟိတောပဒေသမိန့်မှာသည် နှင့်အညီ ပြုပြင်မှုကိစ္စ အထမြောက်ဖို့ အရေးမှာ လွယ်ကူသော အရာ မဟုတ်ကြောင်းကို မိမိစိတ်က သတိပေး လျက်ရှိ၏။ ထိုသို့ပြုပြင်မှု ကိစ္စ အထ မမြောက်ခဲ့သော် စာရှုသူများ သဒ္ဓါပညာ တိုးပွားစေရန် ရတနာ ၃ ပါးအကြောင်းကိုလည်း ထည့်သွင်းညွှန်ပြရပါသည်။

ဤသို့လျှင် "သာသနာရေးနှင့်စပ်၍ အများဝိုင်းဝန်းပြုပြင် ကြလျှင် ဤကျမ်းစာသည် နည်းညွှန်လမ်းပြ ဖြစ်တန်ရာ၏"ဟု လည်းကောင်း၊ "ပြုပြင်မှုမဖြစ်မြောက်လျှင် ကြည့်ရှုသူတို့အား

http://www.dhammadownload.com



ဘုရားစသည်ကို ခြေခြေမြစ်မြစ်နားလည်စေ၍ သဒ္ဓါပညာ တိုးပွားစေလိမ့်မည်”ဟုလည်းကောင်း မျှော်လင့်ကာလွတ်လပ်ပြီးခါစမြန်မာပြည်ထောင်စုကိုတိုးတက်အောင် ပြုပြင်ရာတွင် အရေးပါ၍ အရာဝင်ကျမ်းစာတစ်စောင်ဖြစ်ဖို့ရန် အချိန်မီ စီစဉ်လိုက်ရပါသည်။

ပြာသိုလ၊ ၁၃၀၉ ခု အရှင်ဇနကာဘိဝံသ

http://www.dhammadownload.com

# ၁။ ဗုဒ္ဓရတနာ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

**ဗုဒ္ဓကို ယုံကြပုံ** ဗုဒ္ဓသာဝက ဥပါသကာ အမည်ခံသူတို့သည် ဗုဒ္ဓကို နည်းအမျိုးမျိုးဖြင့် ယုံကြ, ကြည်ညိုကြ၏။ ထိုသို့ ယုံကြ, ကြည်ညိုကြရာ၌ ယုံတယ်ဆိုတာ ဘာလဲ။ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်လောက်က အိန္ဒိယမြောက်ပိုင်း ကပိလဝတ္ထုပြည်၌ သာကီယဇာတ် အမျိုး အမြတ်ဆုံး ခတ္တိယမျိုးဖြစ်သော သုဒ္ဓေါဒန မဟာရာဇာနှင့် မာယာဒေဝီတို့မှ ဖွားမြင်တော်မူပြီးလျှင် တစ်ဆယ့်ခြောက်နှစ်အရွယ်မှစ၍ ယသော်ဓရာဒေဝီနှင့်အတူ ထီးနန်းစံနေတော်မူစဉ် ၂၉ နှစ် အရွယ်တော် ရောက်သောအခါ လူအို လူနာ လူသေနှင့် ရသေ့ရဟန်းကို မြင်ရ၍ သံဝေဂဖြစ်တော်မူလေရာ ထိုနေ့ ညဉ့်မှာပင် တောထွက်၍ ရဟန်းပြုတော်မူသည်။

ထို့နောက်ခြောက်နှစ်ပတ်လုံး "အပင်ပန်း အခဲယဉ်းဆုံး"ဟု ဆိုရသောအကျင့်ကို ကျင့်တော်မူလျက် ထိုအကျင့်ဖြင့် ထူးခြားသော တရားကို မရသောကြောင့် ခန္ဓာကိုယ် ပင်ပန်းအားကြီးသော ထိုအကျင့်ကို စွန့်လွှတ်၍ (ပင်ပန်းသည်လည်း မဟုတ်၊ ခံစားမှုလည်း မပါ)"မဇ္ဈိမ ပဋိပဒါ" ခေါ် အလယ်အလတ်ကျင့်စဉ်ကို ကျင့်ခါမှ ထူးခြားသောတရားကိုသိသော ပုဂ္ဂိုလ်တစ်ပါးသည် ဧကန် ဖြစ်ထွန်းခဲ့ဖူး၏ဟု ယုံခြင်း။

"ထိုပုဂ္ဂိုလ်ထူးသည် ထိုအချိန်မှာ ကမ္ဘာလောက၌ မပေါ်သေးသော သစ္စာတရား၊ အနတ္တတရား၊ သံသရာလည်ပုံကို ပြသော ပဋိစ္စသမုပ္ပါဒ်တရား၊ ဗောဓိပက္ခိယတရား စသည်တို့ကို စ, ထွင်၍ ဟောတော်မူခဲ့သည်"ဟု ယုံခြင်း။

http://www.dhammadownload.com



"ထိုပုဂ္ဂိုလ်ထူးသည် သိဖွယ်ဟူသမျှကို (သတ္တဝါတို့အား အကျိုးမများရာဝယ် အကုန်ထုတ်ဖော် မဟောပြခဲ့သော်လည်း) ကိုယ်တော်မြတ်စိတ်ထဲ၌ နက်နက်နဲနဲ ခွဲခွဲခြမ်းခြမ်း အားလုံးစုံအောင် သိတော်မူနိုင်သည်"ဟု ယုံခြင်း။

ဤသို့စသောယုံခြင်းများသည် ဗုဒ္ဓအပေါ်၌ ယုံခြင်းဟု ခေါ်ရသော သဒ္ဓါတစ်မျိုးပင်တည်း။ (သိဖွယ်ဟူသမျှကို အားလုံး စုံအောင် သိသူကို ပါဠိလို "ဗုဒ္ဓ"ဟုခေါ်သည်။) စာပေလိုက်စားသော နိုင်ငံခြားသား ခေတ်ပညာရှိတို့လည်း ဗုဒ္ဓ၏တရားစာတို့ကို ကြည့်ရှုရခြင်း၊ ကျောက်စာဘက်ဌာနမှ ဗုဒ္ဓ၏အသုံးအဆောင်နှင့်သီတင်းသုံးတော်မူရာ ဌာနတို့ကို တွေ့ရှိရခြင်းတို့ကြောင့် ထိုအခါက "ဂေါတမဗုဒ္ဓ ဖြစ်ထွန်းခဲ့ဖူးသည်"ဟု ယုံကြည်ကြပေသည်။

**ဗုဒ္ဓကိုအာရုံစူး၍ ကြည်နူးရပုံ**

ကြည်ညိုဆိုတာ ဘာလဲ။ ဗုဒ္ဓ၏အကြောင်းအရာကို တွေး၍နေရသည်မှာလွန်စွာစိတ်ကြည်နူးဖွယ်ကောင်းလှ၏။ ဗုဒ္ဓ၏ ဝင်းဝါသော အသားအရေတော်၊ အဆက်အလက်ကျနသော ကိုယ်တော်၊ မေတ္တာသံ ကရုဏာသံ ပညာသံ ဆင်ခြင်တုံသံ အရည်မျှော်သံတို့ကို အရင်းခံ၍ ထွက်ပေါ်လာသော သာယာနာပျော်ဖွယ် အသံတော်ကို ထိုအချိန်က တိုက်ရိုက် ဖူးမြော်လိုက်ရ၊ ကြားနာလိုက်ရသူတို့ကို မဆိုထားဘိ။ ယခုအခါ တစ်ဆင့်ကြားဖြင့် မှန်းဆ၍ ဖူးမြော်ရသူတို့ပင် မကောင်းစိတ်၊ ညစ်ညူးစိတ်၊ ကိလေသာရာဂစိတ်တွေကင်း၍ သန့်ရှင်း ကြည်လင်သော စိတ်အစဉ်များ ဖြစ်လာရပေသည်။ ဤသို့ ဘုရားကို အာရုံစူး၍ ကြည်နူးနေရခြင်းကို "ကြည်ညိုသော သဒ္ဓါတစ်မျိုး" ဟု ဆိုရပေသည်။

http://www.dhammadownload.com



**ဘိက္ခုနီကလေးနှင့် အသန္ဓိမိတ္တာ**

အခါတစ်ပါး၌ ဗုဒ္ဓရှင်တော် တရားဟောတော်မူစဉ် ဘိက္ခုနီကလေးတစ်ယောက်သည် ဗုဒ္ဓ၏ သပ္ပာယ်သောရုပ်အဆင်းတော်ကို ဖူးမြော် ကြည်နူးနေရာမှ စိတ်အစဉ် တစ်မျိုးပေါက်၍ “ငါသည် ဘဝ များစွာ ကျင်လည်ရာ၌ ဤယောကျ်ားမြတ်၏ အလုပ်အကျွေး ဖြစ်ခဲ့ရဖူးပါလေရဲ့လား”ဟု စဉ်းစားစိတ်ပေါ်ပေါက်လာလေသည်။ ထိုဘိက္ခုနီသည် ဆဒ္ဒန္တဇာတ်၌ စူဠသုဘဒ္ဒါ ဖြစ်ခဲ့ဖူးသူပင်ဖြစ်သည်။

အသောကမဟာရာဇာ၏မိဖုရား အသန္ဓိမိတ္တာသည်ကား ဗုဒ္ဓ၏ အသံတော်သာယာကြောင်းကို ကြားနာရ၍ မောင်းမများနှင့်အတူ ထိုအသံတော်နှင့် ဆင်တူရိုးမှား ကောင်းသော ကရဝိက်ငှက်အသံကို နာခံကြည့်ရာ လွန်စွာချိုမြသော ကရဝိက်ငှက်အသံမှ တစ်ဆင့် ဗုဒ္ဓ၏ အသံတော်ကို မှန်းမျှော်၍ အာရုံပြုနေရင်းပင် စိတ်အစဉ် လွန်စွာ ကြည်နူးရကား ထိုကြည်နူးနေသော စိတ်အစဉ်ကို အနိစ္စ, ဒုက္ခ, အနတ္တဟုဆင်ခြင်ခိုက်မှာ ကိုယ်လုပ်တော်များနှင့်အတူ သောတာပန် ဖြစ်လေသည်။ ဤဝတ္ထုများဖြင့် ဗုဒ္ဓအဆင်းတော်နှင့် အသံတော်၏ လွန်စွာကြည်နူးဖွယ်ကောင်းကြောင်းကိုသိရပေသည်။

**ပဏ္ဍိတ်နေရှုးနှင့် ဗုဒ္ဓပုံတော်**

ဗုဒ္ဓအဆင်းတော်ကား ကြည့်ရှုဖူးမြော်သူတို့ စိတ်အစဉ်ကို ကြည်လင်ရွှင်ပျစေနိုင်ပုံမှာ ပြောမယုံ ကြုံဖူးသူတို့မှ သိနိုင်ကြပေမည်။ ဗုဒ္ဓသည် ရှုချင်စဖွယ် သပ္ပာယ်ရုံမဟုတ်၊ ထိုသပ္ပာယ်သော ရုပ်ပုံတော်အတွင်း၌ သတ္တဝါတို့၏အကျိုးကို နှစ်နှစ်ကာကာ လိုလားတော်မူသော မေတ္တာတော်နှင့် ကရုဏာ ပညာတော်တို့ကြောင့် မျက်နှာတော်သည် စန္ဒာလ,မင်းကဲ့သို့ ပ,ဝင်းရွှင်ပျ အေးမြတော်မူပေသည်။ ယခုအခါ အိန္ဒိယ တစ်တိုင်းလုံး အလေးပြုအခံရဆုံး ခေါင်းဆောင်တစ်ယောက်ဖြစ်သော ပဏ္ဍိတ်နေရှုးသည် ခပ်ရွယ်ရွယ်တုန်းက ကျန်းမာရေး အတွက်

http://www.dhammadownload.com



အနားယူရင်း သီဟိုဠ်ကျွန်းသို့ ဇနီးနှင့်အတူသွား၍ ရှေးဟောင်း အဆောက်အအုံများကို လှည့်လည် ကြည့်ရှုလေသော် တစ်နေရာ၌ ဗုဒ္ဓပုံတော်ကို အထူးစိတ်ဝင်စားစွာကြည့်ရှု၍မိမိတည်းခိုရာသို့ရောက် သော်လည်း ထိုဗုဒ္ဓပုံတော်သည် မျက်စိထဲမှ မပျောက်အောင်ပင် အာရုံစွဲ၍ နေပါသတဲ့။

ထိုသို့ စွဲနေကြောင်းကိုလည်း သီဟိုဠ်မိတ်ဆွေတို့အား ပြော ပြခဲ့လေသည်၊ အိန္ဒိယသို့ပြန်ရောက်ပြီးနောက် နိုင်ငံရေးနှင့်စပ်၍ ထောင်ထဲသို့ ရောက်နေရသည့်အခါ မိမိလုပ်လိုရာကို မလုပ်ရသဖြင့် စိတ်ညစ်ညစ်ရှိနေခိုက် (အဘိဓမ္မာသဘောအားဖြင့် ဒေါမနဿ ဖြစ် နေခိုက်မှာ) သီဟိုဠ်ကျွန်း မိတ်ဆွေအထံမှ ယခင်ကကြည်နူးစွာ ဖူး တွေ့ခဲ့ရသောဗုဒ္ဓပုံတော်ကို ဓာတ်ပုံရိုက်၍ ပို့လိုက်သောကြောင့် ထို ပုံတော်ကိုပင် စားပွဲပေါ်တင်၍ ဖူးမြင်နေရခြင်းဖြင့် ညစ်ညူးနေသော စိတ်ကို ကြည်နူးစေခဲ့သည်ဟု သူ၏ အတ္ထုပ္ပတ္တိ၌ ထည့်သွင်း ပြထား သတတ်။ ဤသို့လျှင် သက်တော်ထင်ရှား ဗုဒ္ဓကို မဆိုထားဘိ ဗုဒ္ဓ ပုံတော်အတုသည်ပင် ပညာရှင်တို့၏စိတ်ကို ဤမျှလောက်ပင် ကြည်လင်လာစေနိုင်ပေသေး၏။ သက်တော်ထင်ရှား ဗုဒ္ဓရှင်တော် ဘုရားသည်ကား မည်မျှအထိ ကြည်လင်စေနိုင်လိမ့်မည်ဟု မှန်းဆ သင့်တော့သည်။ ထိုသို့ ကြည်လင်လာသောအခါ အနယ်တွေ အောက်သို့ ထိုင်နေသော ရေသည် ကြည်လင်နေသကဲ့သို့ တဏှာ ရာဂ မာန ဒေါသ ဒေါမနဿစသော စိတ်ညစ်မှုတွေ ကင်း၍ စိတ် အစဉ်လည်း သန့်ရှင်းကြည်လင်နေတော့၏။ ထိုသို့ကြည်လင်နေမှု ကြည်နေမှုကို "ကြည်"သဒ္ဓါဟု ဆိုလိုပါသည်။

**ဗုဒ္ဓကောလာဟလ ဖြစ်ချိန်** ဗုဒ္ဓ၏ ပေါ်ထွန်းတော်မူချိန် အခါ၌ ကိုယ့်ကိုယ်ကို "ဗုဒ္ဓ"ဟု ဝန်ခံကာ သာ ဝတ္ထိ ရာဇဂြိုဟ် ပြည်နယ်များဝယ် ဆရာကြီး ခြောက်ယောက်တို့

http://www.dhammadownload.com



နောက်လိုက် အတော်များစွာဖြင့် ထွန်းကားနှင့်ပြီး ဖြစ်ကြ၏။ ချဲ့ဦးအံ့။ တစ်စုံတစ်ခု ထူးခြားသောအရာ ဖြစ်ပေါ်တော့မည့် အချိန်အခါ၌ ရှေးဦးစွာ တင်ကြို၍ (သူ့နှုတ်ငါ့နှုတ်မှာ) ကောလာဟလစကား ဖြစ်ပွားတတ်၏။ ယခုအခါ မြန်မာပြည် လွတ်လပ်တော့မည်၊ အိန္ဒိယ လွတ်လပ်တော့မည် စသောစကားများ ကြိုတင် ဖြစ်ပေါ်နေသကဲ့သို့တည်း။ ထို့ကြောင့် ဗုဒ္ဓအစစ် ပေါ်ထွန်းခါနီး အချိန်ဝယ် "ဗုဒ္ဓ ပေါ်လာလိမ့်မည်၊ ဗုဒ္ဓ ပေါ်လာလိမ့်မည်" ဟူသော ကောလာဟလစကားသည် နှစ်ပေါင်းအတော်ကြာကပင် ကြိုတင် ဖြစ်ပေါ်နေ၏။ ထိုခေတ်၌ ပိဋကတ်တော်ကဲ့သို့ လေးစားရသော ဝေဒကျမ်းစာ၌ ကျွမ်းကျင်သော ဒိသာပါမောက္ခဆရာကြီးတို့လည်း ထိုအချိန်မှာ သူတို့၏ဝေဒကျမ်းလာ ဘုရားလက္ခဏာတို့ကို တွေ့ရှိကြရသဖြင့် ထိုလက္ခဏာကို ဂရုစိုက်၍ လေ့လာထားကြ၏။ ထိုအခါဝယ် အချို့ခေတ်မီဆရာကြီးတို့သည် မန္တန် ဝိဇ္ဇာတို့ကို သင်ယူကာ အတော်အတန်လည်း သူများစိတ်အကြံကို သိမြင်နိုင်ကြဟန်ရှိ၏။ ထို့ကြောင့် ဗုဒ္ဓကို မျှော်နေခိုက်မှာ ထိုဆရာကြီးတို့နှင့် တွေ့ရသော တချို့လူရိုးကြီးများသည် ထိုဆရာကြီးများကိုပင် ဗုဒ္ဓဟု ထင်နေကြ၏။ ထိုဆရာကြီးတို့ကလည်း နောက်လိုက်တွေ အတော်များသဖြင့် သူတို့ကိုယ်သူတို့ "ဗုဒ္ဓ"ဟုဝန်ခံကာဝါဒဖြန့်နေကြလေသည်။

**ကောသလမင်းနှင့် တိတ္ထိဆရာကြီးများ**

ထို ဗုဒ္ဓအမည်ခံ ဆရာကြီးတို့သည် "ပူရာဏကဿပ၊ မက္ခလိ ဂေါသာလ၊ နိဂဏ္ဌနာဋပုတ္တ၊ (သိဥ္စည်းဆရာကြီးဟု ထင်ရှားသော) သဉ္စယ ဗေလဋ္ဌပုတ္တ၊ ပကုဓကစ္စာယန၊ အဇိတကေသကမ္ဗလ"ဟု ၆ ယောက်ရှိ၏။ တရားလိုက်စားသော လူအများပင် ထိုဆရာကြီးများကို တွေ့ဖူးကြ၏။ အချို့လည်း ထိုဆရာကြီးများထံ တပည့်ခံကြ၏။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏ အလောင်းများပင်

http://www.dhammadownload.com



သိဋ္ဌည်းဆရာကြီးထံ တပည့်ခံဖူးကြသည်။ထိုဆရာကြီးတို့၏တပည့်များတွင် ပါဝင်နေကြသော အမတ်အချို့တို့သည် မိမိတို့၏ ဆရာကြီးကို မင်းဆရာဖြစ်စေလိုသောကြောင့် ကောသလ မဟာရာဇာကို ဆွယ်တရား ဟောကြလေရာ ကောသလမဟာရာဇာလည်း အမတ်အားလုံးနှင့် မဆန့်ကျင်လိုသောကြောင့် "အမတ်မင်းတို့၏ ဗုဒ္ဓများကို အမတ်မင်းတို့ကိုယ်တိုင် နန်းတော်သို့ ပင့်ခဲ့ကြပါ"ဟု လွှဲအပ်လေသော် ထိုအမတ်များလည်း မိမိတို့ဆိုင်ရာ ဗုဒ္ဓကို နန်းတော်သို့ မလိုက် လိုက်အောင် အတင်းသွေးဆောင်၍ ပင့်ခဲ့ကြလေသည်။ ကောသလမင်းသည် အကောင်းအဆိုး နေရာအမျိုးမျိုးကို ခင်းထားစေနှင့်၍ သူတို့ရောက်လာသောအခါ "သင့်တော်သော နေရာ၌ ထိုင်ကြပါ"ဟု ပြောလေလျှင် ရှင်ဘုရင့်အထက်က မထိုင်ဝံ့ကြသောကြောင့် အညံ့စားနေရာတို့၌သာ ထိုင်ကြလေသည်။ ထိုသို့ထိုင်မိကြလျှင်ပင် ရှင်ဘုရင်သည် (တင်းပုတ်ဖြင့် ဦးခေါင်းကို ရိုက်လိုက်သကဲ့သို့) "သင်တို့ ဗုဒ္ဓဟုတ်သလား, မဟုတ်ဘူးလား"ဟု တိုက်ရိုက်မေးလေတော့၏။ ထိုအခါ "ဗုဒ္ဓဟုတ်ပါသည်"ဟု ဝန်ခံလျှင် ဗုဒ္ဓနှင့်ထိုက်တန်သောပြဿနာကို မေးချေက မဖြေနိုင်သော် သာ၍ ခက်ကြတော့မည် ဖြစ်သောကြောင့် "ဗုဒ္ဓ မဟုတ်ပါဘူး၊ လူတွေက ထင်နေ ကြတာပါ"ဟု အမှန်အတိုင်း ဝန်ခံကြသဖြင့် ရှင်ဘုရင့်ထံမှ အပြစ်ကင်းစွာ ထွက်ခွာလာခဲ့ကြရပေသည်။ [ကောသလသံယုတ်]

**အပြင်ရောက်မှ တစ်မျိုးညာကြပုံ**

လောက၌ ကိုယ့်ပမာဏကို ကိုယ်မသိတတ်သူတွေ အများအပြား ရှိတတ်ပေ၏။ ထိုလူစားတို့သည် အများက ဝိုင်း၍ မြှောက်သည့်အခါ နတ်ရှူး ပုံမြှောက်၊ ခြေ ထောက်၍ က, ကြလေတော့သည်။ ထိုဆရာကြီးခြောက်ယောက်ကား ကိုယ့်ပမာဏကို ကိုယ်မသိလောက်အောင် ထုံထိုင်းသူများ မဟုတ်ကြချေ။ ထို့ကြောင့် ရှင်ဘုရင်ရှေ့မှာ "ဗုဒ္ဓ

http://www.dhammadownload.com



မဟုတ်ပါ”ဟု အတိအလင်း ဝန်ခံခဲ့ကြပေသည်။ သို့သော် မိမိကို အများက ဝိုင်း၍အထင်ကြီးနေကြသည့်အခါ ထိုအထင်ကြီးခံရသော အရသာကို အတော်သာယာနေကြခြင်းသည် ကမ္ဘာ့ခမ္မတာ တစ်ခုကဲ့သို့ ဖြစ်နေ၏။ ထို့ကြောင့် ထိုဆရာကြီးတို့သည် ကိုယ့် အရည်အချင်းကို “ဗုဒ္ဓအဆင့်အတန်းသို့ မရောက်”ဟု သိကြသော် လည်း လူအများ၏ အထင်ကြီးမှု မပျက်အောင်ကား ဟန်ဆောင်လိုကြပေသေးသည်။

ထို့ပြင်မိမိနှင့်ဆက်ဆံနေသူကို(ဆရာ+တပည့်၊ သား+သမီး၊ သမီး+ခင်ပွန်းချင်း စသူကို) မိမိကိုယ်တိုင် အထင်မကြီးပါသော်လည်း အခြားသူတို့အလင်သေးမည်ကိုကား စိုးရိမ်ကြသေး၏။ ထို့ ကြောင့် ဆရာကြီးခြောက်ယောက်တို့ ရှင်ဘုရင့်အထံ ဝင်ရောက်နေခိုက်မှာ အပြင်ဘက်၌ကျန်ရစ်ကြသော ဘုရားဒကာ အမတ်ကြီးတို့လည်း “မည်သူ့ဘုရားကို ရာဇဂုရုတံဆိပ်တော် ဆက်ကပ်၍ အသိအမှတ် ပြုလိုက်ကြမည်လဲ”ဟု အသဲတယားယား အသား တဆတ်ဆတ် ရင်ဘတ်တဒိတ်ဒိတ်နှင့် ကြိတ်၍မျှော်လင့်နေကြဟန်ရှိ၏။ ထို့ကြောင့် ထိုအရှင်ဆရာကြီးခြောက်ယောက်တို့ နန်းတော်အပေါက်မှ ထွက်လာလျှင်လာချင်း “ကိံ အာစရိယာ–ရာဇာ တုမှေ ပဉှံ ပုစ္ဆိတွာ သဏ္ဍာရသမ္မာန် အကာသိ= ဘယ့်နှယ်လဲ ဆရာတော်ဘုရားတို့၊ မင်းတရားက အရှင်ဘုရားတို့ကို ပြဿနာ မေးမြန်းလျှောက်ထား၍ လေးစားမြတ်နိုးမှုကို ပြုလိုက်ပါရဲ့လား”ဟု မေးမြန်းကြလေသည်။ ထိုအခါ ထိုဆရာကြီးတို့ ရှေ့နောက်ညီညွတ်အောင် လိမ်လည်ညာဖြန်းကြပုံမှာ–

ရှင်ဘုရင်က ငါတို့ကို ဗုဒ္ဓဟုတ်ရဲ့လားဟု တိုက်ရိုက် မေးတယ်။ ဗုဒ္ဓအရာကနေပြီး ပြဿနာကို ဖြေဆိုဟောပြလျှင် ဒီ ရှင်ဘုရင်မှာ နားလည်နိုင်သော အရည်အချင်းမရှိဘူး၊ ဒီတော့ သူ နား

http://www.dhammadownload.com



မလည်တာနဲ့ ငါတို့ကိုပြစ်မှား၍ အကုသိုလ် များရှာလိမ့်မယ်။ ဒါ့ကြောင့်သူ့ကိုသနားသည့်အတွက်"ဗုဒ္ဓမဟုတ်ပါ"ဟုပြောခဲ့ကြရတယ်။ ငါတို့ကားဗုဒ္ဓအစစ်ပါပဲ"အမှာက်ံဗုဒ္ဓဘာဝေါ ပန ဥဒကေန ဓောဝိ - တွာပိ ဟရိတုံ န သက္ကာ=ငါတို့ ဘုရားအစစ်ဖြစ်နေတာကိုတော့ ရေနှင့်ဆေးပစ်တောင် မပျောက်နိုင်ပါဘူး"ဟု ပြောကြလေသည်။

**ဗုဒ္ဓအစစ်ကို မယုံနိုင်ကြသေးခြင်း**

လောက၌ မစစ်မမှန်သောအရာ၊ အတုအယောင် ဟန်ဆောင်နေသော သတ္တဝါအများကို တွေ့ကြုံဖူးသူတို့သည် တကယ် အစစ်အမှန်ကို တွေ့ကြရသော်လည်း "ယုန်ထင်ကြောင်ထင်"ထင်နေတတ်သဖြင့်တော်တော် တန်တန်နှင့် မယုံနိုင်ကြသေးပေ။ အစစ် အမှန်ဖြစ်နေသူတို့မှာလည်း အတုအယောင်တွေနှင့် ရောနေရသဖြင့် "နွားထီးငါးကျပ်၊ နွားမ ငါးကျပ်"တန်ဖိုးချင်း ထပ်တူ ဖြစ်နေသည့်အတွက် စိတ်ပျက်စရာ ပေတည်း။ ထို့ကြောင့် အစစ် အမှန်တို့သည် စိစစ်စုံစမ်းတတ်သူများနှင့် တွေ့ရမှ တန်ဖိုးမြင့်နိုင်သောကြောင့် စိစစ်စုံစမ်းနိုင်မည့် ပညာရှိတို့နှင့်သာ များစွာတွေ့လိုကြလေသည်။

ဤပြခဲ့သောအကြောင်းကြောင့် ဟန်ဆောင်ဗုဒ္ဓတွေ ထွန်းကားနေသော ထိုအချိန်မှာ ထွန်းပေါ်တော်မူလာရသော ငါတို့ ဗုဒ္ဓကို သတင်းကြားရရုံဖြင့် ရုတ်တရက် မယုံနိုင်ကြသေးချေ။ သတင်းကြားလျှင် စုံစမ်းချင်သောဝါသနာရှင်တို့ ဗုဒ္ဓအထံလာ၍ စုံစမ်းကြ၏။ ငါတို့ဗုဒ္ဓအရှင်မြတ်သည်လည်း ထိုသို့ စုံစုံစမ်းစမ်းနှင့်ကျေချမ်းမှ ယုံကြည်သူကိုသာ ချီးမွမ်းတော်မူလေ့ရှိသည်။ "သူများ ယောင်လို့ ယောင် အမောင် တောင်မှန်း မြောက်မှန်း မသိ"သူကို ချီးမွမ်းတော်မမူ။ [ဤနေရာ၌ တိကအင်္ဂုတ္တိုရ်လာ ကာလာမသုတ်တော်ကို ထုတ်ဖော်သင့်၏။ သို့သော် အလွန်မှတ်ဖွယ်ကောင်းလှ၍ အနာဂတ်သာသနာ အခန်းကျမှ ထုတ်ပြပါမည်။]

http://www.dhammadownload.com



**မှတ်ချက်**။ ။ ငါတို့၏မြန်မာနိုင်ငံ၌ ကိုယ်တိုင် **အစဉ်းစားဉာဏ်** ရှိသူ နည်းပါးသောကြောင့် ထိုထိုကိစ္စဝယ် အတုအယောင် ဟန်ဆောင်သူတွေ စားလမ်းသောက်လမ်း ဖြောင့်တန်း၍ စန်းပွင့် နေကြသည်။ ထိုသူတွေ စန်းပွင့်နေသလောက်လည်း အစစ်အမှန် ဖြစ်သူများမှာ အောက်ကျနောက်ကျ ဖြစ်နေကြရတော့၏။ ထိုကဲ့သို့ အထက်ရောက်သင့်သူအောက်ကျ၍ အောက်ကျသင့်သူ အထက်ရောက်လျက် ကမောက်ကမ ဖြစ်နေသမျှလည်း ဤမြန်မာနိုင်ငံသည် လွတ်လပ်ရေးရသည့်တိုင်အောင် များစွာသော တိုင်းသူပြည်သားတွေ အမှန်ပင် အတန်းမမြင့်နိုင်ဟုဆိုရဲ၏။ ထို့ကြောင့် သူများပြောတိုင်းမယုံတတ်ဘဲကိုယ်ပိုင်ဉာဏ် စဉ်းစားဉာဏ်ရှိသူများ ဖြစ်အောင် လူ ရော ရှင်ပါ တောရွာ မြို့နယ် ဒိစတြိတ်နယ် မကျန်အသိဉာဏ် မြင့်တင်နိုင်မည့် ဘုန်းတော်ကြီးကျောင်း လူကျောင်း များကိုစနစ်တကျ တည်ထောင်ပေးဖို့မမေ့သင့်ကြတော့ပြီ။

## ဗုဒ္ဓရှင်တော်နှင့် ကောသလမင်း

**အရွယ်ငယ်နေ၍ မယုံနိုင်ပုံ**

ငါတို့ဗုဒ္ဓရှင်တော် ထွန်းပေါ်တော်မမူမီကပင် (ပြခဲ့သည့် အတိုင်း) အတုအယောင် ဟန်ဆောင်ဗုဒ္ဓတို့ ပေါ်ပေါက်နေရကား ကောသလမဟာရာဇာလည်းဗုဒ္ဓကိုမယုံကြည်သူအများတွင်တစ်ယောက်အပါအဝင်ဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ်သည်ဗုဒ္ဓဖြစ်တော်မူပြီးနောက်ဒုတိယဝါ၌ရာဇဂြိုဟ်မြို့ ဝေဠုဝန်တိုက်တော်မှာ ဝါကပ်တော်မူပါသော်လည်း ထိုဝါတွင်းမတိုင်မီ အနာထပိဏ်သူဌေး၏ ပင့်လျှောက်ချက်အရ သာဝတ္ထိမြို့သို့ကြွတော်မူရာ ထိုအခါ၌ သက်တော် ၃၇ နှစ်မျှ ရှိတော်မူပေဦးမည်။ ထို သာဝတ္ထိမြို့သို့ ရောက်တော်မူစဉ် ကောသလမဟာရာဇာလည်း ဗုဒ္ဓအထံသို့ရောက်လာ၍ဝမ်းမြောက်ဖွယ်စကားများကိုပြောပြီးလျှင်–

http://www.dhammadownload.com



**မဟာရာဇာ။** ။ အရှင်ဂေါတမလည်း ဗုဒ္ဓဟု ဝန်ခံပါ သလား။(ရှေးတုန်းက မိမိစုံစမ်းခဲ့ဖူးသောဆရာကြီးခြောက်ယောက်ကိုသတိရ၍ "အရှင်ဂေါတမ လည်း" ဟု သုံးစွဲသည်။)

**ဗုဒ္ဓရှင်တော်။** ။ မဟာရာဇာ... ဗုဒ္ဓဟုပြောလျှင် ငါ့ကိုပြောမှ အမှန်ဖြစ်မည်။ ငါသည် အလွန်ကောင်းမြတ်သော ဉာဏ်ကိုရပြီ။

**မဟာရာဇာ။** ။ အရှင်ဂေါတမ...နောက်လိုက်နောက်ပါ တပည့်များစွာဖြင့် ဂိုဏ်းဆရာကြီးဖြစ်ကြသော ပူရာဏကဿပစသော ဆရာကြီး တို့သော်မှ "ဗုဒ္ဓဟုတ်ကြပါရဲ့လား"ဟုမေးသည့်အခါ ဗုဒ္ဓဖြစ်ကြောင်းကို ဝန်မခံကြကုန်၊ အရှင်ဂေါတမမှာအသက်လည်းငယ်၊ ရဟန်းပြုတာကလည်း မကြာသေးသောကြောင့် ဗုဒ္ဓဟု ဝန်မခံသင့်သေးပါ။ [ရှင်ဘုရင်ဖြစ်သည်အားလျော်စွာ အထက်က နေ၍ စီးစီးနင်းနင်း ပြောဆိုလေသည်။]

**ဗုဒ္ဓရှင်တော်။** ။ မဟာရာဇာ..လေးမျိုးသောအရာတို့ကို သေးငယ်သည်ဟု အထင်မသေးထိုက်ကုန်။ လေးမျိုးတို့ကား မင်းမျိုးမင်းနွယ်ဖြစ်သောကလေး, မြွေဆိုး, မီး, ရသေ့ရဟန်းတို့တည်း။ မဟာရာဇာ...မင်းမျိုးမင်းနွယ်ဖြစ်သော သူငယ်ကို "အငယ်ကလေးပဲ" ဟု မလေးမစားပြုလျှင် ရှင်ဘုရင်ဖြစ်သောအခါ ထိုငယ်စဉ်က မလေးမစားခံရမှုကိုသတိရ၍ထိုမလေးမစားပြုခဲ့သူကိုကြီးလေးစွာ အပြစ်ပေးတတ်သည်။ အဆိပ်ထန်သောမြွေကို "အငယ်ကလေးပဲ"ဟု မလေးမစားဂရုမစိုက်ပြုလျှင်ထိုမြွေကလေးကိုက်၍လည်း သေနိုင်သည်။ ထိုမီးကို "အနည်းငယ်ကလေးပဲ" ဟု မလေးမစား ပြုလျှင်ထိုမီးကလေးသည်အမှိုက်စသောလောင်စာနှင့်တွေ့သောအခါ ကြီးကျယ်စွာ လောင်တတ်သည်။[အမှိုက်က စ,၍ နန်းတော် ပြာသာဒ်ကိုပင် မီးခ,နိုင်သည်..ဟူလို] ထို့အတူ သီလသိက္ခာရှိသော သူတော်ကောင်း ရသေ့ရဟန်း ကို "အငယ်ကလေးပဲ" "ကိုရင်ကလေးပဲ" စ,သည်ဖြင့် မလေး မစားပြုပြန်လျှင်သူ၏ သီလတန်ခိုးကြောင့်အကျိုးမဲ့ဖြစ်ရတတ်သည်။

http://www.dhammadownload.com



**မှတ်ချက်။** ။ ကောသလမဟာရာဇာသည် ဉာဏ်ပညာနည်းပါးရာ၏၊ ထို့ကြောင့် ဗုဒ္ဓရှင်တော်သည် သူနှင့်တန်ရုံသာ တရားဟောတော်မူ၏။ ထိုမဟာရာဇာလည်း ထိုမျှလောက် တရားစကားကိုပင် များစွာသဘောကျ၍ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူ ဥပါသကာဟူ၍ မှတ်တော်မူပါမည့်အကြောင်းကို လျှောက်ထားလေသည်။

ဤသုတ္တန်၌ "အသက်ကြီးသူနှင့် ရဟန်းပြု၍ ကြာမြင့်သူ တွေသာ ဗုဒ္ဓဖြစ်မည်ဆိုလျှင် ဖြစ်တန်ရာ၏။ အသက်ငယ်ငယ်နှင့် ရဟန်းပြုခါစဖြစ်သူတို့ကား အသိဉာဏ်နည်းပါးဦးမည်သာ" ဟုမဟာရာဇာထင်နေခြင်းသည် "အသက်ကြီးသော ဘုန်းကြီးဟူသမျှစာတတ်ချည်း"ဟုငယ်စဉ်က ဘုန်းကြီးထင်ခဲ့ခြင်းနှင့်တူလှ၏။ ယခုကာလ၌လည်း အသက် သိက္ခာကြီးသူတို့၏ စကားကိုသာ အမှန်ဟု ယူဆလိုကြ၏။ ရှိသေ ကိုင်းရှိုင်းရမည့်ကိစ္စ၌ ကြီးသူကို ဂရုဂါရဝပြုသင့်၏။ ပညာရေးဆိုင်ရာ (အသိဉာဏ်ကိစ္စ)၌မူ နဂိုဉာဏ်အရည်အချင်းနှင့် အသင်အကြား (ဗဟုသုတ)များခြင်း၊ လုပ်ရည်ကိုင်ရည်ဝနေခြင်း တို့သာ ပဓာနဖြစ်ကြောင်း၊ အသက် အကြီး, အငယ်မှာ ပဓာနမဟုတ်ကြောင်း သတိပြုသင့်ကြပေသည်။

**ဗုဒ္ဓကို ယုံကြည်လာခြင်း**

ကောသလ မဟာရာဇာသည် ပင်ကိုဉာဏ် ထက်သန်လှသူ မဟုတ်သောကြောင့်မဂ်ဖိုလ်တရားထူးကို မရထိုက်သော်လည်း ဗုဒ္ဓ ရှင်တော်မြတ်သည် ဝါတော် ၂၀ ရပြီးနောက်၌ သာဝတ္ထိမြို့တော်မှာချည်း ၂၅ ဝါပတ်လုံး သီတင်းသုံးနေတော်မူသောကြောင့် ဗုဒ္ဓကို မကြာခဏ ဖူးတွေ့ခွင့်ရသဖြင့် တရားအမျိုးမျိုး နာရသည့်အတွက် ဗုဒ္ဓကို ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ယုံကြည်သော မဟာရာဇာကြီးတစ်ယောက်ကား ဖြစ်ရပေသည်။ ဗုဒ္ဓအပေါ်၌ ကောသလ မဟာရာဇာ၏ နှစ်နှစ်ကာကာ ယုံကြည်ကြောင်းမှာလည်း သူ၏ နောက်ဆုံး အကြိမ် (နတ်ရွာစံခါနီး၌) လျှောက်ထားသော စကားများဖြင့် ထင်ရှား၏။ ထိုစကားများသည် မဇ္ဈိမပဏ္ဏာသ ပါဠိတော်ဝယ် ဓမ္မစေတိယသုတ္တန်ဟူသော

http://www.dhammadownload.com



နာမည်ဖြင့် လာ၏။ ထိုသုတ္တန်စကားများကို ဤနေရာ၌ ထုတ်ပြပါမည်။

**မဟာရာဇာကြီး ဗုဒ္ဓကိုသတိရပုံ**

ကောသလမဟာရာဇာသည် ကိစ္စ တစ်စုံ တစ်ရာကြောင့် သာကီဝင်မင်းတို့၏နယ်ပယ်တွင် ပါဝင်သော "နဂရက"နိဂုံးသို့ ရောက်နေ၏။ သူသည် နောက်လိုက်နောက်ပါ အခြွေအရံများဖြင့် ဥယျာဉ်တစ်ခုသို့ သွား၍ ရှုစားသောအခါ တိတ်တိတ်ဆိတ်ဆိတ် ကြည်နူးဖွယ်ကောင်းသော သစ်ပင်များကိုမြင်ရလေသော် ထိုကဲ့သို့သောနေရာမျိုးဝယ် ဗုဒ္ဓ ရှင်တော်နှင့် မကြာခဏ တွေ့ဆုံခဲ့ရဖူးသဖြင့် ဗုဒ္ဓကို အမှတ်ရလေသည်။ ထို အခါ "ကာရာယန"စစ်သူကြီးလည်း အနီးမှာရှိသောကြောင့် ထို စစ်သူကြီးကိုပြောသည်မှာ–

"အချင်းကာရာယန...ဤသစ်ပင်များ၏အောက်မှာ အလွန် ကြည်နူးဖွယ်ကောင်းပါပေသည်။ လူသံ သူသံလည်း မကြားရ။ သူ တစ်ပါး မကြားစေလိုသောစကားကို တိုးတိုးတိတ်တိတ် တိုင်ပင်လို သူတို့လည်း အသုံးပြုဖို့ ကောင်းလှ၏။ ရဟန်းတော် အရှင်မြတ်တို့ လည်း ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းကာဖြင့် တစ်ပါးတည်း ကိန်း အောင်းနေဖို့ရာ ကောင်းလှပေ၏။ ဤကဲ့သို့သောနေရာမျိုးဝယ် ဗုဒ္ဓ ရှင်တော်မြတ်ကို ဆည်းကပ်ခဲ့ရဖူးတယ်။ ယခုအခါ ဗုဒ္ဓရှင်တော် မြတ်သည် ဘယ်အရပ်မှာ သီတင်းသုံးတော်မူပါသလဲ" ဤသို့ ပြော ဆို မေးမြန်းလေလျှင် စစ်သူကြီးက ထိုနေ့၌ပင် အရောက် သွားနိုင် လောက်သော "မေဒါဠုပ"နိဂုံးမှာ သီတင်းသုံးတော်မူကြောင်း သံ တော်ဦးတင်သဖြင့် ချက်ချင်းပင် ဗုဒ္ဓထံတော်သို့သွား၍ ရောက်လျှင် ရောက်ချင်း ခြေတော်တို့၌ ဦးတိုက်၍ ခြေတော်ကို ပါးစပ်ဖြင့်စုပ်၊ လက်ဖြင့်လည်း အားရပါးရ ဆုပ်ကိုင်လေသည်။

http://www.dhammadownload.com



**ဗုဒ္ဓကိုမြတ်နိုးခြင်း၏ အကြောင်း**

ထိုသို့ခြေတော်ကို လွှန်စွာအလေးပြုပြီးသော မဟာရာဇာကို ဗုဒ္ဓရှင်တော် က "ဘယ်အကျိုးထူးကို မြင်သောကြောင့် ဤခန္ဓာကိုယ်အပေါ်မှာ ဤမျှလောက် လွှန်လွှန်မင်းမင်း ရှိသေ မြတ်နိုးခြင်းကို ပြုရသနည်း" ဟုမေးတော်မူလေရာ "ရှင်တော်မြတ် အပေါ်၌ သမ္မာသမ္ဗုဒ္ဓဖြစ်ကြောင်း၊ ဓမ္မလည်း ကောင်းစွာ ဟောထားတော်မူကြောင်း၊ တပည့်သာဝကအပေါင်းလည်းကောင်းစွာကျင့်ကြကြောင်းကို (ပိုင်ပိုင်နိုင်နိုင်ကြီး မဟုတ်စေကာမူ)မှန်းဆ၍သိနိုင်လောက်သော အသိဉာဏ်မျိုးကို ဒကာတော်မှာ ရနေပါပြီ။ ထိုသို့ရခြင်းကြောင့် ရှင်တော်မြတ်အပေါ်၌ ဤမျှလောက် ရိုသေလေးစားမှုပြုပါသည်"ဟု လျှောက်ထားပြီးနောက် အသိဉာဏ်ဖြစ်ပေါ်လာရခြင်း၏ အကြောင်းများကို ဆက်လက် လျှောက်ထားသည်မှာ–

**သာသနာ အတွင်းအပ သမဏ ၂ မျိုး**

ဗုဒ္ဓအဆုံးအမ (ဗုဒ္ဓသာသနာ)၏ ပြင်ပ၌ သမဏအမည်ခံသော ရသေ့များ ရှိကြလေရာ သူတို့သည် ၁၀ နှစ်မှ အနှစ် ၄၀ အထိ မေထုန်ရှောင်ကြဉ်မှုစသော အကျင့်ကို ကျင့်ကြ၍ နောင်ခါ လူထွက်ကြပြီးလျှင် ကာမစည်းစိမ်ကိုခံစားကြ၏။ ဗုဒ္ဓ၏အဆုံးအမဖြစ်သောသာသနာတော်၌ကား အသက်ပင်သေရစေကာမူ မြတ်သောအကျင့်ကို မစွန့်လွှတ်ဘဲ အသက်ဆုံးအောင်ကျင့်သွားကြသော သမဏတို့ကို တွေ့ရသဖြင့် "အင်း–ဗုဒ္ဓက အစစ်အမှန်ဖြစ်လို့သာ၊ဗုဒ္ဓ၏သြဝါဒများက မှန်ကန်ကောင်းမြတ်လို့သာ၊ တပည့်သံဃာများ၏ ကောင်းသော အကျင့်ရှိကြလို့သာ ဤအရှင်တို့သည် ဤမျှလောက် စောင့်စည်းကြပေသည်"ဟု စိတ်ထဲ၌ မှန်းဆနိုင်သော အသိဉာဏ်ကို ရခဲ့ပါသည်။ [ဤစကားနှင့်စပ်၍ ယခုခေတ် ရဟန်းတော်များလူထွက်ခြင်း၌ စောဒကတက်ဖွယ်ရှိ၏။အဖြေမှာပစ္စက္ခသာသနာအခန်း၌ထင်ရှားပါလိမ့်မည်]

http://www.dhammadownload.com



**ရဟန်းတော်များ ညီညွတ်ပုံ**

အရှင်ဘုရား...အကြောင်းတစ်မျိုးမှာ–ယခုကာလ၌ မင်း, ပုဏ္ဏား, သူဌေး, သူကြွယ် စသည်တို့သည် အချင်းချင်း မညီမညွတ် ရှိကြပါ၏။ သားအမိ သားအဖ မောင်နှမချင်းသော်မှ ငြင်းကြ ခုံကြနှင့် မညီညွတ်နိုင်ကြပါ။ ဗုဒ္ဓ၏သာဝကဖြစ်ကြသော အရှင်တို့မှာ တစ်ပါးနှင့်တစ်ပါး (နို့ရည်နှင့်ရေ ရောထားသကဲ့သို့) လိုက်လိုက်ရောရောရှိကြပုံ ခင်မင်သောမျက်လုံးဖြင့် အချင်းချင်း ကြည့်ရှုကြပုံကို တွေ့ရပါသည်။ ဤဗုဒ္ဓ၏ပရိသတ်လောက် ညီညွတ်သော ပရိသတ်ကို အခြားနေရာ၌ မတွေ့နိုင်ပါ။ ထိုသို့ ညီညွတ်ပုံကို မြင်ရခြင်းကြောင့်လည်း ဗုဒ္ဓ ဓမ္မနှင့် သံဃာတော်များ၏ အမှန်ကောင်းမြတ်ကြောင်းကို မှန်းဆ၍ သိနိုင်သောဉာဏ်ကို ရရှိပါသည်။[ဤနှင့်စပ်၍ ယခုခေတ် အချို့ ရဟန်းများ၏ ရုံးပြင်ကနား သွားရလောက်အောင် ကွဲပြားကြမှုကိုလည်း ပစ္စက္ခသာသနာတော်ခန်း၌ ထင်ရှားစေပါမည်။]

**ရဟန်းတို့ကိုမြင်ရ၍ စိတ်ဖြစ်ပုံ**

မြတ်စွာဘုရား ... အကြောင်းတစ်မျိုး ရှိပါသေး၏။ ဒကာတော်သည် ပိန်ချုံးနေသော ရဟန်းတို့ကို မြင်ရ၍ "ဤကိုယ်တော်များသည် သာသနာတော်၌ မပျော်ပိုက်ဘဲ ကျင့်နေကြဟန်တူ၏၊ သို့မဟုတ် သူတို့ပြုမိသော မကောင်းမှုကိုတွေး၍ ပူဆွေးနေကြဟန်တူ၏"ဟု ထင်မိသောကြောင့် ထိုရဟန်းတို့ကို မေးမြန်းသော အခါ ၂ မျိုးလုံးပင် မဟုတ်ကြဘဲ မျိုးရိုးအလိုက် ပါလာသော ရောဂါရှိနေသူများ ဖြစ်ကြောင်းကို သိရပါသည်။ ဝဝဖြိုးဖြိုး ရွှင်ရွှင်ပျပျနှင့် ရဟန်း၏ကျင့်ဝတ်ကိုကျင့်ကာ လောကီရေးရာဝယ် လုံ့လကြောင့်ကြ ဗျာပါရမရှိကြတော့ဘဲ မာန်တက်ကြွဟန်လည်း မရှိသော ရဟန်းတို့ ကို မြင်ရသည့်အခါ၌ကား "အင်း–ဗုဒ္ဓလည်း အစစ်အမှန်

http://www.dhammadownload.com



ဓမ္မလည်း ကောင်းစွာဟောပြထားဟန်ရှိ၍ သာဝကသံဃာတော်တွေ ဤမျှလောက် ပျော်ပျော်ရွှင်ရွှင် ကောင်းစွာကျင့်တော်မူကြတာဖြစ် ပေလိမ့်မည်”ဟု မှန်းနိုင် ဆ,နိုင်သော အသိဉာဏ်ကို ရရှိခဲ့ပါသည်။

**ပရိသတ် ငြိမ်သက်ပုံ**

မြတ်စွာဘုရား ... အကြောင်းတစ်မျိုး ရှိပါသေး၏။ ဒကာတော်သည် သတ်နိုင် ဖြတ်နိုင် ဒဏ်တပ်နိုင်သော အာဏာပိုင်တစ်ယောက် ဖြစ်ပါလျက် တရားရုံး၌ ဒကာတော်စကားပြောနေစဉ် အချို့လူတွေ ကြားဝင်၍ ပြောတတ်ကြပါသည်။ ဒကာတော်က “ငါပြောတုန်း ဝင်မပြောကြနှင့်”ဟုတားပေမယ့် မရပါ။ ရှင်တော်ဘုရားသည် ရာပေါင်းများစွာသော ပရိသတ်ဝယ် တရားဟောတော်မူသောအခါ ရှင်တော်ဘုရား၏ သာဝကများစွာတွင် တစ်ပါးတလေမျှ ချေသံ ချောင်းဟန့်သံမပြုကြပါ၊ တစ်ခါတုန်းက ရှင်တော်ဘုရား တရားဟောနေတော်မူစဉ် သာဝကတစ်ပါးက ချောင်းဟန့်လေသော် အခြား ကိုယ်တော်က အသာကလေး လက်တို့ပြီး “တိတ်တိတ်နေပါ၊ အသံမပြုပါနှင့်၊ ရှင်တော်ဘုရား တရားဟောနေသည်”ဟု တားမြစ်သည်ကို တွေ့ခဲ့ဖူးပါ၏။ ထိုအခါ ဒကာတော်စိတ်မှာ “သြော်–တုတ် ဓား လက်နက် ဒဏ်ပေးချက်လည်းမပါဘဲ ယဉ်ကျေးအောင် ပရိသတ်ကို ဆုံးမတော်မူနိုင်ပါပေရဲ့”ဟု ချီးကျူးမိပါသည်။ ဤမျှလောက် ယဉ်ကျေးပြီးသော ပရိသတ်ကို သာသနာတော်၏ ပြင်ပ၌မတွေ့ရပါ။ ဤ ယဉ်ကျေးသိမ်မွေ့ပုံကို မြင်ရ၍လည်း ဗုဒ္ဓ ဓမ္မ သံဃာ့ အပေါ်ဝယ် အားရကျေနပ်သော (ကြည်ညိုသောသဒ္ဓါနှင့်တကွ) အသိဉာဏ်ကို ရခဲ့ပါသည်။

**ပဏ္ဍိတ်တွေ သာဝက ဖြစ်ပုံ**

အရှင်ဘုရား ... အကြောင်းတစ်မျိုးရှိပါသေး၏။ ဒကာတော်သည် ပဏ္ဍိတ်မင်းတွေ၊ ပဏ္ဍိတ်ပုဏ္ဏားတွေ၊ ပဏ္ဍိတ်သူဌေးသူကြွယ်တို့ကို တွေ့ရဖူးပါ

http://www.dhammadownload.com



သည်။ သူတို့သည် သူတို့ပညာအစွမ်းဖြင့် တစ်ဖက်သားတို့၏ အယူဝါဒကို ဖြိုဖျက်နေသကဲ့သို့ ဖြစ်ကြပါကုန်၏။ သူတို့သည် "မည်သည့် မြို့ရွာနိဂုံးသို့ ရှင်တော်ဘုရား ရောက်လာလိမ့်မည်"ဟု ကြားကြလျှင် အပြစ်တင်ကြဖို့ရန် ခက်ဆစ်ခက်ရာပြဿနာတွေကို စီစဉ်၍ ထားနှင့်ကြပါ၏။ သူတို့၏ပြဿနာတွေကို "ဘယ် လိုပင် ဖြေဖြေ အပြစ်မကင်းနိုင်သော ပြဿနာတွေ"ဟု သူတို့က ယူဆ၍ အားရနေကြကုန်ပါ၏။ ဗုဒ္ဓရှင်တော်ရောက်တော်မူလာသည့်အခါ ဗုဒ္ဓရှိရာသို့ သူတို့လာကြလေရာ ဗုဒ္ဓရှင်တော်သည် သူတို့အား တရားဟောတော်မူသောအခါ သူတို့လွန်စွာနှစ်သက်ကြ၍ ပြဿနာကိုလည်း မမေးကြတော့၊ အပြစ်လည်းမတင်ကြတော့ဘဲ သူတို့ကိုယ် သူတို့ သာဝက (တပည့်)ဖြစ်ကြောင်းကို ဝန်ခံကြပါသည်။ ဤသို့ ပဏ္ဍိတ်ကြီးတွေကိုယ်တိုင်က သာဝကအဖြစ်ဝန်ခံကြပုံကို မြင်ရသောအခါ ဗုဒ္ဓ၏ အစစ်အမှန်ဖြစ်ကြောင်း၊ ဓမ္မ၏ကောင်းသောဓမ္မ ဖြစ်ကြောင်း၊သံဃာတော်၏ အကျင့်ကောင်းကြောင်းကို မှန်းဆ၍ သိနိုင်သော အသိဉာဏ်ကို ရရှိခဲ့ပါသည်။

**ရှင်ဘုရင်ထက် ဗုဒ္ဓကိုလေးစားပုံ**

မြတ်စွာဘုရား ... အကြောင်းတစ်မျိုး ရှိပါသေးသည်။ ဣသိဒတ္တနှင့် ပုရာဏမည်သော ဗိသုကာကြီး နှစ်ယောက်သည် ဒကာတော်၏ အမှုထမ်းများ ဖြစ်၍ သူတို့အသက်မွေးမှု ရိက္ခာအစုကို ဒကာတော်ကပင် ပေးရပါသည်။ သူတို့သွားဖို့ရာ ယာဉ်များလည်း ဒကာတော့် ပစ္စည်းပင်ဖြစ်ပါ၏။ သို့ပါလျက် ဗုဒ္ဓအပေါ်မှာ လေးစားသလောက် ဒကာတော်ကို မလေးစားကြပါ။ ရှေးတုန်းက ကိစ္စတစ်ခုကြုံရဖူးသည်မှာ ဒကာတော်သည် စစ်ထွက်ရသည့်အခါ သူတို့ကိုလည်းစုံစမ်းရင်း ကျဉ်းမြောင်းသောနေရာတစ်ခု၌ သူတို့နှစ်ယောက်နှင့်အတူ နေခဲ့ပါသည်။ သူတို့သည် အလွန်ညဉ့်နက်အောင် တရားစကားများကို

http://www.dhammadownload.com



ဆွေးနွေးပြောဆိုနေကြစဉ် ဒကာတော်သည် အိပ်ချင်ဟန်ဆောင်နေပါသည်။ သူတို့အိပ်ခါနီးသော် "ဘယ်အရပ်ဆီမှာ ဗုဒ္ဓ သီတင်းသုံးနေသလဲ"ဟု သူတို့ချင်းမေးကြ၍ ဗုဒ္ဓသီတင်းသုံးရာဘက်နှင့် ဒကာတော် နေရာဘက်မှာ တစ်ဖက်စီ ဖြစ်နေကြောင်းကို သိကြသဖြင့် ဒကာတော်ဘက်ကို ခြေပြု၍ ဗုဒ္ဓရှိရာဘက်သို့ ဦးခေါင်းပြုပြီး အိပ်ကြပါသည်။ (အသက်မွေးဝမ်းကျောင်း ဘာတစ်ခုမျှမရဘဲနှင့်) ထိုမျှလောက် ရိုသေ လေးစားပုံကိုမြင်၍ အံ့ဩမိကာ ဗုဒ္ဓ၏ အစစ်အမှန်ဖြစ်ကြောင်း၊ ဓမ္မ၏ ကောင်းသောဓမ္မ ဖြစ်ကြောင်း၊ သံဃာ၏ အကျင့်ကောင်းကြောင်းကို မှန်းဆ၍ သိနိုင်သောအသိဉာဏ်ကို ရရှိခဲ့ပါသည်။

**အချင်းချင်းဖြစ်၍ လေးစားပုံ**

ရှင်တော်မြတ်ကို အလေးအမြတ်ပြုရာ၌ အကြောင်း တစ်မျိုး ရှိပါသေး၏။ အရှင်မြတ်လည်း ခတ္တိယမျိုး(မင်းမျိုးမင်းနွယ်)ဖြစ်၍ ဒကာတော်လည်း ခတ္တိယမျိုးဖြစ်ပါ၏။ အရှင်မြတ်လည်း ကောသလတိုင်း၌နေ၍ ဒကာတော်လည်း ကောသလတိုင်း၌ နေသူဖြစ်ပါ၏။ အရှင်မြတ်လည်း သက်တော်ရှစ်ဆယ်ရှိ၍ ဒကာတော်လည်းအသက်ရှစ်ဆယ်ရှိပါပြီ။ ဤသို့ ဇာတ်တူ, နေရပ်တူ, အသက်တူ ဖြစ်နေသောကြောင့်လည်း ရှင်တော် ဘုရားအပေါ်၌ မိတ်ဆွေအပေါ်မှာ မြတ်နိုးသလို မြတ်နိုးပါသည်ဟု– လျှောက်ထားလေသည်။

ကောသလမဟာရာဇာသည် ဗုဒ္ဓရှင်တော်မြတ်နှင့်ဤနေရာ၌ နောက်ဆုံးတွေ့ရခြင်းဖြစ်၏။ ထိုသို့တွေ့ပြီးနောက် ထိုညဥ့်၏ မိုးလင်းခါနီးလောက်မှာပင် မဟာရာဇာကြီး ကံတော်ကုန်လေသည်။ မဟာရာဇာကြီးသည် ရှေးရှေးဘဝများစွာ၌ ဖြည့်ကျင့်ခဲ့ရသောပါရမီနည်းပါးခဲ့သောကြောင့် ပင်ကိုဉာဏ် နည်းပါးရှာရကား ဗုဒ္ဓကို ကြည်ညိုလေးမြတ်သည်ဟု ဆိုရပါသော်လည်း အပေါ်ယံလျှံကာမျှ ဖြစ်လေ

http://www.dhammadownload.com



သည်၊ ထို့ကြောင့်လည်း ဗုဒ္ဓနှင့်ပွန်းပွန်းတီးတီး နီးနီး နားနား နေရပါလျက် မင်္ဂဖိုလ်တရားထူးကို မရလိုက်ရာချေ။

ထို့ကြောင့်ဤအကြောင်းကို ကောင်းကောင်းစဉ်းစားမိသော အမျိုးသားအမျိုးသမီးတို့သည် မိမိ၏နောင်သံသရာရေးကို တွေးကာ ချွတ်နိုင်မည့် ဗုဒ္ဓရှင်တော်နှင့်တွေ့ရသောအခါ လွယ်ကူစွာ တရားရနိုင်လောက်အောင် ယခုဘဝ၌ အခြေခံပါရမီများကို အဆင်သင့် ကြိုးစားထားသင့်ပေသတည်း။

## ဗုဒ္ဓရှင်တော်နှင့် ဗိမ္ဗိသာရမင်း

**အလောင်းတော်ကို ပထမတွေ့ခန်း**

ငါတို့ ဗုဒ္ဓအလောင်းတော်သည် ရဟန်းပြု၍ မကြာခင် ရာဇဂြိုဟ်မြို့တော်၌ ဆွမ်းခံဝင်တော်မူလေရာ မြို့သူ မြို့သားတို့သည် ရုပ်အဆင်းအားဖြင့်လည်းကောင်း၊ ဣန္ဒြေအားဖြင့်လည်းကောင်း အခြားရသေ့များနှင့်မတူသော ရသေ့ရဟန်းတစ်ဦးကို မြင်ကြရသည့်အခါ အထူးအဆန်းတအံ့တသြဖြင့် လှုပ်လှုပ်ရွရွကြည့်ရှုကြစဉ် အချို့လူတို့က မဟာရာဇာထံ အမြန်သွား၍ သံတော်ဦးတင်ကြလေသော်၊ ဗိမ္ဗိသာရ မဟာရာဇာသည် နန်းတော်ပေါ်မှ ရှုမျှော်ကာ ထူးခြားသော ပုဂ္ဂိုလ်ဟု အထင်ရှိသောကြောင့် မင်းချင်းယောကျ်ားသုံးယောက်တို့ကို နောက်ကလိုက်သွားစေပြီးလျှင် စုံစမ်း၍ ချက်ချင်း သံတော်ဦးတင်ဖို့ရန် မှာလိုက်လေသည်။

မင်းစေတမန်တို့လည်း နောက်ယောင်ခံ၍ လိုက်သွားကြလေရာ မြို့တော်ပြင်ဘက် ပဏ္ဍဝတောင်ခြေဝယ် ဆွမ်းဘုဉ်းပေးတော်မူနေသည်ကို တွေ့ရ၍ မင်းစေတစ်ယောက်က မဟာရာဇာထံ သံတော်ဦးတင်လာလေသော် မဟာရာဇာလိုက်လာ၍ အလောင်း

http://www.dhammadownload.com



တော်နှင့် နှုတ်ဆက်စကား ပြောဆိုပြီးလျှင် "အရွယ်ကလည်း ငယ်ငယ် ကိုယ်နေကိုယ်ဟန်ကလည်း တင့်တယ်၍ အသားအရေ အဆင်းမှာလည်း ရွှေကဲ့သို့ ဝင်းဝါနေပါတယ်။ ကျွန်ုပ်အထင် ပြောရလျှင် ဇာတ်မြင့်သော ခတ္တိယတစ်ပါးဟုထင်ပါတယ်။ ကျွန်ုပ်ရဲ့ စည်းစိမ်ကို ခွဲဝေ၍ပေးပါမည်။ တိုင်းပြည်ကို အုပ်ချုပ်လျက် မဟာရာဇာတစ်ပါး လုပ်ပါ"ဟု ဖိတ်မန်လေသည်။

**ဗုဒ္ဓဖြစ်လျှင်ကြွလာရန် ပဋိညာဉ်တောင်းပုံ**

ထိုအခါဗုဒ္ဓအလောင်းတော်သည် ဟိမဝန္တာ၏နံပါး သက္ကတိုင်း ကပိလဝတ္ထုပြည်တော်ဝယ် အာဒိစ္စအနွယ် (နေမျိုးနေနွယ်) သာကိယဇာတ်(သာကီမင်းမျိုး)မှ ထွက်ခွာ၍ ရဟန်းပြုခဲ့ကြောင်း၊ ထီးနန်းစသော ကာမစည်းစိမ်ကို မတောင့်တတော့ကြောင်း၊ကမ္ဘဋ္ဌာန်း အားထုတ်လိုသော စိတ်သာလျှင် ဖြစ်နေကြောင်းကို မိန့်တော်မူလေရာ၊ မဟာရာဇာလည်း တရားအားထုတ်၍ အသိဉာဏ်အထူးကို ရသည့်အခါ(ဗုဒ္ဓဖြစ်သည့်အခါ) မိမိနိုင်ငံတော်သို့ ပထမ(ခပ်စောစော)ကြွလာဖို့ရန်ပဋိညာဉ်တောင်းသဖြင့်အလောင်းတော်လည်း ပဋိညာဉ်ပေးပြီးလျှင် တရားထူးကို ရှာဖွေတော်မူလေသည်။

**ဗုဒ္ဓဖြစ်မှ ပြန်၍တွေ့ကြပုံ**

ရှင်တော်ဘုရားသည် ဗုဒ္ဓဖြစ်သောအခါ ပထမဝါ၌ ဗာရာဏသီမြို့အနီး ဣသိပတန မိဂဒါဝုန်တောဝယ် ဝါကပ်တော်မူပြီး၍ ဝါကျွတ်သည့်အခါ ထိုဝါတွင်း၌ ရဟန္တာဖြစ်ကြသော ခြောက်ကျိပ်သော ရဟန်းတော်တို့ကို ထိုထို ဤဤ ဒေသစာရီ လှည့်လည်၍ တရားဟောပြောဖို့ရန် စေလွှတ်တော်မူပြီးလျှင် ကိုယ်တော်တိုင်လည်း ဥရုဝေလတောသို့ ကြွတော်မူကာ ဥရုဝေလရသေ့အမှူးရှိသော ရသေ့တစ်ထောင်ကို တရားဟောတော်မူသည်။ ထိုသို့ တရားဟောတော်မူ၍ ရဟန္တာ ဖြစ်

http://www.dhammadownload.com



ကြသော ဘိက္ခုတစ်ထောင် ခြံရံတော်မူလျက် ရာဇဂြိုဟ်မြို့၏အနီး ထန်းတောဉယျာဉ်ကြီးဝယ် ရောက်လာတော်မူကြောင်းကို ကြားလျှင် ကြားချင်း ဗိမ္ဗိသာရမဟာရာဇာသည် တစ်သိန်း နှစ်သောင်း လောက်သော ပုဏ္ဏားသူကြွယ်တို့နှင့် အတူထွက်တော်မူကာ ဗုဒ္ဓ၏ခြေတော်တို့ကို ရှိခိုးဦးတိုက်လာလေသော် မိမိတို့နယ်တွင် အကြည်ညိုအများဆုံးခံရသော ဉရုဝေလရသေ့ကြီး ကိုယ်တိုင်က ဗုဒ္ဓ၏တပည့် (သာဝက) ဖြစ်နေကြောင်းကို သိကြရသဖြင့် ဗုဒ္ဓ၏ အပေါ်၌ သာ၍ ယုံကြည်နေကြသော ပရိသတ်အပေါင်းတို့အား မဟာနာရဒဇာတ်တော်ကို ဟောပြ၍ သစ္စာလေးပါးကိုလည်း ပြတော်မူရာ အတူပါလာသော တစ်သိန်းနှစ်သောင်းတွင် တစ်သိန်း တစ်သောင်းသော ပရိသတ်နှင့်အတူ ဗိမ္ဗိသာရမဟာရာဇာ သောတာပန်ဖြစ်လေသည်။ [တစ်သောင်းလောက်ကား ရတနာသုံးပါးကိုယုံကြည်သော ဉပါသကာမျှလောက်သာ ဖြစ်သည်။]

**မဟာရာဇာ ၂ ဦး ဓာတ်ခံ မတူပုံ**

ကောသလမဟာရာဇာသည် ဗုဒ္ဓကိုပထမအကြိမ်တွေ့စဉ်က မလေးမစားပင် စကားပြောသေး၏။ ဗုဒ္ဓနှင့်စပ်၍ ဓာတ်ခံ နည်းပါးလှ၏။ ထို့ကြောင့်လည်း နောက်နောင်ခါဝယ် ဗုဒ္ဓကို ယုံကြည်ပါလျက် မူလဓာတ်ခံညံ့ခဲ့မှုကြောင့် မည်သည့်တရားထူးကိုမျှရသည်ဟုစာဆိုမတွေ့ရချေ။ ဗိမ္ဗိသာရမဟာရာဇာကား ဗုဒ္ဓ မဖြစ်မီကပင် တိုင်းပြည်စည်းစိမ်ကိုပါ လွှဲအပ်နိုင်လောက်အောင် ဗုဒ္ဓအလောင်း၏ အသရေတော်ကို ကျေနပ်ခဲ့၏။ ဗုဒ္ဓဖြစ်လာသောအခါ၌ကား သစ္စာ လေးပါး တရားအမှန်ကို ပထမကြားရလျှင်ပင် သောတာပန် ဖြစ်သွားလေသည်။ ဗိမ္ဗိသာရမဟာရာဇာသည် ဗုဒ္ဓကို ယုံကြည်မှုနှင့်စပ်၍ မူလဓာတ်ခံ အင်မတန်ကောင်းခဲ့သူပေတည်း။ ဤသို့ မဟာရာဇာ ၂ ဦးတို့ မူလဓာတ်ခံချင်းကွာခြားသလောက် တရားထူးရ–မရ ကွာခြားမှုကို သတိပြုကြာ

http://www.dhammadownload.com



မိမိအတွက် တရားဘက်ဆိုင်ရာ ဓာတ်ခံ ကောင်းသူဖြစ်အောင် ထူထောင်သင့်ကြပေသည်။

## ဗုဒ္ဓရှင်တော်နှင့် ဗြဟ္မာယုပါမောက္ခ

**ဥတ္တရလုလင် စေလွှတ်ပုံ**

အိန္ဒိယဉ္ဇယခုအခါ နေရှုးစသော ပဏ္ဍိတ်တို့ကဲ့သို့ ခေနရှင် ပညာတတ် ဇာတ်မြင့်သော ဗြာဟ္မဏ (ဗြာဟ္မဏ်း–ပုဏ္ဏား)လူမျိုးတို့သည် သူတို့ ကိုယ်တိုင် လူအများကို ပညာနှင့် ဩဝါဒပေးနေသော ဆရာကြီးတွေ ဖြစ်ပေရကား ဗုဒ္ဓထွန်းပေါ်တော်မူလာသောအခါ ထို ဗြာဟ္မဏတို့သည် ဗုဒ္ဓအပေါ်၌ အထင်မကြီးနိုင်ကြသေးချေ။ ထိုသို့ ဗုဒ္ဓကို အထင်မကြီးနိုင်ကြသော်လည်း သူတို့ကိုယ်တိုင် ပညာရှိကြီးများ ဖြစ်သောကြောင့် ဧကန်ဗုဒ္ဓအစစ် ဖြစ်ကြောင်းကို သိသည့်အခါ တပည့် သာဝက ခံဖို့ရန်လည်း ဝန်မလေးကြပေ။ ထို့ကြောင့် ဗုဒ္ဓ၏ဂုဏ်သတင်းများ တစ်စတစ်စ ပျံ့နှံ့လာရာ မိထိလာမြို့နေ "ဗြဟ္မာယု" မည်သော ပါမောက္ခဆရာကြီးလည်း ကြားရသဖြင့် သူကိုယ်တိုင် စုံစမ်းချင်စိတ် ဖြစ်သော်လည်း ဗုဒ္ဓအတုနှင့် တွေ့နေလျှင် "မဆင်မခြင်သွားရမလား" ဟု အများကဲ့ရဲ့ဖွယ် ဖြစ်မည်စိုးသောကြောင့် ကိုယ်တိုင်မသွားဘဲ သူ၏လက်ထောက် "ဥတ္တရ" မည်သော ဆရာကလေးကိုခေါ်၍–

ဥတ္တရ... သာကီယဇာတ် ခတ္တိယမျိုးမှထွက်၍ ရဟန်းပြုသော အရှင်ဂေါတမသည် ငါတို့ဝိဒေဟတိုင်းမှာ ဘိက္ခုများစွာ ခြံရံလျက် လှည့်လည်နေတယ်။ ထိုအရှင်ဂေါတမ၏ဂုဏ်သတင်းလည်း အလွန် ကျော်ကြားတယ်။ ထို အရှင်ဂေါတမ အထံသို့ သွား၍ ကျော်ကြားသလောက် ဟုတ်–မဟုတ် ကို စုံစမ်းပါချေ ဟုပြောလေသည်။

http://www.dhammadownload.com



**ဥတ္တရ။** ။ကျော်ကြားသလောက် ဟုတ်–မဟုတ်ကို ဘယ် လိုနည်းဖြင့် သိရပါမည်လဲ။

**ဆရာကြီး။** ။(ဝေဒကျမ်းဂန်မှာ ဗုဒ္ဓစသူတို့၏ လက္ခဏာတွေကို ပြသော ဂါထာမန္တန်ပေါင်း တစ်သောင်းခြောက်ထောင်ရှိ၏။ ထိုမန္တန်တို့တွင် ဗုဒ္ဓဆိုင်ရာဂါထာတို့ကိုညွှန်ပြပြီးလျှင်)ဤဂါထာမန္တန်တို့၌ပါသောလက္ခဏာများနှင့် နှိုင်းယှဉ်စုံစမ်းရမည်။ ထိုလက္ခဏာနှင့်ညီညွတ်သူသည်လူ့ဘောင်မှာ နေလျှင် စကြာမင်း၊ တောထွက်လျှင် ဗုဒ္ဓဖြစ်ရမည်။

**ဗုဒ္ဓလက္ခဏာတွေ့ရပုံ**

ဥတ္တရလုလင်သည် ဗုဒ္ဓအထံတော်သို့ ရောက်၍ ဗုဒ္ဓ၏ ရုပ်လက္ခဏာတို့ကို ဝေဒမန္တန်နှင့်ညီ–မညီ စုံစမ်းလေရာ(လက္ခဏာတော် ၃၂ ပါးရှိသည်တွင် ၃၀ တို့မှာ အပြင်၌ မြင်နိုင်သောကြောင့် မန္တန်နှင့် ညီညွတ်ကြောင်းကို သိရသော်လည်း) အင်္ဂါဇာတ်တော်နှင့် လျှာတော်မှာ အတွင်းဖြစ်နေသောကြောင့် မမြင်နိုင်ရကား ထိုလက္ခဏာ ၂ ပါးအတွက် ယုံမှားသံသယ ဖြစ်နေသည်ကို သိတော်မူသော ဗုဒ္ဓ ရှင်တော်မြတ်သည် လျှာတော်ကို ထုတ်တော်မူ၍ လက်ဝဲ လက်ယာ နှာခေါင်းနှင့် နားတွင်းတို့ကိုလည်း သုံးသပ်ပြတော်မူ၏။ နဖူးတော်ကိုလည်း ဖုံးပြတော်မူ၏။ ထိုသို့ပြတော်မူသဖြင့် လျှာတော်၏ ရှည်ကြောင်း, ပြန့်ကျယ်ကြောင်းကို သိသွားလေသည်။ အင်္ဂါဇာတ်တော် ကိုကား တိုက်ရိုက်ပြ၍ မဖြစ်နိုင်သောကြောင့် အဝတ်အတွင်း၌ ရှိသော အင်္ဂါဇာတ်၏ပုံသဏ္ဌာန်ကို(ဓာတ်ပုံပြသကဲ့သို့) အရိပ်အရောင်မျှ ပြတော်မူလေသော် အအိမ်ဖြင့်ဖုံးကာ ပဒုမ္မာကြာတိုက်နှင့် ပုံသဏ္ဌာန်တူ၍ ရွှေအဆင်းရှိသော အင်္ဂါဇာတ်တော်ကို မြင်ရသောကြောင့် ဗုဒ္ဓ လက္ခဏာအားလုံး ညီညွတ်နေကြောင်းကို သိရလေသည်။

**အနေအထိုင်ကိုစုံစမ်းပုံ**

ဥတ္တရလုလင်သည် ဆရာကြီးက လက္ခဏာ ကိုသာ စုံစမ်းဖို့ရန် စေခိုင်း လိုက်

http://www.dhammadownload.com



သော်လည်း "ဘယ်ပုံ ဘယ်နည်း နေထိုင်သလဲ"ဟု မေးလျှင် မဖြေနိုင်မည်စိုးသောကြောင့် ဗုဒ္ဓ၏အနေအထိုင်ကိုပါ သိလိုသဖြင့် ဗုဒ္ဓ၏ နေပုံ ထိုင်ပုံ ဟောပုံ ပြောပုံ ပရိသတ်နှင့်ဆက်ဆံပုံ ဤအလုံးစုံကို ဆက်လက်စုံစမ်းလေသည်။ ကာလအတန်ကြာလျှင် "ဗုဒ္ဓ ဟုတ်-မဟုတ် စုံစမ်းနေသောလုလင်"ဟုအသိများလာရကား ဗုဒ္ဓကို ဆွမ်းဘုဉ်းပေးရန်ပင့်သူတို့သည်ဥတ္တရလုလင်ကိုပါဖိတ်မန်ကြလေသည်။ ဥတ္တရလည်း ဗုဒ္ဓနောက်က တကောက်ကောက်လိုက်ကာဆွမ်းအကပ်ခံပုံ၊ ဆွမ်းဘုဉ်းပေးပုံ၊ ဆွမ်းဘုဉ်းပေးပြီးနောက် သပိတ်ဆေးပုံ၊ ထို့နောက် ဆွမ်းတရားဟောပုံ၊ ထိုမှပြန်လာ၍ ရဟန်းများ ဆွမ်းစားပြီးချိန်ကို စောင့်ဆိုင်းတော်မူပြီးလျှင် ရဟန်းတော်များရောက်လာသည့်အခါ ဂန္ဓကုဋိ(ဘုရားကျောင်းတော်)၏ ဆင်ဝင်စမုခ်၌ ရပ်တော်မူ၍-

"ဘိက္ခုတို့...ကုသိုလ်ကိစ္စ၌မမေ့တတ်သောသတိဖြင့်သီလ, သမာဓိ, ပညာကို ပြည့်စုံအောင် အားထုတ်ကြ။ ကမ္ဘာလောကဝယ် ဗုဒ္ဓဖြစ်ချိန်မှာ လွန်စွာ ကြုံကြိုက်ခဲလှသည်။ ထိုသို့ခဲယဉ်းစွာသော ဗုဒ္ဓဖြစ်ချိန်နှင့် ကြုံကြိုက်ပါသော်လည်း မိမိကိုယ်တိုင်က လူ့ဘဝကို ရဖို့အရေးလည်း မလွယ်ကူသေးချေ။ ဗုဒ္ဓဖြစ်ချိန်မှာမိမိကိုယ်တိုင်က လူ့ဘဝကိုရနေစေကာမူ (အထုံ အထိုင်း အ-အနှင့် မိစ္ဆာအယူရှိသူမျိုးမဟုတ်ဘဲ) သဒ္ဓါ, ပညာ, သမ္မာအယူစသော သမ္ပတ္တိ အမျိုးမျိုးနှင့် ပြည့်စုံဖို့ရန် အင်မတန်ခဲယဉ်းပြန်၏။ ထိုသို့သမ္ပတ္တိနှင့် ပြည့်စုံ စေကာမူ ဃရာဝါသ ကိစ္စမြားမြောင် လူတို့ဘောင်ကို စွန့်ခွာ၍ လွတ်လွတ် ကျွတ်ကျွတ် တရားအားထုတ်နိုင်ခွင့်ရသော ပဗ္ဗဇိတဘဝကိုရဖို့ အရေးမှာ သာ၍ ဝေးသေး၏။ (ပဗ္ဗဇိတဟူရာ၌ ရသေ့ဘဝ၊ ရဟန်း ဘဝ ၂ မျိုးနှင့် ဆက်ဆံနေသောကြောင့်) ထို ပဗ္ဗဇိတဘဝကို ရနေ သော်လည်း ဗုဒ္ဓ၏သစ္စာလေးပါးနှင့် စပ်သော တရားကို နာယူဖို့ အရေးလည်း ခဲယဉ်းသေး၏။

http://www.dhammadownload.com



သင်တို့မှာကား ဗုဒ္ဓဖြစ်ပေါ်ချိန်မှာ လူ့ဘဝကိုရ၍ သဒ္ဓါ ပညာစသော သမ္ပတ္တိအမျိုးမျိုးနှင့် ပြည့်စုံသော ဗုဒ္ဓသာဝကများ ဖြစ်ကြပြီးလျှင် သစ္စာလေးပါးနှင့်ယှဉ်သော တရားတို့ကို နာယူကာ ခဲယဉ်းဖွယ်ဟူသမျှတွေကို အပြည့်အစုံရနေကြသောကြောင့် အမှတ်တမဲ့ ပေါ့ပေါ့ဆဆမနေကြဘဲ သတိကြီးစွာထား၍ သီလ, သမာဓိ, ပညာ သိက္ခာ ၃ ပါးကို ပြည့်ဝစုံလင်အောင် ကြိုးစားကြရမည်။

ဤသို့ ဩဝါဒပေးတော်မူပြီးလျှင် ဂန္ဓကုဋီသို့ ဝင်တော်မူသည်။ [ဤဩဝါဒပေးတော်မူခြင်းကား တစ်ရက်မက နေ့စဉ်လောက် ပင်ဖြစ်သည်။]

**စုံစမ်းပြီး ပြန်ပုံ** ဥတ္တရလုလင်သည် ဂန္ဓကုဋီသို့ဝင်၍ဗုဒ္ဓနေထိုင်ပုံကို စုံစမ်း၏။ ဗုဒ္ဓသည် တစ်ခဏမျှ လဲလျောင်းနေဖို့ရန် အခြင်းအရာကို ပြသောအခါ လုလင်သည် ဂန္ဓကုဋီမှ ထွက်နေ၏။ ဗုဒ္ဓသည် တစ်ခဏမျှ လဲလျောင်း၍ ထ,တော်မူပြီးလျှင် ဖလသမာပတ်ကို ဝင်စားတော်မူ၏။ [ယခုကာလ ကမ္မဋ္ဌာန်းထိုင်နေသကဲ့သို့ နိဗ္ဗာန်ကို အာရုံပြု၍ စိတ်အစဉ်ဖြစ်နေစေမှုကို ဖလသမာပတ်ဝင်စားသည်ဟုခေါ်၏။]သမာပတ်ဝင်စားတော်မူပြီးနောက်တရားနာဖို့ရန် ပရိသတ်များ ရောက်လာကြောင်းကို သိတော်မူ၍ တရားဟောရာ ဓမ္မာရုံသို့ ကြွတော်မူကာ တရားဟောတော်မူစဉ် လုလင်လည်း အနီးမှာထိုင်၍ "ဘယ်လို စကားမျိုးကို ပြောသလဲ၊ ပရိသတ်ကို မြှောက် ပြောနေသလား၊ သို့မဟုတ် နှိမ့်ချပြောနေသလား" စသည်ဖြင့် အကဲခတ် နေ၏။ ဤ နည်းအားဖြင့် ဗုဒ္ဓကို စုံစမ်းနေသည်မှာ ၇ လ လောက် ကြာသွား လေသည်။ ထိုအခါ စဉ်းစားမိသည်မှာ...

ငါသည် ၇ လ ပတ်လုံး တကောက်ကောက်လိုက်၍ အပြစ်ရှာသော်လည်း အရှင်ဂေါတမ၏အပြစ်ကို အနည်းငယ်မျှ မတွေ့ရ။ နောက်ထပ်ဆက်၍ ၇ နှစ် အနှစ်တစ်ရာ အနှစ်တစ်ထောင်ကြာ

http://www.dhammadownload.com



အောင် အပြစ်ရှာသော်လည်း တွေ့ရမည်မဟုတ်။ ငါ၏ဆရာ ပါမောက္ခကြီးလည်း အသက်ကြီးရှာပြီ။ "ယောဂက္ခေမ" ခေါ် တရားတော်ကို ဆရာကြီးသိသင့်သည်။ သို့ဖြစ်၍ ဆရာကြီးထံ အမြန်ပြန်ပြီးလျှင် ဗုဒ္ဓအစစ်ဖြစ်ကြောင်းကို ပြောပြတော့မည်။

ဤသို့ကြံစည်ကာ ဗုဒ္ဓရှင်တော်မြတ်ထံ ပြန်ပါဦးမည့်အကြောင်း ခွင့်တောင်း၍ အကျွမ်းဝင်နေသော သံဃာများကိုလည်း ဝပ်ချကာ ထွက်ခွာသွားလေသည်။

**ဆရာကြီးထံ ပြန်ပြောပုံ**

ဥတ္တရလုလင် ပြန်ရောက်လျှင် ရောက်ချင်း ပါမောက္ခကြီး က "ဘယ့်နှယ်လဲ ဥတ္တရ၊ ရှင်ဂေါတမရဲ့ ကျော်စောခြင်းသည် အမှန်ကျော်စောထိုက်သော ဂုဏ်ရှိ၍ ကျော်စောခြင်းဟုတ်ပါရဲ့လား" ဟုမေးလေရာ ဥတ္တရလုလင်သည် သူကိုယ်တိုင် တွေ့ခဲ့ ကြုံခဲ့ စုံစမ်းခဲ့သမျှကို ခရေစေ့တွင်းကျ ပြန်၍ပြောပြသည်မှာ – အရှင်ဆရာကြီး၊ ထိုအရှင်ဂေါတမသည် ယောကျ်ားမြတ်၏လက္ခဏာ ၃၂ ပါးလုံး ပြည့်စုံပါသည်။ ထိုလက္ခဏာတို့တွင်–

၁။ ခြေဖဝါးသည် လူအများကဲ့သို့ အလယ်၌ ချိုင့်၍ခွက်၍မနေဘဲ 'ဖနောင့်, အလယ်သား, ဖဝါးစွန်း" ၃ ဌာနလုံး ညီနေပါသည်။ [ဤလက္ခဏာတော်ကြောင့် မြေ၌နင်းလိုက်သောအခါ တညီ တညွတ်တည်း ထိရကား ခြေ၏လက္ခဏာ(ခြေတော်ရာ)များ အပြည့် အစုံ ထင်နိုင်လေသည်။]

၂။ ခြေဖဝါးတော်၏ အပြင်တို့၌ စက်ဘီး ပုံသဏ္ဌာန် (အကန့်ဒေါက်ဆန်, အကွပ်, ပုံတောင်း) အပြည့်အစုံပါသော စက်လက္ခဏာလည်းရှိပါသည်။

၃။ သူတစ်ပါးထက်ရှည်သော ဖနောင့်လည်း ရှိပါသည်။ [ခြေဖဝါးကို အလျားလိုက်တိုင်း၍ ၄ ပုံ ပုံထားလျှင် ၂ ပုံသည်

http://www.dhammadownload.com



ခြေဖျားဘက်မှာပါ၍ ၁ ပုံအထက်၌ ခြေသလုံးတည်၏။ နောက်တစ်ပုံမှာ ဖနောင့်ပင်တည်း။ ထိုဖနောင့်တော်ကား ပွတ်ဖြင့် ပွတ်၍ထားသကဲ့သို့ လုံးလုံးဝိုင်းဝိုင်းရှိသည်။]

၄။ အရင်းတုတ်၍ အဖျားသွယ်သော လက်ချောင်း ခြေချောင်းတော်များလည်း ရှည်ရှည်လျားလျား ညီညွက်စွာ ရှိပါသည်။ [ ဆီနှင့်နယ်၍ လုံးထားသော ဆေးဒန်းအတောင့်များနှင့် တူပါသည်။ ]

၅။ ဖွားခါစ သတို့သား၏ လက်ခြေများကဲ့သို့ အမြဲနုနယ်သောလက်ခြေလည်းရှိပါသည်။

၆။ ခြေမ လက်မမှ တစ်ပါးသော လက်ချောင်း ခြေချောင်းတို့သည် အတိုအရှည်မရှိ၊ မုယောစပါးနှင့်တူသော အမှတ်အသားချင်း ဆက်သွယ်ကာ လေသာ ပြတင်းပေါက်ဝယ် ဇာကွက်တပ်ထားပုံနှင့်တူကြပါသည်။

၇။ ဖမျက်တို့သည်(ယခု လူအများ၌ ခြေဖမိုး အထက်နားဝယ် ကပ်၍တည်သကဲ့သို့မဟုတ်ဘဲ) အထက်၌ မြင့်နေကြပါသည်။

၈။ ခြေသလုံးတော်သည်(ယခု လူများဝယ် နောက်တစ်ဖက်၌ သာ အသားစိုင်ပါသကဲ့သို့မဟုတ်ဘဲ) ရှေ့နောက် နံပါးတို့၌ အသားစိုင် ရှိရကား သလေးစပါးလုံးကလေးများနှင့် တူကြပါသည်။

၉။ ကိုယ်ခန္ဓာ၏ အထက်ပိုင်း အောက်ပိုင်း ညီမျှသောကြောင့် မကုန်း မကွ မကိုင်းရဘဲနှင့် မတ်တတ်ရပ်ကာ ဒူးပုဆစ် တို့ကို လက်နှစ်ဖက်ဖြင့် ထိအောင် သုံးသပ်နိုင်ပါသည်။

၁၀။ (အင်္ဂါဇာတ်တော်၏ လက္ခဏာကိုရှေ့၌ပြခဲ့ပြီ။)

၁၁။ ခန္ဓာကိုယ်သည် လုံးလုံးကျစ်ကျစ်ရှိ၍ အရေအဆင်းမှာ ရွှေအဆင်းရှိပါသည်။

၁၂။ အသားအရေလည်း အလွန်နုနယ်ပါသည်။

http://www.dhammadownload.com



၁၃။ မွေးညင်းတစ်တွင်း တစ်တွင်း၌ မွေးညင်းတစ်ချောင်းစီ တစ်ချောင်းစီ ပေါက်ကြပါသည်။

၁၄။ ထိုမွေးညင်းတို့သည် မျက်စဉ်းညိုရောင် အဆင်းရှိကာ လက်ယာရစ်လည်၍ အထက်သို့ အဖျားလှည့်နေပါသည်။

၁၅။ ဖြောင့်စင်းသော ခန္ဓာကိုယ်လည်း ရှိပါသည်။

၁၆။ လက်ဖမိုး ၂ ဖက်၊ ခြေဖမိုး ၂ ဖက်၊ ပခုံးစွန်း ၂ ဖက်၊ လည်ကုပ် ဟူသော ၇ ဌာနတို့၌ အသား ပြည့်ဖြိုးရကား အကြောအရိုးများ မထင်ရှားပါ။

၁၇။ ခြင်္သေ့၏ရှေ့ပိုင်း ကိုယ်တစ်ဝက်သည် ပြည့်စုံသကဲ့သို့ ရှေ့ပိုင်းနောက်ပိုင်း အထက်ပိုင်းအောက်ပိုင်း အားလုံးမှာပင်ပြည့်စုံပါပေသည်။

၁၈။ လက်ပြင်ရိုး ၂ ခု၏ အကြား၌ ပြည့်ဖြိုးသော အသားလည်း ရှိပါသည်။

၁၉။ ဝန်းဝိုင်းသော ပညောင်ပင်သည် အမြင့်နှင့် အဝိုင်း ညီမျှသကဲ့သို့ ကိုယ်တော်၏ အရပ်နှင့် အလံပမာဏ( ၄ တောင် အတိအကျ) ညီမျှပါသည်။

၂၀။ အညီအမျှလုံးသော ပခုံး(လည်ပင်း) လည်းရှိပါသည်။

၂၁။ အရသာကို ဆောင်ယူနိုင်သော အကြောကောင်း များလည်းရှိပါသည်။

၂၂။ ခြင်္သေ့၏အောက်မေးသည် ပြည့်ဖြိုးသကဲ့သို့ ပြည့်ဖြိုးသော အထက်မေး အောက်မေး ၂ မျိုးလုံးရှိပါသည်။

၂၃။ (ယခုလူများ၌ ၃၂ ချောင်းလောက်သာ သွား ရှိသော်လည်း) အရှင်ဂေါတမမှာ သွားပေါင်း ၄၀ ရှိပါသည်။

၂၄။ ထို သွားတော်အားလုံး ညီနေပါသည်။

၂၅။ သွားတော်အားလုံး ကျိုးတိုးကျဲတဲမရှိပါ။

http://www.dhammadownload.com



၂၆။ သွားတော်အားလုံး ဖြူစင်သည်ထက် စွယ်တော်လေးချောင်းမှာ အထင်အရှား ဖြူဆွတ်ပါသည်။

၂၇။ [လျှာတော်၏ လက္ခဏာကို ပြခဲ့ပြီ။]

၂၈။ ကရဝိက်သံကဲ့သို့ အသံတော်အလွန်ကောင်းပါသည်။ (သလိပ်စသည်တို့ အငြိအတွယ်မရှိခြင်း၊ သာယာခြင်း၊ စကားလုံးပီသပြတ်သားခြင်း၊ နားထောင်ကောင်းခြင်း၊ ဖရိုဖရဲ မကွဲမအက်ခြင်း၊ လုံးလုံးစည်းစည်းရှိခြင်း၊ နက်နဲသော ချက်အရပ်မှစ၍ ထွက်လာသော အသံ ဖြစ်ရကား အသံမတိမ်ခြင်း၊ ကြောင်တက်တက်မဟုတ်၊ ပဲတင်ထပ်မျှ ဟိန်းခြင်း။ ဤသို့သောအသံ၏ ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသည်=ဟူလို။)

၂၉။ ညိုသင့်ရာအရပ်၌ အလွန်ညိုသော မျက်လုံးရှိပါသည်။

၃၀။ ဖွားပြီးခါစ နွားနီကလေး၏ မျက်လုံးအိမ်နှင့်တူသော မျက်လုံးအိမ်လည်းရှိပါသည်။

၃၁။ မျက်ခုံး ၂ ဖက် အလယ်တည့်တည့်၌ နူးညံ့သော ဝါဂွမ်းကဲ့သို့ အလွန်နူး၍ဖြူဆွတ်သော အမွေးလည်း ပေါက်လျက်ရှိပါသည်။[ ဥဏ္ဏာလုံမွေးရှင်တော်ဟုခေါ်သည်။]

၃၂။ လက်ယာနားစွန်းမှစ၍ လက်ဝဲနားစွန်းတိုင်အောင် အထက်သို့တက်သော အသားလွှာသည်နဖူးတစ်ပြင်လုံး ဖုံးနေရကား နဖူးတော်တစ်ပြင်လုံး သင်းကျစ်ပြားဖြင့် ဖွဲ့ထားသကဲ့သို့ ထင်ရလောက်အောင် ပြေပြစ်ပါသည်။

**ကြွသွားတော်မူပုံ**

ပါမောက္ခဆရာကြီးသည် ဝေဒမန္တန်နှင့် ညီညွတ်နေသော ဗုဒ္ဓလက္ခဏာတော်ကို ကြားရလျှင်ပင် အလွန်ကျေနပ်နေဟန်ရှိ၏။ ဥတ္တရလုလင်ကလည်း သူကိုယ်တိုင် စုံစမ်းတွေ့ရှိခဲ့သမျှကို ပြော၍အပြီးတွင် ရပ်တန့် မနေ

http://www.dhammadownload.com



သေးဘဲ သွားပုံ,လာပုံစသည်တို့ကို ဆက်လက် ပြောပြပြန်သည်မှာ– အရှင်ဂေါတမသည် သွားဖို့ရန် ခြေလှမ်းသောအခါ လက်ယာဘက် ခြေကိုသာ ပထမလှမ်းလေ့ရှိ၍ လှမ်းပြီးသောခြေကို မဝေးလွန်း မနီးလွန်း ချလေ့ရှိပါသည်။ မမြန်လွန်း မနှေးလွန်း ကြွသွား၍ သွားသောအခါ ဒူးဆစ်ချင်း ခြေမျက်စိချင်းလည်း မထိခိုက်ပါ။ (ရေထဲ၌ သွားနေသူသည် ပေါင်ကို မြှောက်၍ မြှောက်၍ သွားရသကဲ့သို့) ပေါင်ကို မြှောက်၍လည်း သွားလေ့မရှိပါ။ ပေါင်ကို နောက်သို့လည်း မဆုတ်နစ်စေပါ။ ပေါင်ကို တောင့်တောင့်ကြီးလည်း မဖြစ်စေပါ။ ဟိုဘက် သည်ဘက်သို့ လှုပ်လှုပ်ရှားရှားလည်း မဖြစ်စေပါ။

ခရီးသွားသောအခါတိုင်း အောက်ပိုင်းကသာ လှုပ်၍ အထက်ပိုင်းမှာ လှေပေါ်၌ တင်ထားအပ်သော ဆင်းတုရုပ်ကဲ့သို့ မလှုပ်မယှက် ငြိမ်သက်နေပါသည်။ လက်မောင်းကို လှုပ်၍ ရမ်း၍ သွားလေ့မရှိပါ။ နောက်သို့ကြည့်ခွင့် ကြုံလာလျှင် လည်ပင်း နောက်ပြန်မကြည့်ဘဲ တစ်ကိုယ်လုံးပြန်လှည့်၍သာ ကြည့်လေ့ရှိပါသည်။ နက္ခတ်ဆရာကြီးများလို အပေါ်ကိုကြည့်၍ မော်၍လည်းကောင်း၊ ပျောက်သောပိုက်ဆံကိုရှာသူကဲ့သို့ အောက်သို့ငုံ့၍လည်းကောင်း သွားလေ့မရှိဘဲ ၄ တောင့်ထွာလောက် အရပ်ကိုသာ ကြည့်လျက် သွားပါသည်။ [၄ တောင့်ထွာထက် လွန်သော အရပ်ကိုကား ဉာဏ်ဖြင့်သာ သိတော်မူပါသည်။ ]

**လူတို့အိမ်ဝယ်**
**ခနထိုင်ပုံ**

လူများ၏ အိမ်အတွင်းသို့ ဝင်သောအခါဝယ် ကိုယ်ကို မြှင့်၍လည်းမဝင်၊ ကုန်း၍လည်း မဝင်ပါ။ ထိုင်သောအခါလည်း နေရာထိုင်နှင့်မနီးမဝေး (အဆင်သင့် ထိုင်၍ဖြစ်လောက်မှ)ကိုယ်ကိုလှည့်၍ ထိုင်လေ့ရှိပါသည်။ နေရာထိုင်ကို လက်ထောက်၍လည်းကောင်း၊ နေရာထိုင်ပေါ်၌ ကိုယ်ကိုပစ်ချ၍လည်းကောင်း မထိုင်ဘဲညင်ညင်သာသာထိုင်

http://www.dhammadownload.com



လေ့ရှိပါသည်။ ထိုအိမ်၏အတွင်း၌ လက်လှုပ် ခြေလှုပ်မှုကိုလည်း မပြုပါ။ ဒူးဆစ်တစ်ခုအပေါ် ဒူးဆစ်တစ်ခု တင်၍ လည်းကောင်း၊ ဖမျက်တစ်ခုအပေါ် ဖမျက်တစ်ခု တင်၍ လည်းကောင်း မထိုင်ပါ။ လက်ဖြင့် မေးကို ထောက်၍လည်း မထိုင်ပါ။ "တရားစကားတို့ကို အချက်ကျအောင် ပြောမှ ပြောနိုင်ပါ့မလား" ဟုတွေးတောကြောက်ရွံ့နေသောအမူအရာ၊ ဆုတ်နစ်နေသော အမူအရာ၊ တုန်လှုပ်သော အမူအရာများလည်း မရှိပါ။ ယာဂုဆွမ်းစသည်တို့ကို တပ်မက်သောအမူအရာများလည်းမရှိပါ။ လူထဲသူထဲ၌ မလွဲသာ၍ နေရပါသော်လည်း ဆိတ်ငြိမ်ခြင်း၌ အမြဲစိတ်ညွတ်နေဟန်တူပါသည်။

**ဆွမ်းဘုဉ်းပေးပုံနှင့် ဆေးကြောပုံ**

(သပိတ်ဖြင့်သာဆွမ်းဘုဉ်းပေးကြောင်း၊ ဟင်း ကိုလည်း သပိတ်၌ ထည့်၍ ဘုဉ်းပေးကြောင်း ကို ရှေးဦးစွာ သတိပြုပါ) ဆွမ်းကပ်ခါနီးသော် လူတို့က သပိတ်ဆေးဖို့ ရေကိုယူလာ၍ သပိတ်၌ လောင်းထည့်သောအခါ သပိတ်နခမ်းကို ဒီဘက်စောင်း ဟိုဘက်စောင်း ဘေးစောင်း မဖြစ်စေဘဲ လက် ၂ ဖက်ဖြင့်ကိုင်၍ အနည်းငယ်စောင်းငဲ့ပြီး ခံယူပါသည်။ ရေကို မနည်းလွန်း မများလွန်းစေဘဲ သင့်တော်ရုံကိုသာခံယူပါသည်။ သပိတ်ကိုဆေးသောအခါ ရေသံမမြည်စေပါ၊ သပိတ်အပြင် ဘက်ကိုလည်း ရှေးဦးစွာ မဆေးပါ။ သပိတ်ဆေးပြီးသည်နှင့် တစ်ပြိုင်နက် လက်ဆေးပြီးလည်းဖြစ်ပါတော့၏။ ထိုသပိတ်ဆေးရေကို အဝေးသို့လှမ်း၍ မသွန်၊ အနီး၌လည်း ကပ်၍ မသွန်ပါ။ (အဆင်သင့်ရုံ မနီးမဝေးမှာသွန်ပါသည်ဟူလို)ဆွမ်းကိုခံယူသည့်အခါလည်း (ရေကိုခံယူတုန်းကကဲ့သို့)သပိတ်နခမ်းကိုတည့်တည့်ထား၍အနည်းငယ်စောင်းငဲ့ပြီး မနည်းလွန်း မများလွန်း ခံယူပါသည်။ ဟင်းကိုလည်း ဆွမ်းနှင့်မျှတရုံ(ဆွမ်း၏ ၄ ပုံ တစ်ပုံ မျှသာ) ခံယူ ပါသည်။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဆွမ်းလည်းမပို၊ ဟင်းလည်း မလိုပါ။

http://www.dhammadownload.com



ဗုဒ္ဓရှင်တော်၏ ကျယ်ပြန့်သော လျှာပေါ်ဝယ်သွားဖြင့် ၂ ကြိမ် ၃ ကြိမ်မျှကိုက်ချေခြင်းခံရသော အစာသည် ကျောက်ပျဉ်၌ ကျိတ်အပ်သော နံ့သာပျောင်းကဲ့သို့ ကြေညက်သွားပါတော့၏။ ထို့ကြောင့် ၂ ကြိမ် ၃ ကြိမ်လောက် လျှာပေါ် လှည့်ပတ်ပြီးလျှင် ဆွမ်းလုတ်ကိုမျိုချပါသည်။ ထမင်းအဆန်ကလေးတစ်လုံးတလေမျှ ခံတွင်း၌ မကျန်ရစ်ပါ။ စားသည့်အခါလည်း အရသာကို ခံစားနေပုံ မရပါ။ ဤခန္ဓာကိုယ် တည်တံ့နိုင်ရုံ မျှတနိုင်ရုံ(မစားလျှင် ပင်ပန်းမည်ဖြစ်၍) မပင်ပန်းရုံ၊ သာသနာကို ချီးမြှောက်နိုင်ရုံ ရည်မှန်း၍ ဘုဉ်းပေး သုံးဆောင် နေဟန်တူပါသည်။ ထိုသို့ ဆွမ်းဘုဉ်းပေးပြီးသောအခါ ရေးနည်းအတိုင်း သပိတ်ဆေးရေကို ခံယူ၍ သပိတ်တော်ကို ဆေးပြီးနောက် သုတ်ပြီးလျှင် မနီးမဝေးမှာ ချထား၍ တစ်ခဏမျှ တိတ်တိတ်ဆိတ်ဆိတ်နေပါသည်။

**မှတ်ချက်။** ။ ယခုအခါသံဃာတော်များ ဆွမ်းကပ်ရာ၌ ဆွမ်းရေဟင်းပါ များစွာ ပိုလျှံနေအောင် ထည့်လိုက်လေ့ရှိ၏။ ဆွမ်းစား၍ ပြီးခါနီးနေသော်လည်း ပန်းကန်ထဲ၌ မောက်လျှံနေအောင် လိုက်လေ့ရှိကြ၏။ ထိုသို့မောက်လျှံနေမှ အကျိုးပေးရာ၌လည်း ပိုပို လျှံလျှံ ပေးမည်ဟု ယူဆကြဟန်တူ၏။ ဘုန်းကြီးက စားပြီးသည်နှင့် တစ်ပြိုင်နက် ဆွမ်းရေဟင်းပါ(ဗုဒ္ဓရှင်တော် ဘုဉ်းပေးတော်မူသကဲ့သို့ တိကာတိုင်းကာ)ကုန်မှ ကျေနပ်၏။ ပိုနေသောဆွမ်းဟင်းများကို နောက်မှစားသူများအား သန့်သန့် ရှင်းရှင်း စားစေလို၏။ အလှူ့ရှင်မှာလည်း အကုန်မများတန်လျှင် အကုန်မများဘဲ ဒါနအထမြောက်စေလို၏။ မကြာမီက ဘုန်းကြီးကျောင်းတိုက် သံဃာများကို သူကြီးတစ်ယောက် ဆွမ်းကပ်ရောက်လာရာ တစ်ထပ် ကပ်ဖို့ မှန်းလာသော်လည်း မှန်းသလောက်မကုန်သဖြင့် ၂ ထပ်ကပ်သွားရ၏။ (မို့မောက်ပိုလျှံအောင် တစ်ကြိမ်လှူ၍ရသောအကျိုးနှင့် ၂ ကြိမ် ဖြစ်ရသော အလှူ၏အကျိုးကို စဉ်းစားနိုင်းယှဉ်ကြပါလေ။)

http://www.dhammadownload.com



**ဆွမ်းအနုမောဒနာ ပြုတော်မူပုံ**

[ဆွမ်းကပ်သူတို့ ဝမ်းမြောက်ဖွယ် တရားစကား ပြောခြင်းကို "အနုမောဒနာ"ဟုခေါ်၏။ (အနု=လျော်စွာ၊ဝါ၊ အထပ်ထပ်+မောဒနာ=ဝမ်းမြောက်ကြောင်းစကား၊)] ယခုကာလ အချို့ ဆွမ်းတရားဟောရာ၌ ဆာလွန်း၍ထမင်းစားနေသူ၊ ငိုနေသောကလေးများကို ထမင်းကျွေးနေသူ၊ သိမ်းဆည်းဖွယ်များကို သိမ်းဆည်းနေသူတို့ မလာကြသေးမီပင် အဆောတလျင်(ဆွမ်းစားပြီးလျှင် ပြီးချင်း) တရားဟောတတ်ကြ၏။ ထိုသို့ လူမစုံခင် ဟောသည့်အခါ တချို့လူများက ကပျာကယာ လာကြ၍ တချို့လည်းမလာဘဲ နေကြတော့၏။ တချို့ပုဂ္ဂိုလ်များကား လူအတော်စုံနေသော်လည်း "မည်သူ မလာသေးပါကလား၊ ဘယ်သွားနေတုံး၊ အင်း–မာကြရဲ့နော်၊ ရောင်းလို့ ဝယ်လို့ ကောင်းကြရဲ့လား" စသည်ဖြင့် လောကွတ်စကားပြော၍ လည်းကောင်း၊ "မည်သည့်ဟင်းက တယ်ကောင်းတယ်၊ ဆွမ်းချက်ပုံက ကောင်းတယ်" စသည်ဖြင့် မြှောက်ပင့်ပြောဆို၍လည်းကောင်း အချိန်ဖြုန်းကာ တရားမဟောဘဲ နေတတ်ကြသေး၏။ ဗုဒ္ဓရှင်တော် မြတ်ကား ပရိသတ် မစုံခင်လည်း မဟောသေး၊ စုံလျှင်လည်း အချိန် မဖြုန်းဘဲ ဟောတော်မူ၏။ တရားဟောရာ၌ ဆွမ်းကိုလည်း မကဲ့ရဲ့၊ နောက်တစ်နေ့ ဆက်လက် ပင့်အောင် ဆွယ်တရားလည်း မပါ၊ တရား သဘောသက်သက်ကိုသာ ဟောပြီးလျှင် ပြန်ကြွတော်မူသည်။

**မှတ်ချက်။** ။ အထက်ပါအပြစ်များသည် ကျမ်းစာ၌ တိုက်ရိုက်ပါ၏။ သို့ပါလျက် ယခုကာလ များစွာသော ဆွမ်းဒကာ ဒကာမတို့သည် "နေထိုင်ကောင်းကြရဲ့လား၊ သားသမီးစသော အရေးပါသူကို နာမည်တပ်၍ မည်သူဘယ်သွားသလဲ၊ ချက်ပြုတ်ပုံ တယ်ကောင်းတယ်၊ စားရတာ တယ်မြိန်တယ်"စသည်ဖြင့် မြှောက်ပင့်ချော့မော့ပြောခြင်းကို တရားသဘောပြောခြင်းထက် နှစ်သက်ကြလေသည်။ အများ ဆွမ်းကျွေး

http://www.dhammadownload.com



ရာ၌ ထိုသို့ အမြောက် အပင့် အဆွယ်စကားတွေကို ကြားရသည့်အခါ စဉ်းစားသော ဆရာတော်များနှင့် လူကြီးလူကောင်းတို့ကား နားရှက် ကြ၏။ ထို့ကြောင့် အနာဂတ်ကာလ၌ ဤနည်းများကွယ်ပပါစေသတည်း။

**မြန်ကြွပုံနှင့် ကျောင်းတော်၌နေပုံ**

နေရာမှထ၍ ပြန်ကြွသည့်အခါ မနှေး မမြန် ကြွတော်မူ၏။ အရှင်ဂေါတမ၏ ကိုယ်၌ သင်္ကန်းသည် ဘေးမှ အထက်သို့လည်း မြင့်တက်မနေ။ ခြေမျက်စိတိုင်အောင် လျှောကျ၍ လည်း မနေ။ ရင်ဘတ်ပေါ်၌လည်းမနေ။ လက်ဝဲတစ်ဖက်ကိုဖော်ကာ ရင်တစ်ခြမ်း ပေါ်လည်းမနေ။ (ချွေးစိုနေသူကဲ့သို့) သင်္ကန်းသည် ကိုယ်၌ကပ်၍ ကျစ်ကျစ်ကလေးလည်း မဖြစ်။ ကိုယ်မှကွာ၍ ပွတတလည်း မဖြစ်ပါ။ ကိုယ်တော်မှ သင်္ကန်းကွာသွားအောင် လေလည်း မတိုက်နိုင်ပါ။ ကိုယ်၌မြူမှုန်လည်း မလူးပါ။ ကျောင်းရောက်သောအခါ ခင်းထားပြီးသောနေရာ၌ ထိုင်၍ ခြေဆေးတော်မူပါသည်။ ခြေဆေးရာ၌ ခြေကို အိုးခြမ်းစသည်ဖြင့် တိုက်၍ လှပအောင် ဆေးသည်မဟုတ်။ ခြေကို ခြေချင်းပွတ်၍သာ ဆေးတော်မူ၏။ ခြေဆေးပြီးနောက် တင်ပလ္လင်ဖွဲ့ခွေ၍ (ကမ္မဋ္ဌာန်းထိုင်သလို) ထိုင်နေပါသည်။ အရှင် ဂေါတမသည် မိမိ ဆင်းရဲအောင်လည်း အားမထုတ်၊ သူတစ်ပါး ဆင်းရဲအောင်လည်း အားမထုတ်ဘဲ မိမိ၏စီးပွား၊ သူတစ်ပါးတို့၏စီးပွား၊ လောက၏စီးပွားများကို စဉ်းစားကြံစည်လျက် နေဟန်တူပါသည်။

**ပရိသတ်၌ တရားဟောတော်မူပုံ**

ထို့နောက် ရောက်လာသော ပရိသတ်အား တရားဟော ပြန်ပါသည်။ ထိုသို့ ဟောရာ၌ "မဟာရာဇာကြီး၊ သူကြွယ်ကြီး၊ သူဌေးမင်း" စသည်ဖြင့် "ကြီး" ဟူသောစကားလုံးများကို အသုံးပြုကာ မြှောက်လည်း မမြှောက်ပါ။ "ဥပါသကာ၊ ကျောင်းလာတဲ့

http://www.dhammadownload.com



လမ်းကို မသိလို့လား၊ ဘာကြောင့်မလာဘဲ အကြာကြီးနေရသလဲ၊ ဦးပဥ္စင်း တွေက လုမှာစိုးလို့လား၊ မကြောက်ပါနဲ့၊ လုမယူပါဘူး" စသည်ဖြင့် ပြောဆိုကာ နှိပ်လည်းမနှိပ်ပါ။ တရားသဘော သက်သက်ဖြင့်သာ အားတက်ရွှင်လန်းလာအောင် ဟောပါသည်။ အသံတော်မှာ အလွန် သာယာ၍ ပရိသတ်များလျှင် များသလောက် ပရိသတ်၏အထက်မှာ ပျံ့ဝဲလျက်နေပါသည်။ ပရိသတ်၏ ပြင်ဘက်သို့ ပျံ့နှံ့၍ထွက်မသွားပါ။ တရားပြီးဆုံး၍ပြန်ကြသော ပရိသတ်သည် ဦးခေါင်းပေါ်၌ လက်အုပ်တင်ကာ အရှင်ဂေါတမကို ကြည့်၍ နောက်ဆုတ်သွားပြီးလျှင် မမြင်လောက်မှ ဦးချ၍ နာပြီးသောတရားတော်၏ ဂုဏ်ကျေးဇူးကို ပြောလျက် သွားကြပါသည်။

**ထိုနေရာကနေ၍ ဗုဒ္ဓကိုရှိခိုးပုံ**

ဤသို့ ဥတ္တရလုလင်သည် တွေ့ကြုံသမျှတို့ကို ထုတ်ဖော်ပြောပြီးလျှင် "အရှင် ဆရာကြီး၊ ထို အရှင်ဂေါတမသည် ကျွန်တော် ပြောပြခဲ့သော ဂုဏ်များသာမက ထို့ထက်များပြားသဖြင့် ပြော၍ မကုန်နိုင်အောင် ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံပါသည်"ဟု နိဂုံးအုပ်လိုက်သောအခါ ဗြဟ္မာယုပါမောက္ခကြီးသည်ထိုင်ရာမှထ၍အပေါ်ခြုံကိုလက်ကတော့တင်ကာ ဗုဒ္ဓရှင်တော်ရှိရာသို့ လက်အုပ်ချီပြီးလျှင် "နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ"ဟု သုံးကြိမ်ဥဒါန်းကျူး၍ "အရှင်ဂေါတမနှင့်ဘယ်တော့ တွေ့ဆုံရပါ့၊ ဘယ်တော့ စကားပြောရပါ့"ဟု တတွတ်တွတ် ပြောဆိုကာ ဗုဒ္ဓရှင်တော်မြတ်နှင့် တွေ့ရမည့် အချိန်အခါကိုသာ စောင့်မျှော်နေလေတော့သည်။

**ဗုဒ္ဓနှင့်တွေ့ပုံ**

ထိုသို့စောင့်မျှော်နေစဉ် ဗုဒ္ဓရှင်တော်မြတ် မိထိလာသို့ကြွရောက်တော်မူလာကြောင်းကို ကြားရ၍ လုလင်တစ်ယောက်ကို ခေါ်ပြီးလျှင် "အမောင်...သွားစမ်းချေ၊ အရှင်ဂေါတမရှိရာသို့ ချဉ်းကပ်၍ ငါ၏အမေးဖြင့် "ကျန်းမာ ချမ်း

http://www.dhammadownload.com



သာပါရဲ့လား”ဟု မေးချေ။ ထိုပြင် လျှောက်ထားရဦးမည်မှာ “အရှင်ဂေါတမ၊ ဗြဟ္မာယုပုဏ္ဏားကြီးသည် အသက် တစ်ရာ့နှစ်ဆယ် ကြီးရင့်ပါပြီ။ ဤမိထိလာမြို့၌ စည်းစိမ်အားဖြင့်လည်း အကြီးဆုံး။ ဝေဒမန္တန်အားဖြင့်လည်း အသာဆုံး ဖြစ်ပါသည်၊ ထိုဗြဟ္မာယု ပါမောက္ခကြီးသည် အရှင် ဂေါတမကို တွေ့လိုပါသည်”ဟု လျှောက်ပါလေ။ ဤသို့မှာထား စေလွှတ်၍ တွေ့ခွင့်တောင်းလေရာ ဗုဒ္ဓအထံတော်မှ တွေ့ခွင့်ရသဖြင့် ပါမောက္ခကြီးလည်း နောက်ပါ တပည့်များနှင့်အတူ ရောက်လာလေသည်။ ပါမောက္ခကြီး ရောက်လာသောအခါ အလျှင်ရောက်နှင့်နေသော ပရိသတ်ကြီးသည် နေရာမှထ,၍ နေရာဖယ်ပေးကြ၏။ ပါမောက္ခကြီးကား “မဖယ်ကြပါနှင့်၊ မဖယ်ကြပါနှင့်၊ ထိုင်မြဲထိုင်ကြပါ”ဟုပြောပြီး ဗုဒ္ဓအနီးသို့ရောက်၍ ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်စကား ပြောဆိုပြီးလျှင် ဗုဒ္ဓလက္ခဏာ တို့ကို ကြည့်ရှုပြန်ရာ လျှာတော်နှင့် အင်္ဂါဇာတ်တော်မှတစ်ပါး အလုံးစုံမြင်ရ၍ ထိုနှစ်ပါးကို ဗုဒ္ဓရှင်တော်က (ဥတ္တရလုလင်အား ပြသကဲ့သို့) ပြသဖြင့် ဗုဒ္ဓအစစ်ဖြစ်ကြောင်း လက္ခဏာမြင်ရုံမျှဖြင့် ဆုံးဖြတ်ချက်ချပြီးလျှင် ခက်ခဲသော ပြဿနာရှစ်ချက်ကို မေးလေသည်။

ထိုပြဿနာတို့ကို ဖြေပြီးသောအခါ နေရာမှထ၍ ဗုဒ္ဓ ရှင်တော်၏ ခြေတော်ကို ပါးစပ်ဖြင့်စုပ် လက်ဖြင့်လည်း အားရပါးရဆုပ်ကာ “ဗြဟ္မာယုဆိုတာ တပည့်တော်ပါပဲ၊ ဗြဟ္မာယုဆိုတာ တပည့်တော်ပါပဲ”ဟု လျှောက်လေသည်။ ထိုအခါပရိသတ် အားလုံးသည် “ဤမျှလောက်ထင်ရှားသော ပါမောက္ခကြီးသည်ပင် သို့ကလောက်ရိုသေလေးစားပါကလား”ဟု လှုပ်လှုပ်ရွရွနှင့် တအံ့တသြဖြစ်ကြလေသည်။ ထို့နောက် သစ္စာလေးပါးတရားတော်ကို ဆက်၍ဟောပြတော်မူသောအခါ အနာဂါမ်တိုင်အောင် တည်၍ ၇ ရက်လုံးလုံး ဆွမ်းကပ်ပြီးလျှင် မကြာခင်စုတေလေသည်။ ဤပါမောက္ခကြီး၏

http://www.dhammadownload.com



ဘုရားနှင့်တွေ့ပုံ တရားရပုံများကို ယခုခေတ်ပညာရှိတို့ အတုယူသင့်ကြ၏။ ဘုရားဟု နာမည် ကျော်ကြားတိုင်း မသွားသင့်ပုံကို အထူး အတုယူသင့်ပါသည်။]

## ဗုဒ္ဓရှင်တော်နှင့် ဥပါလိသူကြွယ်

**ဒီဃတပဿီနှင့် ဗုဒ္ဓတွေ့ပုံ** နာဠန္ဒာမြို့ဝယ် "ဥပါလိသူကြွယ်" ဆိုသူကား မူလကနိဂဏ္ဌနာဋပုတ္တ၏တပည့်ဖြစ်၍(သူ့ ဆရာတော်များ၏ လှည့်စားထားချက်အရ) ဗုဒ္ဓ အပေါ်မှာ အထင်သေးနေသော လူကုံထံ တစ်ယောက်ပေတည်း။ ထိုနာဋပုတ္တဆရာကြီးမှာ "ဒီဃတပဿီ" မည်သော လက်ထောက် ဆရာကြီး တစ်ယောက်လည်းရှိသေး၏။ နာဠန္ဒာမြို့၌ ထို ဆရာတပည့်တို့ နေကြရာ ဗုဒ္ဓရှင်တော်မြတ်လည်း အထည်ကုန်သည်တစ်ဦး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေခိုက်နှင့် ကြုံကြိုက်နေလေသည်။ အခါတစ်ပါး၌ ဒီဃတပဿီသည် ဆွမ်းခံအပြန်တွင် ဗုဒ္ဓအထံသို့ ဝင်လာ၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပြီးနောက် စကားပြောကြသည်မှာ–

**ဗုဒ္ဓ။** ။ ဒီဃတပဿီ၊ နိဂဏ္ဌနာဋပုတ္တဆရာသည် မကောင်းမှုဖြစ်ဖို့ရာ ကံအမျိုး ဘယ်လောက် ပညတ်ထားပါသလဲ။

**ဒီဃတပဿီ။** ။အရှင်ဂေါတမ၊နိဂဏ္ဌနာဋပုတ္တဆရာကြီးမှာ"ကံ–ကံ" လို့ ပညတ်ရိုးထုံးစံမရှိပါ။ "ဒဏ်=ဒဏ်"လို့သာ ပညတ်ရိုး ထုံးစံ ရှိပါတယ်။

**ဗုဒ္ဓ။** ။ (သူ့စကားအတိုင်းလိုက်၍) ဒဏ်အမျိုး ဘယ်လောက် ပညတ်ထားပါသလဲ။

**ဒီဃ။** ။ မကောင်းမှုဖြစ်ဖို့ရာ ကာယဒဏ်, ဝစီဒဏ်, မနောဒဏ်လို့ သုံးမျိုးပညတ်ထားပါတယ်။

http://www.dhammadownload.com



ဗုဒ္ဓ။ ။ ဒီသုံးမျိုးဟာ တစ်မျိုးနှင့်တစ်မျိုး မတူဘူး မဟုတ်လား။

ဒီဃ။ ။ မတူပါဘူး။

ဗုဒ္ဓ။ ။ အဲဒီသုံးမျိုးတွင် ဘယ်ဒဏ်ကို အပြစ်အကြီးဆုံးဟု ပညတ်သလဲ။

ဒီဃ။ ။ ကာယဒဏ်ကို အပြစ်အကြီးဆုံးဟု ပညတ်ပါတယ်။

ဗုဒ္ဓ။ ။ ကာယဒဏ်ကို အပြစ်အကြီးဆုံးဟု ဆိုသလား။

ဒီဃ။ ။ ကာယဒဏ်ကို အပြစ်အကြီးဆုံးဟု ဆိုပါတယ်။ [၃ ကြိမ်တိုင်အောင်မေး ၃ ကြိမ်ပင် ပြန်ပြောသည်။]

ဒီဃ။ ။ အရှင်ဂေါတမ၊ အရှင်ကတော့ မကောင်းမှု ဖြစ်ဖို့ရာ ဒဏ် ဘယ်နှစ်မျိုး ပညတ်ပါသလဲ။

ဗုဒ္ဓ။ ။ "ဒဏ်=ဒဏ်"ဟု ပညတ်ရိုးမရှိဘူး၊ "ကံ=ကံ"ဟုပညတ်ရိုးသာ ရှိတယ်။

ဒီဃ။ ။ ကံ ဘယ်နှစ်မျိုး ပညတ်ပါသလဲ။

ဗုဒ္ဓ။ ။ ကာယကံ, ဝစီကံ, မနောကံ (ကိုယ်မှု, နှုတ်မှု, စိတ်မှု)ဟု ကံ ၃ မျိုးပညတ်ပါတယ်။

ဒီဃ။ ။ ဘယ်ကံကို အပြစ်အကြီးဆုံးဟု ပညတ်ပါသလဲ။

ဗုဒ္ဓ။ ။ မနောကံကို အပြစ်အကြီးဆုံးဟု ပညတ်ပါတယ်။

ဒီဃ။ ။ မနောကံကို အပြစ်အကြီးဆုံးဟု ဆိုပါသလား။

ဗုဒ္ဓ။ ။ မနောကံကို အပြစ်အကြီးဆုံးဟု ဆိုလိုတယ်။ [၃ ကြိမ်မေး၍ ၃ ကြိမ် ပြန်ပြောသည်။] ဤမျှလောက်စကားကို ပြောပြီး၍ ဒီဃတပဿီလည်း ပြန်သွားလေတော့သည်။

**ဆရာကြီးက အတည်ပြုပုံ**

ဒီဃတပဿီပြန်လာချိန်ဝယ်နိဂဏ္ဌဆရာကြီးလည်း ဥပါလိသူကြွယ်အကြီးအမှူးရှိသောပရိသတ်ကြီး အလယ်မှာထိုင်နေခိုက်ဖြစ်၏။ ထိုအခါဆရာကြီးက ဒီဃတပဿီကို "နေ့လည်ကြောင်တောင်အချိန်မှာ ဘယ်က လာခဲ့သနည်း"ဟု မေးရာ "အရှင် ဂေါတမဆီက လာခဲ့ကြောင်း" အရှင်

http://www.dhammadownload.com



ဂေါတမနှင့် စကားပြောဆိုရာ "တပည့်တော်က ကာယဒဏ်သည် သာ၍ အပြစ်ကြီးကြောင်းပြောလျှင် ရှင်ဂေါတမက မနောဒဏ်သည် သာ၍ အပြစ်ကြီးကြောင်း ပြန်၍ ပြောပါသည်"ဟု သူ့ဆရာကြီးအား ပြောပြလေသော် ထိုအခါ ဆရာကြီးက "သာဓု-သာဓု- ဆရာ ကောင်းတပည့် ပီသစွာ ဖြေဆိုခဲ့ပါ ပေတယ်။ အင်မတန်ထင်ရှားတဲ့ ကာယဒဏ်နှင့် နှိုင်းစာလျှင် မနောဒဏ်ဟာ ဘာပြောပလောက်တော့ မှာလဲ။ မကောင်းမှု အကုသိုလ် ဖြစ်ဖို့ အရေးမှာ ကာယဒဏ် အပြစ် ကြီးသလောက် ဝစီ, မနောဒဏ်များ အပြစ်မကြီးနိုင်"ဟု(ထပ်မံ၍ ဒီဃတပဿီ အဖြေကို အတည်ပြုသောအားဖြင့်) ပရိသတ်အား ပြော ပြလေသည်။ [သူတို့ကား "သူ့အသက်သတ်ခြင်းဟူသော ပါဏာတိ ပါတသည် စိတ်ဖြင့် ကြံစည်ရုံ နှုတ်ဖြင့်ပြောနေရုံမျှဖြင့် အပြစ်မကြီး သေး၊ ကိုယ်ဖြင့် ထိထိရောက်ရောက်သတ်မှ အပြစ်ကြီးသည်"ဟုဆို လို သည်။ ထိုအချက်ကို ဗုဒ္ဓနှင့် ဥပါလိ အတွေ့မှာ ရှင်းလင်းစေ ပါလိမ့်မည်။]

**ဗုဒ္ဓကိုနှိမ်ရန်**
**ဥပါလိသူကြွယ်လာပုံ**

ဥပါလိသူကြွယ်လည်း ဒီဃတပဿီ၏ ပြောသော စကားကို အားရနှစ်သက်စွာ သာဓုခေါ်ပြီးလျှင် "ဗုဒ္ဓ၏အထံသို့ အပြစ်တင်ဖို့ရန် ယခုပင်သွားမည်။ ဒီဃတပဿီနှင့် အတည်ပြုခဲ့ သည့်အတိုင်း မနောဒဏ်ကိုသာ၍ အပြစ်ကြီးသည်ဟု အတည် ပြု ပြန်လျှင် သိုးကလေးကို အမွေးကိုင်ပြီး (ဟိုလိုဆွဲ သည်လိုဆွဲ) ဆွဲနေ သလို အရှင်ဂေါတမကို မိမိဝါဒဖြင့် ဆွဲဆွဲပြီး မွေ့လိုက်မည်"ဟု ပြောဆို ခွင့်တောင်းရာ နာဋပုတ္တဆရာကြီးက "သွားပါလေ၊ အပြစ် တင် ချေပါ"ဟုခွင့်ပြုသော်လည်း ဒီဃတပဿီကမူစဉ်းစားပြီးလျှင်-

"ကျုပ်တော့ ဥပါလိသွားမှာကို သဘောမတူဘူး။ ရဟန်း ဂေါတမဟာ သူတစ်ပါးကိုလှည့်ပတ်နိုင်တဲ့ မျက်လှည့်အတတ်ကို

http://www.dhammadownload.com



တတ်ထားတယ်။ အဲဒီအတတ်ဖြင့် အခြားသူတို့ရဲ့တပည့်များကို လှည့်ပတ်လေ့ရှိတယ်"ဟုကန့်ကွက်လေရာ နာဋပုတ္တဆရာကြီးကမူ "ဥပါလိသူကြွယ်က ရှင်ဂေါတမတပည့်ဖြစ်ဖို့ အကြောင်းမရှိနိုင်ပါ၊ ဖြစ်ချင်းဖြစ်လျှင် ရှင်ဂေါတမသာ ဥပါလိတပည့်ဖြစ်စရာရှိပါတယ်။ သွားသာ သွားပါ"ဟု ပြောဆိုလေသည်။ ထိုအခါ ဥပါလိသည် ဆရာကြီး၏စကားကို နားထောင်၍ ဆရာကြီးကိုဦးချပြီးလျှင် ဗုဒ္ဓ ရှင်တော် သီတင်းသုံးရာ သရက်ဥယျာဉ်သို့ သွားလေသည်။

**ဥပါလိ။** ။ (သင့်တော်သော နေရာ၌ ထိုင်ပြီးလျှင်) ဤ အရပ်သို့ ဒီဃတပဿီနိဂဏ္ဌ ရောက်လာပါရဲ့လား။

**ဗုဒ္ဓ။** ။ ရောက်လာပါရဲ့။

**ဥပါလိ။** ။ စကားစမြည် ပြောလိုက်ပါရဲ့လား။

**ဗုဒ္ဓ။** ။ ပြောလိုက်ပါရဲ့။

**ဥပါလိ။** ။ ဘာများပြောကြသလဲ။

**ဗုဒ္ဓ။** ။ (ဒီဃတပဿီနှင့်ပြောခဲ့သမျှစကားတို့ကိုပြန်၍)"ဒီဃတပဿီက ကာယဒဏ်ကို အပြစ်ကြီးသည်ဟုယူ၍ ငါဘုရားက မနောဒဏ်ကိုအပြစ်ကြီးသည်"ဟုယူကြောင်း မိန့်တော်မူသည်။

**ဥပါလိ။** ။ ဒီဃတပဿီသည် ဆရာကောင်းတပည့်ပီပီ ဖြေဆိုနိုင်ပါပေတယ်။ ကာယဒဏ်ကိုထောက်လျှင် မနောဒဏ်ဟာ ဘာ ပြောပလောက်မှာလဲ၊ ကာယဒဏ်သာ (ကိုယ်ဖြင့် ထိထိရောက်ရောက် ပြုခြင်းသာ) အပြစ်ကြီးတော့မပေါ့။

**ဗုဒ္ဓ။** ။ ဥပါလိ...မှန်တဲ့အချက်ပေါ်မှာအတည်ဖြစ်ဖို့ရာ ဆွေးနွေး ပြောဆိုမည်ဟု ကြံလျှင် ဤကာယနှင့်မနော ၂ မျိုးသော အရာဝယ် "ဘယ်ဟာက အပြစ်ကြီးသည်"ဟု စိစစ် နှီးနှော ပြောကြဖို့ပဲ။ (ဘာပဲပြောပြော ငါတို့အယူသာအမှန်ဖြစ်စေရမည်ဟုစကားနိုင်လုလိုလျှင် ပြောဆိုဆွေးနွေးဖို့မလိုတော့–ဟူလို။)

**ဥပါလိ။** ။ အမှန်ပေါ်တွင် အတည်ဖြစ်ဖို့ ဆွေးနွေးလိုပါတယ်။

http://www.dhammadownload.com



ဗုဒ္ဓ။ ။ [နိဂဏ္ဌတို့ ဝါဒဝယ် ရေအေး၌ အသက်ရှိသည်ဟု ယူဆ၍ ရေအေးကို သောက်ချိုး သုံးစွဲလေ့မရှိသည်ကို သိထားနင့်ပါ] ဥပါလိ..."နိဂဏ္ဌတစ်ယောက်မှာသည်းခြေရောဂါရောက်နေပြီ" ဆိုကြစို့။ ရေအေးကို မသောက်မချိုးရလျှင် သူ့မှာ ရောဂါတိုးတော့မည်။ စိတ်ကလည်း ရေအေးကို အလွန်တောင့်တ၏။ သို့သော် "ရေအေးကို လိုချင်သည်"ဟုပြောလျှင် ဝစီဒဏ် ထိုက်၍ ရေအေးကိုသောက်ချိုးလျှင် ကာယဒဏ်ထိုက်မည် စိုးသောကြောင့် အောင့်အည်း သည်းခံနေရရှာသည်။ (သူတို့ အလိုအားဖြင့် တောင့်တမှု မနောဒဏ် ကား ထိုက်နေလေပြီ။) သူသည် ရေအေးကိုမရသောကြောင့် ရောဂါတိုး၍သေရလျှင် "မည်သည့်ဘဝ ရောက်သည်"ဟု နိဂဏ္ဌဆရာတို့ အယူရှိကြသနည်း။

ဥပါလိ။ ။ သူသည် ရေအေးအပေါ်၌ စိတ်စွဲလမ်း၍ သေရသောကြောင့် "မနောသတ္တ"အမည်ရသော နတ်ဖြစ်သည်ဟု ပညတ် ကြပါသည်။ [မနော=စိတ်+သတ္တ=ငြိကပ်သူ။]

ဗုဒ္ဓ။ ။ ဥပါလိ... သတိထားပြီး ဖြေပါ။ သင့်အဖြေဟာ ရှေ့နောက် အမြီးအမောက် မတဲ့ဘူး။[ "မနောဒဏ်ထက် ကာယဒဏ် ထက်သည်"ဟု ဆိုခဲ့ပါလျက် စောင့်စည်းထားသော ကာယဒဏ်ရဲ့ အကျိုးကို မခံစားရဘဲ ပျက်စီးသောမနောဒဏ်ကပင် နတ် ဖြစ်အောင် အကျိုးပေးသေးသည်ဟု ဆိုသောကြောင့် "ရှေ့နောက် မညီ"ဟု မိန့်တော်မူလိုသည်။]

ဥပါလိ။ ။ [ ထိုသို့ မိန့်တော်မူလျှင်ပင် နဂိုပညာခံ မနည်းသော ဥပါလိသူကြွယ်သည်(မိန်းမောတွေဝေနေသူတို့ကိုယ်လက်မလှုပ်၊ နှုတ်လည်းမမြွက်ဘဲစိတ်ရှိနေသေးသည့်အတွက်ကြောင့်သာအသက်ရှင်နေပုံကိုသတိရကာ)မနောသည်သာ ကာယ,ဝစီတို့ထက်သာ၍ သတ္တိထက်ကြောင်း သဘောပေါက်လာသည်။ သို့သော်ဗုဒ္ဓ၏ဆန်းကြယ်သောပြဿနာတို့ကိုကြားလိုသေးသဖြင့်]

http://www.dhammadownload.com



အရှင်ဘုရားက ဤသို့ပြောသော်လည်း ကာယဒဏ်သာပို၍ သတ္တိ ထက်ပါတယ်။

ဗုဒ္ဓ။ ။ နိဂဏ္ဌနာဋပုတ္တဆရာသည် "သွားရင်း လာရင်း နင်းမိသော ကြောင့် ပိုးကောင်ကလေးတွေ သေလျှင် နင်းသူမှာ ဘယ်လို အပြစ်ရှိသည်"ဟု ပညတ်သလဲ။

ဥပါလိ။ ။ သေစေလိုသော စေတနာ မပါသောကြောင့် အပြစ်ကြီးသည်ဟု မပညတ်ပါ။

ဗုဒ္ဓ။ ။ သေစေလိုသောစေတနာပါလာလျှင် ဘယ်လို ပညတ်သလဲ။

ဥပါလိ။ ။ စေတနာပါလာလျှင် အပြစ်ကြီးသည်ဟု ပညတ်ပါတယ်။

ဗုဒ္ဓ။ ။ စေတနာကို ( ကာယ, ဝစီ, မနော ၃ မျိုးတွင်) ဘယ်ထဲ သွင်းသလဲ။

ဥပါလိ။ ။ မနောဒဏ်ထဲသွင်းပါတယ်။

ဗုဒ္ဓ။ ။ ဥပါလိ... သတိထားပြီးဖြေပါ။ သင့်စကားသည် ရှေ့ နောက် မညီဘူး။ ["မနောထက် ကာယက သတ္တိထက်သည်"ဟု ဆိုပါလျက် "မနော မပါသောအခါ ကာယဖြင့် နင်းမိ၍ သေသော်လည်း နင်းသူမှာ အပြစ်မရှိ၊ မနောပါမှ အပြစ်ရှိသည်"ဟုဆို ပြန်သဖြင့် မနောသာလျှင် သတ္တိထက်ကြောင်း၊ ဤ ရုပ်ကာယ ကြီးမှာ သူချည်းသက်သက်သတ္တိမရှိကြောင်းကိုဝန်ခံရာရောက် နေသဖြင့် ရှေ့နောက်မညီဟု မိန့်တော်မူလိုသည်။]

ဥပါလိ။ ။ ဥပါလိသူကြွယ်လည်း ပြောရင်းပင် ငါတို့ ဆရာကြီးသည် "စေတနာမပါသော ကံကို အပြစ်မရှိ၊ စေတနာပါသော ကံကို အပြစ်ကြီး၏"ဟု ပညတ်ပြီးလျှင် စေတနာကို မနောဒဏ်၌ ထည့်သွင်းထား၏။ "ငါတို့ဆရာကြီးရဲ့စကားသည် ရှေ့နောက် မညီဘဲ ဗုဒ္ဓ၏စကားကသာ ရှေ့နောက်ညီနေပါတကား" ဟု သဘောပေါက်လာသည်။ သို့ရာတွင် ဗုဒ္ဓ၏ ဆန်းကြယ်သော စကားကို နာခံလိုသေး၍ကာယဒဏ်သည်သာလျှင်သာ၍အပြစ် ကြီးကြောင်း၊ သတ္တိထက်ကြောင်းကို လျှောက်ပြန်လေသည်။

http://www.dhammadownload.com



ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် တန်ခိုးဣဒ္ဓိပါဒ်ရှိသူတို့၏စိတ်အစွမ်းများကို မိန့်တော်မူလေရာ ဥပါလိလည်း ထိုစိတ်၏ အစွမ်းများကို ဝန်ခံပြီးလျှင် ဗုဒ္ဓ၏အယူဝါဒကို အားရနှစ်သက်လှသဖြင့် "တပည့်တော်သည် ဘုရား, တရား, သံဃာကို ကိုးကွယ် ဆည်းကပ်ပါ၏။ ယနေ့မှစ၍ အသက်ကိုအပ်လျက် ဆည်းကပ်ကိုးကွယ်သော ဥပါသကာဟု မှတ်တော်မူပါရန်" လျှောက်လေသည်။

**ဗုဒ္ဓ။** ။ ဥပါလိ... သင်တို့လို ထင်ရှားသော လူကြီး လူကောင်းဆိုတာ စိစိ စစ်စစ် နှိုင်းနှိုင်းချိန်ချိန် ပြုသင့်တယ်။ "ဥပါလိဆိုတဲ့ သူကြွယ်ဟာ တွေ့ရာကြုံရာ ကိုးကွယ်ဆည်းကပ်လေ့ ရှိတာပဲ"ဟု ပြောစရာ ဖြစ်တတ်တယ်။

**ဥပါလိ။** ။ ဒီလိုသတိပေးတော်မူသည့်အတွက်ကြောင့် ရှင်တော် ဘုရားကို သာ၍ အားရပါတယ်ဘုရား။ အခြားဆရာကြီးတွေကားတပည့်တော်လို ဒကာတစ်ယောက်ရတယ်ဆိုလျှင် နာဠန္ဒာတစ်မြို့လုံး အလံစိုက်၍ ကြွေးကြော်လေ့ ရှိကြပါတယ်။ ရှင်တော် မြတ်ဘုရားကတော့ စဉ်းစဉ်းစားစားနှင့် ပြုဖို့ရန်ပင် သတိပေးတော်မူပါသေးတယ်။ တပည့်တော်ကိုနှစ်ကြိမ်မြောက်ဘုရား,တရား, သံဃာကို ဆည်းကပ်သူ"ဟူ၍ မှတ်တော်မူပါ။

**ဗုဒ္ဓ။** ။ ဥပါလိ... သင်၏အိမ်သည် နိဂဏ္ဌတို့ အမြဲ ဝင်ရောက် စားသောက်နိုင်သော ရေတွင်းလို ဖြစ်နေခဲ့တယ်။ ထို့ကြောင့် ဗုဒ္ဓ, ဓမ္မ, သံဃာကို ဆည်းကပ်ကိုးကွယ်သော်လည်း နိဂဏ္ဌတို့ လာလျှင် ပေးလှူထိုက်သည်ဟု မှတ်ထားသင့်တယ်။

**ဥပါလိ။** ။ ဒီစကားကိုကြားရသဖြင့် သာလွန်၍အားရပါတယ်။ "ငါ့သာ လှူထိုက်တယ်။ အခြားသူကို မလှူထိုက်။ ငါ၏ သာဝကတို့ကိုသာ လှူထိုက်တယ်။ အခြားသာဝကတို့ကို မလှူထိုက်။ ငါနှင့်ငါ၏သာဝကကိုလှူမှ အကျိုးကြီးတယ်။ အခြားသူများ လှူ လို့ အကျိုးမကြီးဘူး"ဟု မြတ်စွာဘုရားဟောလေ့ရှိကြောင်း ကြားဖူးရပါတယ်။ ယခုတော့ နိဂဏ္ဌတို့ကိုလှူဖို့ရန်ပင် အမိန့်ရှိ

http://www.dhammadownload.com



နေပြန်ပါသေးတယ်၊ ဤစကားကို ကြားရသဖြင့် သာ၍ အားရနှစ်သက်ပါသောကြောင့် ၃ ကြိမ် မြောက် ဆည်းကပ် ကိုးကွယ်ပါသည်။

**သောတာပန် ဖြစ်ပုံ**

ထို့နောက် ဗုဒ္ဓသည် ဒါန, သီလ, နတ်ပြည်၏ အကြောင်းတို့ဖြင့် လောကီအာရုံ ကာမဂုဏ် စည်းစိမ် ချမ်းသာတို့ကိုပြပြီး၍ ထိုစည်းစိမ်တို့၏ အပြစ်ကိုလည်းကောင်း၊ကာမဂုဏ်မှခွာနိုင်လျှင်ရနိုင်သည့်အကျိုး အာနိသင်ကိုလည်းကောင်း ပြတော်မူရာ ဥပါလိ၏စိတ်သည် ကာမ ဂုဏ်၌ အပြစ်မြင်ကာ လွန်စွာနူးညံ့နေစဉ် သစ္စာလေးပါးတရားကို ဟောပြတော်မူလေသော် ထိုနေရာ၌ပင် သောတာပန်ဖြစ်လေသည်။ ထို့နောက် ဗုဒ္ဓကိုဝပ်ချ၍ အိမ်သို့ ပြန်ရောက်သောအခါ သူ၏တံခါး မှူးကို အမိန့်ပေးသည်မှာ–

အချင်းတံခါးမှူး...ယနေ့ကစ၍ နိဂဏ္ဌ ယောက်ျား မိန်းမ တို့အတွက် အိမ်တံခါးကိုပိတ်၍ ဗုဒ္ဓနှင့်တပည့်"ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ"တို့အတွက် တံခါးကိုဖွင့်လိုက်ပြီ။ အကယ် ၍ နိဂဏ္ဌတစ်ယောက်တလေလာလျှင် "ဒီမှာရပ်ပါ၊ မဝင်ခဲ့ပါနှင့်၊ ဆွမ်းအလိုရှိလျှင် ဆွမ်းယူခဲ့ပါလိမ့်မည်"ဟုပြောဖို့ရန် အမိန့်ပေးလေ သည်။

**ဒီဃတပဿီ လိုက်လာပုံ**

ဒီဃတပဿီသည်နိဂဏ္ဌဆရာကြီး၏လက်ထောက် ဖြစ်သော်လည်း ဆရာကြီးထက် အကင်းပါးသူ ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓ အထံသို့ ဥပါလိ သွား မည်ဟု ဆိုကတည်းကပင် သဘောမတူခဲ့။ သူ၏တွေးဆချက်မှာ ရဟန်းဂေါတမသည် ရုပ်ရည်လှပ၍ ကြည့်ရှုဖွယ်ကောင်း၏။ တရား စကားလည်း ကောင်း၏။ ဥပါလိသည် မြင်ရုံဖြင့်ပင် ကြည်ညိုပေ လိမ့်မည်။ စကားကို ကြားရလျှင်လည်း ကြည်ညိုပေလိမ့်မည်။

http://www.dhammadownload.com



ရဟန်းဂေါတမကို ဆည်းကပ်ချင်လျှင်လည်း ဆည်းကပ်ပေလိမ့်မည်။ ဤသို့တွေးဆကာ စိတ်တထင့်ထင့်နှင့် သတင်းကိုသာ နားထောင်နေသောကြောင့် "ဥပါလိသည် ရဟန်းဂေါတမ၏ သာဝကဖြစ်သွားပြီတဲ့" ဟူသောစကားကို ပထမဆုံးကြားရလေသည်။ ထိုသို့ကြားလျှင်ကြားချင်း ဆရာကြီးထံသွား၍ ထိုအကြောင်းကို ပြောပြလေရာ ဆရာကြီးက "ဥပါလိသည် ရှင်ဂေါတမ၏သာဝကဖြစ်ဖို့ရန် အကြောင်း မရှိပါဘူး။ ဖြစ်ချင်းဖြစ်လျှင် ရှင်ဂေါတမသာ ဥပါလိ၏ သာဝကဖြစ်ဖို့ အကြောင်းရှိပါတယ်"ဟု အတင်းငြင်းနေပြန်သဖြင့် "ကိုင်း–ဒါဖြင့် ဟုတ်–မဟုတ် သိရအောင် ယခုပဲသွားပါမည်"ဟု ပြောဆိုကာ ဥပါလိအိမ်သို့အလာတွင် တံခါးမှူးက ဝင်ခွင့်မပေးသောကြောင့် ထိုနေရာမှပြန်လှည့်ကာ ဆရာကြီးထံသို့ လာ၍ အမှန်ပင် ရဟန်းဂေါတမ၏ တပည့်ဖြစ်သွားကြောင်းနှင့်တကွ "တပည့်တော် ဒီလိုဖြစ်လိမ့်မည်ဆိုတာ ကြိုတင်၍ မြင်သောကြောင့် ရဟန်းဂေါတမထံ ဥပါလိသွားဖို့ရန် သဘောမတူခဲ့ပါ၊ယခုတော့ကိုယ်တော်ရဲ့ ဥပါလိသူကြွယ်ကို ရဟန်းဂေါတမက မျက်လှည့်ဖြင့် လှည့်ပတ်လိုက်ပေါ့ဘုရား"ဟု ဝမ်းနည်းပန်းနည်း ပြောပြရှာလေသည်။

**ဆရာကြီးကိုယ်တိုင် လိုက်လာပုံ**

ဥပါလိသူကြွယ် ဆိုသူကား နိဂဏ္ဍာတို့၏ ပဓာနလက်သုံး မျက်နှာဖုံး ဗန်းပြ (ဒီလိုပညာရှိ သူဌေးကြီးကတောင် ငါတို့ကို ကိုးကွယ်နေရတာပဲဟု ညွှန်ပြရသော)သာဝကဖြစ်ခဲ့သူတည်း။ ထို့ကြောင့် ဥပါလိကိစ္စအတွက် ဆရာကြီးကိုယ်ကိုင် မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်ကာ ဥပါလိအိမ်သို့ နိဂဏ္ဍာပရိသတ်များစွာခြံရံလျက် ကိုယ်တိုင် ထွက်လာလေသော် တံခါးမှူးက တားပြန်သဖြင့် "ငါတို့ လာတဲ့အကြောင်းကို ဥပါလိအားပြောပေးပါ"ဟု တံခါးမှူးကို တောင်းပန်လေသည်။ တံခါးမှူးလည်း ဥပါလိထံ သွား၍

http://www.dhammadownload.com



ပရိသတ်များစွာနှင့်တကွ နိဂဏ္ဌဆရာကြီးတံခါးပေါက်၌ ရောက်နေကြောင်းကို ပြောပြလေရာ အလယ်တံခါးမုခ်၌ (တံခါးပေါင်း ၇ ထပ်ရှိသည့်အနက် အလယ်တံခါး၏ ဆင်ဝင်၌) နေရာ ခင်းထားလိုက်ဟု အမိန့်ပေးပြီးလျှင် ဥပါလိလာ၍ အကောင်းဆုံး နေရာဝယ် ထိုင်နေပြီးမှ နိဂဏ္ဌတို့ကိုဝင်ခဲ့ဖို့ရန် အကြောင်းကြားစေလေသည်။

ထို့နောက် နိဂဏ္ဌပရိသတ်ကြီးနှင့်အတူ ဆရာကြီး ဝင်လာရာ(ရှေးအခါကဆိုလျှင် နိဂဏ္ဌဆရာကြီးလာသောအခါ မိမိတိုက်၌ အကောင်းဆုံးနေရာကို မိမိအပေါ်ခြုံဖြင့် ထပ်၍ ဖုံခါသလို ခါလိုက်သေး၏။ ထို့နောက်မှ ဆရာကြီးကို သူကိုယ်တိုင် သူ့ခြုံထည်ဖြင့် ပွေ့ဖက်ဖေးမပြီးမှ ထိုနေရာ၌ထိုင်စေလေသည်။ ယခုသော်ကား မိမိကိုယ်တိုင်က နေရာမှမထဘဲ) "အရှင်ဘုရားတို့ ... နေရာတွေ အများကြီးရှိပါတယ်၊ ထိုင်လိုလျှင် ထိုင်ကြပါ"ဟု ပြောလေသည်။

ဆရာကြီး။ ။ ထိုစကားကိုကြားလျှင် ဆရာကြီးလည်း ထိုင်မှု မထိုင်နိုင်တော့ပဲ "သူကြွယ်... သင်ရူးလာသလား။ ထိုင်းမှိုင်းလာသလား။ ရဟန်းဂေါတမအပေါ် အပြစ်တင်လိုက်မည်"ဟု ကြုံးဝါးသွားပါလျက် ယခုတော့ များစွာသော ဆန့်ကျင်ဘက် ဝါဒအပေါင်းကို ဦးခေါင်းပေါ်စွပ်ပြီး ပြန်လာခဲ့သလား။ သင့်ကို မာယာမျက်လှည့်ဖြင့် လှည့်ပတ်လိုက်ပြီလား။

ဥပါလိ။ ။ မိမိရထားသော သောတာပတ္တိမဂ်ဉာဏ်ကို ရည်ရွယ်၍ အရှင်ဘုရား–ဗုဒ္ဓရဲ့မျက်လှည့်မာယာသည် အလွန်ကောင်းပါပေတယ်။ ဒီမျက်လှည့်မျိုးဖြင့်တပည့်တော်၏ချစ်သူတွေကို လှည့်ပတ်မည်ဆိုလျှင်ထိုချစ်သူများလည်းစီးပွားချမ်းသာကြာမြင့်စွာ ဖြစ်ကြဖို့ပါပဲ။ မင်း ပုဏ္ဏား သူဌေး သူကြွယ် ကုန်သည် ဆင်းရဲသားစုကို လှည့်ပတ်လျှင်လည်း ထိုသူတို့အားလုံး ချမ်းသာဖို့ပါပဲ။

http://www.dhammadownload.com



တပည့်တော် ဥပမာတစ်ခုပြပါရစေ။

ပညာရှိပုဂ္ဂိုလ်များဟာ ဥပမာစကားဖြင့်လည်း နားလည်နိုင်ကြပါတယ်။ (ဤသို့ပြော၍ ရတနာ့ဂုဏ်ရည်၌ ရေးခဲ့ဖူးသော မျောက် ပင်းမင်းပေးပုံကို ဥပမာပြ သည်။) ထိုဥပမာကိုပြ၍ မျောက်ကလေးသည် အလှဆေးဆိုးသာ ခံနိုင်၍ ဖွပ်လျှော်ဖို့ရန် အထုအရိုက်အနင်းအနယ် မခံနိုင်သကဲ့သို့ နိဂဏ္ဌတို့၏ဝါဒသည် အပေါ်ရံ ဗန်းပြအလှဆေးရောင်တင်ဖို့လောက်သာ ကောင်း၍ ဉာဏ်ဖြင့် ရှူးရှူး စိုက်စိုက် ကြိတ်ကြိတ်နယ်နယ် စဉ်းစားခြင်းကို မခံနိုင်ပါ။ ဗုဒ္ဓ၏ဝါဒကား ထိုအားလုံးကို ခံနိုင်ပါတယ် ဟုပြန်ပြောလေသည်။

ဆရာကြီး။ ။ဥပါလိ... သင့်ကို မင်းနှင့်တကွ ပရိသတ်က နိဂဏ္ဌ၏တပည့်ဟု အသိအမှတ်ပြုနေကြတယ်။ ယခု ဘယ်သူ့တပည့်ဟု မှတ်ရမှာလဲ။

ဥပါလိ။ ။နေရာမှထပြီးလျှင် ဗုဒ္ဓဘက်သို့လက်အုပ်ချီ၍ "ဘယ်သူ့တပည့်ဆိုတာ သိချင်လျှင် နားထောင်ပါ"ဟုပြော၍ ဗုဒ္ဓ၏ဂုဏ်တော်တို့ကို ဆယ်ဂါထာလောက် ထုတ်ဖော်ရွတ်ပြကာ ထိုဗုဒ္ဓ၏ တပည့်သာဝကဖြစ်ပါကြောင်း ပြောပြလေသည်။

ဆရာကြီး။ ။ယခုမှတပည့်ဖြစ်လာတယ်၊ အရှင်ဂေါတမ၏ဂုဏ်တော်တွေကို ဘယ်တုန်းက ဂါထာစီကုံးထားသလဲ။

ဥပါလိ။ ။အရှင်ဘုရား ... ပန်းအမျိုးမျိုးပုံထားတဲ့ ပန်းပုံကြီးကို တွေ့ရသောအခါ အဆင်သင့် ကောက်ယူကာ ဆန်းကြယ်သော ပန်းကုံးဖြစ်အောင် ကုံးလိုက်ရုံသာ ဖြစ်သကဲ့သို့ ဗုဒ္ဓမြတ်စွာ၌ ဂုဏ်တော်တွေ တစ်ပုံကြီးရှိနေမှတော့ ထိုဂုဏ်တော်များကို ကောက်ကာ ငင်ကာ ဂါထာစီကုံးလိုက်ရုံပါပဲ။ ဂုဏ်တော်ပန်းတွေကို ရှာဖွေနေဖို့ မလိုပါဘူး။

http://www.dhammadownload.com



**ဆရာကြီး ဖြစ်ပုံ**

ဆရာကြီးသည် ထိုသို့ဥပါလိ၏ ဗုဒ္ဓအပေါ်၌ ရှိသေ လေးစားသွားခြင်းကို မခံချင်လှသော ဒေါသ စိတ်၊ ဥပါလိအိမ်သို့ ၅၀-၆၀ အခြံအရံဖြင့် ဝင်ရောက်စားသောက်နေကျ ဖြစ်သော်လည်း နက်ဖြန်ကစ၍ မစားရတော့ဘဲ မိမိ၏ ထမင်းအိုးကြီး ကွဲရ၍ ဝမ်းနည်းလှသော သောကစိတ်တို့ဖြင့် အတွင်း၌ ပူလောင်ကာ စိတ္တဇအပူဓာတ်သည် နှလုံးကို ဟပ်တော့၏။ ထို့ကြောင့် နှလုံးသွေးကြေမွလျက် အထက်သို့ လေပူ ပင့်ကာ သွေးအန်၍ လဲရာလေသည်။ ထို့နောက် အတော်ကြာလျှင် ထိုရောဂါဖြင့် ဆုံးရှာလေတော့သည်။

**မှတ်ချက်။** ။ ဤဝတ္ထု၌ မှတ်သားဖွယ် အချက်တွေ များလှ၏။ မိမိက ပြည့်စုံသော ဆရာသမား မဟုတ်သူသည် မိမိ၏ ဒကာ ဒကာမများကို ပြည့်စုံသောဆရာသမားတို့နှင့် တွေ့မည်ကို ကြိုတင်၍ စိုးရိမ်နေတတ်၏။ အကယ်၍ မိမိဒကာဒကာမတို့သည် ကိုယ့်ထက် သာသော ဆရာသမားကို ကိုးကွယ်သွားကြလျှင် နိဂဏ္ဌဆရာကြီးကဲ့သို့ ဖြစ်တတ်၏။ ထိုသို့မဖြစ်ရအောင် ဆရာလုပ်သူတိုင်း အပြောင်းအလဲ ဖြစ်နိုင်သော ဒကာဒကာမထက် မိမိကိုယ်ကိုသာ အားကိုးသင့်ကြပါသည်။

## ဗုဒ္ဓရှင်တော်နှင့် ဝစ္ဆဂေါတ္တပုဏ္ဏား

**ဝစ္ဆဂေါတ္တ၏ ဗုဒ္ဓအပေါ် ထင်မြင်ချက်**

ဗုဒ္ဓသည် ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူသောအခါ ဗြာဟ္မဏ ရွာတစ်ရွာသို့ ရောက်တော်မူလေရာ ထိုရွာနှင့် မလှမ်း မကမ်း တောအုပ်တစ်ခုမှာ သီတင်းသုံးတော်မူသည်။ ထိုအခါ ဗုဒ္ဓ၏ဂုဏ်သတင်းကိုကြားဖူး၍ ဗုဒ္ဓအထံသို့ ဖူးမြော် လာကြသော ဗြာဟ္မဏ(ပုဏ္ဏား) လူမျိုးတို့တွင် ဝစ္ဆဂေါတ္တပုဏ္ဏား လည်း ပါဝင်၏။ ထိုသူကား ကောင်းမွန်သားနားသော အိပ်ရာနေရာကို လွန်စွာနှစ်သက်သူတည်း။ ထို့ကြောင့် ဗုဒ္ဓအထံတော်သို့ရောက်၍

http://www.dhammadownload.com



ဗုဒ္ဓရှင်တော်၏ ရုပ်အဆင်းကို ခြေဆုံးခေါင်းဆုံးကြည့်ကာ လွန်စွာ ကြည်လင်သော ဣန္ဒြေများနှင့် အသားအရေများကို မြင်ရသဖြင့် "အင်း- သားနားသော အိပ်ရာနေရာများ၌ အိပ်ရနေရလို့သာ ယခု လောက် ကြည်လင် သန့်ရှင်းတာဖြစ်မှာပဲ"ဟု ထင်မြင်ချက်ပြုကာ "အရှင်ဂေါတမ၏ ဣန္ဒြေများ အလွန်ကြည်လင်ပါပေတယ်။ အရေ အဆင်းလည်း ဇမ္ဗူရာဇ်ရွှေအဆင်းကဲ့သို့ အလွန်သန့်ရှင်းပါပေတယ်။ ဥစ္စာသယန မဟာသယန (မြင့်သော သားနားသော အိပ်ရာနေရာ များ) လိုသလောက် အခါမရွေး ရ,နေဟန်တူပါတယ်"ဟု လျှောက် လေသည်။

**ဗုဒ္ဓအမြဲရနေသော အိပ်ရာနေရာ**

ထိုအခါ ဗုဒ္ဓသည် ဝစ္ဆဂေါတ္တ ပြောဆိုလိုသော သားနားသော အိပ်ရာကို "ရဖို့လည်း မလွယ်၊ ရပြန်လျှင်လည်း မသုံးဆောင်အပ်"ဟု မိန့်တော် မူပြီးလျှင် ကိုယ်တော်၏ အလိုရှိတိုင်း အလွယ်တကူ ရနိုင်သော အိပ်ရာနေရာ သုံးမျိုးရှိကြောင်းကို မိန့်တော်မူသည်။ ချဲ့ဦးအံ့။ ဗုဒ္ဓ သည် ဂန္ဓကုဋီတိုက်တော် စသော အမြဲကျောင်းတော်မရှိရာ မြို့,ရွာ, နိဂုံးသို့ ရောက်တော်မူသောအခါ ဆွမ်းခံဝင်တော်မူ၍ ဆွမ်းဘုဉ်းပေး ပြီးနောက် ဆိတ်ငြိမ်သော တောသို့ ကြွတော်မူလေ့ရှိ၏။ ထိုတော၌ သစ်ရွက်များကို စုတော်မူပြီးလျှင် တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူ၍ ဈာန်ဝင်စားတော်မူလေ့ရှိ၏။ ထိုသို့ ဈာန်ဝင်စားလျက် စင်္ကြံလည်း ကြွတော်မူ၏။ ရပ်လည်း ရပ်တော်မူ၏၊ ထိုင်လည်း ထိုင်တော်မူ၏။ လျောင်းလည်း လျောင်းတော်မူ၏။ ဤသို့ ဝင်စားအပ်သော ဈာန် သမာပတ်သည် ဗုဒ္ဓရှင်တော်၏ မြင့်မြတ်သောနေရာ (ဥစ္စာ သယန မဟာသယန)တစ်မျိုးပေတည်း။ ထို ဥစ္စာသယန မဟာသယနမျိုး ကား အလိုရှိတိုင်းရနိုင်ပါသည်။ ထို့နောက် ထိုနေရာမျိုး၌ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဘာဝနာပွား၍ နေတော်မူခြင်း၊ ဖလ

http://www.dhammadownload.com



သမာပတ်ဝင်စား၍ နေတော်မူခြင်းဟု အခြား ဥစ္စာသယန မဟာသယန ၂ မျိုးကိုလည်း ပြတော်မူသည်။]

**မှတ်ချက်။** ။ ဤသုတ္တန်ဖြင့် ပြလိုရင်းကား ဗုဒ္ဓရှင်တော်မြတ်သည် အမြဲမပြတ် ဂန္ဓကုဋိတိုက်ကဲ့သို့သော စံကျောင်းတော်မှာ ချည်းသီတင်းသုံးတော်မူလေ့ရှိသည်မဟုတ်ပါ။ ရောက်လေရာအရပ်၌ ဆွမ်းခံကြွတော်မူကာ(ကျောင်း အဆင်သင့် မရှိရာဝယ်) တောထဲမှာ သီတင်းသုံးတော်မူကြောင်း၊ ထိုသို့ သီတင်းသုံးတော်မူရာ၌ ခမ်းနားသိုက်မြိုက်စွာတည်းခိုကျောင်းကို ဆောက်လုပ်စေတော်မမူဘဲ မြက်သစ်ရွက်တို့ကို ခင်း၍ နေလေ့ရှိတော်မူကြောင်း ပြလိုရင်း ဖြစ်သည်။ သို့သော် ဤသို့ သီတင်းသုံးတော်မူခြင်းကား ရက်ရှည် လများ နေရာ အရပ်မျိုး ဟုတ်ဟန်မတူ။ တစ်နေ့တစ်ရက်ဆိုသလို ခေတ္တခဏ အရပ်မျိုး ဖြစ်ဟန်တူပါသည်။

## ဗုဒ္ဓနှင့် ဆရာအပရိုမိုင်

**တိတ္တိတို့အကြံ** ဗုဒ္ဓသည် များသောအားဖြင့် အေးအေးသက်သာနာခံသာအောင်တရားဓမ္မဟောလေ့ရှိသော်လည်း တစ်ရံတစ်ခါသော် တိတ္တိတို့၏ရောင့်တက်မှုကြောင့် "သီဟနာဒ"ခေါ်ခြင်္သေ့ဟောက်သကဲ့သို့ ရဲရဲတောက် မိန့်တော်မူရသေး၏။ သူပေးလူပေး သူများကျွေးမှ စားသောက်ရသောဘဝ၌ ရောက်ရှိနေသူတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကို မှန်းမျှော်၍ အထက်တန်းစိတ် မထားနိုင်သမျှ မိမိဝမ်းရေးကို တွေး၍ ပူပန်တတ်ကြလေသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော် ထွန်းပေါ်တော်မူသောအခါ သူတို့ထက် သာလွန်နေသော ဗုဒ္ဓရှင်တော်ကို ကြည့်၍ တိတ္ထိတို့တစ်တွေ ဣဿာ မစ္ဆရိယ (မနာလိုမှု ငြူစူမှု ဝန်တိုမှု) ဖြစ်နေကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။

ထို့ကြောင့် အခါတစ်ပါး၌ တိတ္ထိအချို့ စုရုံးတိုင်ပင်ကြသည်ကား– ရှင်ဂေါတမ ပေါ်လာသည်ကစ၍ ငါတို့မှာလာဘ်လာဘ

http://www.dhammadownload.com



လျှော့ပါးလာခဲ့ကြသည်။ "ဘာ့ကြောင့် ရှင်ဂေါတမကို ကြည်ညိုတဲ့ သူတွေများသလဲ" ဆိုတာကို စဉ်းစားကြဖို့ လိုတယ်။ ဤသို့ တိုင်ပင်၍ အမျိုးမျိုးစဉ်းစားကြရာဝယ် ပရိဗိုဇ်တစ်ယောက်၏ အများ အတည် ပြုလောက်သော စဉ်းစားချက်မှာ ဤသို့တည်း–

တပည့်တော်တော့ တခြားအကြောင်းများကိုမမြင်ဘူး၊ ရဟန်း ဂေါတမ၏သာဝက ရဟန်းတွေဟာ ဆယ့်ငါးရက် တစ်ကြိမ်ကျ တံခါး ပိတ်၍ သာမဏေများသော်မှ ဝင်ခွင့်မပေးဘဲ စည်းဝေးကြတယ်။ ထိုအစည်းအဝေးကို သူတို့ရဲ့ အသက်လောက်အားကိုးရတဲ့ ဒကာများ ကိုတောင်မှ မြင်ခွင့်မပေးကြဘူး။ သူတို့သည် ထိုအချိန်မှာ အာဝဋ္ဋနီ မာယာ(သူတစ်ပါးတို့ကို လှည့်စားနိုင်သော ပညာတစ်မျိုး) ကို ဂါထာ မန္တန်မန်းမှုတ်သလိုသွင်း၍ လူတို့ကို လှည့်ပတ်နိုင်သော တန်ခိုးကိုရ ကြလိမ့်မယ်။ ထိုအတတ်ပညာဖြင့် လှည့်ပတ်၍ ကြည်ညိုအောင် ယော ပြနိုင်သောကြောင့် လာဘ်လာဘပေါခြင်း ဖြစ်လိမ့်မယ်။ ထိုအာဝဋ္ဋနီ မာယာကို တပည့်တော်တို့ရအောင် ယူနိုင်လျှင် လာဘ် လာဘပေါမှာပဲ –ဟုထင်မြင်ချက်ပေးလေသည်။

**သရဘပရိဗိုဇ်ကို ရွေးချယ်ပုံ**

ထိုအချက်ကို အားလုံး သဘောတူသဖြင့် "ထို အတတ်ကို ရအောင် မည်သူ ယူနိုင်မလဲ၊ ယူနိုင် သူကို အားလုံး၏ အကြီးချုပ် ဥက္ကဋ္ဌဖြစ်စေရ မည်"ဟု ဆုံးဖြတ်၍ အကြီးဆုံးကစပြီး "ယူနိုင်မလား၊ ယူနိုင် မလား" ဟုမေးရာ အားလုံးငြင်းပယ်၍ "သရဘပရိဗိုဇ်" အလှည့်ကျသော အခါ "ကိုယ်တော်တို့ကသာ ကိုယ့်စကားအတိုင်း တပည့်တော်ကို အကြီးအကဲမြှောက်မယ် ဆိုလျှင် ဒီမာယာကို ယူဆောင်ဖို့အတွက် တော့ ဝန်မလေးပါ"ဟု ပြောဆိုလေ၏။ ထိုအခါ အားလုံးကပင် "ယူသာယူခဲ့ပါ၊ အကြီးအကဲအရာကိုတော့ မြှောက်ပြီးသားပါပဲ"ဟု ပြောဆိုကြသဖြင့် သူက ထပ်၍ ပြောပြန်သည်မှာ–

http://www.dhammadownload.com



"တပည့်တော်က အရှင်ဂေါတမရဲ့ သာဝကဟန်ဆောင်ပြီး နဂိုသာဝကကြီးတွေရဲ့ ဝတ်ကြီးဝတ်ငယ်ကိုပြုရပါလိမ့်မယ်။ သူတို့ရဲ့သပိတ်ထဲက ထမင်းဟင်းကိုလည်း စားရလိမ့်မယ်။ ဒီလောက်ပြုတာကိုတော့ ကျေနပ်ကြမလား" [ဤသို့မေးခြင်းမှာ နောင်ခါသူ့ကို ယုံမှားမည် စိုးသောကြောင့်တည်း။]

ထိုအခါအားလုံးက "ဘာပဲ လုပ်လုပ် ကျေနပ်ကြပါတယ်၊ အရေးကြီးတဲ့မာယာအတတ်ကို ရခဲ့ဖို့သာ လိုရင်းပါပဲ"ဟု ပြောလေရာ "ကောင်းပြီ၊ တပည့်တော်ကို မြင်တဲ့အခါ မသိဟန်ဆောင် နေကြနော်"ဟု သတိပေးပြီးလျှင် ဗုဒ္ဓသီတင်းသုံးတော်မူရာ ဂိဇ္ဈကုဋ် တောင်ပေါ်ကျောင်းသို့ သွားလေသည်။

**ရဟန်းပြု၍ မာယာရှာပုံ**

သူသည် ကျောင်းတိုက်၌ တွေ့ရာမြင်ရာ ရဟန်းတို့ကို ရှိခိုး၏။ "အရှင်တို့တော့ နဂိုက စုံစမ်းပြီး မှ-သင့်တော်တဲ့နေရာ ရဟန်းပြုကြတယ်။တပည့်တော်တို့မှာ မစုံစမ်းဘဲ အရမ်းပြုမိလို့ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်တဲ့လမ်း၌ သွားမိလျက်သား ကြုံနေရ ပါတယ်"ဟု (ညာပြော)ပြော၏။ ဤသို့လျှင် ဝတ်ကြီးဝတ်ငယ်ပြုကာ ရဟန်းများကို ညာနေရင်းပင် မဟာထေရ်တစ်ပါးအထံ၌ ရဟန်းပြုခွင့်ရ၍ ဆယ့်ငါးရက်တစ်ကြိမ်ကျ ဥပုသ်နေ့၌ပြုကြရသော ဥပုသ်ပြုခြင်း ကိစ္စတွင် ပါဝင်လေရာ ရဟန်းတော်များ၏ ပါတိမောက် ရွတ်ပုံ၊ တချို့က လေးလေးစားစားနားထောင်ပုံကိုမြင်ရ၍"ဤကိစ္စသည်ပင်အာဝဋ္ဋနီမာယာကို သွင်းခြင်းပဲ"ဟု ယူဆလျက် ထို ဥပုသ်ပြု ကိစ္စအပြီးတွင် မိမိဆရာကို ဝပ်ချ၍-

သရော။ ။ ဒီတရားကို ဘာတရားလို့ ခေါ်သလဲ။

မဟာထေရ်။ ။ ပါတိမောက်လို့ခေါ်တယ်။

http://www.dhammadownload.com



သရဘာ။ ။ အရှင်ဘုရား … ဒီတရားဟာ အကောင်းဆုံး အရေးအကြီးဆုံး တရားဟု ထင်ပါတယ်။

မဟာထေရ်။ ။မှန်တယ်ငါ့ရှင်…အလုံးစုံသော သာသနာတော်ကို ဆောင်နိုင်တဲ့ သိက္ခာ(ကျင့်ဝတ်) ဖြစ်တယ်။

သရဘာ။ ။ အရှင်ဘုရား … ဒီ တရား အမြတ်ဆုံးသိက္ခာ ဖြစ်ပါလျှင် ဒီတရားကိုပင် ပထမ သင်ပါရစေ။

မဟာထေရ်။ ။ သင်တာပေါ့ငါ့ရှင်။ (ဤသို့မိန့်တော်မူပြီးလျှင် ယခုအခါရဟန်းမဖြစ်မီ၊ သို့မဟုတ် ရဟန်းဖြစ်လျှင် ဖြစ်ချင်း သင်ရသော ပါတိမောက်ကို ပို့ချပေးလေသည်။)

သရဘာ။ ။ (အတော်ဂရုစိုက်၍ အမြန် ဆုံးအောင် သင်ယူပြီးလျှင်) "ဒီဟာပဲလား ဘုရား၊ သည့်ပြင်ရှိပါသေးသလား"။

မဟာထေရ်။ ။ (ပါတိမောက်အတွက် ရည်ရွယ်၍) "ဒီဟာပဲ၊ သည့်ပြင်မရှိတော့ဘူး"။

သရဘာသည် ဤစကားကိုကြားလျှင် "အရေးကြီးဆုံးသော တရားကိုငါရပြီ"ဟုထင်ကာ ဂိဇ္ဈကုဋ်ကျောင်းတိုက်မှ ထွက်ခွာ၍ ပရိဗိုဇ်ကျောင်းတိုက်သို့ သွားလေရာ "ဘယ့်နှယ်လဲ ဆရာ၊ အာဝဋ္ဋနီမာယာကို ယူခဲ့ပြီ ထင်တယ်"ဟု ပြောလာသူတို့အား "ငါ့ရှင်တို့၊ မကြောက်ကြနှင့်တော့။ အာဝဋ္ဋနီမာယာကို ဆောင်ယူခဲ့ပြီ။ ဒီနေ့ကစပြီး ငါတို့မှာ လာဘ်ပေါများတော့မည်"ဟု ပြောကာ(အာဝဋ္ဋနီမာယာဟု ထင်နေသော)ပါတိမောက်ကို ပို့ချပေးလေတော့သည်။ [အာဝဋ္ဋနီ=လူအများကို လှည့်ပတ်တတ်သော +မာယာ=မျက်လှည့် အတတ်။]

**တိတ္ထိတွေ ကြော်ငြာကြပုံ**

ပါတိမောက်ကို သင်ယူကြပြီးသောအခါ သရဘာ ပရိဗိုဇ်ကို ဆရာတင်၍ ရာဇဂြိုဟ်မြို့တွင်းသို့ အစောကြီးဝင်လာပြီးလျှင် သူတို့ဆိုင်ရာပရိသတ်

http://www.dhammadownload.com



အလယ်၌ သရဘာပရိဗိုဇ်က ပြောသည်မှာ– ငါတို့ရဟန်းတို့၏တရား ကိုအကုန်သိပြီ။ ရဟန်းဂေါတမရဲ့တရား၌ အဆီအနှစ် ဘာမှ မရှိဘူး။ တကယ်ရှိလျှင် ငါကိုယ်တိုင် သူတို့အထဲက ထွက်ခဲ့မှာ မဟုတ်ဘူး။ ယခုတော့ အနှစ်သာရ ဘာမျှမရှိလို့ငါထွက်လာခဲ့တယ်၊ရဟန်းတွေဟာ အာဝဇ္ဇနီမာယာ(မျက်လှည့်အတတ်)ကို သွင်းပြီးတော့ လောက၌ ညာစားနေကြတယ်။ ဤသို့စသည်ဖြင့် သာသနာတော်ကို စော်ကားပုတ်ခတ်နေသံကို ဆွမ်းခံဝင်သောရဟန်းအချို့ ကြားခဲ့ကြလေသည်။ ထိုသို့ကြားခဲ့ရသော ရဟန်းအများတို့တွင် ပုထုဇဉ် အချို့က မခံချင်ကြသောကြောင့် ပြန်ရောက်သောအခါ ဗုဒ္ဓရှင်တော်အား လျှောက်ပြီးလျှင် "သူပြောသမျှကို ဆိတ်ဆိတ်နေကြလျှင် သာ၍ရောင့်တက်ကာ သူ့မှာ အပြစ်များဖွယ်ရှိပါသည်။ သရဘာကို သနားသော အားဖြင့် ပရိဗိုဇ်ကျောင်းသို့ ကြွတော်မူပါ"ဟု တောင်းပန်ကြလေသည်။

**ဗုဒ္ဓ ကြွတော်မူခြင်း**

ဗုဒ္ဓရှင်တော်မြတ်သည် ရတ်တရက် ကြွတော်မမူသေးဘဲ နေ့လယ်အချိန်ဝယ် သမာပတ်ဝင်စား၍ ညနေအချိန်မှ ကိုယ်တော် တစ်ပါးတည်း ပရိဗိုဇ်ကျောင်းသို့ ကြွတော်မူလေသည်။ [သံဃာ့ပရိသတ်နှင့် ကြွတော်မူလျှင် "ပရိသတ်အားဖြင့် တိတ္ထိဝါဒကို နှိမ်သည်"ဟု စွပ်စွဲဖွယ်ရှိသောကြောင့် တစ်ပါးတည်း ကြွတော်မူခြင်း ဖြစ်သည်။] ဗုဒ္ဓကြွတော်မမူမီပင် ပရိဗိုဇ်တို့လည်း သရဘာကို မေးမြန်းနေကြသည်မှာ–

ပရိသတ်။ ။ဆရာရဲ့ ...ယနေ့ ရဟန်းဂေါတမ၏ အပြစ်တွေကိုတော့ တစ်မြို့လုံးလှည့်၍ ပြောခဲ့ကြပြီ။ ယခုနယ်အခါ အရှင်ဂေါတမ လာလျှင် ဘယ့်နှယ်လုပ်မလဲ။

သရဘာ။ ။ရှင်ဂေါတမက တစ်ခုလောက် ပြလျှင် ငါက ၂ ခုလောက် ပြလိုက်မယ်။ ရှင်ဂေါတမက ၂ ခုပြလျှင် ငါက ၄ ခု၊

http://www.dhammadownload.com



ရှင်ဂေါတမက ၄ ခုပြလျှင် ငါက ၈ ခုပြပြမယ်။ သူက တစ်ရာပြလျှင် ငါက တစ်ထောင်ပြပြမယ်။ [ထိုကဲ့သို့ ပြောနေတုန်းမှာပင် ဗုဒ္ဓရှင်တော်ကြွလာတော်မူသည်ကိုပရိသတ်မြင်၍"အဟုတ်ကို ရဟန်းဂေါတမလာနေပြီ"ဟု ပြောလိုက်ရာ သရဘဆရာလည်း အတော်ကလေးထိတ်သွားသည့်လက္ခဏာဖြင့် ဦးခေါင်းကျုံ့သွားလေသည်]

ဗုဒ္ဓ။ ။ (ခင်းထားသောနေရာ၌ ထိုင်ပြီးလျှင်) "သရဘ၊ ရဟန်းတို့၏တရားကို ငါအကုန်သိပြီ၊ ထိုသို့သိသောကြောင့် ငါသည် သူတို့၏ သာသနာမှ ထွက်လာခဲ့သည်"ဟု လှည့်လည် ပြောဆိုနေကြောင်းကို ကြားရတယ်၊ ဒီအတိုင်းပြောနေတာ မှန်သလား။

သရဘ။ ။ (ဘာမျှ ပြန်၍မပြော)။

ဗုဒ္ဓ။ ။ ရှေးနည်းအတိုင်း ထပ်၍ မေးတော်မူပြီးလျှင် သရဘ၊ ပြောပါ။ ရဟန်းတို့တရားကို သင်က ဘယ်လိုသိနေသလဲ- သင်သိထားတဲ့တရားထဲမှာ လိုနေသေးတာရှိလျှင် ငါက ဖြည့်စွက်ပေးပါ့မယ်၊ သင်သိထားသော တရားက ပြည့်စုံနေလျှင် ငါက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါ့မယ်။

[သရဘကား ဘာမျှမပြောတော့ချေ။ ဗုဒ္ဓလည်း သုံးကြိမ်တိုင်အောင်မေး၏။ ထိုအချိန်မှာ ရဟန်းတော်များနှင့် မြို့တွင်းက လူအပေါင်းအတော်များများပင် ပရိဗိုဇ်ကျောင်းတိုက်သို့ ဗုဒ္ဓကြွ သွားတော်မူကြောင်းကိုကြားရ၍ ရောက်လာကြလေပြီ။ သရဘမှတစ်ပါး အခြားသော ပရိဗိုဇ်တို့ကလည်း ဗုဒ္ဓက သရဘကို ဆန့်ကျင်ဘက်မပြောဘဲ လိုက်လိုက်လျောလျော မေးနေပုံကို မြင်ကြရ၍ ဗုဒ္ဓဘက်သို့ အတော်ကြီး စိတ်ညွတ်နေကြလေပြီ။]

ပရိဗိုဇ်များ။ ။ ငါ့ရှင်သရဘ... သင် တောင့်တနေသော အချက်ကိုပင် အရှင်ဂေါတမက ဖိတ်မန်နေတယ်။"ရဟန်းတို့ တရားကို ဘယ်ပုံဘယ်နည်း သိထားတယ်"ဆိုတာ ပြောလိုက်ပါတော့လား၊

http://www.dhammadownload.com



လိုနေလျှင် ဖြည့်လိမ့်မပေါ့၊ ပြည့်စုံလျှင်လည်း ဝမ်းမြောက်ပါလိမ့်မည်။

**ရဲရဲတောက် မိန့်ခွန်းတော်**

သရဘသည် ဘာမျှပြန်မပြောတော့ဘဲ ကြက်ဖကြီး ရိုက်ထားသကဲ့သို့ ဦးခေါင်းငိုက်ဆိုက်ချကာ မှိုင်၍ နေရှာ၏။ ဤသို့ စကား မေးမရလောက်အောင် မှိုင်၍နေသောအခါ ဗုဒ္ဓရှင်တော်မြတ်သည် "သီဟနာဒ"ခေါ် ခြင်္သေ့ဟောက်သကဲ့သို့ ရဲရဲတောက် မိန့်တော်မူသည်မှာ–

၁။ "ငါသည်အလုံးစုံကိုအကုန်သိ၏"ဟု ဝန်ခံထားရာ၌ "မည်သည့်တရားတွေ မသိဘဲ ကျန်နေသေးတယ်" လို့များ ပရိဗိုဇ်တစ်ယောက်ယောက်က ပြောလျှင် ထိုပြောသူကို ပြန်၍ စစ်ဆေးမေးမြန်းသောအခါ သူသည် ရှေ့စကားကို နောက်စကားဖြင့် ဖုံးကွယ်လျှင်လည်း ဖုံးကွယ်လိမ့်မည်။ အပြင်ဘက်က စကား တစ်ခုခုကို အပိုသွင်းချင် သွင်းလိမ့်မည်။ စိတ်ကိုခြင်း၊ ဒေါသထွက်ခြင်း၊ မနှစ်သက်ခြင်းကို သော်လည်း ထင်ရှားပြလိမ့်မည်။ ထို ၃ မျိုးတွင် တစ်မျိုးမျိုး ကေန်ဖြစ်ရမည်။ ထိုသို့မဖြစ်လျှင် ယခု သရဘ မှိုင်နေသလို စကားမေးမရအောင် မှိုင်နေရလိမ့်မည်။

၂။ "ငါ့မှာ ကိလေသာကုန်ခမ်းပြီ"ဟု ဝန်ခံထားရာ၌ "ကိလေသာမကုန်သေးဘူး"ဟု ပရိဗိုဇ်တစ်ယောက်ယောက်က ပြောလျှင် ထိုပြောသူကို ပြန်၍ စစ်ဆေးမေးမြန်းသောအခါ သူသည် (အထက်ပါ အဖြစ် ၃ မျိုးတို့တွင်) တစ်မျိုးမျိုးကေန်ဖြစ်ရမည်။ ထိုသို့မဖြစ်လျှင် သရဘကဲ့သို့ စကားမေးမရအောင် မှိုင်၍သော်လည်း နေရလိမ့်မည်။

၃။ "ငါပြောသည့်အတိုင်း ကျင့်သူသည် ငါပြောအပ်သော အကျိုးကို မရနိုင်"။

http://www.dhammadownload.com



(က) ရာဂကို ပယ်ခြင်းအကျိုးငှာ အသုဘကမ္မဋ္ဌာန်းကို ဟောတော်မူရာ၌ "အသုဘကမ္မဋ္ဌာန်းကို အားထုတ်သော်လည်း ရာဂကိုမပယ်နိုင်"ဟုလည်းကောင်း၊

(ခ) ဒေါသ အာဃာတ(ရန်ငြိုးဖွဲ့ခြင်း)ကို ပယ်ဖျောက်ဖို့ရာ မေတ္တာကမ္မဋ္ဌာန်းကို ဟောတော်မူရာ၌ "မေတ္တာကမ္မဋ္ဌာန်းသည် ထိုဒေါသ အာဃာတကို မပယ်ဖျောက်နိုင်"ဟုလည်းကောင်း၊

(ဂ) မကောင်းကြံမှုဝိတက်ကိုပယ်ဖို့ရာအာနာပါနကမ္မဋ္ဌာန်းကို ဟောတော်မူရာ၌ "ထိုအာနာပါနသည် ဝိတက်ကို မပယ်နိုင်"ဟုလည်းကောင်း၊

(ဃ) မဂ်ဖိုလ်ရဖို့ရာ သတိပဋ္ဌာန်စသော တရားတို့ကို ဟောတော်မူရာ၌ "သတိပဋ္ဌာန်စသော(ဗောဓိပက္ခိယတရား) ၃၇ ပါးသည် မဂ်ဖိုလ်ရကြောင်းမဟုတ်"ဟုလည်းကောင်း၊

ပရိဗိုဇ် တစ်ယောက်ယောက်က ပြောလျှင် ထိုပြောသူကို ပြန်၍ စစ်ဆေးမေးမြန်းသောအခါ အထက်ပါ ၃ မျိုးတွင် တစ်မျိုးမျိုးသော်လည်း ဖြစ်လိမ့်မည်။ သို့မဟုတ်လျှင် သရာဘကဲ့သို့မှိုင်၍ နေရလိမ့်မည်။

ဤသို့ရဲရဲတောက်မိန့်ခွန်း ၃ ချက်ကို မိန့်မြွက်တော်မူပြီးနောက် ရောက်လာသော ပရိသတ်အား သစ္စာလေးပါးတရားကို ဟောတော်မူ၍ တရားရစေတော်မူပြီးလျှင် အဘိညာဉ်ဖြင့် ပြန်ကြွတော်မူသောအခါ အခြားပရိဗိုဇ်တို့က သရာဘကို ဝိုင်း၍ "ငါ့ရှင် သရာဘ... ခြသေ့်နှင့်မတွေ့ခင်က ခြသေ့်လိုဟောက်လိုက်မည်ဟု ကြုံးဝါး၍ တွေ့သောအခါ မဟောက်ဝံ့သောမြေခွေးလို ဖြစ်နေပါပကော"ဟု ပြောဆိုကြလေသည်။

http://www.dhammadownload.com



# ဓာတ်တော်အပ်နှင်းပွဲ

(ဤကျမ်းစာကို ပုံနှိပ်နေစဉ် သတင်းစာ၌ တွေ့ရ၍ ထည့်သွင်းချက်)

**ပညာရှိမှ ပညာရှိကို သိနိုင်ပုံ**

"ဗုဒ္ဓသည် လူ၏ အစကို မဟောပြနိုင်ခဲ့။ လောကဓာတ် ဆရာကြီးတို့သာ လူ၏အစကို ပြနိုင်သည်"ဟု ဗုဒ္ဓရှင်တော်နှင့် မတန် မရာသော စွပ်စွဲသံကို "ဗုဒ္ဓသာသနာ ထွန်းကားပါပေသည်"ဟု ချီးကျူးခံရသော မြန်မာနိုင်ငံ၌ (အချို့လူများအထံမှ)ကြားနေရစဉ် ဗုဒ္ဓဘာသာ မထွန်းကားသော အိန္ဒိယနိုင်ငံဝယ်(၁၄–၁–၅၉) ပြာသိုလဆုတ် ၁ ရက်နေ့က အဂ္ဂသာဝက ၂ ပါး၏ ဓာတ်တော်များကို မဟာဗောဓိအသင်းသို့ အပ်နှင်းပွဲအခမ်းအနား၌ ဗုဒ္ဓဂုဏ်တော်များကို ထုတ်ဖော်ချီးကျူးသံ ကြားရသောအခါ "အင်း–ပညာရှိမှ ပညာရှိအကြောင်းကို ကောင်းကောင်းသိနိုင်ပေတာပဲ"ဟု(ကျမ်းလာအတိုင်း) စဉ်းစားမိပါသည်။ ထိုအပ်နှင်းပွဲ၌ ပရိသတ်ငါးသိန်းခန့်တက်ရောက်ကြ၍ နိုင်ငံကျော်ပဏ္ဍိတ်ကြီးတွေ အများအပြားပင် ဗုဒ္ဓဂုဏ်တော်ကို ထုတ်ဖော်ချီးကျူးကြပါသတဲ့။

**ပဏ္ဍိတ်နေရူး ချီးကျူးပုံ**

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ပဏ္ဍိတ်နေရူးကိုယ်တိုင် ထိုအခမ်းအနားကြီးကို ဖွင့်လှစ်၍ ဓာတ်တော်များ၏ ကိန်းဝပ်ရာ ရွှေကြုတ်ကို မဟာဗောဓိအသင်းဥက္ကဋ္ဌအား အပ်နှင်းစဉ် မိန့်ခွန်းစကားပြောသည်မှာ– အဂ္ဂသာဝက ရဟန္တာ ၂ ပါး၏ ဓာတ်တော်များကို လွန်ခဲ့သော အနှစ်တစ်ရာကျော်လောက်ကပင် စံချီမြို့မှ လန်ဒန်မြို့ ဗိတိုးရီးယား အဲလဘတ်မြူစီယံပြတိုက်တွင် ထားရှိခဲ့ကြောင်း၊ ဗုဒ္ဓရှင်တော်၏ ဝါဒမှာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ညွှန်ပြတော်မူသောဝါဒတော် ဖြစ်ကြောင်း၊ ခေါင်းဆောင်ကြီး မဟာတ္တမဂန္ဒီသည်လည်း ထိုဗုဒ္ဓ၏ဝါဒ (မေတ္တာ

http://www.dhammadownload.com



ဝါဒ)ကို လက်ကိုင်ပြုကာ ညွှန်ကြားလေ့ရှိကြောင်း၊ ယခု ကမ္ဘာ့ အခြေအနေအရ ငြိမ်းချမ်းရေး ပြန်လည်ရစေနိုင်သောဝါဒမှာ ထို ဗုဒ္ဓဘာသာဖြစ်ကြောင်း စ,သည်ဖြင့် အကျယ်တဝင့် မိန့်မြွက် ပါ သည်။

**ဘုရင်ခံတစ်ဦး ချီးကျူးပုံ**

ဘင်္ဂလားအနောက်ပိုင်း ဘုရင်ခံဖြစ်သော ဒေါက်တာ ကက်ဂျူးက ချီးကျူးပြန်သည်မှာ–အိန္ဒိယ သည် လွန်လေပြီးသော ရှေးပဝေသဏီကာလ၌ တရုတ်ပြည်နှင့် လည်းကောင်း၊ အာရှ အရှေ့တောင်ပိုင်းရှိ အခြား တိုင်းပြည်များနှင့် လည်းကောင်း ရင်းနှီးစွာ ဆက်ဆံခဲ့ဖူးရာ ထို ဆက်ဆံခဲ့ရခြင်းသည် အရှင်ဂေါတမဗုဒ္ဓကြောင့်ဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်အချိန်၌ အိန္ဒိယသည် ဂေါတမဗုဒ္ဓ၏ အယူ ဝါဒကို စွန့်လွှတ်လိုက်သည်မှစ,၍ ထိုတိုင်းပြည်များနှင့် ရင်းနှီးခြင်း ကင်းဝေးကာ လွတ်လပ်ရေးလည်း ဆုံးရှုံးခဲ့ရတော့၏။ အိန္ဒိယ တိုင်း သားများသည် လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သည်မှစ,၍ ဂေါ တမ ဗုဒ္ဓ၏ အတုမရှိသော ကိုယ်တော်အဖြစ်နှင့် ပြိုင်ဖက်မရှိအောင် ဖြူစင်သန့်ရှင်းသော တရားတော်ကို တဖြည်းဖြည်းတိုး၍ အသိ အမှတ်ပြုခဲ့ကြသည်မှာ လေးနက်သောအဓိပ္ပာယ်ရှိပါသည်။ ဂေါ တမဗုဒ္ဓသည် အိန္ဒိယပြည်နှင့် တရုတ်ပြည် အာရှ အရှေ့တောင်ပိုင်း ရှိ တိုင်းသူပြည်သားတို့ကို တစ်လုံးတစ်စည်းတည်းဖြစ်အောင် စည်း ရုံးနိုင်သော သတ္တိထူးရှိပါသည်။

မိမိတို့သည် ဂေါတမဗုဒ္ဓနှင့် ထိုဗုဒ္ဓ၏တရားတော် များစွာ ကို လေးစားရမှန်းနားလည်ကြလေ လွတ်လပ်ရေးကိုပိုမိုခိုင်မြဲအောင် ထိန်းသိမ်းနိုင်လေဖြစ်၏။ ဆင်းရဲဒုက္ခ ကြုံတွေ့ရ၍ စိတ်နှလုံး တုန် လှုပ်ချောက်ချားခြင်းဖြစ်ရတိုင်း ဂေါတမဗုဒ္ဓ၏တရားတော်ကို ပိုမို ၍ဆည်းကပ်သင့်ကြပါသည်။ ဤသို့စသည်ဖြင့် ချီးကျူးပါသတဲ့။

http://www.dhammadownload.com



**အသင်းဥက္ကဋ္ဌ ချီးကျူးပုံ**

မဟာဗောဓိအသင်းဥက္ကဋ္ဌ ဒေါက်တာမူကာဂျီက မိန့်မြွက်ပြန်သည်မှာဗုဒ္ဓ၏သာသနာတော်သည် ကမ္ဘာအနှံ့ပျံ့လျက် ရှိသော်လည်း ဗုဒ္ဓ၏ဇာတိ ချက်ကြွေရာဌာနဖြစ်သော အိန္ဒိယပြည်၌ ထိပ်တန်းအဖြစ် တည်လျက် မရှိသည်မှာ သတ္တဝါတို့ ကံကြမ္မာ၏ပြက်ရယ်ပြုခြင်းကို ခံနေရခိုက်ဖြစ်သည်ဟု ဆိုထိုက်ပါပေသည်။ စင်စစ်မှာ အိန္ဒိယ တိုင်းသားထဲမှ အနည်းငယ်တို့သာ ဗုဒ္ဓဘာသာဝင်ဟု အသိအမှတ် ပြုကြသော်လည်း သတ္တဝါအချင်းချင်း မေတ္တာပွားမှုဟူသော ဗုဒ္ဓတရားတော်ကား အိန္ဒိယတိုင်းသားတို့၏ သွေးသားအတွင်းသို့ နှစ်ပေါင်း များစွာကပင် တဖြည်းဖြည်းစိမ့်ဝင်နေပါသည်။ သာ၍ ကြီးကျယ်သော အိန္ဒိယပြည်ကြီး တည်ထောင်၍ ပတ်ဝန်းကျင် တိုင်းပြည်များ၏ လေးစားခြင်းကို ခံယူရရှိခဲ့ခြင်းမှာ အခြား အကြောင်းများထက် ဗုဒ္ဓရှင်တော် ဖွားတော်မူရာ ဖြစ်ခြင်းသည် အဓိက အကြောင်းရင်းဖြစ်ပါကြောင်း၊ ဤသို့စသည်ဖြင့် မိန့်မြွက်လေသည်။

မှတ်ချက်။ ။ အထက်ပါပညာရှိကြီးများ၏ မိန့်ခွန်းကို ကောက်ချက်ချလိုက်သောအခါဗုဒ္ဓ၏ဝါဒသည်မေတ္တာ(တစ်ယောက်နှင့်တစ်ယောက် တစ်ပြည်နှင့်တစ်ပြည် သွေးမခွဲဘဲ ကောင်းကျိုးကို အစစ် အမှန် လိုလားသော) တရားပင်ဖြစ်၏။ ထိုဝါဒသည် ယနေ့ ကမ္ဘာကိုပျံ့နှံ့နိုင်လျှင် ယနေ့ပင် ငြိမ်းချမ်းရေးရပြီဟု မုချ မှတ်ထိုက်၏။ [စစ် အတွင်းက ဂျပန်နန်းရင်းဝန် တိုဂျိုသည် စစ်တရားခံဖြစ်မှ ဗုဒ္ဓ၏ တရားတော်ကို လေ့လာကြည့်ရာ "ဤတရားကို စောစောက လေ့လာ ရလျှင် သူကိုယ်တိုင် စစ်တိုက်ချင်မည် မဟုတ်ပါ"ဟု ပြောဆိုသွားသတဲ့။] ကြီးနိုင်ငယ်ညှဉ်း(မိမိတို့အင်အားရှိခိုက် အားနည်းသူများကိုညှဉ်း၍)မေတ္တာကင်းမဲ့ ကိုယ်ကျိုး(ကိုယ့်အမျိုးသားအကျိုး) ကိုသာ ငဲ့သောဝါဒကား "မုန်ကင်းတစ်လှည့် ထင်းတစ်လှည့်" လှည့်

http://www.dhammadownload.com



ကာ သူတစ်ပြန် ငါတစ်ပြန်နှင့် ဧကန်မငြိမ်းချမ်းနိုင်သော ဝါဒ သာ ဖြစ်၏။ ကမ္ဘာကိုထားဘိဦး၊ မြန်မာနိုင်ငံ၌ပင် ဆင်းရဲသားဝါဒ၊ ဓနရှင် ဝါဒ (လက်ဝဲဝါဒ၊ လက်ယာဝါဒ)ဟု စ,ကတည်းက မေတ္တာနှင့် ပြောင်း ပြန် ဖြစ်နေသောဝါဒ၊ ရန်တိုက်သောဝါဒကို စ,တည်ကြ၏။ ဤနည်း သည် မြန်မာနိုင်ငံတော်ကို ငြိမ်းချမ်းသာယာစေရန် ဧကန်မဖြစ်နိုင်ဟု ဆိုလို၏။ အမှန်မှာ ဓနရှင်တို့သည် ဆင်းရဲသားတို့အပေါ်၌ သနား ညှာတာမှု ကရုဏာ၊ ထိုသူတို့ကို ချမ်းသာစေလိုသော မေတ္တာဖြင့် အရာရာဆက်ဆံ၍ ဆင်းရဲသားတို့ကလည်း "ငါတို့အပေါ် ညှာတာ ပါပေသည်"ဟု ပြန်၍အကျိုးလိုလားသော မေတ္တာဖြင့် ဆက်ဆံကြ မှသာ(ထိုသို့ဆက်ဆံနိုင်အောင် ရဟန်းတော်နှင့် လူကြီးများ၏မေတ္တာ အကျိုးပြ ဓမ္မစက်နှင့်အစိုးရ၏ ပြေပြေပြစ်ပြစ် စံနစ်ကျသော အာဏာ စက်ကိုသုံးမှသာ) ပြည်ထောင်စုမြန်မာနိုင်ငံတော် သာယာပေလိမ့်မည်။

ထို့ပြင်"ဂေါတမဗုဒ္ဓသည် အိန္ဒိယပြည်၊ တရုတ်ပြည်၊ အာရှ အရှေ့တောင်ပိုင်း တိုင်းသူပြည်သားတို့ကို တစ်လုံးတစ်စည်း တည်း ဖြစ်စေနိုင်သော သတ္တိထူးရှိပါပေသည်"ဟု ချီးကျူးကြခြင်းသည် စစ် ဖြစ်စဉ်က မြန်မာလူမျိုးအများပင် ဂျပန်ကိုအားထားခဲ့ပုံကို သတိရ စေတော့၏။ ဘာ့ကြောင့် အားထားခဲ့ကြသနည်း။ ဗုဒ္ဓဘာသာဝင် များဟု ဆိုသောကြောင့်ပင်တည်း။ ဘုန်းကြီး၏ကျောင်းတိုက်သို့ ဂျပန် ဘုန်းကြီးခေါ် စစ်သားတချို့ ရောက်လာရာ သူတို့က ဘုန်းကြီးကို (ဘုန်းကြီးဖြစ်၍)အထူးလေးစားပုံရ၏။ ဘုန်းကြီးကလည်း အထူး သနားမိတော့၏။ ဘာသာတူမှုသည် တစ်ဦးနှင့်တစ်ဦးဤမျှလောက် သက်ညှာလေးစား မေတ္တာပွားစေနိုင်၍ ဘာသာကွဲပြားမှုလည်း ထိုမျှ လောက်ပင် စိတ်ဝမ်းကွဲစေနိုင်ရကား ယခုအချိန်မှာ တိုင်းရင်းသား အချင်းချင်း မသင့်မမြတ်ဖြစ်နေရာ၌လည်း ဘာသာကွဲပြားမှုသည် အကြောင်းတစ်ခုဖြစ်နိုင်ရကား တိုင်းပြည်၏ခေါင်းဆောင်တိုင်း ဘာ

http://www.dhammadownload.com



သာရေးကို လျစ်လျူမရှုထိုက်ကြောင်း လက်တွေ့ပြယုဂ်တစ်ခုဟု သတိပြုသင့်ကြပေသည်။ ဤအချက်များကို စဉ်းစားလိုက်သောအခါ ယခုအချိန်၌ တောင်တန်းသာသနာပြုအရှင်များနှင့် လူကြီးလူကောင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံ သွေးစည်းအောင် စီမံရာ၌ ၁ နံပါတ် ကျေးဇူးရှင်များဟု မှတ်သားထိုက်ပါပေသည်။

## ဗုဒ္ဓရှင်တော်ကို ကြည်ညိုပုံအစ

**ယောင်ဝါးဝါး သာဝကဖြစ်ပုံ**

ဘုန်းကြီး၏ဘိုးဘွားမိဘများသည် ဗုဒ္ဓကို ဆည်းကပ်ကိုး ကွယ်သော ဥပါသကာများဖြစ်ကြသည် အားလျော်စွာ ထိုဘိုးဘွား မိဘတို့၏ သြဝါဒအတိုင်း ငယ်စဉ်က ဘုရားရှိခိုးလျက် ဗုဒ္ဓသာဝက ဖြစ်ခဲ့ရ၏။ သို့သော် ဘယ်လိုဘုရားကို ရည်စူး၍ ဘယ်လိုကြည်ညိုရမှန်းမသိ။ ရွာအရှေ့မှာ တည်ရှိတော်မူနေသော ရုပ်ပွားတော် စေတီတော် များလောက်ကိုသာ မိမိစိတ်ရောက်နေပါသည်။ ထိုငယ်စဉ်က မိမိ၏ ဗုဒ္ဓဘာသာဝင်ဖြစ်ရခြင်းသည် ယောင်ဝါးဝါး ဗုဒ္ဓဘာသာဝင်တည်း။ ထိုအချိန်မှာ မိမိသည် ဘာသာခြားကျောင်းများ၌ စာသင်၍ ထိုကျောင်းဆရာတို့က သူတို့ဘာသာသို့ဆွဲငင်ဖြားယောင်းလျှင် လည်းကောင်း၊ မိဘတို့ကလည်း ဗုဒ္ဓဘာသာသဘောကို အထူးမပြောပြလျှင် လည်းကောင်း ဆွဲငင်ရာဘက်သို့ ညွတ်လျက်နေမည်မှာ သေချာပေလိမ့်မည်။

ယခုအခါ ဗုဒ္ဓဘာသာ ယောင်ဝါးဝါးနှင့် ကြီးရင့်လာသူများလည်း ဗုဒ္ဓ၏အခြေအမြစ် အနှစ်သာရဖြစ်သော တရားကောင်းများကို မနာရ မကြည့်ရဘဲ နိုင်ငံခြားမှလာသော ခေတ်ပေါ်စာပေများ

http://www.dhammadownload.com



ကိုသာ ကြည့်ရှုကာ ယောင်ဝါးဝါးဖြစ်နေကြသည်မှာ ဤသဘောပင် ဖြစ်ပေသည်။

**အတ္တစွဲတစ်မျိုး ဝင်နေပုံ**

ယောင်ဝါးဝါးဗုဒ္ဓဘာသာဖြစ်နေရုံသာမကကလေး ဘဝက ကိုယ့်ဘာသာ ထင်မြင်နေသော အစွဲ တစ်မျိုးလည်း ရှိပြန်သေး၏။ ထိုအစွဲကား အားလုံးသောလူတွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းလွဲ၍ ဖြစ်ကြရာ၌ အိမ်အရှေ့ဘက်မှာရှိသော မန်ကျည်းပင်လည်း မိမိတို့လို အသက်ရှိသော သတ္တဝါတစ်မျိုး ဖြစ်သည်သာမကထိုအပင်၏ အသီးအရွက်တို့သည်လည်း ထိုအပင်ကြီးမှပေါက်ပွားသော သားသမီးသတ္တဝါကလေးများပင်ဖြစ်ကြ၏။ မိမိလည်း တစ်နေ့ကျလျှင် ထိုအသီးအရွက်မျိုး ဖြစ်ကာ လူအများ၏ စားဖတ်ဝါးဖတ် ဖြစ်ရဦးမှာပဲဟု စိတ်ထဲ၌ ကြံစည်မိခြင်းပင်တည်း။ [ ပိဋကတ်ကို လေ့လာသောအခါကျမှ ထိုအစွဲကို အတ္တစွဲတစ်မျိုးဟု သိရပေသည်။]

ထိုသို့ယောင်ဝါးဝါးဗုဒ္ဓဘာသာဘဝတွင် အတ္တစွဲလည်း ပါဝင်နေသေးသော မိမိအတွက်မှာ ဗုဒ္ဓဘာသာအရေးကို လေးလေးနက်နက် သိနိုင်လောက်သော အထက်တန်းဗုဒ္ဓကျမ်းစာများကို မသင်ရဘဲ အောက်တန်းစာပေဖြင့် ဘုန်းကြီးကျောင်းမှ ထွက်ခဲ့ရပါမူ ထိုအတ္တစွဲကို ဖျောက်၍ ဗုဒ္ဓအစစ်အမှန်၌ ထိထိမိမိ စိတ်ရောက်နိုင်မည် မဟုတ်ချေ။ [ ဤအဖြစ်ကိုထောက်၍ အထက်တန်းစာပေကို မလိုက်စား မကြားသိရသော ဗုဒ္ဓဘာသာဝင်ဆိုသူတို့မှာ ဘာသာရေး၌ ယောင်ဝါးဝါး ဖြစ်ကြလိမ့်မည်ဟု ကိုယ်ချင်းစာမိပါသည်။]

**ဘုန်းကြီးကျောင်း၌ စာသင်ချိန်**

ကျေးရွာထုံးစံအတိုင်း ၆ နှစ်သား လောက် ကပင် ဘိုးဘွားတို့ ဆောက်လုပ် ကိုးကွယ်ခဲ့သော ဘုန်းတော်ကြီး ကျောင်းသို့ ရောက်ရှိလေရာ အများထုံးစံအတိုင်း ကျမ်းစာကို သင်

http://www.dhammadownload.com



ကြားစဉ် "သြကာသ သြကာသ ကာယကံ ဝစီကံ မနောကံ"စသော ဘုရားရှိခိုးများကို ကျက်မှတ်ရသော်လည်း ထိုဘုရားရှိခိုးများသည် ဗုဒ္ဓရှင်တော်ကို ထင်မြင်လာအောင် မတတ်နိုင်ချေ။ သို့သော် ဘုရား အကြောင်းနှင့်စပ်သော ဇာတ်ဝတ္ထုတရားစာများကို ဘိုးဘွားမိဘတို့ အထံနှင့် ဆရာသမားများထံမှ မကြာခဏ ကြားနေရသဖြင့် "ဘုရား ဆိုသည်မှာ ငါတို့လိုလူမျိုးထဲမှထူးခြားသောလူတစ်မျိုးက ရဟန်းပြု သွားသောပုဂ္ဂိုလ်တစ်ပါး"ဟုယီးတီးယားတားလောက်မျှ နားလည်၍ ရွာရေ့က ရုပ်ပုံတော်များသည် ထိုဘုရား၏ပုံတော်များ ဖြစ်ကြောင်း ကိုလည်း ဆက်သွယ်တတ်လာပေပြီ။ သို့သော် ထိုဘုရား၏ အလောင်း တော်ဖြစ်သော သိဒ္ဓတ်မင်းသားဆိုသူနှင့် သုဒ္ဓေါဒနမင်း စသူတို့မှာ မန္တလေးမြို့သား လေလား၊ ရွှေဘိုမြို့သားလေလား ဟု ထင်ယောင် ထင်မှားပင် ရှိပါသေးသည်။ [ဤသို့ဖြစ်ရခြင်းမှာ ဗုဒ္ဓ၏ အခြေအမြစ် ဗုဒ္ဓဝင်ကို ကလေးများအား လေးလေးစားစား ပြောလေ့ မရှိခြင်းကြောင့် ပေတည်း။]

**ဗုဒ္ဓအကြောင်းကို ကောင်းကောင်းသိချိန်**

ထို့နောက် တစ်စ တစ်စ တိုးတက်၍ အသက်ကြီး လာသော်လည်း သဒ္ဒါ သင်္ဂြိုဟ်စသော သင်ရိုးစာကလေးများ ကို သင်ချိန်ဝယ် ဗုဒ္ဓနှင့်စပ်သော အသိဉာဏ် မကျယ်သေးပါ။ အထက်တန်း ပါဠိ အဋ္ဌကထာများကို သင်ယူရချိန်ကျမှ ဗုဒ္ဓသည် မြန်မာတိုင်းဖွားမဟုတ်ကြောင်းမှစ၍ ဗုဒ္ဓ၏အဖြစ်ကို အရင်း အမြစ် အထိ တဖြည်းဖြည်း သိရှိလေရာ နဂိုစွဲလမ်းလာသော အတ္တ အယူ များလည်း ရှင်းရှင်းလင်းလင်း ကင်းကွာလေပြီ။ [သို့သော် နောက် ဘဝ၌ ထို အယူမျိုး ထပ်၍ မပေါ်နိုင်ဟု မဆိုလိုပါ။ သောတာပန် မဖြစ်သေးလျှင် ထိုအတ္တအစွဲမှာ ပါမြဲပါနေတတ်ပါသေးသည်။] ထို သို့ အတ္တအစွဲပါ ကင်းကွာလောက်အောင် ဗုဒ္ဓတရားတော်ကို သဘော

http://www.dhammadownload.com



ကျနေရကား ထိုတရားတော်ရှင် ဖြစ်တော်မူသော ဗုဒ္ဓ ရှင်တော်မြတ်ကို အားရပါးရ ကျေနပ်ပါသည်၊ ယုံကြည်ပါသည်၊ အားကိုးပါသည်၊ မြတ်နိုးပါသည်၊ ရှိခိုးပါသည်။

**ကျေနပ်ခြင်း၏ အကြောင်းများ**

ဗုဒ္ဓ အပေါ်၌ ကျေနပ်ခြင်း၊ ယုံကြည်ခြင်း ၏ အကြောင်းများသည် အကျဉ်းချုပ်အားဖြင့် ၃ ပါး ရှိ၏။ ၁–ပါရမီဖြည့်တော်မူခဲ့ခြင်း၊ ၂–ပါရမီ အစွမ်းကြောင့် အလုံးစုံကို သိသော ဗုဒ္ဓဖြစ်တော်မူခြင်း၊၃–ဗုဒ္ဓ ဖြစ်တော်မူပြီးနောက် သတ္တဝါတို့အကျိုးငှာ မနေမနားတရားဟောတော်မူခြင်း။ ဤအကြောင်းသုံးပါးကြောင့် ဗုဒ္ဓရှင်တော်မြတ်အပေါ် ကျေနပ်ခြင်း၊ အားရခြင်း၊ ကြည်ညိုခြင်း ဖြစ်ရပါသည်။

မှန်၏။ အကယ်၍ ပါရမီဖြည့်ခဲ့ပုံကို မသိရဘဲ ဗုဒ္ဓဖြစ်နေကြောင်းကိုသာ သိနေရလျှင် ထိုဗုဒ္ဓအဖြစ်ကို မိမိယုံချင်မှ ယုံမည်။ ယခုသော်"ပါရမီဖြည့်ခဲ့ခြင်းကြောင့် ဗုဒ္ဓဖြစ်ရသည်"ဟု အကြောင်းအကျိုးဆက်သွယ်၍ရသဖြင့် ဗုဒ္ဓအဖြစ်ကို စင်စစ်ယုံကြည်ပါသည်။ (ယခုကာလ၌ အထက်တန်းရောက်အောင် ကြိုးစားပြီးနောက် သူတစ်ပါးတို့ အကျိုးရှိအောင် ဝန်မဆောင်ဘဲ စည်းစိမ်ခံ၍ အေးအေးနေကြသူ အချို့ကဲ့သို့)ဗုဒ္ဓဖြစ်ရုံကြိုးစား၍ ဗုဒ္ဓဖြစ်ပြီးနောက် အပင်ပန်းမခံဘဲ ချမ်းချမ်းသာသာ နေမည်ဆိုလျှင်(ဗုဒ္ဓအဖြစ်ကို ယုံကြည်စေကာမူ)အားရပါးရ ကျေကျေနပ်နပ် ရှိလှမည်မဟုတ်သေးပါ။ ယခုသော် ဗုဒ္ဓဖြစ်ချိန်မှစ၍ ပရိနိဗ္ဗာန်စံတော်မူချိန်အထိ မနေမနား တရားပြတော်မူခဲ့သောကြောင့် "ငါတို့ဗုဒ္ဓမှ ဗုဒ္ဓ"ဟု ရဲရဲကြီးပြဖို့ရာ အလွန်အမင်း အားရခြင်း ဖြစ်ပါသည်။

**ပါရမီပြည့်ခြင်း အကြောင်း**

ကိုယ် နှုတ် စိတ်ဓာတ် မြင့်မြတ်သော သူတို့၏ အလုပ်ကို "ပါရမီ"ဟုခေါ်၏။ [ပရမာနံ=မြင့်မြတ်သူတို့၏+ကမ္မံ=အလုပ်တည်း။ ပါရမီ=မြင့်မြတ်

http://www.dhammadownload.com



သူတို့၏အလုပ်။]ထိုပါရမီသည် ဆုတောင်းနေရုံမျှဖြင့် ပြည့်ဝနိုင်သည် မဟုတ်။ မိမိရှေးက ပါရမီ ဖြည့်သွားတော်မူကြသော ဘုရားရှင်တို့ကို အားကျသောကြောင့် ဖြစ်စေ၊ အောက်ကျ နောက်ကျ ဒုက္ခရောက်နေသော သတ္တဝါတို့ကို မြင်၍ ကယ်တင်လိုသော ကရုဏာစိတ်ကြောင့် ဖြစ်စေ ပါရမီဖြည့်ချင် ကယ်တင်ချင်သော ဆန္ဒသည် ပထမဖြစ်ပေါ်လာလိမ့်မည်။ ထိုသို့ ဆန္ဒဖြစ်ပေါ်နေရုံမျှ ဖြင့်လည်း ပါရမီပြည့်ဝသူ မဖြစ်နိုင်သေး။ ထိုဆန္ဒနှင့် ထိုက်တန်သော အကြံအစည်များကို ကြံစည်ရမည်။ ထိုအကြံဉာဏ်ကိုရသောအခါ လုံ့လဝီရိယ စိုက်ထုတ်ရမည်။ မိမိရည်မှန်းသောလမ်းစဉ်ကို ဖြောင့်တန်းအောင် အမြဲသတိဆောင်ရမည်။

အချုပ်။ ။ ကိုယ်တစ်ယောက်ကောင်း မဟုတ်ဘဲ အများအတွက် ပါရမီဖြည့်သူ၌ ရှိထိုက်သောတရားတို့ကား– "သတ္တဝါတို့အပေါ်၌ သနားမှု ကရုဏာ၊ အကျိုးလိုလားမှု မေတ္တာ၊ ကယ်တင်နိုင်သူ ဖြစ်လိုသော ဆန္ဒ၊ ကြံစည်စဉ်းစားမှု ဉာဏ်ပညာ၊ ကြိုးစားမှု ဝီရိယ၊ မိမိဆိုင်ရာကိစ္စ အရပ်ရပ်၌ မလစ်လပ်စေမှု သတိ၊ စိတ်မပြောင်းမှု သမာဓိ၊ ဤသို့ ကြိုးစားလျှင် ရည်ရွယ်ချက် ထမြောက်နိုင်သည် ဟု ယုံကြည်မှု သဒ္ဓါ၊ မိမိစိတ်ဓာတ်ကို လှုံ့ဆော်ပေးသော စေတနာ" ဟု ဤ ၉ ပါးသောတရားများတည်း။ ဤတရားများသည် ပါရမီ ဖြည့်ခြင်း၊ ပြည့်လည်းပြည့်ခြင်း၏ အကြောင်းရင်း ဖြစ်ကြပါသည်။

[ဤတရားများ မပါရှိပါဘဲ ဘုရားဆိုတာ ထူးသောပုဂ္ဂိုလ်ဟု ယူဆ၍ ထိုပုဂ္ဂိုလ်မျိုး ဖြစ်လိုရုံမျှဖြင့် ပါရမီ မပြည့်နိုင်ပါ။]

**(ဆောင်)** အောက်ကျ နောက်ကျ၊ ကိုယ့်ဒုက္ခဖြင့်၊ မုချ နွမ်းညှိုး၊ သတ္တဝါမျိုး၌၊ အကျိုးလိုလား၊ မေတ္တာထား၍၊ သနားကရုဏာ ဖြစ်သောခါတွင်၊ ကယ်တင်အံ့မျှော်၊ ဆန္ဒပေါ်လိမ့်၊ ထိုသောအခါ၊

http://www.dhammadownload.com



ဉာဏ်ပညာဖြင့်၊ ကောင်းစွာစိစစ်၊ ဝီရိယ ဖြစ်လျက်၊ မလစ်
သတိ၊ သမာဓိကို၊ တည့်တည့်မားမား၊ မမြဲထားမူ၊ ဘုရား သော်
ကွဲ့၊ ဖြစ်နိုင်ရဲ့ဟု၊ တကယ့်သဒ္ဓါ၊ စေတနာနှင့်၊ ရောစိတ်ကြီး၊
မြဲအောင်တည်းမှ၊ ခိုင်ဖြိုးပါရမီ၊ စုံပြည့်ညီသည်-ဖြည့်မည် သူ
တို့ မှတ်ဖွယ်ကို။

### ဘဝအနည်းငယ်ဖြင့် ပါရမီမပြည့်

[သတ္တဝါတို့သည် တစ်ဘဝနှင့် တစ်ဘဝ ကံ၏သတ္တိဖြင့် ဆက်သွယ်လျက် ရှိကြောင်းကို ယုံကြည်နှင့်ပါ။] သတ္တဝါတို့၏ ယခုဘဝ၌ ဖြစ်သမျှ ထက်မြက်သော ဇောစိတ်၏ဓာတ်သတ္တိများသည် နောက်နောက်ဘဝတို့သို့လည်း အဆက်မပြတ် လိုက်ပါ၍ သွားတတ် ကြ၏။ ဥပမာ-ယခုဘဝ၌ မေတ္တာ ကရုဏာလွန်ကဲသူသည် ရှေးရှေးဘဝတို့မှ မေတ္တာ ကရုဏာဓာတ်ခံပါလာ၍ နောက်နောက်ဘဝများသို့လည်း ထိုဓာတ်ခံသည် ကေန်ပါသွားဦးမည် သာတည်း။ ထို့အတူ သဒ္ဓါလွန်ကဲသူ၊ ပညာလွန်ကဲသူတို့၌လည်း ထိုဓာတ်ခံမျိုး လိုက်ပါလျက် ရှိသကဲ့သို့ လောဘ ဒေါသဓာတ်ခံရှိသူတို့မှာလည်း ရောက်ရာဘဝ၌ လောဘကြီးသူ ဒေါသကြီးသူ ဖြစ်တတ်လေသည်။ ထိုသို့ ဓာတ်ခံပါနေတတ်သည့် အားလျော်စွာ နိဗ္ဗာန်ကို ရည်စူး၍ ပါရမီဖြည့်နေသူတို့သည် ဘုရားအလောင်းမဟုတ်စေကာမူ ထိုက်တန်သမျှ သဒ္ဓါ ပညာစသော ဓာတ်ခံကောင်းတွေရှိစေရမည်သာ။ ဘုရားအလောင်း အဂ္ဂသာဝက မဟာသာဝက အလောင်း တို့မှာကား မေတ္တာ ကရုဏာမှစ၍ ထိုဓာတ်ခံကောင်းမျိုးကို ရိုးရိုး ပါရမီဖြည့်သူတို့ထက် ၂ ဆ ၃ ဆမျှမက ရာထောင်စသည့် သာလွန်အောင် ကြိုးစားရပေမည်။ ထိုသို့ ကြိုးစားသော်လည်း ဘဝ အနည်းငယ်ဖြင့် ထိုပါရမီများ လုံလောက်အောင် ပြည့်ဝလိမ့်မည် မဟုတ်ပါ။

http://www.dhammadownload.com



**အဆင့်ဆင့် ရင့်အောင် အားထုတ်ရပုံ**

လောကၥ ပညာကို လုံးလုံး မလိုက်စားဘဲ အောက်ကျ နောက်ကျ ဖြစ်ချင်ဖြစ်ပစေ ဟု နေသူ၊ အနည်းငယ် ရှာသူ၊ အလယ်အလတ်ရှာသူ၊ အထက်တန်းရောက်အောင် ရှာသူ၊ အထက်တန်း ရောက်ရုံမျှဖြင့်လည်း အားမရသေးဘဲ ထိပ်တန်းရောက်လိုသူဟု အမျိုးမျိုးရှိရာ ထိုသူတို့မှာ မိမိတို့၏ဆန္ဒအလိုက်အကျိုးရမည် ဖြစ်သော်လည်း ထိုအကျိုးရဖို့ရာ လူကျန်းမာရေး၊ ငွေကုန်ခံနိုင်ရေး၊ အနှောင်အဖွဲ့ လွတ်လပ်ရေး၊ ဉာဏ်ထက်မြက်ရေး၊ လုံ့လဝီရိယ (ဇွဲ) ရှိရေးများနှင့် ပြည့်စုံရမည့်အပြင် သင်ပေးမည့် ဆရာလည်း ပြည့်စုံရသေး၏။ ထိုသို့ပြည့်စုံသူသည် ရည်ရွယ်ချက်ဆန္ဒက အထက်တန်းကျလျှင် အချိန်ကြာမြင့်စွာလည်း ကြိုးစားရသကဲ့သို့ ထို့အတူ ပါရမီပြည့်ဝအောင် ဖြည့်ဆည်းပူးတော်မူကြသော အလောင်းတော်များလည်း ဆန္ဒတော်အလိုက် ကမ္ဘာပေါင်းများစွာ ကာလကြာအောင် ကြိုးစားတော်မူကြပေသည်။

ထိုသို့ကြိုးစားရာဝယ် ပညာကို အဓိကထား၍ကြိုးစားလျှင် ပညာဓာတ်သည် တစ်ဘဝထက် တစ်ဘဝ ထက်၍ ထက်၍ လာ၏။ ဝီရိယကို အဓိကထား၍ ကြိုးစားလျှင် ဝီရိယဓာတ်သည် တစ်ဘဝထက် တစ်ဘဝ တက်၍ တက်၍ လာ၏။ ထိုသို့ တိုးတက် နေသော်လည်း ဆန္ဒနှင့်လိုက်အောင် ဒီဂရီမကိုက်သေးသမျှ ထပ်၍ ထပ်၍ ဖြည့်ရဦး မည်သာ။ ဥပမာ–အထက်တန်းစာမေးပွဲ ကြိုးစားနေသော ဉာဏ်အားကိုးသူ၊ ဝီရိယအားကိုးသူ ၂ ဦးလုံးပင် မူလတန်းမှစ၍ တစ်ဆင့်ထက်တစ်ဆင့် အသိဉာဏ်ကား ရင့်ခဲ့ပေ၏။ သို့သော် မိမိ၏ အသိဉာဏ်သည် နောက်ဆုံးထိပ်တန်းနှင့် ဒီဂရီ မကိုက်သေးသမျှ ဉာဏ်ကိုလည်းကောင်း၊ ဝီရိယကိုလည်းကောင်း ထပ်၍ ထပ်၍ အသုံးပြုကြရ ကြိုးစားရသေးသကဲ့သို့တည်း။

http://www.dhammadownload.com



ဆက်ဦးအံ့။ ဤကမ္ဘာ၌ ဗုဒ္ဓ ၄ ဆူပွင့်တော်မူပြီးဖြစ်ရာ ပထမ ကကုသန်ရှင်တော်ဘုရားသည် အနှစ် ၄ သောင်း အသက်တမ်းအချိန် ပွင့်တော်မူ၏။ ထို့နောက် အသက်တမ်း ဆုတ်ယုတ်၍ ၁၀ နှစ်တမ်းမှတက်ပြီးနောက် အသင်္ချေတမ်းရောက်၍ တစ်ဖန်ဆုတ်ယုတ်လာသောအခါ အနှစ် ၃ သောင်းတမ်း၌ ကောဏာဂုံရှင်တော်ဘုရား ပွင့်တော်မူ၏။ ဤနည်းဖြင့် အသက်တမ်း အစွမ်းကုန် ဆုတ်၍ တိုးတက်လာပြီးနောက် ဆုတ်ယုတ်လာပြန်ရာ အနှစ် ၂ သောင်းတမ်း၌ ကဿပရှင်တော်ဘုရား ပွင့်တော်မူခဲ့၍ ထို့အတူဆုတ်ယုတ်လာကာ အနှစ်တစ်သောင်းတမ်းမှာ ငါတို့ဗုဒ္ဓရှင်တော်ပွင့်သင့်သော်လည်း ဗုဒ္ဓအဖြစ်သို့ ရောက်နိုင်လောက်အောင် ပါရမီတော်မပြည့်သေးသဖြင့် ထပ်၍ ကြိုးစားတော်မူရသောကြောင့် အနှစ်တစ်ရာတမ်းရောက်မှ ဗုဒ္ဓဖြစ်လောက်သော ပါရမီတော်များ ပြည့်ဝတော်မူပေသည်။ ဤသို့လျှင် "မြင့်မြတ်သူတို့၏ အလုပ်ကို ပါရမီ" ဟုဆိုခဲ့ရာ ရည်ရွယ်ချက် ဆန္ဒနှင့်ကိုက်ညီအောင် ထိုပါရမီကို ဖြည့်ရသောအချိန်အခါလည်း ရည်ရွယ်ချက်မြင့်လျှင် မြင့်သလောက် ကြာညောင်းရသည့်ပြင် ထိုအချိန်ကာလအတွင်းမှာလည်း စိတ်မပျက်လက်မပျက်ဘဲ ဖွဲကောင်းကောင်းနှင့် ကြိုးစားတော်မူကြရ ပေသည်။

**စရိယာ ၃ ပါး** [ဗုဒ္ဓဖြစ်အောင် ကြိုးစားရာ၌ ပါရမီဆယ်ပါးကို အများ ဖြည့်ရိုးအတိုင်းလည်း ဖြည့်ရ၊ ကိုယ်အင်္ဂါအပျက်အစီးခံ၍လည်း ဖြည့်ရ၊ မိမိအသက်ကိုပင် စွန့်လွှတ်၍၊ သို့မဟုတ် သူများအသက်ကိုပင် ကယ်တင်နိုင်လောက်အောင်လည်း ဖြည့်ရကြောင်းကို "ရတနာ့ဂုဏ်ရည်"စသော အခြားကျမ်းစာတို့၌ တွေ့ဖူးကြပါလိမ့် မည်။ ဤကျမ်း၌ကား စရိယာ ၃ ပါးအကြောင်းကို ပြပါအံ့။] "လောကတ္ထစရိယာ၊ ဉာတတ္ထစရိယာ၊ ဗုဒ္ဓတ္ထစရိယာ"ဟု စရိယာ ၃ ပါးရှိ ၏။ ထိုတွင် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ

http://www.dhammadownload.com



အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်းသည် "လောကတ္ထစရိယာ"မည်၏။ [လောက=သတ္တဝါ အများ၏+အတ္ထ=အကျိုးကို+စရိယာ=ပြုကျင့်မှု၊ အားထုတ် ပြုလုပ်မှု၊] အမျိုးသားတို့၏အကျိုးငှာ ပြုလုပ် အားထုတ်ခြင်းသည် ဉာတတ္ထစရိယာမည်၏။[ဉာတိ=အမျိုးသား။] ဗုဒ္ဓဖြစ်နိုင်လောက်သည်အထိ ဉာဏ်ပညာကြီးမားအောင် ပြုကျင့် အားထုတ်ခြင်းသည် ဗုဒ္ဓတ္ထစရိယာ မည်၏။ [ဗုဒ္ဓိ=ဉာဏ်ပညာ] ကမ္ဘာပေါင်းများစွာတို့၌ ထိုအကျင့် ၃ ပါးတွင် တစ်ပါးပါးကို အဓိကထား၍ကြိုးစားခဲ့သောဘဝတွေကား မရေမတွက်နိုင်အောင်များလှပေသည်။

**လောကအကျိုး ပြုကျင့်တော်မူပုံ**

ဗုဒ္ဓအလောင်းတော်သည် ဗာရာဏသီပြည်ဝယ် ဘုရင့်သားတော် ဖြစ်၍ ၁၆ နှစ် အရွယ်၌ တက္ကသိုလ်ပညာသင်ပြီးလျှင် အိမ်ရှေ့မင်း အဖြစ်ဖြင့်နေခိုက် တိုင်းသူပြည်သားအများတို့ နတ်ကို အထူးတလည် ကိုးကွယ်ဆည်းကပ်၍ ဆိတ် ကြက် ဝက် စသည်တို့ကို သတ်ဖြတ်ကာ ယဇ်နတ်ပူဇော်ကြသည်ကို မြင်ရသဖြင့် စဉ်းစား ကြံစည်သည်မှာ– "လူအပေါင်းသည် အများအားဖြင့် မတရားမှု၌ သက်ဝင်နေကြပြီ၊ နတ်တွေကိုပင်အထင်ကြီးကာ မင်္ဂလာတစ်မျိုးဟု အားကိုး ယုံကြည်ကြလျက် များစွာသောအသက်တွေကို သေကြေအောင်ပြုနေကြပြီ။ ခမည်းတော်ကွယ်လွန်၍ ငါ မင်း ဖြစ်လျှင် တစ်ယောက်တလေကိုမျှ မထိခိုက်စေဘဲ ဥပါယ်တံမျဉ်(နည်းလမ်းတစ်မျိုး)ဖြင့် ဤသတ်ဖြတ်မှုတွေကို တားမြစ်အံ့"ဟု စဉ်းစားမိလေသည်။

ဤသို့စဉ်းစားပြီးလျှင် "နတ်သစ်ပင်"ဟု လူအများက ကိုးကွယ်၍နေသော ညောင်ပင်ကြီးသို့သွား၍ သူများလုပ်သလို ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီးလျှင် ရေစင်သွန်းလောင်းကာ လွန်စွာမြတ်နိုးရှိခိုး၍ နတ်ကို အားကိုးဟန်ဆောင်လေသည်။ ဤနည်းအတိုင်း မကြာ ခဏ သွားရောက်ပူဇော်ရင်းပင် ခမည်းတော် ကွယ်လွန်သဖြင့်

http://www.dhammadownload.com



မင်း ဖြစ်သောအခါ မိမိကြံစည်ခဲ့သော အလုပ်ကိုစ,၍ လုပ်ဖို့ရာ လူကြီးများကို စည်းဝေးစေ၍ ပြောပြသည်မှာ–

ဘုရင်။ ။ လူကြီးများ ... "ကျွန်ုပ် ဘာကြောင့် ထီးနန်းကို ရတယ်"ဆိုတာ သိကြပါရဲ့လား။

လူကြီးများ။ ။ မသိကြပါ။

ဘုရင်။ ။ မကြာခဏ ပညောင်ပင်ကြီးသို့သွား၍ ပန်းနံ့သာတို့ဖြင့် ပူဇော်ပ,သ ရှိခိုးနေတာကိုတော့ မြင်ဖူးကြပါလိမ့်မယ်။

လူကြီးများ။ ။ မှန်ပါ၊ မြင်ဖူးကြပါတယ်။

ဘုရင်။ ။ ထိုအခါတုန်းက နတ်မင်းကြီးကို ရှိခိုးပြီး "ကျွန်ုပ်အားမင်းဖြစ်အောင် စောင့်ရှောက်တော်မူပါ၊ ကျွန်ုပ်မင်းဖြစ်လျှင် အရှင်နတ်မင်းအား ပူဇော်ပ,သပါမည်"ဟု ဝန်ခံခဲ့ပါတယ်။ ထိုဝန်ခံချက်အတိုင်း နတ်မင်းကို ပူဇော်ရပါမယ်၊ ထိုပူဇော်ပွဲကို အမြန်စီမံကြပါ။

လူကြီးများ။ ။ပူဇော်ဖို့ရာ ဘာများ အလိုတော်ရှိပါသလဲ။

ဘုရင်။ ။ နတ်မင်းထံဝန်ခံခဲ့တုန်းက "သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှုစသော ယုတ်မာမှုတို့ကို ပြုနေသူ လူပေါင်း တစ်ထောင်ရအောင်စု၍ ထိုသူတို့၏အသားအသွေးများဖြင့် ပူဇော်ပါမည်"ဟု ဝန်ခံခဲ့ပါတယ်။ ထို့ကြောင့်ထိုလူမျိုးကို အလိုရှိကြောင်းကို တိုင်းသူပြည်သား လူအများသိအောင် စည်လည်စေရပါမယ်၊ ထိုသူတွေကို ရမှ နတ်မင်းထံ ဝန်ခံမှု ပြီးစီးမည်ဟု ပြောပြလေသည်။

လူကြီးတို့သည် ထိုအတိုင်းကြွေးကြော်၍ ဗာရာဏသီ တစ်ပြည်လုံး စည်လည်စေရာ တစ်ယောက်တလေမျှ သူ့အသက်သတ်မှုစသည်ကို မပြုဝံ့ကြတော့သဖြင့်တစ်တိုင်းပြည်လုံးကိုယ်ကျင့်ကောင်းမွန်သူချည်းဖြစ်လျက် အေးချမ်းသာယာစွာ နေထိုင်ကြရလေသည်။ ဤသို့အားဖြင့် သတ္တဝါအများ၏ အကျိုးလိုလားမှု မေတ္တာ၊

http://www.dhammadownload.com



သနားမှုကရုဏာ၊ အမြော်အမြင်ရှိမှု ဉာဏ်ပညာ၊ နှစ်ရှည်လများ ကြိုးစားမှု (ခွဲ)ဝီရိယ၊ ထိုသို့ကြိုးစားလျှင် သတ္တဝါတို့အား အကျိုးများနိုင်သည်ဟု ယုံကြည်မှု သဒ္ဓါ၊ တည်ကြည်မှု သမာဓိ၊ မမေ့မှု သတိ၊ စိတ်ဓာတ်ကိုလှုံ့ဆော်မှု စေတနာတို့ဖြင့် လူအပေါင်း၏ ကောင်းကျိုးကို ပြုကျင့်တော်မူခဲ့ခြင်းသည် လောကတ္ထစရိယာ မည်၏။ ထိုသို့ လောကအကျိုးကိုကျင့်သော ဘဝပေါင်းလည်း အလွန် များပြားလေရကား မေတ္တာ ကရုဏာစသော စိတ်ဓာတ်သတ္တိသည် တစ်ဆင့်ထက်တစ်ဆင့် ရင့်ကာ ရင့်ကာ ကျင့်အားရှိလာလေတော့သည်။ [မဟော်သဓာဘဝ၌ မင်းအပေါင်း ချမ်းသာကြောင်း ကိစ္စတို့သည် လောကတ္ထစရိယာ ပင်တည်း။]

**ဉာတတ္ထစရိယာ**

ဤဉာတတ္ထစရိယာအခန်း၌ "ဉာတိ"ဟူရာဝယ် သွေးသားစပ်သော ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်မျှ ကိုသာ ဆိုလိုသည်မဟုတ်။ မိမိ၏အမျိုးသားတစ်စုကို "ဉာတိ" ဟုဆိုလိုသည်။ ထို့ကြောင့် အမျိုးသားအားလုံး တတ်သိလိမ္မာအောင် ပညာရေးကို အားပေးသင်ပြမှု၊ ချမ်းသာအောင် စီးပွားရေးကို အားပေးလမ်းညွှန်မှု၊ ကျန်းမာရေးကို သင်ပေးထောက်ပံ့မှု၊ အားလုံး၏ အခြေခံဖြစ်သော လွတ်လပ်ရေးကို ကြိုးစားမှုစသော တစ်မျိုးသားလုံး ကောင်းစားရေးများသည် ဉာတတ္ထစရိယာ၌ ပါဝင်ကြ၏။ [သွေးသားစပ်သော ဆွေမျိုးသားချင်း ကောင်းစားရေးကို ပြုလုပ်မှုကား သူတစ်ပါးအပေါ်၌ မထိခိုက်ပါမူ "ဉာတကာနဉ္စ သင်္ဂဟော"ဟူသော မင်္ဂလာ၌ပါဝင်၏။ သူတစ်ပါးကို ထိခိုက်စေပြီးမှ ဆွေမျိုးသားချင်း ချမ်းသာရသော အလုပ်ကား မတရားအလုပ်သာ။] ငါတို့ဘုရား အလောင်းတော်သည် ဉာတတ္ထစရိယာကို ကျင့်တော်မူရာ၌ ဆွေမျိုးသားချင်းတစ်စု ကောင်းစားမှုမဟုတ်ဘဲ အမျိုးသားအားလုံး ကောင်းစားရေးကို ပြုကျင့်တော်မူသည်။

http://www.dhammadownload.com



မဟော်သဓာဇာတ်တော်၌ လက်ထပ်ထိမ်းနန်းကို စစ်တပ်များ ဝိုင်းရံနေစဉ် သေနကစသော အမတ်ကြီးများနှင့်တကွ ဝိဒေဟရာဇ် မဟာရာဇာကို ဥမင်လိုဏ်မှ ထုတ်ခဲ့၍ ဂင်္ဂါမြစ်ကမ်း၌ ပဉ္စာလစန္ဒီနှင့် အဘိသိက်သွန်းပြီးလျှင် လှေပေါ်သို့ တင်ပြီးနောက် ကမ်းပေါ်၌ရပ်နေသော အလောင်းတော်ကို မဟာရာဇာက မိမိနှင့် အတူလိုက်ခဲ့ဖို့ရန် တိုက်တွန်းသောအခါ အောက်ပါစကားမျိုးကိုပြောသည်မှာလည်း ဉာတတ္ထစရိယာပင်တည်း။

"ခမည်းတော် မဟာရာဇာ... စစ်သည်အပေါင်း၏ခေါင်းဆောင် ဗိုလ်ချုပ်ဖြစ်သော သားတော်မှာ စစ်သည်ငယ်သားတွေကို ရန်သူတို့အကြား၌ ပစ်ထားခဲ့၍ ကိုယ်လွတ်ရုန်းသွားရိုး ထုံးစံမရှိပါ။ စစ်သည်တော်များနှင့် ကောင်းတူဆိုးဖက် နေရစ်ပါဦးမည်"။

**မဟာကပိဇာတ်၌ ဉာတတ္ထစရိယာတစ်မျိုး**

ဗုဒ္ဓအလောင်းတော်သည် မျောက်ဘဝ၌ ဖြစ်၍ ရှစ်သောင်းမျှသော မျောက်တို့၏ အကြီးအချုပ် ခေါင်းဆောင်လုပ်လျက် ဟိမဝန္တာ၌နေစဉ် ဂင်္ဂါမြစ်ကမ်း၌အလွန်ကြီးမား၍ အနံ့ အရသာနှင့် ပြည့်စုံသော သရက်ပင်တစ်ပင်ရှိလေသည်။ ထိုသရက်ပင်ကို ယခင် မျောက်တစ်စုတို့တွေ့၍ သရက်သီးများကိုစားကြစဉ် ဂင်္ဂါမြစ်ဖက်သို့ဖြာ၍ထွက်သွားသောအကိုင်းကိုကြည့်ရှုကာခေါင်းဆောင်မျောက်မင်းကြီး စဉ်းစားသည်မှာ "တစ်ချိန်ချိန်တော့ ဤ အကိုင်းမှ ကြွေကျသောအသီးကို အကြောင်းပြု၍ ငါတို့တစ်စု ဒုက္ခ ဖြစ်တော့မှာပဲ" ဤသို့စဉ်းစား၍ ထိုရေပြင်ပေါ်၌ရောက်နေသော အကိုင်းမှ အပွင့် အကင်းနှင့် အသီးအနုတွေကို အကုန်ဖျက်ဆီးခိုင်းလေသည်။

သို့သော် ပိုးအိမ်အတွင်း၌(ခါချဉ်ထုပ်အတွင်း၌)ကြွင်းကျန်နေသော အသီးနုကိုကား မည်သူမျှမသိကြချေ၊ သို့ဖြစ်၍ ထို အသီး

http://www.dhammadownload.com



သည် မှည့်ရင့်သောအခါ ကြွေကျ၍ ဂင်္ဂါမြစ်တစ်လျှောက် မျောသွားလေရာ ပိုက်ကွန်ကာ၍ ရေကစားနေသော ဘုရင်တစ်ပါး၏ပိုက်တွင် ငြိတွယ်နေသဖြင့် ဘုရင်အား ဆက်သကြလေသည်။ ရှင်ဘုရင်သည် မိမိတိုင်းပြည်က သရက်သီးများနှင့် အရသာကွာခြားသောကြောင့် မုဆိုးများကို လမ်းညွှန်ခိုင်းကာ ဂင်္ဂါမြစ်ညာသို့ ဆန်တက်လာခဲ့ကြလေရာ ထိုသရက်ပင်ကိုတွေ့၍ စားကြပြီးလျှင် သရက်ပင် အနီးမှာပင် အားလုံးနေရာပြင်၍ အိပ်စက်ကြလေသည်။

**အလောင်းတော်ကြီး စွန့်စားပုံ**

မျောက်အားလုံးတို့သည် ထိုသရက်သီးကို မစားရ မနေနိုင် လောက်အောင် မက်မောကြသဖြင့်လူအားလုံးအိပ်ပျော်ချိန်မှာ တိတ်တိတ်တက်၍ သရက်သီးကိုစားနေကြစဉ် ရှင်ဘုရင်နိုးလာသဖြင့် လူတွေကိုလည်းနှိုးကာ သရက်ပင်ကို ဝိုင်းထားလေသော် အလောင်းတော်မျောက်ကြီးသည် တုန်လှုပ်ချောက်ချား၍ ကြောက်အား ပိုနေသော မျောက်တစ်စုကိုအားပေးကာ မိမိကိုယ်တိုင် ဂင်္ဂါမြစ်၏ ဟိုဘက်ကမ်းရောက်အောင် ခုန်သွားပြီးလျှင် နွယ်တွေကို ကိုက်ဖြတ်လျက် ဆက်ကာဆက်ကာ ဒီဘက်သရက်ပင်ကို မှီလောက်ပြီ အထင်နှင့် အစတစ်ခုကို ဟိုဘက်ကမ်းရှိ သစ်ပင်ကိုချည်၊ အစ တစ်ခုကိုကား မိမိ၏ခါးကိုချည်၍ လွှားခနဲခုန်လိုက်ရာ တစ်တောင်လောက်နီးနီး တိုနေသောကြောင့် မိမိကိုယ်တိုင် သရက်ပင်ပေါ်သို့ မရောက်တော့ဘဲ သရက်ကိုင်းကြီးကို မှီရုံသာရှိလေသော် လက် နှစ်ဖက်ဖြင့် သရက်ကိုင်းကို မြဲစွာကိုင်၍ "ကိုင်း-ငါ့ကိုကြောက်ရွံ့ ရှိသေမနေကြနှင့်၊ ငါ့ကျောကိုနင်း၍ နောက်က နွယ်တန်းဖြင့် ဟိုဘက်ကမ်းသို့ ပြေးကြတော့"ဟု အချက်ပေးလေတော့သည်။ [ဤစွန့်စားခြင်းမျိုးကို သာမန် ပါရမီရှင်တို့ ပြုနိုင်ပါမည်လော။]

http://www.dhammadownload.com



**ဒေဝဒတ်အလောင်း အကြံပက်စက်ပုံ**

ထို မျောက်အပေါင်းတို့တွင် ပါဝင်နေသော ရှင်ဒေဝဒတ် အလောင်း မျောက်ကား မလွှဲသာ၍ ငယ်သားအဖြစ် နေရသော်လည်း ခေါင်းဆောင်မျောက်ကြီးကို မုန်းတီးရွံရှာလျက်ပင်၊ ထို့ကြောင့် မျောက်အားလုံး ဟိုဘက်ကမ်းရောက်သည့်တိုင်အောင် သူကိုယ်တိုင် နောက်ချန်၍ မြင့်ပေ့ဆိုသော သစ်ပင်ကိုင်းပေါ် တက်နေကာ အားလုံး အပြီးတွင် ထိုအမြင့်ဆုံးမှ ခေါင်းဆောင်မျောက်ကြီး၏ ကျောပေါ်သို့ အတင်းခုန်ချလေသည်။ ထို့နောက် အလွန် ပြင်းပြသောဝေဒနာဖြင့် သစ်ကိုင်းကို ဆွဲမြဲဆွဲထားရှာသော ခေါင်းဆောင်ကြီးကိုပင် နင်းဖြတ်ကျော်လွန်ကာဟိုဘက်ကမ်းသို့ရောက်သွားသော်လည်း ခေါင်းဆောင်မျောက်ကြီးမှာကား ထိုဒဏ်ကြောင့် အသည်းနှလုံးကွဲလျက် ကျန်ရစ်ရှာလေသည်။

**ဘုရင်က ယုယတော်မူပုံ**

ဘုရင်သည် ခေါင်းဆောင်မျောက်ကြီး၏ နွယ်တန်းလုပ်ပုံမှစ၍ နောက်ဆုံးဝေဒနာရသည့် တိုင်အောင် ငယ်သားများအတွက် အသက်ကိုစွန့်၍ ကြိုးစားပုံကို လ,ရောင်ဖြင့် မြင်ရသောကြောင့် လွန်စွာအားရခြင်းဖြစ်လေရကား ခေါင်းဆောင်မျောက်ကြီးကို သစ်ကိုင်းမှ ညှာညှာတာတာ ချယူပြီးလျှင် ကောင်းစွာပြုစု၍ အတော်ကလေး နေသာသလိုရှိသောအခါ "မိမိကိုယ်ကို တံတားခင်းပြီးလျှင် ထိုမျောက်တွေကိုကယ်ဆယ်ရာ၌ သူတို့နှင့် အသင်မျောက်မှာ ဘယ်လိုများတော်စပ်ပါသလဲ"ဟု မေးလေရာ–

"မဟာရာဇာ... ကျွန်ုပ်မှာ သူတို့၏ ခေါင်းဆောင်ဖြစ်၍ သူတို့ကား ကျွန်ုပ်နှင့်အမျိုးချင်း အရွယ်အရပ်ချင်း တူပါလျက် "အရေး ပေါ်လာလျှင် ဖေးမစောင့်ရှောက်ဖော် ရလိမ့်မည်"ဟူသော မျှော်လင့်ချက်ဖြင့် သူတို့၏အကြီးအကဲအဖြစ်၌ထားကာ အရာရာ

http://www.dhammadownload.com



အရှိအသေ ပြုလာခဲ့ကြပေသည်၊ ကျွန်ုပ်ကလည်း "အရေးပေါ် လာလျှင် အရာရာကို စောင့်ရှောက်မည်"ဟု ဝန်ခံမထားသော်လည်း ဝန်ခံသည့် အနေမျိုးဖြင့် သူတို့၏အထက်က လေးစားရိုသေမှုကို ခံနေခဲ့၏။ ယခုလို ဘေးရန်ပေါ်ပေါက်သောအခါ မစောင့်ရှောက်နိုင်ဘဲ ကိုယ်လွတ်ရုန်း၍ ပုန်းရှောင်မည်ဆိုလျှင် အဘယ်မှာ တာဝန်ကျေပါမည်နည်း၊ ယခုကား သူတို့ကို ကယ်ဆယ်လိုက်ရသဖြင့် ကျွန်ုပ်တာဝန်ကျေပါပြီ၊ ကျွန်ုပ်မှာ ရောဂါရနေသည်ကိုလည်း မပူပါ၊ သေမည့်အရေးကို တွေး၍လည်း မဆွေးပါ၊ ကျွန်ုပ်ကိုဥပမာတင်၍ အရှင်မဟာရာဇာလည်း တိုင်းသူပြည်သား လူအများတို့ကို ကြိုးစား စောင့်ရှောက်ရစ်ပါတော့"–

ဟု တရားစကားဖြင့် ပြောဆိုကာ ကွယ်လွန်ရှာလေတော့သည်။

**စေတီတော်နှင့် ဩဝါဒ**

ထို မဟာရာဇာသည် မျောက်မင်းကြီး၏ ရုပ်အလောင်းကို မင်းခမ်း မင်းနားဖြင့် သင်္ဂြိုဟ်ပြီးလျှင် ဦးခေါင်းခွံကို ရွှေချ၍ လှံဖျားပေါ်တင်ကာ ရှေ့မှာထားလျက် တိုင်းပြည်သို့ပြန်ပြီးနောက် တစ်မြို့လုံး တန်ဆာဆင်၍ ၇ ရက်တိတိ စေတီတော်ပူဇော်ပွဲ ကျင်းပကာ ထိုဦးခေါင်းခွံအရိုးစေတီကို စေတီတည်၍ မျောက်မင်း၏ ဩဝါဒ အတိုင်း တရားသဖြင့် မင်းပြုလေသည်။ ဤဝတ္ထုဝယ် အလောင်းတော်၏ အသက်စွန့်ကာ ငယ်သားတို့ကို ကယ်ဆယ်လိုက်ခြင်းသည် အမျိုးသား အားလုံး၏အကျိုးကို ကျင့်ခြင်းဟူသော ဉာတတ္ထစရိယာ ပင်တည်း။ ဤသို့ အမျိုးသားအားလုံး၏ ကောင်းစားရေးကို ပြုကျင့်ခဲ့ရာ ဘဝတွေကား အလောင်းတော်မှာ မရေမတွက်နိုင်အောင် များပြားပေသည်။

မှတ်ချက်။ ။ ပြခဲ့သော လောကတ္ထစရိယာခန်း၌ ခတ္တိယ တစ်မျိုးသာမက ခတ္တိယ, ဗြာဟ္မဏ, ဝေဿ, သုဒ္ဒဟု အမျိုးလေးပါး

http://www.dhammadownload.com



လုံး ပါဝင်သောကြောင့် ဉာတတ္ထစရိယာဟုမခေါ်ရဘဲ "လောကတ္ထစရိယာ"ဟုခေါ်ရ၏။ ဤ၌ကား မျောက်အမျိုး တစ်မျိုးသာ ဖြစ်သောကြောင့် "ဉာတတ္ထစရိယာ"ဟုခေါ်ရသည်။

## ဗုဒ္ဓတ္ထစရိယာအခန်း

**ဒါနဖြင့် လောဘပယ်ပုံ**

သိဖွယ်ဟူသမျှကို အကုန်အစင် သိမြင်နိုင်သောဉာဏ် သည်"ဗုဒ္ဓိ"မည်၏။ ထိုဉာဏ်ကိုရအောင် ကျင့်တော်မူခြင်းသည်/"ဗုဒ္ဓတ္ထစရိယာ"မည်၏။ သတ္တဝါတို့၏ အသိဉာဏ်သည် လောဘ ဒေါသစသော စိတ် အညစ်အကြေးတို့၏ရစ်မြွေးနေမှုကြောင့် သိသင့် သိထိုက်သမျှကို ပျံ့ပျံ့ပျူးပျူး ထူးထူးခြားခြား မသိမမြင်နိုင်ဘဲ ဝိုးတိုး ဝါးတား မှုလောက်သာ သိကြ မြင်ကြရ၏။ ထို့ကြောင့် တချို့အသိများလည်း အမှန်အတိုင်း မဖြစ်နိုင်တော့ဘဲ အလွဲအမှား မတရားသိတွေ ပါဝင်နေလေသည်။ လောဘ, ဒေါသ, မာနစသော စိတ်အညစ်အကြေးတွေ မကုန်သေးသမျှ အသိဉာဏ်လည်း သိဖွယ်အားလုံးကို ကုန်ဆုံးအောင် မလိုက်နိုင်သေးပါ၊ ဗုဒ္ဓရှင်တော်ကား မရေမတွက်နိုင်အောင် မြားမြောင်လှသောဘဝဝယ် တချို့ဘဝ၌ ကိုယ်ပိုင်ဖြစ်သော ပစ္စည်းများကို စွန့်ကြဲပေးကမ်း လှူဒါန်းမှု၊ မျက်စိစသော အင်္ဂါကြီးငယ်များကို လှူမှု၊ အသက်ကိုပင် စွန့်လှူမှုတို့ဖြင့် လိုချင်မက်မော လောဘဇောတွေကို နည်းသည်ထက်နည်းအောင် ပယ်ရှားတော်မူခဲ့ပါသည်။

ဝေဿန္တရာဇာတ်ဝယ် မရှိဆင်းရဲသူတို့အား စွန့်ကြဲပေး ကမ်းလှူဒါန်းရာ၌ ဤဒါနကြောင့် အလုံးစုံသိသော ဉာဏ်ကိုရဖို့ အရေးကိုသာ မျှော်တွေးတောင့်တတော်မူ၏။ လူချမ်းသာ နတ်ချမ်းသာကို

http://www.dhammadownload.com



ကား တောင့်တတော်မမူ၊ ဆက်ဦးအံ့၊ လူ, နတ်ချမ်းသာကို တောင့်တ၍ ဒါနပြုသူတို့သည် ထိုဒါနကြောင့် လူ, နတ် ချမ်း သာ ကို ရသောအခါ ထိုချမ်းသာကို ခံစားရခြင်းဖြင့် သူတို့၏ ဒါန အဟုန် ကုန်လေတော့၏။ ဗုဒ္ဓအလောင်းတော်ကား ထိုချမ်းသာကို မမှန်းသောကြောင့် ချမ်းသာမှုတွေ့သော်လည်း စည်းစိမ် ယစ်တော်မမူဘဲ တိုးတက်၍ ဒါနမှုကို သာ ပြုတော်မူ၏။ ဓနရှင် ဖြစ်လေ ဒါနရှင် ဖြစ်လေပင်တည်း။

ထို့ကြောင့် အလောင်းတော်၏ ဒါနတို့ကား အထွတ်အထိပ် ဗုဒ္ဓိဉာဏ်ရရန် အထောက်အခံများဖြစ်လာကြသည်။ ဤသို့လျှင် ဒါနဖြင့် လောဘအညစ်အကြေးကို ဘဝပေါင်းများစွာ၌ ပယ်ရှားခဲ့ရကား အလောင်းတော်၏ စိတ်အစဉ်ဝယ် လောဘအညစ်အကြေးများ တဖြည်းဖြည်း နည်းပါးသည်ထက် နည်းပါးလာခဲ့ပေသည်။

**သီလ, ခန္တီ, မေတ္တာဖြင့် ဒေါသပယ်ပုံ**

ဘုရားအလောင်းတော်သည် သူ့အသက် သတ်ခြင်း စသည်မှ ရှောင်ကြဉ်သော သီလဖြင့် လည်းကောင်း၊ သည်းခံမှု ခန္တီဖြင့် လည်းကောင်း၊ ရန်သူ၏အကျိုးကိုသော်မှ ဆောင်ရွက် နိုင်သော မေတ္တာဖြင့်လည်းကောင်း စိတ်ဆိုးတတ်သော ကောဓနှင့် သူတစ်ပါးကို ဖျက်ဆီးညှဉ်းဆဲလိုသော ဒေါသကို ပယ်ရှားခဲ့၏။ ထိုပယ်ရှားမှုလည်း တစ်ဘဝတလေသာမက မရေမတွက်နိုင်အောင် ဘဝများစွာတို့၌ ထပ်ကာ ထပ်ကာ ဖြစ်ခဲ့သဖြင့် သီလ, ခန္တီ, မေတ္တာတို့ အထုံရနေသောကြောင့် "ကောဓ, ဒေါသများ မရှိတော့"ဟု ဆိုရတော့မတတ် အလွန် နည်းပါးလာခဲ့ပေသည်။ ဤနေရာဝယ် ဝေဿန္တရာဇာတ်ကိုပင် ပြလိုပါသေး၏။ အလောင်းတော်သည် ဘိသိက်ခံပြီး ဘုရင်ဖြစ်နေသော်လည်း ပစ္စယ ဆင်ဖြူတော်လှူမှုကြောင့် တိုင်းပြည်က မကျေမနပ် ဖြစ်သောအခါ (မိမိ ကိုယ်တိုင်စစ်တပ် အပိုင်ဖြစ်ပါလျက်) အားလုံး အလိုကိုလိုက်၍တိုင်းပြည်မှထွက်ခွာတော်မူသည်မှာခန္တီပါရမီပေတည်း။

http://www.dhammadownload.com



မဒ္ဒီမိဖုရားၡ၏ ဆွေတော်မျိုးတော်များနေရာ စေတတိုင်းသို့ ရောက်သောအခါ ထီးနန်းကို အပ်ကြ၏။ ထိုအခါတိုင်းပြည် တစ်ပြည်၏ မကျေနပ်သောမင်းကို အခြားတစ်ပြည်က ထီးနန်းအပ်တယ် ဆိုလျှင် ထိုနှစ်ပြည်ထောင်ချင်း မသင့်မတင့်ဖြစ်မည်စိုး၍ ထီးနန်းကို လက်ခံတော်မမူချေ။ စေတတိုင်းသားတို့က "ခမည်းတော် သိဝိ မင်းကြီးထံ ကျေရာကျေကြောင်း တောင်းပန်သွားပါရစေ"ဟု ခွင့်တောင်းပြန်လေသည်။ "မိမိကို တိုင်းပြည်မှ ထုတ်ပယ်မှုကိစ္စ၌ ခမည်းတော်လည်း မပိုင်ရာဘူး၊ တိုင်းသူပြည်သားတွေလည်းအလွန်မကျေမချမ်းဖြစ်နေကြတယ်၊ မသွားကြပါလေနှင့်"ဟုပင် တားမြစ်တော်မူခြင်းမှာ အားလုံးအပေါ် ညာတာသော မေတ္တာတော် မဟုတ်ပါလော။ ဤသို့ ခန္တီ, မေတ္တာကို အရင်းခံ၍ တိုင်းပြည်ကပေးလိုက်သော တောနေဒဏ်ကိုသာ ကျေကျေနပ်နပ် ခံနေရရှာပါသည်။ ထိုသို့ သီလ,ခန္တီ,မေတ္တာ ပါရမီတို့ဖြင့် ကောဓ, ဒေါသကို ဘဝများစွာ ပယ်ရှားတော်မူခဲ့သောကြောင့် သူတစ်ပါးအပေါ်၌ မနာလို ဝန်တိုသော ဣဿာ, မစ္ဆရိယတို့လည်း မရှိသလောက်ပင် နည်းပါးလေတော့သည်။

**ပညာဖြင့်**
**မောဟ, ဒိဋ္ဌိ ပယ်ပုံ**

ဗုဒ္ဓအလောင်းတော်သည် ဘဝများစွာ ဝယ် ငယ်ရွယ်စဉ်ကပင် ပညာကို ကြိုးစားခဲ့၍ အရွယ်ရောက်သော အခါ၌ တပြည်းဖြည်း ပါမောက္ခဆရာကြီး ဖြစ်ရ၏။ ထိုသို့ ဆရာကြီး ဖြစ်လာသောအခါ မသိမှု မိုက်မဲမှု မောဟတို့သည် အလိုအလျောက် ပ,ပျောက် ကုန်၏။ သူ့ခေတ် သူ့အခါအလျောက် ရှေးရှေးက အစွဲအလမ်း မှားနေသော အထင်မှား အမြင်မှား မိစ္ဆာအယူ(ဒိဋ္ဌိ)များလည်း ဘဝတိုင်းမှာတွေ့ရတတ်သေး၏။ ယခုအခါတိုင်းပြည် အရပ်ရပ်၌ အယူဝါဒ အမျိုးမျိုး ရှိနေသကဲ့သို့တည်း။ ထိုအယူဝါဒ များ

http://www.dhammadownload.com



စွာတွင် တစ်မျိုးနှင့် တစ်မျိုး ဆန့်ကျင်ဘက်ဖြစ်နေသော အယူဝါဒ လည်း အများ အပြား ရှိ၏။ ထိုသို့ဆန့်ကျင်နေရာဝယ် ကေန်မုချ တစ်ခုခုတော့ လွဲရတော့ မည်သာ။ မည်သည့်အယူဝါဒပင်ဖြစ်စေ လွဲမှားသော အယူကို "မိစ္ဆာဒိဋ္ဌိ"ဟုခေါ်ရ၏။] ပညာတတ် ပါမောက္ခ ကြီးအဖြစ်သို့ ရောက်ရဖန်များသော အလောင်းဘုရားသည် မိမိ၏ တတ်သိသော ဉာဏ်ပညာကို အရင်းခံ၍ ဝေဖန်စဉ်းစား ဆင်ခြင်တုံ တရားဖြင့် ထိုမိစ္ဆာ အယူဝါဒများကို ပယ်ရှားနိုင်ခဲ့၏။ ဤသို့ ဘဝ များစွာဝယ် မိစ္ဆာအယူတွေကို ပယ်ခဲ့လှပြီဖြစ်၍ အလောင်းတော် ၏သန္တာန်၌ မသိမှု မလိမ္မာမှု မောဟနှင့် အယူအဆလွဲမှားမှု ဒိဋ္ဌိ တရားလည်း မရှိသလောက်ပင် နည်းပါးလေတော့သည်။

**ဆရာမြတ်ထံ ဆည်းကပ်၍ ဝိစိကိစ္ဆာ ပယ်ပုံ**

ဗုဒ္ဓအလောင်းတော်သည် မိမိကိုယ်တိုင် ပညာရှိ ဖြစ်နေသော်လည်း အလုံးစုံကို အကုန်သိမြင်နိုင်သော ဉာဏ်ကား (ဗုဒ္ဓ မဖြစ်သေးသမျှ မရနိုင်သေးချေ။ ထို့ကြောင့် "ရှေးရှေးက မိမိဖြစ်ခဲ့, မဖြစ်ခဲ့၊ နောက်ဘဝ၌ ဖြစ်မည်, မဖြစ်မည်၊ ကံရှိ, မရှိ၊ ကံ၏ အကျိုး ရှိ, မရှိ၊ သတ္တဝါတွေ၏ အစရှိ, မရှိ၊ ငရဲ, နတ်ပြည်, ဗြဟ္မာ့ပြည်နှင့် နိဗ္ဗာန် ဆိုတာရှိ, မရှိ၊ ခန္ဓာကိုယ်အတွင်း၌ အတ္တဟုခေါ်သော တစ် ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့လိုက်ပါနိုင်သော အသက်ကောင်, ဝိညာဉ်ကောင်ဆိုတာ ရှိ, မရှိ" ဤသို့စသော ယုံမှားစရာ တွေးစရာ တွေကိုယုံမှားနေသောဝိစိကိစ္ဆာကားမကြာခဏဖြစ်တတ်ပါသေးသည်။

ဗုဒ္ဓအလောင်းတော်သည် ရှေးရှေးဗုဒ္ဓရှင်တော်များအထံ၌ ဆည်းကပ်၍လည်းကောင်း၊ ရဟန်းပြု၍လည်းကောင်း၊ ပစ္စေကဗုဒ္ဓါ နှင့် ရဟန္တာများအထံ ချဉ်းကပ်၍ လည်းကောင်း ထို ယုံမှားဖွယ် အချက်များကို မေးမြန်းစုံစမ်း၍ ထိုယုံမှားမှုတွေကို ပယ်ဖျောက် ခဲ့ရ ၏။ ထို့ကြောင့် အလောင်းတော်၏ သန္တာန်ဝယ် ဝိစိကိစ္ဆာဟု ခေါ်ဆို

http://www.dhammadownload.com



ရသော ယုံမှားမှုများလည်း မရှိသလောက် နည်းပါးခဲ့ပေသည်။ [ဗုဒ္ဓ အလောင်းတော်သည် ရှေးရှေးဗုဒ္ဓတို့၏ အထံတော်၌ ရဟန်းပြု၍ ပိဋကတ်တော်ကို သင်ယူပို့ချနေရုံသာမက ဝိပဿနာကိုလည်း မင်္ဂ ဖိုလ်ဆိုက်လုနီးနီး အားထုတ်တော်မူခဲ့ပေသည်။]

**ရှိသေမှုဖြင့် မာန, ဥဒ္ဓစ္စ ပယ်ပုံ**

ဗုဒ္ဓအလောင်းတော်သည် ဖြစ်လေရာ ဘဝ ဝယ် ဘိုးဘွား မိဘ ဦးကြီးဦးလေး ဘကြီး ဘထွေး မိကြီး မိထွေး(အဒေါ် အရီး) အစ်ကို အစ်မ စသူတို့ကိုလည်းကောင်း၊ ဆွေမျိုး မဟုတ်သော်လည်း အကျင့်သိက္ခာနှင့်ပြည့်စုံသောပညာရှိသူတော်ကောင်းတို့ကိုလည်းကောင်း ရှိခိုးဝပ်ချ၏။ မြတ်နိုးကော်ရော် ပူဇော် လုပ်ကျွေး၏။ နေရာဖယ်ပေး၏။ လမ်းဆုံနေပြန်လျှင် ရှောင်ပေး၏။ လာသည်ကို မြင်လျှင် နေရာမှ ထ,ပေး၏။ ခရီးဦးကြိုပြု၏။ ဤသို့လူကြီးသူမများကို လေးစားမှုဖြင့် မိမိမှာရှိနေသော မာန်မာနကိုလည်း ပယ်ရှားခဲ့သည်။ ထိုထိုကိစ္စတို့၌ မလေးမစား ပေါ့ဆဆ လုပ်တတ်သော ဥဒ္ဓစ္စခေါ် စိတ်မငြိမ်သက်မှု မတည်ကြည်မှုကိုလည်း ပယ်ရှားခဲ့၏။ ထိုသို့သောနည်းဖြင့် ဘဝများစွာ၌ ပယ်ရှားရဖန်များသောကြောင့် မာန, ဥဒ္ဓစ္စတို့ နည်းပါးခဲ့ကြလေပြီ။

**တောထွက်မှုဖြင့် ကာမစိတ်ကို ပယ်ပုံ**

ဗုဒ္ဓအလောင်းသည်သာမန်လူတန်းစား ဘဝဖြစ်စေ၊ ဘုရင် ဘဝဖြစ်စေ များစွာသော ဘဝတို့၌ သားမယားကို လည်းကောင်း၊ မိဖုရားရတနာနှင့်တကွ မောင်းမမိဿံ အခြွေအရံ ကိုလည်းကောင်း စွန့်ခွာ၍ တောထွက်ပြီးကာ ရသေ့အဖြစ်ဖြင့် ကျင့်တော်မူ၏။ ထိုသို့ ကျင့်ရာ၌ ပဌမဈာန်ရအပ်သော ဈာန်သည်ပင် ကာမစိတ်ဓာတ်ကိုပယ်ခွါနိုင်၏။ ထပ်၍ထပ်၍ ရအပ်သော အထက်ဈာန်တို့၌ကား ဆိုဖွယ်ရာ မရှိပြီ။ ဤသို့ တောထွက်မှုဖြင့် ကာမ

http://www.dhammadownload.com



စိတ်ဓာတ်ကို ဘဝများစွာ ပယ်ခွာတော်မူခဲ့ရကား အလောင်းတော်မြတ်၏ စိတ်ဓာတ်အစဉ်မှာ မာတုဂါမတို့၌ တွယ်တာမက်မော လှသည်ဟု မရှိတော့ချေ။ တစ်ခုသောဘဝ၌ကား သူဌေးအဖြစ်မှ ရသေ့ပြုသွားလေရာ သူဌေးကတော်လေးသည် ရသေ့မ လုပ်၍ လိုက်လာ၏။ အခါတစ်ပါး၌ ရှင်ဘုရင်၏ ဥယျာဉ်ဝယ် နေကြစဉ် ဘုရင်က ကျယ်ဝန်းသောမျက်လုံးဖြင့်ခပ်ပြုံးပြုံးနေလေ့ရှိသောထိုရသေ့မကလေးကို အလောင်းတော်ရသေ့၏ ရှေ့မှာပင် အတင်းခေါ်၍ နန်းတော်သို့ ဆောင်သွားဖူး၏။ အလောင်းတော်ရသေ့သည် ဒေါသ မထွက်အောင် စိတ်စက်ကိုချုပ်တည်းနိုင်လေသည်။ [ရသေ့မကလေးကိုကား ဘုရင့်အလိုမလိုက်သောကြောင့် ပြန်၍ပို့ရ၏။] ထိုရသေ့မကလေးသည်ပင် ဝမ်း သွေးရောဂါဖြင့် ရသေ့၏အနားမှာပင် သေဆုံးရှာ၏။ တွေ့သူတိုင်း ဝိုင်း၍ ငိုကြ၏။ ရသေ့ကား ဆွမ်းစားမြဲ စားနေလေသည်။

ဤသို့လျှင် ဘဝများစွာ၌ ကာမစိတ်ဓာတ်ကို ချိုးနှိမ်ပြီး ဖြစ်ရကား မာတုဂါမတို့နှင့်စပ်၍ တုန်လှုပ်သောစိတ်များ မရှိသလောက် နည်းပါးခဲ့လေပြီ။ [ကုသမင်းဘဝ၌မူ မိမိကို မကြည်ဖြူနိုင်ဘူး ဆိုသောကြောင့် မရတာကိုမှ ရအောင် ကြံဆောင်ပြခြင်းသာ ဖြစ်ရာ၏။ ထိုသို့ကြံရာမှာပင် ပဘာဝတီတို့ထက် အရာရာ သာနေသော စစ်သည် ဗိုလ်ပါအာဏာတွေကို အသုံးမပြုဘဲ ပဘာဝတီ၏ စိတ်ကို မထိခိုက်စေရန် အနုနည်းဖြင့် ကိုယ့်ကိုယ်ကို အနစ်နာခံ၍ ကြံတော်မူရှာပေသည်။]

**အားလုံးအကျင့်များ ဗုဒ္ဓတ္တစရိယာချည်း**

ဗုဒ္ဓအလောင်းတော်သည် ဒါနပါရမီ စသည်ဖြင့် လောဘ စသော စိတ်ညစ်စိတ်ယုတ်တွေကို ပယ်ရှားသာ မကသေးပါ။ သစ္စာပါရမီဖြင့် မဟုတ်မတရား မုသားပြောဆိုမှုကို လည်းကောင်း၊

http://www.dhammadownload.com



ဝီရိယပါရမီဖြင့် ပျင်းရိထိုင်းမှိုင်းမှုကိုလည်းကောင်း ပယ်ရှားတော်မူသေး၏။ ထို့ကြောင့် အလောင်းတော်မြတ်၏ တစ်ကိုယ်လုံးသည် ဖျတ်လတ်သွက်လက် ထက်မြက်လျင်မြန်သော ဝီရိယတုံးကြီးလည်း ဖြစ်နေတော်မူ၏။ မိမိကိုယ်ဖြင့် ပြုလုပ်နိုင်သော အရာကိုသာ ပြောဆိုတတ်သဖြင့် အများ၏ယုံကြည်စရာ သစ္စာတုံးလည်း ဖြစ်နေပေသည်။

ထိုသို့လောဘစသော စိတ်လေ စိတ်မွှား စိတ်ညစ်များကို ဒါနပါရမီစသည်ဖြင့် ပယ်ရှားတော်မူလေ့ရှိရကား စိတ်ဓာတ်တော် အစဉ်လည်း ခရုသင်းကိုပွတ်ထားသကဲ့သို့ ဖြူစင်လှပေသည်။ [ဤ နေရာ၀ယ် ဘုရားမဖြစ်သေးသော အလောင်းတော်မြတ်၏ စိတ်ဓာတ် ကိုမှန်း၍ ကြည့်လိုက်ကြပါကုန်။] ထိုသို့ပြုကျင့်တော်မူခြင်းသည် တစ်ဘ၀ တစ်ခါ ခံစားစံစားဖို့ရာလည်းမဟုတ်၊ နောက်နောက်ဘ၀၌ လူနတ်စည်းစိမ်ဖြင့် မြိန်မြိန်ကြီးနေလို၍လည်း မဟုတ်၊ သတ္တဝါတို့အား အမှန်ဆုံးတရားကို ဟောပြလိုသောကြောင့် ကိုယ်တော်တိုင် အထက်မြက်ဆုံးအသိဉာဏ်ကိုရဖို့ရာကြိုးစားတော်မူခြင်းဖြစ်ပါသည်။

**ခေတ်ပညာရှိများ ဆရာ့နည်းထက်သာပုံ**

ယခုခေတ်သည်လောကီပညာကိုအထူး လိုက်စားသော ခေတ်ဖြစ်၏၊ ထိုသို့ လိုက်စားသည့်အားလျော်စွာ တိုင်းပြည် အရပ်ရပ်၌ လောကဓာတ်ပညာ၀ယ် သူ့ထက်သူ လူစွမ်းကောင်းတွေ များစွာ ထွန်းကားပေ၏။ ထိုသူတို့သည် အခြေခံပညာများကို ထိုထို ဆရာ့အထံမှ သင်ယူစဉ်အခါက မူလတန်းမှစ၍ တစ်တန်းထက် တစ်တန်း တစ်ဆင့်ထက်တစ်ဆင့် အသိဉာဏ်ရင့်ကာ ဆရာနည်းခံ၍ ရနိုင်သော တပည့်ပညာများ ကုန်ဆုံးသောအခါ မိမိကိုယ်တိုင် ထိုးထွင်းဉာဏ်ဖြင့် ဘိုးတက်ကြံစည်ပြန်ရာ သဘာဝဓမ္မဆိုင်ရာ လောကဓာတ်ဆိုင်ရာ၀ယ် တပည့်တုန်းက ပညာနှင့် လုံးလုံးမတူသော၊

http://www.dhammadownload.com



သို့မဟုတ် အဆင့်အတန်းကွာခြားသော အသိအမြင်တို့ကို ရကြ၍ တချို့က လေယာဉ်ပျံ၊ တချို့က ဝိုင်ယာလက်၊ တချို့က အသံဖမ်းစက်၊ တချို့က အဏုမြူဗုံး စသည်ဖြင့် မီးခိုးမဆုံး မိုးမဆုံးအောင် အထူးအဆန်း အံ့မခန်းတွေ ပြုလုပ်ပြသနိုင်ကြပေသည်။ ထိုကဲ့သို့ ခေတ်ပညာရှိများ အသိဉာဏ်ထက်မြက်မှု(အကြံကောင်းမှု)သည် ယခုတစ်ဘဝမှ လတ်တလော ကြိုးစား၍ ဖြစ်ခြင်းမဟုတ်၊ ရှေးရှေးဘဝကပင် ဉာဏ်ပညာထက်မြက်အောင် ကုသိုလ်ကောင်းမှုကို ပြုခဲ့သောကြောင့်သာ အမိဝမ်းဝယ် နုနုနယ်နယ်အရွယ်ကစ၍ ဉာဏ်ကြီးစေနိုင်သော မျိုးစေ့ဓာတ်များ စွဲကပ်ပါလာခြင်း ဖြစ်ပါသည်။

**အလောင်းတော်၏ ဉာဏ်ဓာတ်**

ဘုန်းကြီးတို့၏ ဗုဒ္ဓအလောင်းတော်သည်လည်း အထွတ်အထိပ်အသိဉာဏ်ကို ရဖို့ရန် ကမ္ဘာပေါင်းများစွာတို့ဝယ် အသိဉာဏ်ကို မသန့်ရှင်းအောင် မွေးယုက် ဖုံးကွယ်တတ်သော လောဘ ဒေါသ စသည်ကို ဒါနပါရမီစသည်ဖြင့် ပယ်ရှားခဲ့လေရာ တဖြည်းဖြည်း တစ်ကမ္ဘာထက် တစ်ကမ္ဘာ တစ်ဘဝထက် တစ်ဘဝ အသိဉာဏ် သန့်ရှင်းစင်ကြယ်ကာ ရင့်၍ ရင့်၍သာ လာခဲ့ပေသည်။ ပြုပြုခဲ့သမျှ ဒါန, သီလ အစရှိသော ကောင်းမှုအထူးတို့လည်း အလွန့်အလွန်များပြားလှသဖြင့် တစ်ဘဝတစ်ခါအကျိုးပေး၍ မကုန်နိုင်ဘဲ နောက်ဆုံးဘဝ သဗ္ဗညုတဉာဏ် ရချိန်တန်မှ အားလုံးစုံ စုပေါင်း၍ အကောင်းဆုံး အကျိုးပေးဖို့ရာ အားခဲနေကြသကဲ့သို့ ရှိလေသည်။ ထို့ကြောင့် နောက်ဆုံး သိဒ္ဓတ္ထမင်းသားဘဝ၌ စဉ်းစားဉာဏ် စိတ်ကူးဉာဏ်တို့၏ အခြေခံ ဉာဏ်မျိုးစေ့သည် သူတစ်ပါးနှင့်မတူအောင် ထက်သန် ထူးခြားစွာ ပါလာ၏။ "အိုမှု, နာမှု, သေမှုဆိုတာမျိုးရှိလျှင် မအို, မနာ, မသေမှုဆိုတာလည်း ရှိရမည်"စသော အထူးအဆန်း စိတ်ကူးဉာဏ်တွေသည် တွေးရင်းတွေးရင်း ကြံစည်စဉ်းစားရင်း ပေါ်

http://www.dhammadownload.com



ပေါက်လာ၏။ သို့ဖြစ်၍ ထီးနှင့်နန်းနှင့် ယသော်ဓရာနှင့်အတူ မနေချင်စိတ်တွေ အလိုလိုဖြစ်ပေါ်လာရကား မအို, မနာ, မသေနည်းကို ရှာလိုသော စိတ်တွေ တရိပ်ရိပ်နှင့် ဒီဂရီတက်သလို တိုးတက်နေလေတော့သည်။

**တောထွက်၍ ပညာရှာပုံ**

ထိုသို့တိုးတက်လျက်ရှိရကား သက်တော် ၂၉ နှစ်အရွယ် ရောက်သောအခါ ညဥ့်သန်းခေါင်အချိန်မှာ ထီးနန်းကို စွန့်ခွာတော်မူပြီးနောက် အရေးတကြီး အသိဉာဏ်အထူးကို ရချင်လှသောကြောင့် ဆရာကောင်းများကို စုံစမ်းရှာဖွေရာ ထိုခေတ်က လောကီချာန် အဘိညာဉ်ဖြင့် တင်းတိမ် နေကြသော ရသေ့တို့တွင် အပါအဝင်ဖြစ်သော အာဠာရ ရသေ့နှင့်တွေ့၍ ဆရာနည်းခံယူလေသည်။ ထိုအခါ ဆရာကြီးမှာသာ သဒ္ဓါ, ပညာ ရှိသည်မဟုတ်၊ ငါ့မှာလည်း သဒ္ဓါ, ပညာရှိ၏။ ထို့ကြောင့် ဆရာကြီး ရသော တရားကို ငါလည်းရ အောင်ကြိုးစားမည်ဟု အပူတပြင်းကြိုးစားလေသည်။ ထိုအခါ ဈာန် သမာပတ်ရှစ်ပါးတွင် သတ္တမသမာပတ်အထိသာ ထိုဆရာကြီး ပြနိုင်၍ ရည်ရွယ်အပ်သော အသိဉာဏ်အထူး ပေါ်လာအောင် မပြနိုင်ချေ။ ဥဒကရသေ့ဆရာကြီးထံ နည်းခံရာ၌လည်း အဋ္ဌမမြောက်သမာပတ် တစ်မျိုးကိုသာ အပိုရခဲ့၍ ထိုဆရာကြီးတို့ထံမှ ထွက်ခွာပြီးလျှင် တစ်ပါးတည်း ထင်ရာမြင်ရာကို ကြိုးစားတော်မူလေရာ ၆ နှစ်လောက်နီးနီး ခရီးမရောက်ခဲ့ပါ။

**လမ်းမှားကိုလိုက်မိပြီးမှ လမ်းမှန်ကိုတွေ့ရပုံ**

(ရှေးကျသော ဗုဒ္ဓဘာသာဝင်များကို အားမနာတမ်း ပြောရလျှင်) ဘုန်းကြီးတို့၏ အလောင်းတော်မြတ်သည် ထို ၆ နှစ်နီးနီးမှာ လမ်းအမှားကြီးမှားနေခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဖြစ်ပြီးနောက် မကြာခင်(ပထမသတ္တာဟ၌ပင်) "မုတ္တောဝတမိ

http://www.dhammadownload.com



တာယအနတ္တသံဟိတာယ ဒုက္ကရကာရိကာယ= ၆ နှစ်ပတ်လုံး အကျိုးမရှိသော ထိုဒုက္ကရစရိယာအကျင့်မှလွတ်ခဲ့ရပေပြီ”ဟု ထို ၆ နှစ်အတွင်းက မှားယွင်းခဲ့သော အကျင့်များကို ပြန်၍ တွေးတောမိပါလေသည်။ ထိုသို့ ၆ နှစ်နီးနီး ခရီးမရောက်ဘဲရှိပြီးမှ လမ်းမှန်ကို ရ၍ တရားအားထုတ်တော်မူလေရာ ကဆုန်လပြည့်နေ့ ရောက်သော အခါ နံနက်စောစောကပင် သေနာနိဂုံးသူ “သုဇာတာ”မည်သော သူဌေးကတော်လေး၏ဃနာနို့ဆွမ်းကို ၄၉ လုတ်မျှ ဘုဉ်းပေးတော်မူ၏။[လက်ဖြင့်ကိုင်၍ရလောက်အောင် ခပ်ပျစ်ပျစ်နို့ဆွမ်းကို “ဃနာနို့ဆွမ်း” ဟု ခေါ်၏။ ဃန=ပျစ်သည်။]

**ဗောဓိပင်သို့ ကြွတော်မူခြင်း**

ထို့နောက် နေရဉ္ဇရာမြစ်၌ ရေသုံးသပ်တော်မူ၍ ထိုမြစ်၏ အနီးဖြစ်သော တောဝယ် နေ့အဖို့၌ သီတင်းသုံးတော်မူသည်။ ထို့နောက် ညနေချိန်ရောက်သောအခါ ဗောဓိညောင်ပင်ရှိရာသို့ ကြွတော်မူပြီးလျှင် စိမ်းစိုသောမြက်များကိုခင်း၍ ညောင်ပင်ရင်း၌ထိုင်နေတော်မူကာ ပလ္လင်ကိုလုလာသော မာရ်နတ်ကို မေတ္တာဓာတ်ဖြင့် နှိမ်နင်း၍ တစ်နေ့လုံးစဉ်းစားတော်မူခဲ့ရင်း တရားကိုသာ ဆက်လက်စဉ်းစားနေတော်မူလေသည်။ [ညောင်ပင်အောက်၌ ထိုအချိန် ထိုင်နေတော်မူခြင်းကား “အရိုးအကြောအရေမျှသာကျန်၍ အသားအသွေးတွေ ခြောက်သွားတန်လျှင် သွားပေစေတော့၊ ဗုဒ္ဓအဖြစ် မရောက်သမျှ ဤထိုင်နေခြင်းမှ မထတော့အံ့”ဟု အလွန်ထက်သန်သော ဖွဲ့ဖြင့် အကြိတ်အနယ်ကြိုးစားဖို့ရန် ဓိဋ္ဌာန်လျက်ထိုင်နေတော်မူခြင်းဖြစ်သည်။]

**ရှေးဖြစ်ဟောင်း အောက်မေ့တော်မူနိုင်ပုံ**

ထိုသို့ထိုင်၍ တရားကို ဆက်လက်စဉ်းစား အားထုတ်တော်မူစဉ် စိတ်အစဉ်သည် တရားအာရုံတို့၌ စူးစိုက်တည်မြဲ

http://www.dhammadownload.com



လျက်ရှိ၏။ ကိလေသာအနှောက်အယှက်တို့မှ ကင်းဝေးရကား အလွန် စင်ကြယ်သန့်ရှင်းသော စိတ်အစဉ်သာဖြစ်နေတော့၏။ ဈာန် သမာပတ် ရိုးရိုးကား စောစောကပင်ရရှိပြီးဖြစ်၏။ ထို့ထက်တိုးတက်၍ ရှေးဖြစ်ဟောင်းကို ပြန်ပြောင်း သိမြင်လိုသောဆန္ဒဖြင့် ရှေးရှေး ဖြစ်ခဲ့ သမျှ ဘဝများစွာတို့ကို မှန်း၍ မှန်း၍ စဉ်းစားလေရာ ညဥ့်ဆယ်နာရီ အတွင်းလောက်မှာ ရှေးရှေး ကမ္ဘာ များစွာတို့၌ ဖြစ်ခဲ့ပျက်ခဲ့ နေထိုင် တွေ့ကြုံခဲ့ရသော အကြောင်းအရာကို ကောင်းစွာ သိနိုင်မြင်နိုင်သော အသိဉာဏ်တစ်မျိုး ဖြစ်ပေါ်လာပေသည်။ ["ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်"ဟုခေါ်၏။]

**ထိုဉာဏ်ဓာတ်၏ အစွမ်း**

ထိုဉာဏ်ဓာတ်၏ အစွမ်းဖြင့် အဖြစ်ဟောင်း တို့ကို ပြန်ပြောင်း ကြည့်ရှုသောအခါ ဘဝတစ်ခု အသစ်ဖြစ်ရာ၌ ကိုယ်ခန္ဓာ ဟူသောရုပ်တရားနှင့် စိတ်ဝိညာဉ် ကြီးမှူးနေသောနာမ်တရားစုကိုသာ တွေ့ရ၏။ စုတေ သေကြေရာ၌လည်း ထိုထိုနာမ်တရားစုနှင့် ရုပ်တရားစုတို့ ချုပ်ပျက် မှုကိုသာ တွေ့ရ၏။ ဤသို့ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သော အခါ သတ္တဝါဖြစ်အောင် တစ်စုံတစ်ယောက်မျှ ဖန်ဆင်းနိုင်သူမရှိဟု လည်း ပိုင်ပိုင်နိုင်နိုင် သိမြင်လာတော့၏။ ခန္ဓာကိုယ်အတွင်း၌ အတ္တ (အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်ဟု ကြံကြံစည်စည် ပြောဆိုနေကြသော အကောင်အထည်)လည်းမရှိဟု ထိထိမိမိ သိရှိ လာ၏။ "သတ္တဝါဟူသမျှ တစ်ဘဝ အပြီးသတ်လျှင် နောက်ထပ် မဆက်တော့ဘဲ ပြတ်စဲပြီးဆုံး၏"ဟု အယူမှားသော "ဥစ္ဆေဒ ဒိဋ္ဌိ" အယူမှားနှင့် "သတ္တဝါတစ်ယောက် အဆက် မရှိဘဲ အသစ်ပေါ်လာ သည်"ဟု ယူမှားသော "နဝသတ္တ ပါတုဘာဝ ဒိဋ္ဌိ"ခေါ် အယူမှား လည်း ကင်းရှင်းသွားလေပြီ။

http://www.dhammadownload.com



**ဒိဗ္ဗစက္ခုဉာဏ်ရတော်မူပုံ**

အလောင်းတော်သည် ကိုယ်တော်မြတ်၏ အဖြစ်ဟောင်းတွေကို သိမြင်နိုင်ပြီးနောက် ၁၀ နာရီကျော် လောက်မှစ၍ သတ္တဝါများ၏ အရေးကို ဆက်လက်၍ တွေးတော စဉ်းစားပြန်ရာ သန်းခေါင်ကျော် နာရီပြန် ၁ ချက် ၂ ချက် အတွင်းလောက်အချိန်မှာ လူ့ပြည် နတ်ပြည် နှင့် ဗြဟ္မာ့ပြည်တို့၌ ချမ်းသာသုခ ရရှိနေကြသော သတ္တဝါ တို့ကို လည်းကောင်း၊ ငရဲ, ပြိတ္တာ, တိရစ္ဆာန်ဘဝနှင့်လူ့ဘဝအောက်တန်း၌ ဆင်းရဲဒုက္ခခံနေရသော သတ္တဝါတို့ကိုလည်းကောင်း မျက်ဝါးထင်ထင် မြင်ရသကဲ့သို့ မြင်နိုင်သော "ဒိဗ္ဗစက္ခု"ခေါ် အသိဉာဏ်ကို ရတော်မူ၏။

ထို့နောက် "ဒုက္ခိတ-သတ္တဝါတွေသည် ဘာ့ကြောင့် ဤကဲ့သို့ ဆင်းရဲစွာနေကြရပါလိမ့်မည်နည်း၊ လူ့အထက်တန်းစားနှင့် နတ်ဗြဟ္မာများကား ဘာ့ကြောင့် ချမ်းသာကို ရရှိကြပါလိမ့်နည်း"ဟု ဆက်လက် စဉ်းစားတော်မူရာ ကိုယ်စီကိုယ်င သူတို့ပြုခဲ့ကြသော အကုသိုလ်နှင့်ကုသိုလ်ကံများကို တွေ့မြင်တော်မူလေသည်။ ဤသို့ သိနိုင်သောဉာဏ်ကို "ယထာ ကမ္မူပဂဉာဏ်"ဟုခေါ်၏။ ဤသို့မြင်ရလျှင်ပင် အားလုံးသတ္တဝါတွေကို မကောင်းမှုဟူသမျှ မပြုကြဖို့ရန်နှင့် ကောင်းမှုဟူသမျှတို့ကို ပြုကြဖို့ရန် အလွန်ဟောပြောချင်စိတ်တွေ ယိုဖိတ်မတတ်ရှိပေလိမ့်မည်။

**ထိုဉာဏ် ၂ ပါး၏ စွမ်းအား**

ထိုသို့ ဒိဗ္ဗစက္ခုဉာဏ်နှင့် ယထာကမ္မူပဂ ဉာဏ်တော်ကို ရသည့်အခါ သတ္တဝါတွေကို မည်သူကမျှ ဖန်ဆင်းထားသည် မဟုတ်၊ ကိုယ့်ကံကြောင့် ကိုယ်ဖြစ်သည်ဟုရှင်းလင်းစွာသိတော်မူရကား"သတ္တဝါတစ်ယောက်သေလျှင် သူ့အတွက် အဆက်ပြတ်၍ (ဖန်ဆင်းလိုက်မှုကြောင့်) အသစ်သတ္တဝါတစ်မျိုးဖြစ်ရသည်"ဟု ယူမှားသော ဥစ္ဆေဒဒိဋ္ဌိနှင့် နဝသတ္တပါတုဘာဝဒိဋ္ဌိလည်း ပုဗ္ဗေနိဝါသဉာဏ်ရစဉ်က ရှင်းလင်းပြီး အပေါ်

http://www.dhammadownload.com



မှာ သာ၍သန့်ရှင်းလာလေတော့၏။ [နဝသတ္တ= အသစ် သတ္တဝါ၏ +ပါတုဘာဝ=ထင်ရှားပေါ်လာခြင်း။] ကံနှင့် ကံ၏အကျိုး (ခံရ စံရပုံတွေ)ကို မျက်ဝါးထင်ထင် တွေ့မြင်ရကား သတ္တဝါတို့၏ သန္တာန်မှာ မိမိပြုထားသော ကံသာ သွားလေရာလိုက်ပါသော ကိုယ်ပိုင်ဥစ္စာ ရှိကြပေသည်ဟု သိမြင်သော "ကမ္မဿကတာဉာဏ်" ခေါ် အယူမှန် သမ္မာဒိဋ္ဌိသည် အငြိအကပ်မရှိ ရှင်းလင်းပေတော့၏။[ ကမ္မ =ကံ+ သကတာ=ကိုယ့်ဥစ္စာရှိသူ၏အဖြစ်ဟု+ဉာဏ=သိခြင်း]

ထို့ပြင် တဏှာမကင်းသေးသမျှ တစ်ဘဝအဆုံးတွင် ထိုထိုဘဝ၌ စိတ်ညွတ်မှုဖြစ်နေရကား "ထိုတဏှာ၏ ကိုင်းညွတ်မှုကြောင့် ပြုခဲ့သမျှကံသည် ဘဝအသစ်၌ ရုပ်နာမ်ကို ဖြစ်စေရပြန်သည်" ဟုလည်း သိမြင်ရကား"ဘဝအသစ်တစ်ခုဖြစ်ဖို့အရေး၌၊ တဏှာနှင့်ကံသည် အရေးကြီးသောတာဝန်ခံများဖြစ်ပေ၏"ဟု သိရှိသည့်ပြင် "ထိုတဏှာမရှိလျှင်ဘဝအသစ်လည်းမဖြစ်နိုင်တော့"ဟုသိမြင်လာပေသည်။

**အနိစ္စ, ဒုက္ခ, အနတ္တဟု ဆက်လက်ရှုပုံ**

ထို့နောက် ကိုယ်တော်သန္တာန်၌ရှိသော ရုပ်နှင့် နာမ် တရားစု၏ (အများ ထင်သလို အကြာကြီးမတည်တံ့ဘဲ) ဖြစ်ပြီးလျှင် ပြီးချင်း ပျက်စီးရပုံအခြင်းအရာ အနိစ္စလက္ခဏာကို ထပ်ကာထပ်ကာရှုလျက် "အားလုံးရုပ်နာမ်တွေသည် အမြဲမရှိ၊ အမြဲမရှိ၊ အမြဲမရှိ=အနိစ္စ၊ အနိစ္စ၊ အနိစ္စချည်းပါတကား"ဟု စဉ်းစားနေသော ဝိပဿနာဉာဏ်သည် လည်းကောင်း၊

ဤရုပ်နာမ်ခန္ဓာကိုယ်ရှိနေသမျှ ဖြစ်ရပျက်ရခြင်းဟူသော သင်္ခါရဒုက္ခနှင့်တကွ အိုရ နာရ သေရခြင်းဒုက္ခမှစ၍ အမျိုးမျိုးသော ကိုယ်ဒုက္ခစိတ်ဒုက္ခတွေကိုခံရမည်သာဖြစ်သောကြောင့်"အားလုံးသော ရုပ်နာမ်တွေသည် ဒုက္ခဖြစ်ဖို့အကြောင်း ဒုက္ခလောင်းကြီးပါတကား" ဟု စဉ်းစားနေသော ဝိပဿနာဉာဏ်သည် လည်းကောင်း၊ ရုပ်နာမ်

http://www.dhammadownload.com



ခန္ဓာ အတွင်း၌ မိမိအလိုကျ စီမံနိုင်သော "အတ္တ" ခေါ် အသက်ကောင်, ဝိညာဉ်ကောင် မရှိ၊ ရုပ်နာမ်ကို ဖယ်ထားလိုက်လျှင် "မိမိ=ငါ=သူ"ဟုခေါ်ရသောအရာသည်ပင် မရှိ၊ "အားလုံး ရုပ်နာမ်ခန္ဓာတွေသည် အတ္တလည်း မဟုတ်၊ အတ္တလည်း မရှိ= အနတ္တ, အနတ္တချည်းပါတကား"ဟုစဉ်းစားသိမြင်သောဝိပဿနာဉာဏ်သည်လည်းကောင်း၊ ဆက်၍ဆက်၍ တစ်မျိုးပြီးတစ်မျိုး ဖြစ်နေလေရာခန္ဓာကိုယ်၌ နှစ်သက်တွယ်တာနေကျဖြစ်သော တဏှာသည် နည်း၍ နည်း၍ လာလေတော့၏။ ဖြစ်မြဲဖြစ်နေသော ဉာဏ်အစဉ်လည်း ထိုအနိစ္စ, ဒုက္ခ, အနတ္တ ရုပ်နာမ်ခန္ဓာ၌ ငြီးငွေ့စရာ ကြောက်စရာနှင့် အပြစ်တွေကိုသာ မြင်နေလေတော့သည်။

**ဗုဒ္ဓဖြစ်တော်မူပုံ** ထိုသို့မြင်သဖြင့် ရုပ်နာမ်ခန္ဓာမှ လွတ်လပ်ခြင်းကို လွန်စွာလိုလားနေရကား ရုပ်နာမ်ခန္ဓာကိုစိတ်ဖြင့် အာရုံမပြုဘဲ ရုပ်နာမ်နှင့် တစ်ဖက်တစ်လမ်းဖြစ်သော နိစ္စသုခဓာတ်ကို စမ်းသပ်ရှာဖွေလေရာ မြင်တော့မလို မြင်တော့မလိုနှင့် အတော်ကြီးကြာမှ အမှန် မြင်သော စိတ်အစဉ်တစ်မျိုးသည် ထင်ရှားပေါ်လာ၏။ စိတ်ဓာတ်ကား အေးသွားသလိုဖြစ်၏။ သောတာပတ္တိမဂ်ဉာဏ် ပေါ်လာသည်ဟုဆိုလိုသည်။ စိတ်ဓာတ်၌ ငြိကပ်ပါလာသော ကိလေသာဓာတ်ခိုးဓာတ်ငွေ့များသည် ထိုခဏ၌ အတော်ရှင်းသွား၏၊ လုံးလုံးကား မကုန်သေး။ ထို့နောက် တစ်ဆက်တည်းလောက်ပင်အလွန်လျင်မြန်စွာနိစ္စသုခဖြစ်သော(နိဗ္ဗာန်)ဓာတ်တစ်မျိုးကို ထပ်၍ ထပ်၍ မြင်သောဉာဏ်များ ပေါ်လာ၏။ စိတ်အစဉ်ကား အေး၍ အေး၍ သွားတော့၏။ ကိလေသာ ဓာတ်ပူဓာတ်ခိုးတို့လည်း တိုး၍ တိုး၍ ကုန်ခန်း သွားလေရာ နောက်ဆုံး အရဟတ္တမဂ်ဉာဏ် ပေါ်လာသောအခါ ကိလေသာ အနောက်အကျူ အပူ အခိုးအငွေ့ဟူသမျှ လုံးဝကင်းစင်၍ စိတ်အစဉ်လည်း သန့်ရှင်းအေးမြစွာ အရာ

http://www.dhammadownload.com



ရာဝယ် ဘာမဆိုသိနိုင်သော "သဗ္ဗညုတာ"ခေါ်ထူးခြားသော ဉာဏ်တော်ကိုလည်း ရတော်မူသည်။

**သဗ္ဗညုတာဉာဏ်စွမ်း** ထိုဉာဏ်တော်ဖြင့် အလုံးစုံကိုလည်း သိတော်မူ၏။ သိတိုင်းသိတိုင်းလည်း အမှားမရှိ အမှန်ကိုချည်း သိတော်မူ၏။ လောကီဈာန်သမာပတ်ကို ရ စဉ်က အာဠာရ ရသေ့နှင့် ဥဒကရသေ့တို့အထံ နည်းခံခဲ့ရသေးသော်လည်း ကိလေသာစာတ်တွေကို လုံးဝကင်းရှင်းစေ၍ စိတ်အစဉ် အထူးသန့်ရှင်းစွာဖြင့် အရာရာအကုန်သိအောင်ကား ဘဝပေါင်း များစွာက ထိုသဗ္ဗညုတာဉာဏ်ကို ရဖို့ရန်မှန်း၍ ကြိုးစားတော်မူခဲ့သော ပါရမီတော်များ၏ ထောက်ခံချက်ဖြင့် သဗ္ဗညုတာဉာဏ်ကို မရသမျှ ထိုင်နေရာမှ မထတော့အံ့ဟု ဖွဲသန်သန်အားထုတ်မှုကြောင့် ရတော်မူခြင်းဖြစ်ရကား ထိုသဗ္ဗညုတာဉာဏ်ရဖို့အရေး၌ ဆရာမရှိဘဲ ကိုယ်တော်၏အစွမ်းသက်သက်ဖြင့် ရတော်မူခြင်းဖြစ်သည်။

[သဗ္ဗ=အလုံးစုံကို+ညု=သိသောပုဂ္ဂိုလ်၏+တာ=ဖြစ်ကြောင်းဉာဏ်] ထိုဉာဏ်တော်၏အစွမ်းကား–(၁) သိရန်မှန်သမျှ အားလုံးကို အကုန်အစင်သိတော်မူခြင်း၊ (၂) သိအပ်ပြီးသောတရားတိုင်း၏ ဟောနည်းအမျိုးမျိုးကို သိတော်မူခြင်း၊ (၃)သံသရာဝဋ်ဒုက္ခမှ ကျွတ်ထိုက်သော သတ္တဝါ၏ သဒ္ဓါ ပညာစသော ရှေးက ပါလာသော ဣန္ဒြေ အနုအရင့်ကိုလည်းကောင်း၊ ရာဂ, ဒေါသ, မောဟ, သဒ္ဓါ, ပညာစသော ယခုဘဝ၌ အဖြစ်များသော စရိုက်အမျိုးမျိုးကို လည်းကောင်း သိတော်မူခြင်းအားဖြင့် ၃ ပါးရှိပါသည်။ "ဗုဒ္ဓ–သမ္မာသမ္ဗုဒ္ဓ"ဟူသောနာမည်တော်သည် ဤသဗ္ဗညုတာဉာဏ်ကြောင့် ဖြစ်ပေါ်လာသော နာမည်တော်တည်း။ ထိုဗုဒ္ဓဖြစ်ချိန်မှာ ကဆုန်လပြည့်နေ့ကုန်၍ ညဥ့်သန်းခေါင်ကျော်ပြီးနောက် လပြည့်ကျော် တစ်ရက်သို့ မရောက်ခင် အရုဏ်တက်ခါနီးအချိန်ဖြစ်သည်။

http://www.dhammadownload.com



(ဆောင်) ၁။ သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား၊ များအပြား၌၊ ဟောထားစဖွယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ဣန္ဒြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၄။ ဉာဏ်တော်စွမ်းပကား၊ ဤ ၃ ပါးကြောင့်၊ အများဝေနေ၊ ကျွတ်လွတ်စေဖို့၊ မနေမနား၊ သက်တော်အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍၊ ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊ သယ်ယူဆောင်၊ ဘုန်းခေါင် ငါတို့ဘုရားတည်း။

**အားလုံးကို ယုံကြည်ထိုက်ပုံ**

"ဗုဒ္ဓရှင်တော်မြတ်သည် သဗ္ဗညုတာဉာဏ် ကို ဆရာမရှိဘဲ ရတော်မူ၏"ဟု ဆိုရာ၌ ဘုန်းကြီးကား အမှန်ယုံကြည်သည့်အတိုင်း ရေးပြခဲ့ပါပြီ။ ဤစာကိုကြည့်ရှုသူတို့တွင် ပညာဘက်၌ ကိုယ်တိုင် အထူးတလည် လိုက်စားနေသူတို့လည်း မိမိတို့၏လက်တွေ့အလုပ်များဖြင့် ဉာဏ်ကြီးရင့်ပုံကို ယုံကြည်ကြပါလိမ့်မည်။ ထင်ရှားစေပါအံ့–စာသင်ကျောင်းများ၌ ပညာသင်ပြနေကြသော ဆရာတို့သည် တပည့်တို့၏ ဉာဏ်အမျိုးမျိုးကို တွေ့ကြရ၏။ မိဘ တစ်ဦးတည်းက ပေါက်ဖွားသူချင်းသော်မှ ဉာဏ်ချင်းမတူကြချေ၊ ကျောင်းတစ်ကျောင်းဝယ် အောက်ဆုံးကျနေသူနှင့် အထက်ဆုံး ကျနေသူ ၂ ဦး၏ဉာဏ်ကို နှိုင်းချိန်လိုက်သည့်အခါ အောက်ဆုံးသူသည် လူတန်းမှစေ့ပါလေရဲ့လား, အထက်ဆုံးလူကလည်း လူရိုးရိုးမှ ဟုတ်ပါလေရဲ့လားဟု ယုံမှားချင်လာအောင် ကွာခြားနေကြပေသည်။ ဤသို့ဖြစ်ရာ၌ ရေး

http://www.dhammadownload.com



ရှေးဘဝက ပညာရေးလိုက်စားမှုခြင်း ကွာခြားခဲ့မှု၊ ပညာကို အားပေးသော ကောင်းမှုကို ပြုမှု, မပြုမှုတို့ကြောင့် ဖြစ်ရသည်မှာ အမှန်ပင်တည်း။ [ဦးနှောက် ကောင်းမှု, မကောင်းမှုသည် လည်းကောင်း၊ ပညာ ထက်သော မိဘဝမ်း၌ ဖြစ်ရမှု, မဖြစ်ရမှုသည်လည်းကောင်း ထိုရှေးဘဝက အကြောင်းကံပင် အမှန်ဖြစ်၏။]

**ဉာဏ်တိုးပွားပုံ** ထိုအကြောင်းများကို အရင်းခံ၍ ပညာသင်ရာ၌လည်း တစ်ဆင့်ထက်တစ်ဆင့် တစ်တန်းထက်တစ်တန်း အသိဉာဏ် ရင့်သန်လာသည်မှာလည်း အထင်အရှားပင်၊ သို့ဖြစ်လျှင် သဗ္ဗညုတာဉာဏ်ကိုရဖို့ရန် အသက်စွန့်တန်လျှင်စွန့်၍ ပါရမီဖြည့်တော်မူခဲ့သော ဗုဒ္ဓအလောင်းတော်၏သန္တာန်၌ ဉာဏ်ပညာ ဓာတ်ခံသည် တစ်ဘဝထက်တစ်ဘဝ ရင့်သန်ရင့်သန်၍ လာခဲ့မည်သာတည်း။ ပြခဲ့သော ပညာသင်သူတို့သည် ကျောင်းသင်ပညာများကိုသာ ဆရာ့ထံ၌ နည်းခံကြရ၏။ ကျောင်းမှထွက်၍ ဖြစ်စေ၊ ကျောင်းဆရာကြီးလုပ်၍ဖြစ်စေ အထက်သို့တိုးတက်၍ ကြံစည်ရာ၌ကား ဆရာမရှိဘဲပင် (ကျောင်းသားတုန်းကနှင့် အလွန်ကွာခြားသော) နည်းသစ်တွေကို သိမြင်ကြ ကမ္ဘာကို ဖြန့်ချိနိုင်ကြပေသည်။ သို့ဖြစ်လျှင် ဗုဒ္ဓအလောင်းတော်သည် ဗောဓိညောင်ပင်အောက်ဝယ် ကမ္ဘာလောက၏အကြောင်းကို စဉ်းစားတော်မူရာ၌ ဆရာမရှိဘဲ အလွန်ထူးခြားသော ဉာဏ်သစ်ဉာဏ်ဆန်းများကို မရနိုင်ဘဲ ရှိချေမည်လော၊ လူ ၂ ယောက် ယှဉ်လာလျှင် ဉာဏ်, ဝီရိယ သာသူတစ်ယောက်သည် အခြားတစ်ယောက်၏ ဆရာဖြစ်မှန်းမသိ ဖြစ်နေ၏။ ၃ ယောက် ၄ ယောက်မှစ၍ တစ်နိုင်ငံလုံးထက် ဉာဏ်, ဝီရိယ သာသူလည်း တစ်နိုင်ငံလုံး၏ ဆရာဖြစ်ထိုက်၏။ ကမ္ဘာသူ ကမ္ဘာသား (လူ, နတ်, ဗြဟ္မာ)အားလုံးထက် ထူးခြားသောအသိဉာဏ် ရှိသူလည်း ထိုအားလုံးထက် အသိဉာဏ်သာသူ ထိုအားလုံး၏ ဆရာ

http://www.dhammadownload.com



တင်ထိုက်သူပင် ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ရှင်တော်မြတ်ဘုရား သည် သူများသိသလောက်မက ထူးခြား၍ သိတော်မူသည်မှာ အမှန် ဖြစ်၏။ ထို့ကြောင့် "ဗုဒ္ဓ=သမ္မာသမ္ဗုဒ္ဓ" အမည်တော်ကို ဧကန်ရ တော်မူထိုက်ပေသည်ဟု အမှန်ပင် ယုံကြည်နေပါတော့သည်။

**ဝီရိယတော်ကြောင့်လည်း လေးစားရပုံ**

ယခုခေတ်၌ အထက်တန်း ရောက်ပြီး လျှင် ရှင် လူ တို့သည် အထက်တန်း မရောက်မီက ဉာဏ်ဝီရိယစိုက်ထုတ်၍ ကြိုးစားကြသော်လည်း ရည်မှန်းထားသောအဆင့်အတန်းသို့ ရောက် သောအခါ တချို့က စည်းစိမ်ယစ်၍ လည်းကောင်း၊ တချို့က ရပ်သူ နယ်သား တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား လူအများ၏ကောင်း စားရေးကို လျစ်လျူပစ်ထား၍သည်းကောင်း အငြိမ်းစား အအေးစား နေကြသည်ကိုသာအများအပြားတွေ့ရ၏။ ရှင်တော်မြတ်ကားအလွန် ချမ်းသာသော မဟာရာဇာဘဝမှ ၂၉ နှစ်အရွယ်၌ တောထွက်တော် မူခဲ့ပြီးလျှင် ၆ နှစ်ပတ်လုံး တရားရှာရင်း ပင်ပန်းကြီးစွာ ဒုက္ခခံတော် မူ၍ ၃၅ နှစ်အရွယ်၌ ဗုဒ္ဓဖြစ်တော်မူသောအခါ သတ္တဝါများ၏ အကျိုးငှာ ကိုယ်တော်၏ပင်ပန်းမှုကို ဂရုမပြုဘဲ လှည့်လည်၍တရား ဟောတော်မူပါသည်။

အကယ်၍ ဗုဒ္ဓရှင်တော်မြတ်သည် ဗုဒ္ဓဖြစ်ပြီးသည်နှင့် တစ် ပြိုင်နက် အေးအေးဆေးဆေး နေတော်မူပါလျှင် လူ နတ် ဗြဟ္မာတို့က "ကြီးကျယ်သော ဉာဏ်တော်ရှင်တစ်ပါး"ဟု ချီးမွမ်းရုံသာ ချီးမွမ်းနိုင် ၍ လေးလေးစားစား ကြည်ညိုနိုင်ကြမည် မဟုတ်ပါ။ ယခုသော် သတ္တဝါတို့ အကျိုးများအောင် ဗုဒ္ဓကိုယ်တော်တိုင် အပင်ပန်းခံ၍ ကြိုးစားတော်မူခဲ့ပုံတွေကို 'တရားတော်များအရ' သိမြင်ကြရသဖြင့် ဗုဒ္ဓကို အလွန်အမင်း အားရပါးရ ကြည်ညိုရှိသေကြပါသည်။

ဥပမာ–သူဌေးဖြစ်အောင် ကြိုးစား၍ ဆင်းရဲသားဘဝမှ

http://www.dhammadownload.com



သူဌေးဖြစ်သွားကြသူ ၂ ယောက်တို့တွင် တစ်ယောက်သည် သူ့စည်းစိမ် သူခံစား၏။ တစ်ယောက်ကား စည်းစိမ်မခံစားဘဲ ဆင်းရဲသားအကျိုးရှိအောင် စီမံဆောင်ရွက်နေ၏။ ထို ၂ ယောက်တွင် ပထမသူဌေးကို "တော်ပါပေသည် သူဌေးဖြစ်အောင် ကြိုးစားနိုင်ပါပေသည်"ဟု ချီးမွမ်းနိုင်မည် ဖြစ်သော်လည်း သူ့ကို လေးစား ရိုသေကြမည်မဟုတ်။ ဒုတိယသူဌေးကိုသာ ချီးမွမ်းလည်း ချီးမွမ်းကြ၊ ရိုသေလည်း ရိုသေခဲ့ညားကြသကဲ့သို့တည်း။

**တရားမဟောတော့ဟု စိတ်ညွှတ်တော်မူပုံ**

ဗုဒ္ဓ ဖြစ်တော်မူပြီးနောက် သတ္တဝါတို့အား တရားမဟောတော့ဟု စိတ် ဖြစ်တော်မူရာ၌ တချို့က မကျေမနပ်ဖြစ်ကြ၏။ "သတ္တဝါတို့အား တရားမှန်ကိုပြမည်ဟု ဗုဒ္ဓဖြစ်အောင် ကြိုးစားတော် မူခဲ့ပါလျက် ယခုမှ တရားမဟောတော့ဟု စိတ်ညွှတ်ခြင်းသည် နဂိုရည်ရွယ်ချက်နှင့်မညီ"ဟုလည်း အပြစ်တင်လိုကြ၏။ သို့သော် ထိုကဲ့သို့ တရားမဟောဖို့ရန် စိတ်ညွှတ်ခြင်း သည်လည်း သဘာဝကျပေ၏၊ ရှင်းပြပါဦးမည်၊ ယခုခေတ် တိုင်းကျိုးပြည်ကျိုးကို တကယ်စေတနာဖြင့် ဆောင်ရွက်နေသူအချို့တို့သည် တစ်ရံတစ်ခါ "မဆောင်ရွက်တော့ပါဘူး"ဟု အကြံဖြစ်တတ်ကြ၏။ ဘာကြောင့်နည်း၊ မိမိ၏ တိုးတက်စေလိုသော စေတနာထားပုံနှင့် တိုင်းသူပြည်သားတို့၏ ထိုင်းမှိုင်းဖျင်းအပုံမှာ အလွန်ကွာခြားနေသည်ကို မကြာခဏပင် တွေ့မြင်ကြရသောကြောင့်တည်း။ ဘုန်းကြီးလည်း သာသနာတော်အကျိုးနှင့် အမျိုးသားအကျိုးကို စွမ်းနိုင်သမျှ ဆောင်ရွက်နေ၏။ တရားဟောရာ၌ ဒါနအကျိုးကိုချည်း မဟောဘဲ ကိုယ်ကျင့် ကောင်းအောင်လည်း ဟော၏။ စာသင်ပေးရာ၌ ကြိုးကြိုးစားစား သင်ပေး၏။ သို့သော် ဘုန်းကြီး ကြိုးစားသလောက် အထမမြောက်သဖြင့် "ငါ့ဘာသာငါ အေးအေး စာကြည့်နေရတာက

http://www.dhammadownload.com



ကောင်းပါသေးရဲ့”ဟု မကြာခဏစိတ်ဖြစ်၏၊ ထိုသို့ စိတ်ဖြစ် သော်လည်း မဟောဘဲ စာမချဘဲ ပစ်မထားနိုင်၊ ဖြစ်ထိုက်သူတွေ ဖြစ်အောင်ဟု သဘောထား၍ ကြိုးစားလျက်ပင်။

ဗုဒ္ဓရှင်တော်မြတ်လည်း တရားတော်၏သိမ်မွေ့နက်နဲပုံနှင့် တရားတော်၏အလိုအားဖြင့် အနိစ္စ, ဒုက္ခ, အနတ္တချည်းဖြစ်၍ တစ်လောကလုံး နှစ်သက်စရာ မရှိကြပုံကို လည်းကောင်း၊ သတ္တဝါတို့၏ စိတ်ကလည်း နှစ်သက်တွယ်တာနေကြပုံကို လည်းကောင်း မြင်တော်မူရ၍ ပြဒါးတစ်လမ်းသံဘစ်လမ်းကဲ့သို့ တရား၏ သဘောက တစ်လမ်း၊ သတ္တဝါတို့စိတ်၌ ထင်မြင်နေပုံက တစ်လမ်း ဖြစ်ရကား အားလုံးခြုံကြည့်လိုက်သောအခါ ဗြုန်းခနဲဆိုသလို တရားဟော၍ မဖြစ်နိုင်စရာတွေကိုသာ မြင်တော်မူရကား တရားမဟောဖို့ရန် စိတ်ညွတ်မိပါလိမ့်မည်။ သို့သော် ထိုသို့ စိတ်ညွတ်မှုသည် စာထဲ၌ ထုတ်ဖော်ရေးပြရာဝယ် စကားကျယ်ဝန်းနေသလောက် အကြာကြီး ဖြစ်နေသည်မဟုတ်ပါ။ တရားတော်၏ သိမ်မွေ့နက်နဲမှုတွေကို ဆင်ခြင်တော်မူရာဝယ် တစ်ခဏမျှဖြစ်ပေါ်ပါသွားခြင်းသာ ဖြစ်ပါလိမ့်မည်။ ထိုသို့ တစ်ခဏမျှ ဖြစ်ရခြင်းကား တရားတော်၏နက်နဲပုံ၊ သတ္တဝါအများ၏စိတ်ထားပုံကို နှိုင်းယှဉ်၍ကြည့်သောအခါ အမှန်ဖြစ်ထိုက်၍ သဘာဝကျပါပေ၏။ ထို့ကြောင့် ထိုတစ်ခဏ စိတ်ကလေးညွတ်မိရုံမျှဖြင့် ဗုဒ္ဓအပေါ်၌ အပြစ်မတင်ထိုက်ပါ။ ထိုစိတ်ညွတ်ပြီးလျှင်ပြီးချင်း တရားဟောဖို့ရန် အကြံတော် ဆက်လက်ဖြစ်ခဲ့ပါသည်။

**ဗြဟ္မာတောင်းပန်မှု** တရားဟောဖို့ရန် ဗြဟ္မာကြီး လာ၍ တောင်းပန်ရခြင်းကား ဗုဒ္ဓစိတ်ညွတ်ပုံကို အသိမြန်သောဗြဟ္မာဖြစ်၍ ချက်ချင်းတောင်းပန်လာခြင်းဖြစ်၏။ သူလာ၍တောင်းပန်ချိန်၌ ဗုဒ္ဓကိုယ်တော်တိုင်မှာလည်း ထိုစိတ်ညွတ်

http://www.dhammadownload.com



မှုမရှိတော့ပါ။ ကျမ်းစာတို့၌မူ ကမ္ဘာက ဗြဟ္မာကို ရှိသေနေခိုက်ဖြစ်၍ ဗြဟ္မာ၏တောင်းပန်မှုကိုပင် အသားယူလျက် အကျယ်တဝင့် ဖွင့်ပြနေခြင်း ဖြစ်ပါသည်။ အမှန်မှာ ယခုကာလ အများ အကျိုးကို စေတနာရင်းဖြင့် ဆောင်ရွက်နေသူတို့သော်မှ ထိုကိစ္စမျိုးကို လက်မလွှတ်ကြသကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်လည်း ဗြဟ္မာ တောင်းပန်သည် ဖြစ်စေ၊ မတောင်းပန်သည် ဖြစ်စေ တရားဟောဖို့ရန် ကိစ္စကို မူလ ရည်ရွယ်တော်မူချက်အတိုင်း လက်လွှတ်တော်မူမည်မဟုတ်ပါ။

ထို့ကြောင့် "ဗုဒ္ဓရှင်တော်သည် နဂိုက တရားမဟောဖို့ရန် ကြံ၍ ဗြဟ္မာတောင်းပန်မှ ဟောတော်မူသည်"ဟူသောစကား၌ အရေးတကြီး ချဲ့ထွင်စဉ်းစားဖွယ်မလိုတော့ပါ။ [အသိမြန်သော ဗြဟ္မာမင်းလည်း နဂိုကပင် တရားဟောတော်မူစေလိုသောဆန္ဒက ပြင်းပြလျက်ရှိခြင်းကြောင့် ချက်ချင်းလာ၍ တောင်းပန်ရာပါသည်။]

**ဗုဒ္ဓ၏ နေ့စဉ်အလုပ်များ**

ဗုဒ္ဓရှင်တော်မြတ်သည် နံနက်စောစော ထ၍ ယနေ့အဖို့ ကျွတ်ထိုက်သူများကို ဉာဏ်တော်ဖြင့် ဖြန့်၍ ကြည့်ရှုတော်မူ၏။ ဉာဏ်တော်အတွင်း၌ ပါဝင်တွေ့မြင်လာလျှင် သင့်တော်သောအချိန်၌ ထိုသူရှိရာကြွ၍ တရားဟောတော်မူ၏။ နံနက်မိုးသောက် အလင်းရောက်သောအခါ ရောက်လေရာမြို့ရွာတွင်းသို့ ကိုယ်တော်တစ်ပါးတည်း သီးခြားဖြစ်စေ၊ ရဟန်းတော်များနှင့်အတူဖြစ်စေ ထိုက်သလို ဆွမ်းခံဝင်တော်မူ၏။ ထိုသို့ ဆွမ်းခံတော်မူရင်း မကြာမကြာ တရားဟော၍ အကျွတ်တရားရစေတော်မူခဲ့၏။ ဆွမ်းခံပြန်၍ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ရဟန်းတော်အားလုံး ဆွမ်းစားပြီးသည့်တိုင်အောင် စောင့်ဆိုင်းတော်မူပြီးလျှင် စုံညီသည့်အခါ "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" အစ ရှိသော ဩဝါဒကို ပေးတော်မူ၏။ ထိုနေရာ၌ အချို့ ရဟန်းတို့အား ကမ္မဋ္ဌာန်း ပေးတော်မူ၏။ ထို့နောက် ဂန္ဓကုဋီသို့ ဝင်တော်မူ၍ တစ်ခဏမျှ ကျိန်း

http://www.dhammadownload.com



စက်လိုလျှင် ကျိန်းစက်တော်မူ၏၊ ထို့နောက် ထ,တော် မူ၍ ချွတ်ထိုက်သူများကို ကြည့်တော်မူပြီးလျှင် နေလွဲအချိန်၌ တရားတော်နာ လာကြသော ပရိသတ်တို့အား တရားဟောတော်မူ၏။ ညနေစောင်း၍ ပရိသတ်များ ပြန်သွားသောအခါ ရေသုံးသပ်တော်မူ၏။ ထိုနောက် တစ်ခဏမျှ တစ်ပါးတည်း ကိန်းအောင်းတော်မူသည်။

နေဝင်၍ မကြာခင် ရဟန်းတော်များ ရောက်လာကြ၏။ တချို့က ပြဿနာမေးကြ၊ တချို့က ကမ္မဋ္ဌာန်းတောင်းကြ၊ တချို့က တရားဟောတော်မူရန်တောင်းပန်ကြ၏။ ဗုဒ္ဓရှင်တော်မြတ်လည်း အားလုံးအလိုကို ဖြည့်ပေးတော်မူ၏။ ထိုရဟန်းများ ပြန်သွားသောအခါ ညဦးယံကုန်လွန်၍ ၁၀ နာရီကျော် လူခြေတိတ်ချိန်လောက် ရောက်နေလေပြီ။ ထိုအခါ နတ်ဗြဟ္မာအများပင် ဘုရားဖူး တရားနာ ပြဿနာမေးလာကြ၏။ ထိုနတ်ဗြဟ္မာများလည်း အလိုပြည့်၍ ပြန်ကြသောအခါ သန်းခေါင်ကျော်၍ နာရီပြန် ၂ ချက်လောက်ရှိပေမည်။ ထိုအခါမှစ၍ နောက်ဆုံးမိုးသောက်ယံကို ၃ ပိုင်း ပိုင်းပြီးလျှင် ပထမပိုင်းအချိန်ဝယ် တစ်နာရီကျော်ကျော် စင်္ကြံလျှောက်တော်မူ၏။ (တစ်နေ့လုံး တစ်ညလုံး အထိုင်များသောကြောင့် အညောင်းဖြေတော်မူခြင်းပင် ဖြစ်ဟန်တူပါသည်။) ဒုတိယပိုင်း အချိန်၌ ဂန္ဓကုဋီသို့ဝင်၍ လျောင်းစက်တော်မူ၏။ တတိယပိုင်းအချိန်၌ကား အစဉ်ပြခဲ့သည့်အတိုင်း ချွတ်ထိုက်သူများကို ကြည့်ရှုတော်မူကာ ထိုနေ့အတွက် ကိစ္စလုပ်ငန်းများကို စ,တော်မူပြန်သည်။ [ဗုဒ္ဓရှင်တော်မြတ်မှာ အိပ်ချိန် အလွန်နည်း၏။ ဗုဒ္ဓသာမက ကမ္မဋ္ဌာန်းအားထုတ်သူတို့လည်း အိပ်ချိန်အနည်းငယ်မျှဖြင့် အိပ်ရေးဝ,နေတတ်ကြသည်။]

**နောက်ဆုံးအထိ ကြိုးစားတော်မူခြင်း**

ဗုဒ္ဓသည် သက်တော်ရှစ်ဆယ်ပြည့်ရာ နောက်ဆုံးအချိန် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ်

http://www.dhammadownload.com



ညောင်စောင်း(ခုတင်ငယ်)ပေါ်၌ ဝမ်းတော်လားသောရောဂါဖြင့် အလွန်အားနည်းစွာ လျောင်းနေတော်မူ၏။ "နေ့ောက် ၃ လကြာလျှင် ပရိနိဗ္ဗာန်စံတော်မူမည်"ဟူသောအကြောင်းကိုလည်း ဗုဒ္ဓရှင်တော်၏ မိန့်တော်မူချက်အရ အများပင် သိနှင့်ကြပြီး ဖြစ်ရကား ထိုအရပ်သို့ ရဟန်းတော်အများအပြားနှင့် နတ်ဗြဟ္မာများစွာသာမက ကုသိနာရုံမြို့တွင်းမှ မင်းနှင့်မှူးမတ်စသော ပရိသတ်အများလည်း ရောက်လာကြလေသည်။ ကုသိနာရုံမင်း မှူးမတ်တို့ ကိုယ့်အစုအရုံးနှင့် ကိုယ်တစ်လှည့်စီ ရှိခိုးနေကြခြင်းအားဖြင့် ညဉ့်ဦးယံ(၁၀ နာရီ အတွင်း) အချိန်ကုန်သွားလေ၏။ ထိုအချိန်မှာ အတော်ထင်ရှားသော ဗြာဟ္မဏမျိုးမှ ရသေ့လုပ်နေသော "သုဘဒ္ဒ"ခေါ်ပရိဗိုဇ်သည် ဗုဒ္ဓ ရှင်တော် ပရိနိဗ္ဗာန်စံတော်မူတော့မည်ဟုကြား၍သူ၏ယုံမှားသံသယကိုလျှောက်လိုသောကြောင့် အရေးတကြီးလာ၍ အရှင်အာနန္ဒာအား ဗုဒ္ဓ၏ အထံတော်သို့ ဝင်လိုပါကြောင်း ခွင့်တောင်းသည်မှာ–

သုဘဒ္ဒ။ ။ "အရှင်အာနန္ဒာ... ကိလေသာ အာသဝေါ ကင်းကွာ၍ တရားအားလုံးကို ကိုယ်တိုင်သိနိုင်သော ဗုဒ္ဓအစစ်အမှန်ဆိုတာ တစ်ရံတစ်ခါမှသာ ပေါ်ပေါက်နိုင်သည်"ဟု ရှေးရှေးသော ဆရာကြီးများထံမှကြားခဲ့ဖူး၏။ အရှင် ဂေါတမလည်း ယနေ့ညပင်ပရိနိဗ္ဗာန်စံရပါတော့မည်။တပည့်တော်မှာလည်း ယုံမှားနေသော အချက်တစ်ခုရှိနေပါသည်။ ထိုအချက်ကို အရှင်ဂေါတမ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါသည်။ အရှင်ဂေါတမကို တွေ့ခွင့်ရလိုပါသည်။

အရှင်အာနန္ဒာ။ ။ တိတ္ထိတွေဆိုတာ သူတို့ယူထားသော အယူကို တော်တော်နှင့်မစွန့်ချင်ကြ။ ထိုအယူစွန့်အောင် ဟောပြောနေရပြန်လျှင် ဘုရားရှင် ပင်ပန်းတော်မူတော့မည်။ နဂိုကပင် ပင်ပန်းတော်မူလျက်ရှိ၏ဟုကြံ၍ သုဘဒ္ဒ...မတော်ပါ

http://www.dhammadownload.com



ဘူး။ မြတ်စွာဘုရားကို မည့်ဦးဆဲပါနှင့်၊ နဂိုကပင် ပင်ပန်းတော်မူနေပါတယ်။ [သုဘဒ္ဒသည် နှစ်ကြိမ်ထပ်၍ ခွင့်တောင်း၏၊ ခွင့်မရချေ။ သုံးကြိမ်ထပ်၍ ခွင့်တောင်းပြန်သည်၊ မရပင်။ ထိုသို့ အပြန်အလှန်ပြောသံကို ဗုဒ္ဓရှင်တော်ကြားတော်မူကာ]–

ဗုဒ္ဓ။ ။ အာနန္ဒာ... သုဘဒ္ဒကိုမတားမြစ်ပါနှင့်၊ သူမေးသမျှ အမှန်သိလို၍ဖြစ်ပါလိမ့်မည်။ ငါဘုရားကိုညှဉ်းဆဲလို၍မဟုတ်။ ငါဘုရားဖြေဆိုလိုက်လျှင်လည်း သိလွယ်ပါလိမ့်မည်။

ဤသို့လှမ်း၍ မိန့်တော်မူလိုက်မှ သုဘဒ္ဒဝင်ခွင့်ရ၍ ဗုဒ္ဓရှင်တော်ထံ၌ သူ၏ယုံမှားချက်ကိုမေးလေသည်။ သူ၏ယုံမှားချက်ဟူသည်လည်း "ဗုဒ္ဓဟုဝန်ခံနေကြသော တိတ္ထိဆရာကြီးတို့၏တရားမှန်–မမှန်ပင်ဖြစ်၏"။ ဗုဒ္ဓသည် ထိုမှန်မမှန် တစ်ခုစီ ဝေဖန်ချက်ကိုအသာဖယ်၍ တရားသဘောကိုသာ ဆက်လက်မိန့်တော်မူသည်မှာ–

သုဘဒ္ဒ... သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးသည် အကြင် သာသနာ၌ မရှိ၊ ထို သာသနာ၌ ပထမအဆင့် သောတာပန်၊ ဒုတိယ အဆင့် သကဒါဂါမ်၊ တတိယအဆင့် အနာဂါမ်၊ စတုတ္ထအဆင့် ရဟန္တာဟူသော သမဏမျိုး မရှိနိုင်။ ဤသာသနာတော်၌ ထိုမဂ္ဂင်ရှစ်ပါးနှင့် သောတာပန်စသော ရဟန်းများ ရှိနိုင်သည်။ ငါသည် ၂၉ နှစ်အရွယ်က စ၍ အကောင်းဆုံးကုသိုလ်(သဗ္ဗညုတာဉာဏ်)ကိုရှာခဲ့၏။ရဟန်းပြုခဲ့သည်ကစ၍ အနှစ် ၅၀ ကျော်ပတ်လုံး အရိယမဂ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဝိပဿနာမဂ္ဂင်ရှစ်ပါးကို ဟောပြခဲ့သည်။ ဤသာသနာမှ အပြင်ဘက်၌ သောတာပန် စသော သမဏများ မရှိကြ၊ ဤသာသနာတော်၌ ဘိက္ခုတို့ကိုယ်တိုင်လည်း ကျင့်ကြ၊ သိသမျှတို့ကို သူတစ်ပါး အား

http://www.dhammadownload.com



လည်း ဟောပြသောအားဖြင့် ကောင်းစွာ နေကြမည် ဆို
လျှင် ကမ္ဘာလောကသည် ရဟန္တာတို့မှ မဆိတ်မကွယ်ရာဲ
(ရဟန္တာရှိလျက်သာ)ဖြစ်ရာ၏။

ဤသို့မိန့်တော်မူချက်အရ သုဘဒ္ဒသည် သဘောကျ၍ ရဟန်းပြုပြီးလျှင် ဗုဒ္ဓအထံတော်မှ ကမ္မဋ္ဌာန်းယူ၍ ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မမူမီပင် ရဟန္တာ ဖြစ်လေသည်။

ဤသို့လျှင် ဗုဒ္ဓရှင်တော်သည် ပင်ပန်းနွမ်းနယ်တော်မူလျက်ပင် သုဘဒ္ဒပရိဗိုဇ်၏ ကျွတ်တမ်းဝင်မည်ကို မြင်တော်မူ၍ သုဘဒ္ဒအား တရားဟောခြင်း၊ ကမ္မဋ္ဌာန်းပေးခြင်း စသည်ဖြင့် သန်းခေါင်ယံတစ်ချိန်လုံး ကိုယ်တော်၏ပင်ပန်းမှုကို ဂရုမပြုဘဲ ကြိုးစားတော်မူပြန်ပေသည်။ ထို့နောက် ပစ္ဆိမယံ နာရီပြန် တစ်ချက်ကျော်လောက်မှစ၍ ရဟန်းပရိသတ်အား ဩဝါဒ ပေးတော်မူသည်မှာ–

"အာနန္ဒာ ... ဆုံးမတော်မူမည့် ဗုဒ္ဓ မရှိတော့ပါတကား"ဟု မမှတ်မှားကြလင့်။ ငါသည် ၄၅ ဝါပတ်လုံး သုတ်, အဘိဓမ္မာနှင့် ဝိနည်းတရားတော်ကိုဟောထားပြီးပြီ။ ထိုတရားတွေသည် သင်တို့ဆရာဖြစ်ရစ်ကြလိမ့်မည်။ ယခု(ငါဘုရားလက်ထက်၌) တစ်ပါးနှင့် တစ်ပါးကို "အာဝုသော"ဟု ခေါ်ကြ ထူးကြတယ်။ နောင် (ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ) အကြီးက အငယ်ကို နာမည်ခေါ်၍ ဖြစ်စေ၊ အမျိုးအနွယ်ခေါ်၍ ဖြစ်စေ၊ "အာဝုသော= ငါ့ရှင်"ဟုခေါ်၍ ဖြစ်စေ ပြောဆိုကြ၊ အငယ်က အကြီးကို "ဘန္တေ=ဘုန်းကြီး"ဟုဖြစ်စေ၊ အာယသ္မာ=အရှင်"ဟုဖြစ်စေ ခေါ်ဝေါ်ပြောဆိုကြ၊ သံဃာများက ပယ်နုတ်ခြင်းကို အလိုရှိလျှင် ခုဒ္ဒါနုခုဒ္ဒက(သေးသေးနုပ်နုပ်ဖြစ်၍ လူဒါယကာတို့လည်း အပြစ်မြင်စရာ မဟုတ်သော ယုတ်မာမှုလည်း မပါသော) သိက္ခာပုဒ်များကို ပယ်နုတ်လိုလျှင် ပယ်နုတ်နိုင်တယ်။ ["ပယ်နုတ်ရစ်ကြ" ဟုမိန့်တော်မမူဘဲ "ပယ်နုတ်လိုလျှင် ပယ်နုတ်

http://www.dhammadownload.com



နိုင်တယ်"ဟုမိန့်တော်မူသည်။] ငယ်ကျွန်တော် အမတ်ဟောင်း ဆန္န ရဟန်းကို ဗြဟ္မဒဏ် ပေးရစ်ကြ။

(သူက ဘုရားနှင့် တရားသာ လေးစား၍ သံဃာတော်ကို ဂရုမစိုက်သူဖြစ်သောကြောင့် ဘာလုပ်လုပ် ဘာပြောပြော သံဃာက အဖက်လုပ်ပြီး ဆုံးမ မနေရစ်ကြနှင့်–ဟူလို။) ["ထိုသို့ ပြုလိုက်လျှင် သူ့ဘာသာ နောင်တရ၍ သံဃာကို လေးစားလာလိမ့်မည်၊ ထိုအခါ သံဝေဂရ၍ တရားအားထုတ်သဖြင့် ရဟန္တာ ဖြစ်လိမ့်မည်" ဟု မြော်မြင်တော်မူခြင်းဖြစ်သည်။] ထို့နောက် ဆက်လက်၍ မိန့်တော်မူပြန်သည်မှာ –

"ရဟန်းအများတွင် တစ်ဦးဦးက ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ မဂ်အကျင့်၌ ယုံမှားသံသယဖြစ်နေလျှင် မေးလိုက်ကြ၊ နောက်မှ "ဘယ် အချက်ကလေးကို မမေးလိုက်မိ" ဟု နောင်တ မရရစ်ကြနှင့်"

ဤသို့မိန့်တော်မူရာ၌ အားလုံးဆိတ်ဆိတ်နေကြသည်။ ထို့နောက် ၂ ကြိမ် ၃ ကြိမ် တိုက်တွန်းတော်မူသော်လည်း အားလုံး ဆိတ်ဆိတ်နေကြ၏။ "ငါဘုရားကို လေးစားသဖြင့် ကိုယ်တိုင် မမေးလိုကြလျှင် အနားမှာရှိသော တစ်ပါးပါးကို အမေးခိုင်းကြ"ဟု ထပ်မံ ခွင့်ပြုတော်မူပြန်လည်း အားလုံး တိတ်တိတ်ပင်နေကြသဖြင့် အရှင် အာနန္ဒာက "တစ်ပါးတလေမျှ ယုံမှားသံသယရှိမည် မဟုတ်ပါ"ဟု လျှောက်လေသည်။ ထို့နောက် အရုဏ်တက်ဖို့ အချိန်လည်း တော်တော် နီးလာလေပြီ၊ ဗုဒ္ဓရှင်တော်မြတ်မိန့်တော်မူသည်မှာ–

"ဟန္ဒ–ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ=ဘိက္ခုတို့၊ တိုက်တွန်းတော်မူ၏။ ယခုအချိန်မှာ သင်တို့ကိုသိစေတော်မူခဲ့မည်၊ သင်္ခါရတရား

http://www.dhammadownload.com



တို့သည် ပျက်စီးခြင်းသဘော ရှိကြ၏။ မမေ့တတ်သော သတိဖြင့် အလုပ်ကိစ္စ ဟူသမျှကို ပြည့်စုံစေရစ်ကြ။

**ပရိနိဗ္ဗာန် စံတော်မူခြင်း**

ဤသို့ နောက်ဆုံးစကား မိန့်တော်မူပြီးနောက် ညောင်စောင်းငယ်ပေါ်မှာလျောင်းမြဲလျောင်းတော်မူလျက်သာလျှင် ဗုဒ္ဓရှင်တော်မြတ် လှုပ်တော်မမူပြီ၊ ပဌမဈာန်မှစ၍ အစဉ်အတိုင်း သမာပတ်ဝင်စားတော်မူကာ လွန်စွာငြိမ်သက်တော်မူ၏။ ထိုအချိန်မှာအရှင်အာနန္ဒာကိုယ်တိုင်ပင် ပရိနိဗ္ဗာန်စံတော်မူပြီဟု ထင်၍ အရှင်အနုရုဒ္ဓါကို မေးရလေသည်။ အရှင်အနုရုဒ္ဓါက ပရိနိဗ္ဗာန်စံတော် မမူသေးကြောင်း၊ နိရောဓသမာပတ်(စိတ်စေတသိက်ချုပ်၍ရုပ်အချို့သာရှိသောသမာပတ်)သို့ရောက်နေကြောင်းကိုမိန့်တော်မူ၏။ ထိုသို့ ဈာန်သမာပတ်များကို ထပ်ပြန်တလဲလဲ ဝင်စားတော်မူသည်မှာ သမာပတ်အကြိမ်ပေါင်း ကုဋေ ၂ သန်း ၄ သိန်း အရေအတွက်ရှိလေသည်။ သမာပတ်အားလုံး ပြီးဆုံး၍ အရုဏ်ရောင်ခြည်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ဗုဒ္ဓရှင်တော်၏ဝိညာဉ်တော်နှင့်(ကံကြောင့်ဖြစ်လျက်ရှိသော)ရုပ်ဓာတ်တော်သည် နောက်ထပ်အဆက်မရှိတော့ဘဲ ခန္ဓာတော်ဓာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူပါသတည်း။

**လွမ်းဆွတ်ကြေကွဲ ဝမ်းနည်းကြပုံ**

"ဗုဒ္ဓရှင်တော်ချုပ်ငြိမ်းတော်မူပြီ"ဟု သိသည်နှင့် တစ်ပြိုင်နက် အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့ မှတစ်ပါး အခြားရဟန်းတော်များနှင့် နတ်တို့သည် တချို့ကလက်မောင်းကို မြှောက်၍ ငိုကြ၏၊ တချို့က အရုပ် ကြိုးဖြတ်လိုက်သလို တစ်ခါတည်းလဲကျသွားတော့၏။တချို့က လူးကာလိမ့်ကာ ငိုရှာကြကုန်၏။ နတ်ကလည်း 'ရှင်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတာ သိပ်မြန်တာပဲ၊ သိပ်မြန်တာပဲ! ကမ္ဘာလောကထဲမှာ ပညာဉာဏ်မျက်လုံးတော် ကွယ်

http://www.dhammadownload.com



ပျောက်ရချေပေါ့”ဟု တတွတ်တွတ် ပြောကာပြောကာ ငိုရှာကြ၏။ အနာဂါမ်ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ်တို့ကား သတိနှင့်ဉာဏ်ကို အသုံးပြုခြင်းဖြင့် ဝမ်းနည်းမှုမဖြစ်ပါ။

အရှင်အနုရုဒ္ဓါကမူ ငိုကြွေးသူတို့ကို “ငါ့ရှင်တို့၊ ဝမ်းမနည်းကြနှင့်၊ ချစ်ခင်မြတ်နိုးအားကိုးစရာဖြစ်သူတို့နှင့် မခွဲချင်လည်း ခွဲကြရ၏၊ ဖြစ်လာသောအရာဝတ္ထုမှန်သမျှ (ဗုဒ္ဓရှင်တော်၏ခန္ဓာကိုယ်တော်ဖြစ်စေကာမူ)မပျက်ဘဲ အစဉ်တည်မြဲပါစေဟု တောင့်တ သော်လည်း မရနိုင်။ ထိုအကြောင်းကို ဗုဒ္ဓရှင်တော် ရှိတော်မူစဉ်ကပင် မပြတ်မိန့်တော်မူခဲ့သည်မဟုတ်ပါလော၊ ဝမ်းမနည်းကြ မငိုကြနှင့်၊ ဝမ်းနည်းနေလို့ ငိုနေလို့ အကျိုးမရှိတော့ပါ၊ ဗုဒ္ဓကို လွမ်းဆွတ်ကြလျှင် ဗုဒ္ဓအလိုတော်ကျအောင် တရားကိုသာ ကြိုးစား၍ ကျင့်ကြပေတော့”ဟု တရားပြတော်မူပါသည်။

ဤသို့လျှင် အရှင်အနုရုဒ္ဓါ အရှင်အာနန္ဒာတို့၏ အားပေးစကား တရားစကားတို့ဖြင့် မလင်းသေးခင် အချိန်ကို ကုန်လွန်စေပြီးနောက် အလင်းရောက်သောအခါ ကုသိနာရုံမြို့တွင်းမှ မင်း မှူးမတ်ပရိသတ်တို့လည်းထွက်လာကာ ငိုသူကငို၊ အလောင်းတော်ကို ပူဇော်သူက ပူဇော်နှင့် မြင်မြင်သမျှ ရဟန်းရှင်လူတွင်မက အနာဂါမ် ရဟန္တာမဖြစ်သေးသော နတ်ဗြဟ္မာများပင် လွမ်းဆွတ်ကြေကွဲ ဝမ်းနည်းကြလေသည်။ [အနာဂါမ်ကား ဝမ်းနည်းမှု ဒေါမနဿမဖြစ်ပါ]

**နိဂုံးချုပ်**

ဤနေရာဝယ် ဗုဒ္ဓရတနာအတွက် နိဂုံးချုပ် ရပါတော့မည်။ လောက၌ စိတ်ရင်း စေတနာရင်း ကောင်းကောင်းနှင့်(ကိုယ်ကျိုးမငဲ့ဘဲ)ရပ်ကျိုးရွာကျိုးတိုင်းပြည်အကျိုးကို ဆောင်ရွက်သူတို့ကား အလွန်ရှား၏။ တစ်ယောက်တလေ ပေါ်လာလျှင် ထိုသူသည် (ဗုဒ္ဓ အလောင်းတော်လား၊ အဂ္ဂသာဝက မဟာသာဝကနှင့် ပကတိသာဝက အလောင်းတော်လား၊ ပစ္စေကဗုဒ္ဓါ

http://www.dhammadownload.com



အလောင်းတော်လား)တစ်ပါးပါး၏အလောင်းအလျာတော့ ကေန် ဖြစ်ပါလိမ့်မည်။ ဘုန်းကြီးတို့ ဗုဒ္ဓရှင်တော်ကား အလောင်းတော် ဘဝပေါင်းများစွာကလည်း လောကအကျိုး အမျိုးသား အကျိုးကို (ကိုယ်တိုင် အပင်ပန်း အနစ်နာခံ၍)ဆောင်တော်မူခဲ့ပြီ။

ဗုဒ္ဓဖြစ်ရာအခါလည်း နောက်ဆုံးအချိန်တိုင်အောင်သတ္တဝါ များ၏ကောင်းကျိုးကို(အလွန်အားနည်းနေပါလျက်နှင့်)ဆောင်တော် မူသေး၏။ ယခုအထိဘုန်းကြီးနှင့်တကွ ဗုဒ္ဓကို ယုံကြည် လေးစားသူ တို့ ကိုယ်စီကိုယ်င စိတ်နေစိတ်ထားကို ပြုပြင်၍ ပါရမီဖြည့်ကာ နိဗ္ဗာန်ကို မှန်းလျက် အလုပ်လုပ်နိုင်သည်မှာလည်း ဗုဒ္ဓ ရှင်တော်၏ ဩဝါဒတော်ကြောင့်ပင်ဖြစ်၏။ ထို့ကြောင့် ထိုဗုဒ္ဓရှင်တော်ကို ရည် ရော်မှန်းဆ၍ "တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ=ထိုဗုဒ္ဓကို ကိုးကွယ် ဆည်း ကပ်ပါ၏"ဟုသာ ကိုယ်, နှုတ်, စိတ်ပါ ကိုးကွယ် ဆည်းကပ်လျက် မိမိတတ်နိုင်သည့်ဘက်ကဗုဒ္ဓ၏အမွေအနှစ်သာသနာကိုထမ်းဆောင် နိုင်ကြပါစေသော်။

**ဗုဒ္ဓရတနာအခန်းပြီးပြီ။**

http://www.dhammadownload.com

# ဓမ္မဝေဒနာ

## ဓမ္မ သရဏံ ဂစ္ဆာမိ

**ငါတို့ ဗုဒ္ဓကို ဓမ္မဖြင့် အကဲဖြတ်လော့**

စိတ်ရင်း စေတနာရင်း ဖြူစင်စွာဖြင့် အများကောင်းကျိုးကိုသာလျှင်လိုလား နေသော လူကြီးသူမတစ်ယောက်၏ ပြောလေသမျှ စကားတွေနှင့် ပြုလေသမျှအလုပ်တွေသည် အများ နှစ်သက်စရာတွေချည်းသာ ဖြစ်တော့သကဲ့သို့၊ ထို့အတူ အူလိုက် အသည်းလိုက်ဆိုသလို သတ္တဝါအကျိုးကို လိုလားတော်မူ၍ ထို လိုလားတော်မူသည့်အတိုင်း နောက်ဆုံးအချိန်ထိအောင် အများ အကျိုးကိုဆောင်နိုင်သော ဗုဒ္ဓ၏ တရားတော်များသည် သတ္တဝါအများ နှစ်သက်စရာ၊ အကျိုးရှိစရာတွေချည်းဖြစ်နေပေတော့၏။ အလုပ် ကောင်းလုပ်နေသူ လူတစ်ယောက်ကို နဂိုက ပေါ့ပေါ့ဆဆ သာမန် ဟုထင်ခဲ့ကြသော်လည်း သူ၏အလုပ်ကြောင့် လူအများအကျိုးရ နေ သည်ကိုတွေ့ရသောအခါ(ကိုယ်တိုင်လည်းအကျိုးရလာသော အခါ) ထိုသူ့ကိုမလေးစားဘဲ မနေသာတော့သကဲ့သို့-

ထို့အတူ ဗုဒ္ဓ၏တရားတော်အရ နေထိုင်၍ ကျင့်ကြံ၍ သုခ ရနေသူများကို မြင်ရသောအခါ၊ သို့မဟုတ် ကိုယ်တိုင်ကျင့်၍ ချမ်း သာသုခခံစားရသောအခါ ဗုဒ္ဓရှင်တော်ကို မလေးစားဘဲ မနေနိုင် တော့ပါ။ မြင်ရုံကြားရုံဖြင့် ဗုဒ္ဓကိုကြည်ညိုမှု(သဒ္ဓါ)က အစတည်ခဲ့ သူတို့သည် ပုဂ္ဂိုလ်မင်သဖြင့် ဗုဒ္ဓတရားတော်ကိုလည်း ခင်ကြရသကဲ့ သို့ တရားတော်ကို မြင်ရ ကြားရသဖြင့် ပညာဉာဏ် တိုးတက်၍ နှစ်သက်အားရသူတို့လည်း တရားမင်သဖြင့် တရားရှင် ဗုဒ္ဓကို ခင် လာကြရပါသည်။ ထို့ကြောင့်ဗုဒ္ဓအပေါ်၌ မယုံကြည်တတ်သေးသူ တို့သည် ဗုဒ္ဓစစ်, မစစ်၊ မှန်, မမှန်ကို အကဲဖြတ်ကြဖို့ရန် ဗုဒ္ဓ၏ တရားအချို့တို့ကို ဤအခန်း၌ ထုတ်ပြပါမည်။

http://www.dhammadownload.com



**တရားတော်သုံးမျိုး ခွဲခြားချက်**

လေးဆယ့်ငါးဝါ ကာလပတ်လုံး မနေမနားဟောထားတော်မူအပ်သော တရားတော်သည် အလွန့်အလွန်များလှ၏။ ယခုအခါတွေ့နေကြသော ပိဋကတ်ပါဠိတော်များကိုကား ဗုဒ္ဓ ဟောတော်မူသမျှ အားလုံး ပြည့်စုံပြီဟု မဆိုနိုင်သေးပါ။ ယခုပါဠိတော်များဝယ် မပါခဲ့သော "ပကိဏ္ဏကဒေသနာ"ခေါ်အလွတ်တရားများကို (အဋ္ဌကထာတို့ဝယ် ဟိုနေရာသည်နေရာ၌)တွေ့ကြရပါသေး၏။ ထို့ကြောင့် အဋ္ဌကထာတို့မှာလည်းမပါခဲ့သော ပကိဏ္ဏကဒေသနာတော်သည် အလွန်များစွာ ကြွင်းကျန်ပေလိမ့်ဦးမည်။ ယခုတွေ့ရသော တရားတော်များ၏ အမျိုးအစားကို ခွဲခြားလိုက်လျှင် "ဝိနည်း, အဘိဓမ္မာ, သုတ္တန်"ဟု ၃ မျိုး ရှိ၏။

ဝိနည်းတရား။ ။ရဟန်းတော်များ၏ ကိုယ်မှု နှုတ်မှုကို ယဉ်ကျေးသိမ်မွေ့အောင် ညွှန်ပြသော ဥပဒေသတရားတော်ကြီး ပေတည်း။

အဘိဓမ္မာတရား။ ။ အစစ်အမှန်(မလွဲနိုင်သော)သဘာဝဓမ္မစုကိုပြသောတရားတော်ပေတည်း။

သုတ္တန်။ ။ ထို ၂ မျိုးမှကြွင်းသမျှတရားတော် အားလုံးကို"သုတ္တန်"ဟုချည်း ခေါ်ရသည်။ ထို့ကြောင့် သုတ္တန်တရားတော်သည် သတ္တဝါတို့အလိုကိုလိုက်၍ နှစ်ခြိုက်အောင် ဟောထားတော်မူရသည့်အတွက် အတိမ်အနက် ကွဲပြား၍ သတ္တဝါတို့အား အကျွတ်တရားကိုရစေသော တရားတော်လည်း ဖြစ်ပါပေသည်။

**ဝိနည်းတရားကို ပြန်လည်ထူထောင်သင့်ပုံ**

ဝိနည်းတရားတော်အတိုင်းသာ ရဟန်းတော်များ နေထိုင်သွားလာ ပြောဆိုကြလျှင် မြန်မာလူမျိုးတို့၏ လေးစားခြင်း သာမက ကမ္ဘာပေါ်တွင် ယဉ်ကျေးသည်ဟုခေါ်ရသော လူတိုင်း

http://www.dhammadownload.com



၏ပင် လေးစားခြင်းကို ခံရလောက်ပါပေ၏။ ရှေးတုန်းက ဗြာဟ္မဏ တစ်ယောက်သည် ဝိနည်းကျမ်းစာများကို ဖတ်ရှုံမှုဖြင့် သာသနာတော်ကို ကြည်ညို စိတ် ဖြစ်လာခဲ့ရ၏။ ဓမ္မာသောက မင်းတရားလည်း ဝိနည်းနှင့်အညီ ဣန္ဒြေရရ သွားနေသော နိဂြောဓသာမဏေငယ်ကို မြင်သည်မှစ၍ သာသနဒါယကာ ဖြစ်လာသည်။ ဤသို့လျှင် “ဝိနယ”ဟုခေါ်သော ဥပဒေသတရားတော်သည် မြင်သူတိုင်း လေးစားရလောက်အောင်စည်းကမ်းနည်းလမ်းကို ညွှန်ပြထားပေရကား အနာဂတ် ကာလ၌ ဗုဒ္ဓ၏သာသနာကို အထက်တန်းရောက်အောင် ပြုပြင်လိုကြသော ရဟန်းလူရှင်သူတော်စင်တို့သည် ထိုဝိနည်းဥပဒေတော်ကြီးကို ပြန်၍ ထင်ရှားထွန်းကားလာအောင် ပထမဆုံးကြိုးစားသင့်ကြပေသည်။

**ပြန်၍ထူထောင်နည်း အကျဉ်း**

ဝိနည်းပါဠိတော် အဋ္ဌကထာဋီကာ များကို စာချဆရာတော်များက အထူး ဂရုစိုက်၍ အမြန်ဆုံး ပေါက်လွယ်အောင် ပို့ချခြင်း၊ ပို့ချတိုင်း၌ လက်တွေ့အလုပ်လုပ်ပြခြင်း၊ လူအများတို့ ကြည့်ရှု၍ လွယ်ကူအောင် ရာဇသတ်စာအုပ်ကြီးကဲ့သို့ သူ့အခန်းနှင့်သူ စာအုပ်ကြီး ဖြစ်အောင် ပြုစုခြင်း၊ ရဟန်းတော်များက ဝိနည်းတော်အတိုင်း နေထိုင်ခြင်း၊ လူအများက ဝိနည်းတော်နှင့်ညီစွာနေသော ရဟန်းတော်များကို လေးစားကိုးကွယ်ခြင်း၊ ဝိနည်းတော်နှင့် မညီမညွတ်နေသူတို့ကို အစိုးရကိုယ်တိုင်နှင့် အသင်းအဖွဲ့များက အရေးယူခြင်းတို့ဖြင့် ဝိနည်းသာသနာ ပြန်၍ ထွန်းကားလာအောင် ကြိုးစားသင့်ပါသည်။

**အဘိဓမ္မာ**

ယခုခေတ်သည် အစစ်အမှန်သဘာဝကို လိုက်စားနေသော ပညာခေတ်ဖြစ်၏။ ထိုကဲ့သို့ အစစ်အမှန်သဘာဝသည် အဘိဓမ္မာ တရားတော်၌ အစုံအလင်ပါဝင်၏။

http://www.dhammadownload.com



အဘိဓမ္မာ၏ အပြင်ဘက်၌ အစစ်အမှန်ကို မည်မျှလောက်ပင် စိစစ်ရှာဖွေကြသော်လည်း တွေ့ရ လိမ့်မည်မဟုတ်။ ထိုစကားကို ရှင်းပြပါဦးမည်၊ "အဆင်းတစ်ခုကိုကြည့်ရှုသည်"ဟုဆိုရာ၌ မျက်လုံးအိမ်အတွင်း၀ယ် စက္ခုအကြည်ဓာတ်ကို ထိုအဆင်းအာရုံက ပထမဆုံး ဓာတ်ခိုက်၏။ ထိုကဲ့သို့ ဓာတ်ခိုက်သည်နှင့်တစ်ပြိုင်နက် ထိုအာရုံကို ဆင်ခြင်သော"အာဝဇ္ဇန"ခေါ် စိတ်တစ်ခု အလွန်လျင်မြန်စွာ ဖြစ်၍ပျက်သွား၏။ ထို့နောက် တစ်ဆက်တည်းပင် ထိုအာရုံကို မြင်သိ–သိသော "စက္ခုဝိညာဏ"ခေါ် စိတ်တစ်ခု အလွန်လျင်မြန်စွာ ဖြစ်၍ ပျက်ပြန်၏။

ထို့နောက်ဆက်၍ဆက်၍ ထိုအာရုံကိုခံယူသော သမ္ပဋိစ္ဆန စိတ်၊ စုံစမ်းသောသန္တီရဏစိတ်၊ ဆုံးဖြတ်သော ဝေါဋ္ဌဗ္ဗနစိတ်၊ အာရုံ၏အရသာကိုခံစားသော(အလွန်လည်းအဟုန်အရှိန်ပြင်းသော)"ဇဝန" ခေါ် စိတ် ၇ ကြိမ်၊ ထိုအာရုံကိုဆက်၍အာရုံပြုသော "တဒါရမ္မဏ" ခေါ် စိတ် ၂ ကြိမ် ဖြစ်၍ပျက်၏၊ ဤမျှသော စိတ်အစဉ်ဖြစ်ရုံမျှဖြင့် "ငါမြင်၏"ဟုဆိုရလောက်အောင် စိတ်မစုံသေး၊ ဆက်၍ စိတ်အစဉ် ၃ တန်း၊ ၄ တန်း ဖြစ်ရသေး၏။ စိတ်အစဉ်ဖြစ်ရသော်လည်း ကြာသည်ဟုမမှတ်ထိုက်။ လက်ဖျောက်တစ်ချက်တီးအချိန်မှာ ကုဋေများစွာ စိတ်တွေဖြစ်၍ ပျက်နိုင်သောကြောင့် ချက်ချင်းမြင်ရသည်ဟုပင် ဆိုနိုင်သည်။

**နာမ်ကလာပ်စည်း** စိတ် တစ်ခု တစ်ခု ဖြစ်ရာ၌ စိတ်သက်သက် ဖြစ်သည် မဟုတ်။ စိတ်နှင့်အတူ ဖြစ်၍ အတူ ပျက်ကြသော စေတသိက်ခေါ် တရားစုလည်း ပါဝင်ကြသေးသည်။ ထိုတရားများကား အာရုံကိုဓာတ်သဘောအလိုက် ထိခိုက်သော ဖဿ၊ အာရုံအရသာကို ခံစားသော ဝေဒနာ၊ အာရုံကိုမှတ်သားသော သညာ၊ တွဲဖက်တရားများကို ဆိုင်ရာ ကိစ္စများ၌ ဆောင်ရွက်ဖို့ရာ လှုံ့ဆော်သော စေတနာ၊ အာရုံ၌ တစ်ခဏမျှဖြစ်စေ ငြိမ်သက်စွာတည်တံ့နေသော

http://www.dhammadownload.com



ဧကဂ္ဂတာ (သမာဓိ)၊ ထိုတရားတို့၏အသက်ဟုခေါ်ရသော ဇီဝိတိန္ဒြေ၊ ထိုအာရုံကို နှလုံးသွင်းသော "မနသိကာရ"ဟု အနည်းဆုံးအားဖြင့် ဤတရား ၇ ပါးသည်လည်း အမြဲပါနေပေသည်။ ဤသို့ စိတ် စေတသိက်တို့ အစုလိုက် အစုလိုက်ဖြစ်ခြင်းကို "နာမ်ကလာပ်"ဟုခေါ်ကြ၏။ [နာမ=နာမ်+ကလာပ=အစု။]

**ရုပ်ကလာပ်စည်း** ဗုဒ္ဓရှင်တော်သည် ရုပ်အကြောင်းကို ဟောပြတော်မူရာ၌လည်း "ဤဓာတ်သည် ခက်မာခြင်း သဘောရှိ၏၊ ပထဝီဓာတ်ဟု ခေါ်၏။ ဤဓာတ်သည်ဖွဲ့စေးခြင်းသဘော ယိုစီးခြင်းသဘောရှိ၏၊ အာပေါဓာတ်ဟုခေါ်၏။ ဤဓာတ်သည် အငွေ့သဘောရှိ၏၊ (အပူရုပ်၌ အပူငွေ့၊ အအေးရုပ်၌ အအေးငွေ့ ရှိ၏။) တေဇောဓာတ်ဟုခေါ်၏။ ဤဓာတ်သည် ထောက်ကန်ခြင်း တွန်းဖိခြင်းသဘောရှိ၏၊ ဝါယောဓာတ် ဟုခေါ်၏။ ဤဓာတ်သည် အဆင်းအရောင် သဘော ရှိ၏၊ ဝဏ္ဏဓာတ်ဟုခေါ်၏။ ဤဓာတ်သည် အနံ့သဘောရှိ၏၊ ဂန္ဓဓာတ်ဟုခေါ်၏။ ဤဓာတ်သည် အရသာ သဘောရှိ၏၊ ရသဓာတ် ဟုခေါ်၏။ ဤဓာတ်သည်အဆီအနှစ်တည်း၊ ဩဇာဓာတ်ဟုခေါ်၏။ ဤပြခဲ့သော ရုပ်ရှစ်ခု အပေါင်းသည် အနည်းဆုံး ရုပ်ကလာပ် တစ်ခုဖြစ်၏။ သာမန်မျက်စိဖြင့် မမြင်နိုင်ဘဲ အလွန်ကောင်းသော မှန်ပြောင်းဖြင့်သာ မြင်နိုင်သော အသေးဆုံးဆိုရသော (အဏုမြူထက်ပင် သေးငယ်၍ "ပရမာဏုမြူ"ဟုခေါ်ရသော) ရုပ်မှုန်ကလေး၌ သော်မှ ရှစ်ခုရှစ်ခုပေါင်းစုနေသော ရုပ်ကလာပ်ကလေးတွေ အတော် များများ စုဝေးတည်နေပါသည်။ ရုပ်တုံးရုပ်ခဲက ကြီးကျယ်လေ ထို ရုပ်ကလာပ်မှုန်ကလေးတွေ များလေဖြစ်၏။

**အဘိဓမ္မာ အရေးကြီးပုံ** နာမ်အစု ရုပ်အစုကို သူ့ကလာပ်နှင့်သူ ခွဲစိတ်၍ ပြသထားသည့်ပြင် တစ်စုနှင့်တစ်စု ရှေ့နောက်ဖြစ်ရာ၌ အချင်းချင်း ကျေးဇူး ပြုသွားကြပုံကို လည်း

http://www.dhammadownload.com



ကောင်း၊ သူတို့ဖြစ်ခိုက်၌ အချင်းချင်း ကျေးဇူး ပြုနေကြပုံကို လည်း ကောင်း အဘိဓမ္မာ၌ ဟောပြထားတော်မူ၏။ လက်တွေ့စဉ်းစားလေ့ ရှိကြသော ယခုခေတ်ဝယ် ထိုအဘိဓမ္မာသဘောအတိုင်း မမှန်နိုင်ဟု ပယ်လှန်မည့်သူကို တွေ့စမ်းချင်ပါသည်။ ဘုန်းကြီးတို့ အယူအဆ၌ ကား ထိုမျှလောက် အသေးစိတ်၍ ခွဲခြမ်း စိတ်ဖြာပြီးလျှင် ဤသဘော သည် ဖဿ၊ ဤသဘောသည် ဝေဒနာစသည်ဖြင့် သိနိုင်သူကို မဆို ထားဘိ၊ ဗုဒ္ဓ မပေါ်ထွန်းခဲ့ပါလျှင် "ဖဿ ဝေဒနာ" စသော နာမည်မျိုး ကိုမျှ တပ်ပြနိုင်သူမရှိဟု ယူဆပါသည်။ ဘုန်းကြီးတို့သည် ရုပ်ဓာတ် ကို လက်တွေ့ ခွဲကြည့်ဖို့ရာ လက်နက် ကိရိယာ အပြည့်အစုံ မရကြ သေး၍မခွဲနိုင်သော်လည်း လူတစ်ယောက်၏ စိတ်နေစိတ်ထားကိုကား စကားပြောပုံ ပြုကျင့်နေထိုင်ပုံကို ထောက်ထား၍ "ထိုအချိန်မှာ မည် သည့် နာမ်ကလာပ်ဖြစ်နေသည်" ဟု အဘိဓမ္မာအလေ့အကျင့်အရ အတော်မှန်အောင် မှန်းဆနိုင်ကြပါ၏။ တရားအားထုတ်၍ တရား ပေါက်နေသူ(ပရစိတ္တဝိဇာနနဉာဏ် ရနေသူတို့ကား) ထို့ထက်ပင် သေ ချာအောင် သိနိုင်ကြပါသည်။ မိမိ၏ စိတ်ထားကို စဉ်းစားသော အခါ ၌ကား အလွန်သေချာစွာ သိ၍ မကောင်းသော နာမ်ကလာပ်ကို နောက် ထပ် မဖြစ်အောင်လည်း ချုပ်တည်းနိုင်၊ ကောင်းသောနာမ်ကလာပ်ကို တိုးတက်အောင်လည်း ပြုပြင်နိုင်ကြပေသည်။

ယခုအချိန်အခါသည် "ဖန်ဆင်းသူရှိ၏" ဟူသော ရှေးကျ သည့်ဝါဒကို မသုံးစွဲကြတော့ဘဲ လက်တွေ့ကိုသာ လိုက်စားချိန်ဖြစ် ၏။ ထို့ကြောင့် အလွန်သေချာကျနသော(မလွဲနိုင်သော) အဘိဓမ္မာ ၏သဘာဝများကို အထက်တန်းလောကီကျောင်းများ၌ သင်ပြသင့် ကြပေသည်။ ဘုန်းကြီးကျောင်းများ၌လည်း အရကျက်ရုံ မဟုတ်ဘဲ လက်တွေ့သင်၍ ကမ္မာကိုပြဖို့ရန် ကြိုးစားသင့်ကြပြီ။ ဤကျမ်း၌ ကား အနာဂတ်သာသနာကို ပြုပြင်ချင်လာအောင် ညွှန်ပြရဦးမည်

http://www.dhammadownload.com



ဖြစ်၍ ထိုသဘာဝကို အကျယ်ပြနိုင်တော့မည်မဟုတ်ပါ။

**သုတ္တန်တရားတော်**

သုတ္တန်တရားတော်များ၌ဗုဒ္ဓနှင့်သာဝကတို့၏ ရှေးဖြစ်ဟောင်း "ဇာတ်ကြောင်း"များလည်းပါ၏။ မင်္ဂလသုတ်, သိင်္ဂါလောဝါဒသုတ်စသည်ကဲ့သို့ လူအများ၏ ကိုယ်ကျင့်တရားများလည်းပါ၏။ လူ, နတ်, ဗြဟ္မာတို့၏ အမေးပုစ္ဆာပြဿနာကို ဖြေရှင်းထားသော တရားများလည်း ပါ၏။ ဒါနအကျိုး, သီလအကျိုးစသည်များနှင့်တကွ အကုသိုလ်ဒုစရိုက်များ၏ မကောင်းကျိုးများလည်းပါ၏။ သစ္စာလေးပါး ပဋိစ္စသမုပ္ပာဒ် သတိပဋ္ဌာန်စသော အလွန်လေးနက်သော တရားများလည်း ပါ၏။ ပညာရှိလူနတ်ဗြဟ္မာတို့၏ စိတ်ကိုဆွဲဆောင်နိုင်သော (သတ္တဝါတို့ကို အကျွတ်တရားရစေနိုင်သော) တရားတော်ကား (ဝိနည်းနှင့် အဘိဓမ္မာမဟုတ်) ဤသုတ္တန်တရားတော်များပင်တည်း။ [သုတ္တန်ဒေသနာတော်များကို ဝေါဟာရဒေသနာဟုခေါ်၏။ ဝိသေသေန၊ ဝိနည်း အဘိဓမ္မာတို့မှ ထူးသောအားဖြင့်။ မနံ၊ သတ္တဝါတို့၏စိတ်ကို။ ဟရတိ၊ ဆောင်ယူနိုင်၏။ ဣတိ၊ ထို့ကြောင့်။ ဝေါဟာရော၊ ဝေါဟာရဒေသနာ မည်၏။] ဓမ္မစကြာတရားတော်သည် သုတ္တန်ပင်တည်း။ ထို ဓမ္မစကြာတရားတော်၏အဆုံး၌ အရှင်ကောဏ္ဍညနှင့်တကွ ကုဋေများစွာ နတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်ခဲ့ကြပါသည်။

**သုတ္တန်ကိုသာ ပြမည်**

သုတ္တန်တရားတော်သည် သတ္တဝါအများ၏အကျိုးကို ဝိနည်း, အဘိဓမ္မာတို့ထက်ပို၍ ဆောင်နိုင်ပါသော်လည်း ဟောပြသောပုဂ္ဂိုလ်တို့က ဒါနနှင့် ဒါန၏အကျိုးကို အဟောများသောကြောင့် လည်းကောင်း၊ ဇာတ်နိပါတ်တော်များကို ဟောပြန်ပါလည်းထိုဇာတ်တော်တွင် ပါဝင်ကြသော ပုဂ္ဂိုလ်များ၏ ကိုယ်ကျင့်ကောင်းပုံ၊ ကိုယ်ကျင့်ချွတ်ယွင်းပုံကို ထင်ရှားအောင်မပြတော့ဘဲ လွမ်းခန်းဆွေးခန်း စသည်တို့ကိုသာ တခမ်း တနား

http://www.dhammadownload.com



ချဲ့ထွင်၍ သဘင်ဆန်ဆန်(ကွက်စိပ်ဆရာတွေကို အားကျလျက်) ဟော ပြမှုကြောင့် လည်းကောင်း၊ ယခုအခါ များစွာသော တရားနာ ပရိသတ် တို့က သုတ္တန်တရားဆိုလျှင် ပျော်ရွှင်ဖွယ်ရာ အပျင်းပြေတရားဟု ထင် မှားနေကြသည်။ ဘုန်းကြီးကား သုတ္တန်ဒေသနာတော်များကို လေ့လာ ခဲ့ရာ၌ ဗုဒ္ဓမဖြစ်သေးမီ အလောင်းတော်တဝဝယ် ပါရမီဖြည့်ကျင့်ပုံကို ပြသော ဇာတ်တော်များကို ကြည့်ရသောအခါ ထိုအလောင်းတော်တို့ ကဲ့သို့ ပါရမီဖြည့်ကျင့်လိုသော စိတ်တွေသာဖြစ်ရ၏။ ဗုဒ္ဓဖြစ်ပြီးမှ ဟောပြတော်မူသော အင်္ဂုတ္တိုရ်, သံယုတ်, ပဏ္ဏာသနှင့် ဓမ္မပဒစသည်ကို ကြည့်ရှုရသောအခါ စိတ်နေစိတ်ထားတွေ အလိုလို ပြောင်း၍ ပြောင်း ၍သွားကာ သံသရာမှမြန်စွာ လွတ်မြောက်လိုစိတ်ဖြစ်ရ၏။ ထို့ ကြောင့် ဤအခန်း ကြည့်ရှုလိုသူတို့အား ဓမ္မအရသာကို ထိုက်တန်သမျှ ခံစား ကြရလေအောင် သုတ္တန်ဒေသနာတော်မှသာ ဓမ္မတချို့ကို ထုတ်ဖော် ညွှန်ပြပါမည်။

## ဒုက္ကရစရိယာ ကျင့်တော်မူပုံ

**ပဥ္စဝဂ္ဂီ ၅ ယောက်**

ငါးယောက်သောပုဂ္ဂိုလ်များ၏အစုအဖွဲ့ကို "ပဥ္စ ဝဂ္ဂီ" ဟု ခေါ်၏။ ဗုဒ္ဓအလောင်းတော် ဖွားမြင်တော် မူ၍ မကြာမီ သုဒ္ဓေါဒနမဟာရာဇာသည် ဗြာဟ္မဏ ပဏ္ဍိတ် တစ်ရာ့ရှစ်ယောက်တို့ကို ဖိတ်မန်၍ ကောင်းမွန်စွာ ကျွေးမွေး ပြီးလျှင် ထိုဗြာဟ္မဏတို့တွင် ပညာအရှိဆုံး ရှစ်ယောက်ကို ရွေး၍ အလောင်းတော်ကလေး၏ ရုပ်လက္ခဏာတော်ကို ကြည့်ရှုစေရာ ၇ ယောက်သောဗြာဟ္မဏတို့က "ရုပ်လက္ခဏာအလိုအားဖြင့် တောထွက် လျှင် ဗုဒ္ဓဖြစ်ရမည်၊ လူ့ဘောင်နေလျှင် စကြာမင်းဖြစ်ရမည်"ဟု ဟော

http://www.dhammadownload.com



ကြ၍ အငယ်ဆုံး ကောဏ္ဍညဗြာဟ္မဏကမူ "ဧကန်မုချဗုဒ္ဓဖြစ်ပါလိမ့်မည်" ဟု ဟောသည်။

ထိုတွင်ကောဏ္ဍညဗြာဟ္မဏသည် "အိမ်ရာထောင်၍ လူ့ဘောင်နေလျှင် သားသမီးတွေနှင့် အစွန့်ရခက်မည်"ဟု ယူဆ၍ ထိုဗြာဟ္မဏတို့၏သား ၄ ယောက်နှင့်အတူ တောထွက်ပြီးလျှင် ရသေ့လုပ်ကာ အလောင်းတော်မြတ်၏ တောထွက်လာချိန်ကို စောင့်မျှော်နေနှင့်၏။ [ဗြာဟ္မဏရှစ်ယောက်တွင် ၃ ယောက်က ဗုဒ္ဓနှင့် စကြာမင်းဟု ၂ ခွန်း၊ ၅ ယောက်က ဧကန် "ဗုဒ္ဓဖြစ်ရမည်"ဟုဟောပြီးလျှင် ထို ၅-ယောက်သည်ပင် တောထွက်၍ ရသေ့လုပ်နေကြသည်-ဟုလည်း ပါဠိသရာသိသုတ်၌ တစ်နည်းပြ၏။] ဗုဒ္ဓအလောင်းတော် တောထွက်လာသောအခါ သူတို့သည် ဗုဒ္ဓဖြစ်အောင် အားထုတ်နေသော အလောင်းတော်ကို ရေပူရေချမ်း ကမ်းလှမ်း လုပ်ကျွေးနေကြလေသည်။

**ဥပမာ ၃ မျိုး ထင်လာပုံ**

အလောင်းတော်သည် တောထွက်တော်မူပြီးနောက် ဆရာကို လိုက်၍ရှာရာ အာဠာရနှင့် ဥဒကရသေ့တို့ကို တွေ့ရပါသော်လည်း ထိုရသေ့ဆရာကြီးများ အထံမှ လောကီဈာန်ကိုသာ နည်းခံရသဖြင့် အားရကျေနပ်ခြင်း မရှိသေးရကား ထိုဆရာကြီးတို့အထံမှခွဲခွာခဲ့၍ အကောင်းဆုံးကုသိုလ်ဖြစ်သော သဗ္ဗညုတာဉာဏ်တော်ကို ရှာလျက် လှည့်လည်တော်မူစဉ် ဥရုဝေလတော သေနာနိဂုံးသို့ ရောက်တော်မူသောအခါ အလွန် သာယာသောတောအုပ်ကို လည်းကောင်း၊ စီးတသွင်သွင် ကြည်လင် သန့်ရှင်း မြူမှော်ကင်းသော စမ်းရေနှင့် ကမ်းခြေအနီးအပါးဝယ် ဆွမ်းခံရာရွာကိုလည်းကောင်း မြင်တော်မူရ၍ ထိုတော၌ပင် ကမ္မဋ္ဌာန်း အားထုတ်ဖို့ရန် ဆုံးဖြတ်တော်မူသည်။ ထိုအခါဝယ် စိတ်တော်၌ ဥပမာ ၃ မျိုး ထင်လာသည်မှာ-

၁။ ရေသဖန်းသားတစ်ချောင်းသည်အစေးနှင့်တကွ စိုစို

http://www.dhammadownload.com



ဖပ်ဖပ်ရှိ၏။ ထိုထင်းကိုရေထဲ၌ ချထားပြန်၏။ မီးကိုအလိုရှိသူသည် ထိုထင်းကိုယူ၍ မီးမွှေးလျှင် မီးရနိုင်မလား၊ မရနိုင်။ ဘာ့ကြောင့်နည်း။ နဂိုက စိုနေသည့်အပြင် ရေထဲ၌ပင်စိမ်ထားပြန်သောကြောင့်တည်း။ ထို့အတူ နဂိုက ကာမစိတ် အစေးဓာတ် အစိုဓာတ် မကင်းပြတ်သေးသူတို့သည် ဝတ္ထုအာရုံ ကာမဂုဏ်အတွင်း၌(သမီးခင်ပွန်းချင်း အတူ) စိမ်နေပါလျှင် ထိုကိလေသာ အစိုဓာတ် ခြောက်ကပ်ကုန်ဆုံးသွားအောင် ကြိုးစားစေကာမူ လောကုတ္တရာ တရားထူး ဖြစ်သော မီးကိုမထွက်စေနိုင်။ [ဤစကားဖြင့် ကိလေသာ ကာမစိတ်ဓာတ်လည်း မကင်းဘဲ သား လင် ခင်ပွန်းနှင့်အတူ တရား အားထုတ်သူတို့ တရားရနိုင်, မရနိုင်ကို စဉ်းစားစေလိုသည်။ ပါရမီဖြစ် အားထုတ်သူကို မဆိုလို။]

၂။ ရေသဖန်းထင်းတစ်ချောင်းကား အစေးမပြတ် စိုဖပ်ဖပ်ရှိနေသေး၏။ သို့သော်ရေထဲ၌ စိမ်မထားဘဲ ရေနှင့်ဝေးစွာကုန်းပေါ်မှာ ချထား၏။ ထိုထင်းဖြင့် မီးတောက်အောင် ကြိုးစားသူလည်း မီး ရနိုင်မည်လော၊ မရနိုင်။ ဘာ့ကြောင့်နည်း။ ရေထဲ၌ စိမ်မထားသော်လည်း စိုဖပ်ဖပ် ရှိနေသောကြောင့်တည်း။ ထို့အတူ သမီး ခင်ပွန်း အဖြစ်ဖြင့် မနေတော့ဘဲ ရသေ့, ရဟန်း, သီလရှင်, ရသေ့မ လုပ်၍ နေသော်လည်း အတွင်းစိတ်ဓာတ်၌ ကာမဂုဏ်ခံစားလို၍ စိုနေသေးပါမူ ထိုသူလည်း ကြိုးစားအားထုတ်လျက် တရားထူး မီးထွက်အောင် မတတ်နိုင်ချေ။

၃။ ထင်းတစ်ချောင်းကား ခြောက်လည်းခြောက်ပြီ၊ ရေနှင့်လည်း အလှမ်းဝေးသော ကုန်းခေါင်ခေါင်မှာ ပစ်ထား၏။ ထိုထင်းဖြင့် မီးမွှေးသူကား ဧကန်မုချ မီးရတော့မည်။ သိပ် အားမစိုက်ရဘဲ လေတိုက်ခတ်၍ ထင်းခြောက်ပင်အချင်းချင်းပွတ်မိရုံမျှဖြင့်လည်းမီးတောက်နိုင်၏။ ထို့အတူ ကာမဝတ္ထုမှ(သမီးခင်ပွန်းချင်းမှ)ခွဲခွာ၍ ရသေ့,

http://www.dhammadownload.com



ရဟာန်း, သီလရှင်, ရသေ့မ ပြုလုပ်နေသူတို့သည် ကာမဓာတ် အလိုကင်း၍ စိုခြင်းမရှိပါမူ အချို့မှာ အပင်ပန်းခံ၍ ကြိုးစားမှ တရားထူး မီးကို ရမည်ဖြစ်သော်လည်း အချို့ကား သက်သက်သာသာဖြင့်ပင် တရားထူးမီးကို ရနိုင်ရာ၏။

ဤသို့လျှင်အလောင်းတော်မှာ မထင်စဖူး ထူးကဲသော ဥပမာ ၃ ချက် ထင်လာသည်။

**အလောင်းတော် ကြိုးစားပုံ**

[ဒုက္ကရ=ခဲယဉ်းစွာ ပြုကျင့်အပ်သောအကျင့်ကို+စရိယာ= ကျင့်ပုံ။] ဤနေရာ၌ ဒုက္ကရစရိယာ ကျင့်ပုံကို အကျဉ်းပြအံ့၊ အလောင်းတော်သည် ကာမအာရုံ၌ ခံစားလိုစိတ်မရှိသဖြင့် အတွင်းဓာတ်မစိုသော ထင်းနှင့်တူ၏။ ယသော်ရော ထိပ်ခေါင်တင်နှင့်တကွ မောင်းမ မိဿံ အခြွေအရံများကို လွတ်လွတ်ကျွတ်ကျွတ် စွန့်ခဲ့ပြီးဖြစ်၍ ရေ မနီးသော ကုန်းခေါင်ခေါင် ကြီး၌ ပစ်၍ ထားအပ်သော ထင်းနှင့် တူ၏။ ထို့ကြောင့် အလောင်းတော်သည် ထင်လာသော ဥပမာ ၃ ချက်တွင် တတိယဥပမာနှင့် တူနေပေပြီ။ ရေ့ကို ကြိုးစားလျှင် တရားထူး မီးထွက်ဖို့ရာ အဆင်သင့်ပင်တည်း။

ထို့ကြောင့် ဗုဒ္ဓအလောင်းတော်သည် (ငါလို ပုဂ္ဂိုလ်မျိုးအား ထူးခြားသော အသိဉာဏ်မရဘဲ နေနိုင်မည်လား)ဟု အံကြိတ်၍ တောက်ခေါက်ပြီးလျှင် အကုသိုလ်စိတ်ကို ကုသိုလ်စိတ်ဖြင့် (မီးပွတ်သလို)အတင်းဖိနှိပ်ကာ မဆုတ်မနစ် အပူတပြင်း ကြိုးစားတော်မူလေသည်။ ထိုအခါ လက်ကတီးကြား(ချိုင်းကြား)တို့မှ ချွေးများ ယိုစီးလာ၏။ ဝီရိယကား အလွန်ပြင်းထန်၏။ ဆုတ်နစ်ခြင်း လုံးဝမရှိ။ သတိလည်း အကုသိုလ်စိတ် မဖြစ်ရအောင် အလွန်ကောင်းစွာ ထားလျက်ရှိသည်။ ထိုသို့ ဆင်းရဲပင်ပန်းခံကာ ကြိုးစားအားထုတ်မှုက နှိပ်စက်သဖြင့် ခန္ဓာကိုယ်သည် အေးမြ ငြိမ်းချမ်းခြင်းမရှိဘဲ ပူလောင်နေသကဲ့

http://www.dhammadownload.com



သို့ ဖြစ်ရလေသည်။ [ထိုအချိန်မှာ အလောင်းတော်သည် အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်တော်မူနေသည်။]

**ထွက်သက်ဝင်သက် ချုပ်ပုံ**

ထို့နောက် အလောင်းတော် သည် အသက် မရှုမရှိုက်ဘဲ ပါးစပ်နှင့် နှာခေါင်းတို့မှ လေဝင်လေထွက် မရှိရအောင် ချုပ်တည်း စမ်းတော်မူ၏။ ထိုအခါ နားနှစ်ဖက်တို့မှ လေတွေထွက်လာ၏။ ပန်းပဲဖိုမှ ထွက်သောလေသံကဲ့သို့ ထိုလေသံသည် အလွန်ပြင်းထန်၏။ ထိုအခါ နားနှစ်ဖက်တို့မှလည်း လေမထွက်အောင် ချုပ်တည်းတော်မူပြန်၏။ ထိုအခါ ထွက်ပေါက်မရ၍ မထွက်ရသောလေတို့သည် ဦးထိပ်သို့တက်ကာ(ထက်စွာသောစူးဖြင့် မွှေသကဲ့သို့) ဦးထိပ်ကို မွှေနှောက်လေတော့၏။

ထိုနည်းအတိုင်း ထွက်သက်ဝင်သက်တို့ကိုချုပ်တည်းထားပြန်ရာ အလွန်ပြင်းထန်စွာသော ခေါင်းကိုက်ဝေဒနာ ဖြစ်ပေါ်လာ လေ၏။ အလွန်တင်းကျပ်စွာ သားရေပိုင်းဖြင့် ဦးခေါင်းကို စည်းထားသကဲ့သို့ တင်းကျပ်ကြီး ဖြစ်နေတော့၏။ ထိုမှတစ်ဖန် လေတို့သည် ဝမ်းဖက်သို့လှည့်ကာ (နွားသတ်သမားက ဓားထက်ထက်ဖြင့် နွား၏ ဗိုက်ကိုဖြတ်လိုက်သကဲ့သို့) အလွန်ပြင်းထန်သောလေသည် ဝမ်းကိုဖြတ်လှီးသကဲ့သို့ဖြစ်၏။ ထို့နောက် မီးကျီးတွင်းထဲ ဆွဲချလိုက်သကဲ့သို့ တစ်ကိုယ်လုံး ပူလောင်လာလေသော် စကြံသွားရင်း မူးမိုက်၍ လဲရှာလေတော့သည်။ ထိုသို့လဲ၍မူးမေ့နေသောအခါ တချို့နတ်များက"သေပြီ"ဟုထင်၍ နတ်အချို့က"ရဟန္တာဖြစ်၍ သမာပတ်ဝင်စားနေတာ"ဟုထင်မှားကြလေသတတ်။

**အစားလျှော့၍ ဒုက္ခဖြစ်ပုံ**

ထို့နောက် သတိရလာ၍ ဝီရိယ မလျှော့သည့်အပြင်၊ လုံးလုံး အစာမစားဘဲ ကျင့်ရန် ကြံပြန်လေရာ (အစာမစားလျှင် နတ်တို့က နတ်သြဇာကို သွင်း

http://www.dhammadownload.com



ပေးမည် စိုးသောကြောင့်) တစ်လက်ခုပ်လောက် တစ်လက်ခုပ်လောက် ပဲပြုတ်ရည်ကိုသာ သောက်၍ကျင့်ပြန်လေသည်။ ထိုသို့ အစာကို သိပ်လျှော့လိုက်ခြင်းကြောင့် ခန္ဓာကိုယ်သည် အလွန်အမင်း ပင်ပန်း တော်မူ၏။ အရိုးအဆစ်တွေပေါ်နေ၏။ တင်ပါးသားများပင် မရှိတော့ဘဲ ကုလားအုတ်၏ ခွာကဲ့သို့ဖြစ်နေ၏။ ကျောရိုးများလည်း ကိုးရိုးကားရား ဖြစ်နေတော့၏။ နံရိုးများလည်း မမိုးရသေးသော အိမ်အခြင်များကဲ့သို့ ကျိုးတိုးကျဲတဲဖြစ်နေ၏။ မျက်လုံးများလည်း မျက်လုံးအိမ်အတွင်းသို့ ဝင်ကာ ရေတွင်းထဲက ရေပွက်ကလေးကဲ့သို့ ထင်လာရလေ၏။

ဦးခေါင်းတော်ကား လေပူနေပူလောင်ထား၍ ရှုံ့တွနေသော ဘူးခါးသီးကဲ့သို့ဖြစ်နေ၏။ ဝမ်းရေလည်း ကျောကပ်နေရကား ဝမ်းဗိုက်ကို စမ်းလိုက်လျှင် ကျောရိုးများကို စမ်းမိတော့၏။ အားလုံးသော အသားအရေတွေ ရှုံ့တွနေရကား ကျင်ကြီးကျင်ငယ်စွန့်လျှင် လွယ်လွယ်နှင့်စွန့်၍မရဘဲ ထိုင်ရာမှ မှောက်လျက် လဲသွားတတ်လေသည်။ အလောင်းတော်၏ နဂိုအသားအရေမှာ ဝါဝင်းစိုပြည်လှ၏။ ထိုစဉ်ကမူ မဲခြောက်၍ နေလေတော့သည်။

**အတ္တကိလမထအကျင့်**

ဤသို့ ပင်ပန်းခံ၍ ကျင့်ခြင်းကို "အတ္တကိလမထအကျင့်"ဟုခေါ်၏။ (အတ္တ=ခန္ဓာကိုယ် အတ္တဘောကို+ ကိလမထ= ပင်ပန်းခံကြောင်းအကျင့်။) ထိုခေတ်က ထိုကဲ့သို့ ပင်ပန်းခံသောအကျင့်များကို အသားယူ၍ ဘုရားတစ်ဆူ လုပ်နေကြသူတွေရှိ၏။ ရေပူရေချမ်း ကမ်းလှမ်း၍ လုပ်ကျွေးနေကြသော ပဉ္စဝဂ္ဂီတို့လည်း ထိုသို့ပင်ပန်းစွာကျင့်၍ နေပုံကိုမြင်ရသဖြင့် ဧကန် ဗုဒ္ဓဖြစ်တော့မှာပဲဟု အားရပါးရ မျှော်လင့်နေကြ လေသည်။ အလောင်းတော်မှာကား ထိုမျှလောက် အပင်ပန်းခံမှုကြောင့် ဗုဒ္ဓဖြစ်ခန်းနှင့်ဝေးသော လမ်းမှားကို လိုက်သွားမိလေသည်။

http://www.dhammadownload.com



**စဉ်းစားတော်မူခြင်း**

အလောင်းတော်သည် တစ်မျိုးပြီးတစ်မျိုး ပြောင်း၍ ပြောင်း၍ ခန္ဓာကိုယ် ပင်ပန်းကြောင်း အကျင့်များကို ကျင့်နေမိသည်မှာ ၆ နှစ်နီးနီးကြာခဲ့လေပြီ။ မည်သည့် တရားထူးကိုမျှလည်း မရချေ။ ထို့နောက် စဉ်းစားချက် တစ်မျိုးပေါ်လာသည်မှာ– ယခုခေတ် နောက်ခေတ်တို့၌ "အပင်ပန်းခံ၍ ကျင့်သည်"ဟုမှတ်တမ်းတင်ရသူတို့သည်လည်း ယခု ငါကျင့်သည် ထက် မလွန်နိုင်ချေ။ ဤသို့ ပင်ပန်းခံ၍ ကျင့်မှုရတမ်းဆိုလျှင် ငါလည်း တရားထူး ရသင့်ပြီ။ ဤမျှလောက် ကျင့်ပါလျက် တရားထူးမရသည်မှာ ဤအကျင့်၏ လမ်းမှန် မဟုတ်သောကြောင့်သာဖြစ်၏။ ထူးသော ဉာဏ်ကိုရဖို့ရန်လမ်းမှန်သည်ကား တစ်မျိုးဖြစ်တန်ရာသည်ဟု စဉ်းစားမိလေသည်။

**အစာစား၍ ကျင့်မှု**

ငယ်ရွယ်စဉ်အခါကခမည်းတော်လယ်ထွန်မင်္ဂလာ ပြုချိန်ဝယ် ဇမ္ဗုသပြေပင်အောက်မှာ ဈေယင်ပုခက် ပေါ်နေစဉ် အထိန်းတော်များ လယ်ထွန်မင်္ဂလာသို့ သွား၍ကြည့်ခိုက် အာနာပါနစျာန်ကိုရ၍ ဝင်စားတော်မူခဲ့ဖူး၏။ ထိုအခါ အလွန်ချမ်းသာလှပေ၏။ ထိုစျာန်သည်ပင် ထူးခြားသော ဉာဏ်ကိုရဖို့ရန် လမ်းမှန်ဖြစ်လေရော့သလားဟု စဉ်းစားလေရာ "အင်း –ဟုတ်သားပဲ၊ အဲဒီစျာန်ဟာ လမ်းမှန်ပါပဲလား"ဟု အသိဉာဏ် လည်း ပေါ်လာ၏။ ထိုသို့ပေါ်လာသောအခါ ဝတ္ထုအာရုံ ကာမဂုဏ် တို့နှင့် လည်းကောင်း၊ အကုသိုလ်စိတ်များနှင့်လည်းကောင်း ကင်းကွာ၍ ချမ်းသာလှသော ထိုစျာန်တရားကိုဘာ့ကြောင့် ငါကြောက်နေရမှာလဲ၊ ထိုလမ်းကောင်း လမ်းမှန်ဖြစ်သော ပထမစျာန်ကိုပင် ပြန်၍ ရအောင် ကြိုးစားတော့မည်။ သို့သော် ဤမျှလောက် ခန္ဓာကိုယ် ပင်ပန်း နေလျှင် ထိုစျာန်ကို ရဖို့ မလွယ်ချေ။ အစာကိုမျှတအောင်စားဦးမှသင့်မည်ဟုကြံ တော်မူ၍ စားရိုးစားစဉ် ဆွမ်း,မုန့်များကိုရဖို့ရန်ဆွမ်းခံတော်မူပြန်သည်။

http://www.dhammadownload.com



[ထိုသို့အစားအသောက်များကို ထုံးစံအတိုင်း ပြန်စားသော အခါ ပဉ္စဝဂ္ဂီတို့လည်း အလောင်းတော်အပေါ်၌ အထင်သေး၍ "ရဟန်း ဂေါတမသည် ကမ္မဋ္ဌာန်းက လျှောကျ၍ လာဘ် ပေါများအောင် ကျင့် နေပေါ့"ဟု မှျော်လင့်ချက်လျှော့ပြီး စိတ်ပျက်စွာနှင့် မိဂဒါဝုန်တောသို့ ရွှေ့သွားကြလေသည်။]

## ဗုဒ္ဓရှင်တော်နှင့် ပဉ္စဝဂ္ဂီ

**ပဉ္စဝဂ္ဂီတို့နှင့် တွေ့ပုံ**

ထိုသို့ဆွမ်းစသည်ကို ဘုဉ်းပေးတော်မူလျှင် မကြာ ခင် နဂို အသား အရေဖြစ်၍ လမ်းမှန်ကျကျ တရား အားထုတ်တော်မူလေရာ ပထမဈာန်မှစ,၍လောကီ ဈာန်ကိုရတော်မူပြီးလျှင် အတော်ကြာသောအခါ ဗုဒ္ဓအခန်း၌ ပြခဲ့ သည့်အတိုင်း ဗုဒ္ဓအဖြစ်သို့ရောက်တော်မူပြီးနောက် တရားဦးဟောဖို့ရန် ပဉ္စဝဂ္ဂီတို့ရှိရာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ ကြွတော်မူလေ သော် ပဉ္စဝဂ္ဂီတို့သည် ဗုဒ္ဓရှင်တော်မြတ်ကို"ဗုဒ္ဓမဖြစ်သေး"ဟု အယူရှိ သောကြောင့် "ငါ့ရှင် ဂေါတမ"ဟုပြောဆိုကြလေသည်။

ပဉ္စဝဂ္ဂီ။ ။ ငါ့ရှင် ဂေါတမ... ဥရုဝေလတောခ၌ ကမ္မဋ္ဌာန်း အားထုတ် နေစဉ် ကျုပ်တို့က ငါ့ရှင်ရဲ့ သပိတ်သင်္ကန်းကိုယူပြီး (ဟိုဟို သည်သည်)လှည့်လည်ခဲ့ကြတယ်နော်၊ မျက်နှာသစ်ရေ တံပူ တို့လည်း ပေးကြတယ်။ ငါ့ရှင်နေတဲ့ ကျောင်းတလင်း ကို လည်း တံမြက်လှည်းခဲ့ကြတယ်။ သည်နောက် ကျုပ်တို့ ဒီ ရွှေ့လာတဲ့အခါ ဘယ်သူက ဝတ်ကြီးဝတ်ငယ် ပြုပါသလဲ။

ဗုဒ္ဓ။ ။ ဘိက္ခုတို့ ...ငါ့ကို(ဂေါတမဟု)နာမည် မခေါ်ကြပါနှင့်။ ငါ့ ရှင် လို့လည်း မပြောကြနှင့်။ ယခု ဗုဒ္ဓဖြစ်လာပြီ။ အမတ တရား(နိဗ္ဗာန်တရား)ကို ငါသိပြီ။ နားထောင်ကြ။ တရား

http://www.dhammadownload.com



ဟောပြမည်။ ဟောတဲ့အတိုင်း ကျင့်ကြလျှင် မကြာခင်ပင် မြတ်သော တရားကို ကိုယ်တိုင်သိမြင်ကြရလိမ့်မည်။

ပဉ္စဝဂ္ဂီ။ ။(ဗုဒ္ဓဖြစ်တယ်ဆိုတာကို မယုံနိုင်ကြသဖြင့်) ငါ့ရှင်ဂေါတမ၊ ခဲခဲယဉ်းယဉ်း အပင်ပန်းခံပြီး (ပဲပြုတ်ရေကလေး တစ်လက်ခုပ်လောက်သောက်လျက်) ကျင့်တုန်းကမှ ဗုဒ္ဓမဖြစ်နိုင်ဘဲနှင့် ယခုလို ပစ္စည်းလာဘ်ပေါများအောင် ဟိုလယ် ဒီလယ် လယ်ပြီးလျှင် ကမ္မဋ္ဌာန်းမှထွက်ခွာ၍ အစားအသောက်တွေ စားနေကာမှ ဗုဒ္ဓ ဖြစ်တယ်ဆိုတာ ဘယ်မှာဟုတ်နိုင်မှာလဲ။

ဗုဒ္ဓ။ ။ဘိက္ခုတို့ ... ငါသည်ကမ္မဋ္ဌာန်းမှ ထွက်၍ ပစ္စည်း ပေါများအောင် လှည့်လည်နေသည် မဟုတ်၊ ဗုဒ္ဓဖြစ်ပြီ။ အမတ (နိဗ္ဗာန်)ကိုသိပြီ။ သင်တို့နားထောင်ကြ၊ တရားဟောမည်။ ဟောတဲ့ အတိုင်း ကျင့်ကြလျှင် မကြာခင် တရားထူးကို ကိုယ်တိုင် သိကြရလိမ့်မည်။ [ဤသို့ ၃ ကြိမ် မိန့်တော်မူသည်။]

ဗုဒ္ဓ။ ။ဘိက္ခုတို့ ... သင်တို့သည် (ဉရုဝေလတောမှာ နေကြစဉ်က) ငါ့အပေါ်၌“ဗုဒ္ဓဖြစ်တော့မှာပဲ”ဟု အမျှော်ကြီး မျှော်လင့်၍ နေကြတယ်မဟုတ်လား။ ထိုအခါတုန်းက (သင်တို့ စိတ်အား ထက်သန်ပါစေတော့ ဟူသော သဘောဖြင့်) “ငါ့မှာ အရောင်အဝါတွေ ထွက်ပေါ်လာပြီ၊ မကြာမီ ဗုဒ္ဓဖြစ်တော့မည်” စသော စကားမျိုးကို ပြောဖူးသလား။

ပဉ္စဝဂ္ဂီ။ ။(အထက်ပါစကားကို မိန့်တော်မူလိုက်လျှင်) “ဟုတ်သားပဲ၊ ငါတို့ အမျှော်ကြီးမျှော်နေတုန်းက ဒီစကားကို မပြောခဲ့ဘဲ ယခုမှပြောခြင်းကို ထောက်လျှင် ဗုဒ္ဓဖြစ်ဟန်တူတယ်”ဟု သဘောပေါက်လာကြ၍“ရှေးကဒီစကားမျိုးမပြောပါဘူး ဘုရား”ဟုတစ်ပြိုင်နက် လျှောက်ထားကြလေသည်။

http://www.dhammadownload.com



ဗုဒ္ဓ။ ။ ယခု ငါဗုဒ္ဓ ဖြစ်လာပြီ၊ အမတ(နိဗ္ဗာန်)ကို သိပြီ၊ သင်တို့ နားထောင်ကြ၊ ငါသွန်သင်ပြသမည်။ သွန်သင်ပြသသော နည်းအတိုင်း လိုက်နာကြလျှင် မကြာခင်ပင် တရားထူးကို ကိုယ်တိုင်သိကြလိမ့်မည်။ [ဤသို့ မိန့်တော်မူပြီးလျှင် "ဓမ္မစကြာ"တရားဦးကို ဟောတော်မူသည်။]

## ဓမ္မစကြာအရေးအသော်

**အမှာစကား** ဤ တရားတော်ကို နဂို ဟောတော်မူရင်း အစဉ် အတိုင်း နားလည်လောက်အောင် ရေးနေရလျှင် ထိုတရားတော်ဖြင့် ဓမ္မအခန်း တစ်ခန်းလုံး ဖုံးသွားဖွယ်ရှိ၏။ ဤကျမ်းကား တရားတော်၏ လေးနက်ပုံကိုလည်းကောင်း၊ ထိုတရားတော်ကို ဟောပြတော်မူသော ဗုဒ္ဓ၏ဉာဏ်တော်ကိုလည်းကောင်း (မယုံကြည် တတ်သေးသူတို့) မှန်းဆ ကြစေလိုသည့်အပြင် ထိုတရားတော်အရ တည်ဆောက်ထားသော သာသနာ့အဆောက်အအုံကြီးကို ခိုင်ဖြိုး ခမ်းနားအောင် ပြုပြင်လိုသောကြောင့် စီစဉ်အပ်သောကျမ်းစာဖြစ်ရကား တရားတော်အစဉ်ကျအောင် လုံးစေ့ပါဌ်စေ့ ရေးခွင့်မရတော့ပါ။ ထို့ကြောင့် ထိုထိုသုတ္တန်တော်ကြီးများမှ လိုရင်းအချက်များကိုသာ ထုတ်ဖော် ညွှန်ပြရပါလိမ့်မည်။

**အချုပ်တရားများ** ဤ ဓမ္မစက္ကပ္ပဝတ္တနသုတ်(ဓမ္မစကြာ)သုတ်၌ အချုပ် တရားများကား ပဋိပဒါ(အကျင့်) ၃ ပါး၊ သစ္စာ ၄ ပါး၊ ဉာဏ် ၁၂ ပါး နှင့် ဗုဒ္ဓအဖြစ်ကို ဝန်ခံတော်မူခန်းများတည်း။ [နတ်တို့၏ကြွေးကြော်သံမှာ ဓမ္မစကြာတရားရင်း၏ နောက်ဆက်သာ တည်း။] ထိုတွင်–အကျင့် ၃ ပါးဟူသည် ကာမသုခလ္လိကာနုယောဂ၊ အတ္တ ကိလမထာနုယောဂ၊ မဇ္ဈိမပဋိပဒါတည်း။

http://www.dhammadownload.com



သစ္စာလေးပါးဟူသည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတည်း။

ဉာဏ်တော် ၁၂ ပါးဟူသည် ဤတရားစုသည် ဒုက္ခသစ္စာတည်းဟု ဒုက္ခသစ္စာကိုသိသော သစ္စဉာဏ်၊

ဤဒုက္ခသစ္စာသည်(ပယ်ရှားစွန့်ပစ်စရာမဟုတ်)၊ ကွဲကွဲ ပြားပြား နားလည်စရာဖြစ်သည်ဟု ဒုက္ခသစ္စာအပေါ်၌ ဖြစ်ထိုက်သော ကိစ္စကို သိသော ကိစ္စဉာဏ်၊

ဤဒုက္ခသစ္စာကို ငါဘုရားသည် ကွဲကွဲပြားပြား ခွဲခြား၍ သိပြီးပေပြီဟု ပြုပြီးကိစ္စကိုသိသော ကတဉာဏ်၊

ဤသို့ ဒုက္ခသစ္စာ၌သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ဟု ဉာဏ် ၃ ပါးဖြစ်သကဲ့သို့ နောက်သစ္စာများ၌လည်း ၃ ပါးစီ ပြားရကား ဉာဏ်ပေါင်း ၁၂ ပါးပြားသည်။

ဤသို့ သစ္စာ ၄ ပါးတို့၌ ဉာဏ် ၁၂ ပါးမဖြစ်မီက "သမ္မာသမ္ဗုဒ္ဓ=ဘုရား" ဖြစ်ပြီဟုဝန်မခံသေးပဲ ဉာဏ် ၁၂ ပါးဖြင့် သစ္စာ ၄ ပါးကို သိတော်မူမှ ဝန်ခံတော်မူသည်။

ဤစကားအားလုံးကား ဓမ္မစကြာ၌ ဟောတော်မူလိုရင်း အချုပ်တရားများတည်း။ ထိုတွင်ဉာဏ် ၁၂ ပါးမှာ အများနှင့်အရေးတကြီး မဆိုင်လှသဖြင့် ဖော်ပြတော့မည် မဟုတ်။ ထို့ပြင် ပါဠိတော်ရင်းကိုလည်း ပါဠိကိုနားမလည်သူတို့အား ထူးခြားခြင်းမရှိသဖြင့် မဖော်ပြတော့ဘဲ အကျဉ်းချုပ်ဘာသာပြန်ကိုသာ ပြထားပါသည်။ အောက်ပါစကားတို့ကား ထိုပါဠိတော်ကိုမြန်မာလို ပြန်ဆိုထားချက်တည်း။

**အကျင့်သုံးပါး တရားတော်**

ဘိက္ခုတို့ ... ရသေ့ ရဟန်း ဟူသမျှသည် ကာမစည်းစိမ်ကိုခံစားသောအကျင့်နှင့် ခန္ဓာကိုယ်ပင်ပန်းသော အကျင့် ၂ မျိုးကို မကြိုးစားထိုက်။ ကာမ

http://www.dhammadownload.com



စည်းစိမ်ကို ခံစားသောအကျင့်သည် ယုတ်မာညစ်ညမ်း အောက်တန်းကျ၏။ မြို့ရွာနေသူ လူဝတ်ကြောင်များ၏အကျင့်ဖြစ်၏။ (ရသေ့ရဟန်းများ၏ အကျင့်မဟုတ်။) ပုထုဇဉ် လူ့ဗာလတို့၏ အကျင့်လည်းဖြစ်၏။ မြင့်မြတ်ဖြူစင် အရိယာနွယ်ဝင်တို့၏ အကျင့်မဟုတ်။ ထိုကာမစည်းစိမ် ခံစားသော အကျင့်သည် အကျိုးစီးပွား များအောင် မဆောင်နိုင်သည့်ပြင် အကျိုးမဲ့ကိုသာ ဆောင်နိုင်လေသည်။ ခန္ဓာကိုယ်အပင်ပန်းခံ၍ကျင့်သော အကျင့်မျိုးလည်း ဒုက္ခရောက်လှ၏။ အရိယာသူတော်စင်တို့၏ အကျင့်မဟုတ်။ အကျိုးမဲ့ကိုသာ ဆောင်နိုင်သည်။

**မဇ္ဈိမပဋိပဒါ** ဤ ၂ မျိုးသော ကျင့်စဉ်လမ်းမှားကို မလိုက်ဘဲ ကာမ ချမ်းသာကို ခံစားသောလမ်း၊ ဒုက္ခခံသောလမ်းနှစ်သွယ်၏ အလယ် ဖြစ်သော ကျင့်စဉ်လမ်းတစ်မျိုးကို ငါဘုရား ထိုးထိုး ထွင်းထွင်း ရှင်းလင်းစွာ သိထားပြီးပြီ။ "မဇ္ဈိမပဋိပဒါ" ဟုခေါ်သော ထိုလမ်းကား ဉာဏ်စက္ခုအလင်းရအောင်ပြုနိုင်၏။ အသိဉာဏ်တိုးပွားအောင် ပြုနိုင်၏။ ကာမဂုဏ်ခံစားလိုသော ကိလေသာမှစ၍ ဒေါသ, မောဟ, မာန်မာနစသော ကိလေသာအပူတွေကို အေးငြိမ်းစေနိုင်၏။ သစ္စာ လေးပါးကို (မျက်မှောက်ပြုသောအားဖြင့်) ဖိဖိစီးစီး သိအောင်ပြုနိုင်၏။ သစ္စာလေးပါးကို (ပိုင်းခြားဆုံးဖြတ်သော အားဖြင့်လည်း) သိအောင်ပြုနိုင်၏။ နိဗ္ဗာန်ဟုခေါ်ရသော အအေးဓာတ် အငြိမ်းဓာတ်ကိုလည်း ရအောင် ပြုနိုင်ပေသည်။

**မဂ္ဂင်ရှစ်ပါး** ထို မဇ္ဈိမပဋိပဒါခေါ် အလယ်လမ်းကျင့်စဉ် ဟူသည်မှာ အယူအမြင်မှန်ခြင်း၊ အပြစ်မရှိသော အကြံကို ကြံခြင်း၊ မမှန်သော စကားကိုရှောင်၍ မှန်သောစကားကိုသာ ပြောခြင်း၊ မမှန်သောအလုပ်ကိုရှောင်၍ မှန်သောအလုပ်ကိုသာ ပြုလုပ်ခြင်း၊ တရားသဖြင့် ရအပ်သော ပစ္စည်းဥစ္စာဖြင့်သာ ကောင်းမွန်စွာ အသက်မွေးခြင်း၊ လမ်းမှန်ကိုသာ ကြိုးစားခြင်း၊ မှန်ကန်သော သတိ

http://www.dhammadownload.com



အမြဲရှိခြင်း၊ မှန်ကန်သောအရာ၌ သမာဓိရှိခြင်း၊ ဤရှစ်ပါးပင်ဖြစ်သည်။ ဤရှစ်ပါးသော ကျင့်စဉ်များကို မိမိစိတ်အစဉ်မှာ အမြဲဖြစ်အောင်ကြိုးစားကျင့်ပါလျှင် ဉာဏ်စက္ခုအလင်းရ၍ အသိဉာဏ်လည်း တိုးပွားကာ ကိလေသာအပူမီးကို ငြိမ်းစေနိုင်၏။ သစ္စာလေးပါးကို ဖိဖိစီးစီး မှန်မှန်ကန်ကန် သိမြင်နိုင် နိဗ္ဗာန်ကိုလည်း ကိုယ်တိုင် မြင်နိုင်သည်။ ဤကား ပါဠိတော် မြန်မာပြန်ချက်တည်း။

**အစီပွာယ်ရှင်းပြချက်**

ဤအခန်းကို ကြည့်ရှုသူတို့အား ဓမ္မစကြာတရားစ,၍ ဟောတော်မူချိန်ကို ခန့်မှန်းစေလိုပါသည်။ ရှင်တော်မြတ်သည် ဗုဒ္ဓဖြစ်ပြီးခါစ သက်တော် ၃၅ နှစ်အရွယ်မျှဝယ် ကမ္ဘာလောက၌ ထူးခြားသော တရားတော်ကို ပထမဆုံးဟောတော်မူရမည့်အခါပေတည်း။ လူပုဂ္ဂိုလ်ထဲက ၅ ဦးမျှသော ပဉ္စဝဂ္ဂီတို့သည် တရားဦးကို နာယူမည်ဟု မျှော်လင့်တောင့်တ စောင့်ဆိုင်းခဲ့ကြသည်မှာ ၃၅ နှစ်လောက်ပင် ကြာပါပေပြီ။ ယခုအချိန်မှာ သူတို့မျှော်လင့်နေသော အလောင်းတော် မင်းသား၏ ဗုဒ္ဓဖြစ်ကြောင်းကို ယုံကြည်လာကြသည်ဖြစ်၍ တရားတော်ကို နာလိုသောဆန္ဒလည်း အလွန်ထက်သန်လျက်ရှိကြပေလိမ့်မည်။ နေရာဌာနမှာလည်း လူသံကင်းဝေး အေးဆေးငြိမ်သက်လှစွာ မိဂဒါဝုန် ရဂုံမြိုင်တွင်း ဖြစ်၏။ အချိန်မှာ ဝါဆိုလပြည့်နေ့ဝယ် နေစွယ် ယွန်း၍ လ,ဝန်းပေါ်စအချိန်ဖြစ်ပေသည်။ ထိုအချိန်ကောင်းဝယ် အရွယ် ၃၅ နှစ်မျှ အားအင်တော်ပြည့်၍ ဝါဝင်းသပ္ပာယ်သော ကိုယ်ခန္ဓာတော်တွင် ကြည်လင်အေးမြသောမျက်နှာတော်ဖြင့် သာယာသောအသံတော်ကိုထုတ်ဖော်ကာ "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ" အစရှိသော တရားရတနာကို မိန့်တော်မူပါသည်။

**ကာမသုခလ္လိကာအကျင့်**

ကာမချမ်းသာကို ခံစားသော လူဝတ်ကြောင်များသည် မိမိတို့ကာမစိတ် အလို

http://www.dhammadownload.com



ကျအောင် လုပသောအဆင်း၊ သာယာသော တီးမှုတ်သံ၊ မွှေးကြိုင်သောအနံ့၊ အရက်သေစာမှစ၍ အစားအသောက်မျိုးစုံဖြင့် တစ်ယောက်နှင့်တစ်ယောက် တွေ့ကာထိကာ မီးခိုးမဆုံး မိုးမဆုံးသော ခံစားဖွယ်တွေကို ရနိုင်သမျှ ခံစားကြ၏။ ထိုကာမစိတ်ကြိုက် အလိုလိုက်သော အကျင့်သည် ကာမသုခလ္လိက အကျင့်မည်၏။ ထိုကာမအကျင့်သည် အောက်တန်းကျ၍ ယုတ်မာ ညစ်ညမ်းသောကြောင့် လူလယ်ခေါင်၌ မပြုရဲကြ။ အိမ်သူအိမ်သားတွေရဲ့ အကျင့်သာဖြစ်၏။ အထက်တန်းကျသော အနာဂါမ်, ရဟန္တာများ မကျင့်ကြချေ။

မှန်၏။ ဤအကျင့်သည်ကာမရာဂမကုန်သေးသူတို့အတွက် အကောင်းကြီးဟုထင်ရသော်လည်း ရာဂကုန်နေသူတို့အတွက်မှာ စိတ်ပျက်ရွံရှာဖွယ်သာ ဖြစ်၏။ ဥပမာ ခွေးဘဝ၌ ဖြစ်ခိုက် မစင်ကို အလွန်နှစ်သက်နေသော်လည်း ခွေးဘဝမှလွတ်၍ လူဖြစ်လာသော အခါ မစင်သည် စက်ဆုပ်ရွံရှာဖွယ် ဖြစ်သကဲ့သို့တည်း။ ထို့အတူ ကာမရာဂ မကင်း၍ အကောင်းကြီးထင်ရသော ကာမခံစားမှုသည် ကာမရာဂ ကင်းကွာပြီးသော အနာဂါမ်ဖြစ်လျှင် ရွံဖွယ်ဟုသာ ထင်မြင်လေတော့သည်။ ထိုအကျင့်ကို လိုက်စား၍ လောကအကျိုး သံသရာအကျိုး ပွားတိုးသည်ဟုမရှိ။ စင်စစ်သော် ထိုအကျင့်ယုတ်ကို အားထုတ်လိုက်စားသူတို့မှာ ဉာဏ်ပညာမတိုးပွားသည့်ပြင် နဂိုရှိသမျှပညာဉာဏ်သည်ပင် ထိုင်းမှိုင်း တတ်သေး၏။ ထို့ကြောင့် ထို ကာမ သုခလ္လိကာ အကျင့်ကို ရသေ့ရဟန်းသူတော်စင်ဟူသမျှတို့ ဝေးနိုင်သမျှ ဝေးအောင် ရှောင်ကြဉ်ကြရပေသည်။

**မေထုန်ငယ် ၇ မျိုး**

[ဤနေရာဝယ် "အင်္ဂုတ္တိုရ် သတ္တကနိပါတ်"လာ မေထုန်ငယ် ၇ ပါးကို သတိထားသင့်သည်။] အို ပုဏ္ဏား ... သမီးခင်ပွန်းချင်း ကာမစည်းစိမ်ခံစားနေခြင်းကိုသာ "မေထုန်"ကိစ္စဟု မမှတ်လင့်။

http://www.dhammadownload.com



၁။ ရေချိုးရာ၌ မာတုဂါမ၏ပွတ်တိုက်ပေးခြင်း၊ အခြား နေရာ၌ ခြေဆုပ်လက်နယ်ပြုပေးခြင်းကို သာယာနေခြင်းလည်း မေထုန်ကိစ္စတစ်မျိုးပင်တည်း။

၂။ ထိုသို့ပြုစုခံခြင်းမှ ရှောင်ကြဉ်နိုင်သော်လည်း မာတုဂါမနှင့်အတူ ပြုံးကာရယ်ကာ တို့ကာ ဆိတ်ကာ သာယာနေခြင်းလည်း မေထုန်ကိစ္စတစ်မျိုးပင်တည်း။

၃။ ထိုသို့ ပြုံးရယ် တို့ဆိတ်ခြင်းစသည်ကို ရှောင်ကြဉ်နိုင်သော်လည်း မျက်နှာချင်းဆိုင်၍ အားရပါးရ ကြည့်ရှုနေခြင်းသည့်လည်း မေထုန်ကိစ္စတစ်မျိုးပင်တည်း။

၄။ ထိုသို့ ကြည့်ရှုခြင်းမျိုးမှ ရှောင်နိုင်သော်လည်း မိမိ၏ မမြင်ကွယ်ရာ အနီးအပါးမှ ရယ်သံစကားပြောသံကိုကြား၍ သာယာသောအားဖြင့် နားစိုက်နေခြင်းလည်း မေထုန်ကိစ္စ တစ်မျိုးပင်တည်း။

၅။ ထိုသို့နားမထောင်ဘဲရှောင်လွှဲနေစေကာမူသီလမဆောက်တည်ခင် ရှေးက မာတုဂါမနှင့်အတူ ပျော်ပျော်ရွှင်ရွှင် ကြင်ကြင်နာနာနေခဲ့ရဖူးသည်ကို တွေး၍ မျက်စိထဲ၌ တရေးရေး မြင်နေရခြင်းလည်း မေထုန်တစ်မျိုးပင်တည်း။

၆။ ထိုသို့မတွေးဘဲနေနိုင်စေကာမူ လူဝတ်ကြောင်များ၏ ခံစားမှုကိုမြင်၍ အားကျနေခြင်းလည်း မေထုန်တစ်မျိုးပင်တည်း။

၇။ ထိုအားလုံးကိုရှောင်ကြဉ်၍ သူတော်စင်ပီပီ တည်ကြည်ပါသည်ဟုချီးမွမ်းရမည်ဖြစ်သော်လည်းယခုဘဝ၌စောင့်စည်းရသော အကျင့်သီလဖြင့် နောက်ဘဝနတ်ဖြစ်ရတော့မည်ဟု မျှော်လင့်လျက်နှစ်သက်သာယာနေခြင်းလည်း မေထုန်တစ်မျိုးပင်ဖြစ်၏။

ထိုစိတ်မျိုးဖြစ်နေသမျှ အဗြဟ္မစရိယ(မေထုန်)မှ ရှောင်ကြဉ်မှုသီလသည် ညှိုးနွမ်းပေါက်ကြားနေသေး၏ဟုဟောတော်မူသည်။ ထို့ကြောင့် ကာမသုခလ္လိကာနုယောဂ အကျင့်ကိုရှောင်ကြဉ်၍ သူတော်စင်

http://www.dhammadownload.com



ပိပိ တည်ကြည်သော ရသေ့ ရဟန်း သီလရှင်ဖြစ်လိုသူများကား ထို အားလုံးမှရှောင်ရှားနိုင်အောင် ကိုယ်ရော စိတ်ပါ သတိထားကြရပေ လိမ့်မည်။

**အတ္တကိလမထ အကျင့်**

[အတ္တ=အတ္တဘော=ခန္ဓာကိုယ်+ကိလမထ= ပင်ပန်းကြောင်းအကျင့်။] ဗုဒ္ဓ ထွန်းပေါ်တော် မမူမီ က ရသေ့တို့သည် ခန္ဓာကိုယ်တွင်း၌ ကိလေသာ ကာမစိတ်တွေ သောင်းကျန်းနေခြင်း၏အပြစ်ကို မြင်ကြ၍ ထိုကာမ စိတ်ဓာတ် နည်းပါးစေနိုင်သော အကျင့်ကို ရှာကြလေရာ "ခန္ဓာကိုယ် ဝဝဖြိုးဖြိုးနှင့် တိုးတက် စည်ပင်နေလေသမျှ ကာမတဏှာ ကိလေသာ အစိုအစေးဓာတ်လည်း မပြတ်စိုနေစရာရှိ၏။ ဤခန္ဓာကိုယ် မစိုမလန်း ခြောက်ခန်းနေလျှင် ထန်းနို့ခြောက်မှ ထန်းရည် မထွက်နိုင်သကဲ့သို့ ကိလေသာ အစိုဓာတ်လည်း ခြောက်ကပ် ပျောက်ဖွယ်ရှိ၏" ဟုကြံဆ ပြီးလျှင် မိမိခန္ဓာကိုယ် ပင်ပန်း နွမ်းနယ်အောင် နယ်ကြလေတော့၏။ အစာကိုခြိုးခြံကာ ပဲပြုတ်ရည်ကလေးမျှလောက်ကိုသာ စားသောက်၍ ကျင့်ကြ၏။ (အလောင်းတော်သည်ပင် ထိုအကျင့်ကို ကျင့်ခဲ့သေး၏) အချို့ကား နွေခေါင်ခေါင်နေပူ၌ လေးမျက်နှာက မီးဖိုကြီးလေးဖို ဖိုပြီး လျှင် ထိုအလယ်ဝင်နေ၍ နေပူ နှင့်တကွ အပူ ၅ မျိုးကိုခံကာ "ပဉ္စာ တပ =ပဉ္စ+အာတပ"ခေါ် အကျင့်ဖြင့် ကိလေသာအစိုပျောက်အောင် ခန္ဓာကိုယ်ကို အပူတိုက်ကြလေ၏။ အချို့ကမူ ခုတင်စသည်၌ ဆူးတွေ စိုက်ပြီးမှ အနာခံ၍ အိပ်ကြလေ၏။ ထိုသို့နာကျင်နေလျှင် ကိလေသာ စိတ်တွေ မဖြစ်နိုင်တော့ဟု ယူဆကြလေသည်။ တချို့ကား"ချမ်းပါယေ့" ဟုဆိုရသော ဆောင်းကာလဝယ် ရေချိုးကာ ကိလေသာတွေကို ရေ၌ မျှောကြ၏။ ဤအကျင့်မျိုးတွေကို"အတ္တကိလမထအကျင့်"ဟုခေါ်၏။

ထိုအကျင့်မျိုးလည်း ခန္ဓာကိုယ်ဒုက္ခရောက်ရုံမျှသာ ဖြစ်၏။ အပင်ပန်းခံနေခိုက်မှာ ကာမကိလေသာမဖြစ်ဘဲရှိရာသော်လည်း

http://www.dhammadownload.com



တစ်ခါတည်း အမြစ်ပြတ်အောင်ခြောက်ကပ်၍သွားလိမ့်မည်မဟုတ်။ ထိုအကျင့်ဖြင့် သေသွားစေကာမူ နောက်ဘဝ၌ ကိလေသာ အစိုဓာတ်သည် အမြဲပါနေဦးမည်သာ။ ထို့ကြောင့်ထိုအကျင့်သည် ဒုက္ခ ရောက်သလောက် အကျိုးမရသဖြင့် အရိယာသူတော်စင်တို့၏ ကျင့်နည်းမဟုတ်သေးချေ။ သို့ဖြစ်၍ ထိုအကျင့်မျိုးကိုလည်း ရသေ့ ရဟန်းသူတော်စင်တို့ မကျင့်ထိုက်ဟု တားမြစ်တော်မူသည်။

**မှတ်ချက်။** ။ယခုကာလ "ကျင့်နေပါသည်"ဟုဝန်ခံကြသော ပုဂ္ဂိုလ်များသည် မိမိခန္ဓာကိုယ် အင်အားလိုက်၍ အပင်ပန်းခံသင့်မှ ခံရပေမည်။ ခန္ဓာကိုယ်အားမရှိဘဲ ဇွတ်တင်ကို အတင်းဆောင်ထားရမည်မဟုတ်။ ကိလေသာကာမစိတ် မတိုးပွားစေနိုင်သော ပစ္စည်းများကိုလည်း တရားအားထုတ်နိုင်ဖို့ရာ သုံးစွဲကောင်းပါသည်။ သို့ရာဝယ် စည်းစိမ်ခံစားသောသဘော သက်ရောက်ဖွယ်ရာ အရောင်အဝါ ဝင်းဝင်းစက်စက် အသုံးအဆောင်များကိုကား ရှောင်ရှားသင့်ကြသည်။ ထို့ပြင် "ကိလေသာ"ဟု ဆိုလျှင် ကာမစိတ်တစ်မျိုးဟုသာ နားလည်နေကြသော်လည်း အမှန်အားဖြင့် စိတ်ဓာတ်ကို ညစ်နွမ်းစေသော ဒေါသ, မောဟ, မာန စသည် တို့လည်း ကိလေသာပင်ဖြစ်၏။ ထိုကိလေသာတို့ကိုကား ရှေ့၌ပြခဲ့သော အတ္တကိလမထအကျင့်က "ခေတ္တခဏမျှ"တားဆီးနိုင်မည်မဟုတ်ပါ။

**မဇ္ဈိမပဋိပဒါ** [မဇ္ဈိမ=အလယ်အလတ်+ပဋိပဒါ=အကျင့်။ နိဗ္ဗာန်သွားကြောင်းလမ်းစဉ်။] ကာမဂုဏ်လိုက်စားသော ကာမသုခလ္လိကအကျင့်သည် လက်ယာလမ်းဖြစ်၍ အောက်တန်းကျ၏၊ ပျော့ညံ့လှ၏၊ လျှော့သော စောင်းကြိုးသည် အသံကောင်း မပြည်စေသကဲ့သို့ ထိုအကျင့်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်။ ခန္ဓာကိုယ် ဒုက္ခပေးသော အတ္တကိလမထအကျင့်ကား လက်ဝဲလမ်းဖြစ်၍ တင်းလွန်း၏။ အောက်တန်းကျသည် ယုတ်ညံ့သည်ဟု မဆိုရသော်လည်း ထိုအလွန်တင်း၍ အပြင်းအထန်ကျင့်မှုလည်း(တင်းလွန်းသော စောင်းကြိုး

http://www.dhammadownload.com



သည် အသံကောင်း မပြည်စေသကဲ့သို့) မဂ်ဖိုလ်နိဗ္ဗာန် ရဖို့ရန် မှန်သော လမ်း မဟုတ်သေးချေ။

မလျော့မတင်းစောင်းကြိုးညှင်းကဲ့သို့ လျော့လည်းမလျော့၊ တင်းလည်းမတင်းဘဲ ဉာဏ်စက္ခုအလင်းရအောင်ပြုနိုင်၊ ထိုးထွင်း၍ လည်း သိအောင်ပြုနိုင်၊ နိဗ္ဗာန်ကိုလည်း သိမြင်စေနိုင်သောအကျင့် သည်သာ အလယ်အလတ် အကျင့်ဖြစ်၍ လမ်းမှန်သော အကျင့်ဖြစ် နိုင်သည်။ ဗုဒ္ဓအလောင်းတော်သည် ထိုကျင့်စဉ်အမှန်ကိုတွေ့မှ ဗုဒ္ဓ အဖြစ်သို့ ရောက်ရပေသည်။ ထိုအကျင့်ကား တခြားမဟုတ်၊ သမ္မာ ဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးပင်တည်း။

**သမ္မာဒိဋ္ဌိ**

[သမ္မာ= မှန်သော+ ဒိဋ္ဌိ= အမြင်(အသိဉာဏ်)။]

မှန်သော ဉာဏ်အမြင်ကို "သမ္မာဒိဋ္ဌိ"ဟု ခေါ်၏။ ထိုသမ္မာဒိဋ္ဌိသည် ကမ္မဿကတာဉာဏ်၊ ဝိပဿနာဉာဏ် ၂ မျိုးရှိ၏။ ကောင်းသောအရာ ဖြစ်စေ၊ မကောင်းသောအရာဖြစ်စေ သိသိသာသာ စိတ်ပါလက်ပါ ပြုအပ်သော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့သည် အမှတ် တမဲ့ စိတ်များနှင့် မတူဘဲ ဆိုင်ရာကိစ္စ၌ ဗျာပါရ ရှိနေကြသည်။ ထို စိတ်၏ဗျာပါရ (စိတ်၏လှုံ့ဆော်မှု)ကိုပင် အဘိဓမ္မာသဘောအားဖြင့် "စေတနာစေတသိက်" ဟုခေါ်၍ ထိုလှုံ့ဆော်မှု စေတနာ ဗျာပါရကိုပင် "ကံ=အမှုသည်= လက်သည်"ဟုဆိုရပါသည်။ ပြုလုပ်ပြောဆိုကြံစည် စိတ်ကူးပြီးသောအခါထို(စေတနာ)ကံသည် ချုပ်ကွယ်သွားသော်လည်း သူ၏ သတ္တိကား မပျောက်ကွယ်ဘဲ ခန္ဓာအစဉ်မှာ တည်ရှိရစ်ပါသည်။

ဥပမာ–ပညာသင်ကြား၍ တတ်မြောက်သူတို့ သန္တာန်၌ ထို သင်ထားသောကျက်စာတွေ မေ့ပျောက်သွားသော်လည်း ထိုစာနှင့် ဆိုင် သော အသိဉာဏ်ဓာတ်ခံမှာမူ အဖတ်တင်ရစ်သကဲ့သို့တည်း။ ထိုသို့ အဖတ်တင်ရစ်သောကံ၏သတ္တိသည် ယခုဘဝမှာ ဖြစ်စေ၊ နောက် နောက်ဘဝမှာဖြစ်စေ အကျိုးပေးခွင့်ကြုံလာလျှင် အကျိုးပေးနိုင်၏။

http://www.dhammadownload.com



အလွန်ထက်သန်သော ကံတချို့သည် ယခု ဘဝမှာပင် အကျိုးပေး၏။ အချို့ကံကား နောက်ဘဝ၌ သူနှင့် ထိုက်တန်သော ဘုံဘဝကိုရခြင်း၊ သူ့ကိုအကူအညီပေးမည့် ဉာဏ် ဝီရိယစိုက်ထုတ်၍ အလုပ်လုပ်ခြင်းများနှင့်တွေ့ကြုံရသောအခါ အကျိုးပေး၏။ ဤသို့ တစ်စုံတစ်ယောက်၏အလိုကြောင့် ကောင်းကျိုး မကောင်းကျိုး ခံစားရသည်ဟု မယူဆဘဲ မိမိပြုအပ်သော ကံနှင့် ဉာဏ်, ဝီရိယတို့၏ ကောင်းမှု မကောင်းမှုကြောင့်သာ ကောင်းကျိုး မကောင်းကျိုး ခံစားကြရသည်ဟု သိမြင်နားလည်ခြင်းသည် "ကမ္မဿကတာ သမ္မာဒိဋ္ဌိ" မည်၏။ [ကမ္မဿကတာ=ကံသာလျှင် ရောက်ရာဘဝ၌လိုက်ပါ၍ကိုယ်ပိုင်ဥစ္စာရှိကြောင်း (ပစ္စည်းဥစ္စာရတနာတို့ကား နောက်နောင်ဘဝသို့ မပါသဖြင့် ကိုယ်ပိုင်ဟု မဆိုနိုင်ကြောင်း) ကို သမ္မာဒိဋ္ဌိ= အမှန်အတိုင်း သိမြင်သောဉာဏ်]

ဝိပဿနာဉာဏ်ဟုခေါ်ရသော သမ္မာဒိဋ္ဌိကား ကမ္မဿကတာ သမ္မာဒိဋ္ဌိထက် အဆင့်အတန်း ရင့်သန်လာ၏။ ကံနှင့်ကံ၏အကျိုးကို ယုံကြည် သိမြင်ရုံသာ မကဘဲ ခန္ဓာကိုယ်ကြီး၏ အနိစ္စ=မမြဲပုံ၊ ဒုက္ခ=ဒုက္ခဖြစ်ပုံ၊ အနတ္တ=အတ္တမဟုတ် အတ္တမရှိပုံတို့ကို အမျိုးမျိုး အဖုံဖုံဉာဏ်ဖြင့်ကြည့်ရှုဆင်ခြင်နိုင်သည်။

**ခန္ဓာကိုယ် အနိစ္စဖြစ်ပုံ**

မိမိကိုယ်ကို လူသူတိတ်ဆိတ်၍ ဆိတ်ငြိမ်သော အရပ်သို့ ရောက်နေပါစေ။ တတ်နိုင်လျှင် တောရိပ် တောင်ရိပ်ဝယ် စီးသော ရေအယဉ်တို့၏ ကမ်းပါး၌ ကမ္မဋ္ဌာန်းတရားအားထုတ်ဖွယ်ကောင်းသောကျောင်းသခ်မ်းကလေးမှာ ရောက်နေပါစေ။ ထိုနေရာလေးကို ကြည့်၍ နှစ်သက်မှု ပီတိဖြစ်ကာ "ယခုအားထုတ်တော့မည့် ကမ္မဋ္ဌာန်းအလုပ်ဖြင့် အပါယ်လေးပါးဒုက္ခများနှင့် အို, နာ, သေ, ရေးတို့မှ ကင်းဝေးရပေတော့မည်" ဟု ရွှင်ကြည်အားတက်သောစိတ်ကို အခြေတည်၍ ယောဂီသူတော်စင်တို့ ထိုင်နည်းကျကျ(တရားရပြီးသူတို့ သမာပတ် ဝင်စားနေကြသော

http://www.dhammadownload.com



ပုံ)တခြား အာရုံသို့ စိတ်မရောက်စေဘဲ မိမိ၏ ခန္ဓာကိုယ်၌ပင် စိတ်စွဲ၍ "မြဲသလား၊ မမြဲဘူးလား"ဟု စဉ်းစားချက် ထုတ်ကြည့်ပါ။ (အသက် ၄၀ ရှိသူအတွက်) မိမိခန္ဓာကိုယ်သည် အမိဝမ်းမှ ဖွားမြင်ပြီးနောက် အနှစ် ၄၀ ကြာပြီဟုဆိုကြပါစို့။ ပထမနှစ် ဖွားခါစရုပ်သည် ဒုတိယ နှစ်နှင့်မတူသကဲ့သို့ ၃၀ အရွယ်တုန်းက ရုပ်လည်း ယခု ၄၀ အရွယ် ရုပ်နှင့်မတူကြောင်း ထင်ရှားနေပြီမဟုတ်ပါလော။

ဆက်ဦးအံ့။ ခန္ဓာကိုယ်သည် တစ်နှစ်နှင့်တစ်နှစ် မတူအောင် ပြောင်းလဲလာရာ၌ တစ်နှစ်ပြည့်မှ ဗြုန်းခနဲ ပြောင်းလဲသည် မဟုတ်၊ တစ်နှစ်အတွင်း ၁၂ လရှိရာဝယ် လတိုင်းလတိုင်း ပြောင်းလဲလျက်ပင်။ တစ်လအပြည့် အပြည့်ကျမှလည်း ဗြုန်းခနဲ ပြောင်းလဲ သွားသည် မဟုတ်။ တစ်လအတွင်း ရက်ပေါင်း ၃၀ ရှိရာဝယ် ရက်တိုင်း ရက်တိုင်း ပြောင်းလဲနေသည်သာတည်း။ တစ်ရက်တစ်ရက် ပြည့်မှလည်း ဗြုန်း ခနဲ ပြောင်းလဲသည်မဟုတ်။ တစ်ရက်အတွင်း၌ ၂၄ နာရီရှိရာဝယ် နာရီတိုင်း နာရီတိုင်း ပြောင်းလဲလျက်သာတည်း။ တစ်နာရီ တစ်နာရီ ပြည့်မှလည်း ဗြုန်းခနဲပြောင်းလဲသည် မဟုတ်။ တစ်နာရီအတွင်းမိနစ် ၆၀ ရှိရာဝယ် မိနစ်တိုင်း မိနစ်တိုင်း ပြောင်းလဲလျက်သာတည်း။ တစ်မိနစ်၌ စက္ကန့် ၆၀ ရှိရာဝယ် တစ်စက္ကန့်၏ အစိတ်အပိုင်း အချိန် ကလေးမှာပင် ရုပ် တစ်မျိုးပြီး တစ်မျိုး ပြောင်းလဲလျက်သာတည်း။ ကျမ်းဂန်တို့၌ကား လက်ဖျောက် တစ်ချက်တီး အချိန်အတွင်းမှာ ကုဋေ ပေါင်းများစွာ ဖြစ်၍ ပျက်နိုင်ကြ၏ဟုဆို၏။ ထိုသို့အလွန်လျင်မြန်စွာ ဖြစ်ပျက်နေသော်လည်း ရှေ့ရုပ်နှင့် နောက် ရုပ်များ တစ်ထပ်တည်းပင် တူနေသောကြောင့် အဟောင်း အဟောင်း ရုပ်တွေပျက်၍ အသစ် အသစ်ရုပ်တွေ ဖြစ်လျက်ဖြစ်လျက်နေသည်ကို မသိနိုင်ကြဘဲ တစ်နှစ် လောက် ၂ နှစ်လောက် ၅ နှစ်လောက် ၁၀ နှစ်လောက်ကျော်မှ ယခင် ရုပ်များနှင့် မတူကြောင်းကို သိရလေသည်။

http://www.dhammadownload.com



**ပုလဲကုံး ဥပမာ**

တစ်နှစ်လျှင် ရက်ပေါင်း ၃၆၅ ရက်ရှိရာ အသက် ၄၀ ရှိသူ အတွက် ရက်ပေါင်း ၁၄၆၀၀ (တစ်သောင်း လေးထောင် ခြောက်ရာ) ရှိသောကြောင့် တစ်ရက်လျှင် ပုလဲတစ်လုံးကျဖြင့် တစ်လုံးနှင့်တစ်လုံးလည်း မသိမသာ အရွယ်ချင်းခြားနားစေ၍ ကြီးရာမှ တဖြည်းဖြည်း သေးငယ်လာစေပြီးလျှင် ပုလဲအလုံးပေါင်း တစ်သောင်းလေးထောင်ခြောက်ရာ စီကုံးထားရာဝယ် ရှေ့အလုံးနှင့် နောက်အလုံးကို ယှဉ်ကြည့်လျှင် ထူးခြားသည်ဟု မထင်ရသော်လည်း အလုံး ၄–၅–၆–ဆယ်ခြားလောက် ယှဉ်ကြည့်လျှင် အတော်ထူးခြားသည်ကို တွေ့ရ၏။ ရှေ့ဆုံးပုလဲလုံးနှင့် နောက်ဆုံးပုလဲလုံးကား အကြီး အငယ် အလွန် ကွဲပြားခြားနားနေတော့၏။ ထို့အတူ နေ့ရှိသမျှ ရုပ်တွေပြောင်းလဲ၍ ဖြစ်နေကြရာ၌ ရှေ့ရုပ်နှင့် နောက်ရုပ် ထူးခြားပုံကို မသိနိုင်သော်လည်း တစ်နှစ်နှင့် တစ်နှစ် ပြောင်းလဲပုံစသည်တို့မှာ အတော် သိသာပါသည်။ ပထမနှစ်ရုပ်နှင့် ၄၀ ပြည့်နှစ်ရုပ်တို့ ကွဲပြားကြောင်းမှာ ပြောစရာမလိုတော့။ ဤသို့ရှုဖန်များလျှင် ခန္ဓာကိုယ်သည် ဖြစ်သည့်အတိုင်း မတည်ဘဲ ပျက်၍ ပျက်၍ နေသောကြောင့် “မမြဲသော အနိစ္စ ပါတကား”ဟု ဉာဏ်၌ထင်ရှားလာပါလိမ့်မည်။

**အနိစ္စမှန်လျှင် ဒုက္ခချည်း**

မမြဲသောအရာ ဟူသမျှသည် ဒုက္ခချည်း ဖြစ်၏။ အလွန်ကြီးကျယ်သော စည်းစိမ်ရှင်တွေကို အများတို့က သုခတုံးကြီးဟု ထင်မြင်နေကြ၏။ ထို စည်းစိမ်ရှင်ကြီးတွေ၏ (အများမသိနိုင်သော) အတွင်းရေးဒုက္ခတွေကို ဖယ်ထားပါဦးတော့။ စည်းစိမ်ရှင်ကြီးတွေ မသေသေးခင် မင်းစိုးစသော ဘေး၊ စစ်ဘေးစစ်ဒဏ်ကြောင့် စည်းစိမ် ပျက်၍ ဒုက္ခဖြစ်ပုံကိုလည်း ဖယ်ထားလိုက်ပါဦး။ စည်းစိမ် မပျက်ဘဲနှင့် တစ်နေ့ကျတော့ ထို စည်းစိမ်ရှင်တွေ သေကြရပါလိမ့်မည်။ နတ်စည်းစိမ်ရှင်၊ ဗြဟ္မာ့

http://www.dhammadownload.com



စည်းစိမ်ရှင်တွေလည်း မရဏာမှ မလွတ်နိုင် ကြပါ။ ဤဒုက္ခသည် ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် မရှိသေးသော လူ အားလုံးတို့ သိနိုင်နားလည်နိုင်သောဒုက္ခပေတည်း။

ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန် စဉ်းစားကြည့်ရှုနေသော ယောဂီသူတော်စင်တို့ အလိုအားဖြင့်ကား ထိုကဲ့သို့ သေဆုံးပျက်စီးကြရသောဒုက္ခသည် အထူးအဆန်း မဟုတ်တော့ချေ။ နေ့ရှိသရွေ့ နာရီမိနစ်မလပ် ပျက်နေသော ရုပ်နာမ်ခန္ဓာကြီးကိုမြင်နေကြရသဖြင့် ခန္ဓာကိုယ်တစ်ကိုယ်လုံးကို ဒုက္ခတုံးကြီး(အမြဲပျက်၍ နေသော အပျက်တုံးကြီး)ဟုနားလည်နေကြပါတော့သည်။ ဤသို့ နားလည်သိရှိနေသူတို့၏ဉာဏ်သည် ဝိပဿနာ သမ္မာဒိဋ္ဌိမည်၏။ ဤသို့လျှင် မဇ္ဈိမပဋိပဒါခေါ် မဂ္ဂင်ရှစ်ပါးတွင် ပါဝင်သော သမ္မာဒိဋ္ဌိဟူသည် ပြအပ်ခဲ့သော ကမ္မဿကတာဉာဏ်, ဝိပဿနာဉာဏ်နှင့် ပြအပ်လတ္တံ့သော မဂ်ဉာဏ်ပင်တည်း။ [ဇာတိဒုက္ခစသည်ကို ဒုက္ခသစ္စာခန်းကျမှ အနတ္တလက္ခဏာကို အနတ္တလက္ခဏာသုတ်ကျမှ၊ မဂ္ဂသမ္မာဒိဋ္ဌိကို မဂ္ဂသစ္စာခန်း ကျမှပြမည်။]

**သမ္မာသင်္ကပ္ပ** [သမ္မာ=ကောင်းသော အပြစ်ကင်းသော+ သင်္ကပ္ပ= ကြံစည်မှု၊ စိတ်ကူးမှု၊ စဉ်းစားမှု] လောက၌ "မိစ္ဆာသင်္ကပ္ပ"ဟုခေါ်သော မကောင်းသောအကြံအစည် စိတ်ကူးစဉ်းစားမှုများသည် "ကာမသင်္ကပ္ပ၊ ဗျာပါဒသင်္ကပ္ပ၊ ဝိဟိံသာသင်္ကပ္ပ"ဟု ၃ မျိုးရှိ၏၊ ချဲ့ဦးအံ့။ လှပသောအဆင်း၊ သာယာဖွယ်အသံ၊ မွှေးကြိုင်သော အနံ့၊ ကောင်းသော အရသာ၊ ကောင်းသောအတွေ့အားဖြင့် ၅ ပါးသော ကာမဆိုင်ရာ အာရုံများကို ခံစားချင်သော ဇောစိတ်ဖြင့် တွေးတောကြံစည် စိတ်ကူးနေခြင်း၊ ခံစားပြီးသည်ကိုမှန်းဆ၍ တမ်းတအောက်မေ့နေခြင်း၊ ထိုအာရုံများကို ခံစားဖို့ရန် ပစ္စည်းဥစ္စာ နေရာထိုင်ခင်း အိမ်ဝင်း ဥယျာဉ်စသည်တို့ကို ရအောင်ရှာဖွေကြံစည်နေခြင်း

http://www.dhammadownload.com



သည် ကာမဆိုင်ရာကို ကြံစည်နေသော ကာမသက်ပ္ပ မည်၏။

ပင်ကိုအတိုင်းစိတ်ကောင်းမဟုတ်တော့ဘဲစိတ်ဖောက်ပြန်ပျက်စီးနေသော ဒေါသကို"ဗျာပါဒ"ဟုခေါ်၏။ ဒေါသ ဖြစ်လွန်းမက ဖြစ်လှ၍ မိမိနှင့်မတည့်သူကို တွေးကာ "ဒီအကောင် ဘယ်တော့များ သေပါ့မလဲ၊ ငါကိုယ်တိုင် သတ်ရကောင်းမလား၊ ဘယ်သူ လာပြီး သတ်ပါ့မလဲ"စသည်ဖြင့် ကြံစည်စိတ်ကူးမှုသည် "ဗျာပါဒ သက်ပ္ပ" မည်၏။

သူတစ်ပါးကို သေအောင်မဟုတ်ဘဲ စိတ်ဆင်းရဲရုံ ကိုယ်ဆင်းရဲရုံ ကိုယ်တိုင်ညှဉ်းဆဲလိုသော၊ သူတစ်ပါးလာ၍ ညှဉ်းဆဲစေလိုသော ရုံးကန်ရောက်၍ ငွေကုန်ကြေးကျဖြစ်စေလိုသော အကြံအစည်သည်' 'ဝိဟိံသာသက်ပ္ပ"မည်၏။

မိမိစိတ်၌ ထို ၃ မျိုးလုံးမဖြစ်အောင်စောင့်စည်း၍ "နေက္ခမ္မသက်ပ္ပ၊ အဗျာပါဒသက်ပ္ပ၊ အဝိဟိံသာသက်ပ္ပ"ဖြစ်နေခြင်းသည် "သမ္မာသက်ပ္ပ"မည်၏။

ချဲ့ဦးအံ့။ [နေက္ခမ္မ=ကာမမှ ထွက်မြောက် သော၊ သက်ပ္ပ=ကြံစည်စိတ်ကူးမှု] ကာမအာရုံကို စွန့်ပယ်၍ ရဟန်းကောင်း ရဟန်းမြတ် ပြုလုပ်မည်ဟု ကြံစည်စိတ်ကူးခြင်း၊ တောထွက်၍ ကျင့်မည်ဟု ကြံစည်စိတ်ကူးခြင်း၊ ဈာန်ရအောင် အားထုတ်မည်၊ ကမ္မဋ္ဌာန်း အားထုတ်မည်ဟု ကြံစည်စိတ်ကူးခြင်း၊ ကုသိုလ်တရားတွေ မိမိမှာ များများဖြစ်စေဖို့ရန် ဒါနပြုမည်၊ ဥပုသ်စောင့်မည်ဟု ကြံစည်ခြင်း၊ ဤသို့ စသည်ဖြင့် ကာမလိုက်စားမှု၏ တစ်ဖက် တစ်လမ်း ကြံစည်စိတ်ကူးခြင်းဟူသမျှသည် နေက္ခမ္မသက်ပ္ပတည်း။

ဒေါသ၏တစ်ဖက်တစ်လမ်းဆန့်ကျင်ဘက်ဖြစ်သော မေတ္တာကို"အဗျာပါဒ"ခေါ်၏။ တစ်ယောက်အပေါ်၌ဖြစ်စေ၊ အများ အပေါ်၌ဖြစ်စေ၊ တရားသောနည်းလမ်းဖြင့် အကျိုးကို လိုလားကာ ချမ်းသာ

http://www.dhammadownload.com



ကျန်းမာစေလို၊ အန္တရာယ်ကင်း ရန်ဘေးရှင်းစေလိုသော မေတ္တာစိတ်ဖြင့် ကြံစည်စိတ်ကူးခြင်း၊ ဆရာသမားဖြစ်၍ တပည့်များ၏ အကျိုးစီးပွား ဖြစ်မည့်အလုပ်တွေကိုကြံစည်စိတ်ကူးညွှန်ပြနေခြင်း၊ မိဘ ရပ်ရွာလူကြီး တိုင်းပြည်ခေါင်းဆောင်ဖြစ်၍ အိမ်သူအိမ်သား ရပ်သူရပ်သား တိုင်းသူ ပြည်သားတို့၏ အကျိုးစီးပွားကို ကြံစည် စိတ်ကူးနေခြင်းသည် အဗျာ ပါဒသက်ပွမည်၏။ [ထိုသို့ကြံစည်ရာ၌ သူတစ်ပါး၏ စီးပွားရေးကို ထိခိုက်နေလျှင် ဝိဟိံသာသက်ပွ ဖြစ်သောကြောင့် ထိုသို့မထိခိုက်စေ အောင် သတိထားရပေမည်။]

ညှဉ်းဆဲလိုသော ဒေါသ၏ တစ်ဖက်တစ်လမ်း ဆန့်ကျင် ဘက် ဖြစ်နေသော ကရုဏာသည် အဝိဟိံသာမည်၏။ ထိုကရုဏာ ဖြင့် ဆင်းရဲသူများကို သနားကြင်နာ၍ ကယ်ဆယ်လိုခြင်း၊ အောက် ကျ နောက်ကျဖြစ်နေသော တိုင်းသူပြည်သား၊ ရပ်သူနယ်သား၊ ကျောင်းသူကျောင်းသား၊ တပည့်ဒကာဒကာမများကို သနားညှာတာ ၍ အထက်တန်းရောက်ဖို့ နည်းလမ်း ရှာဖွေစိတ်ကူးနေခြင်းသည် အဝိဟိံသာသက်ပွမည်၏။ ဤသက်ပွ ၃ မျိုးသည် မဇ္ဈိမပဋိပဒါ၌ ပါဝင်သော သမ္မာသက်ပွမဂ္ဂင်တစ်ပါးပေတည်း။

**သမ္မာဝါစာ** မုသာဝါဒ=မုသား ပြောမှု၊ (လိမ်မှု၊ လှည့်ပတ်မှု၊ ညာဖြန်းမှု)ပိသုဏာဝါစာ=ရန်တိုက်မှု၊ ဖရုသ ဝါစာ =ကြမ်းတမ်းယုတ်မာဆဲဆိုမှု၊ သမ္ဖပ္ပလာပ=အဖျင်းစကား အပျက် စကား (သက်သက် ရယ်မောစရာသာဖြစ်၍ အကျိုးမရှိသော စကား) ပြောမှုများကို "ဝစီဒုစရိုက် =နှုတ်ဖြင့်မကောင်းမှုပြုကျင့်မှု"ဟု ခေါ်၏။ "မိစ္ဆာဝါစာ"ဟုလည်း ခေါ်၏။ ထိုစကား ၄ မျိုးကို ပြောခွင့် ကြုံလာ လျက် မပြောမိအောင် ရှောင်ခြင်းသည် သမ္မာဝါစာမည်၏။

မှန်သောစကားကိုသာ ပြောခြင်း၊ တစ်ယောက်နှင့် တစ် ယောက် မကွဲပြားအောင် ညီညီ ညွတ်ညွတ် သင့်သင့် မှျမှျ ရှိအောင်

http://www.dhammadownload.com



ပြောပေးခြင်း၊ နားထောင်သူတို့မှာ အကျိုးများသောစကားကို သာယာချောင်စွာ ပြေပြေပြစ်ပြစ်ပြောခြင်း၊ ကြားနာသူတို့၏ ကောင်းကျိုးသက်သက်ကိုမျှော်၍ (ဂုဏ်ရဖို့ လာဘ်ရဖို့ကို မမျှော်ဘဲ)တရား ဟောပြခြင်းများလည်း သမ္မာဝါစာပင်တည်း။

**သမ္မာကမ္မန္တ** ပါဏာတိပါတမှု၊ အဒိန္နာဒါနမှု၊ ကာမေသုမိစ္ဆာစာရမှု၊ ဤ ၃ ပါးကို "ကာယဒုစရိုက်= ကိုယ်ဖြင့် မကောင်းကျင့်မှု"ဟုခေါ်၏။ "မိစ္ဆာကမ္မန္တ"ဟုလည်းခေါ်၏။ ထို ၃ မျိုးမှရှောင်ခြင်း(ပြုခွင့်ကြုံလာလျက် မပြုဘဲရှောင်ခြင်း)သည် သမ္မာကမ္မန္တမည်၏။ သူတစ်ပါး၏အသက်ရှည်ကြောင်း၊ အနာရောဂါ ကင်းကြောင်း၊ ဆေးဝါး စုဆောင်းမှု၊ ဆေးတိုက်ဆေးရုံဖွင့်၍ ကုသိုလ်ပြုမှု၊ သူတစ်ပါးဥစ္စာ လုံခြုံအောင်စောင့်ရှောက်ပေးမှု၊ ဒါနပြုမှု၊ သူတစ်ပါးတို့ စိတ်ကြည်နူးအောင် တံမြက်လှည်းမှု၊ လမ်းပြင်ပေးမှု၊ ဘုရား တန်ဆောင်း စသည်၌ သန့်ရှင်းစင်ကြယ်အောင်ပြုမှု၊ ကမ္မဋ္ဌာန်း အားထုတ်ဖို့ရာ နေရာထိုင်ခင်းသန့်ရှင်းပေးမှု စသော ကိုယ်မှု ဟူသမျှသည် သမ္မာကမ္မန္တချည်းတည်း။

**သမ္မာအာဇီဝ** [အာဇီဝ=အသက်မွေးဖို့ ပစ္စည်းရှာဖွေမှု။] ပါဏာတိပါတ စသော ဒုစရိုက်မပါစေဘဲ တရားသဖြင့် လယ်ယာလုပ်၍ ကုန်ရောင်း၍ ငွေချေး၍ အသက်မွေးခြင်း၊ ကိုယ်ဖြင့်ရင်းနှီး၍ ပညာဖြင့်ရင်းနှီး၍ အသက်မွေးခြင်း၊ အချုပ်အားဖြင့် ငါးပါးသီလမပျက်အောင် အသက်မွေးခြင်းသည် "သမ္မာအာဇီဝ"ဖြစ်၏။ ထိုသို့မဟုတ်ဘဲ ဒုစရိုက်မှုဖြင့် အသက်မွေးခြင်း၊ လိမ်လည်လှည့်စား၍ ရောင်းဝယ် အသက်မွေးခြင်းသည် "မိစ္ဆာဇီဝ" ဖြစ်၏။

**ရဟန်း မိစ္ဆာဇီဝ** ရဟန်းဖြစ်လျှင် လူတို့၌ဖြစ်တတ်သော မိစ္ဆာဇီဝများအပြင် (ဝိနည်းတော်နှင့်မညီသော) ဒကာဒကာမတို့ကို လောကွတ်ပျူငှာ ပြုခြင်း၊ သူတို့လာသောအခါ ဖျာ သင်ဖြူး

http://www.dhammadownload.com



ခင်းပေးခြင်း၊ ထမင်း လက်ဖက်ရည်ပေးခြင်း၊ သင့်တော်ရုံထက် ပိုမို လျက် မျက်နှာလိုမျက်နှာရအရေးပေးခြင်း၊ ကလေးပါလျှင် ထို ကလေး ကို ချော့မြှူခြင်း, မုန့်ပေးခြင်း စသည်တို့ကို မိမိအား လှူချင်လာအောင် ကျေးဇူးတင်အောင် ပြုသည့်အတွက် လူတို့က ပြန်၍လှူအပ်သော ပစ္စည်း၊ မိမိအား ကြည်ညိုလာအောင် လူတို့အိမ်၌ ထွက်ဝင် နှုတ်ဆက် ၍ ကြည်ညိုသောကြောင့် ရအပ်သော ပစ္စည်း၊ သစ်သီး၊ ပန်း၊ ဆေး ပေးသဖြင့် ပြန်၍ လှူသောပစ္စည်းများသည် မိစ္ဆာဇီဝဖြစ်၏။

အချုပ်မှာ–ကိုယ်တိုင်ဖြစ်စေ၊ အလံရှူးထား၍ဖြစ်စေ၊ ဆွယ် မှုရအပ်သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးစသော ပစ္စည်းဟူသမျှ ရဟန်းများအတွက် မိစ္ဆာဇီဝချည်းတည်း။ လူများ၌မိစ္ဆာဇီဝပစ္စည်းကို ရအောင် ရှာဖွေတုန်းက အပြစ်ရှိသော်လည်း သုံးစွဲခိုက်မှာ တရား သဖြင့် သုံးစွဲပါမူ အပြစ်မရှိပေ။ ရဟန်းများ၌ကား သုံးစွဲနေတုန်း မှာလည်း အပြစ်ရှိ၏။ ထိုပစ္စည်းကို ဥစ္စာရှင်ရဟန်းသာမက အခြား ရဟန်းများလည်း မသုံးစွဲကောင်းတော့ချေ။ သုံးစွဲတိုင်း သုံးစွဲတိုင်း ဒုက္ကဋ်အာပတ် သင့်ကြလေသည်။

**သမ္မာဝါယာမ**

အားထုတ်မှု ဝီရိယကို "ဝါယာမ" ဟု ခေါ်၏။ မတရားသဖြင့် ပစ္စည်းရှာမှု၊ ပါဏာတိပါတအမှု စသည်တို့ကို ပြုရာ၌ လုံ့လ ဝီရိယ ပါကြရသည်။ ထိုဝီရိယမျိုးကို "မိစ္ဆာဝါယာမ"ဟုခေါ်၏။ ထိုဝီရိယမျိုး မဖြစ်စေဘဲ တရားသော နည်း လမ်းဖြင့် ကြိုးပမ်း အားထုတ်မှု သည် "သမ္မာဝါယာမ"ချည်းသာတည်း။ ထိုဝါယာမကို ကျမ်းဂန်တို့၌ ၄ မျိုးပြ၏။

၁။ သူတစ်ပါး၌ဖြစ်တတ်သောအကုသိုလ်မျိုးသည် ယခု ဘဝ၌ မိမိမှာတစ်ခါမျှမဖြစ်ဖူးသေးလျှင် ထိုအကုသိုလ်မျိုး မဖြစ်အောင် ကြိုးစား၍ ရှောင်ရှားခြင်းသည် သမ္မာဝါယာမတည်း။

၂။ ထိုအကုသိုလ်မျိုးဖြစ်မိပြန်လျှင်နောက်ထပ်မဖြစ်အောင်၊

http://www.dhammadownload.com



အကုသိုလ်မတိုးပွားအောင်ကြိုးစားခြင်းသည် ဖြစ်ပြီး အကုသိုလ်ကို ပယ်ရှားသော သမ္မာဝါယာမတစ်မျိုးတည်း။

၃။ မိမိသန္တာန်၌ မဖြစ်ဖူးသေးသော ကုသိုလ်အထူးကို ရအောင် ဈာန်မဂ်အထိကြိုးစားခြင်းသည် မဖြစ်သေးသော ကုသိုလ်ဖြစ်အောင် ကြိုးစားသော သမ္မာဝါယာမတစ်မျိုးတည်း။

၄။ ဖြစ်လက်စကုသိုလ်ကိုနောက်မဆုတ်စေဘဲ ရှေ့သို့သာတိုးအောင် ရဟန္တာဖြစ်သည်အထိကြိုးစားခြင်းသည် ဖြစ်ပြီးကုသိုလ်ကို တိုးတက်အောင်အားထုတ်သော သမ္မာဝါယာမတစ်မျိုးတည်း။ [သေချာသောအဓိပ္ပာယ်ကို အဘိဓမ္မာဆိုင်ရာမှာရှု။]

**(ဆောင်)** ၁။ ဤဘဝရှိ၊ မိမိသန္တာန်၊ ခါတစ်ရံမှု၊ မဖြစ်ကြသေး၊ ညစ်ကြေးအကု၊ မဖြစ်အောင်ပြု၊ မှတ်ရှု သမ္မာဝါယာမ။

၂။ မတော်တဆ၊ ဖြစ်မိကလည်း၊ နောက်မှတစ်ဖန်၊ မဖြစ်ရန် ဟု၊ ပယ်လှန်ပြု၊ မှတ်ရှု သမ္မာဝါယာမ။

၃။ ကုသိုလ်အထူး၊ မဖြစ်ဖူး၍၊ ကြည်နူး ရွှင်ပျ၊ ကုသိုလ်ရ ရန်၊ ကြိုးစားပြန်၊ သမ္မာဝါယာမ။

၄။ ကုသိုလ်အလုပ်၊ မဆုတ်ယုတ်ဘဲ၊ တိုးမြဲတိုးရန်၊ ကြိုးစားပြန်၊ သမ္မာဝါယာမ။

**သမ္မာသတိ** ကောင်းသောအမှတ်ရခြင်း၊ ကောင်းသော သတိထားခြင်းကို "သမ္မာသတိ" ဟုခေါ်၏။ ခန္ဓာကိုယ်၌ ဆံပင်,အမွေးစသည်ကို စိတ်ဖြင့် ခွဲခြား၍ ထိုအားလုံးကို အသုဘဟု(မတင့်တယ် ရွံစဖွယ် စက်ဆုပ်ဖွယ်ဟု)သတိထားခြင်းသည် သမ္မာသတိ တည်း။ ခံစားမှုစသော ဝေဒနာတို့၌ ကောင်းသောဝေဒနာ ဖြစ်လျှင် ထိုဝေဒနာပျက်သွားသည်နှင့် တစ်ပြိုင်နက် ဒုက္ခဖြစ်ရတော့၏။ ကိုယ်ဆင်းရဲမှုဖြစ်ရသော ဒုက္ခဝေဒနာများကား သူ့နဂိုအတိုင်း ဒုက္ခဖြစ်ကြောင်း ထင်ရှား၏။ ဤသို့ဝေဒနာဖြစ်သမျှ၌ ကောင်းသည်ဖြစ်စေ၊

http://www.dhammadownload.com



ဆိုးသည်ဖြစ်စေ ဒုက္ခချည်းဟု သတိထားနေခြင်းသည် သမ္မာသတိ တစ်မျိုးတည်း။

မိမိ၏စိတ်အစဉ်ကို သတိထား၍ စဉ်းစားကြည့်သောအခါ ရူပါရုံကို ကြည့်နေစဉ်က ကြည့်စိတ်တစ်မျိုး၊ သဒ္ဒါရုံကို ကြားပြန်တော့ ကြားစိတ်တစ်မျိုး စသည်ဖြင့် လည်းကောင်း၊ ဘုရားအစရှိသည်ကို အာရုံပြု၍ကုသိုလ်စိတ်ဖြစ်နေရာမှ မကျေနပ်ဖွယ်အကြောင်းတွေ ပေါ် လာ၍ ဒေါသဖြစ်ရသောအခါ ဒေါသစိတ်တစ်မျိုး ဤသို့ စိတ်အစဉ် ပြောင်းလဲပုံကိုသတိထား၍ စိတ်မမြဲကြောင်း၊ အနိစ္စဖြစ်ကြောင်းကို သိမှတ်နေသော သတိသည် သမ္မာသတိတစ်မျိုးတည်း။

အဘိဓမ္မာကိုလိုက်စား၍ အတော်အသားကျနေသူတို့သည် မည်သည့်ကိစ္စ၌မဆို အတ္တမရှိ၊ ဖဿ ဝေဒနာ သညာ စသောတရား တွေသာဆိုင်ရာ ကိစ္စတို့ကို ပြုလုပ် ဆောင်ရွက်နေကြသည်ဟု သတိ ထားကြည့်က သိရှိနိုင်ကြလေသည်။ ဤသို့ ဖဿ စသော တရား အစုကို သတိထား၍ အတ္တမရှိကြောင်းကို သိမှတ်သောသတိသည် သမ္မာသတိမည်၏။

**သမ္မာသမာဓိ** ကျမ်းဂန်တို့၌ ဈာန်ဝင်စားသော သမာဓိကိုသာ သမ္မာသမာဓိဟု ပြထား၏။ သို့သော် ကမ္မဋ္ဌာန်း၌ သမာဓိရနေခြင်း၊ ကောင်းသောစာပေကို ကြည့်ရှုရေးသားနေရာ၌ သမာဓိရနေခြင်း၊ ဒါနကိစ္စ သီလကိစ္စ အများအကျိုးကို ဆောင်ရမည့် ကိစ္စစသော ကုသိုလ်ကိစ္စကို စဉ်းစားစိတ်ကူးနေရာ၌ သမာဓိရနေခြင်း ကိုလည်း "သမ္မာသမာဓိ= ကောင်းသောတည်ကြည်ခြင်း" ဟုဆိုထိုက် ပေသည်။

ဤပြခဲ့သော သမ္မာဒိဋ္ဌိစသော ရှစ်ပါးကို "မဇ္ဈိမပဋိပဒါ"ဟု ခေါ်၏။ ဤတရားရှစ်ပါးကို မိမိသန္တာန်ဝယ် ဖြစ်အောင် ကြိုးစားရာ၌ တစ်နေ့တစ်ရက်တစ်နံနက် တစ်ခဏမျှကြိုးစားရမည်မဟုတ်။ စာကို

http://www.dhammadownload.com



အရကျက်သူသည် တစ်ခေါက်ကျက်ရုံမျှဖြင့်မရဘဲ အခေါက်ခေါက် ကျက်ရ၏။ ရပြန်ပါလည်း မကျေမချင်း ထပ်၍ထပ်၍ အံရ၏။ ထို့မျှ လောက်ကြိုးစားထားမှ ထိုစာနှင့်ဆိုင်သော အကျိုးကို ရနိုင်သကဲ့သို့ ထို့အတူ ဝိပဿနာသမ္မာဒိဋ္ဌိအခန်းဝယ် ပြခဲ့သည့်အတိုင်း မိမိခန္ဓာကိုယ် ကို အာရုံပြု၍ မမြဲပုံ(အနိစ္စ)စသော အခြင်းအရာကို ရှုကာ "မရှိမပဋိ ပဒါ"ခေါ်မဂ္ဂင်ရှစ်ပါးကို မိမိ၏သန္တာန်၌ ပထမဖြစ်အောင်ကြိုးစားပါ။ ထို့နောက် ထပ်၍ထပ်၍ ဖြစ်အောင်ကြိုးစားပါ။ ထို့နောက် အသားကျ အောင် ကျေနေအောင် ကြိုးစားပါ။ အထွတ်အထိပ်ရောက်အောင် ကြိုးစားလျှင် "စက္ခုကရဏီ=ဉာဏ်စက္ခု အလင်းရ၍" တစ်သံသရာ လုံး၌ မမြင်ခဲ့ရသော သစ္စာလေးပါးကို သိမြင်နိုင်ပါသည်။

## သစ္စာလေးပါးပါဠိတော်မြန်မာပြန်

**ဒုက္ခသစ္စာ** ဘိက္ခုတို့ ... ယခုပြမည့်တရားသည် "ဒုက္ခ"ဟုခေါ် အပ်သော အရိယသစ္စာတည်း။ ပဋိသန္ဓေနေရခြင်း လည်း ဒုက္ခ၊ အိုရခြင်းလည်း ဒုက္ခ၊ နာရခြင်းလည်း ဒုက္ခ၊ သေရခြင်း လည်း ဒုက္ခ၊ မုန်းသူတို့နှင့်အတူ နေရခြင်းလည်း ဒုက္ခ၊ ချစ်သူတို့နှင့် ကွဲရခြင်းလည်း ဒုက္ခ၊ လိုတာကိုမရခြင်းလည်း ဒုက္ခ၊ အချုပ်အားဖြင့်ကား (ဥပါဒါန်ဟု ခေါ်ရသော တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော) ဤ ခန္ဓာ တစ်ကိုယ်လုံး ဒုက္ခတုံးကြီး ဖြစ်သည်။

**သမုဒယသစ္စာ** ဘိက္ခုတို့ ... ယခုပြမည့်တရားသည် "ဒုက္ခ သမု ဒယ"ဟုခေါ်အပ်သောအရိယသစ္စာတည်း။တဏှာ သည် နောက်ဘဝသစ်ကို ပြုလေ့ရှိ၏။ နှစ်သက်မှုတပ်မက်မှုနှင့် အတူ ဖြစ်၏။ ခန္ဓာကိုယ် အတ္တဘော ဖြစ်ဖြစ်သမျှ၌ လွန်စွာစုံမက်နှစ်သက် တတ်၏။ ဤတဏှာ ဟူသည် အဘယ်နည်း။ ကာမဂုဏ်တို့၌ တပ်

http://www.dhammadownload.com



မက်မှု ကာမတဏှာ၊ သဿတဒိဋ္ဌိနှင့်အတူဖြစ်သော ဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် အတူဖြစ်သော ဝိဘဝတဏှာ၊ ဤသုံးပါးတည်း။

**နိရောဓသစ္စာ**

ဘိက္ခုတို့ ... ယခုပြမည့်တရားသည် "ဒုက္ခနိရောဓ" ဟု ခေါ်အပ်သော အရိယသစ္စာတည်း။ ထို သမုဒယသစ္စာဟူသောတဏှာ ၃ မျိုး၏ပင် တပ်မက်ခြင်းကင်း၍ အကြွင်းမရှိ ချုပ်ရာလည်းဖြစ်၊ စွန့်ရာလည်းဖြစ်၊ လွတ်မြောက်ရာလည်းဖြစ်၊ မတွယ်တာရာလည်း ဖြစ်သော နိဗ္ဗာန်သည် "နိရောဓ" ဟုခေါ်အပ်သော အရိယသစ္စာတည်း။

**မဂ္ဂသစ္စာ**

ဘိက္ခုတို့ ... ယခုပြမည့်တရားသည် "ဒုက္ခနိရောဓ" ဟု ခေါ်အပ်သော နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော မဂ္ဂသစ္စာ တည်း။ ထိုသစ္စာဟူသည် ရှေး၌ပြအပ်ခဲ့သော မဂ္ဂင်ရှစ်ပါးပင်။ မဂ္ဂင်ရှစ်ပါးဟူသည် အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်း။ ဤကား ပါဠိတော်၏ မြန်မာပြန်တည်း။

**ဒုက္ခသစ္စာ ရှင်းလင်းချက်**

[ဒုက္ခ=ဆင်းရဲတာ+သစ္စာ=အမှန်] စိတ်မှာဖြစ်စေ၊ ကိုယ်မှာ ဖြစ်စေ ဆင်းရဲနေတာ မှန်သည်ကို "ဒုက္ခသစ္စာ"ဟုခေါ်၏။ ထိုသို့ ဒုက္ခမှန်ကြောင်းကို ထိုးထိုး ထွင်းထွင်း ရှင်းလင်းစွာ သိသောအခါ အရိယာဖြစ်ရသောကြောင့် "ဒုက္ခအရိယသစ္စာ"ဟုလည်း ခေါ်ရသည်။ လောက၌ အမိဝမ်းတိုက်ဝယ် ပဋိသန္ဓေနေရသည်မှစ၍ ဖွားမြင်သောအခါမျက်မြင်ကိုယ်တွေ့အားဖြင့်လည်းကောင်း ထင်ရှား၏။ ထိုဒုက္ခသည် ဇာတိဒုက္ခမည်၏၊ အိုမင်းမစွမ်းသောအခါ ဒုက္ခဖြစ်ပုံသည် ဇရာဒုက္ခတည်း။ နာကျင်ကိုက်ခဲမှုမှစ၍ သေသည့်တိုင်အောင်ပင် ရောဂါဖြစ်ရသော ဒုက္ခသည် ဗျာဓိဒုက္ခတည်း။

http://www.dhammadownload.com



သေခါနီး၌ ထင်လာသောအာရုံကို"နိမိတ်"ဟုခေါ်၏။ ဘဝအသစ်ဖြစ်ဖို့ရန် နိမိတ်တစ်မျိုးမျိုး ထင်လာသောအခါ ယုတ်မာသူတို့သည် မကောင်းနိမိတ်ထင်လာ၍ လွန်စွာ ဆင်းရဲကြရ၏။ တချို့မှာ ညည်းညူကြ ဟစ်အော်ကြ ယောင်ယမ်းကြ၏။ သူတော်ကောင်းဖြစ်၍ နိမိတ်ကောင်းများ ထင်လာစေကာမူ ဘဝဟောင်းက ဆွေမျိုးဥစ္စာ အရာရာနှင့်ခွာရတော့မည်ဖြစ်၍ စိတ်ဆင်းရဲကြသေး၏။ ဤဒုက္ခသည် မရဏဒုက္ခတည်း။

ဤ ဇာတိ, ဇရာ, ဗျာဓိ, မရဏ တို့နှင့်ကင်း၍ ကျန်းကျန်းမာမာ နေတုန်းမှာလည်း သားဆိုးသမီးဆိုး, ဆွေဆိုးမျိုးဆိုး,အပေါင်းအသင်းမိတ်ဆွေဆိုး, အခိုင်းအစေ အခြွေအရံဆိုး, အိမ်ထောင်ဖက်ဆိုးတို့နှင့်တွေ့ရသောကြောင့်ဒုက္ခ၊ မိမိကိုမုန်းတီး၍ ရန်ရှာနေသူများကြောင့်တွေ့ရသောဒုက္ခသည် အပ္ပိယေဟိ သမ္ပယောဂ= မချစ်အပ်သူတို့နှင့်ပေါင်းရသော ဒုက္ခများတည်း။ ချစ်သူတို့နှင့် အသက်ရှင်ခိုက် ကွဲနေရ၊ သေကွဲ ကွဲနေရသော ဒုက္ခသည် ပိယေဟိ ဝိပ္ပယောဂ ဒုက္ခမည်၏။ ထိုဒုက္ခတို့မှ ကင်းပါသည်ဟု ဆိုရသူတို့မှာလည်း လိုတာကိုမရနိုင်သော "ယံ ပိစ္ဆံ န လဘတိ တံ ပိ ဒုက္ခံ"ကို ခံကြ ရသေးသည်။

**ဒုက္ခအားလုံး၏ အခြေခံ**

[ခန္ဓာကိုယ်ကို "ဥပါဒါနက္ခန္ဓာ"ဟု လွယ်လွယ်မှတ်ထားပါ] အားလုံးဒုက္ခတွေ၏ အခြေခံသည် ဤခန္ဓာကိုယ်ပင်တည်း။ ထို့ကြောင့် "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ အကျဉ်းအားဖြင့် ဤခန္ဓာကိုယ် တစ်ခုလုံး ဒုက္ခတုံးသာဖြစ်၏"ဟုဟောတော်မူသည်။ ဤနေရာ၌ မိမိနာမည်ကိုတပ်၍ အောက်ပါစကားကို စဉ်းစဉ်းစားစားရွတ်ဖတ်ပါလော့။

"မောင်ဌေး မည်သော ခန္ဓာကိုယ် ရှိနေလို့သာ မောင်ဌေး ဖြစ် ဖြစ်ရ၊ မောင်ဌေး အို အိုရ၊ မောင်ဌေး သေ သေရ၊ မောင်ဌေး ချစ်သူနှင့် ကွဲရ၊ မောင်ဌေး မုန်းသူတို့နှင့်

http://www.dhammadownload.com



အတူနေရ၊ မောင်ဒွေး လိုတာ မရ၍ ဒုက္ခဖြစ်ရသည်။

မောင်ဒွေးမရှိလျှင် မောင်ဒွေးဖြစ် မဖြစ်ရ၊ မောင်ဒွေး အို မအိုရ၊ မောင်ဒွေး နာ မနာရ၊ မောင်ဒွေး သေ မသေရ၊ မောင်ဒွေး ချစ်သူ နှင့်မကွဲရ၊ မောင်ဒွေးမုန်းသူနှင့်အတူမနေရ၊ မောင်ဒွေးလိုတာ မရှိ၍ ဒုက္ခအားလုံးမရှိတော့ပါတကား။

ဆက်ဦးအံ့။ အပြင်းအထန် ပစ်ခတ်နေသော စစ်ပွဲ၌ ဝင်နွှဲနေရသော စစ်သားတစ်ယောက်သည် အမျိုးမျိုးစစ်ဒဏ်ကို ခံရ ဘိသကဲ့သို့ ဒုက္ခမျိုးစုံ ဝိုင်းအုံနေသော လောကကြီးဝယ် ဤခန္ဓာကိုယ်ကို ရနေသူမှန်သမျှ ဗုဒ္ဓရှင်တော်ပင်သော်လည်း ခါးတော်နာရ ဝမ်းတော်လားရ စသော ဒုက္ခမှ မလွတ်ရချေ။ ဤပြခဲ့သော ဒုက္ခ အားလုံးသည် ဒုက္ခမဟုတ်ပါဘူး၊ ဆင်းရဲမဟုတ်ပါဘူးဟု မည်သူမျှ မငြင်းနိုင်၊ အမှန်ပင် ဒုက္ခဖြစ်၏။ ဤသို့ ဒုက္ခကေန် အမှန်ဖြစ်သောကြောင့် ပြအပ်ခဲ့သောဒုက္ခအားလုံးကို "ဒုက္ခသစ္စာ= ဆင်းရဲတာ အမှန်"ဟု ဟောတော်မူပေသည်။ [ဤဒုက္ခသစ္စာအရ ဒုက္ခတို့ကို ထုတ်ပြတော်မူရာ၌ လက်တွေ့ကြုံရတတ်သော ဒုက္ခအချို့ကိုသာ ပြတော်မူခြင်းဖြစ်၏။ ငရဲရောက်သောအခါ၊ ပြိတ္တာဖြစ်သောအခါ၊ တိရစ္ဆာန်ဖြစ်နေ၍ လူတို့အခိုင်းအစေ အသတ်အဖြတ်ခံရသောအခါ၊ မစားရမသောက်ရ ဖြစ်နေသောအခါ ခံကြရသော ဒုက္ခတို့ကိုကား ထုတ်ပြတော်မမူချေ၊ ထိုဒုက္ခတွေကိုလည်း ချဲ့ထွင်ကြည့်ကြပါလေ]

**သမုဒယသစ္စာ ရှင်းလင်းချက်**

ပြခဲ့သောဒုက္ခတွေသည်အကြောင်းမဲ့သက်သက် ဖြစ်ရသည် မဟုတ်၊ ဗြဟ္မာမင်းစသူတို့ ဖန်ဆင်းမှုကြောင့် ဖြစ်ရခြင်းလည်း မဟုတ်၊ "သမုဒယ"ဟု ခေါ်သော တဏှာလောဘကြောင့်သာ ဖြစ်ရသည်၊ ချဲ့ဦးအံ့။ သတ္တဝါတို့၌ ကိုယ့်ကိုယ်ကို နှစ်သက်တွယ်တာမှု(တဏှာ)သည် လွန်စွာ အား

http://www.dhammadownload.com



ကြီး၏၊ "သူများကိုချစ်ပါသည်"ဟု ဆိုသော်လည်း ထိုအချစ်ခံရသူက ကိုယ့်အလိုကို ဖြည့်ပေးခြင်း၊ ကိုယ့်မှာရှိသော တဏှာ၏ အလိုကျဖြစ်နေခြင်းကြောင့် သူ့ကိုချစ်ရခြင်း ဖြစ်သည်။ မိဘက သားသမီး ချစ်သည်ဟုဆိုရာ၌ သားသမီးတို့ကို ကြည့်နေရလျှင် ကိုယ့်သန္တာန် တဏှာသည် သာသာယာယာရှိ၏။ ထို့ကြောင့် မိဘက သားသမီးကိုချစ်၏၊ ထိုချစ်ပါ သည်ဟု ဆိုရသော သားက သမီးက ကိုယ့်နာမည် ပျက်အောင်၊ ကိုယ့်စီးပွား ဆုတ်ယုတ်အောင် လုပ်လိုက်လျှင် ထိုသား အပေါ် သမီး အပေါ်၌ အချစ်လျော့သွား၏။ ကြပ်ကြပ် အပြစ်ပြုသော အခါ ထိုသား သမီးကိုပင်မုန်းလာသည်(သားသမီးအပေါ်တဏှာအချစ်ကင်း၍ဒေါသဖြစ်လာသည်) ဟုဆိုရသည်။ အမှန်မှာ "အတ္တသမံ ပေမံ နတ္ထိ=ကိုယ့်ကိုယ်ကိုချစ်ခြင်းနှင့် တန်းတူသောချစ်ခြင်းမရှိ"ဟုသာ မှတ်ပါ။

**ဘဝသစ်ကိုဖြစ်စေသော တဏှာ**

ပြခဲ့သော နည်းအရ ကိုယ့်ကိုယ်ကိုသာ နှစ်နှစ်ကာကာ ချစ်ခြင်းဖြင့် တစ်ဘဝလုံး ချစ်၍နေခဲ့လေရာ သေခါနီးလတ်သော် လက်ရှိ ချစ်စရာအာရုံဟူသမျှ စွန့်လွှတ်ရတော့မည့်အရေးကို မျှော်တွေးစပြုကာ(ဒုက္ခခန်း၌ပြခဲ့သည့်အတိုင်း) လွန်စွာဒုက္ခရောက်ကြ၏။ ချစ်စရာတွေသာမက ချစ်စရာအားလုံး၏ အရင်းဆုံးဖြစ်သော မိမိ ခန္ဓာကိုယ်သော်မှ စွန့်လိုက်ရတော့မည့်အရေးကို တွေးမိကြ၏။ ဤသို့တွေး၍ ကြောက်နေရုံနှင့် မပြီးသေး။ နောက်ဆုံးစုတေချိန်မှာ မလွှတ်ချင်လွှတ်ချင်နှင့် ဤခန္ဓာကိုယ်ကို လွှတ်ရတော့မည့်အခြေသို့ ရောက်လေသော် ဤခန္ဓာကိုယ်၌တွယ်တာမှုတဏှာပြတ်၍ အသစ်ထပ်မည့် ခန္ဓာကိုယ်ပေါ်ဝယ်(သေတော့မည့်ဆဲဆဲကနေ၍) မုန်းမျှော် တွယ်တာ ပါလေတော့သည်။ ဤသို့လျှင် ဤသေခါနီးဆဲဆဲက နေ၍လည်း ဘဝသစ် ခန္ဓာကိုယ်ပေါ်ဝယ် မုန်းမျှော်တွယ်တာလျက်ရှိခြင်း၊ ကုသိုလ်ကောင်းမှုပြုစဉ်တုန်းကလည်း ဘဝသစ်၌ ကောင်းကောင်း ဖြစ်နိုင်ဖို့ရာ

http://www.dhammadownload.com



မသိမသာဖြစ်စေ "လူ့ချမ်းသာ ဖြစ်ရပါလို၏" စသည်ဖြင့် ဆုတောင်းသူအတွက် သိသိသာသာ ဖြစ်စေ တွယ်တာ တမ်းတမှန်းဆလျက်ရှိနေခြင်းကြောင့် ကံအားလျော်စွာ(ကံအစွမ်းကြောင့်) ဘဝသစ်၌ ဇာတိအသစ် ဖြစ်ပေါ်ရလေသည်။

အကုသိုလ်ကံ အကျိုးပေးခံရသူများလည်း(ပင်လယ်ထဲ ရေနစ်ရာမှ ပေါ်အလာဝယ် ဆွဲမိဆွဲရာ ဆွဲတတ်၍ မိကျောင်းကြီးပင်ဖြစ်သော်လည်း ပထမသော် ဖက်မိကြသကဲ့သို့) ထို့အတူ သေခါနီး၌မကောင်းဆိုးဝါးဖြစ်တော့မည့် အနာဂတ်ခန္ဓာကိုယ်ကိုသော်လည်းလက်ရှိခန္ဓာကိုယ်လွှတ်ခါနီး၌ တဏှာဖြင့်လှမ်းမျှော်၍ ဖက်မိပါသေးသည်။ ဤသို့လျှင် ကံကြောင့် ဘဝသစ်၌ ဖြစ်ရသော်လည်း တဏှာ၏ တောင့်တမှုကြောင့်သာဖြစ်ရသည်၊ တဏှာကုန်ခန်းသော ရဟန္တာတို့မှာ ကံတွေအပြည့် ရှိသော်လည်း ဘဝသစ် မဖြစ်တော့သဖြင့် ဘဝသစ်ကိုဖြစ်စေတတ်သူ လက်သည်ကို ရှာသောအခါ ဤတဏှာ့အပေါ်မှာသာ သတ္တုကျတော့၏။ ထို့ကြောင့် သမုဒယတဏှာကို "ဘဝအသစ်ကို ပြုလေ့ရှိသည်"ဟု မိန့်တော်မူသည်။

**တဏှာ ၃ မျိုး**

ကာမတဏှာဟူသည် ယခုလူတို့၌ ဖြစ်ရိုးဖြစ်စဉ် ကာမဂုဏ် အာရုံတွေကို(သားသမီးနှင့် ပစ္စည်းဥစ္စာစသည်ကို) တွယ်တာသော တဏှာတည်း။ ဤဘဝခန္ဓာကိုယ်ကိုမြဲ၏ဟု ယူဆနေသော ဒိဋ္ဌိသည် သဿတဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိကိုပင် "ဘဝဒိဋ္ဌိ"ဟုခေါ်၏။ ထိုဘဝဒိဋ္ဌိနှင့်အတူဖြစ်သော တဏှာသည် ဘဝတဏှာမည်၏။ဤဘဝခန္ဓာကိုယ်ကိုပင် "သေလျှင်ပြတ်၏" ဟုယူဆသော ဒိဋ္ဌိသည် ဥစ္ဆေဒဒိဋ္ဌိမည်၏၊ ဝိဘဝဒိဋ္ဌိလည်း ခေါ်၏၊ ထိုဝိဘဝဒိဋ္ဌိနှင့် အတူ ဖြစ်သော တဏှာသည် ဝိဘဝတဏှာမည်၏၊ ထိုတဏှာအရင်းခံ၍ ကောင်းကောင်းဆိုးဆိုး ကံအမျိုးမျိုးကို ပြုမိကြပြန်ရာ ထိုကံကြောင့် ဘဝသစ်ဇာတိဖြစ်ရပြန်၏။

http://www.dhammadownload.com



ဇာတိရှိလျှင် ဇရာ, ဗျာဓိ, မရဏ ဒုက္ခတို့လည်းဖြစ်ရသော ကြောင့် ဇာတိဒုက္ခစသည်၏ အကြောင်းရင်းသည် ဤ တဏှာ သမုဒယ ပင်တည်း၊ တဏှာကြောင့် ချစ်သူဟူ၍ရှိရ၊ ထိုချစ်သူနှင့်ကွဲ၍ ဒုက္ခရောက်ရ၊ တဏှာကြောင့် ဟိုဟာ သည်ဟာ လိုချင်ရ၊ လိုချင်၍ မရသောကြောင့် ဒုက္ခရောက်ရ၊ တဏှာကြောင့် ဤခန္ဓာအသစ် (ဥပါဒါနက္ခန္ဓာ)ကို ရရှိရ၊ ထိုဥပါဒါနက္ခန္ဓာကို ရသောကြောင့် ဒုက္ခ အမျိုးမျိုး ရောက်ရ၊ ဤသို့စသည်ဖြင့် ဒုက္ခအားလုံး၏ အရင်းခံ တဏှာကို "သမုဒယသစ္စာ"ဟုဟောတော်မူပေသည်။

**နိရောဓသစ္စာ ရှင်းလင်းချက်**

[နိရောဓ=ချုပ်ရာ ကုန်ခန်းရာ။] ပြခဲ့သော သစ္စာ နှစ်ပါးတို့တွင် သမုဒယတဏှာသည် ဒုက္ခဖြစ်ဖို့ရန် "အကြောင်းသစ္စာ" ပင် တည်း။ ဒုက္ခဟူသမျှကား တဏှာအရင်းခံ၍ ဖြစ်ရသော "အကျိုး သစ္စာ"ပင်တည်း။ အကြောင်း တဏှာ သမုဒယ ချုပ်ဆုံးလျှင် အကျိုး ဒုက္ခအားလုံးလည်း ချုပ်ဆုံးရ မည်သာ ဖြစ်၏။ ကမ္မဋ္ဌာန်းကို အားထုတ်နေသူတို့သည် ကမ္မဋ္ဌာန်း လမ်းစဉ်ဖြင့် တက်သွားသောအခါ ဤ "နိရောဓ"မည်သောနိဗ္ဗာန်ကို ဉာဏ်ဖြင့်အထင်အရှား မြင်ကြ၏။ ပထမအကြိမ်မြင်လိုက်လျှင်ပင် (သောတာပန်ဖြစ်၍) သက္ကာယဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ၂ မျိုးနှင့် တွဲဖက်ဖြစ် သော ဘဝတဏှာ၊ ဝိဘဝတဏှာ ၂ မျိုးလုံး ထိုပုဂ္ဂိုလ်၏သန္တာန်မှ ကင်းသွားတော့၏။ ဆက်လက် အားထုတ်၍ ထိုနိဗ္ဗာန်တရားကို ဒုတိ ယ အကြိမ်မြင်လာသောအခါ(သကဒါဂါမိဖြစ်၍) ကာမတဏှာသည် အတော်နည်းသွား၏။ တတိယ အကြိမ် မြင်ပြန်သောအခါ (အနာဂါမ် ဖြစ်၍) ကာမတဏှာ အားလုံး ကုန်လေပြီ။

သို့သော်ဗြဟ္မာ့ဘဝကို နှစ်သက်နေသော ဘဝတဏှာ တစ် မျိုးကား ကျန်နေသေး၏၊ စတုတ္ထအကြိမ်မြင်ပြန်သောအခါ (ရဟန္တာ ဖြစ်၍) ဗြဟ္မာ့ဘဝကိုသော်မှ မနှစ်သက်တော့ဘဲ တဏှာအားလုံး

http://www.dhammadownload.com



ကုန်ဆုံးလေတော့၏။ ထို့ကြောင့် နိဗ္ဗာန်ကို ထိုတဏှာ ၃ မျိုး၏ အကြွင်းအကျန်မရှိအောင်ကုန်ရာ "နိရောဓသစ္စာ"ဟုဟောတော်မူသည်။

**နိဗ္ဗာန်၏သဘော**

"နိဗ္ဗာန်သည် သန္တိသဘောရှိ၏"ဟု ကျမ်းဂန်တို့၌ ဆို၏၊ သန္တိဟူသည် ငြိမ်းအေးခြင်းတည်း၊ ယခု လက်ရှိ ရုပ်နာမ် ခန္ဓာကိုယ်နှင့် နိဗ္ဗာန်သည် ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းကဲ့သို့ တစ်ဖက် တစ်လမ်းဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်၏ အေးငြိမ်းခြင်း သန္တိသုခကို ဤရုပ်နာမ်တို့၏ ပူလောင်ခြင်းဒုက္ခနှင့် နှိုင်းယှဉ်ကြည့်မှ သာ၍ သိသာသည်။ "ဤခန္ဓာကိုယ်(ရုပ်နာမ်) အားလုံးသည် မီးလောင်နေသလို ပူလောင်နေသည်"ဟု ပြောလျှင် ရုတ်တရက် သဘောပေါက်လိမ့်မည်ဟုမထင်ပေ၊ မိမိကိုယ်တိုင် တရားအားထုတ်နေသူဖြစ်မှသာ သဘောပေါက်နိုင်စရာရှိပါသည်။ ဥပမာ– နွေအခါ နေပူထဲ၌ အလုပ်လုပ်နေသူသည် ထိုကဲ့သို့နေပူထဲမှာပင် ခရီးသွားစရာကိစ္စ ရှိပြန်သော်လည်း ထူးခြား၍ပူသည်ဟုမထင်၊ အရိပ်၌ နေသူကသာ ထိုအပူများ၏ ပူကြောင်းကိုသိသကဲ့သို့ ထို့အတူရုပ်နာမ်တို့ကိုမီးလောင်၍နေသလို ပူပါသည်ဟုဆိုရာ၌ မိမိကိုယ်တိုင်ကပင် ရုပ်နာမ်တိုးပွားအောင် ကြိုးစားနေသော ကာမဂုဏ်သမား ဖြစ်နေခဲ့လျှင် ရုပ်နာမ်တွေမီးလိုပူနေကြောင်းကို သဘောကျမည်မဟုတ်၊ မိမိ ကိုယ်တိုင်က အတော်အတန် အအေးဓာတ်ရအောင် တရားအားထုတ်နေသူဖြစ်မှ ရုပ်နာမ်ပူကြောင်းကို သဘောပေါက်နိုင်ပေမည်၊ ထိုသို့ လောကီအာရုံကာမဂုဏ်နယ်တွင်းမှ မခွါနိုင်သေးသူတို့က ရုပ်နာမ်ခန္ဓာ၏ ပူလောင်နေကြောင်းကို သဘောမပေါက်နိုင်ကြသော်လည်း ရုပ်နာမ်ကား အမှန်ပင် ပူလောင်နေပါသည်။

**ရုပ်နာမ်ခန္ဓာ ပူလောင်ပုံ**

ရုပ်နှင့်နာမ် ၂ မျိုးလုံး ပေါင်းစပ်မိနေသော အရာကို "သတ္တဝါ(လူစသည်)"ဟုခေါ်ထားကြသည်။ (လူဟုခေါ်ရသော မိမိ ခန္ဓာကိုယ်၌ စိတ်စိုက်ထားပါ)

http://www.dhammadownload.com



ဤခန္ဓာကိုယ်သည် အမိဝမ်းခေါင်း အောင်းသည်ကစ,၍ ဖွားမြင်သည့် တိုင်အောင် ဇာတိဒုက္ခဖြစ်နေရသဖြင့် ဇာတိမီး အလောင်ခံရ၍ ဖွား ပြီးနောက် နုနယ်သော အသားကို ဟိုဟာ သည်ဟာဖြင့် ထိခိုက်ခံရခြင်း၊ ဆာလောင် မွတ်သိပ်ခြင်း၊ အတော်ကြီးပြင်းလာလျှင် လိုတာမရခြင်း၊ အမိ အဘနှင့်ကွဲနေရခြင်း၊ ဝမ်းနည်းဖွယ် တွေ့နေရခြင်း၊ ငိုရခြင်း၊ ကိုယ်ဒုက္ခ စိတ်ဒုက္ခဖြစ်ရခြင်း စသည်တို့ကြောင့် ခန္ဓာကိုယ်မှာ ဒုက္ခ မီးပူအမျိုးမျိုး အလောင်ခံရ၏၊ ထိုအတွင်းမှာပင် မကျန်းမမာ ရောဂါ မီးပူအမျိုးမျိုး အလောင်ခံရသေး၏၊ အိုမင်းလာလျှင် ဇရာမီး မရဏမီး တို့က လောင်ပြန်တော့၏။

ထိုသို့ အထင်အရှား အပူမီးတွေ အလောင်ခံရရုံသာမက သေး။ (နှမ်းအိုးကင်းကို မီးကျီးပေါ်တင်လိုက်သောအခါ ဖျစ်ဖျစ် ဖျစ် ဖျစ်မြည်လျက် နှမ်းလုံးတိုင်းကျက်နေသကဲ့သို့) ဤခန္ဓာကိုယ်ဝယ် ရုပ်ဟူသမျှ နေရာမလပ် ပျက်၍နေရကား အချိန်ရှိသမျှ ရုပ်ခန္ဓာကို မရဏမီးလောင်နေ၏။ နာမ်ခန္ဓာကား ရုပ်ထက်ပင် အပျက်မြန်၍ မရဏမီး အလောင်ခံရမှု များပါသေးသည်။

**ရောဂါဖြစ်နေသော ရွာကြီး**

ဤနေရာ၌ ဥပမာတစ်ခုကို စဉ်းစားကြစို့၊ ရွာအိုကြီး တစ်ရွာဝယ် ကူးစက်တတ်သော အနာရောဂါဆိုး ဖြစ်နေ၏၊ လူတွေကား တစ်ယောက်ပြီး တစ်ယောက် သေနေကြသည်။ ထိုအတွင်းမှာ ကိုယ်ဝန် အရင့်အမာတွေကလည်း ဖွားမြင်နေကြသေး၏၊ မီးဖွားပြီးသည်နှင့်တစ်ပြိုင်နက် အချို့မိခင်များနှင့် ကလေးများလည်း ထို ကူးစက်သောရောဂါကြောင့် ပျက်စီးကြ၏၊ တချို့လည်း ကိုယ်ဝန် အရင့်အမာနှင့် မီးဖွားချိန်နီးနေပြီ။ ဆွေတွေမျိုးတွေ အတော်များများစွာ သေပြီးနောက် ထိုရောဂါကူးစက်လျက် ကျန်နေသေးသော တချို့ ဆွေမျိုးများကို မိမိကိုယ်တိုင်ရောဂါ ဖြစ်လျက် မြင်နေရသော လူတစ်ယောက်

http://www.dhammadownload.com



သည် အဘယ်သို့ စိတ်ဖြစ်ရာမည်နည်း။ ဒုက္ခတွေ ဘလောင်ဆူနေသော ဤရွာကြီးကိုလည်းကောင်း၊ ကျန်နေသေးသော ဆွေမျိုးတွေကိုလည်းကောင်း၊ မိမိ၏ကိုယ်ခန္ဓာကို လည်းကောင်း မျှော်လင့်ချက် ရှိနိုင်ပါဦးမည်လော။ ခင်မင်တွယ်တာ သာယာ နိုင်ပါဦးမည်လော။

ကမ္မဋ္ဌာန်းအားထုတ်လျက် တရားပေါက်ခါနီးသူ တရားပေါက်၍ အရိယာဖြစ်နေသူတို့သည် မိမိတို့ခန္ဓာကိုယ်ပေါ်မှာ တစ်ရံတစ်ခါ ကမ္မဋ္ဌာန်းစိတ်ဖြင့် ဆင်ခြင်ကြည့်သောအခါ ယခုပြခဲ့သော ဥပမာသည် အကြမ်းစားသာ ဖြစ်၏။ ဤခန္ဓာကိုယ်၌ ဇာတိမီး အစ မရဏမီး အဆုံးရှိသော မီးများအပြင် အချိန်ရှိသမျှ ခဏတိုင်း ပျက်နေသော ရုပ်နာမ်ခန္ဓာတို့၏ပျက်နေပုံကိုမြင်နေကြသော ယောဂီပုဂ္ဂိုလ်တို့ကား တစ်ကိုယ်လုံး ဒုက္ခမီးတွေလောင်နေပုံကို မြင်ကြသဖြင့် ရရှိဆဲခန္ဓာကိုယ်ကိုလည်း မနှစ်သက် မတွယ်တာ နိုင်ကြတော့ချေ။ နောင်ရဦးမည့်ခန္ဓာကိုယ်ကိုလည်း မမျှော်လင့် မတောင့်တကြတော့ပေ။ မလွှဲသာ၍ ဖြစ်နေသော ဤရုပ်နာမ်ခန္ဓာကိုယ်၌ပင် ငြီးငွေ့လှလေပြီ။ သူတို့ အလိုဆန္ဒဖြစ်နေကြသည်ကား ဤ ရုပ်နာမ်အားလုံးကို အပြီးသတ်ကုန်ဆုံးစေလိုခြင်းပင်တည်း။

[ဆောင်] သူသူငါငါ၊ ဖြစ်လေရာဝယ်၊ ဦးစွာကြိုဆီး၊ ဇာတိ မီးက၊ အပြီးပုံသေ၊ လောင်မြိုက်လေ၏၊ မသေတသီး၊ ဇရာမီးလည်း၊ အပြီးနောက်မှာ၊ ကပ်လျက်ပါ၏။

မကွာစေရ၊ မရဏဟု၊ တစ်ဘဝဖျက်ဆီး၊ လောင်သည့်မီး လည်း၊ ညီးညီးပြောင်ပြောင်၊ အမြဲလောင်၏။

လောင်ပုံ လောင်အား၊ မထင်ရှားလည်း၊ နတ္ထား ပျိုမျစ်၊ အရွယ်ဖြစ်သော်၊ အချစ်ရာဂ၊ မီးတွေထ၍၊ ဒေါသထန်ပြင်း၊ မောဟညှဉ်း၏။

မကင်းနိုင်အောင်၊ ထို့နောက်နောင်လည်း၊ တောက်

http://www.dhammadownload.com



လောင် ဖိစီး၊ သောကမီးကြောင့်၊ ဝမ်းနည်းဖွယ်တွေ၊ အထွေထွေ နှင့်၊ ပရိဒေဝ၊ ငိုကြွေးရလျက်။

ဒုက္ခလည်းထပ်၊ ဒေါမနသ်နှင့်၊ ဆက်စပ်မကွာ၊ ဥပါယာ သ၊ လွန်ပြင်းပြ၍၊ သက်မှုမရှူ၊ တက်အောင်ပူသည်၊ ဆူဆူ မီးတောက်ဆယ့်တစ်တည်း။

**အသင်္ခတဓာတ်**

ကမ္မဋ္ဌာန်းပေါက်၍ ရဟန္တာ အဖြစ်သို့ ရောက်နေ သောသူ၏သန္တာန်၌(သမုဒယသစ္စာအခန်း၌ ပြ အပ်ခဲ့သော) တဏှာသည် လုံးဝ မရှိတော့။ တဏှာ မရှိလျှင် နောက် ဘဝခန္ဓာ အသစ်ကို မလိုလားတော့ချေ။ ကံကြောင့် ခန္ဓာအသစ် ဖြစ် ရသော်လည်း ထိုကံသည် သူချည်း သက်သက် ခန္ဓာအသစ်ဖြစ်အောင် ပြုစီမံခြင်းငှာ မစွမ်းနိုင်။ တဏှာအဖော်ပါမှသာ စီမံနိုင်သည်။ ထို့ ကြောင့် ရဟန္တာသန္တာန်၌ ရှိသမျှကောင်းမှုတွေသည် (အသီးမသီးသော လေပွင့်များကဲ့သို့) နောင်သံသရာဝယ် ခန္ဓာအသီးကို မသီးစေနိုင်တော့ ရကား ရဟန္တာတို့၏ နောက်ဆုံး ရုပ်နာမ်ချုပ်သည်နှင့် တစ်ပြိုင်နက် (စုတေသည်နှင့် တစ်ပြိုင်နက်) ရုပ်နာမ်ခန္ဓာ အဆက်မရှိတော့ဘဲ အသင်္ခတဓာတ်သာ တည်ရစ်တော့သည်။[အသင်္ခတ=ကံလည်းမပြုရ၊ စိတ်, ဥတု, အာဟာရလည်း မပြုရဘဲ၊ ဓာတု=အေးငြိမ်းခြင်းသဘောကို ဆောင်နေသော ဓာတ်။]

**အရိယာဖြစ်လျှင် မြင်ရပြီ**

ဗုဒ္ဓမြတ်စွာသည် ထို အသင်္ခတဓာတ်ဖြစ်သော နိရောဓသစ္စာကို ဗုဒ္ဓဖြစ်ခါနီးဝယ် သစ္စာလေးပါးကို မဂ်ဉာဏ် ၄ ပါးကို မဂ်ဉာဏ် ၄ ပါးဖြင့် မြင်တုန်း ကပင် မြင်ခဲ့ရပြီ။ ထို နိရောဓ သစ္စာ နိဗ္ဗာန်ချမ်းသာကို ဖလသမာပတ် ဝင်စားတော်မူကာ မကြာမကြာ ခံစားတော်မူ၏၊ပရိနိဗ္ဗာန်စံတော်မူခါနီး ၌လည်း စုတိတော်မရောက်မီ စျာန်သမာပတ်ဝင်စားတော်မူ၏၊ ထိုသို့ မဝင်စားမီ ထိုဖလသမာပတ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြုကာ လွန်စွာ ချမ်းသာ

http://www.dhammadownload.com



တော်မူသည်။ အခြား အရိယာများလည်း ထိုဖလသမာပတ်ဖြင့် မိမိ၏နိဗ္ဗာန်ကို အာရုံပြုကာ ချမ်းသာတော်မူနိုင်ကြပေသည်။

**သုခ ၂ မျိုး**

ခံစားရသောချမ်းသာကို "ဝေဒယိတသုခ"ဟုခေါ်၍ မခံစားရဘဲ အေးငြိမ်းချမ်းသာမှုကို "သန္တိသုခ"ဟုခေါ်၏။ များစွာသောလူတို့သည် ခံစားဖူးကြ၊ ခံစားနေရ၊ ခံစားရ၍ ပြုံးပြနေသူတို့ကို မြင်နေကြရသဖြင့် မခံစားရဘဲ သုခဖြစ်သည်ကို မယုံကြည်နိုင်ကြချေ၊ ရုပ် နာမ် ခန္ဓာမရှိသော နိဗ္ဗာန်ဆိုသည်ကိုပင် အဟုတ်မလိုချင်ကြပေ။ ထိုသို့ဖြစ်နေရာဝယ် စဉ်းစားဖွယ်ကား ခွေးဘဝရောက်နေလို့သာ မစင်ကို စားချင်သည်၊ ခွေးဘဝမှလွတ်၍ လူဖြစ်သောအခါ စားပါဆိုတောင် မစင်ကိုမစားနိုင်၊ စားချင်စိတ်လည်း မရှိ။ စင်စစ်ကား မြင်ရုံမျှဖြင့် အော့နလုံးနာကြသည်။ ထို့အတူပင် ခံစားတတ်သော တဏှာမကုန်သေး၍သာ ခံစားချင်နေသည်၊ တဏှာကုန်ခန်း၍ ရဟန္တာဖြစ်သောအခါ ခံစားပါဆိုတောင် မခံစားတော့၊ ခံစားချင် စိတ်လည်းမရှိတော့။ စင်စစ်သော် ကာမဂုဏ်တွေကို စက်ဆုပ်ရွံမုန်း၍ မခံစားဘဲ အေးငြိမ်းသောသန္တိသုခကိုသာ နှစ်သက်နေပေတော့သည်။

**သန္တိသုခ၏ အေးမြပုံ**

ဤနေရာဝယ် သူဌေးဒကာနှင့် ကမ္မဋ္ဌာန်း ဆရာတော်တို့ ဖြစ်ပုံကို ပြသင့်၏။ တရားနှင့်နေသော ဆရာတော်တစ်ပါးအထံသို့ သူဌေးအခေါ်ခံ ဒကာတစ်ယောက် ရောက်လာ၏။ ထိုအချိန်မှာ ဆရာတော်သည် သစ်ပင်အောက်ရှိ ခုတင်ကလေးပေါ်ဝယ် ရေသနုပ် သင်္ကန်းယောင်းကလေးကို ခင်းကာ သစ်တုံးငယ်ခေါင်းအုံးကို အနားထား၍ တစ်ပါးတည်း ထိုင်နေ၏။ ရောက်လာသောသူဌေးဒကာသည် "အမယ်လေး ... ကောင်းလိုက်တာဘုရား၊ ချမ်းသာလိုက်တာ ဘုရား"ဟု အားရပါးရ ဥဒါန်းကျူးလေ၏။ "ဘာကိုခံစား၍ ချမ်းသာလိုက်တာ ဘုရား"ဟု ဥဒါန်း

http://www.dhammadownload.com



ကျူးရသလဲ၊ ဘာမျှမခံစားရပါ၊ အေးမြငြိမ်းချမ်းပုံကို မြင်ရ၍ သဘောကျသောကြောင့် ဥဒါန်းကျူးခြင်းဖြစ်ပါသည်။ ထို့ကြောင့်ပင် မကြာခင် ထိုသူဌေးလည်း ထိုဆရာတော်အထံ ဒုလ္လဘရဟန်းပြုလေသည်၊ ဤသို့လျှင် ထိုဆရာတော်၏ လက်တွေ့ သန္တိသုခသည် သူဌေးစည်းစိမ်ထက်ပင် သာ၍ကောင်းလှပေသည်။

**သန္တိသုခကို အတ္တလည်းမခံစား**

တချို့ကမူ သန္တိသုခကိုမှန်းဆ၍ သဘောပေါက်ကြ၏။ သို့သော် "ရုပ် လည်း မဟုတ်၊ နာမ်လည်း မဟုတ်၊ ရုပ်နာမ်ချုပ်၍ အနှစ်အမတေကဲ့သို့ ကျန်နေသောအတ္တရှိ၏၊ ထိုအတ္တသည် သန္တိသုခကို ခံစား၏"ဟု တွေးဆကြ၏၊ တရားတော်အလို အတ္တဆိုသောအရာသည်ပင် မရှိသောကြောင့် ထိုအတွေးအဆသည် အတွေးအဆမျှသာ ဖြစ်၏။ မခံစားရဘဲ ချမ်းသာပုံကို ဥပမာ တစ်မျိုးဖြင့် ပြဦးအံ့။

အလွန်စည်းစိမ်ကြီးသော လူချမ်းသာတစ်ယောက်သည် တီးကြ မှုတ်ကြ ကခုန်ကြနှင့် ယုယဖျော်ဖြေသူကလေးများ၏ အလယ်မှာ ထယ်ထယ်ဝါဝါအိပ်ပျော်နေ၏။ ဆင်းရဲသား လယ်သမားကလေး တစ်ယောက်ကား နေပူကျဲတောက်သစ်ပင်အောက်၌လယ်ကန်သင်းရိုးကို ခေါင်းအုံးကာ အိပ်ပျော်နေရှာ၏။ အိပ်ပျော်ချိန်၌ ထိုနှစ်ယောက်လုံးပင် ဘာမျှမခံစားကြရ။ အိပ်ရာမှနိုးကြသော် ကိုယ်စီကိုယ်င "အိပ်ရကောင်းလိုက်တာ"ဟုကျူးရင့်ကြ၏။ ဘာကောင်း သလဲ။ အေးငြိမ်းချမ်းသာသော အကောင်းပင်မဟုတ်ပါလော။ ထို အကောင်းကို မည်သည့်အတ္တမျှ မခံစားပါ။

**ရုပ်နာမ်အပြစ်မြင်မှ သန္တိအကျိုးထင်**

အခါတစ်ပါး၌ ဘုန်းကြီး၏ဖြစ်ပုံကို ရေးပြဦးမည်။ မိဘမျိုးရိုးနှင့် တကွ ပစ္စည်းဥစ္စာဉာဏ်အရည်အချင်း အထက်တန်းကျသော တပည့်ကိုရင်လေးတစ်ပါးသည် ဆောင်းအခါ၌ ဝမ်းရောဂါ

http://www.dhammadownload.com



လိုလို ဖြစ်နေ၏။ ဘုန်းကြီးက သူ့ဆွေမျိုးဉာတိများနှင့် ဆရာရင်းများကို တွေး၍(တကယ်လို့ မတော်တဆဖြစ်လျှင်ဟု စဉ်းစားကာ) လွန်စွာ ကြီးသော တာဝန်တစ်မျိုးဖြစ်လာ၏။ ဆိုင်ရာဆေးဝါးနှင့် အစောင့် အရှောက်ထား၍ အိပ်သော်လည်း တစ်ခဏမျှသာ ပျော်ပြီးနောက် နိုးလာ၏။ အခါကား ဆောင်းလအခါဖြစ်၏။ အလွန်ချမ်းအေးသော အခါဝယ် မကြာခဏ ထ,၍ကြည့်မိ၏။

အိပ်ရာနားထိုင်၍ စဉ်းစားမိသည်မှာ–ယခုဖြစ်ရသော စိတ် ဒုက္ခ ကိုယ်ဒုက္ခသည် တပည့်ခေါ်သော ရုပ်နာမ်ခန္ဓာကိုယ်ကြောင့် သာဖြစ်ရ၏။ သူတို့မရှိလျှင် ဤဒုက္ခမျိုး မဖြစ်ရ။ သူတို့မရှိ၍ ငါ ချည်းအမြဲနေဖြစ်မလား။ ဒီလိုလည်းမနေသာ။ "အင်း–သူတို့လည်း မပါ၊ ငါဆိုတဲ့ရုပ်နာမ်ခန္ဓာလည်း မရှိမှသာ ဤလို ဒုက္ခမျိုးမှ လုံးဝ ကင်းပေတော့မည်"ဟု သဘောပေါက်ကာ ရုပ်နာမ်လုံးဝမရှိဘဲ အေး မြမည့် နိဗ္ဗာန်အရသာကို မှန်းဆနိုင်ခဲ့ပါသည်။ စာရှုသူအားလုံးလည်း ပြခဲ့သောအစဉ်ကို ရှု၍ဖြစ်စေ၊ ရုပ်နာမ်ခန္ဓာ(သံယောဇဉ်)များကြောင့် ဒုက္ခရောက်ခဲ့သောအခါဖြစ်စေ ရုပ်နာမ်ချုပ်ငြိမ်းသော နိဗ္ဗာန်ကို မှန်းဆ ကာ မခံစားရဘဲချမ်းသာသော သန္တိသုခကို သဘောပေါက်နိုင်ပါလိမ့် မည်။ (သန္တိ=ငြိမ်းအေးသော+သုခ=ချမ်းသာ။)

**မဂ္ဂသစ္စာ ရှင်းလင်းချက်**

"မဇ္ဈိမပဋိပဒါ"ဟူသော နာမည်ဖြင့်ပြခဲ့သော မဂ္ဂင် ရှစ်ပါး ကိုပင် "မဂ္ဂသစ္စာ"ဟုခေါ်၏။ (မဂ္ဂ=နိဗ္ဗာန် သို့ရောက်ကြောင်းလမ်း+သစ္စ=အမှန်။) သမ္မာဒိဋ္ဌိ အစရှိသော တရားရှစ်ပါးသည် မိမိသန္တာန်၌ ဖြစ်ပေါ်လာသောအခါ၌ အရိယာအဆင့်သို့ တိုးတက်တော့၏။ ထို အရိယာအဆင့်သို့ ရောက် လျှင် နိဗ္ဗာန်ကို ထင်ထင်ရှားရှား (မျက်စိဖြင့် မြင်ရသလို) မြင်နိုင်ပြီ၊ ချဲ့ဦးအံ့။ သမ္မာဒိဋ္ဌိသည် ကံနှင့်ကံ၏ အကျိုးလောက်ကိုသာ သိမြင် နိုင်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ အနိစ္စ, ဒုက္ခ, အနတ္တဟု ရုပ်နာမ်

http://www.dhammadownload.com



တရားကို ရှုနိုင် သိမြင်နိုင်သော ဝိပဿနာ သမ္မာဒိဋ္ဌိအပြင် မဂ္ဂသစ္စာ အဆင့်အတန်းသို့ရောက်သော မဂ္ဂ သမ္မာဒိဋ္ဌိလည်းရှိသေး၏။

ထိုသုံးမျိုးတွင် ရှေ့နှစ်ပါးကို မဇ္ဈိမပဋိပဒါအခန်း၌ပြခဲ့ပြီ။ ရုပ်နာမ်ခန္ဓာကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာသမ္မာဒိဋ္ဌိဖြင့် ရှုဖန်များလာသော် ကိလေသာအနှောက်အယှက်တွေ စိတ်အစဉ်မှာ ကင်း၍(ဝိပဿနာသမ္မာဒိဋ္ဌိအဖြစ်မှ အဆင့်အတန်းတိုးတက်ရင့်သန်ကာ) မဂ်ဉာဏ်အဖြစ်သို့ရောက်သော(မဂ္ဂသစ္စာ)မဂ္ဂသမ္မာဒိဋ္ဌိဖြစ်လာ၏။ ဤနည်းအားဖြင့်အဆင့်အတန်းမြင့်၍ ရင့်သန်လာသော မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းလမ်းမှန်အစစ်ဖြစ်ရကား "မဂ္ဂသစ္စာ"ဟုအမည်ရလေသည်။

**မဂ်ရစေအောင်**
**ဝိပဿနာဖြင့်တက်**

အလွန်ချောမွေ့သော အဝတ်အထည်ကို အလွန်သိမ်မွေ့ သေးငယ်သော အပ်ဖြင့်သာ ချုပ်ထိုက်၏၊ ထိုအပ်ကလေး နဖားကို ဖောက်ထွင်းသော အပ်နဖားထွင်း စူးကလေးကား ထိုအပ်ကလေးထက်ပင် သိမ်မွေ့သေးငယ်သော သံမဏိကလေးဖြစ်ထိုက်ရာ၏။ ထို့အတူ အလွန်သိမ်မွေ့သောနိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ် ဟူသည် အလွန်သိမ်မွေ့ထက်သန်သောဉာဏ်သာဖြစ်ထိုက်၏။ ထို မဂ်ဉာဏ် ရအောင် ကြိုးစားသောပုဂ္ဂိုလ်သည် အလွန်ထက်သန်သော (လောကီဉာဏ်တို့တွင် အထက်ဆုံးဖြစ်သော)ဝိပဿနာဉာဏ်ကို မိမိသန္တာန်၌ ဖြစ်အောင် ကြိုးစားထိုက်ပေ၏။ ထိုဝိပဿနာဉာဏ် ရအောင် ကြိုးစားသူလည်း ထိုထိုဤဤ အရှုပ်အထွေး ကိစ္စကြီးငယ်တွေ ဖြတ် တောက် ခွာရင်း၍ ကင်းကင်းနေနိုင်မှ လွတ်လွတ်ကျွတ်ကျွတ် အားထုတ်နိုင် ပေလိမ့်မည်။ ထို့ကြောင့် တကယ်မလုပ်နိုင်သေးသော်လည်း စိတ်ကူးအားဖြင့် မိမိကိုယ်ကို ယောဂီသူတော်စင်ဖြစ်အောင် ရိုးရိုးကလေး ဆင်ပြင်ကြည့်ကာ သစ်ပင် တောတန်း သစ်မ်းရိပ်သာဝယ် ဝိပဿနာ

http://www.dhammadownload.com



ကမ္မဋ္ဌာန်းကို တကယ်တမ်း အားထုတ်နေပုံကလေးကို တွေးကြည့်ပါလေ။ ဤသို့နေရခြင်းသည် သမုဒယသစ္စာ တဏှာ လောဘစိတ်ဖြင့် ပျင်းစရာဟု ထင်ရသော်လည်း တဏှာ လောဘကို ပယ်ခွာမည့် ဝိပဿနာဉာဏ်ဖြင့်ကား ကြည်နူးပျော်ရွှင်ဖွယ် ကောင်းလှပေသည်။

ထိုနေရာ၌(အလွန်အိပ်ချင်လှမှ အိပ်သောအချိန်ကလေးကိုသာ အနားပေး၍) အချိန်မလပ်အောင် ဝိပဿနာခန်း၌ ပြခဲ့သည့်အတိုင်းအားထုတ်ပါ။ စိတ်အဆင့်အတန်း ဉာဏ်အဆင့်အတန်းမှာ တစ်ဆင့်ထက်တစ်ဆင့် ရင့်၍ရင့်၍ လာပါလိမ့်မည်။ ထိုသို့ရင့်စပြုလာလျှင် တိုး၍သာကြိုးစားပေတော့။ ဤသို့ကြိုးစားခိုက်၌ "မဇ္ဈိမပဋိပဒါ"ခေါ် ဝိပဿနာမဂ္ဂင်တရား မိမိမှာ ဖြစ်နေပေသည်။ ထိုသို့ဆက်၍ ဆက်၍ ကြိုးစားသောအခါ ဤဝိပဿနာမဂ္ဂင်တရားသည်ပင် အဆင့်အတန်းရင့်ကာ သောတာပတ္တိမဂ်ဟုခေါ်ရသော မဂ္ဂသစ္စာအဖြစ်ဖြင့် မိမိသန္တာန်မှာ ဖြစ်လာပါလိမ့်မည်။ ထိုအခါ၌ကား မိမိသန္တာန်ဝယ် ရေးကဖြစ်လေ့ရှိသော ကိလေသာတချို့သည် ဘယ်နည်းနှင့်မျှ မပေါ်နိုင်အောင် အလိုလိုခန်းခြောက် ပျောက်သွားပါလိမ့်မည်။ ကိလေသာ အနောက်အကျူ နည်းသွားသလောက် မဂ္ဂသစ္စာသည်လည်း သန့်ရှင်းရကား ထို၌ပါသော သမ္မာဒိဋ္ဌိလည်း တစ်ခါတစ်ရံမျှ မမြင်ရဖူးသော နိရောဓနိဗ္ဗာန်ကို အထင်အရှားပင် မြင်လာနိုင်ပါလိမ့်မည်။ ထိုမှဆက်၍ တိုးတက် အားထုတ် ပြန်လျှင် အဆင့်ဆင့် အတန်းမြင့်၍ ရင့်သော မဂ္ဂသစ္စာကိုရကာ ရဟန္တာအဖြစ်သို့ရောက်သဖြင့် လောက၌ တွေ့ရသောဒုက္ခအားလုံးမှ လွတ်မြောက်ကြရပါသည်။

**သစ္စာ ၄ ပါး အကြောင်းအကျိုးဆက်ပုံ**

ယခု အချိန်အခါသည် မြန်မာနိုင်ငံကို လက်အောက်ခံကျွန်ဘဝမှ လွတ်အောင် ကြိုးစား၍ လွတ်လုခါနီးဖြစ်နေသော အချိန်အခါတည်း။ ဘာ့ကြောင့် ကျွန်ဘဝသို့ ရောက်ခဲ့ရသလဲ။ ၁၂၄၇

http://www.dhammadownload.com



ခု မရောက်မီက မြန်မာပြည်သူ ရှင်လူဟူသမျှတို့သည် တိုင်းရေးပြည်ရာဝယ် အမြင်မကျယ်ခဲ့ကြ။ (အသိဉာဏ်နည်းခဲ့ကြ၏။) မြန်မာပြည်အောက်ပိုင်းကို ပေးလိုက်ရသည့်တိုင်အောင်လည်း သတိမရ ခဲ့ကြ။ တိုင်းရေးပြည်ရာဝယ် အမြင်မကျယ်ခြင်းသည် အကြောင်း၊ ကျွန်ဘဝ၌ ဒုက္ခဖြစ်ရခြင်းသည် အကျိုး၊ ယခုအခါ လွတ်လပ်အောင် ကြိုးစားကြခြင်းသည် အကြောင်း၊ နောင်လွတ်လပ်ခွင့်ရခြင်းသည် အကျိုး။ ဤသို့လျှင်လက်ရှိနိုင်ငံရေး၌ မကောင်းသောအကြောင်းနှင့် အကျိုးသည် လည်းကောင်း၊ လွတ်လပ်ရေးနှင့် ဆိုင်သော ကောင်းသောအကြောင်းနှင့်အကျိုးသည်လည်းကောင်း ဆက်သွယ်နေသကဲ့သို့၊ ထို့အတူပင် တဏှာလောဘ သမုဒယသစ္စာသည် အကြောင်း၊ ဇာတိမီးအစရှိသည်တို့၏လောင်စာဖြစ်သောရုပ်နာမ်ခန္ဓာသည် အကျိုးတည်း။ (ဤကားမကောင်းကြောင်းနှင့်မကောင်းကျိုးတည်း) သမုဒယသစ္စာ တဏှာလောဘကြောင့်ကျွန်ဘဝရောက်နေသော ဒုက္ခသစ္စာခန္ဓာ အနေမှ လွတ်မြောက်အောင် ကြိုးစားသော ဝိပဿနာအခြေခံပါသော မဂ္ဂသစ္စာသည် အကြောင်း၊ ဒုက္ခအားလုံးမှ ကုန်ဆုံး လွတ်လပ်ရာ နိရောဓသစ္စာသည်အကျိုး၊(ဤကားကောင်းသောအကြောင်းနှင့်အကျိုးတည်း)

**မဂ္ဂင်လမ်းကို လိုက်ကြစမ်းပါ**

ဤသို့လျှင် မကောင်းကြောင်းနှင့် မကောင်းကျိုး နှစ်ပါးကို လောကီသစ္စာ၊ ကောင်းကြောင်း နှင့် ကောင်းကျိုးနှစ်ပါးကို လောကုတ္တရာသစ္စာ (လောကမှ လွတ်မြောက်သောသစ္စာ)ဟုခွဲ၍လောကီအကြောင်း ဖြစ်သော တဏှာသမုဒယများလေ ဒုက္ခများလေ၊ တဏှာသမုဒယ နည်းလေ ဒုက္ခနည်းလေ၊ တဏှာသမုဒယ လုံးလုံး မရှိလျှင် (ကိုယ့် ကိုယ်သော်မှ မခင်တွယ်တော့လျှင် နောင်ရဖို့ရန်လည်း အမှန် မလိုလားတော့လျှင်) ဒုက္ခသည်လည်း လုံးလုံး မရှိတော့ပြီ။ "မဇ္ဈိမ ပဋိ ပဒါ"ခေါ် မဂ္ဂင်ရှစ်ဖြာ ဝိပဿနာရင့်သန်လေ နိရောဓနှင့်နီးလေ၊ ဝိပဿနာအစွမ်းကုန်ရင့်၍

http://www.dhammadownload.com



မဂ္ဂသစ္စာဖြစ်လေ၊ နိရောဓသစ္စာကို သိနိုင် လေပင်တည်း။ ထို့ကြောင့် ယခုကာလ နိဗ္ဗာန်၏သဘောကို ကြံဆနေသူတို့သည် မဂ္ဂင်ရှစ်ပါး လမ်းကြောင်းကို မတိမ်းမစောင်း လိုက်၍ ကြည့်သင့်ကြ၏။ ရန်ကုန် မရောက်ဖူးသေးသူသည် "ရန်ကုန် ရောက်ချင်စမ်းပါဘိ၊ ရွှေတိဂုံ ဖူးချင် စမ်းပါဘိ" ဟု မြည်တမ်းနေရုံမျှဖြင့် ကိစ္စမပြီး၊ ရန်ကုန်သွားဖို့ရာ ရိက္ခာ စုဆောင်း၍ မြန်မြန်သွားနိုင်မှ ရွှေတိဂုံ ဖူးရမည်။ ထို့အတူ ယခုအခါ "နိဗ္ဗာန်ကိုမြန်မြန်ရလိုပါ၏" ဟု ဆုတောင်းနေရုံဖြင့် တင်းတိမ်ရ မည့် အချိန်မဟုတ်။ မိမိအစွမ်းဖြင့် သတ္တဝါတို့ အကျိုးများအောင် ဆောင်နေ သူမှတစ်ပါး သူတော်ကောင်း မှန်သမျှ နိဗ္ဗာန်သွားဖို့ရာ လမ်းကြောင်း ဖြစ်သော မဇ္ဈိမပဋိပဒါ မဂ္ဂသစ္စာလမ်းကို လိုက်ကြမှ အပြောနှင့် အလုပ် ညီမျှ၍ နိဗ္ဗာန်ကိုမြင်နိုင်ကြပေမည်။

**သတိပြုဖွယ်** ထိုလမ်းသို့ လိုက်နေသူ(ယောဂီ)ပုဂ္ဂိုလ် မှန်လျှင် လောကီ ဂုဏ်ပကာသနကို(ကိုယ့်ကိုယ်တိုင်က မသိနိုင်သော တဏှာဖြင့်) မသိမသာ လိုလားနေတတ်ကြ၏။ ထို တဏှာကို ပီပီသသ ဖြတ်နိုင်ရမည်။ ထို့ပြင် ခန္ဓာကိုယ်ရုပ်နာမ်၌အနိစ္စ, ဒုက္ခ ထင်မြင်ပါသော် လည်း အတ္တစွဲလမ်းချက် မကင်းဘဲ ရှိတတ်သေး ၏။ ထိုသို့ အတ္တစွဲနေသည်ကို ကိုယ့်ကိုယ်တိုင်ပင်သိနိုင်ခဲ၏။ အတ္တစွဲ ကျန်နေသေးလျှင် တရားပေါက်ပြီဟု ထင်နေသော်လည်း မပေါက် သေးပါ။ သောတာပန်ဖြစ်လာလျှင် "သက္ကာယဒိဋ္ဌိ" ခါ အတ္တစွဲမရှိတော့ ပါ။ ထို့ကြောင့် ယခုပြမည့် အနတ္တလက္ခဏာသုတ်တော်သည် အတ္တ စွဲလမ်းမှုတွေ လုံးဝ ကုန်စင်အောင် အစုံအလင်ပြမည့်တရားတော် ဖြစ်ရ ကား ဤပြအပ်လတ္တံ့အတိုင်း လေးလေးပင်ပင် ဆင်ခြင် ရှုစားကြ ပါကုန်။

**ဓမ္မစကြာမှတ်ဖွယ်ပြီး၏။**

http://www.dhammadownload.com



# အနတ္တလက္ခဏာသုတ်စတော်

**အတ္တ၏ပုံသဏ္ဌာန်နှင့် တည်ရာဌာန**

အနတ္တလက္ခဏာသုတ်ကို သိလိုသူတို့သည် ရှေးဦးစွာ အတ္တအယူဝါဒကို နားလည်သင့်ကြ၏။ အတ္တနှင့်စပ်၍ နားလည်ဖွယ်တို့ကား အတ္တ၏ပုံသဏ္ဌာန်၊ အတ္တ၏တည်ရာ၊ အတ္တ၏နာမည်၊ အတ္တ၏သတ္တိ၊ အတ္တဟုစွဲချက်များတည်း။ "အတ္တ"ဟူသည် အစစ်အမှန် ထင်ရှားရှိသော အရာမဟုတ်။ ဗုဒ္ဓ မပွင့်ရာခေတ်၌ ပရမတ္ထ သဘာဝဓမ္မကို ကျနစွာမသိသောရှေးပညာရှိတို့ အမျိုးမျိုး အဖုံဖုံ တွေးဆကြည့်သောအခါ "ဒီလိုဖြစ်တန်ရာ၏"ဟုကြံစည်မှန်းဆအပ်သော အရာသာတည်း။ ထို့ကြောင့် အစစ်အမှန်မဟုတ်သော အတ္တ၏ ပုံသဏ္ဌာန်ကို ကြံစည်ကြရာ၌ ဆရာတစ်ဦးနှင့်တစ်ဦး အယူအဆ မတူကြသည်မှာ ဓမ္မတာပင်ဖြစ်၏။ ဥပမာ–မိန်းမပြုံမ၏သားကလေး ပုံသဏ္ဌာန်ကို ကြံကြံဖန်ဖန်တွေးကြည့်ရာ၌ တစ်ယောက်နှင့်တစ်ယောက် မတူနိုင်သကဲ့သို့တည်း။

ထို့ကြောင့်ဆရာတချို့က "အတ္တသည် အလွန့်အလွန် သေးငယ်၏။ ပရမာဏုမြူခေါ် (လူတို့မျက်စိဖြင့် ကြည့်၍ မမြင်နိုင်သော) အသေးဆုံးမြူမှုန်မျှလောက်သာရှိ၏"ဟု ယူဆကြ၏။ နိဂဏ္ဌာ နာဋပုတ္တဟု ထင်ရှားသော(ဂျိန်း)ကျမ်းဆရာတို့ကမူ "အတ္တသည် ခန္ဓာကိုယ်တစ်ခုလုံးပျံ့နှံ့နေ၏။ ခန္ဓာအိမ် ကြီးသလောက် အတ္တလည်း ကြီး၏" ဟုဆိုကြ၏။ ဝေဒန္တကျမ်းဆရာတို့ကား "အတ္တဟူသည် ကမ္ဘာကို ဖန်ဆင်းသော ဗြဟ္မာကြီး၏ အစိတ်အပိုင်းဖြစ်ရကား ဗြဟ္မာ တန်ခိုးကြီးသလို အတ္တလည်း တန်ခိုးကြီး၏။ ကြီးမားသင့်သော အခါ၌ ကြီးမားသောပမာဏရှိ၏။ ခန္ဓာကိုယ်ဟောင်းကိုစွန့်၍ ခန္ဓာအိမ်သစ်ကို ရှာ

http://www.dhammadownload.com



နေခိုက်မှာ အလွန်သေးငယ်သော ပမာဏရှိ၏ ” ဟု ဆိုကြ၏။ တချို့က “အတ္တသည် ဗြဟ္မာ၏အစိတ်အပိုင်းဖြစ်သည့် အားလျော်စွာ တစ်ခုတည်းသာရှိ၏ ”ဟုယူ၍ တချို့ကား “ခန္ဓာဒွေမှ တစ်ခုလျှင် အတ္တတစ်ခုစီရှိ၏ ”ဟုယူဆကြလေသည်။ ဤကားအတ္တ၏ ပုံသဏ္ဌာန်ကို ကြံစည်ကြပုံတည်း။

ဂျိန်းဆရာတို့အလို“အတ္တသည် ခန္ဓာကိုယ် တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်နေ၏ ”ဟုဆိုလို၏။ မိတက္ခရကျမ်း၌ကား နှလုံးသား၏ ဝဲယာ နှစ်ဖက်မှ အထက်သို့တက်၍ နှာခေါင်းပေါက်နှင့် ဆက်စပ်တည်နေသော အကြောကြီးနှစ်ခု တည်ရှိကုန်၏။ ထိုအကြောတို့သည် ထွက်သက်ဝင်သက်လေတို့၏ သွားလာရာလမ်းဖြစ်ကုန်သတတ်။ အခြားအကြောကြီးတစ်ခုကား နှလုံးသားမှအထက်သို့တက်၍ဦးခေါင်း၌ရှိသောအပေါက်သို့ ဆိုက်ရောက်၏။ (ငယ်ထိပ်သို့ ရောက်သည်ဟုဆိုလိုဟန်တူသည်)ထိုအကြောသုံးခုတို့၏အလယ်၌လ,ရောင် ကဲ့သို့ အရောင်အဝန်းရှိ၏။ ထိုအရောင်အဝန်း၏အလယ်၌ အတ္တသည်(လေငြိမ်ရာ၌ ထွန်းအပ်သော ဆီမီးကဲ့သို့) မတုန်မလှုပ် တောက်ပနေသည်ဟု ဆိုသတတ်။ ဤကား အတ္တ၏ တည်နေရာကို ကြံဆကြပုံတည်း။

**အတ္တ၏ နာမည်နှင့်သတ္တိ**

ပါဠိဘာသာဖြင့် “အတ္တ” ဟု ထင်ရှားသော ထိုအရာကို မြန်မာတို့က “အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာ”ဟု ခေါ်ကြသည်။ ထိုအတ္တ၏ သတ္တိကား (ကာရက)ပြုဖွယ်ကိစ္စ အဝဝတို့ကို ပြုလုပ်နိုင် ၏။ (ဝေဒက) ခံစံစရာဟူသမျှကို ကောင်းကောင်းဆိုးဆိုး ခံနိုင်စံနိုင်၏။ (သာမိ) ခန္ဓာအိမ်၏ အရှင်သခင်လည်းဖြစ်၏။ (နိဝါသီ) ခန္ဓာအိမ်၌ အမြဲနေ၏။ (သယံဝသီ) ခန္ဓာအိမ်နှင့်ဆိုင်သော ကိစ္စဟူသမျှကို သူ့အလိုသို့ လိုက်စေနိုင်၏ဟု ယူဆကြသည်။

ချဲ့ဦးအံ့။ (မိမိကိုယ်ကိုစဉ်းစားကြည့်ပါ။) အဆင်းကိုမြင်

http://www.dhammadownload.com



ရာ၌ မျက်လုံးအတွင်းရှိ စက္ခုပြုခေါ်အပ်သော ပသာဒဖြင့် အသက်ကောင်, ဝိညာဉ်ကောင်ဖြစ်သော အတ္တကမြင်၏။ အတ္တသည် မြင်ခြင်းကိစ္စကိုဖြစ်စေ၏။ ထို့အတူ နားဖြင့်ကြားရာ၊ နှာခေါင်းဖြင့် အနံ့ ယူရာ၊ လျှာဖြင့်အရသာခံရာတို့၌ အတ္တသည်ကြား၏။ အတ္တသည် အနံ့ကို သိ၏။ အတ္တသည် အရသာ အကောင်း အဆိုးကို ခံစား၏။ တုတ်စသည်ဖြင့် ထိ၍ နာကျင်ရာ၌ အတ္တသည်နာ၏။ မီးဖြင့်ထိရာ၌ အတ္တသည်ပူ၏။ ရေဖြင့်ထိရာ၌ အတ္တသည်အေး၏။ ဖဲမွေ့ရာစသော အခင်းအနှီး နူးနူးညံ့ညံ့ကို တွေ့ထိရာ၊ တစ်ယောက်နှင့်တစ်ယောက် ကိုယ်ချင်းတွေ့ထိရာတို့၌ အတ္တသည် အရသာကိုခံစား၏။ စိတ်ကူး၍ တရားကို အာရုံပြု၍ အာရုံတစ်ခုခု ထင်လာရာ၌ အတ္တသည် ထိုအာရုံကိုသိ၏။

ဤသို့စသည်ဖြင့် ပြုဖွယ်၊ ခံဖွယ်၊ စံဖွယ်၊ သိဖွယ်တို့ကို အတ္တသည်သာ ပြီးစေနိုင်၊ ခံစံနိုင်၊ သိနိုင်ရကား ခန္ဓာအိမ်ကိုပိုင်ဆိုင်သော အိမ်ပိုင် ရာပိုင်ဖြစ်၏။ စားချင် သွားချင် အိပ်ချင်သော အလိုဆန္ဒဟူသမျှသည် အတ္တ၏အလိုချည်းတည်း။ အတ္တသည် (ခန္ဓာကိုယ်ကို မဆွေးမြည့်မအိမင်းအောင်မတတ်နိုင်သော်လည်း)ခန္ဓာကိုယ်အဟောင်း ပျက်ချိန်၌ ခန္ဓာသစ်ကိုရှာမှီး၏။ ထိုသို့ရှာမှီးသည့်အခါ အတ္တပြုထားသော ကံအားလျော်စွာ ခန္ဓာသစ်ကိုရပြန်၏။ ထို့ကြောင့် အတ္တသည် ခန္ဓာအိမ် တစ်ခုဟောင်းလျှင် တစ်ခုပြောင်း၍ ဖြစ်ကာ ခန္ဓာအိမ်၌အမြဲနေသော အရာဝတ္ထုဖြစ်၏။ ဤသို့စသဖြင့် ကံ, ဉာဏ်, ဝီရိယနှင့် စိတ်၏အစွမ်းဟူသမျှကို အတ္တ၏သတ္တိချည်းဟု အထင်မှားလျက် အစစ်အမှန်မရှိသော အတ္တကိုပင် သတ္တိအမျိုးမျိုးဖြင့် အမွမ်းတင်ကာ စိတ်ထဲ၌ ထင်လာမြင်လာအောင် ကြံစည်စိတ်ကူးလေတော့သည်။

**ရုပ်ကိုအတ္တဟုစွဲချက်**

အတ္တစွဲလမ်းရာအချက်မှာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟု ၅ ဌာနရှိ၏။ အချုပ်အားဖြင့် ရုပ်ကိုအတ္တဟုစွဲလမ်းခြင်း၊ “ဝေဒနာစသော ၄

http://www.dhammadownload.com



မျိုးတွင် တစ်ပါးပါးသော" နာမ်တရားကို အတ္တစွဲလမ်းခြင်းဟု ၂ မျိုး ရှိ၏။ ထိုတွင် ရုပ်ခန္ဓာကို အတ္တဟု စွဲလမ်းသူတို့အလိုအားဖြင့် ရုပ်ခန္ဓာကိုယ်၏ အရပ်တိုင်းမှာ အမတေကဲ့သို့ ခိုင်မာ၍ ခန္ဓာအိမ် တစ်ခုလုံးကို အုပ်ချုပ်စီမံနေသော ရုပ်မှုန့်ကလေးတွေရှိ၏။ ဤခန္ဓာကိုယ် ပျက်စီးချိန်ကျသဖြင့် ဆွေးမြည့်ပျက်စီးရသည့်အခါ ထိုအတ္တရုပ်မှုန့်ကလေးများသည်(ဥစ္ဆေဒဒိဋ္ဌိအယူရှိသူတို့ အလို တစ်ခါတည်း ပျက်ပြားရတော့၏ဟု ဆိုလိုသော်လည်း) သဿတဒိဋ္ဌိ အယူရှိသူတို့ အလိုအားဖြင့် မပျက်ပြားဘဲ မိမိပြုထားသော ကံအားလျော်စွာ ဘဝသစ်၌ ရုပ်ခန္ဓာသစ်ဖြစ်၍ ကြီးပွားရပြန်သည်ဟု ယူဆကြသည်။

နောက်ဆုံး ကမ္ဘာကြီးပျက်စီးချိန်ကျ၍ ကမ္ဘာမီးလောင်သောအခါ ဤရုပ်မှုန့်ကလေးတွေသည် မျက်စိဖြင့်မမြင်နိုင်လောက်အောင် အလွန်ငယ်သော ပရမာဏုမြူအနေအားဖြင့် ကမ္ဘာလောကဝယ် အနှံ့အပြားကျန်ရစ်၏။ ထိုသို့ကျန်ရစ်သောကြောင့်သာ ကမ္ဘာသစ် တည်ပြီးသောအခါ ပရမာဏုမြူတစ်ခုနှင့်တစ်ခု ရောနှော ပေါင်းစပ်မိ၍ ဒွိအဏုက(အဏုမြူ ၂ ခုတွဲ)ဖြစ်၏။ ဒွိအဏုမြူချင်းပေါင်းမိပြန်ရာ စတုအဏုက(အဏုမြူ ၄ ခုတွဲ) ဖြစ်၏။ ဤသို့စသဖြင့် အဏုမြူ အတ္တလေးတွေ ပေါင်းမိရာမှစ၍ သတ္တဝါအမျိုးမျိုးတို့ ပေါ်ပေါက်လာကာ ကမ္ဘာလောကကြီး၌ လူ, နတ်, ဗြဟ္မာထိအောင် သတ္တဝါတွေ ပြည့်လာသည်ကို တွေ့ကြရသည်။ ဤကား အဏုမြူကစ၍ သတ္တဝါတွေဖြစ်လာ၏ဟုယူဆသောဝါဒတစ်မျိုးတည်း။ "ဗြဟ္မာက လောကကို ဖန်ဆင်းပြီးနောက် သတ္တဝါတွေကိုဖန်ဆင်းသည်"ဟုယူဆသော ဝါဒ၌လည်း ဗြဟ္မာမင်းသည် ထိုအဏုမြူကလေးတွေကိုပင် ပေါင်းစပ် အသက်သွင်း၍ သတ္တဝါဖြစ်လာအောင်ဖန်ဆင်းသည်ဟု ယူဆဟန်တူသည်။ ဤပြခဲ့သော ဝါဒ၌အတ္တစွဲရာဌာနသည် ရုပ်တရားပင်ဖြစ်၏ဟု ဆိုလိုသည်။

12 A

http://www.dhammadownload.com



**ဝိညာဉ်ကို အတ္တဟုစွဲပုံ**

ခံစားတတ်သောဝေဒနာကို အတ္တဟုလည်းကောင်း၊ ဟိုဟာ သည်ဟာ မှတ်သားတတ်သော သညာကို အတ္တဟု လည်းကောင်း၊ ထိုထိုကိစ္စတို့၌ လှုံ့ဆော်ပေးတတ်သော စေတနာသင်္ခါရကို အတ္တဟု လည်းကောင်း၊ (တွေ့ထိမှုဖဿစသည်ကို အတ္တဟုလည်းကောင်း၊) စိတ်ဝိညာဉ်ကို "အတ္တ"ဟု လည်းကောင်း၊ တချို့က စွဲလမ်းကြ၏။ ထိုတွင် ဝိညာဉ်ကို"အတ္တ"ဟု စွဲလမ်းခြင်းသည် ယခုအခါ ဗုဒ္ဓကျမ်းစာတို့၌(အထူးအားဖြင့် အဘိဓမ္မာသဘော၌) မကျွမ်းကျင်သူ မြန်မာလူမျိုးတို့ စွဲလမ်းပုံနှင့် ထပ်တူကျ၏။ မြန်မာလူမျိုးတို့သည် လူတစ်ယောက်သေဆုံးသောအခါ၌ အသက်ကောင်, ဝိညာဉ်ကောင်ဟု ထင်မှတ်ထားသော အရာသည် ဤခန္ဓာအိမ်မှ ထွက်ခွာသွား၍ ကံ အားလျော်စွာ ခန္ဓာအိမ်အသစ်မှာ ငြိတွယ်၏။ ခန္ဓာအိမ်အသစ် တွယ်စရာမရှိလျှင် ခန္ဓာအိမ် အဟောင်းကိုပင် မလွှတ်သေး။ ခန္ဓာဟောင်း၌ တစ်စွန်းတစ်စ တွယ်ကပ်လျက် ခန္ဓာသစ်ကို ထောက်လှမ်းရှာဖွေနေ၏။ ခန္ဓာသစ်တွေ့၍ ထိုခန္ဓာသစ်၌ တစ်စွန်းတစ်စငြိတွယ်မိမှ ခန္ဓာဟောင်းကို စွန့်လွှတ်သည်ဟု ကြံစည်ယူဆကြလေသည်။ အကယ်၍ ခန္ဓာအသစ် မရသေးခင် ခန္ဓာဟောင်းကို မနေသာသဖြင့် စွန့်လွှတ်ရပြန်သော် ခန္ဓာသစ်မရသေးသမျှ အတ္တကလေးသည် မိမိအိမ် အနီးအပါးဝယ် သွားလာလှည့်ပတ်နေ၏။ (တစ္ဆေဖြစ်နေသည်ဟုဆိုလိုသည်)။ ကလေး ငယ်ငယ်ရွယ်ရွယ် လန့်သွား၍၊ မေ့သွား၍ မတုန်မလှုပ် ဖြစ်နေလျှင်"ဝိညာဉ်ကောင် လိပ်ပြာစင်ထွက်သွားသည်"ဟုယူဆ၍ လိပ်ပြာပြန်လာအောင် ခေါ်နည်းကို (ရှေးလူကြီးသူမတို့)ပြုကြလေသည်။

တရုတ်လူမျိုးတို့ကား ဝိညာဉ်လိပ်ပြာ၏ နေထိုင်ရာ အိမ်ကိုပင် တခမ်းတနား ပြုလုပ်ထားကြသေး၏။ တစ်ရံတစ်ခါ သေသူ၏ လိပ်ပြာသည် သားသမီးအစရှိသော ကျန်ရစ်သူများ၏ လိပ်ပြာကို

http://www.dhammadownload.com



မကြာခဏလာခေါ်နေသဖြင့် (ကျန်ရစ်သူကိုပါသေ၍လိုက်သွားမည် စိုးသောကြောင့်) လိပ်ပြာခွဲနည်းအစီအစဉ်ကိုပင် ပြုကြရသေး၏။ ဤကားစိတ်ဝိညာဉ်ကိုအတ္တဟုယူဆ၍(ထိုအတ္တကိုပင်အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာဟု ခေါ်ကြသော မြန်မာလူမျိုးတို့) အတ္တစွဲလမ်းချက်တည်း။(သေပြီးသည့်နောက် အိမ်စသည်ကို တွယ်တာ၍ အနီးအပါးမှာ တစ္ဆေဖြစ်နေသူသည် ဝိညာဉ်ကောင် မဟုတ်။ ပြိတ္တာဘဝရောက်နေသူသာတည်း။ သေပြီးနောက်၌ ရောက်ဖို့ရာဘဝသည် ဂတိဟုခေါ်၏။ ထိုဂတိသည် လူ၊ နတ်၊ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန် အားဖြင့် ငါးမျိုးရှိသည်။)

**သာတိရဟန်း၏ အတ္တစွဲ**

ဗုဒ္ဓလက်ထက်တော်၌ "သာတိ"မည်သော ရဟန်းတော် တစ်ပါးသည် ဇာတ်တော်များကို အထူးလိုက်စားသူဖြစ်၏။ ဇာတ်ပေါင်းသောအခါ "ရှေးတုန်းက ဝေဿန္တရာမင်းသည်, မဟာဇနကမင်းသည်, တေမိယမင်းသည်, သုမေဓာရသေ့သည် ယခုအခါ ငါ ဘုရားဖြစ်လာ၏"ဤသို့စသော စကားအသုံးအနှုန်းများကို လေးနက်စွာ စဉ်းစား၍ "သုမေဓာရသေ့ဘဝတုန်းက စိတ်ဝိညာဉ်သည် မပျက် မစဲ နိုင်မြဲစွာတည်တံ့လျက် တေမိယမင်းစသော ဘဝသို့ရောက်ကာ ဘုရားဖြစ်သောအခါ အလွန်ရှင့်မာသော ဝိညာဉ်တော်ဖြစ်လာရသည်။ ကံကောင်းကံဆိုး အမျိုးမျိုးကိုပြု၍ မိမိပြုအပ်သော ကံ၏အကျိုးကို ဤဝိညာဉ်သည်ပင် ခံစားရ၏။ ပြုလုပ်သူလည်း ဤ ဝိညာဉ်၊ ခံစားသူလည်း ဤ ဝိညာဉ် ပင်တည်း"ဟုယူဆလေသည်။ ဤသာတိရဟန်းကား ယခုခေတ် မြန်မာလူမျိုး တရုတ်လူမျိုးစသူတို့ကဲ့သို့ဝိညာဉ်ကိုပင်အတ္တဟုယူဆသူတည်း။

**ဝိညာဉ်ကောင်အတ္တ၏ သံသရာလည်ပုံ**

ရုပ်ကိုအတ္တစွဲသူတို့က ကမ္ဘာပျက်သော်လည်း ပရမာဏုမြူ ရုပ်မှုန့်ကလေးတွေ အနံ့အပြား တည်ရှိနေရစ်၏ဟု ယူဆ

http://www.dhammadownload.com



ကြသဖြင့် သူတို့အလို သတ္တဝါအဆက်မပြတ်နိုင်သလို ဝိညာဉ်ကို အတ္တဟု စွဲသူတို့ကလည်း သတ္တဝါအဆက် မပြတ်အောင် ကြံစည်စဉ်းစားကြ၏။ ကြံစည်စဉ်းစားပုံကား–စိတ်ဝိညာဉ်ဟူသော အတ္တသည် ဒါန, သီလ စသောကံ၊ သူ့အသက်သတ်မှုစသော ကံများကို ပြုလုပ်ထားသည့် အားလျော်စွာ ကောင်းသောဘဝ၌ ခန္ဓာအိမ်ကောင်းကို လည်းကောင်း၊ မကောင်းသောဘဝ၌ ခန္ဓာအိမ်ညံ့ကိုလည်းကောင်း ရကြလေ၏။ ကမ္မဋ္ဌာန်းအားထုတ်၍ ထိုဝိညာဉ် စင်ကြယ် သန့်ရှင်းလာလျှင်(ဈာန်ရလျှင်) ဗြဟ္မာ့ပြည်သို့လည်းရောက်နိုင်၏။ ဝိပဿနာကမ္မဋ္ဌာန်းကို(အနိစ္စနှင့်ဒုက္ခမှုကို) အားထုတ်၍ တရားပေါက်လျှင် ဈာန်နှင့်တကွ ရဟန္တာအဖြစ်သို့ရောက်၏။ ထိုအတ္တသည် နိဗ္ဗာန်သို့ ရောက်၏။ [သူတို့ဆိုလိုအပ်သော နိဗ္ဗာန်သည် ဗုဒ္ဓရှင်တော်မိန့်တော်မူသော အားလုံးချုပ်ဆုံးရာ နိရောဓမဟုတ်၊ အတ္တ ဝိညာဉ် အထင်အရှားရှိသော "လောကထုပိကာ"ဟု ခေါ်ဝေါ် သမုတ်အပ်သော ထိပ်ဆုံးဗြဟ္မာ့ပြည်ပင်တည်း။]

ထို နိဗ္ဗာန်၌ ကမ္ဘာများစွာ အေးချမ်း သာယာလျှင် အတ္တဝိညာဉ်တည်နေပြီးနောက် အသက်တမ်းစေ့သောအခါ ထိုအတ္တဝိညာဉ်သည် နိဗ္ဗာန်မှတစ်ဖန် ပြန်လာကာ ကမ္ဘာလောက၌ အခြားအတ္တများနည်းတူ ကျင်လည်ရ ပြန်သည်ဟု ယူဆကြသည်။ ဤနည်းအားဖြင့် ဝိညာဉ်ကို အတ္တဟု ယူဆသူတို့အလိုအားဖြင့်လည်း သံသရာစက်လည်ကာ သတ္တဝါ မကုန်နိုင်ဘဲရှိလေသည်။

**အချုပ်မှတ်ဖွယ်** အတ္တစွဲလမ်းသူတို့သည် တချို့က ရုပ်ကိုအတ္တဟု စွဲလမ်း၍ တချို့က စိတ်ဝိညာဉ်နှင့် ဝေဒနာ စသောနာမ်ကို အတ္တဟုစွဲလမ်း ကြ၏။ ထိုအတ္တစွဲလမ်းချက်နှစ်မျိုးလုံးပင် အတ္တ အဆက်မပြတ်ကြ။ ထိုထိုအလုပ်ကိစ္စကို မျက်စိ နား နှာ အင်္ဂါ

http://www.dhammadownload.com



ခြေ လက်တို့ဖြင့် ပြုလုပ်နေရာ၌ အတ္တအစွမ်းကြောင့်သာ ထိုအလုပ်များ ပြီးစီးရ၏။ လက်မြှောက်ရာ၌ အတ္တက မြှောက်လို၏။ မြှောက်လို၍ အတ္တစီမံသည့် အတိုင်း လက်သည် မြှောက်လျက်ဖြစ်ရ၏။ ခြေဖြင့် သွားလာရာ၌လည်း အတ္တအလိုအတိုင်းဖြစ်ခြင်းသာတည်း။ ထိုအတ္တသည် ယခုလိုဘဝက ကံအမျိုးမျိုးပြုလုပ်၍ နောက်ဘဝများစွာ၌ မိမိပြုအပ်သောကံ၏ အကျိုးကို မိမိသည်ပင် ခံစံရသည်။ ထို့ကြောင့် "အတ္တသည် မပြတ် မစဲ မြဲ၏"ဟု သဿတဝါဒီပုဂ္ဂိုလ်တို့က ယူဆကြ၏။ "အတ္တသည် တစ်ဘဝ တစ်ခါဖြစ်၏။ တစ်ဘဝဆုံးလျှင် ထိုအတ္တလည်းပြတ်၏" ဟုယူဆကြသော ဥစ္ဆေဒဝါဒီပုဂ္ဂိုလ်တို့ကမူ အသစ်အသစ် အတ္တကို ဗြဟ္မာမင်းက ဖန်ဆင်းပေးသည်။

တစ်နည်း–ဗြဟ္မာမင်း၏ ကိုယ်အစိတ်အပိုင်းမှ အတ္တသည် ပေါက်ပွားလာရကား သေလျှင် အတ္တသည် ဗြဟ္မာ့ကိုယ်သို့ ပြန်၍ ပေါင်းစပ်၏ဟု ယူဆကြသည်။ ဤသို့လျှင် ဗုဒ္ဓရှင်တော် ပွင့်တော်မမူမီကပင် "ပညာရှိလေ အတ္တအစွဲ အားကြီးလေ" ဖြစ်ကာ ကမ္ဘာတစ်ခုလုံး ဗြဟ္မာကြီးတွေအထိ အတ္တအယူလွှမ်းဖုံးနေရကား ဗုဒ္ဓပွင့်တော်မူသောအခါ ထိုအယူဝါဒကို ပထမဆုံးဖျက်ဆီးဖို့ရာ ဓမ္မစကြာတရားတော်ကို ထပ်ကာထပ်ကာ ဟောတော်မူပြီးနောက် ဝါဆို လပြည့်ကျော် ၅ ရက်မြောက်မှာ အနတ္တလက္ခဏသုတ်တော်ကို ဟောတော်မူပါသည်။ (ဗုဒ္ဓသည် ဟိန္ဒူဝါဒကို ပြင်ဆင်၍ ဟိန္ဒူဝါဒ အလိုက် တရားတို့ကိုဟောထား၏"ဟုစွပ်စွဲကြ၏။ ဗုဒ္ဓမြတ်စွာသည် ဟိန္ဒူဝါဒ၏ နောက်လိုက်မဟုတ်ကြောင်းကို ယခုပြအပ်တော့မည့် အနတ္တလက္ခဏ သုတ်တရားဖြင့်နားလည်ထိုက်၏၊ ဘာ့ကြောင့်နည်း။ ဟိန္ဒူဝါဒ၌ အတ္တအစွဲသည် အလွန်ခိုင်မြဲ၏။ အနတ္တလက္ခဏသုတ်တော်ကား ထိုအတ္တကို လုံးလုံးပယ်တော်မူသောကြောင့်တည်း။

http://www.dhammadownload.com



# အနတ္တလက္ခဏသုတ် မြန်မာပြန်

၁။ ဘိက္ခုတို့ ... ရုပ်သည်အတ္တမဟုတ်။ (ရုပ်မှာ အတ္တမရှိ) ထင်ရှားစေဦးမည်။ ဘိက္ခုတို့ ...ရုပ်ခန္ဓာသည် အကယ်၍ အတ္တဟုတ်အံ့။ (အတ္တဟုတ်ရိုးမှန်လျှင်) ဤရုပ်သည် နာကျင်ခြင်းမဖြစ်ရာ။ "ငါ၏ရုပ်သည် ဤကဲ့သို့ကျန်းကျန်းမာမာ လှလှပပဖြစ်ပါစေ၊ ဤသို့ မကျန်းမမာ ဆိုးဆိုးဝါးဝါး မဖြစ်ပါစေနှင့်"ဟု ကိုယ့်အလိုကျအောင် တောင့်တ၍ ရကောင်းရာ၏။ ဘိက္ခုတို့ ... ရုပ်သည် အတ္တမဟုတ်သောကြောင့်သာ နာကျင်ခြင်းလည်းဖြစ်၏။ "ငါ၏ရုပ်သည် ဤသို့ကျန်းမာလှပစွာ ဖြစ်ပါစေ၊ မကျန်းမမာဘဲ ဆိုးဆိုးဝါးဝါး မဖြစ်ပါစေလင့်"ဟုတောင့်တ၍လည်းမရနိုင်။

၂။ ဘိက္ခုတို့ ... သင်တို့ဘယ်လိုထင်မြင်ကြသနည်း။ "ရုပ်သည် မြဲသလား၊ မမြဲဘူးလား"။

ပဉ္စဝဂ္ဂီ။ ။ ရုပ်သည် မမြဲပါဘုရား။

ဗုဒ္ဓ။ ။ မမြဲသောအရာသည် သုခလား၊ ဒုက္ခလား။

ပဉ္စဝဂ္ဂီ။ ။ မမြဲသောအရာဟူသမျှ ဒုက္ခချည်းပါဘုရား။

ဗုဒ္ဓ။ ။ မြဲလည်းမမြဲ၊ ဆင်းရဲလည်းဆင်းရဲ၊ ဖောက်ပြန်ခြင်းသဘောလည်းရှိသောအရာကို "ဤဟာသည်ငါ့ဟာ၊ ဤဟာသည်ငါတည်း၊ ဤဟာသည်ငါ၏အတ္တ"ဟုတဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲတို့ဖြင့် စွဲစွဲလမ်းလမ်း ကြည့်ရှုဖို့ရာ သင့်ပါဦးမည်လော။ [ငါ့ဟာ (ငါ့ဥစ္စာ)ဟု စွဲလမ်းခြင်းသည်တဏှာ၊ ငါဟု စွဲလမ်းခြင်းသည် မာန၊ ငါ၏အတ္တ ဟုစွဲလမ်းခြင်းသည် ဒိဋ္ဌိ။]

ပဉ္စဝဂ္ဂီ။ ။ မသင့်ပါဘုရား။ [ဝေဒနာစသည်ကိုလည်း ဤနည်းအတိုင်းမေး၍ ပဉ္စဝဂ္ဂီတို့က ဖြေကြသည်။]

၃။ ။ဘိက္ခုတို့ ... ရုပ်ခန္ဓာကိုယ်သည် ယခုပြခဲ့သည့်

http://www.dhammadownload.com



အတိုင်း အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ခြင်းကြောင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ ဖြစ်လေသမျှရုပ်တွေ၊ ကိုယ်တွင်း, ကိုယ်ပ ဖြစ်လေသမျှရုပ်တွေ၊ ရုပ်ကြမ်း, ရုပ်နုတွေ၊ အောက်တန်းစား, အထက်တန်းစားရုပ်တွေ၊ မိမိ၏ အဝေး, အနီးမှာရှိသောရုပ်တွေကို "ဤရုပ်အားလုံးသည် ငါ့ဟာ မဟုတ်၊ ငါဆိုတာလည်း မဟုတ်၊ ငါ၏အတ္တလည်း မဟုတ်"ဟု မှန်ကန်စွာသိသော ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် ရှုကြမှတ်သားကြပေတော့။ [ဝေဒနာစသည်ကိုလည်း ဤနည်းအတိုင်း မိန့်တော်မူသည်]

၄။ ဘိက္ခုတို့ ... ဤသို့ ဉာဏ်စက္ခုဖြင့်ကြည့်ရှုသော၊ စာပေဗဟုသုတ မဂ်ဖိုလ်ဗဟုသုတလည်းရှိသော အရိယာတပည့်သည် ရုပ်ခန္ဓာ၌လည်းငြီးငွေ့၏။ ဝေဒနာ၌လည်း ငြီးငွေ့၏။ သညာ၌လည်း ငြီးငွေ့၏။ သင်္ခါရတို့၌လည်းငြီးငွေ့၏။ ဝိညာဉ်၌လည်းငြီးငွေ့၏။ ငြီးငွေ့ခြင်းပြင်းပြလာလျှင် ထိုခန္ဓာ ၅ ပါးရုပ်နာမ်တရား၌ တပ်မက်တွယ်တာမှုကင်းတော့၏။ တပ်မက် တွယ်တာမှုကင်းလျှင် ထိုခန္ဓာ ၅ ပါးမှစိတ်အားဖြင့် လွတ်မြောက်တော့၏။ စိတ်လွတ်မြောက်သော် "ငါ့စိတ်ကျွတ်လွတ်ပေပြီ"ဟု အသိဉာဏ်ဖြစ်လာ၏။ "နောင်တစ်ဖန် ပဋိသန္ဓေနေရခြင်း မရှိပြီ၊ မြတ်သောအကျင့်ကို ကျင့်ပြီးပြီ၊ ပြုဖွယ်ကိစ္စဟူသမျှကို ပြုပြီးပြီ၊ နောက်ထပ် ဤကိစ္စမျိုးပြုဖို့ရာ မလိုတော့ပြီ"ဟု ပိုင်ပိုင်ကြီး သိနိုင်သည်။

## အစိပ္ပာယ် ရှင်းလင်းချက်

**အနတ္တဖြစ်ကြောင်း လက်တွေ့**

၁။ "အတ္တသည် မိမိကိုယ်နှင့် စပ်ဆိုင်ရာဝယ် မိမိအလိုကျအောင်စီမံနိုင်၏"ဟုအတ္တစွဲလမ်းသူတို့က ယူဆကြ၏။ သူတို့ ယူဆကြသည့်အတိုင်း ရုပ်ခန္ဓာသည်အတ္တဖြစ်နေလျှင်၊ သို့မဟုတ် အတ္တ ရှိနေလျှင် အတ္တသည်

http://www.dhammadownload.com



ရုပ်ခန္ဓာ၏အနာရောဂါမဖြစ်ခြင်းငှါ အလိုရှိပေလိမ့်မည်။ သို့သော် ရုပ်ခန္ဓာကား အနာရောဂါ ကင်းကင်း ရှင်းရှင်း မဖြစ်ဘဲ မကြာမကြာ ရောဂါရုပ်တွေဖြစ်နေ၏။ ထိုသို့ မကြာမကြာ ရောဂါရုပ်တွေ မဖြစ်ချင်ဘဲ ဖြစ်ရပုံကို ထောက်လျှင် ဤရုပ်ခန္ဓာသည် မိမိအလိုကျ စီမံနိုင်သော အတ္တလည်းမဟုတ်၊ အတ္တလည်း မရှိဟုသိသာလေသည်။ [ထို့အတူ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကိုလည်း စိစစ်ကြည့်ပါ။] ထိုသို့ စိစစ်ကြည့်သောအခါ ထိုဝေဒနာစသည်လည်း မိမိ အလိုအတိုင်း မဖြစ်နိုင်ပုံ ထင်ရှားပါလိမ့်မည်။ ထို့ကြောင့် ဝေဒနာစသည်ကိုလည်း အတ္တမဟုတ်၊ အတ္တလည်း မရှိကြဟု မှတ်ပါ။

**အနိစ္စ, ဒုက္ခမြင်၍ အနတ္တထင်ပုံ**

၂။ အတ္တဟုစွဲလမ်းသူတို့က "အတ္တသည် မပျက်မစဲ ခိုင်မြဲ၏"ဟုလည်း ယူကြ၏။ သို့သော် "ဤ ရုပ်ခန္ဓာသည် မြဲသလား၊ မမြဲဘူးလား"ဟု စစ်ဆေးကြည့်လျှင် မမြဲကြောင်းထင်ရှား၏။ (ဝိပဿနာ သမ္မာဒိဋ္ဌိအခန်း၌ အနိစ္စဖြစ်ပုံကိုပြခဲ့ပြီ။) မမြဲသည့်အတွက် တပျက်တည်းပျက်နေသော ရုပ်ခန္ဓာကို "ဒုက္ခလို့ဆိုမည်လား၊ သုခလို့ ဆိုမည်လား"ဟုမေးလျှင် ဒုက္ခပင်ဖြေကြလိမ့်မည်။ ထိုသို့မခိုင်မြဲ၍ ဒုက္ခအတုံးအခဲဖြစ်လျက် ပျက်စီးတတ်သော ဤရုပ်ခန္ဓာကို "ငါ့ရုပ်၊ ငါ့ခန္ဓာ၊ ငါ့ဥစ္စာ"ဟု တဏှာသဘောအားဖြင့်လည်း စွဲလမ်းသင့်ပါဦးမည်လော။ "ငါဆိုတာ ဒီရုပ်ပဲကွ"ဟု မာနသဘောအားဖြင့်လည်း စွဲလမ်းသင့်ပါဦးမည်လော။ "ဒီရုပ်ခန္ဓာသည်ပင် ငါ၏အတ္တ=ငါ၏အသက်ကောင်, လိပ်ပြာကောင်"ဟု ဒိဋ္ဌိသဘောအားဖြင့်လည်း စွဲလမ်းသင့်ပါဦးမည်လော။ "မစွဲလမ်းသင့်တော့ပြီ"။ (ဝေဒနာစသည်ကို လည်း ဤသို့စစ်ဆေးကြည့်ပါ။)

**ရုပ်နာမ်အားလုံး မစွဲလမ်းသင့်**

၃။ ယခုဘဝ၌ ရှေးရှေး နှစ် လ နေ့ ရက် အချိန်များ စွာတုန်းက ဖြစ်ခဲ့ကြသော ရှေးရှေးဘဝများစွာက ဖြစ်ခဲ့ကြသော ရုပ်နာမ်အားလုံးသည်ပင် အမြဲမရှိ

http://www.dhammadownload.com



သောအနိစ္စတရား၊ ပျက်စီးဖောက်ပြန်သော ဒုက္ခတရား၊ (အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်ဟူ၍ စွဲလမ်း ထင်မှတ်အပ်သော အတ္တမရှိ၍) အနတ္တတရားဖြစ်ကြသောကြောင့် ထိုရှေးရှေးက ရုပ်နာမ်များသည် ယခုဘဝယခုအချိန်၌ ရှာ၍မရအောင် ပျက်ခဲ့ကြပြီး နောက်နောက်ဖြစ်သမျှလည်း ဤကဲ့သို့ ပျက်ကြရဦးမည်။ ယခုဖြစ်ဆဲ ရုပ်နာမ်တရားတွေလည်း ဝိပဿနာ ဉာဏ်ပညာစက္ခုဖြင့်မကြည့်ရှုနိုင်ကြသေး၍ မျက်ဝါးထင်ထင် မမြင်ရစေကာမူ နှမ်းအိုးကင်း၌ နှမ်းတွေ တဖျစ်ဖျစ်မြည်လျက် ကျက်နေသကဲ့သို့ အချိန်မလပ် ခန္ဓာကိုယ်အရပ်တိုင်းမှာ အမှန်ပင်ပျက်နေကြသည်။ ကိုယ့်သန္တာန်က ရုပ်နာမ်တွေ ဖြစ်လိုက်ပျက်လိုက် နေကြသလို သူတစ်ပါးသန္တာန်မှာလည်း ဖြစ်ပျက်၍ နေကြပေသည်။ ထို့အတူ အကြမ်း, အနု, အယုတ်, အမြတ်, အဝေး, အနီးဖြစ်သော ရုပ်နာမ် အားလုံးတို့ ဖြစ်ပျက်နေကြရကား ရုပ်နာမ် အားလုံးကို "ငါ့ဥစ္စာ မဟုတ်"ဟုသိသော ဝိပဿနာဉာဏ်၊ ထိုဉာဏ်ထက်ထက်သန်သော မဂ်ဉာဏ်ဖြင့် တဏှာစွဲကိုဖြုတ်သင့်ကြပြီ။ "ငါ=ငါ"ဟု မာနစွဲကိုလည်း ဖြုတ်သင့်ကြပြီ။ "ရုပ်နာမ်ကို ငါ၏အတ္တ"ဟု ဒိဋ္ဌိစွဲကိုလည်း ဖြုတ်သင့်ကြပြီ။

**အဆင့်ဆင့်တက်၍ ရဟန္တာဖြစ်ပုံ**

၄။ ဤ ပြခဲ့သောနည်းဖြင့် ရုပ်ခန္ဓာနှင့် ဝေဒနာစသော နာမ်ခန္ဓာကို ဉာဏ်ဖြင့် ဆင်ခြင်ကြည့် လေ့ရှိသော သူတော်ကောင်း ပညာရှိသည် ထိုရုပ်နာမ်ခန္ဓာအပေါ်၌(မွေ့လျော် ပျော်ပိုက်ခြင်းမရှိဘဲ)ငြီးငွေ့လာ၏။ ငြီးငွေ့လာလျှင် ထိုရုပ်နာမ်ခန္ဓာအပေါ်၌ နှစ်သက် တွယ်တာမှု ကင်းရှင်းသွား၏။ (တွယ်တာမှု ကင်းရှင်းသွားလျှင် မဂ်ရပြီ ဟုဆိုရ၏။) တွယ်တာမှုကင်းရှင်း၍ မဂ်ကိုရလျှင် ရုပ်နာမ်အပေါ်၌ တွယ်တာနေခြင်းမှ လွတ်မြောက်သွားတော့၏။ (ဖိုလ်ကိုရပြီဟုဆိုလိုသည်။) ထို့နောက် မိမိစိတ်အစဉ်သည် "ကိလေသာတို့မှ

http://www.dhammadownload.com



လွတ်ပြီ” ဟု ကိုယ်တိုင်လည်းသိ၏။ ငါသည်နောက်ဘဝ၌ ပဋိသန္ဓေနေဖွယ် မလို။ ပြုကျင့်ဖွယ်တရားများကို ပြုကျင့်ပြီးပြီ၊ နောက်ထပ်ကျင့်ဖွယ်မလိုတော့ပြီဟုလည်း ကိုယ်တိုင်သိနိုင်ပေသည်။ ဤစကားအစဉ်ဖြင့် “ရုပ်နာမ်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု ပိုင်နိုင်စွာရှုနိုင်သူတို့သည် သောတာပန်စသော အရိယာအဖြစ်သို့ရောက်၍ နောက်ဆုံးရဟန္တာဖြစ်ကြသည်”ဟုဆိုလိုသည်။ ဤစာကြည့်ရင်း စာဆိုသည့်အတိုင်း ဉာဏ်ကို စိုက်၍ စိုက်၍ စဉ်းစားကြပါလေ။ အပေါ်ယံဖတ်သွားရုံဖြင့်ကား အကျိုးများလှမည်မဟုတ်ပါ။

**အခြားဘာသာ၌ အနတ္တဟု ဟောချက်ရှိသလော**

ယခုလောက၌ထင်ရှားသောဘာသာဝါဒကြီးတို့တွင် ဟိန္ဒူဝါဒသည် ဗုဒ္ဓဝါဒနှင့်အတော်နီးစပ်၏။ ဗုဒ္ဓသည်ပင် ဗုဒ္ဓမဖြစ်ခင်က ဟိန္ဒူဝါဒကို လိုက်နာခဲ့သောအမျိုးပေတည်း။ ထိုဟိန္ဒူဝါဒီတို့သည် ကံနှင့်ကံ၏အကျိုး နားလည်၍ ယုံလည်း ယုံကြည်ကြ၏။ သို့သော် အတ္တအယူအဆကိုကား အလွန်ယုံကြည်စွဲမြဲလေသည်။ ဗုဒ္ဓသာဝကတွင် ပါဝင်ကြသော ဥပါသကာ ဥပါသိကာမတို့၌သော်လည်း ထိုအတ္တစွဲလမ်းမှုများ ရှိကြသေး၏။ အတ္တနှင့်အနတ္တသည် ဟိုဘက်ကမ်းနှင့်သည်ဘက်ကမ်း အလှမ်းဝေးသလို ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်ကာ တစ်ဝါဒနှင့်တစ်ဝါဒ အလွန်ခြားနားလျက်ရှိ၏။

အတ္တဟုစွဲလမ်းနေသမျှလည်း ရုပ်နာမ်တို့၏ အနိစ္စ ဒုက္ခကို ပိုင်နိုင်စွာ မသိနိုင်။ အပေါ်ရုံ ရုပ်တရား နာမ်တရား ပျက်သော် လည်း အမာခံအထည်ကိုယ် အတ္တကလေးကား မပျက်ဘဲ ကျန်နေသေး၏ဟု ယူကြဦးမည်သာ။ ထို့ကြောင့် အခြားဝါဒ၌ “အနတ္တ” ဟူသော အရိပ်အရောင်အသံကလေးမျှ ရှိချင်ရှိပေလိမ့်မည်။ သို့သော် ဗုဒ္ဓ၏ အလိုတော်ကျဖြစ်သော အနတ္တအယူအဆကား မုချမရှိနိုင်။ အနတ္တဟု မယူ

http://www.dhammadownload.com



နိုင်သေးသမျှလည်း အတ္တဟု ထင်မှတ်ရာ ခန္ဓာ ၅ပါး မှ မလွတ်လပ် နိုင်။ ထိုသို့ မလွတ်လပ်သမျှ "အနတ္တ" ဖြစ်သော နိဗ္ဗာန်ဓာတ်သို့ မပြောင်းနိုင်ကြဟု မှချမှတ်သားကြပါလေ။

**အနတ္တလက္ခဏသုတ်ပြီးပြီ။**

## မဋ္ဋိစ္စသမုပ္ပါဒ် တရားတော်
## [ အကြောင်းရှိ၍ အကျိုးဖြစ်ပုံကိုပြသော တရားတော် ]

**အတ္တဝါဒစ,ခဲ့ပုံ** ကမ္ဘာလောကဌ် များစွာသော သတ္တဝါတို့သည် မိရိုးဖလာထုံးစံအတိုင်း လိုက်နာကျင့်ကြံကာ နက်နက်နဲနဲ စဉ်းစားလေ့ မရှိကြသော်လည်း အချို့သူတို့ကား မိရိုးဖလာမျှဖြင့် အားမရနိုင်တော့ဘဲ လေးလေးနက်နက် တွေးတောကြံစည်လေ့ရှိကြသည်။ "ဤ လူ သတ္တဝါတွေ ဘယ်ကစ,၍ ဖြစ်လာကြသနည်း" "မျက်မြင်လူတွေကို မိဘတို့ကြောင့် ဖြစ်လာကြသည်"ဟုဆိုလျှင် ထိုမိဘတို့၏ မိဘ အစဉ်အဆက်တွေ မရေမတွက်နိုင်အောင်များသည်ပင် ဆိုစေဦးတော့ အစပထမ မိဘဖြစ်သူသည် ဘယ်လိုဖြစ်လာသနည်း။ "လူသတ္တဝါတွေသာမက တိရစ္ဆာန်စသော အခြားသတ္တဝါတွေ ဘယ်လိုစ,၍ ဖြစ်နေကြသနည်း" ဤသို့စ,သည်ဖြင့် တွေးတောကြံစည်သော အခါ–

"ဤကမ္ဘာလောကကြီးနှင့်တကွ သက်ရှိသတ္တဝါ၊ သက်မဲ့ အရာဝတ္ထုတွေကို ဗြဟ္မာမင်းကြီးက ဖန်ဆင်းလိုက်သည်။ သက်ရှိသတ္တဝါတို့၏ကိုယ်တွင်း၌ ဗြဟ္မာမင်း၏အစိတ်အပိုင်းဖြစ်သော အတ္တ (ဇီဝ)ကလေးသည်ပါရှိ၏။ ဖန်ဆင်းသူဗြဟ္မာမင်းကား ဘယ်တော့မှ မပျက်စီးနိုင်ဘဲ မြဲ၏။ ဝါ၊ ထာဝရတည်ရှိနေသော ဘုရားတည်း။ ဗြဟ္မာမင်းဖန်ဆင်းထားသော သတ္တဝါတို့ကား မမြဲကြ။ တစ်ဘဝမှ

http://www.dhammadownload.com



တစ်ဘဝသို့ ပြောင်းသွားကြရ၏။ သို့ရာတွင် ထိုသတ္တဝါတို့၏ ကိုယ်တွင်း၌ရှိသော အတ္တကား ဗြဟ္မာမင်း၏အစိတ်အပိုင်း ဖြစ်သောကြောင့် မပျက်နိုင်”ဤသို့စသည်ဖြင့် ဗြဟ္မာမင်းကို “ပရမ အတ္တ=ပရမိသွာ”ဟု ခေါ်ဝေါ်ကြ၍ သတ္တဝါ အယူဝါဒကြီးသည် သူတို့စိတ်မှာ ထင်မြင်လာလေသည်။ [ပရမ=အလွန်+ဤသွရ= အစိုးရသူ။ ဝါ၊ ပရမိသွာ။]

တချို့ကလည်း သတ္တဝါတို့၏ အစသည်“ပကတိ”ခေါ် ပရမာဏုမြူက စ,၍ ဖြစ်၏။ ခွဲ၍မရနိုင်သော အသေးဆုံးမြူမှုန်ကို “ပရမာဏုမြူ”ဟုခေါ်၏။ ထိုမြူမှုန်ကလေးတွေ ၂ ခု ပေါင်း၊ ၄ ခု ပေါင်း၊ ၈ ခုပေါင်း စသည်ဖြင့် ပေါင်းစပ်မိရာမှ အကောင်အထည် အမျိုးမျိုးပြောင်းလဲကာ သတ္တဝါအမျိုးမျိုးဖြစ်ရသည်။ သတ္တဝါအမျိုးမျိုး ဖြစ်ဖို့အရေး၌ မည်သူမျှဖန်ဆင်းရသည်မဟုတ်။ အဏုမြူတွေ ပေါင်းချင်သလိုပေါင်းမိကာ သတ္တဝါအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုး များချင်တိုင်း များလာပေသည်။ “သတ္တဝါတွေ၏ အရင်းအစမှာ ပရမာဏုမြူပင်တည်း”ဟု တွေးတောကြံဆကြ၏။ ဤဝါဒ၌ ဖန်ဆင်းသူလည်း မရှိ၊ သတ္တဝါတို့၏ကိုယ်တွင်းဝယ် မပျက်စီးနိုင်ဟု ယူဆအပ်သော အဏုမြူကလေးကိုကား“အတ္တ”ဟု တချို့က ယူဆလိုကြပေလိမ့်မည်။ [ယခုကာလ၌“လူ၏အစသည် ရေမှုန်ရေမွှား”ဟု ယူကြသေး၏။ ထိုအယူကားဤအဏုမြူဝါဒနှင့် သဘော ခပ်ဆင်ဆင်ပင်ဖြစ်သည်။]

**အတ္တပျက် တရား** ဤသို့ အမျိုးမျိုးကြံစည်တွေးတောကြသော်လည်း နောက်ထပ်ကြံစည်သူတို့ကား အားရနှစ်သက်လက်ခံနိုင်လောက်သော ဝါဒ မဟုတ်ကြသဖြင့် နောက်ထပ်စဉ်းစားသူတို့မှာ မရေမရာဇဝေဇဝါ ဖြစ်လျက် တိုးတက်၍လည်း မကြံနိုင်တော့ရကား ချီတုံချတုံ ယုံမှား သံသယကြီးတွေနှင့်သာ အချိန်ကုန်ရတော့၏။ ဗုဒ္ဓရှင်တော်သည် “အမေမှာ မှာတဲ့အတိုင်း”ဆိုသလို မိရိုးဖလာ လိုက်သော ပုဂ္ဂိုလ် မဟုတ်ရကား ထီးနန်းကိုစွန့်ခွာ၍ ရဟန်းပြုကာ ကောင်း

http://www.dhammadownload.com



နိုးရာ ဆရာ့ထံ ချဉ်းကပ်၍ ထူးမြတ်သော တရားတော်ကို နာယူပါသော်လည်း မရခဲ့ဘဲ ကိုယ်တော်တိုင် မဇ္ဈိမပဋိပဒါ(မဂ္ဂင်ရှစ်ပါး)ကို ကြိုးစားရာဖွေတော်မူကာမှ ဤ အကြောင်းအကျိုးဆက်သွယ်သော ပဋိစ္စသမုပ္ပါဒ်နည်းကို သိတော်မူ၍ အတ္တစွဲလမ်းချက်နှင့်တကွ ယုံမှားသံသယဟူသမျှ အလိုလို ကင်းရှင်းသွားပေသည်။ ထိုအခါ အလွန်ရွှင်ပျနှစ်သက်တော်မူရကား "ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာ"စသော ဂါထာကို ကျူးရင့်တော်မူပါသည်။ ဂါထာ၏မြန်မာပြန်ကား–

အကြင်အခါ၌ ကိလေသာတသိုက်ကို မီးဖြင့်တိုက်သကဲ့သို့ လောင်မြိုက်ဖို့ရန် အပြင်းအထန်ကြိုးစားသဖြင့် ဈာန်ဝင်စားနိုင်သော ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ သစ္စာ ၄ ပါးတရားတို့သည် ထင်ရှားလာကုန်၏။ ထိုအခါ ယုံမှားသံသယ အားလုံးကင်းသွားလေပြီ။ ဘာ့ကြောင့်နည်း။ ပဋိစ္စသမုပ္ပါဒ် (ကြောင်းကျိုး ဆက်စပ်ပုံ)ကို အစုံအလင်သိမြင်နိုင်ခြင်းကြောင့်တည်း။

**ဉာဏ် ၄ မျိုး**

ထို့ကြောင့် အတ္တစွဲလမ်းချက် ပျောက်၍ အနတ္တချည်းဟု သဘောပေါက်ဖို့ရာ ယခုအခါဝယ် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို အကျဉ်းချုပ်မျှပြပါတော့မည်။ ထိုသို့ပြရာဝယ် သတ္တဝါသန္တာန်၌ သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်, ပဋိဝေဓဉာဏ်ဟု ဉာဏ် ၄ မျိုးရှိရာ မိမိမှာရှိသော သုတမယဉာဏ်၊ စိန္တာမယဉာဏ် လောက်ဖြင့်သာပြနိုင်ပါသည်။ ချဲ့ဦးအံ့။ စာပေလိုက်စား၍ ရရှိသောအသိဉာဏ်သည် "သုတမယဉာဏ်" မည်၏။ [ သုတ= ကြားနာ ကြုံတွေ့အပ်သောစာပေ စသည်ကြောင့်+မယ= ဖြစ်သောဉာဏ်၊] ထိုသုတမယဉာဏ်ကို အခြေခံ၍ ကြံစည်ခြင်းကြောင့်ဖြစ်စေ၊ သုတမပါဘဲ သက်သက် တွေးတောကြံစည်ခြင်းကြောင့် ဖြစ်စေ တိုးတက် နားလည်သော ဉာဏ်သည် စိန္တာမယဉာဏ် မည်၏။ ကမ္မဋ္ဌာန်း ပွားများခြင်းကြောင့် ဖြစ်သောဉာဏ်သည် စိန္တာမယဉာဏ်

http://www.dhammadownload.com



ထက် သာ်လွန် ထက်မြက်၏။ ထိုဉာဏ်ကို "ဘာဝနာမယဉာဏ်"ဟု ခေါ်၏။ ထို ဘာဝနာမယဉာဏ်ကို အခြေခံ၍ ထိုးထွင်းသိမြင်သော ဉာဏ်သည် ပဋိဝေဓ(မဂ်)ဉာဏ်မည်၏။

ဤသို့အဆင့်ဆင့်ဉာဏ် ၄ မျိုးရှိရာဝယ်ဘုန်းကြီးမှာရှိသော ဉာဏ်သည် ဒုတိယအဆင့်လောက်သာ်ရောက်သော စိန္တာမယဉာဏ် မျိုးမျှဖြစ်၍ ပဋိစ္စသမုပ္ပာဒ်တရားတော်ဆိုင်ရာ၌ အကုန်အစင် မသိသေးချေ။ သို့သော် အဘိဓမ္မာတရားတော်ကိုဆရာသမားထံမှလည်းကောင်း၊ ကျမ်းစာတို့မှ လည်းကောင်း ကောင်းကောင်း နားလည်ပြီးဖြစ်ရကား ကံနှင့်ကံအကျိုးကို ပိုင်ပိုင်နိုင်နိုင် နားလည်ပြီး ဖြစ်ပါသည်။

ထို့ပြင်ကျမ်းစာများကိုလေ့လာမှု၊ အထူးအားဖြင့် အနတ္တလက္ခဏသုတ်တော်ကဲ့သို့သော သုတ္တန်တရားများနှင့် အဘိဓမ္မာ တရားတော်ကိုလေ့လာမှုတို့ကြောင့် သတ္တဝါတို့ကိုယ်အတွင်း၌ အတ္တ မရှိကြောင်းကိုလည်းကောင်း၊ ကမ္ဘာကိုဖန်ဆင်းနိုင်သော ပရမအတ္တဗြဟ္မာမင်း မရှိကြောင်းကိုလည်းကောင်း သဘောပေါက်ပြီးဖြစ်ရကား မိမိစိတ်၌ရှင်းပြီးသမျှကိုသာ တစ်ဆင့်နားလည်အောင်ရှင်းပြပါမည်။

**ပဋိစ္စသမုပ္ပာဒ် ပါဠိတော်**

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ။ သဠာယတန ပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

**ပါဠိတော်မြန်မာပြန်**

မသိမှုကြောင့် ပြုလုပ်မှုတွေဖြစ်ကြ၏။ ပြုလုပ်မှုကြောင့် အကျိုးဝိညာဉ်ဖြစ်ရ၏။ ဝိညာဉ်ကြောင့်နာမ်ရုပ်ဖြစ်ရ၏၊နာမ်ရုပ်ကြောင့်အာယတနဖြပါးဖြစ်၏။

http://www.dhammadownload.com



အာယတန ၆ ပါးကြောင့် ဖဿဖြစ်ရ၏။ ဖဿကြောင့် ဝေဒနာဖြစ်ရ၏။ ဝေဒနာကြောင့် တဏှာဖြစ်ရ၏။ တဏှာ ကြောင့် ဥပါဒါန်ဖြစ်ရ၏။ ဥပါဒါန်ကြောင့် ဘဝဖြစ်ရ၏။

ဘဝကြောင့် ဇာတိဖြစ်ရ၏။ ဇာတိကြောင့် ဇရာ မရဏလည်း ဖြစ်ရ၏။ ဝမ်းနည်းမှု, ငိုကြွေးမှု, ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှု, ပြင်းပြစွာ ပင်ပန်းမှုတို့လည်းဖြစ်ကြရ၏။

ဤသို့ သုခမဖက် သက်သက်ဒုက္ခဖြစ်သော ရုပ်နာမ် အစုသာ ဖြစ်နေရပုံ ထင်ရှားလေသည်။

## အစိပ္ပာယ် ရှင်းလင်းချက်

**အဝိဇ္ဇာ** မည်သူမဆိုလွန်ခဲ့ပြီးသောဘဝ ယခုရနေသောဘဝနှင့် ဖြစ်ရဦးမည့်ဘဝ ဤသုံးဘဝလောက်ကို ပိုင်နိုင်လျှင် အခြားဘဝများစွာကိုလည်း ဤနည်းချည်းဟု မှန်းဆနိုင်ဖွယ်ရှိ၏။ ထို့ကြောင့် သုံးဘဝလောက်ဖြစ်စဉ်ကိုရေးပြပေအံ့။ ဤဘဝသို့ မရောက်ခင် ရှေးဘဝများ၌ အဝိဇ္ဇာနှင့်သင်္ခါရတို့ဖြစ်ခဲ့ကြပြီ၊ ထိုတွင် အဝိဇ္ဇာသည် သိသင့် သိထိုက်သည်ကို သူကိုယ်တိုင်လည်းမသိတတ်၊ အခြားတရားတို့ မသိအောင်လည်း ဖုံးလွှမ်းတတ်သောတရားတည်း။

ထင်ရှားစေအံ့၊အဝိဇ္ဇာသည်မှောင်မိုက်ကြီးနှင့်လည်းကောင်း၊ မျက်မမြင်နှင့်လည်းကောင်း တူ၏။ အိမ်တစ်ဆောင်အတွင်း၌ မီးမလင်းဘဲ မှောင်ကြီးဖြစ်နေသောအခါ ထိုမှောင်ကြီးသည် အိမ်တွင်းရှိသမျှ အရာဝတ္ထုတွေကိုသူကိုယ်တိုင်မမြင်နိုင်သည့်အပြင် အမှောင်တွင်း၌ရောက်နေသူတို့ကိုလည်း အိမ်တွင်းရှိသမျှ မြင်စရာတွေ မမြင်နိုင်အောင်ဖုံးကွယ်ထားသကဲ့သို့လည်းကောင်း၊ မျက်စိမမြင်သူသည်

http://www.dhammadownload.com



မြင်ဖွယ်ရာဟူသမျှကို သူကိုယ်တိုင်လည်း မမြင်၊ သူများကို မြင်အောင်လည်း မညွှန်ပြနိုင်သကဲ့သို့ လည်းကောင်း၊ ထို့အတူ အဝိဇ္ဇာသည် သိဖွယ်ဟူသမျှကို သူကိုယ်တိုင်လည်းမသိ၊ အခြားတရားတို့မသိအောင်လည်း ဖုံးကွယ်ထားတတ်လေသည်။ မိမိ၏ခန္ဓာအစဉ်မှာ ထိုအဝိဇ္ဇာခေါ်တတ် အမြဲယှဉ်တွဲ၍ပါနေရကား ရှေးဘဝ၌ ထိုအဝိဇ္ဇာဖြစ်ခဲ့ပြီဟု မုချဆတ်ဆတ်မှတ်ထားလိုက်ပါ။ ဤအဝိဇ္ဇာကို "မောဟ"ဟုလည်း ခေါ်သည်။

**အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်**

ပြုလုပ်မှုကို"သင်္ခါရ"ဟုခေါ်၏။ ထိုသင်္ခါရသည် ကိုယ်ဖြင့် ပြုလုပ်မှု=ကာယသင်္ခါရ၊ နှုတ်ဖြင့် ပြောဆိုမှု=ဝစီသင်္ခါရ၊ စိတ်ဖြင့်ကြံစည်စိတ်ကူးမှု=မနောသင်္ခါရဟု ၃ မျိုးရှိ၏။ အမှောင်တွင်း၌ ရောက်နေသူသည် ငြိမ်ငြိမ်နေမည် မဟုတ်။ တစ်စုံတစ်ရာ ပြုလုပ်ချင်ရာကို လုပ်ပေလိမ့်မည်။ မျက်စိမမြင်သူလည်း ရောက်တတ်ရာရာ သွားလာနေပေလိမ့်မည်။ အမှောင်တွင်း ရောက်နေသူသည် အမှန်ကိုလုပ်ခြင်းထက် အမှားကိုလုပ်မိခြင်းက များဖွယ် ရှိသကဲ့သို့လည်းကောင်း၊ မျက်မမြင်သည် လမ်းမှန်ကိုသွားမိခြင်းထက် လမ်းမှားကိုသွားမိခြင်းက များဖွယ်ရှိသကဲ့သို့ လည်းကောင်း ထို့အတူ အဝိဇ္ဇာအမှောင်တရား အကန်းတရားအရင်းခံ၍ ဖြစ်ရသော သင်္ခါရ(ကိုယ်မှု, နှုတ်မှု, စိတ်မှု)တို့လည်း အကောင်းအမှန်နည်းပါး၍ မကောင်းမမှန်တွေသာ များဖွယ် ရှိလေသည်။

မျက်မမြင်သည်မြင်သူကတုတ်ဆွဲလမ်းပြမှလမ်းမှန်ကိုရနိုင်သကဲ့သို့ အဝိဇ္ဇာဖုံးလွှမ်း၍ ဉာဏ်မျက်စိကန်းနေသူတို့လည်း အဝိဇ္ဇာနည်းပါး၍ အတော်အတန် ဝိုးတိုးဝါးတား မြင်နေရသော ပုထုဇဉ်သူတော်ကောင်း(ထို့ထက်မြင့်သောဘုရားအစရှိသောသူတော်ကောင်း)တို့က နည်းလမ်း ညွှန်ပြပေးမှသာ မှန်ကန်သော ကောင်းမွန်သော

http://www.dhammadownload.com



သင်္ခါရ တို့ကို ပြုနိုင်ဖွယ်ရှိသည်။ ယခုကာလ၌ လမ်းကောင်း ညွှန်ပြမည့် သူတော်ကောင်းမရကြသူတို့တွင် ဗုဒ္ဓဘာသာဝင် အခေါ်ခံသူတို့ပင် အမှားလမ်း သင်္ခါရတွေကို မည်မျှလိုက်နေကြပါသနည်း။ ထိုသို့လမ်းညွှန်ကောင်း မရသဖြင့် နိုင်ငံခြား၌ ပညာရှိ အခေါ်ခံသူတို့ မတရားအရေး၌ ရှေ့ဆောင်ကာ မည်မျှလောက်ကြမ်းသော လမ်းဆိုးကြီးကိုသွားနေမိကြသနည်း။ [သင်္ခါရကို "ကံ"ဟုခေါ်၏။ ကမ္မသကတာ သမ္မာဒိဋ္ဌိ၌ပြခဲ့ပြီ။]

တရားတော်။ ။ဥပမာကား–မျက်လုံးနှစ်ဖက် ပျက်နေသူသည် လမ်းပြမည့်သူမရှိလျှင် တစ်ရံတစ်ခါ လမ်းမှန်ဖြင့်လည်း ခရီးသွားမိ၏။ တစ်ရံတစ်ခါ လမ်းမှားဖြင့်လည်း ခရီးသွားမိ၏။ ထို့အတူ သံသရာ၌ ဉာဏ်မျက်စိကင်းသော လူဖျင်းသည် ရံခါကောင်းမှုကိုလည်း ပြုမိ၏။ ရံခါ မကောင်းမှုကိုလည်း ပြုမိလေသည်။

**သင်္ခါရကြောင့် ဝိညာဉ်ဖြစ်**

ဝိညာဉ်သည် အကျိုးဝိညာဉ်, ကုသိုလ်ဝိညာဉ်, အကုသိုလ် ဝိညာဉ်, ကြိယာဝိညာဉ်ဟု ၄ မျိုးရှိရာ၌ "ဝိပါက်"ဟုခေါ်သော အကျိုးဝိညာဉ်တစ်မျိုးသာ ကံ(သင်္ခါရ)ကြောင့်ဖြစ်ရသည်။ ထို ဝိပါက် ဝိညာဉ်စိတ်သည်လည်း ပဋိသန္ဓေတည်ခါစ၌ဖြစ်ရသော ဝိညာဉ်(ပဝတ္တိအခါဟု ကျမ်းစာတို့၌ ခေါ်ရသော)ပဋိသန္ဓေမှ နောက်ကာလ၌ဖြစ်ရသော ဝိညာဉ်ဟု ၂ မျိုးကွဲ၏။ ထိုတွင် ကံ သင်္ခါရ ကြောင့် ပဋိသန္ဓေဝိညာဉ် ဖြစ်ပုံကို ပြပါမည်။ ထိုသို့ပြရာဝယ် ပဋိသန္ဓေ ၄ မျိုးကို နားလည်ပြီးမှ ဝိညာဉ်ဖြစ်ပုံကို နားလည်မည် ဖြစ်သောကြောင့် ရှေးဦးစွာ ပဋိသန္ဓေ ၄ မျိုးကိုပြပေအံ့။

**သံသေဒဇ သတ္တဝါ**

သံသေဒဇ ပဋိသန္ဓေ, ဩပပါတိက ပဋိသန္ဓေ, အဏ္ဍဇ ပဋိသန္ဓေ, ဇလာဗုဇ ပဋိသန္ဓေ အားဖြင့် ပဋိသန္ဓေ ၄ မျိုးရှိ၏။[သံသေဒ=ကပ်ငြိတွယ်တာရာအရပ်၌+ဇ=ဖြစ်သောသတ္တဝါ] ရေပုပ်၊ ငါးပုပ်၊ ပန်းအမှိုက်ပုပ်၊

13A

http://www.dhammadownload.com



(ကစီရည်စသည်တို့ဖြင့် စေးကပ်အောင်ပြုရသော) သက္ကလပ်စသော အဝတ်, မစင်, ကျင်ငယ် စသည်တို့၌ ငြိတွယ်၍ ဖြစ်ရ၊ ပဒုမ္မာကြာတိုက် စသည်၌ ဖြစ်ရသော သတ္တဝါတို့သည် သံသေဒဇ သတ္တဝါများတည်း။ ထိုသတ္တဝါတို့၌ မိဘ၏သုက်သွေးကို မမှီရဘဲ ရေးကပြုထားသော ကံသင်္ခါရ အားလျော်စွာ ဆိုင်ရာအရပ်၌"ဝိပါက် ဝိညာဉ်"ခေါ်ပဋိသန္ဓေ စိတ်ဖြစ်ရ၏။ ပဒုမ္မာကြာတိုက်, ဝါးလုံးခေါင်း, မန်ကျည်းပင် စသည်၌ ဖြစ်ရသော ပဒုမဝတီမိဖုရား၊ အာသကံာ မိဖုရား၊ ဝေဠုဝတီမိဖုရားနှင့် စိဥ္စမာဏဝိကာတို့သည် ကုသိုလ်ကံ သင်္ခါရအစွမ်းကြောင့် ကောင်းကျိုး ဝိညာဉ်ဖြင့် သန္ဓေတည်ရသူများ တည်း၊ ထိုသူများကို "သံဒေသူ"ဟု ခေါ်ကြသည်။ မစင်ပုပ် စသည် ၌ ဝိညာဉ်တွယ်ရသောသတ္တဝါတို့ကား မကောင်းသောသင်္ခါရကြောင့် ဖြစ်ရသူများတည်း။ တချို့ ပိုးလောက် များသည် ယင်ကောင်၏ဥမှ ဖြစ်ရသောကြောင့် အဏ္ဍဇများလည်း ရှိကြပေ၏။ သေတ္တာတွင်း၌ ထည့်သွင်းထားသော သက္ကလပ်စသည် ဝယ် ပထမဆုံးဖြစ်သော ပိုးကောင်များက မိဘကို မမှီဘဲဖြစ်ရသော သံသေဒဇများသာတည်း။

**ဩပပါတိက သတ္တဝါ** — [ဥပပါတ=ရေးဘဝမှ ခုန်ကျော်ကျရောက်လာ သကဲ့သို့+ ဣက=ဖြစ်သော သတ္တဝါ] လက် ခြေ အင်္ဂါ ကိုယ်ခန္ဓာ အပြည့်အစုံဖြင့် အထင်အရှား တစ်ပြိုင်နက်ဖြစ်ပေါ်လာသောကြောင့် ရေးဘဝမှ ခုန်ကျော် ကျရောက် လာသကဲ့သို့ ထင်ရသောသတ္တဝါတည်း။ ထို သတ္တဝါကို "ဥပပါတ် ပုဂ္ဂိုလ်"ဟုခေါ်၏။ ထိုပုဂ္ဂိုလ်များကား နတ်ဗြဟ္မာများနှင့် ကမ္ဘာဦးက လူသတ္တဝါများတည်း။ ထိုသတ္တဝါတို့လည်း မိဘမရှိ၊ မိဘတို့၏ သုက်သွေးကို မမှီကြရဘဲ ကံသင်္ခါရကြောင့် ကိုယ်ခန္ဓာအထင်အရှား ဖြစ်ပေါ်လာကြရသည်။ ပြခဲ့သော ပိုးမွှားတိရစ္ဆာန်များလည်း ဤ ဥပပါတ်ပဋိသန္ဓေနေသူ တချို့တလေ ရှိနိုင်သေး၏။

http://www.dhammadownload.com



"ကမ္ဘာဦးက ဗြဟ္မာကြီး ၄ ယောက် လူ့ပြည်ဆင်း၍ လူတွေဖြစ်လာကြသည်"ဟုဗုဒ္ဓဘာသာကျမ်းစာများ၌ မိန့်ဆိုကြောင်းကို ရေးသားဟောပြောကြ၏။ ဗုဒ္ဓ၏ ကျမ်းစာများ၌ ဤသို့မဆိုပါ။ "ကမ္ဘာကြီးအသစ် စ,တည်ပြီးသောအခါ ကမ္ဘာပျက်ရာတွင်မပါဝင်သော အထက်ဗြဟ္မာ့ပြည်မှ စုတေချိန်ကျ၍ စုတေခဲ့ကြသော ဗြဟ္မာတချို့သည် အောက်အောက် ဗြဟ္မာ့ပြည်နှင့် နတ်ပြည် လူ့ပြည်ဝယ် ဥပပါတ် ပဋိသန္ဓေတည်နေကြသည်"ဟုသာ ဆိုကြပါသည်။

**မှတ်ချက်။** ။ သံသေဒဇသတ္တဝါတို့သည် အလွန်သေးငယ်စွာ ဝိညာဉ်တွယ်ပြီးမှ တဖြည်းဖြည်း ကြီးပွားကြ့ရ၏။ ဥပပါတ်သတ္တဝါတို့ သည်ကား စ,၍ ဖြစ်လျှင်ပင် ကိုယ်ခန္ဓာအပြည့်အစုံနှင့် ကြီးသင့်သလောက် ကြီးပြီးသားအနေဖြင့် အထင်အရှား ဖြစ်ကြသည်။

**အဏ္ဍဇနှင့် ဇလာဗုဇ သတ္တဝါ**

[အဏ္ဍ= ဥခွံတွင်း၌ + ဇ= ဖြစ်သောသတ္တဝါ] ဥခွံအတွင်း၌ ဖြစ်သော ငှက်စသော သတ္တဝါများတည်း။ တချို့လူများလည်း ဥခွံ၌ ဖြစ်ကြရသည်ဟုဆို၏။ (ဇလာဗု=မိခင်၏သားအိမ်၌+ဇ=ဖြစ်သောသတ္တဝါ)လူ, ခွေးစသည် တို့သည် ဇလာဗုဇသတ္တဝါများတည်း။ ဤ အဏ္ဍဇနှင့် ဇလာဗုဇ ၂ မျိုးကိုပေါင်း၍ "ဂဗ္ဘသေယျက သတ္တဝါ"ဟု ခေါ်၏။ (ဂဗ္ဘ=အမိဝမ်းတိုက်၌+ သေယျက=ကိန်းအောင်းသော သတ္တဝါ) ဤ ဂဗ္ဘသေယျကသတ္တဝါ ၂ မျိုးသည် များသောအားဖြင့် မိဘ၏သုက်သွေးကိုမှီ၍ ဝိညာဉ်ဖြစ်သည်။

**ပဋိသန္ဓေတည်ခြင်း၏ အကြောင်း ၃ ပါး**

မိခင်လောင်းသည် ရာသီပန်းပွင့်ပြီးစဖြစ်၍ သားအိမ်၌ သန့်ရှင်းစင်ကြယ်နေခြင်း၊ ထိုမိခင်နှင့်ဘခင်တို့ ပေါင်းသင်းပျော်မြူး၍ အဘ၏သုက်သွေးသည် သားအိမ်၌ နည်းနည်းပါးပါးဖြစ်စေ ရောက်ရှိနေခြင်း၊ ထိုအမိဝမ်း၌ ပဋိသန္ဓေတည်နေမည့် သတ္တဝါ

http://www.dhammadownload.com



လောင်းသည် ထိုအချိန်၌ ဘဝဟောင်းမှစုတေခြင်း၊ ဤအင်္ဂါ ၃ ပါး စုံမှ ဂဗ္ဘသေယျကပဋိသန္ဓေတည်နိုင်သည်။ ရေ့အကြောင်း ၁ ပါး၊ ၂ ပါး စုံနေရုံမျှဖြင့် ပဋိသန္ဓမတည်နိုင်။ ["မိမာတာကြာခန်းက၊ ပန်း ရတုရာသီ, ပွင့်စဲစ ခါဆီ၊ တူယှဉ်မှီပျော်ပါး, ကိန်းထိုက်သည့် ထို သူငယ်၊ ထင်ရှေးရှု စုတေခိုက်ငြား, သည်အင်္ဂါစုံစေ့မှ၊ ဘုံဝေဿ ဤ လူ့ပြည်၊ တည်သန္ဓေအများ" သတပဒိကပုဏ္ဏာ] မိဘ ၂ ပါးတို့ အတူ ပျော်ပါး၍ သားအိမ်၌ သုက်မရှိသော်လည်း ချက်ကိုသုံးသပ်၍ သာယာ မှုကြောင့် သန္ဓေတည်သော သုဝဏ္ဏသျှံဝတ္ထုလည်း ရှိသေး၏။

**စုတေခါနီး ကံအာရုံထင်လာပုံ** လူတစ်ယောက် စုတေခါနီးသောအခါ အချို့ အတော်ကြာကြာ မျောမေ့၍ နေတတ်၏။ ရောဂါ မပြင်းထန်ဘဲ သတိအလွန်ကောင်းနေသူ တချို့ သော်မှ စုတေတော့မည့်ဆဲဆဲခဏ၌ မိနစ်ခန့်မျှ ဖြစ်စေ သတိလစ်သွား တတ်သေးသည်။ ထိုအခါ မိမိရှေးကပြုခဲ့သော ကံဖြစ်စေ၊ ထိုကံပြုစဉ် က အဆောက်အအုံ အာရုံဖြစ်စေ၊ (၎င်းကို "ကမ္မနိမိတ်"ဟုခေါ်၏။) နောက်ဘဝ၌တွေ့ကြုံရမည့် အရာဝတ္ထု ဖြစ်စေ(၎င်းကို "ဂတိနိမိတ်" ဟုခေါ်၏။) ဤ ၃ မျိုးတွင် တစ်မျိုးမျိုးသည် ထိုသတိလစ်နေသော စိတ်တွင် ထင်လာမြဲဖြစ်၏။ ထိုတွင် ကံထင်လာရာ၌(အိပ်မက်မက် နေသူကဲ့သို့)ရှေးတုန်းက ကံကိုပင် ယခု ပြုနေရသလို ထင်လာ၏။ ဥပမာ ဒါနပြုသောကံ ထင်လာလျှင် ယခုလောလောဆယ်ဆယ် ပြု နေရသကဲ့သို့ထင်လာ၏။ ယခုလောလောဆယ်ပြုနေသလိုမထင်ဘဲ ထိုကံကိုပြန်၍ အမှတ်ရသောအားဖြင့်လည်း ထင်လာ၏။

ဆိုလိုရင်းကား-ထိုကံကို ယခုပြုနေသလို ထင်လာသော နည်း၊ ထိုကံကိုပြန်၍အမှတ်ရသောနည်းအားဖြင့် ကံအာရုံထင်လာပုံ ၂ နည်းရှိသည် ဟူလို။ ထိုအခါစုတေမည့်သူ၏ မျက်နှာအနေသည် ကောင်းသောကံ ထင်လာသောအခါ၌ ကြည်လင်ရွှင်ပျ၍ မကောင်း

http://www.dhammadownload.com



သော ကံထင်လာသောအခါ သူ့အသက်သတ်မှုဖြစ်လျှင် ဒေါသ ဖြစ်နေသောအမူအရာမျိုးဖြစ်နေ၏။ တဏှာပေမနှင့်ဆိုင်ရာ၌ကား ရွှင်ပျသော အမူအရာလည်း ရှိပေလိမ့်မည်။

**ကမ္မနိမိတ် ထင်ပုံ**

ကံပြုစဉ်က တွေ့ကြုံအသုံးပြုခဲ့သော အဆောက်အအုံ အာရုံ (ကမ္မနိမိတ်)ထင်လာရာ၌ ကျောင်းရေစက်ချ ဒါနပြုရာဝယ် ကျောင်းကြီး ဖြစ်စေ၊ ထိုရေစက်ချပွဲ၌ လှူအပ်သော သင်္ကန်း၊ ဆွမ်းစသည် ဖြစ်စေ၊ ရဟန်းတော်များ လူအများ စားသောက်နေပုံကိုဖြစ်စေ၊ သတိ လစ်နေသောစိတ်တွင် ထင်လာတတ်၏။ သူ့အသက်ကို သတ်ရာ၌ အသတ်ခံရသူဖြစ်စေ၊ သတ်သောအခါ၌ သုံးစွဲသော လက်နက် စသည်ဖြစ်စေ ထင်လာတတ်၏။ ထိုပြခဲ့သောကံနှင့် ကမ္မနိမိတ်တို့ သည် စုတေချိန်မကျမီ ခပ်စောစောကမူ သတိမလစ်ဘဲ မိမိဘာသာ ကောင်းမှုတွေကိုပြန်၍ တွေးတောသောအားဖြင့်လည်း ထင်လာနိုင်၏။ အနီးအပါး ဆွေမျိုးစသူများက သတိပေးပြောပြသောအားဖြင့် လည်း ထင်လာတတ်၏။ သို့ရာဝယ် စုတေတော့မည့်အချိန်၌ကား သတိလစ်လျက် ထင်မြဲထင်နေပေလိမ့်မည်။

သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိ အဘယမင်းသည် ကောင်းမှုများစွာ ပြုကာ သာသနာပြုစုသော မင်းတစ်ပါးဖြစ်သည့် အားလျော်စွာ စုတေခါနီး၌ မဟာစေတီကြီးကိုပင် တည်နေဆဲဖြစ်၏။ ကံတော်ကုန်ခါနီးအချိန်၌ ကောင်းမှုစာရင်းကိုဖတ်ပြစေရာ "အရှင်မင်းမြတ်သည် ညီတော်တိဿနှင့်စစ်ဖြစ်၍ မြင်းတစ်စီး အမတ်တစ်ယောက်မျှဖြင့် တောသို့ရှောင်နေရစဉ် တစ်ယောက်စာ ပွဲတော်ကို ၄ ပုံ ပုံစေ၍ ကိုယ်တော်အတွက်တစ်ပုံကို ပွဲတော်မတည်ဘဲ အလှူခံအရှင်မြတ်ကို ကြွေးကြော်ပင့်ဖိတ်၍ လှူတော်မူဖူးပါသည်"ဟု အစီပွာယ်ပါသော ကောင်းမှုစာရင်းကို ဖတ်လိုက်သောအခါ လွန်စွာအားရရွှင်ပျ၍

http://www.dhammadownload.com



မဟာစေတီဒါနကြီးကိုပင် အမှတ်မရဘဲ ထိုဆင်းဆင်းရဲရဲပြုသော ဒါနကို စိတ်စွဲ၍ နတ်ရွာစံကာ တုသိတာ၌ ဖြစ်ရလေသည်။ [ယခုကာလ ဒါနအားကြီးသူတို့လည်း "ပုညပေါတ္ထက"ခေါ် ကောင်းမှုစာရင်း ပြုလုပ်၍ မကြာမကြာ သတိရအောင် ဖတ်လေ့ရှိသင့်ကြပေသည်။]

**ဂတိနိမိတ် ထင်ပုံ**

ကံ အားလျော်စွာ ရောက်ရမည့် နောက်ဘဝကို "ဂတိ"ဟု ခေါ်၏။ ထိုဂတိ၌ တွေ့ကြုံရမည့် အာရုံနိမိတ်ကို "ဂတိနိမိတ်" ဟု ခေါ်သည်။ သတ္တဝါတို့ ရောက်ရမည့် နောက်ဘဝ ဂတိသည်(၁) ဒေဝ ဂတိ=နတ်ဗြဟ္မာဘဝ၊ (၂) မနုဿဂတိ=လူ့ဘဝ၊ (၃) နိရယဂတိ= ငရဲသားဘဝ၊ (၄) ပေတဂတိ=ပြိတ္တာဘဝ၊ (တစ္ဆေ၊ မှင်စာ၊ အစိမ်း၊ သူရဲ၊ သဘက်၊ ဘီလူး၊ အသူရကာယ်ခေါ် ပြိတ္တာအကြီးစားများသည် ဤပေတဂတိ၌ ပါဝင်ကြသည်။) (၅) တိရစ္ဆာနဂတိ=တိရစ္ဆာန်ဘဝ၊ (အခြေ ၄ ချောင်းရှိသော သားကောင်များ၊ အခြေ ၂ ချောင်းရှိသော ငှက်များ၊ အခြေမရှိသောမြွေစသည်နှင့် ငါး လိပ်စသော ရေသတ္တဝါတို့ ပါဝင်ကြ၏) ဤသို့ ငါးမျိုးရှိသည်။

နတ်ဘဝရောက်ရမည့်သူ၌ ဘုံဗိမာန် ဥယျာဉ် ရေကန် နတ်သမီး နတ်သား စ,သည် ထင်လာ၏။ လူ့ပြည်ရောက်မည့်သူ၌ အမိ၏ဝမ်းရေ ထင်လာ၏။ တိရစ္ဆာန်ဖြစ်မည့်သူ၌လည်း တိရစ္ဆာန် အမိ၏ ဝမ်းရေ ထင်လာဖွယ်ရှိ၏။ ငရဲရောက်မည့်သူ၌ ငရဲမီးစသည် ထင်လာ၏။ ပြိတ္တာဖြစ်မည့်သူ၌ မိမိတို့ဖြစ်ရမည့် တောတောင်စသော အရပ် ထင်လာ၏။ မီးဖြင့်ယဇ်ပူဇော်၍ နတ်ကိုကိုးကွယ်သူ တစ်ယောက်သည် သေခါနီး၌ မီးနိမိတ်ထင်လာ၏။ သူ၏ဆရာများလည်း အနီး၌ရှိနေစဉ် သူ့မှာထင်နေသည်ကိုသတိရ၍ ပြန်ပြောသော အခါ ဆရာများက ဗြဟ္မာ့ပြည်သို့ရောက်တော့မည်ဟု အားပေးကြ

http://www.dhammadownload.com



၏။ "ပြဟ္မာ့ပြည် ဆိုတာ ဘယ်မှာရှိပါသလဲ"ဟုမေး၏။ "အထက်မှာ ရှိတယ်" ဟုပြောကြ၏။ "ယခုထင်လာတာက အောက်မှာ ထင်လာတယ်"ဟုပြန်ပြောရာ"ကိစ္စမရှိဘူး၊ အောက်ကထင်လာပေမဲ့ အထက်ရောက်မှာပဲ"ဟုအားပေးကြစဉ် စုတေ၍ ငရဲသို့ကျသွားလေသတဲ့။

**နိမိတ်ထင်ပုံကို ပြရကျိုး**

ကံသခ်ါရကြောင့် ဘဝသစ်ဝယ် ဝိပါက်ဝိညာဉ်ဖြစ်ရာ၌ ဘာ့ကြောင့် စုတေခါနီးအာရုံထင်ပုံတွေကို ပြနေပါလိမ့်မည်နည်းဟု စဉ်းစားကြပေလိမ့်မည်။ ရည်ရွယ်ချက်ကား–ယခုဘဝ၌ သေချိန်မကျမီ ရှေးကဖြစ်စေ၊ ရှေးရှေးဘဝများစွာကဖြစ်စေ၊ ပြုခဲ့သော ကံသခ်ါရတို့သည် အကျိုးပေးဖို့ အခွင့်ရောက်လာသောအခါ သူတို့နှင့် စပ်သော အာရုံများသည် သေခါနီး၌ တစ်နည်းနည်းဖြင့် ထင်လာတတ်ရကား ယခုလောလောဆယ် ပြုရသော ကံများနှင့်မခြားပင် ဖြစ်သည်ဟု နားလည်စေလိုသောကြောင့် ဤသို့သေခါနီး၌ အာရုံ ထင်လာပုံတွေကို ကြားဖြတ်၍ ပြရပေသည်။

ဤသေခါနီးထင်လာသောအာရုံသည်ဘဝသစ်ဝယ်ဝိညာဉ်အသစ်ဖြစ်ဖို့အရေး၌ အချက်ပေးသော အာရုံဖြစ်ရကား စုတေခါနီး၌ အာရုံကောင်းရနေဖို့ အရေးကြီး၏။ သတိမလစ်သူဖြစ်လျှင် မိမိနေရာကိုသန့်ရှင်းစင်ကြယ်စွာပြင်ဆင်၍ ကိုယ်တိုင်ပင် ကိုယ့်စိတ်ကိုကိုယ် ပြုပြင်ကာ ဘုရား တရား အာရုံများကို စဉ်းစားနေသင့်၏။ သတိလစ်တတ်ပါလျှင် အနီးအပါး မိတ်ဆွေကောင်းများက အာရုံအကောင်းထင်လာအောင် ကြိုးစားပေးသင့်၏။ ပန်းပူဇော်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ တရားရွတ်ခြင်းစသည်ကို ပြုပေးသင့်၏။ ယခု ကာလ၌ကား သေခါနီးကျမှ(ရေနစ်သူများလို)ဗျာပါသောက များကြသဖြင့် ထင်ချင်ရာအာရုံတွေ ထင်ကာ ဘဝသစ်၌ ဖြစ်ချင်သလို ဝိညာဉ်တွေ ဖြစ်ကြရလေတော့သည်။ ထိုသို့အပြုအပြင်မရှိဘဲ စုတေကြသူတို့မှာ ရှေးကပြုခဲ့သောကံကိုသာ အားကိုးရပေတော့သည်။ ကံကောင်းသူ

http://www.dhammadownload.com



များ၌ အာရုံကောင်း ထင်နိုင်မည်။ ကံဆိုးများလျှင်ကား အာရုံဆိုးပင် ထင်ဖွယ်ရာရှိသည် ဟူလို။

**သန္ဓေအသစ် တည်ပုံ**

ပြခဲ့သောနည်းဖြင့် ရေးဘဝက စုတေခါနီး၌ ကံဖြစ်စေ၊ ကမ္မနိမိတ်ဖြစ်စေ၊ ဂတိနိမိတ်ဖြစ်စေ ထင်လာပြီး၍ စုတေစိတ် (တစ်ဘဝအတွက်နောက်ဆုံးစိတ်) ဖြစ်ပြီးသည်နှင့် တစ်ဆက်တည်းပင် ယခုဘဝ၌ ဝိညာဉ်အသစ်သည် ရေးသင်္ခါရကံကြောင့် ဖြစ်ရတော့၏။ ထိုသို့ ကံကြောင့် အသစ်ဖြစ်ရသော ဝိညာဉ်ကို "ပဋိသန္ဓေစိတ်"ဟုခေါ်၏။ [ဘဝဟောင်း၌ နောက်ဆုံး စုတေစိတ်ဖြစ်ပြီးသောအခါ နောက်ထပ် အဆက်အစပ် မရှိလျှင် ထိုသတ္တဝါသည် ပြတ်စဲရချေတော့မည်။ ထိုသို့ မပြတ်မစဲရ လေအောင် နောက်ထပ်ဆက်စပ်သောစိတ်ဟုဆိုလိုသည်။ ပဋိ=တစ်ဖန် ထပ်၍+သန္ဓိ=ဆက်စပ်သော စိတ်၊ ထိုပဋိသန္ဓေစိတ် ဖြစ်ခြင်းကို "သန္ဓေတည်ခြင်း"ဟု ခေါ်စမှတ် ပြုကြသည်။]

ဆက်ဦးအံ့။ "ရေးကံ(သင်္ခါရ)"ဟူရာ၌ "ရေး"ဟူရာဝယ် ရေးလွန်ပြီးသော တစ်ဘဝမျှကို မဆိုလို။ ရေးဘဝပေါင်းများစွာက ပြုခဲ့ဖူး၍ အကျိုးပေးခွင့်မရသဖြင့် ထိုသူ့သန္တာန်ဝယ် သတ္တိဓာတ်ခံ အနေအားဖြင့် တည်လျက်ရှိသော ကံအားလုံးတွင် အခွင့်သင့်ရာ ကံသင်္ခါရ တစ်ခုခုကြောင့် ယခုဘဝ၌ ပဋိသန္ဓေ ဝိညာဉ်သစ်ဖြစ်ရသည်ဟု ဆိုလိုသည်။

**မည်သည့်ကံမျိုး အကျိုးပေးခွင့်ရသလဲ**

သေခါနီး၌ သူတော်ကောင်းများ နှင့် ပေါင်းသင်း၍ တရားစကား ပြောကြားနာနေရသူ၊ တရားနှလုံးသွင်းနေသူ စသည်ဖြစ်လျှင် ကောင်းသော ကံသင်္ခါရသည် အကျိုးပေးခွင့်ရမည်။ မကောင်းမှုပြုခိုက် ကြုံလျှင်လည်းကောင်း၊ သားသမီး ပစ္စည်း ဥစ္စာ စသည်ကို စွဲလမ်း၍ သောကစသည် ဖြစ်လျှင်လည်းကောင်း မကောင်း

http://www.dhammadownload.com



ကံ သခ်ါရသည် အကျိုးပေးခွင့်ရ၏။ လွန်ခဲ့သောဘဝနှင့် ရှေးဘဝပေါင်းများစွာက ပြုခဲ့သောကံအများတွင် သေခါနီးမှကပ်၍ ပြုအပ်သောကံ၊ သို့မဟုတ် ရှေးကပြုထားသော်လည်း သေခါနီး၌ သတိရလာသောကံသည် အကျိုးပေးခွင့်ရ၏။

ဘုရားရှင်လက်ထက်၌ ဘုရင့်အမိန့်အရ အပြစ်ရှိသူများကို သတ်ဖြတ်၍ အမှုထမ်းရသော "လက်မရွံ့အာဏာသား" ခေါ် သူသတ်ကြီးသည် ထိုသူသတ်ရာထူးမှထွက်သောနေ့၌ပင် အရှင်သာရိပုတ္တရာ၏ တရားတော်ကိုနာရ၍ အလွန်ကြည်လင်ရွှင်ပြလျက် စုတေသွားရာ နောက်ဆုံးပြုအပ်သော ကံသခ်ါရသည် လူသတ်မှုကံတွေကို လွှမ်းမိုး၍ နတ်ပြည်၌ အကျိုးဝိညာဉ်ကို ဖြစ်စေလေသည်။ [လူသတ်မှုကံတွေကား နောက်နောက်ဘဝ၌ အခွင့်သင့်သောအခါ အကျိုးပေးလိမ့်ဦးမည်။]

ဒုဋ္ဌဂါမဏိ အဘယမင်းလည်း ညီတော်နှင့်စစ်ဖြစ်စဉ်က တောထဲ၌လှူခဲ့ရသော ပွဲတော်တစ်နပ်စာကိုသတိရ၍ ကံကုန်လေရာ လောလောဆယ်တည်နေသော မဟာစေတီကုသိုလ်ကြီးကိုပင် ·ထို ပွဲတော်တစ်နပ်စာအလှူကံသခ်ါရက လွှမ်းမိုး၍ တုသိတာနတ်ပြည်၌ ဝိပါက်ဝိညာဉ်အကျိုးကို ပေးလေသည်။

**ရှေးရှေးကံများ အကျိုးပေးပုံ**

(နာရဒဇာတ်တော်၌လာသော) အလာတအမတ်သည် ကဿပဘုရားရှင်၏စေတီတော်ကို ပန်းပူဇော်ခဲ့ဖူး၏။ ထိုဘဝမှစုတေ၍ ကံအမျိုးမျိုးကြောင့် ဘဝအမျိုးမျိုးဝယ် ကျင်လည်ခဲ့ရာ တစ်ဘဝ၌ နွားသတ်သမားကြီးဖြစ်၏။ ထိုဘဝ၌ စုတေခါနီးသော် ထို နွားသတ်မှုကံသည် (ပြာဖုံးနေသောမီးကျီးကဲ့သို့)မထင်လာဘဲ အလွန်ကြာမြင့်သောဘဝတုန်းက စေတီတော်ကို ပန်းပူဇော်မှု ထင်လာ၍ ထိုအလာတအမတ်ဘဝ ဝိညာဉ်အသစ်ဖြစ်ရလေသည်။ ဗိဇက မည်သောကျွန်ကား ကဿပဘုရားရှင်

http://www.dhammadownload.com



လက်ထက်တော်၌ မျက်စိလည် လမ်းမှားနေသော ရဟန်းတစ်ပါးက လမ်းမေးရာ မပြောဘဲ နေခဲ့ဖူး၏။ ရဟန်းက ထပ်၍မေးပြန်ရာ စိတ်ဆိုးဆိုးနှင့် "ရဟန်း၊ ကျွန်မျိုး ဆိုတာ တောင်မေးမြောက်မေးနှင့် နှုတ်မစောင့်တတ်ကြဘူး၊ ကျွန် ဖြစ်ဟန်တူတယ်"ဟုပြောမိခဲ့၏။သူသည် အခြားကံအမျိုးမျိုးကြောင့် ဘဝပေါင်းများစွာဖြစ်ခဲ့ရာ ကုသိုလ်ကံကြောင့် သာကေတမြို့၌ သူဌေးဖြစ်၍ ကောင်းမှု အမျိုးမျိုးကိုပြု၏။ ထိုဘဝမှ စုတေသော် ကောင်းမှုကံတွေ အခွင့်မသာဘဲ ရဟန်းကို"ကျွန်" ဟုဆိုခဲ့သောရေး အကုသိုလ်ကံ ပေါ်ထင်လာသဖြင့် ထိုသင်္ခါရကြောင့် ကျွန်မဝမ်း၌ ဝိညာဉ်အသစ်ဖြစ်ရလေသည်။

**မှတ်ချက်။** ။ ဤပြခဲ့သောစကားစဉ်အရ ကံသင်္ခါရ သည် အလွန်ဝေးကွာသောဘဝတုန်းကပြုခဲ့သော်လည်း သူ၏သတ္တိ(ပဋ္ဌာန်းတရားတော်အရ ကမ္မပစ္စည်း)သည် ထိုသူ့သန္တာန်မှ ပျောက်ကွယ် မသွားဘဲ အကြောင်းအားလျော်စွာ စုတေခါနီးအခါ၌ (ယခု လောလောဆယ်ပြုရသကဲ့သို့)ထင်ပေါ်လာတတ်၏။ ထိုသို့ထင်လာလျှင် ရှေးရှေးကပြုခဲ့သော ထိုကံသည် ကေန်အကျိုးပေးတော့မည်ဖြစ်ရကား စုတေစိတ်ကျသည်နှင့် တစ်ပြိုင်နက် ထိုသင်္ခါရကြောင့် ဘဝသစ်၌ ပဋိသန္ဓေခေါ် ဝိညာဉ်အသစ် ဖြစ်ရ၏။ ထိုသို့ဖြစ်ရာဝယ် လူ့ပြည် ၌ စုတေစိတ်ကျလျှင် စုတိချုပ်သည်နှင့် တစ်ပြိုင်နက် နတ်ပြည်မှာ ဖြစ်စေ၊ ငရဲပြည်မှာဖြစ်စေ မိမိကံအားလျော်စွာ ချက်ချင်းဆက်၍ ပဋိသန္ဓေစိတ်ဖြစ်သည်။ ရှေးဘဝစုတိနှင့် ဤဘဝပဋိသန္ဓေသည် စက္ကန့်တစ်စိတ်မျှ ကာလကြာခြင်းမရှိ၊ တစ်ဘဝတည်းဝယ် စိတ်တစ်ခုနှင့်တစ်ခု ဆက်နေသလို ရှေးဘဝစုတိစိတ်နှင့် နောက်ဘဝ ပဋိသန္ဓေစိတ်လည်း တစ်ဆက်တည်းပင်ဖြစ်ရသည်ဟုမှတ်ပါ။

**ဘဝဟောင်းမှ မပြောင်း**

"ရှေးရှေးဘဝ ကံ သင်္ခါရကြောင့် ဤဘဝ၌ ပဋိသန္ဓေ ဝိညာဉ် အသစ်ဖြစ်ရ၏"ဟုဆိုရာ၌ ထပ်၍ ရှင်းပြဦးမည်။ တစ်ဘဝမှ တစ်ဘဝ၌ ဖြစ်ရသော အခါ ရုပ်ခန္ဓာကိုယ်သည် ဟောင်းနွမ်းဆွေးမြည့်၍ ဘဝဟောင်း၌

http://www.dhammadownload.com



ပျက်စီးချုပ်ပျောက်ရစ်သော်လည်း ဝိညာဉ်ကောင် (စိတ်) ကလေးကား မိမိကံအားလျော်စွာ ဘဝသစ်၌ ရုပ်ခန္ဓာအသစ် ရပြန်လေသည်။ ပဋိသန္ဓေဝိညာဉ် ဟူသည်မှာ "ဘဝသစ်၌ အသစ် ဖြစ်ရသော ဝိညာဉ် မဟုတ် ဘဝဟောင်းက ဝိညာဉ်ပင်ဖြစ်သည်"ဟု ယခုကာလ၌ ဗုဒ္ဓဘာသာဝင်ဆိုသူတို့ပင် မှတ်ထင်နေကြ၏။ ထို့ကြောင့် တစ်ယောက်ယောက် စုတေသောအခါ "အသက်ထွက်သွားပြီ"ဟု ယူဆကြလေသည်။ ထိုအယူအဆသည် အနတ္တလက္ခဏာသုတ်၌ ခွဲပြသော ဝိညာဉ်စိတ်ကို "အသက်အတ္တ"ဟု ထင်မှားသော အတ္တဒိဋ္ဌိပင်ဖြစ်၏။ အမှန်မှာ သူတို့ယူဆသည့်အတိုင်း ဘဝဟောင်းက ရုပ်နာမ်(ဝိညာဉ်ပါ) တစ်စုံတစ်ရာမျှ ပြောင်းရွှေ့၍ အသစ်ဘဝ၌ ဖြစ်ရသည်မဟုတ်။ ရှေးရှေးဘဝက ပြုထားသော ကံသင်္ခါရ၏ အစွမ်းသတ္တိကြောင့် ယခုလိုဘဝသစ်၌ ဝိညာဉ်အသစ် စ,၍ ဖြစ်ရခြင်းသာတည်း။

**ပဲ့တင်သံစသော ဥပမာ**

ဤနေရာဝယ် ဒိဋ္ဌိ ၂ မျိုး မဖြစ်အောင် ရှင်းပြရန် အရေးကြီး၏။ "ဘဝဟောင်းက ဝိညာဉ်ကောင်သည် ဘဝအသစ်၌ ပြောင်းရွှေ့၍ ဖြစ်၏"ဟု ယူဆလျှင် "ဝိညာဉ်သည် မပျက်မစဲခိုင်မြဲ၏"ဟု ယူဆသော သဿတဒိဋ္ဌိ ဖြစ်ရာ၏။ "ဘဝဟောင်းက ရုပ်နာမ်ဟူသမျှ လုံးဝအဆက်အသွယ် မရှိဘဲ ပြတ်စဲကြ၏၊ ဤဘဝ ဤကိုယ်၊ နောက်ဘဝ နောက်ကိုယ်သာတည်း"ဟု ယူပြန်လျှင် "သတ္တဝါဟူသမျှ သေလျှင် ပြီးတာပဲ၊ ပြတ်တာပဲ" ဟုယူဆသော ဥစ္ဆေဒဒိဋ္ဌိဖြစ်ရာ၏။ ထို့ကြောင့် ထိုဒိဋ္ဌိနှစ်မျိုး မဖြစ်အောင် ပဲ့တင်သံစသော ဥပမာကို စဉ်းစားရာ၏။

တောတောင်အနီး၌ "ဟေး"ဟုဟစ်အော်သောအခါ တောင်နံရံဆီမှပြန်၍ "ဟေး"ဟု အသံတစ်ခုပေးလာ၏။(ထိုအသံကို "ပဲ့တင်သံ"ဟုခေါ်၏)ထိုအသံသည် အစပထမအော်လိုက်သော အသံလည်း မဟုတ်။ လူ့အသံနှင့်ကင်း၍လည်း ထိုပဲ့တင်သံ မဖြစ်နိုင်။ ဆိုမီး

http://www.dhammadownload.com



တစ်ခုမှမီးကူး၍ယူရာ၌ မူလဆီမီးသည် နောက်ဆီမီးခွက်သို့ ပြောင်း၍မသွား၊ မူလဆီမီးနှင့်ကင်း၍လည်း နောက်ဆီမီးအသစ်မဖြစ်နိုင်။ ဤသို့စသော ဥပမာအတိုင်း "ရှေးဘဝက ဝိညာဉ်အဟောင်းသည် နောက်ဘဝသို့ ပြောင်း၍ဖြစ်သည်မဟုတ်။ ရှေးဘဝသင်္ခါရတို့နှင့် ကင်း၍လည်း ဘဝအသစ်၌ဝိညာဉ်သစ်မဖြစ်နိုင်၊ ရှေးသင်္ခါရကြောင့်သာ ဝိညာဉ်အသစ်ဖြစ်ရသည်"ဟူသောဝါဒကိုမှတ်သား ထိုက်လှပေသည်။

**ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ**

ရှေးရှေးဘဝများစွာတို့၌ ပြုအပ်သော သင်္ခါရကံများစွာတွင် အခွင့်သင့်ရာ ကံတစ်ပါးပါးကြောင့် ယခုဘဝဝိညာဉ်အသစ် ဖြစ်ရာဝယ် စိတ်ဝိညာဉ်တစ်ခုတည်းဖြစ်သည်မဟုတ်၊ စေတသိက်ဟု ခေါ်အပ်သော နာမ်တရားနှင့်(ရုပ်ရှိရာဘဝဝယ်) ရုပ်တရားလည်း တစ်ပြိုင်နက်ဖြစ်ကြ၏။ ဆိုလိုရင်းကား– ယခုလို လူ့ဘဝ၌ "ပဋိသန္ဓေတည်သည်"ဟု ဆိုလျှင် "(၁)စိတ်ဝိညာဉ်၊ (၂)စေတသိက်နာမ်၊ (၃)ကံကြောင့်ဖြစ်သော ရုပ်ခန္ဓာကလေး"ဤ ၃ မျိုးသည် တစ်ပြိုင်နက်ဖြစ်ကြ၏ဟုဆိုလိုသည်။ ထိုသို့ တစ်ပြိုင်နက်ဖြစ်ကြရာဝယ် စိတ်ဝိညာဉ်သည် ခေါင်းဆောင်ပဓာနဖြစ်၏။ စေတသိက်နာမ်နှင့် ရုပ်ခန္ဓာကား ဝိညာဉ်၏နောက်လိုက်များဖြစ်၏။ ထို့ကြောင့် ဝိညာဏပစ္စယာ နာမ ရူပံ=ဝိညာဉ်ကြောင့် နာမ်ရုပ်လည်း ဖြစ်ပေါ်ပါဝင်သည်"ဟု ဟောတော်မူသည်။ "ဝိညာဉ် မဖြစ်လျှင် စေတသိက် နာမ်နှင့်ရုပ် မဖြစ်။ ဝိညာဉ်ဖြစ်သောကြောင့်သာ နာမ်နှင့်ရုပ်လည်းဖြစ်ရသည်"ဟူလို။

**ရုပ်ခန္ဓာကလေး၏ ပမာဏ**

ဝိညာဉ်, နာမ်, ရုပ် ၃ ပါးစုံ စုမိနေသော လူသတ္တဝါကလေးဝယ် ရုပ်တရားသာလျှင် အထည်ကိုယ်ထင်ရှား၏။ ထို ခန္ဓာကိုယ်ကလေး၏ ပမာဏသည်လည်း ပဋိသန္ဓေတည်ခါစ၌ မှန်ပြောင်းကောင်းကောင်းဖြင့် သော်

http://www.dhammadownload.com



မှ ကြည့်၍ မမြင်နိုင်အောင် သေးငယ်လှ၏။ အဘိဓမ္မာသဘောအားဖြင့် ဆိုလျှင် ကလာပ် ၃ စည်း (ရုပ်မှုန်ကလေး ၃၀)မျှသာဖြစ်၏။ သို့ရာတွင် ထိုခန္ဓာကိုယ်ကလေး၌ အချိန်ရှိသရွေ့ ရှေးကံသင်္ခါရကြောင့် ရုပ်မှုန့် ကလေးတွေ ထပ်၍ တိုးပွား၏။ အမိ၏ကိုယ်ငွေ့နှင့် နဂိုကပါလာသော ကိုယ်ငွေ့များကြောင့် ရုပ်သစ်ကလေးတွေ တိုးပွား၏။ စိတ်ကြောင့် ရုပ်ကလေးတွေ တိုးပွား၏။ ရက်သတ္တနှစ်ပတ်လောက်ကြာလျှင် အမိ စားအပ်သောအစာမှ ရုပ်ကလေးတွေဆက်၍တိုးပွားပြန်၏။ ဤသို့အားဖြင့် တစ်စတစ်စကြီး၍ ငါးပတ်လောက်ကြာသောအခါ လူ့သဏ္ဌာန် ပေါ်လာရသည်။(ရှေးသင်္ခါရကြောင့်ဖြစ်သော ရုပ်မှုန့်တွေကို ကမ္မဇရုပ်၊ ကိုယ်ငွေ့ဥတုမှဖြစ်သော ရုပ်တွေကို ဥတုဇရုပ်၊ မိမိစိတ်ဖြစ်တိုင်းဖြစ်ပေါ်ပါလာသောရုပ်တွေကို စိတ္တဇရုပ်၊ အစာကြောင့် ဖြစ်သောရုပ်တွေကို အာဟာရဇရုပ်ဟုခေါ်သည်။ ဤသို့ ခန္ဓာကိုယ် ဟု ခေါ်အပ်သော အကောင်အထည်၌ ထို ကမ္မဇစသော ရုပ်ကလေးတွေ ပေါင်းစပ် ကြီးထွားနေသည်ဟု လည်းကောင်း၊ စိတ်ဝိညာဉ်နှင့် စေတသိက်တို့ကား ရှေးကံသင်္ခါရကြောင့်တစ်ဘဝလုံး (အခြား ဝီထိစိတ် မဖြစ်သမျှ) ဆက်ကာစဉ်ကာ ဖြစ်နေရသေးသဖြင့် ကံကြောင့်ဖြစ်သော ဝိညာဉ်နှင့်ကံကြောင့်ဖြစ်သော စေတသိက်များ ဟုလည်းမှတ်ပါ။

**ရုပ်အဆင်း ကွဲပြားမှု**

ရှေးရှေးဘဝ၌ ပြုအပ်သော ကံသင်္ခါရကြောင့် ယခုဘဝဝယ် စိတ်ဝိညာဉ် စေတသိက်နာမ်နှင့် ကံကြောင့် ဖြစ်သော ရုပ်တရားတို့ ပဋိသန္ဓေတည်စ ပထမအချိန်မှအစပြု၍ ဖြစ်ကြရသည်ဟု ဗုဒ္ဓရှင်တော်မိန့်တော်မူသည့်အတိုင်း ယခုကာလ၌ ရုပ်အဆင်းချင်း မတူကြပုံကို ကိုယ်တိုင်ဒိဋ္ဌ မြင်နေကြရပေပြီ။ သို့သော်ထပ်၍ ရှင်းပြပါဦးအံ့။ ပဋိသန္ဓေတည်စဝယ် ရှေးကံသင်္ခါရကြောင့် ရုပ်မှုန့်ကလေး ဖြစ်သည်မှစ၍ တစ်စတစ်စ ကြီးထွားလာရာ၌ အမိအဖတို့၏ သုက်သွေးသည် ထိုရုပ်မှုန့်ကလေး

http://www.dhammadownload.com



အား အငွေ့ဓာတ်(တေဇော=ဥတု)ပေးလျက်ရှိ၏။ ထို့ကြောင့် မြေနီတွင်းအောင်း ဖွတ်သတ္တဝါသည် "ဖွတ်နီ"ဖြစ်၍ မြေနက်တွင်းအောင်း ဖွတ်သတ္တဝါကား "ဖွတ်နက်" ဖြစ်ရသကဲ့သို့ ထို့အတူ မိဘတို့၏ သုက်သွေးလိုက်၍ ရုပ်ဖြူ, ရုပ်ဝါ, ရုပ်မဲများ ဖြစ်လာရုံသာမက မိဘတို့နှင့်ပုံသဏ္ဌာန်လည်း အတော်အတန် တူလာကြပေသည်။ ထိုသို့ဖြစ်ရာ၌ အမွှာမွေးညီနောင် ၂ ယောက်၏ ရုပ်အဆင်းပုံသဏ္ဌာန်ကို သေချာစွာ ကြည့်သောအခါ တူသယောင်ယောင်ရှိနေသော်လည်း တစ်ထပ်တည်းကား မတူနိုင်ပုံ၊ အဖြူအမဲ ကွဲပြားပုံ၊ လက်ခြေအနေအထား ကွဲပြားပုံ၊ အနိမ့်အမြင့် ကွဲပြားပုံကိုတွေ့ရ၏။

"ဘာ့ကြောင့် ထိုသို့ကွဲပြားရသနည်း၊ မိဘသုက်သွေးနှင့် မိခင်၏အစာသည် တစ်ခုတည်းပင် မဟုတ်ပါလော"ဟု စဉ်းစား သောအခါ ရှေးရှေးဘဝ ကံသခ်ါရပြုတုန်းက တစ်ယောက်နှင့် တစ်ယောက် မတူခဲ့သဖြင့် ထိုကံကြောင့်ဖြစ်ရသော ပဋိသန္ဓေရုပ်မှုန့်ကလေးများကို စီစဉ်ပုံလည်း တစ်ယောက်နှင့် တစ်ယောက်မတူကြပေ။ ထိုအရင်းခံ ရုပ်မှုန့်မျိုးစေ့၏ မတူခြင်းကြောင့် ကြီးထွားလာသောအခါ၌လည်းတစ်ယောက်နှင့်တစ်ယောက် တစ်ထပ်တည်း မတူနိုင်ဘဲရှိရသည်ဟု ထင်ရှားပါတော့သည်။ ထို့ကြောင့် ကံချင်း ကွဲပြား၍ဖြစ်ကြရသောအခါ သတ္တဝါအမျိုးမျိုးတို့၌ ပုံသဏ္ဌာန် အမျိုးမျိုးရှိ၍ အဆင်းလှသူ၊ မလှသူစသည်ဖြင့် အမျိုးမျိုးရှိကြသည် ဟု မှတ်ပါ။

ဤနေရာဝယ်အမိဝမ်းတွင်းမှစ,၍မိခင်၏အစောင့်အရှောက်ကောင်းမှု၊ လက်သည်ဆရာမတို့ အစောင့်အရှောက်ကောင်းမှုကြောင့် ကျန်းမာသန်စွမ်း၍ ရုပ်အဆင်းလှပစေနိုင်ကြောင်းကို မငြင်းပါ။ ထိုသို့ မိခင်စ,သူတို့က စောင့်ရှောက်၍ လှပသောရုပ်အဆင်းသည် ပြခဲ့သောရုပ် ၄ မျိုးတွင် ဥတုဇ အာဟာရဇ ၂ မျိုးသာဖြစ်၏။ ထို ၂ မျိုးက မူလကမ္မဇရုပ်ကို ထောက်ပံ့ခြင်းကြောင့် မူလကမ္မဇရုပ်လည်း ကြည်

http://www.dhammadownload.com



လင် သန့်ရှင်းရခြင်းဖြစ်သည်။ အကယ်၍ စိတ်ပါ ချမ်းသာအောင် စောင့်ရှောက်နိုင်ပါမူ စိတ္တဇရုပ်လည်း ကြည်လင် သန့်ရှင်းကာ တစ်ကိုယ်လုံးလှပအောင် ထောက်ပံ့နိုင်ပါ၏။ သို့သော် ဤသို့ အပြုံအပြင် အကောင်းဆုံးဖြစ်နေသူ ၂ ယောက်ကို(အပြုံအပြင် ကောင်းသော အမွှာမွေး ၂ ယောက်ကို) နှိုင်းယှဉ်ကြည့်ပြန်လျှင် သူတို့ချင်း လှ, မလှ ကွဲပြားကြဦးမည်သာ၊ ထိုသို့ကွဲပြားပြန်သဖြင့်"အရင်းစစ်လျှင် အမြစ်မြေမှာ"ဆိုသကဲ့သို့ ရေးကံသင်္ခါရ အပေါ်၌ သတ္တုကျမည်သာ။ သို့ဖြစ်၍ ရေးကံသင်္ခါရ မတူမှုကြောင့် ရုပ်အဆင်း မတူကြပုံမှာ ယုံကြည်လေးစားသင့်လှပါသည်။

**စိတ်ချင်းကွဲပြားပုံ** ရေးကံသင်္ခါရကြောင့် ရုပ်ချင်းသာ ကွဲကြသည် မဟုတ်၊ စိတ်ချင်းလည်း ကွဲပြားသေး၏၊ ချဲ့ဦးအံ့။ ယခုကာလ တစ်မိဘတည်း တစ်ဆရာတည်းဖြစ်သော ညီနောင်တို့သည်ပင် စိတ်ရင်း စေတနာရင်းမှာ အကောင်းအဆိုး ကွဲပြားကြသည်ကို တွေ့ရ၏။ နည်းနည်းပါးပါး ကွဲပြားနေသည် မဟုတ်၊ တစ်ယောက်သည် လူလိမ္မာ၊ တစ်ယောက်သည် လူမိုက်ဖြစ်ရသည့်တိုင်အောင်ပင် ကွဲပြားကြသေး၏။ [အပေါင်းအသင်းမကောင်းခြင်း စသည်ကြောင့် ကွဲပြားကြရာ၌လည်း သူတို့၏စိတ်ရင်းလိုက်၍ တစ်ယောက်သည် ပျက်စီး၏၊ တစ်ယောက်သည် မပျက်စီး] စိတ်ရင်း(ပဋိသန္ဓေဝိညာဉ်) ကောင်းသူသည် အရာရာ စိတ်ကောင်း၍ အပေါင်းအသင်းကြောင့်လည်း မပျက်စီးနိုင်။ ထိုသူမျိုးသည်(ပဋိသန္ဓေဝိညာဉ်ကို နာမည် တပ်၍)"တယ်–ညာဉ် ကောင်းတဲ့ကလေး၊ အလွန်သန္ဓေကောင်းတဲ့ကလေး" စသည်ဖြင့် ကလေးဘဝကပင် အချီးမွမ်းခံရ၏။ စိတ်ရင်းညံ့သူ ဆိုးယုတ်သူကား သူ့ဘာသာလည်းမကောင်း၊ အပေါင်းအသင်းကြောင့်လည်း ပျက်စီးတတ်၏။ သူလုပ်သမျှ အရာရာ မကောင်းတွေ များလှ၏။ ထိုသူမျိုးသည်"တယ်–ညာဉ်ဆိုးတဲ့ အကောင်ပဲ၊ သန္ဓေဆိုး

http://www.dhammadownload.com



ကလေးပဲ"ဟု ကလေးဘဝကပင် အပြောခံရလေသည်။ ထိုသို့ဆိုးတေ နေရာ၌ ပြင်၍ရအောင် ဆိုးသူလည်းရှိ၏။ ထိုသူမျိုးကား အပြင် ကောင်းသူနှင့်တွေ့လျှင် လူကောင်းသူကောင်း ဖြစ်နိုင်သေး၏။ ပြင် ၍ မရအောင် ဆိုးသူလည်း ရှိ၏။ ထိုသူမျိုးကား ပြုပြင်ပေးသော်လည်း သန္ဓေစိတ်ရင်းက ညံ့ဖျင်းခဲ့သောကြောင့် "ခွေးမြီးကောက် ကျည် တောက်စွပ်ပေးခြင်းပင်" ဖြစ်လိမ့်မည်။

မှန်၏။ ခွေးပဋိသန္ဓေကိုရသဖြင့် ခွေးဘဝရောက်နေသော ခွေးကို ရာဇပလ္လင်ပေါ်တင်၍ ဘုရင်မြှောက်ကာ ခမ်းနားသောပွဲတော် ကို အဝကျွေးထားသော်လည်း ဖိနပ်စုတ်ကလေးမြင်လျှင် စားချင်နေ ဦးမည်သာ၊ ဝနေ၍ မစားနိုင်ပါမူ နမ်းကြည့်ရဦးမှ စိတ်ကျေနပ်ရှာ ပေလိမ့်မည်။ ဤသို့လျှင် ရေးကံသင်္ခါရကြောင့် ပဋိသန္ဓေတည်ခါစ ၌ ပထမဆုံးဖြစ်သော ဝိညာဉ်နာမ်ရုပ်တို့သည် တစ်ဘဝလုံးအတွက် အကောင်းအဆိုး ကွဲပြားဖို့ရန် အခြေခံ မျိုးစေ့ဖြစ်ကြရကား ယခုလို အသိဉာဏ်ရှိသော ဘဝဝယ် ကိုယ်မှု, နှုတ်မှု, စိတ်မှု သင်္ခါရဟူသမျှ အကောင်းဆုံးဖြစ်အောင် ပြုပြင်သင့်ကြပေသည်။

**နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံ** "သဠာယတန"ဟူသည် စက္ခာယတန, သောတာ ယတန, ဃာနာယတန, ဇိဝှာယတန, ကာယာ ယတန, မနာယတနတည်း။ [သ=ဆ= ၆ ပါး+ အာယတန။] အာယတနသဒ္ဒါသည် စိတ်စေတသိက်တရားတို့၏ "ဖြစ်ရာ တည်ရာ–ဖြစ်ကြောင်း တည်ကြောင်း"ဟူသောအနက်ကိုဟော ၏။ "စက္ခာယတနရှိမှ စက္ခုနှင့်ဆိုင်သောစိတ်စေတသိက်များ ဖြစ်နိုင် ၏"စသည်ဖြင့်သိပါ။ ရေးကံသင်္ခါရကြောင့် ဤဘဝ၌ ဝိညာဉ် နာမ် ရုပ် တို့ ဖြစ်သောအခါ စက္ခာယတနစသော အာယတန ၅ ပါးလည်း ပါဝင်လျက်ရှိ၏၊ ချဲ့ဦးအံ့။ ပဋိသန္ဓေဝိညာဉ်မျိုးစေ့တည်လျက်ပင် ထို ဝိညာဉ် နှင့် အလားတူသော နောက်နောက် ဝိညာဉ်များ(ဝီထိစိတ်မကျ

http://www.dhammadownload.com



သမ္ဖျ)ဆက်ကာဆက်ကာ ဖြစ်ကြ၏၊ ထိုဝိညာဉ်မျိုးကိုပင်“မနော ယတန” ဟုခေါ်၏၊ ထိုဝိညာဉ်များ ဖြစ်တိုင်းလည်း စေတသိက်နာမ်တွေ ပါရ ၏။ စေတသိက်နာမ် မပါလျှင် ဝိညာဉ်ချည်း မဖြစ်နိုင်။ ဤစကား အရ နာမ်ကြောင့် “မနာယတနဖြစ်ရ၏”ဟုသိပါ။

လူ့ဘဝ၌ ပဋိသန္ဓေတည်ပြီးနောက် ရက်သတ္တ တစ်ဆယ့် တစ်ပတ်လောက်ကြာမှ“စက္ခု, သောတ, ဃာန, ဇိဝှာ” ၄ ခုတို့ဖြစ် ကြ၏။ “ကာယ”ကား ပဋိသန္ဓေဝိညာဉ်နှင့်အတူ တစ်ပြိုင်နက် ဖြစ်ခဲ့ ၏။ [နတ်ဘဝစသည်မှာမူ ထို ၅ ပါးလုံး သန္ဓေတည်သည်နှင့် တစ်ပြိုင် နက်ဖြစ်ကြ၏။] ထို ၅ ပါးလုံးပင် ရှေးကံသင်္ခါရကြောင့် သူတို့နှင့် အတူဖြစ်ဖက်“ပထဝီ, အာပေါ, တေဇော, ဝါယော = မြေ, ရေ, မီး, လေ”ဟူသော ဓာတ်ကြီးလေးပါးက အမြဲထောက်ပံ့ရသောကြောင့်(ထို ဓာတ်ကြီး ၄ ပါးက မထောက်ပံ့လျှင် စက္ခုစသည်တို့ မဖြစ်နိုင်သော ကြောင့်) “ထိုစက္ခုစသော အာယတန ၅ ပါးတို့သည် ရုပ်ကြောင့် ဖြစ်ရ၏”ဟုမိန့်တော်မူသည်။ သို့သော် စက္ခုစသော အာယတန ၆ ပါး၏ အရင်းအမြစ်အကြောင်းမှာ ရှေးကံသင်္ခါရသာတည်းဟုမှတ် ပါ။ [ဤထက် အနုစိတ်၍ရေးရလျှင် အဘိဓမ္မာ မကျွမ်းကျင်သူတို့ သာ၍ စိတ်ရှုပ်ဖွယ်ဖြစ်သောကြောင့် အကြမ်းအကျဲမျှသာ ပြရပါသည်]

**သင်္ခါရကြောင့် ပဝတ္တိအကျိုးဖြစ်ပုံ** ပဋိသန္ဓေတည်ပြီးနောက် တစ်ဘဝလုံးကို “ပဝတ္တိ =ဖြစ်ပျက်နေချိန်”ဟု ခေါ်၏။ ထို ပဝတ္တိအခါ၌ လည်း ရှေးကံသင်္ခါရကြောင့် ဝိညာဉ်နှင့်နာမ်ရုပ်တို့ ဖြစ်ကြရ၏၊ ချဲ့ဦးအံ့။ သစ်ပင်ပေါက်ဖို့ရာ မျိုးစေ့တို့သည်(နနွင်း၊ချင်း စသည်တို့၏မျိုးစေ့ကဲ့သို့) အမြစ်မျိုးစေ့၊ (ပင်လုံးမှအတက်ထွက်၍ ပေါက်ရသော နဘဲ စသည်တို့၏ မျိုးစေ့ ကဲ့သို့)ပင်စည်မျိုးစေ့၊ ကြံ စသည်တို့ကဲ့သို့ အဆစ်မျိုးစေ့၊ အညွန့်ချိုး၍ စိုက်ရသော အညွန့် မျိုးစေ့၊ အစေ့မျိုးစေ့အားဖြင့် ၅ မျိုးရှိကုန်၏။ ထိုမျိုးစေ့များကြောင့်

14 A

http://www.dhammadownload.com



ပေါက်သောသစ်ပင်တို့တွင် မြေကောင်း ရေကောင်း ရှိရာ၌ ပေါက်သော သစ်ပင်တို့သည် မပြုမပြင်ဘဲ စည်ပင်ကြီးမား ထွားကျိုင်းသီးပွင့်ကြကုန်၏။

လူသူမနီးသော ခြောက်သွေ့သော တောင်ကုန်းစသည်၌ ပေါက်ကြရသော သစ်ပင်တို့ကား စည်ပင်လန်းဆန်း သန်စွမ်းခြင်း မရှိဘဲ ခြောက်ကပ်လိမ်ခွေ ကျက်သရေမဲ့အနေဖြင့်သာ တာရှည် တည်နေကြကုန်၏။ အလယ်အလတ်မြေရေမှာ ပေါက်နေကြရသော သစ်ပင်တို့ကား ပြုပြင်သူ ရှိ, မရှိလိုက်၍ စည်ပင်ထိုက်သမျှ စည်ပင်ကြရပေသည်။ ထို့အတူပင် ကံသင်္ခါရတို့ကြောင့် ဝိညာဉ်ဖြစ်ရာ၌ လည်း ကံသည် မျိုးစေ့နှင့်တူ၏။ တစ်ဘဝလုံး ဝိညာဉ်နာမ်ရုပ်အစု ဖြစ်သော ခန္ဓာကိုယ်သတ္တဝါကား သစ်ပင်နှင့်တူ၏။ အလွန်ကောင်းသော ကံသင်္ခါရတို့ကြောင့် နတ်ပြည် ဗြဟ္မာ့ပြည်နှင့် တက်ကပ် အသက်တမ်း ရှည်ရာအခါတို့၌ဖြစ်ကြရသော လူသတ္တဝါတို့သည် ရေမြေကောင်းသောအရပ်ဝယ်ပေါက်ရသောသစ်ပင်များကဲ့သို့ ဉာဏ် ဝီရိယ ပယောဂ တို့ဖြင့် မပြုမပြင်ရဘဲ ကျန်းမာချမ်းသာကြကုန်၏။ ဆိုးရွားသောကံ သင်္ခါရကြောင့် အပါယ် ၄ ပါး၌ဖြစ်ရသော သတ္တဝါတို့သည် သွေ့ခြောက်သော မြေပြင်၌ ရေလောင်းသူမရှိဘဲ ပေါက်ရသော သစ်ပင်များ ကဲ့သို့ ဒုက္ခ များကြရကုန်၏။ ထိုသစ်ပင်များသည်ပင် တောမီးလောင် ခံကြရပြန်သကဲ့သို့ ဒုက္ခပေါ် ဒုက္ခလွှမ်းမိုးကာ ညှဉ်းဆဲနှိပ်စက်ခံကြရကုန်၏။

ယခုခေတ်လူသတ္တဝါတို့ကား အလယ်အလတ် ရေမြေ၌ ပေါက်ရသောသစ်ပင်များနှင့်တူကုန်၏။ ရေလောင်းနိုင်လျှင် မြေဩဇာကောင်းကောင်းပေးနိုင်လျှင် ထိုသစ်ပင်များ စည်ပင်ကြီးထွားကုန်သကဲ့သို့ ဉာဏ်ဝီရိယ ပယောဂ ကောင်းလျှင် ချမ်းသာခွင့်ရှိကုန်၏။ ရေမလောင်းဘဲ မြေဩဇာမပေးလျှင် တဖြည်းဖြည်း ညှိုးနွမ်း

http://www.dhammadownload.com



သကဲ့သို့ ဉာဏ်ဝီရိယညှံ့ဖျင်းနေလျှင် အကျိုးပေးလည်း ညှံ့ဖျင်းဖွယ် ရှိသည်။

ဤစကားစဉ်အရ (ထူးခြားသောကံပါသူမှတစ်ပါး)များစွာကုန်သောသတ္တဝါတို့၏ တစ်ဘဝလုံးအတွက် ချမ်းသာဆင်းရဲ ကွဲပြားမှုသည် ဉာဏ်ဝီရိယ ပယောဂ အကူအညီ ကောင်းမကောင်း အပေါ်မှာ တည်သည်ဟု မှတ်ပါ။ [အကျယ်စိတ်ဖြာ၍ ရေးဖွယ် ရှိသော်လည်း ပဋိစ္စသမုပ္ပာဒ်တရားတော် ရှည်မျောသွားမည်စိုး၍ အကျဉ်းမျှပြရတော့သည်။]

**(ဆောင်)** ကံဟု မူလ၊ သမ္ဘဝတို့၊ ဟောကြသည်မှာ၊ အရင်းသာတည်း၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း။ (မဃဒေဝလင်္ကာ)

**သဠာယတန၏ သရုပ်နှင့်သတ္တိ**

မျက်လုံးအတွင်း မျက်နက်ဝန်း၏ အလယ်ခေါင်၌ "စက္ခုပသာဒ" ခေါ် အကြည်ဓာတ် ပါ၏၊ ထိုအကြည်ဓာတ်ကို "စက္ခာယတန" ဟု ခေါ်၏။ နားရွက်၏ လိုဏ်ခေါင်းအတွင်း၌ "သောတပသာဒ"ခေါ် နားရွက်အကြည်ဓာတ် ပါ၏၊ "သောတာယတန"ဟုခေါ်၏။ နှာခေါင်းပေါက်အတွင်း၌"ဃာနပသာဒ"ခေါ် နှာခေါင်းအကြည်ဓာတ် ပါ၏၊ "ဃာနာယတန"ဟုခေါ်၏။ လျှာ၏အလယ်၌ "ဇိဝှာပသာဒ"ခေါ် လျှာအကြည်ဓာတ်ပါ၏၊ "ဇိဝှာယတန"ဟုခေါ်၏။ ခန္ဓာကိုယ်၏ထိုထိုအရပ်ဌာန၌ "ကာယပသာဒ"ခေါ် ကိုယ်အကြည်ဓာတ်ပါ၏၊ "ကာယာယတန"ဟုခေါ်၏။ ပဋိသန္ဓေတည်သည်မှစ၍ (ဝီထိစိတ်မဖြစ်သမျှ) အမြဲဆက်၍ ဖြစ်ပျက်နေသောဝိညာဉ်ကို "မနာယတန"ဟုခေါ်၏။

**အာရုံ ၆ ပါး**

အပြင်ဘက်၌ အဆင်း, အရောင်, အမှောင်, အမဲဟူသမျှသည် ရူပါရုံမည်၏။ စက္ခုအကြည်ဓာတ်ရှိရာတိုင်း၌ ရေးရှု တွေ့နေသော ရူပါရုံဟူသမျှသည် ဓာတ်သဘာဝ

http://www.dhammadownload.com



အလိုက် တိုက်ဆိုင်လျက် ရှိ၏။ (စက္ခုအကြည်ဓာတ်မရှိလျှင် မည်မျှ လောက်ကြီးစားသော်လည်း ထိုရူပါရုံများ မတိုက်ဆိုင်နိုင်။) ထို့အတူ ပင် နားအကြည်ဓာတ်ရှိရာ၌ ကြားလောက်ရာအရပ်က အသံအာရုံများ တိုက်ဆိုင်၏။ နှာခေါင်းအကြည်ဓာတ် ရှိရာတိုင်း၌ ရောက်လာသော အနံ့အာရုံ ဟူသမျှ တိုက်ဆိုင်၏။ လျှာပေါ်၌ ရောက်သော အစာ အာဟာရများ၀ယ် ချို, ချဉ်, စပ်, အငန်, အခါးအရသာများသည် လျှာအကြည်ဓာတ်၌ တိုက်ဆိုင်၏။ ထိုထိုအတွေ့အထိအာရုံများသည် ခန္ဓာကိုယ်နှင့် ထိမိသမျှ အရပ်တိုင်း၌ ကာယအကြည်ဓာတ်၀ယ် တိုက် ဆိုင်လျက်ရှိ၏။ ထိုအာရုံငါးပါးအပြင် စိတ်ဖြင့်သာ သိရသော အာရုံ များကိုဓမ္မာရုံဟုခေါ်၏။ ထိုဓမ္မာရုံများကား အရေအတွက် မကုန်နိုင် အောင် များ၏။ ထိုဓမ္မာရုံများလည်း စိတ်စွမ်းသတ္တိအလိုက် ထို မနော အကြည်ဓာတ်၌ ထင်ပေါ်လာကြသည်။

**သဠာယတနကြောင့် ဖဿဖြစ်ပုံ**

စက္ခုအကြည်ဓာတ်စသည်၌ဆိုင်ရာ အာရုံထင်လာသောအခါ (အာရုံတိုင်း မဟုတ်သော်လည်း တချို့က အာရုံ အတွက်)ဓာတ်သဘာ၀အလိုက် စိတ်၌ထိခိုက်မှု ဖဿဖြစ်၏။ (အရာ ၀တ္ထုခြင်း မထိဘဲလျက် ထိရသလိုဖြစ်အောင် ထိခိုက်လာ၏။) ထို သို့ ဓာတ်ခိုက်ခြင်း ဓာတ်ထိခြင်း ဓာတ်တွေ့ခြင်းကိုပင် "ဖဿ" ဟု ခေါ်၏၊ ထင်ရှားစေအံ့၊ အချဉ်စားသူကိုမြင်ရာ၌(မိမိမစားရဘဲ) လျှာ ရည်ကျတတ်၏။ ဓားသွေးကျောက်၌ သဲရှပ်ရှပ်နှင့် ဓားသွေးနေသည် ကို မြင်ရကြားရသောအခါ အနားကနေသူမှာ သွားကျိန်းသလိုဖြစ်နေ တတ်၏။ သတ်ပုတ် ရိုက်နှက် သွေးထွက်သံယိုဖြစ်နေသည်ကို မြင်ရာ ၌ ကြောက်တတ်သူ အချို့မှာ မျောမေ့၍ပင် သွားတတ်၏။ သစ်ပင် ခေါင်ဖျား တက်နေသည်ကိုမြင်ရာ၌ ကြောက်တတ်သူမှာ မြေပေါ်နေ ပါလျက် ဒူးတုန်၍ နေတတ်သည်။ အေးမြငြိမ်းချမ်း ကျောင်းသင်္ခမ်း

http://www.dhammadownload.com



ရိပ်သာဝယ် ဘာဝနာကမ္မဋ္ဌာန်းဖြင့် ရွှင်လန်းနေသောသူတော်စင်ကို မြင်ရာ၌ ထိုမြင်ရသူ၏စိတ်မှာ သာယာအေးမြလာ၏။ ဤသို့ ဖြစ်ရခြင်းများသည် အာရုံနှင့်စိတ်၏ထိခိုက်မှု ဖဿပင်တည်း။

ရှေးကံသခါရကြောင့် ခန္ဓာကိုယ်၌ စက္ခာယတနစသော အာယတနခြောက်ပါးဖြစ်ခဲ့ရကား စက္ခာယတနရှိ၍ ရူပါရုံနှင့်ခတ် ထိမှုဖဿဖြစ်ရ၏။ သဒ္ဒါယတနရှိ၍ သဒ္ဒါရုံနှင့်ခတ်ထိမှု ဖဿ ဖြစ်ရ၏။ ဃာနာယတနရှိ၍ ဂန္ဓာရုံနှင့်၊ ဇိဝှာယတနရှိ၍ ရသာရုံနှင့်၊ ကာယာယတနရှိ၍ ဖောဋ္ဌဗ္ဗာရုံနှင့်၊ မနာယတနရှိ၍ သိဖွယ်ဟူသမျှနှင့် ခတ်ထိမှု ဖဿဖြစ်ရ၏။ ရှေးကံမကောင်း၍ စက္ခုအလင်းမရသူမှာ အဆင်းအာရုံကို ခတ်ထိနိုင်သော စက္ခုဖဿ မဖြစ်။ ထို့အတူ နားပင်းသူ, ဃာနပသာဒ ပျက်စီးသူ၊ ဇိဝှာပသာဒ ပျက်စီးနေသူတို့၌ လည်း သောတဖဿ၊ ဃာနဖဿ၊ ဇိဝှာဖဿများ မဖြစ်နိုင်ကြပါ။ထို့ကြောင့် "သဠာယတနပစ္စယာ ဖဿော=အာယတနခြောက်မျိုးကြောင့် ဖဿ ခြောက်မျိုး ဖြစ်ရ၏"ဟုမိန့်တော်မူသည်။ အာယတနတစ်ပါးပါး ချို့ယွင်းလျှင် ထိုနှင့်ဆိုင်သော ဖဿလည်းမဖြစ်။ အာယတနခြောက်ပါးလုံး မရှိလျှင် ဖဿခြောက်မျိုးလုံးမရှိနိုင်။

**ဖဿကြောင့် ဝေဒနာဖြစ်ပုံ**

ခံစားမှုကို "ဝေဒနာ"ဟုခေါ်၏။ တကယ်ကောင်းသည် ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ မျိုးရိုးအလိုက် (သို့မဟုတ် မိမိစိတ်အကြိုက်အားဖြင့်) အကောင်းဟုထင်နေသောအာရုံနှင့်တွေ့သောအခါ သာယာခံစားမှု ဝေဒနာ ဖြစ်၏။ ကျမ်းစာတို့၌ "သုခဝေဒနာ"ဟု ခေါ်သည်။ မျိုးရိုးအလိုက် စိတ်ကြိုက်အားဖြင့် "မကောင်း"ဟု ထင်နေသော အာရုံနှင့်တွေ့သောအခါ မသာယာသော ခံစားမှုဝေဒနာ ဖြစ်၏။ "ဒုက္ခဝေဒနာ" ဟုခေါ်သည်။ အကောင်းဘက်လည်းမပါ၊ မကောင်းဘက်လည်း မပါသောအာရုံနှင့် တွေ့သောအခါ သာယာမှု မသာယာမှု မရှိသော

http://www.dhammadownload.com



ဝေဒနာဖြစ်၏။ "ဥပေက္ခာဝေဒနာ"ဟု ခေါ်သည်။ [ဥပေက္ခာ= ဥပ+ ဣက္ခာ၊ ဥပ=သင့်တော်ရုံ၊ ဣက္ခာ= စံစားခြင်း၊ "ခံစားတယ်"ဟုဆိုရရုံ မသိမသာခံစားခြင်းတည်း။ ထို မသိမသာ ခံစားခြင်းကို"လျစ်လျူ ရှုခြင်း"ဟုလည်းပြောကြသည်။] အာရုံနှင့်ဓာတ်ခိုက်မှုဖြစ်မှသာ ဤ ဝေဒနာလည်း ဖြစ်နိုင်၏။ ဖဿ မဖြစ်သော အာရုံ၌ ဝေဒနာမဖြစ်။ မျက်စိကွယ်နေသူသည် အဆင်းအာရုံ၌ ဓာတ်ခိုက်မှုဖဿ မရှိသော ကြောင့် အဆင်းအာရုံကို ခံစားမှုဝေဒနာလည်း မဖြစ်တော့ချေ။

**ဝေဒနာကြောင့် တဏှာဖြစ်ပုံ**

တပ်မက်, ခင်မင်, လိုချင်, တောင့်တမှုကို"တဏှာ" ဟုခေါ်၏။ သုခဝေဒနာဖြစ်ရသောအခါ ထိုသုခ ဖြစ်ခိုက်၌ တပ်မက်မှုတဏှာ ဖြစ်၏။ ထိုသုခမျိုး ထပ်၍ ထပ်၍ ရအောင် လိုချင်တောင့်တမှု တဏှာလည်း ဖြစ်၏။ ဒုက္ခဝေဒနာဖြစ်ပြန်လျှင် ထိုဒုက္ခမှ လွတ်မြောက်၍ သုခရောက်အောင် တောင့်တမှု တဏှာဖြစ်ပြန်၏။ ဥပေက္ခာဝေဒနာ(မသိမသာခံစားမှု) ဖြစ်ပြန်လျှင်လည်း မသိမသာ တောင့်တမှုတဏှာ ဖြစ်ပြန်၏။ တဏှာ ဖြစ်သမျှ လောလောဆယ် ခံစားစံစားမှု ဝေဒနာသော်လည်း အရင်းခံ ရှိ၏။ သို့မဟုတ် ရှေးက ခံစားခဲ့ရသော ဝေဒနာကိုတွေး၍လည်း တောင့်တမှုတဏှာ ဖြစ်သေး၏။ ယခုဘဝ၌ပင် မတွေ့ဖူး မကြုံဖူး မခံစားဖူး(မနောသမ္ဖဿဖြစ်ရုံမျှ)စိတ်မကူးဖူးသော အာရုံတို့၌ ဖဿ မဖြစ်သောကြောင့်ဝေဒနာမဖြစ်၊ ဝေဒနာမဖြစ်သောကြောင့် ထိုမတွေ့ဖူး စိတ်မကူးဖူးသော အာရုံတို့၌ တဏှာမဖြစ်၊ နတ်ပြည်ရှိသည်ဟု မကြား ဖူးသော လူမျိုးတို့၌ နတ်သမီး နတ်သားအကြောင်း စိတ်မျှမကူးဖူး၍ သောတသမ္ဖဿ မနော သမ္ဖဿ မဖြစ်ကြချေ။ ထို့ကြောင့် နတ်သမီး နတ်သားဘဝကို မှန်းဆ၍ စိတ်ကူးအားဖြင့် ခံစားမှု ဝေဒနာမဖြစ်၊ ဝေဒနာ မဖြစ်သောကြောင့် တောင့်တမှုတဏှာလည်း မဖြစ်ချေ။

http://www.dhammadownload.com



**တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ**

ဖားကို မြွေဖမ်းရာ၌ စွဲစွဲလမ်းလမ်း မလွှတ်တမ်း ဖမ်းထားသကဲ့သို့ တဏှာဖြင့် တပ်မက်ခင်မင် လိုချင် တောင့်တမိသော အာရုံ၌ တမ်းတမ်းစွဲ ငမ်းငမ်းတက်ဖြစ်နေသော တဏှာအကြီးစားကို "ဥပါဒါန်"ဟုဆိုထိုက်၏။ ထိုတဏှာဖြင့် တပ်မက်မိသောအာရုံ၌ အထင်အမျိုးမျိုးဖြစ်ကာ အယူမှားနေသောဒိဋ္ဌိကိုလည်း "ဥပါဒါန်"ဟု ခေါ်၏။ [ဥပ=လွန်လွန်ကဲကဲ စွဲစွဲလမ်းလမ်း+အာဒါန=ယူခြင်း။] မြန်မာရာဇဝင်၌ ရှင်ဘုရင်တစ်ဦးသည် တောလယ်သွားရာ၌ နတ်သမီးနှင့်တွေ့ခဲ့၍ စွဲလမ်းအားကြီးသဖြင့် ရှုံးဖူးသတတ်၊ နတ်သမီးနှင့်တွေ့ရခြင်းသည် စက္ခုဖဿတည်း။ ထိုဖဿကြောင့် သာယာမှု သုခဝေဒနာဖြစ်၏၊ ထိုသုခဝေဒနာကြောင့် တဏှာဖြစ်၏၊ ထိုတဏှာကြောင့် လွန်ကဲပြင်းပြစွာစွဲလမ်းသော ဥပါဒါန်ဖြစ်ရသည်။ နဂိုက နတ်သမီးကိုတပ်မက်မှုတဏှာမဖြစ်ခဲ့လျှင် ဥပါဒါန်လည်း ဖြစ်မည်မဟုတ်။ ထို့ကြောင့် ဥပါဒါန်ဟူသမျှ တဏှာကြောင့် ဖြစ်ရသည်ဟု မှတ်ပါ။ ( ဘဝအဆက်မပြတ်အောင် သံသရာလည်ပုံ၊ သတ္တဝါတစ်ယောက် ဆက်ကာဆက်ကာဖြစ်ပုံကိုပြသော တရားတော်ဖြစ်၍ "ဝေဒနာကြောင့် တဏှာဖြစ်၊ တဏှာကြောင့် ဥပါဒါန် ဖြစ်ရသော"အဆက်ကိုပြထားတော်မူသည်။ ဝေဒနာကြောင့် သဒ္ဓါတရားစသည်တို့ဖြစ်၍ ဝိပဿနာအားထုတ်လျက် သံသရာအဆက်ဖြတ်နည်းလည်း ရှိပါသေးသည်။

**ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ**

"ဘဝ"ဟူရာ၌ ကမ္မဘဝ, ဥပပတ္တိဘဝ ဟု ၂ မျိုးရှိ၏။ ထိုတွင် သင်္ခါရအရ၌ ပြခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံသည် ကမ္မဘဝမည်၏၊ထိုကံကြောင့် နောက်ဘဝ၌ ပဋိသန္ဓေဝိညာဉ်နှင့် ကမ္မဇရုပ်တို့ဖြစ်ရခြင်းသည် ဥပပတ္တိဘဝမည်၏၊ ချဲ့ဦးအံ့။ ယခုဘဝ၌ အာရုံတစ်ခုခုကို(သား မယားစသည်ကို)ဥပါဒါန်ဖြင့် စွဲလမ်းနေရာ ထိုဥပါဒါန်အရင်းခံ၍ သူ့ကို

http://www.dhammadownload.com



ရဖို့ရန်၊ ရပြီး ပြန်လည် ကျွေးမွေး စောင့်ရှောက်ဖို့ရန် အကုသိုလ်ကံကိုလည်း ပြု၏။ နောက်ဘဝ၌ အတူတကွ ချမ်းသာသုခရဖို့ရန် ကုသိုလ်ကံကိုလည်း ကြိုးကြိုးစားစားပြု၏။ ဤကံမျိုးသည် ယခုလက်ရှိ အာရုံကို စွဲလမ်းသောဥပါဒါန်ကို အရင်းခံ၍ဖြစ်ရသော ကမ္မဘဝ တည်း။

တချို့ကား နောက်ဘဝ လူ့ပြည်နတ်ပြည်၌ ကာမဂုဏ်တွေကိုခံစားလိုသောဥပါဒါန်ဖြစ်၏။ ထိုဥပါဒါန်ကြောင့်(မသူတော်တို့တရားနာမိ၍ ကောင်းမှုအထင်ဖြင့်)မကောင်းမှုကံကိုလည်း ပြုမိ၏။ (သူတော်ကောင်းတရားကိုနာကြားရ၍)ကောင်းသောကံကိုလည်း ပြုမိ၏။ ရူပဘုံ အရူပဘုံ၌ကား ထိုကာမချမ်းသာထက်ပင် ချမ်းသာသေး၏ဟု စွဲလမ်းမှုဥပါဒါန်ကြောင့် ရူပကံ အရူပကံကိုလည်းပြုပြန်၏။ အယူမှားမှု ဒိဋ္ဌိဥပါဒါန်ကြောင့် ကုသိုလ်ကံ အကုသိုလ်ကံ ဟူသော ကမ္မဘဝတွေဖြစ်သေး၏။ ထိုသို့ ကမ္မဘဝဖြစ်လျှင် နောက်ဘဝ၌ ပဋိသန္ဓေဝိညာဉ်နှင့်ကမ္မဇရုပ်ဟူသော ဥပပတ္တိဘဝလည်း ဖြစ်ရတော့မည်သာ။ ထို့ကြောင့် "ဥပါဒါနပစ္စယာဘဝေါ=ဥပါဒါန်ကြောင့် ဘဝဖြစ်သည်ဟု ဟောတော်မူသည်။

**ဘဝကြောင့် ဇာတိ**

**ဇာတိကြောင့် ဇရာ မရဏ**

နောက်ဘဝ၌ဝိညာဉ်နှင့်ရုပ်တို့၏ ပထမဖြစ်မှုကို "ဇာတိ" ဟုလည်းကောင်း၊ "ပဋိသန္ဓေ"ဟုလည်းကောင်း ခေါ်၏။ ပဋိသန္ဓေ တည်ခြင်းဟုလည်းခေါ်သည်။ ထိုသို့ပဋိသန္ဓေ(ဇာတိ)ဖြစ်လျှင် ရင့်ရော်မှု ဇရာလည်း ဖြစ်ရ၏။ သေကြေမှု မရဏလည်း ဖြစ်ရတော့၏။ မည်သူမဆို မသေမီ ရင့်ရော်မှုဇရာ ဖြစ်သေး၏။ သေတော့မည်ဆိုလျှင် နဂိုရုပ်ကလေးတွေ ဆွေးမြည့်လာ၏။ ထိုဆွေးမြည့်မှုလည်း ဇရာပင်တည်း။

ဤစကားအရ "သတ္တဝါတွေ ဘာကြောင့်သေရပါလိမ့်"ဟု

http://www.dhammadownload.com



စဉ်းစားလျှင် "ဇရာကြောင့်သေရ၏"ဟု အဖြေတွေ့ရမည်။ "ဘာကြောင့် ဇရာဖြစ်ရပါလိမ့်"ဟုစဉ်းစားပြန်လျှင် "ပဋိသန္ဓေ တည်နေမှု ဇာတိရှိသောကြောင့်ဇရာဖြစ်ရသည်"ဟုအဖြေတွေ့ရ၏။ "ဘာ့ကြောင့် ဇာတိဖြစ်ရသနည်း"စသည်ဖြင့်ဆက်ကာဆက်ကာ စဉ်းစားပြန်လျှင် ရှေးဘဝကံယခုဘဝဝိညာဉ်နှင့်ကမ္မဇရုပ်တို့ကြောင့်ဇာတိဖြစ်ရသည်။ ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ရသည်။ တဏှာကြောင့် ဥပါဒါန်ဖြစ်ရသည်။ ဝေဒနာကြောင့် တဏှာဖြစ်ရ၏စသည်ဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရသည်ဟု သိနိုင်ပေသည်။

**သောက စသည် ဖြစ်ပုံ**

ဆွေမျိုး ဥစ္စာစသည်တို့၏ ဆုတ်ယုတ်မှု ပျက်စီးမှုကြောင့် ဖြစ်ရသော ဝမ်းနည်းခြင်းသည် သောက မည်၏။ ငိုကြွေးခြင်းသည် "ပရိဒေဝ"မည်၏။ ခန္ဓာကိုယ်မှာဖြစ်စေ၊ စိတ်မှာဖြစ်စေ ဆင်းရဲနေခြင်းသည်"ဒုက္ခ"မည်၏။ စိတ်မချမ်းမသာဖြစ်ရခြင်းသည် "ဒေါမနဿ"မည်၏။ အလွန်ပြင်းထန်စွာ စိတ်ပင်ပန်းခြင်းသည် "ဥပါယာသ"မည်၏။ ဤသောကစသည်တို့သည် ဘဝတိုင်း၌ တွေ့ကြုံရသော တရားများမဟုတ်ကြ။ လူ့ဘဝ၌ ပဋိသန္ဓေတည်ပြီး၍ မကြာခင်သေရသူ၊ နတ်ဘဝဗြဟ္မာ့ဘဝ၌ ဖြစ်ရသူတို့မှာ ဤသောက စသည် ဖြစ်ခွင့်မရှိ။ သို့သော် ဇာတိရှိလျှင် တချို့ဘဝ၌ တွေ့ရတတ်သောကြောင့် ဇာတိ၏အကျိုးအဆက်ဆက်မျှကို ပြတော်မူခြင်းငှာ "ဇာတိပစ္စယာ ဇရာ မရဏံ"ဟုဟောတော်မူပြီးနောက် "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ"ဟု ဆက်လက်၍ ဟောတော်မူသည်။

**သံသရာစက် လည်ပုံ**

ဤပဋိစ္စသမုပ္ပါဒ်တရားတော်၌ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဖြင့် လွန်ခဲ့ပြီးသော အတိတ်ဘဝ ရှိနေကြောင်းကိုပြ၍ "သင်္ခါရပစ္စယာ ဝိညာဏံ"မှစ၍ "ဥပါဒါနပစ္စယာဘဝေါ"ဖြင့် ကမ္မဘဝထိအောင် ယခုဘဝ၌ စိတ်

http://www.dhammadownload.com



ဝိညာဉ် စေတသိက်နှင့် ရုပ်ခန္ဓာဖြစ်ရသဖြင့် သတ္တဝါတစ်ယောက် အကောင်အထည်ပေါ်လာ၏။ ထိုနာမ်ရုပ်ကြောင့် သဠာယတနဖြစ်ရလျှင် ယခုဘဝ၌ မြင်မှု ကြားမှု အရသာခံမှု တွေ့ထိမှု စိတ်သိ သိမှုတွေဖြစ်ပေါ်လာကာ လူမှုရေးရာတွေ အကုန်အစင် ဖြစ်နေနိုင်လေပြီ။ ထိုအခါ ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်ဖြစ်သဖြင့် နောက်ဘဝ၌ ဆက်၍ ဖြစ်ဖို့ရာ "ကမ္မဘဝ" ဟုခေါ်သော ကံသင်္ခါရ တရားတွေ ဖြစ်ရပြန်လေသည်။ ထိုကံသင်္ခါရ ဖြစ်လာကတည်းက အဝိဇ္ဇာလည်း အရင်းခံပြီး ဖြစ်နေပြန်၏။ ထိုကမ္မဘဝကြောင့် နောက်ဘဝ၌ ပဋိသန္ဓေဝိညာဉ်အသစ်ဟူသော ဥပပတ္တိဘဝဖြစ်ပြန်ရကား ဇာတိ ဇရာ မရဏတွေ ဆက်၍ပွားပြန်တော့သည်။ ဤနည်းအရ စဉ်းစားလိုက်လျှင် သတ္တဝါဟုလည်းကောင်း "ငါ၊ သူ၊ ယောကျ်ား မိန်းမ"ဟုလည်းကောင်း ခေါ်ဆိုနေကြခြင်းသည် နာမည်မျှသာ ဖြစ်၏။ အမှန်မှာ သတ္တဝါမရှိ၊ သူငါစသည်မရှိ၊ ရုပ်နာမ်တရားတို့ သူ့ သဘာဝအတိုင်း ဆိုင်ရာကိစ္စကို ရွက်ဆောင်နေကြခြင်းသာဖြစ်၏။ စီမံဖန်ဆင်း၍ ပေးနိုင်သူလည်း မရှိ။ အနတ္တလက္ခဏာသုတ်၌ ပြခဲ့သော အတ္တလည်း မရှိ။ "အဝိဇ္ဇာနှင့် သင်္ခါရစသည်တို့လည်း မည်သည့်ကမ္ဘာကစ၍ ဖြစ်ခဲ့ကြသည်"ဟု အစမရှိရကား မိမိလည်း အစ မရှိသူပင်ဖြစ်ရတော့သည်။

**အစမရှိသော်လည်း လက်တွေ့မှန်ပုံ**

ဤ ပဋိစ္စသမုပ္ပာဒ် တရားစဉ်အရ ရှေ့အစွန်းအစကို ဉာဏ်ဖြင့် လိုက်၍ ကြည့်သောအခါ အစွန်းအစမတွေ့ရဘဲ "လိုက်လေ ပြေးလေ"ဖြစ်နေရကား"ရှေ့အစွန်းအစမရှိ"ဟုပင် မှတ်ထားရတော့မည်။ သို့သော် ထိုသို့မှတ်ထားခြင်းကား ပုထုဇဉ်တို့ဉာဏ်ဖြင့် ကောန်ဒိဋ္ဌသိရှိရ၍ အားရပါးရသဘောကျသော မှတ်ထားခြင်း မဟုတ်သေးချေ။ ဤနေရာ၌ ပြောစမှတ်တစ်မျိုးကိုပြဦးမည်။ ပဋ္ဌာန်းပစ္စည်း တစ်နေရာ၌ ဆရာအစဉ်အဆက် မကျေနပ်သော အယူအဆလေး တစ်ချက်

http://www.dhammadownload.com



ရှိ၏။ စာသင်သားတစ်ပါးက ဆရာတော်တစ်ပါးအား လျှောက်သော အခါ "အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူလာပါလိမ့်မည်၊ အဲဒီအခါကျမှ သေသေချာချာ လျှောက်ပေတော့"ဟု အဖြေပေးတော်မူသတဲ့။ ဆရာတော်တစ်ပါးကမူ "ကိုယ်ကိုယ်တိုင် ဘုရားဖြစ်အောင် ပါရမီဖြည့်ပါ၊ ဘုရားဖြစ်တော့မှ သေသေချာချာ သိရပါလိမ့်မည်"ဟု အဖြေပေးသတတ်။ ထိုဆရာတော်များ အဖြေပေးကြသလို ရှေးအစွန်းအစကို တွေးကြရာ၌ ယခုခေတ်ဝယ် မည်သည့်ပညာရှိမျှ ကျနစွာဖြေနိုင်တော့မည် မဟုတ်ပါ။ မိမိကိုယ်တိုင် အရိယာ အဖြစ်ရောက်၍ တရားပေါက်မှဖြစ်စေ၊ နောက်ဘုရားတစ်ဆူ ပွင့်တော်မူမှဖြစ်စေ ပိုင်နိုင်သောအဖြေကို ရကြပေလိမ့်မည်။

ယခုစာတို့၌တွေ့ရသည်ကား "ပုဗ္ဗကောဋိ န ပညာယတိ = ရှေ့အစွန်းအစကို မသိအပ် မသိနိုင်"ဟုသာတည်း။ ဤသို့ ရှေ့ အစွန်းအစကို မသိရသော်လည်း ပဋိစ္စသမုပ္ပါဒ်နည်းအရ လက်တွေ့ အဖြစ်အပျက်တွေကား မှန်ကန်လှ၏။ စက္ခာယတနမရှိလျှင် စက္ခုနှင့် ဆိုင်သော ဖဿမဖြစ်၊ ဖဿ မဖြစ်လျှင် ဝေဒနာမဖြစ်၊ ဝေဒနာမဖြစ်လျှင်တဏှာမဖြစ်၊ စက္ခာယတနဖြစ်သောကြောင့်သာ ဖဿစသည် ဖြစ်ရ၏။ ထိုစက္ခာယတနလည်း ရှေးကံသင်္ခါရကြောင့် စိတ်ဝိညာဉ် နာမ် ရုပ်ဖြစ်ရာတွင် ပါဝင်ခဲ့ရ၏။ ဤသို့စသည်ဖြင့် စစ်ဆေးကြည့်သောအခါ လက်တွေ့အားဖြင့်လည်း မှန်နေသည်ကို တွေ့ရပါလိမ့်မည်။ ["န ပညာယတိ"ဟုဆိုရာ၌ "ဘုရားရှင်က မသိ"ဟုမဆိုလို။ အစမရှိသောကြောင့် "အစကိုမသိနိုင်"ဟုသာ ဆိုလိုပါသည်။ အခြားနေရာ၌လည်း "အနမတဂ္ဂေါ–အနုစ် တစ်ရာ တစ်ထောင်စသည်ဖြင့် လိုက်၍ မသိနိုင်သောအစရှိ (ဝါ)အစမရှိ"ဟုဆိုပါသည်။]

**အချို့ခွပ်စွဲပုံ** ဘာသာခြားအယူရှိသူတို့က "ဗုဒ္ဓဘာသာဝင်တို့၏အယူ၌ လူ၏အစသည် အဝိဇ္ဇာ(ဘာမျှ မသိ

http://www.dhammadownload.com



ခြင်း) ကစ၍ အဆုံးကား နိရောဓ (ဘာမျှမရှိခြင်း)မှာဆုံး၏။ မသိခြင်းက စ၍ မရှိခြင်းမှာ ဆုံးသည်”ဟုဆိုလိုကြ၏။ သူတို့ယူဆသလို “အဝိဇ္ဇာက စ၍ ဖြစ်သည်”ဟု မဆိုလိုပါ။ပဋိစ္စသမုပ္ပာဒ်တရားတော်ကိုဟောရာ၌သာရေးဘဝအကြောင်းကို ပြလို၍ အဝိဇ္ဇာနှင့်သင်္ခါရကို ပထမပြလိုက်ပါသည်။ အဆုံး နိဗ္ဗာန်လည်း ဘာမျှမရှိသောအရာ မဟုတ်ပါ။ စိတ်စေတသိက်များ ထင်ရှားရှိကြသလို နိဗ္ဗာန်လည်း ထင်ရှားရှိသော ဓာတ်တစ်မျိုးပင်ဖြစ်သည်။ ထို့ကြောင့် “မသိခြင်းက စ၍ မရှိခြင်းမှာဆုံးသည်”ဟုမစွပ်စွဲထိုက်ပါ။ တချို့ကလည်း “ဘုရားရှင်ကိုယ်တိုင် အစကို မသိ”ဟုစွပ်စွဲကြ၏။ “မသိ”ဆိုသည်မှာ မောဟသဘောဖြစ်၍ ထိုသို့မစွပ်စွဲထိုက်ပါ။

**သံသရာ အဆုံးသတ်ပုံ**

ဝိညာဉ်နာမ်ရုပ်တို့ဆက်ကာဆက်ကာဖြစ်ခြင်းကို “သံသရာ” ဟုခေါ်၏။ တစ်ယောက်အတွက် ဆိုလျှင် ထိုသူ၏ဝိညာဉ်နာမ်ရုပ်တို့ ဆက်ကာ ဆက်ကာ ဖြစ်ခြင်းကို ထိုသူ့အတွက်“သံသရာ”ဟုခေါ်၏။ တစ်ယောက်အတွက် သံသရာ၏ အခြေအမြစ်ကိုရှာလျှင် ရှေးဘဝ၌ အဝိဇ္ဇာကို တွေ့ရ၏။ ဤဘဝ၌(နောက်ဆက်၍ဖြစ်ဖို့ရာ) တဏှာကို တွေ့ရ၏။ မှန်၏။ ရှေးဘဝ၌ အဝိဇ္ဇာမဖြစ်ခဲ့လျှင် ကံသင်္ခါရပင် မဖြစ်တော့ရကား ဤဘဝ၌ ဝိညာဉ်နာမ်ရုပ်တို့ စုပေါင်းလျက် သတ္တဝါဟု ထင်မြင်ရသော အကောင်အထည် ပေါ်လာမည်မဟုတ်။ ဤဘဝ၌ ဝေဒနာကြောင့် တဏှာမဖြစ်ဘဲ သဒ္ဓါစသောတရားကောင်းတွေ ဖြစ်နေလျှင် ဥပါဒါန်နှင့် ကမ္မဘဝမဖြစ်တော့ရကား (ရဟန္တာဖြစ်လောက်အောင် တဏှာကုန်သူတို့အတွက်)နောက်ဘဝဆက်ဖွယ်မရှိ။ ဝေဒနာကြောင့် တဏှာစသည်ဖြစ်သောကြောင့်သာ နောက်ဘဝကို ဆက်ရပြန်သည်။ ထို့ကြောင့် အဝိဇ္ဇာနှင့် တဏှာသည် သံသရာစက်၏ အခြေအမြစ်ဟုသိရ၏။ သို့ဖြစ်လျှင် အဝိဇ္ဇာနှင့်တဏှာအမြစ်ကို ဖြတ်နိုင်ဖို့ရာ

http://www.dhammadownload.com



အရေးကြီး၏။ ဘယ်နည်းဖြင့် ဖြတ်မည်နည်း။ တဏှာသည် သူများသန္တာန်မှာ ဖြစ်သည်မဟုတ်၊ ကိုယ့်သန္တာန်မှာ ဖြစ်၏။ ထိုတဏှာဖြစ်တိုင်းလည်း အဝိဇ္ဇာပါနေ၏။ တဏှာနှင့် အဝိဇ္ဇာတို့ကို ကိုယ်တိုင်ဖြတ်လျှင် ဘာ့ကြောင့် မပြတ်ဘဲ ရှိရမည်နည်း။

အထူးစင်ကြယ်သောသီလမြေပြင်ဝယ် ကြိုးစား အားထုတ်ချင်သော ဝီရိယခြေအစုံကို တည့်မတ်စွာရပ်တည်၍ သမာဓိ တည်းဟူသော ဓားသွေးကျောက်၌ ထက်မြက်စွာသွေးအပ်သော ဝိပဿနာဉာဏ်သန်လျက်ကို အချက်ကျစွဲကိုင်ကာ တဏှာနှင့်အဝိဇ္ဇာကို အရင်းခံ၍ ဝိညာဉ်နာမ်ရုပ်တို့ ဆက်ကာဆက်ကာ ဖြစ်နေသော ကိုယ်ခန္ဓာဝယ် အထည်ကိုယ် အမာခံ အနှစ်အမတောဟု ခေါ်ဝေါ် ပြောဆိုရလောက်သော အတ္တလည်းမရှိ၊ မပျက်စီးဘဲ အမြဲချမ်းသာနေသောအရာလည်းမရှိ၊ တင့်တယ်သောအရာလည်းမရှိ၊ "အားလုံးသော ဝိညာဉ်နာမ်ရုပ်တို့သည် အနတ္တ, အနိစ္စ, ဒုက္ခဖြစ်၍ အမြဲသေပျောက်နေသော အသုဘတွေချည်းပါတကား"ဟု စိတ်ပါလက်ပါ ဆင်ခြင်ဖြတ်တောက်ကြပါလျှင် အဘယ်မှာ နှစ်သက်မှုတဏှာနှင့် အဝိဇ္ဇာမပြတ်ဘဲ နေနိုင်ပါတော့မည်နည်း။

တဏှာနှင့်အဝိဇ္ဇာပြတ်လျှင် သင်္ခါရလည်းမဖြစ်၊ ကမ္မဘဝလည်း မဖြစ်တော့ရကား နောက်ဘဝ၌ ဝိညာဉ်အဆက် မရှိတော့ဘဲ သတ္တဝါတစ်ယောက်အတွက် သံသရာ အဆက်ပြတ်၍ အသင်္ခတဓာတ်သာ တည်ရစ်တော့သည်။ ထို့ကြောင့် "အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရနိရောဓော=အဝိဇ္ဇာ၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ချုပ်ခြင်းဖြစ်၏။ သင်္ခါရ နိရောဓာ ဝိညာဏနိရောဓော=သင်္ခါရတို့၏ချုပ်ခြင်းကြောင့် ဝိညာဉ်၏ချုပ်ခြင်းဖြစ်၏။ ဤသို့စသည်ဖြင့် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ် စသောတရားတို့၏ချုပ်ပုံ(ချုပ်ကြောင်းနိဗ္ဗာန်)ကိုလည်း ဟောတော်မူပါသည်။

အနာဒိဒံ ဘဝစက္ကံ၊ ဝိတ ကာရက ဝေဒကံ။

နိစ္စ သုခ သုဘတ္တေဟိ၊ သုညံ ပသော ပုနပ္ပုနံ။

ဣဒံ ဘဝစက္ကံ၊ ဘဝမြားမြောင် ဒုက္ခဆောင်လျက် အခေါင်ရှည်ကြာ သံသရာဘက်ယွန်း ဤစက်ဝန်းသည်။ အနာဒိ အနာဒိဝတ၊ ကမ္ဘာ့ကမ္ဘာ အစရှာလည်း ရစရာပိုင်ပိုင် မရှိနိုင်လေစွတကား။ ဝိတကာရကဝေဒကံ၊ သူပြုစီမံ သူခံစံဟု ဆိုရန်အတ္တ မရအလျှင်းကင်းလေစွတကား။ နိစ္စ သုခ သုဘတ္တေဟိ၊ မြဲရန်အချက် ချမ်းသာကွက်နှင့် သက်သက်မနော တင့်တယ်သောသဘောတို့မှ။ သုညံ၊ မရှိလုံးလုံး သုဉ်းခဲ့လေစွတကား။ ဣတိ၊ ဤသို့။ ပုနပ္ပုနံ၊ တစ်နေ့ တစ်ရက် တစ်နံနက်မျှ မကစိတ်စွဲ ထပ်တလဲလဲသာလျှင်။ ပသော၊ မိဉ္ဇာန်မြင့်မြင့် နိဗ္ဗာန်ပွင့်အောင် မလင့်ပုံသေ ရှုစားသင့်ပေတော့ သတည်း၊

**ပဋိစ္စသမုပ္ပါဒ် မှတ်ဖွယ် ပြီးပြီ။**

## အနာဂတဘယ သုတ်တော်

**၁။ အနာဂတ်ဘေး ၅ မျိုး** ဘိက္ခုတို့ ... ဤပြလတ္တံ့သောဘေးတို့သည် ယခု (ထိုသုတ်တော်ကို ဟောတော်မူချိန်မှာ) မဖြစ်သေးဘဲ နောင်အခါ ဖြစ်ကြလိမ့်မည်။ ထိုဘေးများကို သင်တို့သိထားနှင့်ကြ။ သိပြီး၍ ထိုဘေးများ မပေါ်လာအောင် ကြိုးစားကြ။ ထိုဘေးတို့ကား–

၁။ (မိမိကိုယ်ကို ဣန္ဒြေရရှနှင့် နေတတ်အောင် ပြုပြင်သောအားဖြင့်)ခန္ဓာကိုယ်၏တိုးတက်ကြီးပွားမှုလည်း မရှိကြသော၊ သီလသိက္ခာတိုးတက်မှုလည်း မရှိကြသော၊ စိတ်နေစိတ်ထား သမာဓိ တိုးပွားမှုလည်းမရှိကြသော၊ လောကုတ္တရာပညာ တိုးပွားမှုလည်း မရှိကြသော

http://www.dhammadownload.com



ရဟန်းတို့သည် သူတို့ကိုယ်တိုင်ဥပဇ္ဈာယ်ဆရာကြီးလုပ်ကာ အခြားသူတို့ကို ရဟန်းပြုပေးကြလိမ့်မည်။ထိုသို့အရည်အချင်းမရှိသောဥပဇ္ဈာယ်ဆရာတို့သည် မိမိတပည့်များကို ကိုယ်နေ စိတ်ထား သီလ, သမာဓိ, ပညာတိုးပွားအောင် ဆုံးမနိုင်ကြတော့မည် မဟုတ်။ ထိုတပည့်များလည်း ကိုယ်နေ စိတ်ထား သီလ, သမာဓိ, ပညာ တရားတိုးပွားခြင်းမရှိဘဲ မိမိတို့၏ လက်အောက်တပည့်များကို ရဟန်းပြုပေးကြလိမ့်ဦးမည်။ ဤသို့အဆက်ဆက် တရားပျက်ခြင်းကြောင့် ဝိနည်းပျက်ပြားခြင်းဟူသောဘေး ပေါ်လာလိမ့်မည်။

၂။ ဤ ၂နံပါတ်၌ နိဿရည်းဆရာလုပ်၍ တပည့်များကို နိဿရည်းပေးခြင်းသာ ထူးသည်။ [ အရပ်တစ်ပါးမှ လာနေသော တပည့်များ၏ အမှီခံဆရာကို နိဿရည်းဆရာဟု ခေါ်၏။]

၃။ ခန္ဓာကိုယ်နှင့် သီလ, သမာဓိ, ပညာ တိုးပွားမှု မရှိကြသော နောက်ခေတ်ရဟန်းတို့သည် အဘိဓမ္မာတရား ဉာဏ်ရမှုနှင့် ယှဉ်သောတရားများကို ဟောကြသောအခါ မကောင်းသောစိတ်ထားဖြင့် သူတစ်ပါးတို့ကို ပုတ်ခတ်စော်ကားခြင်း၊ ပစ္စည်းရအောင် ဟောခြင်းတို့ဖြင့် စိတ်ဆိုး စိတ်ညစ်တွေ ပေါ်ပေါက်၍ တရားစစ် သဘောမှန်ကို သိကြတော့မည်မဟုတ်။[ဥပမာ—သင်္ဂြိုဟ်စကား ပြောရင်း ငြင်းကြ ခုံကြ ကိုယ်တတ်ကြောင်းပြကြ၊ လာဘ်ရမှုများကို လိုလားကြသဖြင့် သဘောအမှန်ကို ဝေဖန်နားလည်မှုမရှိကြတော့ဘဲ သူတို့ကိုယ်တိုင်ပင် ပစ္စည်းလိုချင်သော လောဘ၊ သူတစ်ပါးကို စော်ကားသော ဒေါသတွေဖြစ်နေတော့သကဲ့သို့တည်း။]

၄။ ကိုယ်အနေအထားနှင့် သီလ, သမာဓိ, ပညာ တိုးပွားမှု မရှိသော နောက်ခေတ် ရဟန်းတို့သည် ဗုဒ္ဓကိုယ်တော်တိုင် ဟောထားတော်မူခဲ့၍ လေးနက်လှစွာ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ဟောလျှင် မနာချင်ကြ၊ ထိုတရားများကို

http://www.dhammadownload.com



သင်ယူထိုက်သည်ဟုပင် မမှတ်ထင်ကြ။ သာသနာ့ပြင်ပ ဖြစ်သူတို့က ရွတ်၍ကောင်းအောင် အဆန်းတကြယ် ဖွဲ့စီအပ်သော ဂါထာများကို သာ နားထောင်လိုကြ၊ သင်ယူလိုကြလိမ့်မည်။ [ယခုအခါ၀ယ် ဘုရားဟောဖော် ပါဠိတော် အစစ်အမှန်ကို မသင်ယူလိုဘဲ၊ သင်ရသော်လည်း စိတ်တက်ကြွခြင်းမရှိဘဲ အခြားဘာသာစကားများကို သင်ရမှ စိတ်အား ထက်သန်ကြပုံမျိုးတည်း။]

၅။ ကိုယ်နေကိုယ်ထား သီလ, သမာဓိ, ပညာ တိုးပွားခြင်း မရှိကြသော နောက်ခေတ်ရဟန်းတို့သည် အလျော့အတင်း ၂ မျိုး ရှိရာ၀ယ် အလျော့ဘက်၌သာ ရှေ့သွားခေါင်းဆောင် လုပ်ကြလိမ့်မည်။ တောကျောင်းစသည်၌ ငြိမ်သက်စွာ တရားနှင့်နေမှုကိစ္စ၌ လုံ့လဝီရိယ လျှော့ချထားကြလိမ့်မည်။ "အပေါင်းအဖော်မှ ခွဲခွာ၍ တစ်ကိုယ်တော်တည်း နေဖို့ရန်နှင့် မကောင်းသောစိတ်တွေမှ ခွဲခွာ၍ တရားစိတ်ဖြင့်နေဖို့ရန် စိတ်ကူးမျှထည့်ကြတော့မည်မဟုတ်"ဟူလို။

စဉ်းစားဖွယ်။ ။ ထိုဘေးငါးမျိုးလုံးပင် ယခုအခါ၀ယ် သာသနာတော်၌ ဆိုက်ရောက်လျက်ရှိ–မရှိကိုစဉ်းစားသင့်၏။ ၁–၂–နံပါတ်အရ(အချို့ဆရာတော်များကိုထား၍)များစွာသော ဆရာဥပဇ္ဈာယ်တို့သည် တပည့်များကို နိုင်နင်းအောင် ဆုံးမနိုင်ကြပါသေး၏လော။ မိမိကိုယ်တိုင်ကလည်း တပည့်များ ခံ့ညားရှိသေအောင် သီလ, သမာဓိ, ပညာ တိုးပွားကြပါ၏လော။ထိုဆရာသမား၏တပည့်တို့က အသက်ကြီး၍ ဆရာဥပဇ္ဈာယ် လုပ်ကြပြန်လျှင် ယခင်ဆရာ၏ အဆင့်အတန်းကိုမျှ မီကြပါဦးမည်လော။

၃–၄–၅–နံပါတ် အနာဂတ် ဘေးများလည်း ယခုအချိန်မှာ ဘယ်အခြေအနေရောက်နေပြီလဲ၊ စာသင် စာချကြရာ၌(စာမေးပွဲများ၏စည်းကမ်းကြောင့်) ဗုဒ္ဓတရားတော်ထက် ဗုဒ္ဓတရားတော် မဟုတ်သော သဒ္ဒါ သင်္ဂြိုဟ် စသည်ကိုလည်းကောင်း၊ ဗုဒ္ဓတရားတော်ကို

http://www.dhammadownload.com



အနည်းငယ်ပြ၍ အပိုကျမ်းစာများကိုလည်းကောင်း သင်ယူရသော အချိန်က များနေပြီမဟုတ်ပါလော။ ထို့ကြောင့်လည်း အချိန်ကြာသလောက် ဗုဒ္ဓဟောတော်မူရင်းကို အသိမများကြသဖြင့် သဒ္ဓါတရားလည်းမတိုး၊ သာသနာတော်ဆိုင်ရာ သမထ ဝိပဿနာပညာလည်း မတိုး၊ စိတ်နေစိတ်ထားကြီးမားရင့်သန်မှုလည်း မတိုးပွားဘဲ ထိုဘေးများဝယ် တဝဲလည်လည် ဖြစ်နေကြရပြီမဟုတ်ပါလော။

**၂။ အနာဂတ်ဘေး တစ်နည်း**

ဘိက္ခုတို့ ... ယခုအခါ မဖြစ်သေးဘဲ အနာဂတ်ကာလ၌ ဖြစ်မည့် ဘေး ငါးမျိုး ရှိသေး၏။ ထိုဘေးများကို သင်တို့ သိထားနှင့်ကြ၊ သိထားကြပြီးလျှင် ထိုဘေးတို့ကို စွန့်ပယ်နိုင်ဖို့ရာ ကြိုးစားကြရ မည်။ ဘေး ၅ မျိုးဟူသည်မှာ–

၁။ အနာဂတ်ကာလ၌ ရဟန်းတို့သည် သင်္ကန်း ကောင်းကောင်း အလိုရှိကြလိမ့်မည်။ သင်္ကန်းကောင်းကို အလိုရှိကြသဖြင့် ပံ့သုကူရူတင်ဆောင်ကြတော့မည်မဟုတ်။ တောကျောင်း၌လည်း နေကြတော့မည်မဟုတ်၊ ရွာ နိဂုံး မင်းနေပြည်များ၌ နေထိုင်၍ သင်္ကန်းကောင်းကောင်းရဖို့ရာ အမျိုးမျိုးသော မအပ်မရာနည်းဖြင့် ရှာမှီးကြလိမ့်မည်။

၂။ အနာဂတ်ကာလ၌ရဟန်းတို့သည်ဆွမ်းကောင်းကောင်း အလိုရှိကြလိမ့်မည်။ ဆွမ်းကောင်းကောင်း စားလိုသဖြင့် ပိဏ္ဍပါတ်ရူတင်ကိုလည်း မဆောင်၊ တောကျောင်း၌လည်း မနေကြတော့ဘဲ ရွာ နိဂုံး မင်းနေပြည်တို့၌ နေထိုင်ကြ၍ ဆွမ်းကောင်း ဟင်းကောင်း မုန့်ပဲသရေစာကောင်းရဖို့ရာ အမျိုးမျိုးသော မအပ်မရာနည်းတို့ဖြင့် ရှာမှီးကြလိမ့်မည်။

၃။အနာဂတ်ကာလ၌ ရဟန်းတို့သည် ကျောင်းကောင်း

http://www.dhammadownload.com



ကောင်း အလိုရှိကြလိမ့်မည်။ ကျောင်းကောင်း၌နေလို၍ ရက္ခမူဝတ်ကို မဆောက်တည်ကြတော့၊ တောကျောင်း၌လည်း မနေကြတော့ဘဲ ရွာ နိဂုံး မင်းနေပြည်တို့၌ နေထိုင်ကာ အမျိုးမျိုးသောမအပ်မရာနည်းတို့ဖြင့် ကျောင်းရှာမှီးကြလိမ့်မည်။

၄။ အနာဂတ်ကာလ၌ ရဟန်းတို့သည် ဘိက္ခုနီ, သိက္ခမာန် သာမဏေမတို့နှင့်(ယခုခေတ် သီလရှင်၊ ရသေ့မတို့နှင့်) ရောရော နှောနှောနေကြလိမ့်မည်။ ထိုသို့နေခြင်းကြောင့် ဖြစ်ဖွယ်အပြစ်တို့ ကား မပျော်မွေ့ဘဲသော်လည်း သာသနာတော်၌ နေကြရလိမ့်မည်။ ရှန်းရင်းကြမ်းတမ်းသောအာပတ်တို့သော်လည်းရောက်ကြလိမ့်မည်။ လူသော်လည်း ထွက်ကြလိမ့်မည်။

၅။ အနာဂတ်ကာလ၌ ရဟန်းတို့သည် ကျောင်းတိုက်၌ရှိသော အာရာမ်စောင့်(ကပ္ပိယ) သာမဏေများနှင့် ရောရောနှောနှော နေကြလိမ့်မည်။ ထိုသို့နေသဖြင့် ဖြစ်ဖွယ်အပြစ်တို့ကား စားသောက်ဖွယ်များကို နောက်တစ်နေ့ စားသောက်ဖို့ရာ သိမ်းထားမှုကို သော်လည်း ပြုကြလိမ့်မည်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးဖို့ရာ မြေကို ကိုယ်တိုင်သော်လည်း တူးဆွကြလိမ့်မည်။ (မအပ်မရာသော အသုံးအနှုန်းဖြင့်) အတူးအဆွသော်လည်း ခိုင်းကြလိမ့်မည်။ ဟင်းသီး ဟင်းရွက်ကို ကိုယ်တိုင်သော်လည်း ဆွတ်ခူးကြလိမ့်မည်။ (မအပ်မရာသော အသုံးအနှုန်းဖြင့်) အဆွတ်အခူးသော်လည်း ခိုင်းကြလိမ့်မည်။ (ဤဘေး ၅ မျိုးလည်း ယခု ရောက်နေပြီ မဟုတ်ပါလော၊ ဒကာ ဒကာမတို့ကလည်း ဆရာသမားများကို ကောင်းကောင်း နေစေလို၊ ကောင်းကောင်း ဝတ်စေလို၊ ကောင်းကောင်းစားစေလိုကြသဖြင့် လည်းကောင်း၊ နောက်ဘဝ၌မိမိလည်းကောင်းကောင်းရလို၍လည်းကောင်း၊အကောင်းလှူရမှ ကျေနပ်ရာကြပေသည်။ [ အင်္ဂုတ္တိုရ်၊ ပဉ္စက၊ ဒုတိယပဏ္ဏာ၊ ယောဓာဇီဝဝဂ်။]

http://www.dhammadownload.com



# သာသနာကွယ်ကြောင်းတရား

**က။ သာသနာတော်ကွယ်ကြောင်း ၅ ပါး** ဘိက္ခုတို့ ...ပရိယတ်,ပဋိပတ်, ပဋိဝေဓ သဒ္ဓမ္မခေါ် သာသနာတော်၏ကွယ်ဖို့ရာ အကြောင်း ၅ ပါးရှိ၏။ ၅ ပါးကား–

၁။ ရဟန်းများ တရားမနာကြခြင်း၊

၂။ ပိဋကတ် တရားတော်များကို လေးလေးစားစား မသင်ယူခြင်း၊

၃။ ပိဋကတ်တရားတော်များကို သင်ယူပါသော်လည်း လေးလေး စားစား နှုတ်တက်ရအောင် ဆောင်မထားခြင်း၊

၄။ နှုတ်ရ ဆောင်ရွက်ထားသော်လည်း ထိုတရားတော်များ၏ အနက်အဓိပ္ပာယ်တို့ကို မစဉ်းစား မကြံစည်ခြင်း၊

၅။ စဉ်းစားကြံစည်၍ သိပါသော်လည်း သိသည့်အတိုင်း မကျင့်ခြင်း၊ ဤ ၅ မျိုးတည်း။

ဤ သာသနာကွယ်ကြောင်း ၅ ပါးတွင်–

၁။ "တရားမနာ"ဟူရာ၌ ဆိုင်ရာတိုက်တာကို အုပ်စီးသော ဆရာတော်များ၏ ပါဠိတော်မှ ထုတ်ဖော်ဟောပြသောတရားမျိုးကို မနာကြခြင်းတည်း။ ယခုအခါ၌ကား ထိုသို့လေးနက်သော တရားတော်ကို ဟောပြသော ပုဂ္ဂိုလ်ပင် ရှားပါးလေပြီ။

၂။ "စာပေမသင်ခြင်း"ဟူရာ၌ သဒ္ဒါ သင်္ဂြိုဟ်တို့လို စာမျိုးကို သင်ရုံမျှဖြင့် အချိန်ကကုန်၍ ဗုဒ္ဓရှင်တော်မြတ်၏ လေးနက်သော သုတ္တန်များကို မသင်ကြလျှင် သင်ယူရာပင် မရောက်သေးချေ။

၃။ "နှုတ်ရ မဆောင်ခြင်း"ဟူရာ၌ ပေထက် အက္ခရာ မတင်ရသေးမီအချိန်၌ နှုတ်ရမကျက်လျှင် ကျန်ပိဋကတ်တော်များ ကွယ်ပ

http://www.dhammadownload.com



ဖွယ်ရှိ၏။ ယခုအခါ၌ စာအုပ်များ ရှိနေပြီဖြစ်၍ နှုတ်ရမဆောင် သော်လည်း သာသနာ မကွယ်နိုင်ခြင်းဖြစ်သည်။

၄။ "အနက် အဓိပ္ပာယ်မသိခြင်း"ဟူရာ၌ ပါဠိတော်၏ အနက်ကို အဋ္ဌကထာအဆိုဖြင့် နားလည်ခြင်း၊ အဋ္ဌကထာ အဆိုကို ဋီကာဖြင့် သိနိုင်ခြင်းသည် ထိုသို့သိရှိနားလည်အောင် ပါဠိ အဋ္ဌကထာ ဋီကာ ဟူသမျှ၌အနက် ဉာဏ်ကြီးဖို့ အရေးကြီးလှပေသည်။ သဒ္ဒါ သင်္ဂြိုဟ် စသော ယခုခေတ်စာမေးပွဲများဖြင့်အချိန်မကုန်သင့်ပေ။

၅။ "တရားတော်နှင့် လျော်အောင်မကျင့်ခြင်း"ဟူရာ၌ ဝိနည်းတော်နှင့် လျော်အောင်နေထိုင်ခြင်း၊ သုတ္တန် အဘိဓမ္မာနှင့် လျော်အောင် စိတ်ကိုဆုံးမ၍ တရားအားထုတ်ခြင်းများတည်း။ ယခုအခါ ထိုပြခဲ့သော ၅ ပါးလုံးပင်ကြိုးစားမှုနည်းလှပြီဖြစ်သောကြောင့် သာသနာ ကွယ်ဖို့အရေးသည် ငါးထောင်တိုင်အောင် နေးတော့မည် မဟုတ်ပါ။

**၈။ သာသနာကွယ်ကြောင်း ၅ မျိုး တစ်နည်း**

ဘိက္ခုတို့ ... သာသနာတော်ကွယ်ပဖို့ရာ အကြောင်းအရာ ၅ မျိုးရှိသေး၏။ (၁) ပိဋကတ်ပါဠိတော်များကို မသင်ခြင်း၊ (၂) သင်ပါသော်လည်း ထိုသင်အပ်ပြီးသော ပိဋကတ်တရားတော်များကို သူတစ်ပါးအား အကျယ်မဟောခြင်း၊ (၃) ထိုသင်အပ်ပြီးသော ပိဋကတ်တရားတော်ကို အကျယ်ပြောပြ၍ မပို့ချခြင်း၊ (၄) ထိုသင်အပ်ပြီးသောပိဋကတ်တရားတော်ကို အကျယ်အားဖြင့် မရွတ်ဆို မအံခြင်း၊ (၅)ထိုသင်အပ်ပြီးသော ပိဋကတ်တရားတော်၏ အနက်အဓိပ္ပာယ်ကို မကြံစည် မစဉ်း စားခြင်း။ ဤ ၅ မျိုးတည်း။

**မှတ်ချက်**

ဤ ငါးပါးကား စာပေ ပိဋကတ်တော်ကွယ်မှုနှင့် ဆိုင်သောအကြောင်းများတည်း။ စာပေပိဋကတ်ကွယ်လျှင် အကျင့် ပဋိပတ်လည်း ကွယ်တော့မည်သာ။ ပဋိပတ်ကွယ်

http://www.dhammadownload.com



ပါမှု ကျင့်ပြီးမှ သိရမည့် ပဋိဝေဓ သာသနာတော်ကွယ်တော့မည်မှာ ပြောဖွယ်မရှိပြီ။ ထို့ကြောင့် စာချပုဂ္ဂိုလ်တို့သည် အောက်တန်းစာတွေမှာ အချိန်ကုန် မခံစေဘဲ သဒ္ဓါပညာ တိုးပွားစေမည့် အထက်တန်း ပိဋကတ်ပါဠိ အဋ္ဌကထာများကိုသာ ပို့ချသင့်ကြသည်။

ပါဠိတော်များကို မသင်ကြဘဲ သဒ္ဒါသင်္ဂြိုဟ်လို အောက်တန်းစာတွေကို မည်မျှလောက်သင်ကြစေကာမူ ဗုဒ္ဓ၏နှုတ်တော်မှ ထွက်ပေါ်လာသော ပိဋကတ်တရားတော်များကား ကောန်ကွယ်ပ ပါလိမ့်မည်။ "အကျယ်မဟော၊ အကျယ်မချ" ဟူရာ၌လည်း ထိုပါဠိတော် ၏ အနက်အဓိပ္ပယ်ကို အဋ္ဌကထာ ဖွင့်ပြသကဲ့သို့ အကျယ်မဖွင့်ပြ ခြင်းကို ဆိုလိုပါသည်။ ယခုကာလ၌ အနုသန္ဓေ အတက်အထွက်နှင့် သဒ္ဒါရေး စိစစ်ချက်တွေကို ဆိုလိုခြင်း မဟုတ်ပါ။

**ဂ။ သာသနာကွယ်ကြောင်း ၅ မျိုး တစ်နည်း**

ဘိက္ခုတို့ သာသနာကွယ်ခြင်းအကြောင်း တရား ၅ မျိုး ရှိသေး၏။ (၁) အက္ခရာ ပုဒ်ပါဌ်များ မှားမှားယွင်းယွင်းနှင့် ပိဋကတ်ကို သင်ယူခြင်း၊ [အက္ခရာမှားလျှင် အနက်အဓိပ္ပာယ် အယူအဆလည်း မှားတော့မည်သာ။ အနက်အဓိပ္ပာယ် အယူအဆမှားလျှင် ဘုရားအဆုံးအမတော်များ ပျောက်ကွယ်သွားဖွယ်ရှိ၏ ဟူလို။] (၂) ရဟန်းတို့၏ ပြောဆိုဆုံးမခက်ခြင်း၊ (၃) စာချနိုင်လောက်သော ပုဂ္ဂိုလ် တို့က စာမချခြင်း၊ [ထိုပုဂ္ဂိုလ်များ ကွယ်လွန်သွားကြသောအခါ ထို ပုဂ္ဂိုလ်များ တတ်သိထားသော တရားများအဆက်ပြတ်၍ သာသနာ ကွယ်ကြောင်း တစ်မျိုးဖြစ်၏ ဟူလို။] (၄)ပစ္စည်းလာဘ်ပေါများခြင်းကို အလိုရှိကြသဖြင့် အလျော့ဘက်သို့လိုက်ကာ သာသနာ ဆုတ်ယုတ်ရေး၌ ရှေ့သွား ခေါင်းဆောင်လုပ်၍ သာသနာတိုးတက်မှု၌ကား ဆန္ဒ ဝီရိယ လျော့ချခြင်း။ (၅) သံဃာ ကွဲပြားခြင်း၊ ဤငါးပါး တည်း။ [အင်္ဂုတ္တိုရ်၊ ပဉ္စကနိပါတ်၊ စတုတ္ထပဏ္ဏာသက၊ သဒ္ဓမ္မဝဂ်]

http://www.dhammadownload.com



မှတ်ချက်။ ။ ၂ နံပါတ်အရ ပြောဆိုဆုံးမခက်ခြင်းကို ယခုအခါတိုက်တာတိုင်းမှာလို တွေ့နေကြရ၏။ စာချရာ၌ ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ မသင့်တော်သောအချက်များကို မပြောဝံ့အောင် ရှိနေကြလေပြီ။ ၃ နံပါတ်အရနဂိုကစာချဝါသနာပါသောဆရာတော်အများပင် တပည့်များ၏ အပြောခက် အဆိုခက်မှု၊ မိမိတို့ငယ်စဉ်က ကြိုးစားသလို မကြိုးစားကြမှုကြောင့် စာမချလိုရကား စာချပုဂ္ဂိုလ်လည်း နည်းသည်ထက် နည်းပါး လာလေပြီ။

၄ နံပါတ်အရ လာဘ်လာဘပေါများအောင် လိုက်စားသူတွေများနေရုံမက ထိုသူတို့ကပင် အလျော့အတင်း နှစ်မျိုးဝယ် အလျော့ဘက်ကိုလိုက်ကာ သာသနာဆုတ်ယုတ်ရေး၌ အားပေးသူများမရှားတော့ချေ။ ၅ နံပါတ်အရ သံဃဘေဒက ကံထိုက်သော သံဃာကွဲပြားမှုမျိုး မဟုတ်သော်လည်း တစ်ဖက်နှင့်တစ်ဖက် မကျေနပ်သော ကွဲပြားမှုမျိုးကား အရပ်တိုင်းလိုရှိနေကြ၏။ တစ်ဖက်နှင့် တစ်ဖက် မကြားကောင်း မနာသာပြောဆိုစွပ်စွဲကြကာ ဆိုင်ရာ ဒကာဒကာမတို့ကိုလည်း မိမိတို့ဘက်ပါအောင် သွေးဆောင်ကြသဖြင့် ဒကာဒကာမတို့လည်း "ဆန်စဉ်ရာ ကျည်ပွေ့လိုက်"သကဲ့သို့ရိုက်ကြ နက်ကြ ရုံးတက်ကြနှင့် အကုသိုလ် များကြလေပြီ။ သာသနာနှင့် စပ်၍ အစိုးရကိုယ်တိုင် မပြုပြင်လျှင်မကွယ်သော်လည်း အကျိုးနည်းဖို့ ကိစ္စတွေ လက်ငင်းကြုံတွေ့နေပါပြီ။ [အောက်ပါလင်္ကာကို အင်္ဂုတ္တိုရ် ပါဠိတော်အတိုင်း ဆရာတော်ကြီးစီစဉ်ထားသည်။]

(က) အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊ တရားပေါင်း ကား၊ ရဟန်းများတို့၊ တရား မနာ၊ စာပေ မသင်၊ နှုတ်တွင် မဆောင်၊ သိအောင်မမှက်၊ ပဋိပတ်ကွာ၊ ဤငါးဖြာတည်း။

(ခ) နောင်လာထို့ပြင်၊ စာသင်ပယ်လျော၊ ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ "ကျယ်စွမအံ့"၊ မကြံမစည်၊ ဤငါးလီတည်း။

http://www.dhammadownload.com



"ကျယ်စွမအံ"ဟူရာ၌ အသံကျယ်ကျယ် စာအံခြင်းကို ဆိုလိုသည်မဟုတ်။ စာတို့၌ အကျယ်ရှိသည့်အတိုင်း မအံခြင်းကို ဆိုလိုသည်]

(ဂ) ဝါတစ်နည်းမှာ၊ အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊ ဆုံးမမယူ၊ စာချသူရှား၊ လာဘ်များအောင်ကြံ၊ ခိုက်ရန်ကွဲပြား၊ ဤငါးပါးသည်၊ ဘုရားသာသနာ ကွယ်ကြောင်းတည်း။

**တရား ကိုးကွယ်ပါ၏**

[ကိုး=အားကိုး+ကွယ်=ကာကွယ်။] လောကဝယ် မည်သူမဆို မိမိနှင့်ထိုက်တန်သော အားကိုးစရာ ကာကွယ်စရာရှိကြရ၏။ မရှိသေးလျှင် ရှာထားကြရ၏။ များစွာသောလူတို့ အားကိုးနေကြသော အရာများကား ဆွေမျိုးအားကိုး၊ ပစ္စည်းဥစ္စာအားကိုး၊ ပညာအားကိုး၊ ရုပ်ရည်အားကိုး၊ သတ္တိအားကိုး၊ ခွန်အား အားကိုး၊ မိတ်ဆွေအားကိုး၊ ဆရာအားကိုး၊ လက်နက်အားကိုး၊ (တိုင်းပြည်များ၌ စစ်တပ်အားကိုး၊ မဟာမိတ်အားကိုး) ဟု အမျိုးမျိုးရှိကြ၏။ ဘေးရန်ပေါ်လာလျှင်၊ ဆင်းရဲဒုက္ခရောက်လာလျှင် ထိုအားကိုးစရာများဖြင့် ကာကွယ်ကြ၏။ ထိုများစွာသော ကိုးကွယ်(အားကိုး+ကာကွယ်)စရာတို့သည်လည်း တရားတော်ကို ကိုးကွယ်ရသလောက် အရာ မရောက်ကြပါ။

ချဲ့ဦးအံ့။ ပြခဲ့သောအားကိုးစရာတို့သည် ဘေးရန် ပေါ်လာလျှင် အထိုက်အလျောက် ကာကွယ်နိုင်သဖြင့် သူ့နေရာနှင့်သူ ကိုးကွယ်ရာ ဖြစ်ကြပါပေ၏။ သို့သော် ဆွေမျိုးဥစ္စာ ပညာရုပ်ရည် စသည်တို့သည် သူတို့ကိုယ်တိုင် ပျက်စီးတတ်သောကြောင့် မိမိက အားကိုးနေတုန်းမှာပင် သူတို့ကပျက်ပြုန်း သွားတတ်ကြ၏။ ဆွေမျိုး မိဘမောင်နှမသားချင်းတို့၏ သေကြေပျက်စီးမှု၊ ဥစ္စာစည်းစိမ် ဂုဏ်သိန်ရာထူးပျက်စီးမှုစသည်ကြောင့်ဒုက္ခရောက်ရသောအခါ၌လည်းကောင်း၊ မိမိကိုယ်တိုင် အိုရ နာရ သေရခါနီးကျသောအခါ၌ လည်းကောင်း

http://www.dhammadownload.com



ထိုထိုလောက အားကိုးစရာတွေသည် လုံးလုံးအားကိုးရာ မရဘဲ တရားတော်သာ အားကိုးရာရပါတော့သည်။

**ကိုယ်ကျင့်တရားမှ အားကိုးရ**

"တရား"ဟူရာ၌ ကြားနာ ရွတ်ဖတ်ရုံတင်မကဘဲ ထို တရားတော် လာသည့်အတိုင်း မိမိစိတ် ဖြစ်အောင် အလေ့အကျင့် ပြုထားသော ကိုယ်ကျင့်တရားဖြစ်မှသာ အရေးပေါ်လာလျှင် ကိုးကွယ်ရာ ရနိုင်သည်။ ခန္ဓာကိုယ် ကျန်းမာအောင် အစား အသောက် အနေ အထိုင် စသည်ကို စည်းကမ်းကျကျ ပြုပြင်ပါလျှင် ကျန်းမာနိုင်သကဲ့သို့ စိတ်ကိုလည်း တရားစည်းကမ်းကျအောင် အလေ့အထပြုလျှင် စိတ်ချမ်းသာ၍ ဒုက္ခတွေ့သောအခါ ခံနိုင်ရည်ရှိ၏။ ထိုသို့ စိတ်ကိုပြင်သော ကိုယ်ကျင့်တရားမဟုတ်ဘဲ နားထောင်ကောင်း၍ နာကြသော တရားမျိုးကား အရေးကျလျှင် ကိုးကွယ်ရာ မရနိုင်ချေ။

ရှင်းပြဦးအံ့။ စစ်မဖြစ်မီက မြန်မာပြည်၌ ဟောကြပြောကြသော တရားသံတွေသည် မြန်မာပြည်၏ အောက်ဆုံးနယ်နိမိတ်မှ အထက်ဆုံးနယ်နိမိတ်တိုင်အောင် တရားသံချင်း ဆက်တော့မတတ်များပြားကျယ်ပြန့်ခဲ့ပေ၏။ သို့သော် စစ်အတွင်း၌ကား ထိုတရားသံကို နာခံခဲ့သူအများပင် ပါဝင်၍ လုကြ ယက်ကြ ဓားပြတိုက်ကြ၏။ အလုအယက် အတိုက်ခံရသော တရားနာပရိသတ်တို့ကလည်း ဝမ်းနည်း ပူဆွေး ငိုကြွေးလိုက်ကြသည်မှာ(စကားစပ်မိလျှင်)ယခုပင် မျက်ရည်ကျကြသေး၏။ ဆိုလိုရင်းကား ထိုဟောခဲ့သမျှ နာခဲ့သမျှ တရားတွေသည် ခန္ဓာကိုယ်တွင်း၌ ကိုယ်ကျင့်တရားတွေ ဖြစ်နေပါမူ လုယက်တိုက်ခိုက်သူလည်း မဖြစ်နိုင်၊ အလုအယက် အတိုက်အခိုက် ခံရစေကာမူ သောက ပရိဒေဝလည်း ဤမျှလောက် မဖြစ်နိုင်ဟု ဆိုလိုပါသည်။

ကြားနာသူတွေကို ထားလိုက်ပါဦးတော့၊ ဟောပြောပို့ချ၍ နေသောဆရာသမားတို့ကိုယ်တိုင်လည်းကိုယ်ကျင့်တရားလုံလောက်

http://www.dhammadownload.com



ပါလေ၏လောဟု တွေးတောဖွယ်ရာအကြောင်းများ ရှိနေ၏။ ကိုယ်တော်တစ်ပါးသည် လူအများ၏ ဆွေမျိုးမိဘသေဆုံးသောအခါတိုင်း၌ စိတ်သက်သာအောင် အဟောကောင်းလှ၏။ သို့သော် သူ့မယ်တော် ဆုံးသောအခါ၌ကား ယူကျုံးမရ ချုံးချုံးချ၍ငိုလေရာ သူ့ တရားဖြင့် သက်သာရာရဖူးသူတို့က "အရှင်ဘုရား၊ သူများအမေဆုံးတုန်းကတော့ တရားဟောပြီး၊ ကိုယ့်မယ်တော်ဆုံးတဲ့အခါ ဒါလောက် ငိုရသလား"ဟု လျှောက်ကြသောအခါ "ဟာ–အဲတာကနင်တို့အမေ၊ ဒီဟာကငါ့အမေ"ဟုပြန်ပြောလေသတဲ့။ ထို့ကြောင့် "အဟောတရား၊ အနာတရားတို့သည် အရေးကြုံက ကိုးကွယ်ရာမရဘဲ ကိုယ်ကျင့်တရားသာ ကိုးကွယ်ရာရသည်"ဟု သတိပြုကြစေလိုပါသည်။ ဤနေရာ၌ တရားအားကိုး၍ တရားဖြင့် ကွယ်ကာခဲ့ရသော ကိုယ်တွေ့ဒုက္ခတချို့ကို ပြပါဦးမည်။

## မိဘတို့ ပစ္စည်းဆုတ်ယုတ်ချိန်

ဘုန်းကြီးဆွေမျိုးများမှာ မိရိုးဖလာ အားဖြင့် ကိုယ်ပိုင်လယ်ယာကို မှီ၍ လည်းကောင်း၊ အတိုးအပွားချ၍လည်းကောင်း အသက်မွေးသူများ ဖြစ်ရကား ရှေးခေတ်ကသော် အသောက်အစားကစားသမားလည်း မရှိခဲ့၊ ဆင်းရဲနွမ်းပါးသူလည်းမရှိခဲ့။ ယခုအချိန်မှာမူ ကြွယ်ဝသူများလည်း ရှေးကထက်ပင်ကြွယ်ဝကြ၍ ဆင်းရဲသူများလည်း ရှိကြလေပြီ] ထိုရှေ့ပိုင်းခေတ်ဝယ် ဘုန်းကြီး၏ဒကာကြီးနှင့် အဘိုးလေးတော်စပ်သူ ၂ ယောက်ကား လယ်ယာလုပ်ကိုင်မှုကို ပင်ပန်းသည်ဟု အထင်ရ၍ စပါးကုန်သည်ကြီးများလုပ်ကာ အသက်မွေးကြလေသည်။ ထိုအခါ ဘကြီးတော်သူ ဓနရှင် တစ်ယောက်က "ဟဲ့–ငါတို့အမျိုးဟာ ရိုးရာအလုပ်အကိုင်ဖြင့် မဆင်းရဲကြပါဘူး၊ မင်းတို့ ၂ ယောက် ထူးထူးဆန်းဆန်း မလုပ်ကြပါနဲ့"ဟု တားမြစ်ဖူးသတဲ့။ သို့ရာတွင် မန္တလေးပွဲစားစက်ပိုင်များနှင့် မိတ်ဆွေဖြစ်၍ ထိုအလုပ်ကိုမှ

http://www.dhammadownload.com



ဟုတ်တယ်လို့ အထင်ရှိကာ အမြတ်အစွန်းရသောအခါ ဖောဖောသီသီ သုံးစွဲ၍၊ ရှုံးသောအခါ အိမ်က စိုက်ထုတ်ခြင်းဖြင့် နှစ်ပေါင်းအတော် ကြာလေသော် ပထမကမ္ဘာစစ်ကြီးဖြစ်ခါနီး ပဲဖြူလေး အရှုံးကြောင့် ဆွေမျိုး မနေရှင်များ၏ အကြွေးများ ပတ်လည်ဝိုင်းနေဟန် တူပါသည်။ ဘုန်းကြီး၏ချက်မြှုပ်အိမ်ရာလည်း အပေါင်ဆုံးကာ အမွေရ အိမ်ရာ တစ်ခုသို့ ပြောင်းရွှေ့ရပါတော့သည်။ မိဘ ၂ ဦး လည်း ကြည်နူးခြင်း ရှိပုံမရလှ။ ဘုန်းကြီးက မန္တလေး၌ စာသင်နေရာက ထိုအကြောင်းကို ကြားရသော်လည်း စိတ်မဆင်းရဲလှသေးပါ။ ၂ ဖက်ဘိုးဘွား၏ အမွေ အနှစ်များဖြင့် ငါ့မိဘများမဆင်းရဲတန်ရာဟု တွေးတောမိပါသည်။

**စာသင်သားဘဝ ဒုက္ခ**

ရဟန်းမဖြစ်မီ ဆင်းရဲသောနည်းဖြင့် ဆွမ်းမခံခဲ့ရ သော်လည်း ရဟန်းဖြစ်သောအခါ ဆရာ၏အမိန့် တော်အရ ပခုက္ကူ မူလစာသင်တိုက်ကြီး၌ စာသင် နေရစဉ်ကား အမှတ်တရ ဒုက္ခကလေးတွေ များလှလေ၏။ ရောက် ၍ မကြာမီ ကိုယ်တော်တစ်ပါးက "ဆွမ်းဖိတ်ရအောင်"ဟု ခေါ်သွား၍ တော်တော်ခံ့ညားသောအိမ်ကြီးရှေ့မှာ ရပ်နေကြ၏။ အိမ်ရှေ့မှာလည်း အိမ်ရှင်များနှင့် အမျိုးသမီး တစ်ယောက်ရှိလေသည်။ ထုံးစံအတိုင်း "ဘာအလိုရှိပါတုံး ဘုရား" ဟု မေးသောအခါထိုကိုယ်တော်က "ဟောဒီ ကိုယ်တော်လေး မိဝေး ဖဝေး နှင့် စာသင်ချင်လွန်းလို့" အစချီသော ပုန်းတောင်း ယာစကာသံနှင့် အင်မတန်သနားဖွယ်ရာ မဟာကရုဏာ ဖြစ်လောက်သော အချက်များကို မိန့်မြွက်တော်မူလေသော် တစ်ခါမျှ ဆွမ်းမဖိတ်၍ နားရိုင်းနေသော မိမိမှာ ရပ်၍ မနေနိုင်တော့ဘဲ ထို ကိုယ်တော်ပြော၍မပြီးခင် တိတ်တိတ်ကလေး ပြန်ပြေးခဲ့ပါတော့သည်။

ထိုကဲ့သို့ ဆွမ်းမဖိတ်လိုသည့်အတွက် အများဘုံလောင်းရာ တွင် ရသမျှဖြင့် မျှတနေစဉ် တစ်ရံတစ်ခါ ရဟန်းအမကြီးများထံမှ ငွေတင်လိုက်သော်လည်း အဆင်သင့် ကပ္ပိယကျောင်းသား မရှိသော

http://www.dhammadownload.com



အခါ(ရဟန်းအမကြီးများနှင့် ထိုဒကာမကြီးများ၏ကိုးကွယ်နေသော ဝိနည်းမိုရ်ဆရာတော်များ အထင်သေးမည်စိုးသောကြောင့်) ပြန်ပို့လိုက်ရတော့၏။ ကျောင်းသားကပ္ပိယ အဆင်သင့်တဲ့အခါ အပ်သောပစ္စည်းများကို သုံးစွဲခွင့်ရ၏။ သကၢန်းမလုံလောက်၍ ထိုဝတ္ထုဖြင့် ခဝါ သကၢန်းကို ကပ္ပိ(ဝယ်)ရဖူးသေး၏။

အခါတစ်ပါးသော်ဆွမ်းခံပြန်အလာတွင်ဘုန်းရှင်ကံရှင်ဖြစ်သော မိတ်ဆွေတစ်ပါးက သပိတ်ကိုဖွင့်ကြည့်ကာ စားဖြစ်လောက်အောင်မရသောဆွမ်းဟင်းကိုမြင်၍"မင်းလိုသာ ဆင်းရဲလျှင် ငါတော့ စာမသင်ဘူး"ဟုအားပေးရာသေး၏။ ရသမျှ ဘုံလောင်းဆွမ်းဟင်း ၄-၅ ခွက်သည်နံနက်စာမျှ မလောက်ပါ။ ညနေကျလျှင် ဆာမည်စိုး၍ ဆွမ်းသန့်သန့်ကို နေ့စာချန်ကာ တစ်ရံတစ်ခါ သူများပေးသောဟင်းကလေးနှင့်စားရ၏။ တစ်ရံတစ်ခါ ထန်းလျက်နှင့်စားရ၏။ တစ်ရံတစ်ခါသော် ရေနှင့်ရော၍အလိုက်သင့်မျှောချခဲ့ရပါသည်။

**တရားကိုသာ သတိရပုံ**

ထိုမျှ ဆင်းရဲပါသော်လည်း စိတ်ကား မညှိုးငယ်ပါ။ "ငါသည် ရှေးရှေးဘဝက ပညာဘက်၌ အားတက်သရော ကောင်းမှုကိုပြုခဲ့သော်လည်း ဒါနဘက်၌မူ အမှတ်တမဲ့နေမိခဲ့ဟန်တူသည်။ ထို့ကြောင့် ယခုဘဝ၌ပညာက အကျိုးပေး၍ ဒါနအကျိုးမှာ ချို့ချို့ငဲ့ငဲ့ ရှိရပေသည်။ ဒါနချို့တဲ့မှုကြောင့် ပညာသင်ရာမှာပင် ဆွမ်း မပြည့်စုံ၍ အားအင်နည်းစွာဖြင့် သင်ကြားနေရသည်။ နောင်သံသရာ ပညာကျိုးပေးရာဝယ် ဒါနကျိုးလည်း မညှိုးရအောင် ယခုဘဝက သတိကြီးစွာ ကြိုးစားရပေလိမ့်မည်"ဟု တရားကိုသာ သတိရခဲ့ပါ သည်။

ထိုအချိန်မှာ စစ်ကိုင်းနှင့်မန္တလေးကို မျှော်ကြည့်လျှင် မိဘလည်း ပစ္စည်းမပြည့်စုံ၊ ဆရာရင်းလည်း (ထိုစဉ်က) ဘုန်းကံမရှိရာ၊ မိမိစိတ်အလိုအားဖြင့် မည်သည့်ပစ္စည်းရှင်ကိုမျှ လောကွတ်ပျူငှာ

http://www.dhammadownload.com



သွားလာဝင်ထွက်၍(ပစ္စည်းရမှုအတွက်) မဆက်ဆံနိုင်။ ယခုခေတ်ဖြစ်ပုံမှာလည်း မိုးထိအောင် ပညာတတ်စေကာမူ သူတို့နှင့် အလွမ်းမသင့်သမျှ အရေးစိုက်ကြတော့မည်မဟုတ်၊ ဤသို့သာ ထင်မြင်လာပါတော့သည်။

ထို့ကြောင့် "ပညာသင်ရင်း သေလျှင်လည်း သေပါစေ၊ မသေလျှင်လည်း အပြည့်အစုံ တတ်ပေစေ၊ ပညာပြည့်စုံမှ သင့်တော်သလို စီစဉ်ရတော့မည်"ဟုကြံစည်ကာ ဤကဲ့သို့ ဆွမ်းဒုက္ခရောက်ရခြင်းသည် ပါရမီနုသော ငါ့အတွက်မထူးဆန်းချေ၊ ဗုဒ္ဓရှင်တော်သည်ပင် တောထွက်တော်မူစက ဆန်ကြမ်းထမင်းများကို မြင်ရ၍ ပဏ္ဍဝတောင်ခြေမှာ ခေတ္တခဏမျှ စဉ်းစားခဲ့ဖူးသေး၏။ ဗုဒ္ဓဖြစ်ပြီးသော အခါဝေရဉ္စာပြည်မှာ ဝါတွင်း ၃ လပတ်လုံး မုယောဆန်ကို (နောက်ပါသံဃာတော်ငါးရာနှင့်အတူ) ဘုဉ်းပေးတော်မူရသေး၏။ ဗုဒ္ဓရှင်တော်မြတ်သော်မှ ၃ လ ဆင်းရဲတော်မူရလျှင် ငါလိုလူကား ၃ နှစ် ၃ လဘဝဆင်းရဲသော်လည်း မထူးဆန်းလှ"ဟု တရားနှင့်ကာကွယ်ကာအောက်ပါတေးထပ်ကိုပင် ရေးမိခဲ့ပါသည်။

ရွှေနန်းရှင် သဗ္ဗညုသို့၊ ကပ်ဝင်လုခါတွင်၊
နတ်တွင်လူ့ ပဝရာသခင်တောင်၊ တစ်ခါစဉ်ဆီက၊
ဆွမ်းအတွက် ပဏ္ဍဝါပေါ်မှာ၊ ကြံရှာတော် ဖူးခဲ့သဖျ။
ရေးဝဋ်ကြောင့် နေစံရာ၊ ဝေရံဇာ ပြည်မ၊
ခြွေရံပါ မကြည်မြအောင်ပ၊ ထွီစရာ ဘောဇဉ်၊
မုယောဆန် သုံးဆောင်မွေ့ခဲ့ရ၊ ဘုန်းရောင်ငွေ့ တောက်တဲ့အရှင်။

သုံးဆောင်၍ နောက်မဲ့ယှဉ်သော်၊ ကြောက်ဖွယ့်အင် ဘာမရှိပါဘူး၊

ပါကဋ္ဌ-မဟုတ်ကြလူမှာ၊ နုပ်စွ သူငါ။

http://www.dhammadownload.com



အစာတွက်ကြောင့် လျှာမထွက်ပါတယ်၊
ဘာအတွက်တာ ပူရပါချိမ့်လေး။

**ခမည်းတော်ကြီး မကျန်းမာချိန်**

ဤသို့အားဖြင့် ဝမ်းနည်း ညှိုးငယ်ဖွယ်ရာ ကိုယ်အင်္ဂါ ဆင်းရဲကလေးများကို "ဘယ်သူမပြု မိမိမှု"ဟု တွေးတော ဆင်ခြင်ကာ စိတ်သက်သာစွာဖြင့် ပညာသင်ကြားနေရာ ရဟန်း ၃ ဝါအရတွင် ပခုက္ကူမြို့တိုက်ကြီး၌ စာချအဖြစ် ချီးမြှောက်ခံရ၍ ဆွမ်းဒုက္ခမှ ကျွတ်လွတ်ပြီးနောက် ၆ ဝါမြောက်မှစ၍ သကျသီဟစာသင်စာချ နှင့် အစိုးရပထမကျော်ကို ၈ ဝါအတွင်းပြီးမြောက်စေပြီးလျှင် စာပေပို့ချရင်း ကျမ်းစာများကို ရေးသား၍နေစဉ် ခမည်းတော်ကြီး မကျန်းမမာဖြစ်လာလေသည်။ ဆေးကုဖို့ရာ ငွေလည်း မယ်မယ်ရရ မရှိပါ။ ဘယ်တော့ကမှလည်း ငွေကို မစုဆောင်းခဲ့၊ အကျော်အောင်စဉ်က ရခဲ့သော ခြောက်ရာကျော်လောက်ကိုလည်း ရန်ကုန်သို့သွားဖွယ်ကိစ္စ ရှိသဖြင့် စရိတ်ကိုချန်၍ ဒကာကြီးအား အားလုံးစွန့်လိုက်၏။ ထိုအချိန်၌ ကျမ်းစာအုပ်များလည်း တစ်အုပ် မျှသာ ရိုက်ပြီးသေး၏။ ရဟန်းအမကြီးများ၏ ကျန်ရစ်ခဲ့သော သမီးကလေးက တစ်လတစ်ဆယ်တန်(နွားနို့ ညနေဖျော်ရည် သောက်ရန်)ကပ္ပိယထံ အပ်နှံထားလေ့ရှိ၏။ ထိုကဲ့သို့ မရှိမဲ့ ရှိမဲ့ ဖြစ်နေသော်လည်း အများကမူ ရပ်ရွာရှိဆွေမျိုးများကပါ ငွေတွေအလွန်ပေါများနေသည်ဟု ထင်နေကြလေ၏။ ထို့ကြောင့်ဒကာကြီးအတွက်ရပ်ရွာသို့ ရောက်သောအခါ အဖိုးလေးတော်သူက "ကိုယ်တော့် ဒကာကြီးတော့ ရမယ်မထင်ဘူး၊ ငွေဘယ်လောက်ပါတုံး"ဟုမေးရာလေသည်။

**ကြွေးစာရင်း ရှင်းရပုံ**

ခမည်းတော်ကြီးကား ထိုရောဂါဖြင့်ပင် ကွယ်လွန်ရာလေပြီ။ ထိုကိစ္စအတွက် မည်သူ့အထံမှလည်း အလှူမခံလိုပါ။ ထို့ကြောင့် နံနက်စောစောတွင် ကွယ်လွန်၍ ညနေကိစ္စပြီးဖို့ရန်ပြောရာ အားလုံးက တားကြ၏။ ရပ်ရွာ

http://www.dhammadownload.com



ထုံးစံအတိုင်း ၅ ရက်ထားပြီးမှ ကိစ္စပြီးရ၏။ ကိစ္စပြီးသောညမှာ ဝါဆိုဖို့ရန်ကလည်းနီးနေသဖြင့် မန္တလေး မပြန်ခင်(မယ်တော်ကြီးကို ကြွေးတွေနဲ့ ပစ်မထားခဲ့ချင်သောကြောင့်) အနားမှာရှိသော ဝမ်းကွဲ အစ်ကိုကြီးနှင့် ဦးကြီးကို ကြွေးစာရင်းရှင်းပေးဖို့ရန် ပြောရတော့၏။ "ရှင်း"ဆိုသော်လည်း ငွေထုတ်ပြီး ရှင်းနိုင်သော အရှင်းမျိုး မဟုတ်၊ ပေါင်နှံထားသော လယ်ယာများကို အပြီးအပိုင် အပ်သောအားဖြင့် ရှင်းရသော အရှင်းမျိုးတည်း။ ကြွေးရှင်များလည်း ဆွေမျိုးများဖြစ်ကြ သောကြောင့် ဘုန်းကြီးကိုငဲ့ညှာ၍ လွယ်ကူစွာ ရှင်းပေးရုံမက "နောင် အခါ ပြန်ရွေးယူနိုင်ပါသည်"ဟုပင် ဝန်ခံကြပါသည်။

**တရားဖြင့် ကာကွယ်ပုံ**

ဘုန်းကြီး၏ထိုအချိန်တိုင်အောင် လွန်ခဲ့သော တစ်သက်တာသည် သက်သာလှသည်မဟုတ်။ ပထမကျော်၊ ဓမ္မာစရိယ ကျမ်းပြု၊ စာချ၊ ဓမ္မကထိကဟု အမွှမ်းတင်ကြသော်လည်း ခမည်းတော် အသည်းအသန်ဖြစ်သည်ကိုမျှ အားရပါးရကုနိုင်သော အရည်အချင်းမရှိရုံသာမက ခမည်းတော် ကွယ်လွန်စဉ်၌ ကြွေးရှင်းရသူဖြစ်သည့် တိုင်အောင် ဒါနအကျိုးပေး ချို့ငဲ့လှ၏ဟု ကိုယ့်ကိုယ်ကို တွေးကာ "နိဗ္ဗာန်ကိုမျက်မှောက်မပြုနိုင်သေး၍ သံသရာ၌ ကျင်လည်ရဦးမည် ဖြစ်လျှင် ဒါနအတွက် မျက်နှာငယ်ရ သော ဘဝသို့ မရောက်စေရ၊ ရှေးရှေးဘဝတွေက အသိဉာဏ်နည်း လှ၍ ကံအမျိုးမျိုးကို ပြုခဲ့ကြသော ငါတို့မိသားစုသည် ယခုဘဝ ထို ဒဏ်ကို ခံရပေမည်။ ငါ၏အတွက်ကား သည့်ထက်ကြီးလေးသော ဒုက္ခကိုခံရသော်လည်း ငါသိထားသောတရားသည် ငါ့အဖော်ကောင်း ပမာ အားပေးစေရမည်။ ဘုရားအလောင်း အရင့်အမာကြီးတွေပင် တစ်ရံကစ်ခါ ခွန်းစလ္လာဘဝ၌ဖြစ်ရသေး၏။ ငါသည် ဘာပြုလို့ ဒီဒုက္ခ မျိုးကို မခံဝံ့ဘဲ ရှိရမည်နည်း"စသည်ဖြင့်တွေးကာ တရားဖြင့်သာ ဒုက္ခ ကို ကာကွယ်ခဲ့ရပါသည်။

http://www.dhammadownload.com



**ရည်ရွယ်ချက်များ** ဘုန်းကြီး၏ဒုက္ခတို့ကား ဤပြခဲ့သမျှ မကသေးပါ။ မယ်တော်ကြီးနှင့်စပ်၍ နောက်ဆက်တွဲ ဒုက္ခတွေ များချေသေး၏။ ဤသို့ ကိုယ်တွေ့ဒုက္ခတချို့ကို ထုတ်ပြရာ၌ ရည်ရွယ်ချက်အကျိုးကို ပြပါဦးမည်။ ဘုန်းကြီးကား ငယ်ရွယ်စဉ်က ခပ်အေးအေး နေထိုင်လေ့ရှိ၏။ အရွယ်ရောက်၍ ဒုက္ခတွေပေါ်ပေါက်သည့်အခါ မျက်နှာ တင်းတင်းနေလေ့ရှိ၏။ စာပေပညာဘက်ကမူ ငယ်စဉ်ကပင် နာမည်ရခဲ့၏။ အစိုးရ အငယ်, အလတ်တန်းကို ကျောင်းသားဘဝ၌ အောင်၍ ပထမကြီးတန်းကို ကိုရင်ဘဝက အောင်ခဲ့၏။ တရားကိုကား ကိုရင်ဖြစ်လျှင်ဖြစ်ချင်း ဟောခဲ့၏။ ထိုစာပေဂုဏ်တွေနှင့် မျက်နှာထား တင်းမာမှုကို အကြောင်းပြု၍ အများကပင် "အလွန်ဘုန်းကံကြီးသူ၊ မာနလည်း အလွန်ကြီးသူ" ဟုထင်ကြ၏။

အမှန်မှာ—ပညာနှင့်လိုက်အောင် ဘုန်းကြီးသူလည်း မဟုတ်ပါ၊ မာနကြီးသူလည်းမဟုတ်ပါ။ "ထိုကဲ့သို့ မျက်နှာထားမတင်းလျှင် သာ၍ အောက်ကျနောက်ကျဖြစ်မည် စိုးသောကြောင့် မတင်းချင်ဘဲနှင့် တင်းခဲ့ရပါသည်" ဟု အများကို သိစေလိုပါသည်။ ထို့ပြင်တချို့လူများသည် အများတွေ့နေကျ ပစ္စည်းဆုတ်ယုတ်မှု၊ ဆွေကွဲ မျိုးကွဲ သေကွဲ ကွဲရမှုကြုံလာလျှင် ထိုဒုက္ခများကို မခံနိုင်အောင်ရှိကြ၏။ ထိုသို့ဖြစ်သည့်အခါ တရားဖြင့် ကာကွယ်စေလိုသောကြောင့်လည်း ဘုန်းကြီး၏ ကိုယ်တွေ့ဒုက္ခတချို့ကိုထည့်သွင်းပြလိုက်ပါသည်။

**ဓမ္မရတနာနိဂုံး** ဤ ဓမ္မရတနာအခန်း၌ ဗုဒ္ဓရှင်တော်မြတ်၏ လေးနက်လှစွာ ဓမ္မစကြာစသော တရားရတနာကိုလည်းကောင်း၊ ဗုဒ္ဓလက်ထက်တော်က "အနာဂတဘယ" ဟု ဟောပြထားသောဘေးများယခုအခါဆိုက်ရောက်နေကြောင်းကိုလည်းကောင်း၊ သာသနာတော် ကွယ်ခြင်း၏အကြောင်း မကောင်းတရားများ ယခုရောက်နေပုံကို လည်းကောင်း၊ ဘုန်းကြီး၏ဒုက္ခ၌ တရားကိုသာ ကိုး

http://www.dhammadownload.com



ကွယ်ခဲ့ရပုံကို လည်းကောင်း ပြပြီး၍ ယခုအခါ ဓမ္မရတနာခန်း အတွက် နိဂုံးချုပ်ရပါတော့မည်။ ဗုဒ္ဓ၏တရားတော်များသည် ဟောပြော ရွတ်ဖတ်နေသည်ကိုကြားနာရလျှင်လည်း စိတ်ကိုချမ်းသာစေနိုင်၏။ ရန်ကုန်မှာ ဘာသာခြား လူများ၏ အနီးရှိ ကျောင်းကလေးဝယ် ဘုန်းကြီး တစ်ပါးတည်း တည်းခိုနေရာ မဟာသမယသုတ်ကို ညစဉ်ရွတ်၏။ ကျောင်းအမလာသောအခါ ဘာသာခြားလူများက ထိုတရားသံကြောင့် အလွန်စိတ်ကြည်နူးကြောင်း ပြောကြပါသတဲ့။

တရားတော်အတိုင်းကျင့်ကြံလိုက်နာနေလျှင်လည်း အလွန်ချမ်းသာစေနိုင်၏။ ဘုန်းကြီး၏ကိုယ်တွေ့ဒုက္ခများကို တရားတော်က သက်သာစေသကဲ့သို့တည်း။ ကျောက်မြောင်းက ဒါယိကာမ တစ်ယောက်ကား ခင်ပွန်းသည်ကွယ်လွန်၍ သောကဖြစ်သောအခါ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်မှ သောကအကြောင်းကို သတိထား၍ ဖြေဖျောက်နိုင်ပါသတဲ့။ မကြာမီက လယ်မြေကိစ္စကြောင့် စိတ်ဒုက္ခ ရောက်ရသော မြေပိုင်ရှင်ကျောင်းဒကာတစ်ယောက်လည်း ကိုယ်ကျင့် အဘိဓမ္မာကို ကြည့်ရှုလိုက်နာ၍ စိတ်ဒုက္ခကိုဖြေနိုင်ပါသတဲ့။ ဤသို့လျှင် ဗုဒ္ဓတရားတော်သည် အများတွေ့နေကျ ဒုက္ခဟူသရွေ့ကို သက်သာစေနိုင်ရုံမက ကိုယ်ကျင့်အလေ့အလာရနေသူဖြစ်ပါမူ "ဘဝကူးဖို့ အချိန်နီးလေ အားကိုးရလေ" ဖြစ်ရုံမက တစ်နည်းအားဖြင့် စဉ်းစားရလျှင် "ဘဝ ပြောင်းခါနီးလေ ပျော်စရာကောင်းလေ" ဖြစ်စေပါလိမ့်မည်။

ရှေးခေတ်က ကျန်းမာရေးမကောင်း၍ စာချကိစ္စမှ အနားယူရင်း ရေးနေဆဲကျမ်းစာကိုလည်း တွင်ကျယ်စွာရေးရင်း နွေအခါ၌ အောက်ပြည်သို့ တစ်ပါးတည်း သွားလေ့ရှိ၏။ ထိုသို့သွားခါနီးဝယ် လိုက်ပို့သော တပည့်များ ပြန်ကြ၍ ဘုန်းကြီးမှာ "ဒုတိယတန်း ရထားလက်မှတ်၊ စာအုပ်သေတ္တာ၊ အိပ်ရာလိပ်နှင့်ဘိလပ်ရည် ၂ လုံး စာထည့်ထားသော ခေါက်ဘူး" ကျွ...သာ ရှိရစ်၏။ ပိုက်ဆံလည်း မပါ၊

http://www.dhammadownload.com



တွဲထဲ၌ တစ်ယောက်တည်းစဉ်းစားမိသည်ကား–"သေတယ်"ဆိုတာ ယခုလို တစ်ယောက်တည်း သွားရတာပဲ။ ယခုမန္တလေးက ဆိုင်ရာတွေ အားလုံးကျန်ရစ်ခဲ့ပြီ။ ငါ၏လက်မှာ စားစရာဆို၍ ဘိလပ်ရည် ၂ လုံးသာရှိ၏။ နက်ဖြန်အတွက် စိုးရိမ်ရသလားဟု ကိုယ့်ကိုယ်ကို မေး၏။ မစိုးရိမ်သည့်အပြင် စိတ်ချမ်းသာသေး၏။ ဘာ့ကြောင့်နည်း၊ "နက်ဖြန်နံနက် ပြွန်တန်ဆာရထားဆိုက်လျှင် အကြိုလာလိမ့်မည်။ ပြွန်တန်ဆာ၌နားနေပြီးနောက် ရန်ကုန်ပို့၊ ရန်ကုန်မှ ဝါးခယ်မ ကျွန်းကုန်း သွားရမည်"ဟု သာယာမည့် လမ်းစဉ်ကို သိသောကြောင့်တည်း။

"နောက်ဘဝ၌ ရောက်ရမည့်လမ်းစဉ်သည် ယခုဘဝထက် အောက်မကျနိုင်ပါဘူး"ဟုတစ်ထစ်ချသိအောင် ကြိုးစားထားလျှင် "သေခါနီးလေ ပျော်စရာကောင်းလေ" ဖြစ်မှာပဲဟုတွေးကာ တစ်ယောက်တည်း ကိုယ်ကျင့်တရားကုသိုလ်များကို အားကိုးမိပါသည်။ ထိုကြောင့် တရားတော်ကို ယုံကြည်သူတိုင်း အဟောတရား, အဖတ်တရား, နာတရားတို့တွင် မပြီးစေဘဲ ကိုယ်ကျင့်တရားဖြစ်အောင် စိတ်ထဲ၌ သွင်းထား၍ဖြစ်စေ၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများ၍ဖြစ်စေ "ဓမ္မံ သရဏံ ဂစ္ဆာမိ"အရ တရားတော်ကိုအားကိုးနိုင်ကြ၊ အရေးပေါ်လျှင် တရားတော်ဖြင့် ကာကွယ်နိုင်ကြ၊ သံသရာအတွက် ကိုယ်ကျင့်တရား လုံလောက်အောင် ကြိုးစား၍ စိတ်ထားကြည်လင် သူတော်စင်များ ဖြစ်နိုင်ကြပါစေသတည်း။

**ဓမ္မရတနာအခန်း ပြီးပြီ။**

၁၄

http://www.dhammadownload.com

# သံဃရတနာ

## သံဃံ သရဏံ ဂစ္ဆာမိ

**သံဃာ ၂ မျိုး**

"သံဃ" ဟူသော ပါဠိစကားသည် "အပေါင်း= အသင်း = အဖွဲ့=အစည်းအရုံး"ဟူသော အဓိပ္ပာယ်ကိုပြ၏။ ထိုသံဃာတော် သည်"ပရမတ္ထသံဃာ၊ သမ္မုတိ သံဃာ"ဟု ၂ မျိုးရှိ၏။ "သုပ္ပဋိပန္နော"စသော ဂုဏ်တော်များ နှင့် ပြည့်စုံ၍ အရိယာဖြစ်ပြီးသောသံဃာတော်များသည် ပရမတ္ထသံဃာ တော်မည်၏။ [ပရမတ္ထ=အစစ်အမှန် မဖောက်ပြန်နိုင်သော ရဟန်း တော် သံဃာတော်အဖြစ်မှ ပြောင်းလဲ၍ လူအဖြစ်စသည်သို့ ဘယ် နည်းနှင့်မျှ မရောက်နိုင်သော+သံဃ=အရိယာအပေါင်းအဖွဲ့။] သုပ္ပဋိ ပန္နောအစရှိသော ဂုဏ်တော်များနှင့် အထိုက်အလျောက် ပြည့်စုံနိုင် ၍ အရိယာသံဃာများနှင့် ဝိနည်း သိက္ခာအကျင့်တူသောကြောင့် "သံဃာ"ဟု သမုတ်အပ်သော (အစစ်အမှန် မဟုတ်တတ်သော) သံဃာတော်သည် သမ္မုတိသံဃာ မည်၏။ [သမ္မုတိ=(အစစ်အမှန် မဟုတ်)အများသမုတ်အပ် အသိအမှတ်ပြုအပ်သော+သံဃ= ပုထု ဇဉ် ရဟန်းတော်များ၏ အပေါင်း အဖွဲ့။]

**ပရမတ္ထသံဃာ အာရုံပြုရမည့်ကိစ္စ**

"သံဃံ သရဏံ ဂစ္ဆာမိ" ဟု သရဏဂုံ ဆောက်တည် ကိုးကွယ်ရာ၌ ရည်ရွယ်ရ မည့်"သံဃ"ဟူသည် ပုထုဇဉ်သံဃာ မဟုတ်၊ အရိယာသံဃာများသာတည်း။ ဆတ္တမာဏဝကဝိမာနဝတ္ထု၌ ဗုဒ္ဓရှင်တော်ကိုယ်တိုင်"အရိယာသံဃာတော်ကို ကိုးကွယ် ဆည်းကပ် လော့"ဟု သရဏဂုံ ပေးတော်မူသည်။ သံဃာ့ဂုဏ်တော်များကို ရည် မှန်း၍ သံဃာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသောအခါ၌လည်း "သုပ္ပဋိ

http://www.dhammadownload.com



ပန္နော ဘဂဝတော သာဝကသံဃော၊ ပ၊ ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ"စသည်ဖြင့် အရိယာသံဃာတော် ရှစ်မျိုး၏ "သုပ္ပဋိပန္နတာ=ကောင်းစွာကျင့်ခြင်း"စသော ဂုဏ်တော်ကို အာရုံပြုရသည်။ ရတနသုတ်ပရိတ်တော်လာ သံဃာရတနာ ဟူရာ၌ "ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊ စတ္တာရိ ဧတာနိ ယုဂါနိ"စသည်ဖြင့် အရိယာသံဃာတော်ကိုသာ "သံဃရတနာ"ဟု ဟောတော်မူသည်။ ကျမ်းပြုဆရာတော်များကျမ်းမပြုမီသံဃာကိုရှိခိုးကြရာ၌လည်း"နတွာ သံဃံ နိရင်္ဂဏံ= ကိလေသာအညစ်အကြေး ကင်းဝေးတော်မူသော အရိယာသံဃာတော် ကိုရှိခိုးကြပြီး၍"ဟု ပဏာမ ပြုကြရသည်။

**သံဃာ ၂ မျိုးလုံး ဆိုင်သောကိစ္စ**

သံဃိက ဒါန (ကျောင်းလှူ၊ ဆွမ်းလှူ စသော အလှူ)ပြုရာဝယ် ရည်စူးရမည့်သံဃာ၌ကား ပရမတ္ထသံဃာတော်လည်း ပါဝင်၊ ပုထုဇဉ်သမ္မုတိသံဃာများလည်း ပါဝင်ကြသည်။ ယခုကာလ စေတီ ပုထိုး ရုပ်ပွားဆင်းတုတော်များအား ပူဇော်ကြရာ၌ သက်တော်ထင်ရှား ဘုရားရှင်ကိုပါ ရည်စူး၍ ပူဇော်နိုင်ကြသကဲ့သို့ ထို့အတူ ဆွမ်း ကျောင်းစသော ပစ္စည်းလေးပါးကိုလှူဒါန်းကြရာ၌လည်းမိမိဆွမ်းလှူအပ်သောသံဃာတွင် ပုထုဇဉ်ချည်းဖြစ်စေကာမူ သံဃိကဒါနဖြစ်အောင် ရည်မှန်းနိုင်ပါမူကား သူ၏အာရုံပြုရာ သံဃာများတွင် အရိယာဖြစ်ပြီးသော သံဃာများ လည်း ပါဝင်နိုင်၏။ အခါတစ်ပါး၌ ဗုဒ္ဓရှင်တော်အထံသို့ သူကြွယ်တစ်ယောက်ရောက်လာ၏။ ရှင်တော်မြတ်က "သင်တို့အမျိုး၌ အလှူအဒါန်းပေးကမ်းကြရဲ့လားဟုမေးတော်မူရာ "အလှူအဒါန်း ပေးကမ်း လှူဒါန်းပါကြောင်း။ သို့သော် တောကျောင်းဘုန်းကြီးများ ရှုတင်ဆောင်ဘုန်းကြီးများနှင့် ရဟန္တာဖြစ်ပြီးပုဂ္ဂိုလ်၊ ရဟန္တာဖြစ်အောင် ကျင့်နေသောပုဂ္ဂိုလ်များကိုသာလှူဒါန်းပါသည်"ဟု လျှောက်လေရာ အိမ်ရာ တည်ထောင် လူ့ဘောင်မှာနေသူက "ဤဘုန်းကြီး

http://www.dhammadownload.com



သည် ရဟန္တာပဲ၊ ရဟန္တာ ဖြစ်အောင် ကျင့်နေသူပဲ"ဟုသိနိုင်ဖို့ ခဲယဉ်း၏။ တောကျောင်းနေသူတိုင်း ဓုတင်ဆောင်တိုင်း(စိတ်ရင်း မကောင်းလျှင်)မချီးမွမ်းထိုက်၊ စိတ်ရင်းကောင်းနေလျှင် ရွာနီးကျောင်းနေသူ ဓုတင်မဆောင်သူများကိုလည်း ချီးမွမ်းထိုက်၏။ ထို့ကြောင့် "သံဃာတော်ကိုသာ ရည်မှန်း၍ လှူဒါန်းလေ"ဟုမိန့်တော်မူသည်။

**သာသနာ့ ဝန်ဆောင်များ**

ပရမတ္ထသံဃာ ဖြစ်ဖြစ်၊ သမ္မုတိသံဃာဖြစ်ဖြစ် သာသနာ့တာဝန်ကိုရွက်ဆောင်ခဲ့ကြသော ပုဂ္ဂိုလ်ဖြစ်လျှင် ယခုခေတ်လူများအထိ ကျေးဇူးများလှပေ၏။ မှန်၏။ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာစသောပုဂ္ဂိုလ်များသည် ပရမတ္ထသံဃာအဖြစ်ဖြင့် သာသနာ့ဝန်ကို ဆောင်တော်မူခဲ့ကြ၏။ အဋ္ဌကထာအကျယ်ကို အကျဉ်းချုံး၍ စီရင်သော အရှင်ဗုဒ္ဓဃောသ၊ မူလ ဋီကာဆရာ အရှင်အာနန္ဒာ၊ အနုဋီကာဆရာ အရှင်ဓမ္မပါလ စသောဆရာတော်များသည်သမ္မုတိသံဃာအဖြစ်ဖြင့်သာသနာ့ဝန်ကိုဆောင်ခဲ့ကြ၏။ ထို့ကြောင့် ယခုအခါထိုသာသနာ့ဝန်ဆောင်ထိပ်ခေါင်တင်သံဃာများ၏အကြောင်းကိုအကျဉ်းမျှထုတ်ပြပါတော့မည်။

## အရှင်ယသ အကြောင်း

**လူ့စည်းစိမ် စံစားပုံ**

ဗုဒ္ဓဖြစ်မည့် ကဆုန်လပြည့်နေ့ နံနက် စောစောဝယ် ဃနာနို့ဆွမ်း လှူဒါန်းသော သုဇာတာ မည်သောသူဌေးကတော်၏သားဦးရတနာဖြစ်သော "ယသ" သတို့သားသည်ဗုဒ္ဓရှင်တော်မြတ်၏ဓမ္မစကြာတရားဦးဟောတော်မူချိန်မှာ ဗာရာဏသီမြို့၌(ဗုဒ္ဓအလောင်းစံနေပုံကဲ့သို့) ဆောင်း, နွေ, မိုး ဟု ဥတု ၃ ပါးအလိုက် စံစားဖို့ရာ ခမ်းနားစွာသော ပြာသာဒ် ၃ဆောင်ဖြင့် တင့်တင့်တယ်တယ် ထယ်ထယ်ဝါဝါ စံနေခိုက်ဖြစ်လေ

http://www.dhammadownload.com



သည်၊ဇနီးသူဌေးကတော်ကလေး၏အထိန်းအယမောင်းမမိသံအခြွေအရံတို့ကလည်းယသော်ရော၏အခြွေအရံတမျှများပြားလှတော့၏။ ဖြေဖျော်ယုယ တီးမှုတ်ကြသူများမှစ၍ တံခါးစောင့် အထိ ယောကျ်ား တစ်ယောက်မျှ မရှိစေရ၊ အားလုံး မိန်းမသားချည်း ဖြစ်ကြပေသည်။

**သောတာပန်တည်ပုံ**

တစ်ညဥ့်၌ကား ထိုယသ သတို့သားသည် အများ အိပ်ပျော်နေခိုက်နိုးလာလေရာ ညိုထွန်းထားသော မီးရောင်အောက်၌မတော်မလျော် အိပ်ပျော်လျက် မလှုပ်မယှက်နေကြသော မောင်းမတစ်စုကိုမြင်သော် စိတ်ထဲ၌ ကြီးကျယ် ခမ်းနားသောနေရာဝယ် ဖွယ်ဖွယ်ရာရာ နေရသည်ဟု မယူဆဘဲ သုသာန်တစ သချိုင်းဝ၌ အတုံးအရုံးဖြစ်နေသော သူသေကောင်တို့အလယ် ရောက်နေရသလို ထင်မြင်လာရကား"ဥပဒ္ဒုတံဝတဘော၊ ဥပသဋ္ဌံဝတဘော=အနှိပ်စက်ခံနေရလေစွ သြ၊ ဘေးရန်များလေစွ သြ"ဟု နှုတ်က တွတ်တွတ်ပြောလျက် "ဘယ်ရောက်ရောက် ဒီနေရာက လွတ်လျှင်ပြီးရော"ဆိုတဲ့ဆန္ဒဖြင့် ပြာသာဒ်မှဆင်းလာလေရာ အိမ်ဝင်းတံခါးနှင့် မြို့တံခါးကိုပါ နတ်များက ဖွင့်ထားနှင့်၍ အဆင်သင့်ထွက်ကာ မိဂဒါဝုန်လမ်းသို့ ခြေလှမ်းမိလေသည်။

ဗုဒ္ဓရှင်တော်မြတ်လည်း နံနက်စောစော စင်္ကြံလျှောက်တော်မူစဉ် ယသသတို့သား လာနေသည်ကို မြင်တော်မူ၍ စင်္ကြံမှဆင်းကာ ထိုင်တော်မူလေသည်။ ယသသတို့သားလည်း ဗုဒ္ဓနှင့်မလှမ်းမကမ်း ရောက်လာသည့်တိုင်အောင် "အနှိပ်အစက် ခံရလေစွ၊ ဘေးရန် များလေစွ"ဟုတတွတ်တွတ်ပြောနေစဉ်ဗုဒ္ဓရှင်တော်က "ဒီနေရာမှာ အနှိပ်အစက်မခံရဘူး၊ဒီနေရာမှာ ဘေးရန်မရှိဘူး၊ ဒီလာခဲ့၊ သင့်အား တရားဟောမည်"ဟုခေါ်တော်မူလျှင် အလွန်ဝမ်းမြောက်၍ ဗုဒ္ဓအထံ ရောက်လေသော် ဟောတော်မူအပ်သော တရားအဆုံး၌ သောတာပန် တည်လေသည်။

http://www.dhammadownload.com



**ရဟန္တာဖြစ်၍ ရဟာန်းပြုပုံ**

ယသသတို့သား ထွက်သွားသည်ကို နံနက်မှ သိရ၍ ဖခင် သူဌေးကြီးသည် အရပ်လေးမျက်နှာသို့ မြင်းစီးတမန်တို့ကို စေလွှတ်ပြီးလျှင် မိမိ ကိုယ်တိုင် လည်း မိဂဒါဝုန်ဘက်သို့ အရှာထွက်လေ၏။ ထိုအခါ ယသ စီးသွားသော ရွှေခြေနင်းရာကို မြင်ရ၍ ခြေရာခံပြီး လိုက်သွားလေရာ ဗုဒ္ဓအနီးသို့ ရောက်သော်လည်း (သားနှင့် ချက်ချင်းတွေ့လျှင် တရားနာရာ၌ စိတ်မဝင်စားမည်စိုးသောကြောင့် ချက်ချင်းမတွေ့စေသေးဘဲ တန်ခိုးတော်ဖြင့် ကာကွယ်ထားရကား) သတို့သားကို မတွေ့ရသည့်အတွက် "ယသသတို့သားကို မမြင်ပါလား"ဟုမေးလေရာ ရှင်တော်မြတ်လည်း "ဒီနေရာမှာ ထိုင်ပါဦး၊ သတို့သားကိုတွေ့ကောင်းတွေ့ရပါလိမ့်မည်" ဟု မိန့်တော်မူ၍ ထိုင်နေသော သူဌေးကြီးအား တရားဟောတော်မူလေရာ သောတာပန်တည်၍ ငါတို့ဗုဒ္ဓသာသနာ၌ လူထဲမှ ရတနာ ၃ ပါး လုံးကို ပထမဆုံး ကိုးကွယ်ရသော ဥပါသကာဖြစ်လေသည်။ ဖခင် တရားနာနေစဉ်မှာ ယသသတို့သားလည်း မိမိသိပြီးဖြစ်သောတရားကို ထပ်၍စဉ်းစားဆင်ခြင်လေရာ သောတာပန်အဆင့်မှတိုး၍ ရဟန္တာဖြစ်လေသည်။ [တပုဿ ဘလ္လိကတို့ ဗုဒ္ဓနှင့်တွေ့စဉ်က သံဃရတနာ မရှိသေး၍ ရတနာ ၂ ပါးကိုသာ ကိုးကွယ်ကြရသည်။]

ထိုအခါဗုဒ္ဓရှင်တော်မြတ်သည်ကွယ်ထားသောတန်ခိုးတော်ကို ရုပ်သိမ်းလိုက်သောအခါ သူဌေးကြီးလည်း သားကို တွေ့မြင်ရလျှင် "ချစ်သား၊ သင်၏မိခင်သည် လွန်စွာ ဝမ်းနည်းနေပါတယ်၊ မိခင်၏ အသက်ကို ပေးပါဦး"ဟု တောင်းပန်ပါသော်လည်း( ရဟန္တာဖြစ်နေပြီ ဖြစ်သောကြောင့်) "လူ့ဘောင်နေလို့ မဖြစ်တော့ကြောင်း" ဗုဒ္ဓက မိန့်တော်မူမှ ရဟန္တာဖြစ်သည်ကို အားရချီးကျူး၍ ဗုဒ္ဓနှင့်အတူ ယနေ့ ဆွမ်းစားလိုက်ခဲ့ဖို့ရန် ဖိတ်မန်၍ ပြန်သွားလေသည်။

http://www.dhammadownload.com



ခမည်းတော်ပြန်သွားရှမကြာခင် ယသသတို့သားလည်း ရဟန်းပြုရှဗုဒ္ဓနှင့်အတူ ခမည်းတော်နေအိမ်သို့ ကြွတော်မူသည်။ ဆွမ်းဘုဉ်းပေးတော်မမူမီပင် အရှင်ယသ၏ မိခင်နှင့်ဇနီးအား ဗုဒ္ဓရှင်တော်မြတ်က တရားဟောတော်မူပြန်ရာ နှစ်ယောက်လုံးပင် သောတာပန်တည်ကြလေသည်။ [ ထိုအချိန်မှာ ဗုဒ္ဓ၊ ပဥ္စဝဂ္ဂီငါးဦး၊ အရှင်ယသဟု ရဟန္တာ ရဟန်းတော် ၇ ပါးသာ ရှိသေးသည်။]

**ပထမဝါ**
**ရဟန္တာ ၆ ကျိပ်တစ်**

ယသသတို့သား ရဟန်းပြုသွားခြင်းကို သူငယ်ချင်းများဖြစ်ကြသောသူဌေးသား ၄ ယောက်တို့ကြား၍ စဉ်းစားကြသည်မှာ "ယသလို အမျိုးကောင်းသားတစ်ယောက်သည်ပင် ဆံပင်ကိုရိတ် မုတ်ဆိတ်ကိုပယ် သုံးထည်မျှသင်္ကန်းကိုဆင်မြန်း၍ ရဟန်းပြုတယ်" ဆိုလျှင် "ထိုဗုဒ္ဓ၏အဆုံးအမ ဩဝါဒသာသနာတော်သည် ဧကန်မုချ အောက်တန်းစား မဖြစ်တန်ရာ၊ ယသသတို့သားလို အထက်တန်းစား အမျိုးသားတို့၏ စိတ်ဝင်စားလောက်ဖွယ် ကြီးကျယ်သော အရာသာ ဖြစ်ပေလိမ့်မည်" ဤသို့ တွေးတောကြံဆ၍ အရှင်ယသအထံသွားကြလေရာ အရှင်ယသမှတစ်ဆင့် ဗုဒ္ဓ၏အထံတော်သို့ရောက်ကြလျှင် အစဉ်အတိုင်းတရားတော်ကို နာကြရသဖြင့် ရဟန္တာ ရဟန်းတော်များ ဖြစ်သွားကြလေသည်။

ထို့နောက်ဇနပုဒ်မှအရှင်ယသ၏သူငယ်ချင်းများဖြစ်ကြသော ဆွေကောင်းမျိုးကောင်း သတို့သားပေါင်း ၅ ကျိပ်လည်း ထိုနည်း အတိုင်းပင် ကြားကြ၍ အရှင်ယသအထံသို့ လာကြလေရာ ရဟန္တာ ရဟန်းတော်များဖြစ်ကြလေသည်။ ဤကား မိဂဒါဝုန်တောပထမဝါ၌ ရဟန္တာဖြစ်ကြကုန်သော ရဟန်းတော်များတည်း။ ဗုဒ္ဓ၊ ပဥ္စဝဂ္ဂီ ၅ ဦး၊ အရှင်ယသနှင့် အပေါင်းအဖော် ၅ ကျိပ် ၄ ပါး ပေါင်းလျှင် ထိုပထမဝါ၌ ရဟန္တာ ၆ ကျိပ် တစ်ပါးရှိလေပြီ။ ဗုဒ္ဓကို ချန်ထား

http://www.dhammadownload.com



၍ ထို ၆ ကျိပ်သော အထက်တန်း အမျိုးကောင်းသား ရဟန္တာများ ကား ဗုဒ္ဓ၏အဆုံးအမ ဩဝါဒ သာသနာ့ဝန်ကို အားသွန် ကြိုးပမ်း မည့် သာသနာ့ဝန်ဆောင်ထိပ်ခေါင်တင်အရှင်မြတ်များချည်း ဖြစ်ကြ ပါလိမ့်မည်။

**အရှင်ယသတို့ ရှေးကောင်းမှု**

အရှင်ယသအလောင်းနှင့် သူငယ်ချင်း ၅ ကျိပ် လေးယောက်တို့သည် တစ်ခုသော ရှေးဘဝဝယ် အသင်းဖွဲ့၍ ကောင်းမှုပြုကာ ကိုးကွယ်ရာ မရှိ သော သူသေ အလောင်းတို့ကိုလည်း မီးသင်္ဂြိုဟ် ပေးလေ့ရှိကြ လေ သည်၊အခါတစ်ပါး၌ကားကိုယ်ဝန်ဆောင်မိန်းမအလောင်းကိုသုသာန် သို့ယူ၍ အသင်းသား ၅ ယောက်ကို မီးသင်္ဂြိုဟ်ရန်ချန်လျက် အခြား သူတို့ ပြန်ကြလေသည်။ ကျန်ရစ်သော ၅ ယောက်တို့တွင် အရှင် ယသ အလောင်း သတို့သားသည် မီးသင်္ဂြိုဟ်ရင်း အသုဘကမ္မဋ္ဌာန်း ထင်လာသဖြင့် သူထင်လာသည့်အတိုင်း အခြား ၄ ယောက်ကိုလည်း ပြောပြလေရာ အားလုံး အသုဘကမ္မဋ္ဌာန်း ပွားများပြီးနောက် ပြန်လာ ပြီးလျှင် အခြား ၅ ကျိပ်သော မိတ်ဆွေတို့အားလည်း ပြောပြကြလေ သော် အားလုံးပင် အသုဘကမ္မဋ္ဌာန်းထင်လာကြ၏။ယသသတို့သား ကား အိမ်ရောက်သောအခါ မိဘနှင့်ဇနီးအားလည်း ပြောပြပြန်သဖြင့် ထိုတစ်ခဏမျှ အသုဘကမ္မဋ္ဌာန်းရကြလေသည်။

ထိုရအပ်ခဲ့သော အသုဘဘာဝနာသည် ယသသတို့သား၏ စိတ်၌ မသိမသာ ဘဝတိုင်းစွဲကပ်ပါနေလေရာနောက်ဆုံးဘဝ၌ ခမ်း နား ကြီးကျယ်တင့်တယ်သော တိုက်ခန်းဝယ် စံမြန်း၍ နေရစဉ်ပင် ဝတ်စားဆင်ပြင်လျက် အိပ်ပျော်နေသော မောင်းမမိဿံ အခြွေ အရံ တွေကို ကြည့်ကာ ရှေးကရခဲ့သော အသုဘဘာဝနာသည် အလွန် ထင်ရှားစွာ ပေါ်လာပြန်ရကား ထိုတိုက်ခန်းမှာပင် မနေနိုင် မထိုင်နိုင် အောင် ရှိရလေသည်။ ထိုအသုဘဘာဝနာကို အခြေခံရခဲ့သော

http://www.dhammadownload.com



ကြောင့် မိဘဇနီးနှင့်သူငယ်ချင်း ၅ ကျိပ် ၄ ယောက်တို့လည်း အရှင်ယသနောက်သို့လိုက်ကာ တရားထူးရကြပါလေသည်။

**သာသနာပြု စေလွှတ်တော်မူခန်း**

ဗုဒ္ဓရှင်တော်သည် ပထမဝါကျွတ်သောအခါ ခြောက်ကျိပ်သော ရဟန်းတို့ကို ခေါ်တော်မူ၍ မိန့်တော်မူသည့်မှာ "ဘိက္ခုတို့၊ ငါသည် လူမှဖြစ်သော ကာမကျော့ကွင်း၊ နတ်၌ဖြစ်သော ကာမကျော့ကွင်းတို့မှလွတ်ကင်းခဲ့ပြီ။ အသင်တို့လည်းထိုကျော့ကွင်းတို့မှ လွတ်ကင်းကြပြီ။ ဘိက္ခုတို့၊ သင်တို့သည် များစွာသော သတ္တဝါတို့၏စီးပွားချမ်းသာဖြစ်ဖို့ရာဒေသစာရီလှည့်လည်ကြ။(တစ်လမ်းကို ၂ ပါးသွားလျှင် အရပ်ဒေသ အနှံ့နည်းသောကြောင့်) တစ်လမ်းကို ၂ ပါးမသွားကြလေနှင့်၊ ကိုယ့်လမ်းနှင့်ကိုယ် ခွဲ၍ သွားကြလေ။ အစကောင်း အလယ်ကောင်း အဆုံးကောင်းတရားကိုရောက်ရာအရပ်တိုင်းမှာ ဟောပြကြလေ။ ငါဘုရား၏ ဩဝါဒသာသနာတော်ကို အရပ်တိုင်းမှာ ထင်ရှားအောင် အနှံ့အပြား ဟောပြကြလေ။

ပညာစက္ခု၌ အဝိဇ္ဇာတိမ်သလာနည်းပါးသောသတ္တဝါတွေ အများအပြားရှိကြ၏။ ထိုသတ္တဝါတို့သည် တရားကို မနာရသဖြင့် ရသင့်ရထိုက်သော အသိဉာဏ်မှ ဆုတ်ယုတ်ရာကြပေလိမ့်မည်။ ထို့ကြောင့် သင်တို့ အနှံ့အပြား တရားစစ် တရားမှန်ကို ဟောပြကြလေ။ ငါဘုရားကား ဉရုဝေဠတောသို့ကြွ၍ရသေ့တစ်ထောင်ကိုတရားဟောမည်"ဟု မိန့်တော်မူကာ ထို ပထမဝါကျွတ်မှစ၍ သာသနာပြု ကိစ္စကြီးကို စ,တည်တော်မူခဲ့ပေသည်၊ ထိုသို့စေလွှတ်အပ်သော ရဟန္တာအရှင်မြတ်တို့လည်း အရည်အချင်းရှိသောအမျိုးသားတို့ကို သာသနာတွင်းသို့ သိမ်းသွင်းတော်မူကြလေရာ ဗုဒ္ဓသာသနာတော် ကျယ်ပြန့်လာလေသည်။

**မှတ်ချက်။** ။ အရှင်ယသ၏သူငယ်ချင်း ၅ ကျိပ် ၄ ယောက်

တို့သည် အရှင်ယသဲရဟန်းပြုသည်ကို အားကျကြ၏။ ဘာ့ကြောင့်နည်း၊ "အလွန်အထက်တန်းရောက်နေသော ယသသတို့သား၏ ရဟန်းပြုရာ သာသနာသည် အလွန့်အလွန် အထက်တန်း ကျပေလိမ့်မည်"ဟု စဉ်းစားမိကြသောကြောင့်တည်း။ ထို့ကြောင့် မည်သည့်ကိစ္စ၌မဆို အထက်တန်းလူတွေလုပ်သောအလုပ်သည် အထင်ကြီးခံရသကဲ့သို့ အောက်တန်းလူတွေလုပ်သောအလုပ်မျိုးလည်း(အလုပ်ကောင်းလာသောအခါကျမှအထင်ကြီးတန်လျှင် ကြီးမည်၊ ပထမသော်) အထင်သေးခံရမြဲဖြစ်၏။ ရေးတုန်းက လက်ရှိဘုရင်ဘဝမှထွက်၍ ရဟန်းပြုတော်မူသော ဗုဒ္ဓနှင့်တကွ အရှင်ယသ တို့ကဲ့သို့ အထက်တန်းပုဂ္ဂိုလ်များစွာ ဝင်ရောက်ခဲ့ကြသော ငါတို့သာသနာတော်ကိုအများက မော်၍ဖူးမြော်ကြရသလောက် ယခုအခါ အတော်များစွာသော လူတွေက ငုံ့၍အကြည့်ခံနေရချေပြီ။

ထို့ကြောင့် များစွာသောလူကြီးလူကောင်းဆိုသူတို့၏ သားတွေ ရဟန်းပြုဖို့ စိတ်မဝင်စားကြ။ မိဘဖြစ်သူတို့ကလည်း လူ့ဘောင်၌ အဆင့်အတန်း နိမ့်ကျပုံမရသောသားကို ရဟန်းမပြုစေလိုကြ။ မိမိ ကိုယ်တိုင် အားမရ၍ နောင်ခါ အောက်ကျနောက်ကျဖြစ်မည်စိုးရသော သားကိုသာ "မကောင်းကျောင်းပို့ကာ"ရဟန်းပြုစေချင်၏။ ထို့ကြောင့် သာသနာတော် ပျက်စီးရ, တန်းလျော့ရခြင်းသည် သာသနာဝင်တွေနှင့်ကိုးကွယ်သူတွေ ဖျက်ဆီးနေမှုကြောင့် သံကို သံဖျက် သံချေး တက်ရခြင်းသာတည်း။ ထိုကဲ့သို့ မဖြစ်ရအောင် စနစ်တကျ ငါတို့ ပြုပြင်နိုင်ကြလျှင် ဤသာသနာတော်ကို မြန်မာသာမက ကမ္ဘာကပင် မော်၍ ဖူးရပါလိမ့်မည်။

## အဂ္ဂသာဝက ၂ ပါး အစကြောင်း

### အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်

ဗုဒ္ဓရှင်တော်မြတ်၏လက်ယာဘက် နေရာ၌ ထိုင်တော်မူရ၍ ပညာဘက်၌ ဧတဒဂ်ရသောကြောင့် "လက်ယာ

http://www.dhammadownload.com



တော်ရုံ”ဟု သမုတ်အပ်သော အရှင်သာရိပုတ္တရာနှင့် လက်ဝဲဘက် နေရာ၌ ထိုင်တော်မူရ၍ တန်ခိုးဣဒ္ဓိဘက်၌ ဧတဒဂ်ရသောကြောင့် “လက်ဝဲတော်ရုံ”ဟု သမုတ်အပ်သော အရှင်မောဂ္ဂလာန်သည် ဗုဒ္ဓ သာသနာတော်ဝယ် အမြတ်ဆုံးတပည့်များဖြစ်ကြသော အဂ္ဂသာဝက ပေတည်း။ [“ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ= ငါ၏သာဝက (တပည့်) တို့တွင် ဤသူသည် အသာဆုံး”ဟု ချီးမြှောက်တော်မူရာ “ဧတဒဂ္ဂ”ဟူသော ပါဠိတော်ကို “ဧတဒဂ်”ဟုမြန်မာပြန်ထား၏။ ထို သို့“ဧတဒဂ်” စသည်ဖြင့် ချီးမြှောက်ခံရသော ပုဂ္ဂိုလ်သည် ဧတဒဂ်ရ ပုဂ္ဂိုလ်မည်၏။ ဧတဒဂ္ဂံ= ဧတံ+အဂ္ဂံ=ဤသူအသာဆုံး။ အဂ္ဂ+ သာ ဝက=မြတ်သော+ တပည့်] ထိုအဂ္ဂသာဝက ၂ ပါးတွင် တရားဟော ၍ ဆုံးမရမည့် ပညာရေးကိစ္စ၌ အရှင်သာရိပုတ္တရာသည်လွန်စွာအကူ အညီရ၍ တန်ခိုးဖြင့် ဆုံးမရမည့် အရာဝယ် အရှင်မောဂ္ဂလာန်သည် အလွန်အကူအညီရပေသည်။

**အမျိုးနှင့်စိတ်ထား** ထိုအရှင် ၂ ပါးလုံးပင်ရာဇဂြိုဟ်မြို့၏အနီးဗြာဟ္မ ဏရွာကြီး၌ အမျိုးအဆက်ဆက် သူငယ်ချင်းဖြစ် လာခဲ့၍ လူပျိုဘဝ ပွဲကြည့်ရာမှသံဝေဂရခဲ့ကြ၏။ ရာဇဂြိုဟ်မြို့၌ ၇ ရက်မျှတောင်ထိပ်ပွဲသဘင်ကျင်းပလေရာ အများနည်းတူ ပျော်ရွှင် စွာ ကြည့်ရှုနေကြရင်းပင် “ဒီလိုပွဲသဘင်ထဲ၌ ကြည့်ချင်စရာဟူ၍ ဘယ်မှာ ရှိတော့ မှာလဲ၊ ယခုမြင်ရသော ပွဲကြည့်ပရိသတ်နှင့် ပွဲကသူ အားလုံးပင် အနှစ်တစ်ရာအတွင်း၌ ကြက်ပျောက်ငှက်ပျောက် သေ ပျောက်ကြရမှာ အမှန်ဖြစ်တယ်၊ ငါတို့ လွတ်လပ်ခွင့် တရားထူးကို (နိဗ္ဗာန်ကို) ရှာသင့်ကြတယ်”ဟု စဉ်းစားမှု ထိတ်လန့်မှုများ ရောနှော ၍ ဖြစ်ပေါ်လာကာ ၂ ယောက်လုံးပင် သဘောတူ ရသေ့လုပ်ခဲ့ကြ သည်။ ထို့နောက် (တိတ္ထိ ဆရာကြီး ၆ ယောက်တွင် ပါဝင် ထင်ရှား သော) သိဉ္စည်းဆရာကြီးအထံမှာပင်နေကာ ထိုဆရာကြီး၏ တရား

http://www.dhammadownload.com



ဖြင့် အားမရသေးဘဲ တရားထူးကို ရှာဖွေစုံစမ်း၍ အလျင်တွေ့သူက ပြောလာစတမ်း”ဟု ကတိကဝတ်ပြုလျက် တရားထူးကို ဆက်လက် ရှာကြလေသည်။

[ဤစကားဖြင့်“သဒ္ဓါတရားသက်သက်တရားထူးရလိုသော စိတ်ဖြင့် ရသေ့ရဟန်း ပြုလာသူများဖြစ်သည်”ဟု ဆိုလိုသည်။ ထို အရှင် ၂ ပါးတို့ ရသေ့ပြုချိန်မှာ ဗုဒ္ဓရှင်တော်လည်း ပွင့်တော်မမူသေး ချေ။ ဒုက္ကရစရိယာ ကျင့်ချိန်လောက် ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ ထို့နောက် ပဥ္စဝဂ္ဂီ ၅ ပါးတွင် အပါအဝင်ဖြစ်သော အရှင် အဿဇိနှင့် တွေ့၍ သောတာပန် ဖြစ်ကြပုံ= ဗုဒ္ဓအထံတော် ရောက်လာကြပုံကို ထိုထိုကျမ်းတို့၌ ရှုပါလေကုန်။]

**အရှင်သာရိပုတ္တရာ**

ထိုအရှင် ၂ ပါးတွင် အရှင်သာရိပုတ္တရာ သည် ရဟန္တာ မဖြစ်မီကပင် စိတ်ထား သဘောထားနူးညံ့ပုံရ၏။ ခန္ဓာကိုယ်တော်လည်းအလွန်ခံ့ကျန်းတော် မူပုံမရ။ အခါတစ်ပါး၌ လေနာထ၍ သပ္ပာယဖြစ်သော ဆွမ်းဟင်းကို အရှင်မောဂ္ဂလာန် ကိုယ်တော်တိုင် ရှာဖွေရဖူးသေး၏။ ရောက်လေရာ ကျောင်းတိုက်၌ အများဆွမ်းခံကြွပြီးနောက် လှည့်ပတ်ကြည့်ရှုကာ မတော်မလျော် ထားအပ်သော အရာများကို သိမ်းဆည်းပြီးမှ ဆွမ်းခံ ကြွတော်မူလေ့ရှိ၏။ အခါတစ်ပါး၌ကား သင်းပိုင် တစ်စွန်း မညီ မညွတ် ကျနေပုံကို ၇ နှစ်အရွယ် ကိုရင်လေးမြင်၍ “အရှင်ဘုရားရဲ့ သင်းပိုင်အစွန်းကျနေပါသည်”ဟုလျှောက်ရာ သင့်တော်သော နေရာ သို့ ကြွ၍ ညီညွတ်စွာ ပြင်ဝတ်ပြီးမှ “သည်လိုဆိုလျှင် တော်လောက် ပြီလား ဆရာ”ဟု အဉ္ဇလိပဂ္ဂယှ အဋ္ဌာသိ၊ လက်အုပ်ချီကာ ရပ်၍ပြ တော်မူပါသတဲ့။ [ဒေဝပုတ္တ သံယုတ္တဋ္ဌကထာ]

အရှင်သာရိပုတ္တရာကား ထိုမျှလောက် စိတ်နေကိုယ်ထား နူးညံ့တော်မူပါပေသည်။ အရှင်အဿဇိအထံတော်မှ တရားထူးကို

http://www.dhammadownload.com



သိရ၍ အရှင်အဿဇိရှိရာဘက်သို့ ဦးခေါင်းပြုလျက် ကျိန်းစက်လေ့ ရှိတော်မူသည်။ ဆရာဖြစ်ဖူးသော သိဥ္စည်းဆရာကြီးကိုလည်း ဗုဒ္ဓ၏ အထံတော်သို့ ပါအောင်ခေါ်ရာသေး၏။ သို့သော် အတင်းငြင်းပယ် သောကြောင့်သာ လက်လျှော့တော်မူရသည်။နောက်ဆုံးအချိန်၌မူဗုဒ္ဓ ဘာသာမဖြစ်သေးသော မယ်တော်ကြီးကိုချွတ်ဖို့ရန် မိမိဖွားတော်မူ ရာ တိုက်ခန်းသို့ကြွ၍ သွေးအန်သောရောဂါဖြင့် ပရိနိဗ္ဗာန် စံတော်မူ ရရှာပါသည်။

**အရှင်မောဂ္ဂလာန်**

အရှင်မောဂ္ဂလာန်သည် ရဟန္တာမဖြစ်မီ ကပင် စိတ်နေ ထက်သန်၍ ကိုယ်နေ လည်း ခံ့ကျန်းတော်မူဟန်ရှိ၏ ။ခပ်ကြမ်းကြမ်းဆုံးမဖို့ရာကိစ္စ၌အရှင် မောဂ္ဂလာန်သည်ပင် ဆုံးမတော်မူလေ့ရှိ၏။ နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမခန်း၌ အရှင်အနုရုဒ္ဓါစသော တန်ခိုးရှင် ရဟန္တာများက "ဆုံးမပါ ရစေ" ဟု ခွင့်တောင်းသော်လည်း ခွင့်ပြုတော် မမူ။ ရှင်မောဂ္ဂလာန် ခွင့်တောင်းမှ ဘုရားရှင်ခွင့်ပြုတော်မူ၏။ အခါတစ်ပါး၌ ဗုဒ္ဓရှင်တော် မြတ်သည် ဥပုသ်ပြုဖို့ရာဘိက္ခုပရိသတ်၌ထိုင်နေတော်မူစဉ်ပရိသတ် ကို ဆင်ခြင်တော်မူရာ ရဟန်းတစ်ပါး ပါရာဇိက ကျနေသည်ကို မြင် တော်မူသဖြင့် ညဥ့်ဦးယံကုန်သော်လည်း ဩဝါဒမပေးဘဲတိတ်ဆိတ် စွာနေတော်မူသဖြင့် ဩဝါဒပေးပါရန် အရှင်အာနန္ဒာ တောင်းပန်၏၊ မရ၊သန်းခေါင်ယံကုန်လွန်ပြန်လျှင်"ပရိသတ်မသန့်ရှင်းဘူးအာနန္ဒာ" ဟု မိန့်တော်မူသည်။

ထိုအခါ အရှင်မောဂ္ဂလာန်သည် ဉာဏ်ဖြင့် ဆင်ခြင်ကြည့် ပြန်ရာ ထိုရဟန်းကိုမြင်၍ကြွသွားပြီးလျှင် "ငါ့ရှင်၊ ထ,လော့။ သင့် ကို ဗုဒ္ဓမြင်တော်မူပြီ"ဟုတစ်ကြိမ်ပြောသော် မရ၊ နှစ်ကြိမ်ပြော သော်လည်းမရ၊သုံးကြိမ်ပြောသော်လည်းမရသောကြောင့်လက်မောင်း ကို ကိုင်၍ ပုဗ္ဗာရုံကျောင်းတိုက်၏ ပြင်ဘက်ရောက်အောင် ဆွဲထုတ်

http://www.dhammadownload.com



တော်မူသည်။ ဤသို့စသည်ဖြင့် အကြမ်းကိုင်ရမည့်ကိစ္စကြုံလာလျှင် အရှင်မောဂ္ဂလာန် သာ အများအပြား ရွက်ဆောင်တော်မူလေသည်။ [သာသနာပြုကိစ္စ၌ အနုသမားချည်း မပြီးပါ၊ အကြမ်းသမားများလည်း ပါရသေးကြောင်း မှတ်ခဲ့ကြပါ။]

**အဂ္ဂသာဝက ၂ ပါး နှင်ထုတ်စံရပုံ**

ဗုဒ္ဓရှင်တော်မြတ်သည် စာတုမာရွာ ကို မှီ၍ သျှိသျှားတောကျောင်း၌ သီတင်းသုံးတော်မူ၏၊အဂ္ဂသာဝကနှစ်ပါးလည်း ဗုဒ္ဓကိုမဖူးတွေ့ဘူးသောကျေးလက်သားရဟန်း၅၀၀ ရာကိုခေါ်၍ကြွလာကြ၏။ ထို့နောက် ရဟန်းများသည် ကျောင်းနေရဟန်းများနှင့် အတူ ကျယ်လောင်ကျယ်လောင်နှင့် စကားပြောကာ ဆူညံနေကြသည် ကို ဗုဒ္ဓရှင်တော်ကြားတော်မူ၍ "အာနန္ဒာ...တံငါသည်တွေ ငါးလုရာ၌ ဆူညံနေသလို ဆူညံသူတွေဟာ ဘယ်သူတွေလဲ"ဟုမေးတော်မူရာ အဂ္ဂသာဝကနှစ်ပါး၏ တပည့်များဖြစ်ကြောင်းကို သိတော်မူ၍ ခေါ် စေတော်မူကာ အဂ္ဂသာဝကနှစ်ပါးနှင့် ရဟန်း၅၀၀ ရာကို နှင်ထုတ် တော်မူသည်။ ထိုအခါ ထွက်လာကြသည်ကို စည်းဝေးနေကြသော သာကီဝင်မင်းများမြင်၍ ဗုဒ္ဓအထံ လာရောက် တောင်းပန်မှ အခွင့်ရ သဖြင့် ပြန်လာကြလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်က "သာရိပုတ္တရာ၊ ငါဘုရား နှင်ထုတ် တုန်းက ဘယ်လိုများစိတ်ထားသလဲ"ဟု မေးတော်မူရာ "ယခုအခါ ဗုဒ္ဓရှင်တော်မြတ်သည်သံဃာ့ပရိသတ်အပေါ်၌ကြောင့်ကြစိုက်တော် မမူဘဲ ဖလသမာပတ်ဝင်စားကာ ချမ်းသာစွာ နေတော်မူလိုပြီ၊ ငါတို့ လည်း ဗုဒ္ဓရှင်တော်မြတ်ကို အတုလိုက်၍ အေးဆေးစွာ နေကြတော့ မည်"ဟု စိတ်ဖြစ်ပါကြောင်းလျှောက်လေသည်။ ထိုအခါ "သာရိပုတ္တ ရာ၊ (ဖလသမာပတ်ဝင်စား၍ အေးအေးဆေးဆေးနေဖို့ရန်)ဆိုင်းငံ့ဦး၊ ဆိုင်းငံ့ဦး"ဟု မိန့်တော်မူသည်။ အရှင်မောဂ္ဂလာန်ကို မေးတော်မူ

http://www.dhammadownload.com



ပြန်ရာ"ယခုအခါ ဗုဒ္ဓမြတ်စွာသည် သံဃာ့အပေါ်၌ ကြောင့်ကြမဲ့နေတော်မူလိုပြီ၊ ငါနှင့် အရှင်သာရိပုတ္တရာက သံဃာကို ရှက်ဆောင်ရတော့မည်"ဟု စိတ်ဖြစ်ပါကြောင်းကို လျှောက်ထားလေသော် "သာဓု-သာဓု"ဟု ခေါ်တော်မူ၍ "မောဂ္ဂလာန်၊ ငါဘုရားလည်း ရဟန်းသံဃာများကို ရှက်ဆောင်တော်မူမည်၊ သင်တို့လည်း ရှက်ဆောင်ကြ" ဟု မိန့်တော်မူသည်။

**မှတ်ချက်။** ။ ဤ၀တ္ထု၌ ကျောင်းတိုက်အတွင်း၀ယ် ဆူညံခြင်းကို မလိုလားအပ်၊ တိတ်ဆိတ်ခြင်းကိုသာ ဗုဒ္ဓရှင်တော် လိုလားတော်မူကြောင်း၊ စာတုမာရွာ၏ သာကီ၀င်များသည် သာသနာ့ရေး၌ ၀င်ရောက်စွက်ဖက်၍ သာသနာ့၀န်ကိုဆောင်ကြသကဲ့သို့ ဒကာများလည်းသာသနာ့၀န်ဆောင်များ ဖြစ်သင့်ကြကြောင်း၊ အရှင်သာရိပုတ္တရာ၏ သာသနာရေး၌ကြောင့်ကြမဲ့နေလိုစိတ်ကို ခွင့်ပြုတော်မမူဘဲ အရှင်မောဂ္ဂလာန်၏ သံဃာ့တာ၀န်ဆောင်မည်ဟု ကြံစည်စိတ်ကိုသာ သာဓုခေါ်ပံ့ထောက်၍ သံဃာ့၀န်ဆောင်ခြင်းကို ဗုဒ္ဓမြတ်စွာ လိုလားတော်မူကြောင်း သိသာလှပေသည်။

အဂ္ဂသာ၀ကနှစ်ပါး၏ အကူအညီကြောင့်လည်း ဗုဒ္ဓသာသနာတော်သည် များစွာကျက်သရေရှိတော်မူခဲ့ပါပေသည်။ မှန်၏။ ရှင်ဒေ၀ဒတ်သည် သံဃာကိုအသင်းခွဲ၍ ရဟန်းငယ်ငါးရာကိုခေါ်ယူသွားသောအခါ အဂ္ဂသာ၀ကနှစ်ပါးကိုပင်စေလွှတ်၍ ထိုရဟန်းငယ်များကို တရားအမှန် သိစေတော်မူခဲ့ရသည်။ သို့ရာတွင် ထို အဂ္ဂသာ၀က အရှင်နှစ်ပါးသည် ဗုဒ္ဓအလျင် ပရိနိဗ္ဗာန်စံတော်မူနှင့်ကြသောကြောင့် ဗုဒ္ဓရှင်တော်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အရှင် မဟာကဿပကဲ့သို့ သာသနာတော်၏တာ၀န်ကို ဆောင်ခွင့်ရတော်မမူကြချေ။ထို့ကြောင့်သာသနာ့၀န်ဆောင်ထိပ်ခေါင်တင်ဖြစ်သောအရှင်မဟာ ကဿပ၏အကြောင်းအရာကိုမိမိကြည်ညိုသကဲ့သို့ အများကြည်ညိုကြဖို့ရာ သံဃရတနာအခန်း၌ ယခုအခါပြတော့မည်။

# အရှင်မဟာကဿပ

**အမျိုးဂုဏ်**

အရှင်မဟာကဿပ၏ အကြောင်းအရာကို စဉ်းစားရသည်မှာ ကြက်သီးထလောက်အောင် အရသာ ရှိပါပေ၏။ စိတ်အား တက်ကြွ အားရဖွယ်တွေ အတုယူဖွယ် သံဝေဂဖြစ်ဖွယ်တွေ များလှပေ၏။ သာသနာပကာလ၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ကိုးကွယ်ဆည်းကပ်နေသောနန္ဒမင်းဘဝမှ(ပစ္စေကဗုဒ္ဓါများပရိနိဗ္ဗာန်စံကြသောအခါသံဝေဂရ၍မင်းမိဖုရားနှစ်ပါးလုံးတို့) ရသေ့ရဟန်းပြုလုပ်ကာ တရားအားထုတ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကြပြီးနောက် ငါတို့ဘုရားရှင် ပွင့်တော်မူချိန် ဗြဟ္မာ့ပြည်မှ စုတေခဲ့ကြ၍ ဗြာဟ္မဏသူဌေးမျိုး၌ "ပိပ္ပလိ"ဟူသောနာမည်ဖြင့်ထင်ရှားသောသတို့သားဖြစ်လေသည်။ အနွယ်အားဖြင့် ကဿပအနွယ်ဖြစ်သောကြောင့် ကျမ်းစာတို့၌ အရှင်မဟာကဿပဟုထင်ရှား၏။ မိဘပိုင်ပစ္စည်းများမှာ လယ်ထဲသို့ရေသွင်းပေးဖို့ ရေကန်ပေါင်းခြောက်ဆယ်၊ လယ်ယာမြေ ၁၂ ယူဇနာ၊ လုပ်သားများနေထိုင်ဖို့ရာ အနုရာဓမြို့ကြီးလောက်ကြီးကျယ်သော ၁၄ ရွာနှင့်မြင်းတပ်၊ ဆင်တပ်၊ ရထားတပ်လည်း ၁၄ တပ်စီလောက်ရှိရကားမဟာရာဇာတမျှကြီးကျယ်ခမ်းနားလှပေသည်။

**ကြောင်းလမ်းစေ့စပ်စန်း**

ပိပ္ပလိသတို့သား အသက် ၂၀အရွယ်ရောက်သောအခါ ထို သတို့သားတစ်ယောက်တည်းရှိသော မိဘများက လက်ထပ်ဖို့ရန်ပြောကြ၏၊ကာမစိတ်သန့်ရှင်းသော ဗြဟ္မာ့ပြည်မှစုတေလာခဲ့သူဖြစ်၍ ကာမမှုကို စက်ဆုပ်ရွံရှာရကား အခါခါ ငြင်းဆန်၍ တောထွက်ရန်သာ ဖွဲသန်သန် ပြောနေ၏။ မိခင်ကြီးကား မိမိတို့ပစ္စည်းများ အမွေခံမရှိလျှင် မင်း ဘဏ္ဍာဖြစ်ရစ်မည်စိုး၍ အမျိုးမျိုးဖျောင်းဖျ ပြောဆိုလေရာ ပန်းပုသမားထံ အလှဆုံးရွှေရုပ်ကိုအလုပ်ခိုင်း၍ ထိုရွှေရုပ်လောက်ချောသူကိုရမှ လက်

http://www.dhammadownload.com



ထပ်မည်ဟု ပြောလေသည်။ (မရနိုင်ဘူးထင်၍ ပြောခြင်း ဖြစ်သော်လည်း) မိခင်ကြီးကား အားမလျော့။ "ငါ့သား ကောင်းမှုပြုစဉ်တုန်းက တစ်ယောက်တည်းပြုခဲ့မှာ မဟုတ်ဘူး၊ ကောင်းမှုပြုဖက် အမျိုးသမီးဟာ ဒီရွှေရုပ်လောက် ချောမှာပေါ့"ဟုယူဆ၍ ဗြာဟ္မဏရှစ်ယောက်ထံ ရွှေရုပ်ကိုအပ်နှံကာ ချွေးမလောင်း အရှာခိုင်းလေတော့သည်။

နန္ဒမင်းဘ၀ မရောက်ခင်ကပင် မကြာမကြာရေစက်ဆုံလာသော အမျိုးသမီးသည် နန္ဒမင်း၏မိဖုရားဘ၀၌ အတူတကွ ရသေ့လုပ်ခဲ့ကြ၍ ဗြဟ္မာ့ပြည်ရောက်၊ ထို့နောက် လူ့ပြည်မှာ မိန်းမချောမိန်းမလှအများဆုံးထွက်သော (ပဘာ၀တီတို့ တိုင်းပြည်ဖြစ်ခဲ့သော) မဒ္ဒရာဇ်တိုင်း ဗြာဟ္မဏသူဌေးမျိုး၌ဖြစ်လျက်ရှိရကား ဗြာဟ္မဏ ရှစ်ယောက်တို့ မဒ္ဒရာဇ်တိုင်းအရောက်တွင် တစ်ဆယ့်ခြောက်နှစ်အရွယ်သူတော်စင် "မယ်ဘဒ္ဒါ"ကို တွေ့ကြ၍ ထိုရွှေရုပ်ကို အပ်နှင်းကာ စေ့စပ်ကြောင်းလမ်း၍ ပြန်သွားကြလေသည်။

**မကျေမနပ်နှင့် လက်ထပ်ကြပုံ**

ထိုအကြောင်းကို သတို့သား သတို့သမီးတို့အသီးသီး ကြားသိရလျှင်စိတ်အဆင်းရဲကြီးဆင်းရဲသွားကြတော့၏။သတို့သားစဉ်းစားသည်မှာ "ငါသည် ထိုရွှေရုပ်လို အမျိုးသမီးကို မရနိုင်ဘူး ထင်ခဲ့၏၊ ယခုသော် ရ ပြီဟု ပြောကြသည်၊ ဘာပဲဖြစ်ဖြစ် မိဘကွယ်လွန်လျှင် တောထွက်မည် အမှန်ပင် ဖြစ်ရကား သတို့သမီးလေး စိတ်ဆင်းရဲရစ်ရှာတော့မည်၊ ကိစ္စ မလွန်ခင်က သတိပေးရလျှင် သင့်တော်စရာရှိရဲ့"ဟု စဉ်းစား၍ တိတ်တိတ်ပုန်း စာရေးသည်မှာ "အို ဘဒ္ဒါ၊ နှမအတွက် ဂုဏ် အသရေ ချင်း တူမျှသော အမျိုးသားကို ရပါစေ"ဟုဆုတောင်းပါသည်။ ကျုပ်တော့ မိဘများ ကွယ်လွန်လျှင် အမှန်ပင် ရဟန်းပြုရပါလိမ့်မည်။ နောင်တ မရဖို့ရန် ယခုက သတိပေးပါသည်" ဤသို့စာရေး၍ လူယုံတော်ကို စေလွှတ်လိုက်လေသည်။

17 A

http://www.dhammadownload.com



အမျိုးသမီးလည်း ထိုစာအတိုင်းပင်စဉ်းစား၍ မိမိလက်မထပ်လိုသောစာကို ရေးသားစေလွှတ်လေရာ ထိုစေတမန် ၂ ဦးတို့ ခရီးအကြားမှာ တွေ့ကြ၍ အကျိုးအကြောင်းမေးကာ (ဝမ်းမြောက်ကျေနပ်ကြောင်း ကြင်ကြင်နာနာရေးသားကြလိမ့်မည်ဟုထင်၍) ပေးလိုက်သောစာကို သဘောတူဖွင့်၍ ဖတ်ကြည့်သောအခါ သူတို့ ထင်ကြေးနှင့်မကိုက်သော စာ ၂ စောင်ကိုဆုတ်ပြီးလျှင် သဘောတူ ကျေနပ်ကြောင်းစာကိုသာ ပြင်ဆင်ရေးသား၍ ပို့ကြလေသတဲ့။ ဤသို့အားဖြင့် ကာမစိတ်ကင်းရှင်းနေသောရေစက်ဟောင်း ၂ ဦးတို့ လက်မထပ်ချင်ဘဲနှင့် လက်ထပ်ပွဲဝင်ကြရလေသည်။

**တောထွက်ကြပုံ** လက်ထပ်ပြီးနောက်၌ အိပ်ရာဝင်ချိန် မရောက်မီကပင် ပန်းကုံးများကို ကုံးစေပြီးကာ အိပ်ရာအလယ်၌ ချထား၍ အိပ်ရာ ဝင်ကြသောအခါ "ပန်းကုံးကို မထိတမ်းနော်၊ ညှိုးတဲ့ပန်းကုံးရှင်ဟာ စိတ်မစင်ကြယ်လို့ပဲ"ဟုပြော၍ ပန်းကုံးခြားလျက် အိပ်စက်ကြလေသည်။ သို့သော် တစ်ယောက်နှင့် တစ်ယောက် ထိမိမည်စိုးသောကြောင့် စိတ်ချလက်ချ အိပ်မပျော်ကြ။ ဤနည်းအားဖြင့် အိမ်ရာထောင်၍ လူ့ဘောင်မှာ နေကြသော်လည်း ကာမစိတ်ခါတ် လွတ်လပ်စင်ကြယ်ရကား မောင်နှမအရင်းပမာ တစ်ဦးနှင့်တစ်ဦး အထူးကြင်နာစွာ နေထိုင်ကြပြီးနောက် မိဘတို့ ကွယ်လွန်သောအခါ စည်းစိမ်ဥစ္စာကို ထိန်းသိမ်းစီမံရင်း သံဝေဂဖြစ်ကြ၍ သဘောတူ တောထွက်ကြလေသည်။ သို့သော် ထိုအချိန်အခါ၌ "ဗုဒ္ဓ"ရှိသည်ဟူသောသတင်းကို သူတို့မသိရသေးသဖြင့် "လောက၌ ရဟန္တာအစစ် ဖြစ်ပြီးသူကို ရည်မှန်း၍ ထိုသူ့အထံ တပည့်ခံဖို့ရာ ငါတို့ ရဟန်းပြုပါသည်" ဟု ပြောဆိုကာ ရဟန္တာအစစ်ကို ရှာသောအားဖြင့် တောထွက်ခဲ့ကြခြင်း ဖြစ်သည်။

http://www.dhammadownload.com



**နောက်ဆုံးအခွဲ မြေလှုပ်**

တောထွက် လာခဲ့ကြပြီးနောက် လမ်းနှစ်ခွသို့ ရောက်သောအခါ အရှင်ပိပ္ပလိသည် ရပ်တန့်၍ "ဘဒ္ဒါ...သင်ကဲ့သို့ ရုပ်အဆင်း အထက်တန်းကျသော ရသေ့မတစ်ယောက် နောက်က ပါနေသည်ကို မြင်ရသူတို့က "သူတို့နှစ်ယောက် ရသေ့ရဟန်းပြုပြီးသော်မှလည်း မခွဲနိုင် မခွာရက်ကြ"ဟု အပြစ်မြင်ကြလိမ့်မည်၊ သင်အလိုရှိရာ လမ်းကိုယူပါ၊ ငါတို့နှစ်ယောက်လမ်းခွဲကြစို့"ဟု မိန့်တော်မူရာ မယ်ဘဒ္ဒါကလည်း "မှန်ပါတယ်၊ လူအများ အပြစ်မြင်စရာ ဖြစ်နေပါတယ်၊ နှမက လက်ဝဲဘက်လမ်းကို လိုက်သွားပါ့မယ်၊ အရှင်က လက်ယာလမ်းကို ကြွပါ" ဟု လျှောက်၍ အလွန်ရိုသေစွာကန်တော့ရာ မြေစောင့်နတ်များ မနေနိုင် မထိုင်နိုင်ဖြစ်၍ ဤမဟာပထဝီမြေကြီးသည် သွက်သွက်ခါအောင် တုန်လှုပ်လေသည်။

**ဗုဒ္ဓနှင့် တွေ့တော်မူပုံ**

ထို မြေလှုပ်ခြင်း၏ အကြောင်းကို ဗုဒ္ဓရှင်တော် ဆင်ခြင်တော်မူသောအခါ သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် သားတော်ကြီး အလောင်း ပိပ္ပလိသတို့သားနှင့် မယ်ဘဒ္ဒါတို့ ထွက်လာ၍ လမ်းခွဲကြကြောင်းကို သိတော်မူသဖြင့် ပိပ္ပလိအရှင် လာမည့်လမ်းသို့ ၃ ဂါ ဝုတ်ဝေးအောင် ခရီးဦးကြိုပြုကာပညောင်ပင်အောက်၌ရောင်ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်စွာ ထိုင်နေတော်မူနှင့်လေသည်။ ပိပ္ပလိအရှင်လည်း ဗုဒ္ဓရှင်တော်ကို မြင်လျှင်မြင်ချင်း "မိမိရည်မှန်းခဲ့သောဆရာသည် ဤပုဂ္ဂိုလ်သာတည်း"ဟုဆုံးဖြတ်၍ အလွန်လေးမြတ်စွာ ရှိခိုးဝပ်ချလျက် တပည့်အဖြစ်ကို ခံယူလေသည်။ [ထိုပိပ္ပလိကို ကဿပအနွယ်ဝင်ဖြစ်သောကြောင့် "အရှင်မဟာ ကဿပ"ဟုခေါ်ကြသည်။]

**ရဟန္တာဖြစ်ပုံ**

ဗုဒ္ဓရှင်တော်သည် အရှင်မဟာကဿပအား ထို နေရာတွင်ပင် ရဟန်းအဖြစ်ကို ပေးတော်မူ၍

http://www.dhammadownload.com



အတူ ကြွတော်မူလေရာ ခရီးအကြား သစ်ပင်အောက်၌ အရှင် မဟာကဿပ ခင်းပေးအပ်သော သင်္ကန်းကြီးအပေါ်မှာ ထိုင်တော်မူ၍ ထိုသင်္ကန်းကြီးကို လက်တော်ဖြင့် သုံးသပ်တော်မူကာ "ကဿပ... (လူ့ဘဝတုန်းက အဝတ်ဖြစ်ခဲ့သော) သင်ရဲ့သင်္ကန်းက တယ်နူးညံ့ပါတကား" ဟု မိန့်တော်မူလေသော်–

အရှင်ကဿပ။ ။ ဒီသင်္ကန်းကို မြတ်စွာဘုရား ခြုံတော်မူပါဘုရား။

ဗုဒ္ဓ။ ။ သင်ကော ဘာကိုခြုံမည်လဲ။

အရှင်ကဿပ။ ။ မြတ်စွာဘုရား၏ သင်္ကန်းတော်အဟောင်းရပါလျှင် ခြုံပါ့မည်ဘုရား။

ဗုဒ္ဓ။ ။ ကဿပ...ဤသင်္ကန်းကို ငါဘုရားကိုယ်တိုင် ပုဏ္ဏာမည်သော ကျွန်မ၏အလောင်းမှတစ်ပြည်သားမျှသောလောက်တွေကိုဖယ်၍ ပံသုကူကောက်ယူခဲ့ရတယ်။ ဤသင်္ကန်းကို ပံသုကူကောက်ချိန်က မဟာပထဝီမြေကြီးပင် တုန်လှုပ်ခဲ့ရတယ်၊ ဂုဏ်အင်အားလုံးဆောင်နိုင်သူမှ ဤသင်္ကန်းနှင့်ထိုက်တန်တယ်၊ ဤ သင်္ကန်းကို ဆောင်နိုင်ပါ့မလား။ (ဤသင်္ကန်းနဲ့တန်အောင် ကျင့်နိုင်ပါ့မလားဟူလို။) ဤသို့မေးတော်မူ၍ အရှင်ကဿပက "ဆောင်နိုင်ပါကြောင်း" လျှောက်ထားသဖြင့် သင်္ကန်းချင်းလဲ၍ ဝတ်ရုံလေသော်မဟာပထဝီမြေကြီးလည်း တအံ့တဩဖြစ်သည့်ပမာပြင်းစွာတုန်လှုပ်ပြန်လေသည်။ အရှင်မဟာကဿပလည်း ဂုဏ်အင်အားလုံးကို ဆောင်၍ ကြိုးစားအားထုတ်တော်မူရာ ရှစ်ရက်မြောက် အရုဏ်တက်ချိန်မှာ ရဟန္တာဖြစ်တော်မူသည်။

**ကျင့်တော်မူပုံ** ရှင်မဟာကဿပသည် တောကျောင်း၌ သီတင်းသုံး တော်မူ၏။ သင်္ကန်း ၃ ထည်သာ ကိုယ်ပိုင်ထားတော်မူ၏။ အမြဲ ဆွမ်းခံ၍ ဘုဉ်းပေးတော်မူ၏။ ဆွမ်းခံရာမှာ

http://www.dhammadownload.com



လည်း အိမ်စဉ်မကျော်ဘဲ ဆွမ်းခံတော်မူ၏။ ဤသို့စသည်ဖြင့် အမြဲ ရူတင်ဆောက်တည်တော်မူကာ တစ်ရံတစ်ခါ၌မူ ဆွမ်းခံမကြွမီ သမာပတ်ကို ဝင်စားတော်မူ၍ သမာပတ်မှ ထ,တော်မူပြီးနောက် ဆင်းရဲသူများကို ချီးမြှောက်သောအားဖြင့် ဆင်းရဲသူများရပ်ကွက်သို့ ဆွမ်းခံဝင်တော်မူ၏။ အခါတစ်ပါး၌ကား သိကြားနှင့်သုဇာတာမိဖုရားတို့ပင် လူဆင်းရဲဟန်ဆောင်၍ အရှင်မဟာကဿပအား ဆွမ်းလောင်းဖူးသည်။ လယ်စောင့် ဆင်းရဲသူမတစ်ယောက်ကား သူ၏သွားရည်စာ ပေါက်ပေါက်လှော်များကို အရှင်မဟာကဿပအားလှူပြီးနောက် လယ်ကန်သင်း၌ မြွေပေါ(ငါ)ခံရ၍ စုတေလေရာ ချက်ချင်းပင် တာဝတိံသာသို့ ရောက်သွားသည်။

တစ်ရံတစ်ခါ၌ နူနာစွဲသူတို့၏ လက်ဖြင့်နယ်၍ လှူဒါန်းအပ်သော ဆွမ်းကိုပင် မြိန်ရှက်စွာ ဘုဉ်းပေးတော်မူပါသတဲ့။ အိုအရှင်မြတ်ကြီးဘုရား၊ အရှင်မြတ်၏ လူ့ဘဝတုန်းက စည်းစိမ်နှင့်အရှိန်အဝါကိုတွေးကာ ရဟန်းတော်ဘဝ၌ ကျင့်တော်မူပုံများကို နှိုင်းယှဉ်၍ စဉ်းစားလိုက်သောအခါ တပည့်တော်၏အဖြစ်ကို အားမရနိုင်အောင် ရှိပါသည့်ပြင် အရှင်မြတ်ကြီးကိုကား ဦးတော်ညွတ်ကာ ပျပ်ဝပ် ရှိသေလှပါတော့သည် ဘုရား။

**ဗုဒ္ဓရှင်တော် ချီးမြှောက်စားတော်မူပုံ**

နောင်အရေးကိုမြော်မြင်သောဘုရင်မင်းမြတ်သည် မိမိ၏အရိပ်အရာကိုဆက်ခံနိုင်မည့်သားရတနာအားမိမိဝတ်ဆင်မြဲဖြစ်သောတန်ဆာကိုပေးသနားတော်မူသကဲ့သို့ဗုဒ္ဓရှင်တော်မြတ်သည်လည်း ကိုယ်တော်မြတ်၏အရိပ်အရာ သာသနာတော်ကို ဆက်လက်၍ဆောင်ရွက်မည်ကိုမြင်တော်မူကာကိုယ်တော်မြတ်၏ပံ့သုကူသင်္ကန်းတော်ကို အရှင်မဟာကဿပ ရဟန်းဖြစ်စကပင် ပထမအကြိမ် ချီးမြှောက်တော်မူခဲ့ပြီ။ထို့နောက်မကြာမကြာသံဃာ့ပရိသတ်အလယ်မှာ

http://www.dhammadownload.com



အရှင်မဟာကဿပကို မြှောက်စားတော်မူ၏။ ဘိက္ခုတို့၊ သင်တို့သည် ကဿပလို နေနိုင်၊ ကဿပလို ကျင့်နိုင်အောင် ကြိုးစားကြ။ တရားဟောတဲ့နေရာမှာပင် ကဿပရဲ့စိတ်ထားမျိုးဟောကြ၊ ကဿပတရားဟောတဲ့အခါ တရားတော်၏ သဘာဝကျပုံမှန်ကန်ပုံကို အခြေခံထား၍ "ငါဟောတဲ့တရားကို သူတို့နာကြလျှင် ကောင်းမှာပဲ၊ ကြားနာပြီး နားလည်ကြလျှင် ကောင်းမှာပဲ၊ နားလည်ပြီး လိုက်နာကျင့်ကြလျှင် ကောင်းမှာပဲ"ဟု မေတ္တာ ကရုဏာစိတ်ဖြင့်ဟောသည်၊ "ဘိက္ခုတို့၊ ငါဘုရားသည် ဈာန် အဘိညာဉ် ဝင်စားတော်မူလိုသည့်အခါ အလိုရှိရာ ဈာန်အဘိညာဉ်ကို (အချိန်မကြာစေဘဲ)ဝင်စားနိုင်သကဲ့သို့ ကဿပ သည်လည်း ငါဘုရားလိုပင် ချက်ချင်းဝင်စားနိုင်သည်"ဟု တန်ခိုးအရာ တန်းတူထား၍ မြှောက်စားတော်မူသည်။

**မြှောက်စားရာ၌ ရည်ရွယ်ချက်**

ဘာ့ကြောင့် ထိုမျှလောက် မြှောက်စားတော်မူပါသနည်း။ အရှင်သာရိပုတ္တရာ အရှင်မဟာ မောဂ္ဂလာန်တို့သည်ဗုဒ္ဓရှင်တော်၏အလျင်ပရိနိဗ္ဗာန်စံကြမည်ဖြစ်၍ ဗုဒ္ဓရှင်တော်ပရိနိဗ္ဗာန်စံတော်မူပြီးသည့်အခါဝယ်အရှင်မဟာကဿပသာလျှင် သာသနာ့ဝန်ကို ဆောင်ရစ်ရပေမည်၊ထိုအခါ "ဗုဒ္ဓရှင်တော်သည်ပင်တန်းတူထား၍မြှောက်စားအပ်သောအရှင်မြတ်ပေတကား"ဟု အရှင်မဟာကဿပကို သံဃာတော်အားလုံးက လေးစားရစ်စေတော်မူလိုသောကြောင့် အင်္ဂါသာဝက ၂ ပါးထက်ပို၍ မြှောက်စားတော်မူပါသည်။ [အရှင် မဟာကဿပသည် သက်တော်တစ်ရာ့နှစ်ဆယ်ရှည်သောကြောင့် ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်စံတော်မူပြီးနောက်နှစ်ပေါင်းအတော်ကြာအောင်သာသနာ့တာဝန်ကိုဆောင်တော်မူခဲ့ပေသည်။ ထိုကဲ့သို့ လူ့ဘဝ၌လည်း အမျိုးမြတ်စည်းစိမ်ရှင်ဖြစ်၍ သာသနာတော်သို့ဝင်လာသောအခါ၌လည်းတန်ခိုးဣဒ္ဓိပါဒ်နှင့်အရပ်ရပ်

http://www.dhammadownload.com



အကျင့်ထူးတော်မူသော သက်တော်ရှည်သားတော်ကြီး တစ်ပါးကို ဗုဒ္ဓရှင်တော်ရတော်မူလိုက်သည်မှာ သာသနာတော် အတွက် လွန်စွာ ကံကောင်းပါပေသည်။

**သာသနာတော်၏ ပထမဝန်ဆောင်များ**

(သာသနာတော်၏)ပထမအပိုင်းဟု ဆိုထိုက်သော ဗုဒ္ဓရှင်တော်မြတ်၏ လက်ထက် တော်ကြီးဝယ် မိမိတို့၏စွမ်းရာစွမ်းရာဖက်မှ တာဝန်ကိုယူ၍ သာသနာ့တာဝန်ကို ဆောင်တော်မူခဲ့ကြသော ထိပ်ခေါင်တင်အရှင်မြတ်တို့သည်များပြားလှပါပေကုန်၏။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ကဲ့သို့အချို့ထေရ်များလည်း သူဌေးဘဝနှင့်သူဌေးသားဘဝမှထွက်လာကြကုန်၏၊တချို့ထေရ်များကား အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာတို့ကဲ့သို့ မင်းသားဘဝမှ လည်းကောင်း၊ အရှင်မဟာကပ္ပိနထေရ်၊ အရှင်ဘဒ္ဒိယထေရ်တို့ကဲ့သို့ အချို့ထေရ်များကားကိုယ်တိုင်ဘုရင်အဖြစ်မှထီးနန်းကိုစွန့်၍လည်းကောင်း ရဟန်းပြုလာကြကုန်၏။ ထို့ကြောင့်လည်း သာသနာ့ အရေအရောင်သည် ထိပ်တန်းရောက်အောင် ထွန်းပြောင်ကာ မဇ္ဈိမဒေသ အိန္ဒိယနယ်တွင် ဗုဒ္ဓဘာသာကို ဗိမ္ဗိသာရမင်း၊ ကောသလမင်းစသော ဘုရင်တို့ ကိုးကွယ်ရာ အထက်တန်းဘာသာတစ်ရပ်ဟု ဟိန္ဒူဘာသာဝင် ပညာရှင်ကြီးများပင် အသိအမှတ်ပြုခဲ့ရပေသည်။

ထို့ကဲ့သို့ သာသနာ့အရောင် ထိပ်တန်းရောက်အောင် ထွန်းပြောင်ချိန်၌ သာသနာမှေးမှိန်အောင် ပြုနေသော ရဟန်းများလည်း အများအပြားရှိပါသေး၏။ ထိုရဟန်းများ၏ မတော်မလျော်သော ကိုယ်မှု နှုတ်မှု များကြောင့် "ဝိနယ"ခေါ် ဥပဒေတော်ကြီးကို အမှုအားလျော်စွာ အမျိုးမျိုးထားတော်မူရပါသည်။ ထိုသို့ ပြစ်မှု ကျူးလွန်သော ရဟန်းပေါင်းများစွာတို့တွင် အနည်းငယ်ကိုထုတ်ပြပါဦးမည်။

http://www.dhammadownload.com



# ဆဗ္ဗဂ္ဂီရဟန်းများ

**ရဟန်းပြုရာ၌ သူတို့ရည်ရွယ်ချက်**

[ဆ=၆–ယောက်+ဝဂ္ဂီ= အစုအရုံး ရှိသူများ]သာဝတ္ထိမြို့၌သူငယ်ချင်း၆ယောက်တို့ တိုင်ပင်ကြသည်မှာ "မိတ်ဆွေတို့၊ လယ်လုပ်နိုင်မှ ကုန်ရောင်းနိုင်မှ နွားမွေးနိုင်မှ(တစ်ခုခု လုပ်နိုင် ကိုင်နိုင်မှ)အသက်မွေးဝမ်းဝသော လူ့ဘဝဆိုတာ အလွန်ကြပ်တယ်၊ ငါတို့တစ်စု ဘုန်းကြီးလုပ်ရလျှင် မကောင်းပေဘူးလား"ဟုတိုင်ပင်ရာ သူငယ်ချင်းခြောက်ယောက်လုံး သဘောတူကြပြီးနောက်"ဘုန်းကြီးလုပ်ပြန်လျှင် မထင်မရှားတဲ့နေရာမှာ သက်န်းမဝတ်ဘဲ ကိစ္စတစ်စုံတစ်ရာ ကြုံလာလျှင် ထုတ်ဆောင်ကယ်တင်နိုင်မည့်ပုဂ္ဂိုလ်အထံ ဘုန်းကြီး လုပ်မှ နေရာကျမယ်။ ဒါ့ကြောင့် အဂ္ဂသာဝက ၂ ပါးအထံ ကပ်ကြစို့ရဲ့"ဟုဆုံးဖြတ်ကြပြီးလျှင်အရှင်သာရိပုတ္တရာနှင့်အရှင်မဟာမောဂ္ဂလာန် ၂ ပါးတို့အထံ ရဟန်းပြုကြလေသည်။ [ဤနေရာဝယ် အသက်မွေးချောင်အောင် ဘုန်းကြီးလုပ်ကြပုံကို သတိပြုခဲ့ပါ။]

ထိုသို့ ရဟန်းပြုပြီးနောက် ၅ ဝါမပြည့်သေးလျှင် လည်းကောင်း၊ ၅ ဝါပြည့်စေကာမူ ဝိနည်းနားမလည်လျှင် လည်းကောင်း၊ ဆရာနှင့်ခွဲ၍ မနေရ။ ထို့ကြောင့် ဝိနည်းပညတ်တော်အတိုင်း ၅ ဝါ ရအောင် ဆရာ့အထံ ဝိနည်းဆိုင်ရာ အားလုံးကိုသင်ပြီးလျှင် တိုင်ပင်ကြပြန်သည်မှာ–"ဇနပုဒ်၊ ဒိစတြိတ်မြို့ဆိုသည်မှာ အမြဲသာယာဝပြောနေဖို့ ခဲယဉ်းတယ်။ တစ်ရံတစ်ခါ ဒုဗ္ဘိက္ခကပ်ကြုံလာခဲ့သော် တစ်ပါးနှင့်တစ်ပါး အားထားကူညီနိုင်ဖို့ရာ တပည့်တော်တို့ ၆ ပါးတွင် ၂ ပါးစီ ခွဲနေကြစို့"ဟု တိုင်ပင်ကာနေရာဌာနကို စိတ်ကူးကြလေသည်။

http://www.dhammadownload.com



**ဓနရာဌာနနှင့် ဆဗ္ဗဂ္ဂီ အစုအရုံး**

သာဝတ္ထိမြို့ဆိုတာ သိန်းပေါင်းများစွာသော လူထု၏ နေထိုင်ရာ ဒေသဖြစ်၍ ကာသိတိုင်း ကောသလတိုင်း ဟူသော တိုင်းကြီး ၂ တိုင်း၌ရှိကြသော ကျေးရွာပေါင်းရှစ်သောင်း၏ အခွန်တော်သွင်းရာ မြို့တော်ဖြစ်သည်။ ထို့ကြောင့် အရှင်ပဏ္ဍုကနှင့်အရှင်လောဟိတကတို့က ဤသာဝတ္ထိပြည်မှာနေပြီးလျှင်ကျောင်းပိုင်ရအောင် ပထမကြိုးစားကြပါ။ ထိုကျောင်းမှာ သရက်၊ ပိန္နဲ၊ အုန်းစသော သစ်ပင် ပန်းပင်အမျိုးမျိုးကိုစိုက်ကြပါ၊ လာသမျှဒကာဒကာမတွေကို လက်မလွတ်ရအောင် သစ်သီး ပန်းပေး၍ ချီးမြှောက်ကြပါ။ ထို့နောက် အကျွမ်းဝင်သောအခါ သူတို့၏သားကလေးများကို ရှင်ရဟန်းပြုပေး ကာ ပရိသတ်တိုးပွားအောင် ကြိုးစားကြပေတော့။

ရာဇဂြိုဟ်မြို့ဆိုတာလည်း ကုဋေပေါင်းများစွာသော လူထု၏နေထိုင်ရာ ဖြစ်သည့်ပြင် အင်္ဂတိုင်း မဂဓတိုင်း ဟူသော တိုင်းကြီး ၂ တိုင်း၌ရှိသော ရွာပေါင်း ရှစ်သောင်းတို့မှ အခွန်တော်သွင်းရာ ဌာနကြီးပင်ဖြစ်ပေသည်။ အရှင်မေတ္တိယနှင့် အရှင်ဘူမဇကတို့က ထို ရာဇဂြိုဟ်ဝယ် နေရာကောင်းရအောင်ရှာ၍ ကျောင်းတိုက် တည်ကာ (ရှေးနည်းအတိုင်း)အခြေအရံ တိုးပွားအောင် ကြိုးစားကြပါ။

ကိဋာဂိရိဇနပုဒ်ဆိုသည်မှာ မိုးဥတု ဆောင်းဥတု ၂ မျိုးလုံး မိုးရွာ၍ အသီးအနှံများကို တစ်နှစ်သုံးကြိမ်စားရသဖြင့် သာယာဝပြောသော နေရာဖြစ်၏။ အရှင်အဿဇိနှင့် အရှင်ပုနဗ္ဗသုကတို့က ထိုကိဋာဂိရိဇနပုဒ်မှာ ကျောင်းတိုက်ပိုင်ဖြစ်အောင် ကြိုးစားလျက် အခြေအရံ ပရိသတ်တိုးပွားအောင် အားထုတ်ကြပါ။

ဤသို့အချင်းချင်း တိုက်တွန်း၍ တစ်နေရာစီ ကြိုးစားကြလေရာ သူတို့ရည်ရွယ်ချက်အတိုင်း တစ်နေရာလျှင် သံဃာငါးရာစီရှိသောကြောင့် မကြာမီပင်သာသနာတော်၌ ဆဗ္ဗဂ္ဂီဂိုဏ်း သံဃာ

http://www.dhammadownload.com



အပေါင်းသည် ခေါင်းဆောင်ဆရာကြီး ၆ ပါးနှင့်တကွ တစ်ထောင့် ငါးရာကျော်ရှိလေသည်။

**ကိဋ္ဌာဂိရိ၌ ဖြစ်ပျက်နေပုံ**

ထိုဆဗ္ဗဂ္ဂီဂိုဏ်းရဟန်းတို့တွင်သာဝတ္ထိမြို့နေအရှင် ပဏ္ဍုက နှင့် အရှင်လောဟိတကဆရာတပည့်တို့သည် လဇ္ဇီသူတော်ကောင်း သီလရှိသူများဖြစ်ကြ၍ ကြွင်းသောဆဗ္ဗဂ္ဂီဂိုဏ်းသားတို့ကား အလဇ္ဇီ မသူတော်တွေသာ များကြလေသည်။ ကိဋ္ဌာဂိရိ၌နေကြသူတို့သည်ပန်းပင်အမျိုးမျိုးစိုက်၍ ပန်းကုံးအမျိုးမျိုးကုံးပြီးလျှင် အမျိုးသမီး ကြီးကြီးငယ်ငယ်တို့အား ပန်းကိုပေးကြ၏၊ထိုအမျိုးသမီးများနှင့်အတူစားအတူနေကြရုံတွင်မက အိပ်ရာခင်းတစ်ခင်းတည်း၌ပင်စောင်အတူခြုံ၍အိပ်ကြသည်ဟုဆို၏။

သူတို့သည် ညစာလည်း စားကြ၏။ ပန်းနံ့သာ လိမ်းကျံခြယ်လှယ်၍ ကိုယ်တိုင်လည်း က,ကြ၊ သီချင်းဆိုကြ၊ တီးမှုတ်ကြနှင့်၊ သင်္ကန်းကြီးကို ခင်းပေးကာ "ဟော့ ဒီပေါ်မှာ က,စမ်းပါကွ နှမရ" ဟု အကလည်းခိုင်း က,ပုံဆိုပုံကိုလည်း သင်ပေးကြနှင့် ဖြစ်ချင်တိုင်း ဖြစ်နေကြသည့်အပြင် ကျားချတမ်း စစ်တုရင်ထိုးတမ်းမှစ၍ ကစား အမျိုးမျိုးကိုလည်း ကစားကြသတဲ့။ ထိုသို့ ပြုနေသည့်အတွက် အကြည်ညိုပျက်သူတွေထက် သူတို့ဘက်ပါနေသူကများနေကြောင်း မှာ ပြလတ္တံ့ဝတ္ထုကလေးဖြင့် သိသာပါလိမ့်မည်။

**သူတော်ကောင်း မကောင်းထင်**

ထိုကဲ့သို့ ကိဋ္ဌာဂိရိ ဇနပုဒ်၌ သာသနာ ဆုတ်ယုတ်နေချိန်မှာပင်ကာသိတိုင်းမှသီဟင်းဝါလကျွတ်သဖြင့် သာဝတ္ထိသို့ဘုရားဖူးကြွမည့်ရဟန်းတော် တစ်ပါးသည် နံနက်အချိန် ထိုကိဋ္ဌာဂိရိ၌ ဆိုက်ရောက် နေသောကြောင့် စက္ခုန္ဒြေချလျက် ကြည်ညိုဖွယ် ဆွမ်းခံဝင်လေသော် ထိုရဟန်းတော်ကို မြင်ရသူတို့ စိတ်ထဲ၌ ကြည်ညိုစရာဟု မထင်နိုင်ကြဘဲ အထူးအဆန်း ရဟန်းတစ်ပါးဟု ထင်ကြ၍ "ဒီကိုယ်တော်က

http://www.dhammadownload.com



ဘယ့်နှယ်ကိုယ်တော်ပါလိမ့် အ–အနဲ့ တူလိုက်တာ၊ သွားလာပုံက လည်း နုံ့နုံ့ နုံ့နုံ့နဲ့၊ ပြီးတော့ မျက်မှောင်ကုပ်နေသလိုပဲ၊ မျက်နှာကရှုံ့ လို့၊ ဒီလိုကိုယ်တော် ဆွမ်းရပ်လာလို့ ဘယ်သူက လှူချင်မှာတဲ့လဲ။

ဟော– တို့ ဦးအဿဇိ၊ ဦးပုနဗ္ဗသုကတို့ ဂိုဏ်းကတော့ အင်မတန်သိမ်သိမ်မွေ့မွေ့ပြေပြေပြစ်ပြစ်ရှိတယ်၊ခေါ်ပုံပြောပုံကလည်း အမေတန် အမေလို့၊ အစ်မတန် အစ်မလို့ ခေါ်လေ့ပြောလေ့ ရှိတယ်။ စကားပြောကြပလားဆို(ဒီကိုယ်တော်လိုမျက်မှောင်ကုပ်ကုပ်ကြီးလုပ် မထားဘဲ)မပြောခင် အရင်ပြုံးပြီးမှ ပြောလေ့ရှိကြတယ်။မျက်နှာ တော်ကလေးကလည်း အင်မတန်ပေါ်လွင်ထင်ရှားတဲ့အပြင် တွေ့ကြ ပလားဆိုလျှင် သူတို့က အရင်နှုတ်ဆက်လိုက်တာပဲ။ "ဒီလို ကိုယ် တော်များမှ ဆွမ်းကွမ်းလှူထိုက်တာ"ဟု အချင်းချင်း မကြား တကြား ပြောကြလေ၏။ အရင်မြတ်မှာကားဆွမ်းတစ်ဇွန်းမှမရသေးဘဲအခြား တစ်ရွာဆက်၍ ဆွမ်းရှာရမလို ဖြစ်နေလေသည်။ ထိုအခါ ထံအား လျော်စွာ ရေးမှီနောက်မှီ ဥပါသကာကြီးကမြင်၍ အနားကပ်လာပြီး လျှင်–

ဒကာ။ ။ ဆွမ်းကလေးများ ရတော်မူရဲ့လားဘုရား။

ရဟန်း။ ။ မရသေးဘူး ဒကာ။

ဒကာ။ ။ တပည့်တော်အိမ် ကြွတော်မူပါဘုရား။ [ဆွမ်း ကပ်ပြီးသောအခါ] ဘယ်ကြွတော်မူမလို့ပါတုံး ဘုရား။

ရဟန်း။ ။ သာဝတ္ထိသို့ ဘုရားဖူးသွားမလို့ပဲ။

ဒကာ။ ။ ဒါဖြင့် တပည့်တော်အလျှောက်နဲ့ ဗုဒ္ဓ ရှင် တော်ရဲ့ ခြေတော်ကိုရှိခိုးတော်မူပါလေဘုရား၊ ပြီးတော့ ကိဋာဂိရိ ကျောင်းမှာ ပျက်စီးလောက်အောင် အဿဇိ ပုနဗ္ဗသုကတို့ ကျင့်ကြံ နေကြတဲ့ အကြောင်းကိုလည်း လျှောက်ပြီးလျှင် သာသနာပြု လွှတ် တော်မူရန် လျှောက်လိုက်တဲ့အကြောင်းကို လျှောက်တော်မူပါလေ

http://www.dhammadownload.com



ဘုရား–ဟုမှာထား၍ ထိုရဟန်းများ ကျင့်ကြံနေထိုင်ကြပုံတွေကို ခရေစေ့ တွင်းကျလျှောက်ထားလိုက်လေသည်။

**အဂ္ဂသာဝက ၂ ပါး ကြွလာ၍ နှင်ထုတ်ရပုံ**

ထို ခရီးသွား ရဟန်းတော်လည်း ဗုဒ္ဓအထံတော် ရောက်၍ တွေ့ကြုံခဲ့ရသမျှနှင့် ထိုဥပါသကာလျှောက်လိုက်သမျှကို လျှောက်ထားလေရာ ဗုဒ္ဓရှင်တော်သည် အဂ္ဂသာဝက ၂ ပါးကို ခေါ်တော်မူ၍"သင်တို့သွားပြီး အဿဇိ ပုနဗ္ဗသုကဂိုဏ်းသားတွေကို ကိဋ္ဌာဂိရိမှ နှင်ထုတ်ချေကြ။ သူတို့ တစ်တွေဟာ သင်တို့ရဲ့တပည့်များဖြစ်ကြသည်"ဟု မိန့်တော်မူလျှင် ထိုအရှင် ၂ ပါးက ပြန်၍ လျှောက်ကြသည်မှာ–"အဿဇိ ပုနဗ္ဗသုကတို့သည် လူကြမ်းလူရမ်းတွေ ဖြစ်ပါတယ်၊ တပည့်တော်တို့ ဘယ်နည်းဖြင့် နှင်ထုတ်ရမှာပါလဲ" "ရဟန်းများများ ခေါ်သွားကြပေတော့(သူတို့ကမထွက်ဘဲ ငြင်းဆန်နေလျှင် သံဃာအားဖြင့် အတင်းနှင်ထုတ်ရန် အလိုတော်ရှိဟန်တူ၏)"

ဤသို့လျှင်"တပည့်မကောင်း ဆရာ့ခေါင်း"ဖြစ်သည် အားလျော်စွာ အဿဇိ ပုနဗ္ဗသုကတို့ရဲ့ ဆရာဖြစ်တော်မူကြသော အဂ္ဂသာဝက ၂ ပါးလည်းကိဋ္ဌာဂိရိသို့ကြွသွား၍မိမိတို့တပည့်ကြီးများကို ကိဋ္ဌာဂိရိမှ နှင်ထုတ်ကာ ထိုဇနပုဒ်၏ သာသနာကို အသစ်ပြုကြရလေတော့သည်။

ဆက်ဦးအံ့။ ဗုဒ္ဓဖြစ်ဖို့ ပါရမီဖြည့်ရာ၌ပင် သတ္တဝါအားလုံးကို ကယ်တင်နိုင်မည်ဟုမြော်မြင်တော်မူချက်ရှိမည်မဟုတ်ပါ။စကားတော်ကိုလိုက်နာသူ အချို့ သတ္တဝါများကိုသာ ကယ်တင်နိုင်မည်ဟု မျှော်မှန်းတော်မူချက်ရှိပါလိမ့်မည်။ ထိုကျွတ်ထိုက်သူများကို ကျွတ်အောင် ချွတ်နိုင်လျှင် ဗုဒ္ဓတာဝန်ကျေပွန်တော့မည်။ မကျွတ်ထိုက်သူများကား ဗုဒ္ဓပွင့်တော်မူသည်ဖြစ်စေ မပွင့်သည်ဖြစ်စေ၊ ထူးမခြားနား

http://www.dhammadownload.com



ပင်ဖြစ်လေ၏။ ထို့ကြောင့် ယခုနှင့်နောင်အခါ၌ သာသနာ ပြုပြင်ရာဝယ် အမျိုးသား အမျိုးသမီးကောင်းကလေးများ စနစ်ကျကျ နှင့် အမှန်ကို သိကြပြီးလျှင် ယခုဘဝ၌လည်း အမျိုးဘာသာ သာသနာ ကျိုးကို ဆောင်နိုင်၊ နောက်ဘဝအတွက်လည်း အထက်တန်း ကျကျ နှင့် နိဗ္ဗာန် ရသည်အထိ လမ်းမှန်မှန် သွားနိုင်ကြဖို့ရန် ရည်သန်၍ သာ မိမိကိုးကွယ်ရာ အရှင်းခံ သာသနာတော်ကို ပြုပြင်သင့်ကြပါ သည်။

## အရှင်မဟာကဿပ ခန္ဓာတော်ပို့

**နောက်လိုက်ရဟန်းများ လမ်းစရိုး၌ဖြစ်ပုံ**

ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန် စံတော်မူချိန်၌ အရှင်မဟာကဿပသည် ဒေသစာရီ လှည့်လည်နေခိုက်ဖြစ်၏။ ပရိနိဗ္ဗာန်စံ တော်မူပြီး နောက် ၇ ရက်မြောက်၌ကား ပါဝါပြည်မှ ကုသိနာရုံသို့ နောက်ပါ ရဟန်းငါးရာနှင့်အတူ ကြွလာတော်မူသည်၊ ထိုအချိန်မှာ ပင် ကုသိနာရုံပြည်၌လည်း ဗုဒ္ဓရှင်တော်၏ အလောင်းတော်ကို အတောင်တစ်ရာ့နှစ်ဆယ်မြင့်သော စန္ဒကူးနံ့သာပုံပေါ်သို့တင်၍ မလ္လာမင်းတို့ မီးရှို့ပူဇော်ကြသော်လည်းမီးကူးအောင်မျှမတတ်နိုင်ကြ ချေ။[ထို အစည်း အဝေးတွင် ပါဝင်ကြသော နတ်တို့တွင် အရှင်မဟာ ကဿပကို ဆည်းကပ်၍ နတ်ပြည်၌ ဖြစ်ရသောနတ်တို့က သူတို့ အရှင်မြတ်ကို ပရိသတ်၌ မမြင်ရသဖြင့် "ငါတို့အရှင်မရောက်မချင်း မီးမတောက်စေရ"ဟု ကြံကာ မီးမွှေး၍မရနိုင်အောင် စီမံထားကြ သတတ်။]

အရှင်မဟာကဿပထေရ်သည် ကုသိနာရုံပြည်၌ ဗုဒ္ဓ ပရိ နိဗ္ဗာန်စံတော်မူကြောင်းကိုသိပြီးဖြစ်သော်လည်းနောက်ပါရဟန်းများ

http://www.dhammadownload.com



မသိကြသေး၍ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူသည်ကို ရုတ်တရက်တွေ့လျှင် နောက်ပါရဟန်းတို့ အလူးအလိမ့် ငိုကြမည့်အရေးကိုလည်းကောင်း၊ လူဝတ်ကြောင်များက ထိုရဟန်းတို့ငိုကြပုံကိုမြင်၍ပြစ်တင်ကဲ့ရဲ့ဖွယ် ရှိသည်ကိုလည်းကောင်းမျှော်တွေးမိသောကြောင့်လူမြင်သူမြင်မရောက် စေဘဲ မိုးချုပ်မှရောက်အောင် နားနားနေနေ ကြွတော်မူလေရာ တစ် နေရာ၌ နား၍နေကြစဉ် အဝေးမှနတ်ပန်းကြီးကို ထီးဆောင်း၍ လာ သော တက္ကတွန်းကိုမြင်၍ "ဒီနေရာကပင် ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူ ကြောင်းကို နောက်ပါရဟန်းတွေ သိစေမှတော်မည်၊ တောထဲ၌ အား ရအောင်ငိုကြရလျှင် ကုသိနာရုံရောက်က အငိုသက်သာစရာ ရှိ၏" ဟုကြံတော်မူကာ ဗုဒ္ဓကိုရိုသေသောအားဖြင့် နေရာမှထ၍ "အို-တက္က တွန်း၊ ငါတို့ဆရာ ဗုဒ္ဓရှင်တော်မြတ်ကိုသိပါရဲ့လား"ဟု စကားစ,၍ မေးလေသည်။ ထိုအခါ တက္ကတွန်းက "သိပါသော်ကော၊ အသင်တို့ ရဲ့ ဗုဒ္ဓကွယ်လွန်သည်မှာ ယနေ့ ၇ ရက်တောင်ရှိပြီပေါ့"ဟုပြောလိုက် သည်နှင့် တစ်ပြိုင်နက် ပုထုဇဉ် သောတာပန် သကဒါဂါမ် ရဟန်း များ မဖြေနိုင် မဆည်နိုင် အလူးအလိမ့် ငိုကြရာလေသည်။

**သုဘဒ္ဒစကားကြောင့် သံဝေဂဖြစ်ပုံ**

"သုဘဒ္ဒ"ဆိုသူကားကလေးနှစ်ယောက် နှင့်တကွရဟန်းပြုလာသောတောထွက် ရဟန်းကြီးတည်း၊ သူသည် သား ကလေးနှစ်ယောက်ကို ဆန်ဆီစသည်အတောင်းခိုင်းပြီးလျှင် မိမိရှိပြီး ပစ္စည်းများနှင့်တကွ အကုန်အကျများစွာခံ၍ ဗုဒ္ဓနှင့်ရဟန်းတော် များ ကိုဆွမ်းကပ်လှူလိုကြောင်းခွင့်တောင်းလေရာမအပ်မရာသောပစ္စည်း ဖြစ်၍ အလှူခံတော်မမူသောကြောင့် ထိုအချိန်ကစ၍ ဗုဒ္ဓကိုရန်ငြိုးဖွဲ့ ခဲ့၏။ ထိုရဟန်းကြီးသည် ယခုအခါ အရှင်မဟာကဿပ၏ နောက် လိုက်ထဲတွင်ပါဝင်နေရာ ဗုဒ္ဓပရိနိဗ္ဗာန်စံကြောင်းကို ကြားရလျှင်(ထ, ၍ကတော့မလောက်)ဝမ်းမြောက်ဝမ်းသာဖြစ်ကာငိုနေကြသောရဟန်း

http://www.dhammadownload.com



ကလေးများကို "ကိုယ်တော်တို့၊ ဝမ်းမနည်းကြစမ်းပါနှင့်၊ မငိုကြစမ်းပါနှင့်၊ ရှေးတုန်းက ဘယ်ဟာ မအပ်ဘူးလေး ဘယ်ဟာအပ်သလေးနှင့် တပည့်တော်တို့မှာ အချုပ်အချယ်ခံနေခဲ့ရတယ်၊ ယနေ့တော့လုပ်ချင်တာလုပ်နိုင်ပြီ"ဟုဝမ်းသာအားရပြောသည်ကိုအရှင်မဟာကဿပကြားတော်မူရ၍ ဒီရဟန်းယုတ်ကို ယခုနှယ်ကနင်ထုတ်ရလျှင်"ဟောကြည့်ကြစမ်း၊ ရှင်ဂေါတမ ကွယ်လွန်လို့ ၇ ရက်သာ ရှိသေး၊ သူ့တပည့်တွေ ရန်ဖြစ်ကြကုန်ပြီ"ဟု တိတ္ထိတို့ပြောစရာဖြစ်မည်စိုးသောကြောင့် အောင့်အည်း သည်းခံတော်မူကာ "ဗုဒ္ဓအလောင်းတော်ရှိစဉ်မှာပင် ယခုလိုစော်ကားသော သာသနာ့ရန်ဆူးရန်ငြောင့်တွေပေါ်လာလျှင် နောင်အခါဒီလိုလူစားတွေကြောင့် သာသနာတော်ကြီး ပျက်စီးရချေရဲ့"ဟု အနာဂတ်သာသနာ့အရေး ကိုသာ လေးလေး နက်နက်တွေးတော်မူရှာပေသည်။

**အလောင်းတော်ကို ကန်တော့ပုံ**

ကုသိနာရုံပြည်၌လည်း "အရှင်မဟာကဿပ မကြွလာသေး၍ မီးပူဇော်ရာ၌ မီးမတောက်အောင်နတ်များကတားထားသတဲ့" ဟူသော သတင်းကို အရှင်အနုရုဒ္ဓါထံမှ ကြားကြရ၍ အရှင်မဟာကဿပကို မမြင်ဖူးသူ လူအချို့သည်"ဘယ်လို ကိုယ်တော်များ ဖြစ်ပါလိမ့်"ဟုမျှော်လင့်ကာ ရှင်မဟာကဿပ လာမည့်လမ်း၌ နံ့သာပန်းလက်စွဲ၍ ခရီးဦးကြိုပြုနေကြစဉ် နောက်ပါ ရဟန်းတော်များနှင့်အတူ ကြွလာတော်မူ၍ ဗုဒ္ဓအလောင်းတော်မြတ်ကို လက်ယာရစ်လှည့်လည်တော်မူကာ ခြေတော်ရှိရာအရပ်၌ မတ်မတ်ရပ်ပြီးလျှင် ဈာန်အဘိညာဉ်ဝင်စား၍ ဈာန်မှထ,တော်မူပြီးနောက် "ဗုဒ္ဓရှင်တော်၏ခြေတော်တို့သည် ငါ၏ဦးခေါင်းပေါ်၌ တည်တော်မူကြပါစေသတည်း"ဟုဓိဋ္ဌာန်တော်မူလိုက်ရာတိမ်တိုက်ကြားမှလဝန်းကြီး ထွက်ပေါ်လာသကဲ့သို့ ခြေတော်အစုံ ထွက်ပေါ်လာလေသော်

http://www.dhammadownload.com



လက်တော်ကို ဆန့်တန်း၍ ခြေတော်တို့ကို တင်းတင်းကြပ်ကြပ် ကိုင်ပြီးလျှင် မိမိဦးခေါင်းပေါ်သို့တင်ကာ အားရပါးရ ရှိခိုးတော်မူရာသည်။ ထိုအံ့ဩဖွယ်ကို မြင်ကြရ၍ အုတ်အုတ်ကျက်ကျက် ဖြစ်သော လူအများလည်း ပန်း နံ့သာတို့ဖြင့် အားရဝမ်းသာ ပူဇော်ကြပြန်လေသည်။ အရှင်မဟာကဿပထေရ်နှင့်နောက်ပါ ရဟန်းတော်များရှိခိုးကန်တော့ကြပြီးနောက် ခြေတော်အစုံလည်း လမင်းကြီး ဝင်သွားသကဲ့သို့စန္ဒကူးနံ့သာပုံအကြား၌ ကွယ်သွားသည်နှင့် တစ်ပြိုင်နက် အုတ်အုတ် ကျက်ကျက် ဖြစ်ကာ မြည်တွန်တောက်တီးလျက် အငိုကြီး ငိုကြရာလေသည်။

**သင်္ဂါယနာတင်ရန် ဈေးစွန်းပုံ**

ဗုဒ္ဓရှင်တော်မြတ်၏အလောင်းတော်ကို မီးပူဇော်ပြီးလျှင် အရိုးဓာတ်တော်များကို ဝေဖန်ပြီးနောက် သံဃာ့ပရိသတ်ကြီး၏ အကြီးအကဲဖြစ်သော ပုဂ္ဂိုလ်သည် အရှင်မဟာကဿပပင်တည်း။ ထိုအရှင်မြတ်သည် သံဃာ့ပရိသတ်ကို စည်းဝေးစေပြီးလျှင် ပါဝါပြည်မှ ကုသိနာရုံသို့ လာစဉ်က သုဘဒ္ဒရဟန်းကြီး၏ "ငါတို့သည် ရဟန်းဂေါတမ လက်မှလွတ်ကြရလေပြီ"စသည်ဖြင့် နစ်နစ်နာနာပြောအပ်သောစကားကိုလည်းပြောပြ၏။ "ငါ့ရှင်တို့ ဗုဒ္ဓရှင်တော်မြတ်၏စပ်ရာစပ်ရာ ဟောတော်မူအပ်သော တရားတော်များသည် မသီကုံးအပ်သော ပန်းတွေကဲ့သို့ အစီအစဉ်မရှိဘဲဖြစ်နေသည်၊ ပန်းတွေမကုံးဘဲထားလျှင် လေတိုက်ခတ်တိုင်း လွင့်ကာ မကြာခင် ကုန်ဖွယ်ရာ ရှိသကဲ့သို့ တရားတော်များကို စီကာစဉ်ကာသဘောတူရာပေါင်းစု၍မထားလျှင် အဓမ္မဝါဒီအလဇ္ဇီတို့၏(ဘုရားဟောမဟုတ်သောတရားတွေကို ထည့်သွင်း၍ ဘုရားဟောအစစ်တရားတွေကို တချို့တလေ နုတ်ပယ်ပြီးလျှင် သူတို့ထင်သလို ပြုလုပ်ခြင်းဟူသော) လေမုန်တိုင်းတိုက်လွှင့်သော ကြောင့် မကြာခင် တရားတော်များ ဟောတော်မူရင်းအတိုင်း မဟုတ်

http://www.dhammadownload.com



တော့ဘဲ တစ်မျိုးတစ်မည်ပြောင်းလဲကာ အစစ်အမှန် တရားတော်များ ကွယ်စရာရှိသည်။

"ငါ့ရှင်တို့ ... သုဘဒ္ဒကဲ့သို့သော အဓမ္မဝါဒီ အလဇ္ဇီတွေ တစ်စတစ်စတိုးပွား၍ အင်အားကြီးကာ ဓမ္မဝါဒီလဇ္ဇီပုဂ္ဂိုလ်များ အင်အားနည်းဖို့ အချိန်အခါမှာ ကြာကောင်းမှုကြာတော့မည်၊ သို့ဖြစ်၍ ယခုနှယ်က ဗုဒ္ဓတရားတော်များကို ဝိနည်းဆိုင်ရာ တစ်သန့်၊ သုတ္တန်ဆိုင်ရာ တစ်သန့်၊ အဘိဓမ္မာဆိုင်ရာတစ်သန့် ခွဲခြား၍ သူ့ အခန်းနှင့်သူ(ပန်းတွေကုံးသလို)ပေါင်းစုကြစို့"ဟုမိန့်တော်မူကာ ထိုနေရာမှာပင် အများတောင်းပန်ချက်အရ အရှင်မဟာကဿပမထေရ် သည် သင်္ဂါယနာတင်ကိစ္စကို ရှက်ဆောင်ကြဖို့ရာ ရှာန်အဘိညာဉ် လည်းရ ရဟန္တာလည်းဖြစ်၍ မိမိတို့ဆိုင်ရာ၌ နောက်လိုက်များစွာဖြင့် သံဃာ့နာယကလည်းဖြစ်တော်မူကြ,ဗုဒ္ဓတရားတော်ကို နှုတ်တက်ဆောင်ထားကြသော လေးရာ့ကိုးကျိပ်ကိုးပါးကို ရွေးတော်မူသည်။

**မှတ်ချက်။** ။ အဓမ္မဝါဒီ မတရားဘက်က ပြောလေ့ရှိသူ၊ အလဇ္ဇီမကောင်းမှုကို(မကောင်းမှန်းသိလျက်)ပြုရဲသူ၊ ထိုပုဂ္ဂိုလ်များ အားရှိ သောအခါ ဓမ္မဝါဒီ လဇ္ဇီပုဂ္ဂိုလ်များသည် အမှန်ကိုပြောသော်လည်း မအောင်မြင်၊ထို့ကြောင့်အဓမ္မဝါဒီတို့အားမရှိခင်သင်္ဂါယနာတင်ဖို့ရန်အရေးတကြီးစီမံတော်မူသောအရှင်မဟာကဿပသည် သာသနာ့တာဝန်ဆောင်ထိပ်ခေါင်တင် ပီသပါပေသည်။

**အရှင်အာနန္ဒာကိုရွေးရန်**
**ကြံတော်မူခြင်း**

ထို သင်္ဂါယနာတင်ကြမည့်သံဃာတော်များကို ရွေးချယ်ချိန်မှာ အရှင်အာနန္ဒာသည် ရဟန္တာမဖြစ်သေးပါ။ (သင်္ဂါယနာ တင်ခါနီးမှ ရဟန္တာဖြစ်သည်။) ရဟန္တာပေါင်းများစွာကိုချန်၍ ရဟန္တာမဖြစ်သေးသော အရှင်အာနန္ဒာကို ရွေးချယ်လိုက်လျှင် ပုထုဇဉ် သံဃာများက အပြစ်တင်ဖွယ်ရှိ၏။ အရှင်အာနန္ဒာကား ဗုဒ္ဓ

http://www.dhammadownload.com



တရားတော် အားလုံးကို နှုတ်တက်ဆောင်ထားသူများတွင် ပထမ တန်းပုဂ္ဂိုလ် ဖြစ်၏။ ထို့ကြောင့် တစ်ဖက်ကကြည့်ပြန်လျှင် သင်္ဂါယနာတင်ကိစ္စဝယ် အရှင်အာနန္ဒာသည် ပထမဆုံး ရွေးချယ် ထိုက်သူဖြစ်နေပြန်၏။ ဤသို့လျှင် အရှင်မဟာကဿပကိုယ်တော်တိုင် ရွေးချယ်ဖို့လည်း မတော်၊ ချန်ထားဖို့လည်း မလျော်သောကြောင့် "အရှင်အာနန္ဒာကို သံဃာများ အလိုကျ ရွေးကြစေပေတော့"ဟူသော သဘောဖြင့် ငါးရာပြည့်ဖို့ရန် တစ်ပါးချန်၍ ရွေးချယ်တော်မူခြင်း ဖြစ်သည်။

**နေရာဌာန ရွေးချယ်ကြခြင်း**

ထိုသို့တစ်ပါးလိုနေသောအခါ အားလုံးလိုလိုက အရှင်အာနန္ဒာကိုသာ ညွှန်ပြကြ၍သင်္ဂါယနာတင်မည့် မဟာထေရ်ပေါင်း ငါးရာတိတိပြည့်သောအခါ သင်္ဂါယနာတင်ဖို့ နေရာဌာနကို စဉ်းစားကြပြန်သည်၊ ထိုအခါ ကျောင်းတိုက်ကြီးများလည်းရှိ၍ ဆွမ်းခံရာ ဌာနလည်း ပြည့်စုံသော ရာဇဂြိုဟ်မြို့ကို အားလုံးသဘောတူသဖြင့် "လာမည့် ဝါတွင်း၌ ရာဇဂြိုဟ်မြို့ဝယ် သင်္ဂါယနာတင်ကြမည်။ (အဓမ္မဝါဒီပုဂ္ဂိုလ်တွေ လာရောက်နှောင့်ယှက်မည်စိုးသောကြောင့်)မည်သည့်ပုဂ္ဂိုလ်မျှရာဇဂြိုဟ် မြို့၌ ဝါမဆိုရ"ဟု အတိအလင်း ကြေညာတော်မူရလေသည်။ ဝါဆိုခါနီးသော် သင်္ဂါယနာတင်မည့်မဟာထေရ်များအပြည့်အစုံရာဇဂြိုဟ် မြို့တော်သို့ ကြွရောက်လာကြ၍ ဝါကပ်တော်မူကြပြီးလျှင် ပျက်စီး ယိုယွင်းနေသော ကျောင်းများကို ပြုပြင်နေခြင်းဖြင့် တစ်လလုံးလုံး အချိန်ကုန်သွားရလေသည်။

**မှတ်ချက်။** ။ သင်္ဂါယနာတင်ကိစ္စအတွက်ဒါယကာ ဒါယိကာမများကို ကျောင်းအတွက် ဆွမ်းအတွက် တာဝန်ပေးတော်မမူကြဘဲ ကျောင်းဟောင်းများကို ပြင်၍ ကိုယ့်ဆွမ်းကိုယ်ခံကာ ကြီးကျယ်သော သာသနာ့ကိစ္စကို တာဝန်ပေါ့ပေါ့ဖြင့် ဆောင်တော်မူကြသည်မှာ

http://www.dhammadownload.com



အားရကြည်ညိုစရာကောင်းလှပါပေသည်။ ကျောင်းများလည်း အကောင်းကြီး မဟုတ်ကြပေ။

**ဓမ္မာရုံကြီး**

ထို့နောက် အဇာတသတ်မင်းထံ ကြွတော်မူကြ၍ "မဟာရာဇာ၊ သင်္ဂါယနာတင်ကြတော့မည်"ဟု မိန့်တော်မူကြလေရာ မဟာရာဇာကလည်း"အရှင်ဘုရားတို့၊ လွတ်လွတ်လပ်လပ် ရဲရဲဝံ့ဝံ့တင်တော်မူကြပါ၊ အရှင်ဘုရားများဘက်က ဓမ္မစက်ရှိပါစေ၊ ဒကာတော့ဘက်က (အနှောင့်အယှက်ပေါ်လာလျှင်) အာဏာစက်ရှိပါစေမည်။ အလိုရှိရာမိန့်တော်မူကြပါ"ဤသို့လျှောက်ပြီးလျှင် "သင်္ဂါယနာတင် မထေရ်များထိုင်ဖို့နေရာလိုကြောင်း"အမိန့်ရှိကြသဖြင့် အလွန်ခမ်းနားသော မဏ္ဍာလာဓမ္မာရုံကြီးကို ဆောက်လုပ်စေလေသည်။

**အရှင်အာနန္ဒာ ရဟန္တာဖြစ်**

အရှင်အာနန္ဒာလည်း ရဟန္တာမဖြစ်သေးဘဲ သင်္ဂါယနာတင် ပွဲဝင်ရန် မလျော်ကန်သဖြင့်အားထုတ်နေကျ ကာယဂတာသတိ ကမ္မဋ္ဌာန်းကိုပင် ပြင်းပြင်းထန်ထန် အားထုတ်လေရာ သင်္ဂါယနာတင်မည့် အရုဏ်တက်လောက်မှာ ရဟန္တာဖြစ်တော်မူသည်။ ဤသို့လျှင် ရဟန္တာငါးရာလုံး ဓမ္မာရုံကြီး၌ စုဝေးမိသောအခါ–

အရှင်မဟာကဿပ။ ။ ငါ့ရှင်တို့၊ ဘယ်တရားတော်ကို ပထမဆုံး သင်္ဂါယနာတင်သင့်သလဲ။

မဟာထေရ်များ။ ။ ဝိနည်းတရားတော်သည် သာသနာတော်၏ အသက်သဖွယ်ဖြစ်ပါသည်။ ဝိနည်းတော် ကွယ်လျှင် (သို့မဟုတ် ကျင့်သူမရှိလျှင်) သာသနာတော်မှာ အသက်မရှိတော့ပါ။ ထို့ကြောင့် ဝိနည်းတရားတော်ကိုသာ ပထမဆုံး သင်္ဂါယနာ တင်ကြပါစို့။

ဤသို့စီစဉ်ပြီးလျှင် အရှင်မဟာကဿပကို ဝိနည်းတော်

http://www.dhammadownload.com



မေးမည့်ပုဂ္ဂိုလ်၊အရှင်ဥပါလိကိုဖြေမည့်ပုဂ္ဂိုလ်ဟုသမုတ်ကြပြီးနောက် ရဟန်းတော်များ နှုတ်တက်ဆောင်ထားသော ဝိနည်းတရားတော် ထဲမှ ပထမပါရာဇိကသိက္ခာပုဒ်ရှိ၏။ ထိုသိက္ခာပုဒ်တော်ကို ဗုဒ္ဓ ကိုယ်တော်တိုင် ပညတ်တော်မူချက် ဟုတ်မဟုတ် သေချာအောင် စိစစ်ဖို့ရန် တာဝန်ရှိကြ၏။ ထို့ကြောင့် သိက္ခာပုဒ်ပညတ်တော်မူရာ အရပ်၊ ထိုသိက္ခာပုဒ်နှင့်ဆိုင်သော အမှုသည်၊ ထိုသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်း၏ အကြောင်းဝတ္ထု၊ ဤသို့စသည် အစုစုကို အရှင် မဟာကဿပထေရ်ကမေးတော်မူ၍အရှင်ဥပါလိကလည်းဖြေတော်မူသည်။

ထိုသို့ မေးပြီး ဖြေပြီးနောက် အရှင်ဥပါလိဖြေပုံကို အားလုံး သဘောတူကြလေရာ ပထမပါရာဇိကသိက္ခာပုဒ်တော်နှင့်ဆိုင်သော ပါဠိတော်များကို ရဟန္တာငါးရာလုံး ပေါင်းရုံးကာ ရွတ်ဆိုတော်မူကြပါသည်။ ဤသို့စုပေါင်း၍ ရွတ်ဆိုကြခြင်းကို "သင်္ဂါယနာ"ဟု ခေါ်ခြင်းဖြစ်သည်။ (သံ=သဘောတူ ပေါင်းစု၍+ဂါယနာ=ရွတ်ဆို ခြင်း) ဤနည်းအားဖြင့် ဝိနည်းတရားတော်ကို သင်္ဂါယနာတင်ပြီးနောက် သုတ္တန်နှင့်အဘိဓမ္မာတရားတော်ကိုသင်္ဂါယနာတင်လှည့်ရောက်သောအခါ အရှင်အာနန္ဒာကို ဖြေဆိုမည့်ပုဂ္ဂိုလ်အရာ၌ထား၍ သင်္ဂါယနာ တင်တော်မူကြသည်။

ဤသို့ဗုဒ္ဓမြတ်စွာ၏တရားတော်များကိုသဘောတူချင်းပေါင်း၍ စီကာစဉ်ကာ သင်္ဂါယနာတင်တော်မူကြသည်မှာ ၇ လ လောက် ကြာပါသည်။ ထိုသို့ သင်္ဂါယနာတင်တော်မူကြပြီးနောက် ထို တရားတော်များကို အသီးသီးတာဝန်ယူ၍ပို့ချဖို့ရန်လွှဲအပ်တော်မူကြသည်။

ဤသို့လျှင် အရှင်မဟာကဿပစသော ရဟန္တာအရှင်တို့သည် ဗုဒ္ဓတရားတော်များကို အစီအစဉ် ကျကျနနဖြင့် တည်တံ့ရစ်ဖို့အရေးကို မျှော်တွေးတော်မူကာ သင်္ဂါယနာတင်ပြီးနောက်လည်း အဆက်ဆက်တာဝန်ယူကာဆောင်ရွက်ပို့ချတော်မူလာကြခြင်းကြောင့်

http://www.dhammadownload.com



သာ ဗုဒ္ဓတရားတော်များ ယခုလောက်ကြာအောင် တည်ရှိနိုင် ပါပေသည်။(ထိုခေတ်ပေစာ–ပေရွက်ပေါ်တွင်ရေးတင်ခြင်းမရှိကြသေးသောကြောင့်) ထိုမျှလောက် ကြောင့်ကြမစိုက်ခဲ့ကြလျှင် သင်္ဂါယနာတင်ထားသော်လည်း တရားတော်များယခုလောက်ကြာအောင် တည်ရှိနိုင်မည် မဟုတ်ပါ။ ဤသို့ရဟန္တာအရှင်မြတ်တို့၏ကြောင့်ကြစိုက်တော်မူခဲ့ကြပုံကိုအာရုံစွဲကာ ယခုအခါလည်းကြိုးစားဖို့အချိန် ရောက်လာပြီဟုယူဆပါသည်။

## ဓမ္မာစရိယမေဂိယမဟာအာစရိယ

**အရှင်မဟာယသ** လောကဥ္စရှိကြသော အရာဝတ္ထုတို့တွင်အကောင်းဟူသမျှသည် မကြာခဏ ပြုပြင်ပေးသူရှိမှသာ အကောင်းဘဝ၌ အတော် ကြာကြာနေနိုင်၏။ ပြုပြင်ပေးမည့်သူများ မရှိလျှင်၊သို့မဟုတ်ပြုပြင်လိုကြသူများအားနည်းနေလျှင်မကောင်းသော အတုအပတွေပေါ်ပေါက်လာကြမြဲပင်ဖြစ်လေရာ ကောင်းသောအရာဝတ္ထုတို့သည် တိမ်မြုပ်ကွယ်ပျောက်သွားတတ်လေ၏။ ဥပမာ– မိမိဝတ်နေကျ ဖြူစင်သန့်ရှင်းသော အဝတ်သည်ပင်မကြာခဏဖွပ်လျှော်မပေးပါမူဟောင်းနွမ်းသဖြင့်ပွဲလမ်းမဝင်နိုင်တော့သကဲ့သို့တည်း။

ထို့ကြောင့် စင်ကြယ်သောဗုဒ္ဓသာသနာတော်ကိုအရှင်မဟာကဿပစသော အရှင်တို့သည် အညစ်အကြေး အနည်းငယ် ဖြစ်စကဖွပ်လျှော်ဖူးခဲ့ကြသော်လည်း အနှစ်တစ်ရာလောက်ကြာသောအခါဝေသာလီပြည်ဝဇ္ဇီတိုင်းသားရဟန်းများကြောင့် ဆယ်ပါးသောအပြစ်အညစ်အပေ တွေ့ရပြန်သည်။ ထိုဆယ်ပါးတွင် လူအများ နားလည်နိုင်လောက်သော အပြစ်ကား "ကပ္ပတိ ဇာတရူပရဇတံ=ရဟန်းတော်များအား ရွှေငွေအပ်၏" ဟူသော အယူဝါဒတည်း။ ကာကဏ္ဍက

http://www.dhammadownload.com



ဗြာဟ္မဏာ၏သားတော်ဖြစ်သော ရဟန္တာအရှင်မဟာယသသည်ဒေသ စာရီလှည့်လည်တော်မူရင်း ထိုဝဇ္ဇီရဟန်းတို့၏သတင်းကိုကြားတော် မူရလေသော်–

ဗုဒ္ဓသာသနာတော် ပျက်စီးနေကြောင်းကို ကြားရပါလျက် ကြောင့်ကြ မစိုက်ဘဲနေလို့ မလျော်ချေ၊ ယခုပင် ငါသွား၍ အဓမ္မ ဝါဒီများကို နှိမ်နင်းကာ ဓမ္မ အစစ်အမှန်ကိုပြမည်။ ဤသို့ ကြံတော် မူကာ အာဇာနည်ဆင်မြတ်ရတနာသည် ရန်သူရှိရာကို မရှောင်ကွင်း ဘဲ အတင်းနင်းချေသကဲ့သို့ အဓမ္မဝါဒီ အသင်းတို့၏ စစ်တလင်းဟု ဆိုထိုက်ရာ ဝေသာလီပြည်သို့သာလျှင် တစ်ပါးတည်းကြွ၍ ကူဋာ ဂါရသာလာ၌ သီတင်းသုံးပါသည်။

**ဥပုသ်နေ့၌ ဖြစ်ပုံ**

ဝဇ္ဇီရဟန်းတို့သည် ဥပုသ်နေ့၌ ခွက်ထဲ၌ ရေ အပြည့်ထည့်၍ သံဃာ့အလယ်ချပြီးလျှင် လာ လာသမျှ ဥပုသ်သည်တို့ကို "ဒကာတို့၊ တစ်ကျပ် ဖြစ်စေ၊ ငါးမူးဖြစ်စေ၊ တစ်မတ်ဖြစ်စေ၊ တစ်ပဲဖြစ်စေ တတ်နိုင်သမျှ ကုသိုလ်ပါဝင်ကြပါ။ ဒီငွေနဲ့ အသုံးအဆောင်ပရိက္ခရာများကို ဝယ်ရ ပါလိမ့်မည်"ဟု ပြော၍ အလှူခံကြလေရာ အရှင်ယသသည် ထိုငွေ အလှူခံမှုကို မအပ်ကြောင်း အလှူမခံထိုက်ကြောင်းကို ကန့်ကွက်ပါ သော်လည်း ဥပုသ်သည်တို့ကမူ ထုံးစံဖြစ်နေသောကြောင့် ထိုခွက်၌ တတ်အားသမျှ ထည့်ကြလေတော့သည်။ ထိုသို့ အလှူခံပြီးနောက် ရသမျှကို ခွဲဝေသောအခါ အရှင်ယသအတွက်လည်း တစ်ပုံထား၍ အရှင်ယသအား"ဒီငွေဟာ အရှင်ဘုရားဖို့ပဲ"ဟု ပြောလေသော် "တပည့်တော်ဖို့ ငွေမရှိပါ၊ ငွေကို တပည့်တော် မသာယာပါ" ဟု ငြင်းပယ်လေသည်။ ထိုအခါ ဝဇ္ဇီရဟန်းတို့ စည်းဝေးကြ၍ "ငါ့ရှင် တို့၊ ယသမထေရ်ဟာ သဒ္ဓါတရားရှိသောဒကာတို့ကို သဒ္ဓါတရား ပျက်အောင်ပြုတယ်၊ ယခု ယသကို ပဋိသာရဏီယကံပြုကြစို့" ဟု

http://www.dhammadownload.com



တိုင်ပင်ကြပြီးလျှင် အရှင်ယသမထေရ်ကို ကံပြုကြလေတော့သည်။

**မှတ်ချက်။** ။"ရေများ ရေနိုင်၊ မီးများ မီးနိုင်"ဆိုသည့်အတိုင်း ဓမ္မဝါဒီလဇ္ဇီသူတော်စင်ဖြစ်သော ရဟန္တာအရှင်မြတ်ကိုပင် အဓမ္မဝါဒီ အလဇ္ဇီတွေက အများအားဖြင့် ဖိလိုက်ကြခြင်းပင်တည်း။ "ပဋိသာရဏီယ ကံ"ဆိုသည်မှာ ထိုပုဂ္ဂိုလ်ကပြောလိုက်သောဒကာများကိုပြန်၍ မိမိအပြော မှားကြောင်း တောင်းပန်ရသောကံတည်း၊ထိုကံမျိုးအပြုခံရသူသည် ဒကာ များထံ တောင်းပန်ရ၏။ ထိုသို့ တောင်းပန်ရာ၌ ဒကာများက မကျေမနပ် ဖြစ်နေသေးလျှင် ကူညီ၍တောင်းပန်ပေးဖို့ရာအဖော်တစ်ပါးကိုလည်း ပေး ရသည်။ ထို့ကြောင့် အရှင်ယသသည် သူတို့၏ကံပြုခြင်းကို သဘောကျ ၏။ ဘာ့ကြောင့်နည်း- ထိုသို့ ကံပြုမှ ရှင်းလင်းပြောပြခွင့်ရမည် ဖြစ် သောကြောင့်တည်း။

**အရှင်ယသ ဒကာများထံကြွပုံ** အရှင်ယသသည် အဖော်ရဟန်းတစ်ပါးနှင့်အတူ ဝေသာလီမြို့သို့ ဝင်၍ ဥပါသကာများကို ပြော သည်မှာ-ဥပါသကာတို့၊ ဘုန်းကြီးက မတရားမှု ကို"မတရားပါ"ဟု လည်းကောင်း၊ ဝိနည်းတော်နှင့်မညီသောအရာကို "ဝိနည်းတော်နဲ့မညီပါ"ဟုလည်းကောင်း ပြောဆိုသည်ကိုပင် အသင် ဒကာတို့ကို ဆဲရာရောက်၍ အကြည်ညိုပျက်အောင်လုပ်သတဲ့။ ဒါ့ ကြောင့်"ဘုန်းကြီး ပြောနေတာက မှားသလား၊ ဒကာတို့ကိုယ်တော် တွေ ပြုလုပ်နေကြတာက မှားသလား"ဆိုတာ နားရှင်းအောင် ဗုဒ္ဓရှင် တော်၏ တရားကိုပြောပြမယ်။ [တရားတော်ကို အကျဉ်းပြသည်။]

ဘိက္ခုတို့၊ လ,နေတို့မှာ အညစ်အကြေး ၄ မျိုးရှိ၏။ ထို အညစ်အကြေးများနှင့်တွေ့ကြုံရသောလ,နေတို့သည်မထွန်းလင်းနိုင် မတောက်ပနိုင် မတင့်တယ်နိုင်ကုန်။ ၄ မျိုးဆိုသည်မှာ-တိမ်တိုက်၊ ဆီးနှင်း၊ မြူခိုး၊ (ပေတ်ဟုခေါ်ရသော)ရာဟု။ ဘိက္ခုတို့၊ ထို့အတူပင် ရဟန်းများ၌လည်း အညစ်အကြေး ၄ မျိုးရှိသည်။ ထို ၄ မျိုးဖြင့် ညစ်နွမ်းနေသောရဟန်းများသည် ရဟန်းအရိန်အဝါကင်း၍ တင့်

http://www.dhammadownload.com



တယ် တောက်ပခြင်းမရှိနိုင်ကြ။ ၄ မျိုးဟူသည်မှာ သေရည် အရက် သောက်ခြင်း၊ မေထုန်မှီဝဲခြင်း၊ ရွှေငွေအလှူခံခြင်း (လှူသည်ကို လက်ခံခြင်း) မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းတည်း။

ဤသို့"ငွေအလှူခံခြင်းသည် ဝိနည်းနှင့်မညီပါ"ဟုပြောမိသောဘုန်းကြီးက ငွေလှူသောအသင်ဒကာတို့ကို ဆဲရေးရာရောက်သတဲ့၊ အကြည်ညိုပျက်အောင် သဒ္ဓါတရား ပျက်အောင် လုပ်သတဲ့၊ ဒီကိစ္စနဲ့စပ်ပြီး ဗုဒ္ဓလက်ထက်တော်တုန်းက ဖြစ်ပျက်ခဲ့သော ဝတ္ထုတစ်ခု ကို ပြောပြပါဦးမည်။ ဗုဒ္ဓရှင်တော် ရာဇဂြိုဟ်မြို့၌ သီတင်းသုံးနေတော်မူစဉ် စကားတစ်ခုဖြစ်တယ်။ တချို့က "ဗုဒ္ဓသာဝက ဖြစ်သော ရဟန်းတော်များမှာ ရွှေငွေကို သာယာနှစ်သက်ကြတယ်။ ရွှေငွေကို အလှူခံကြတယ်"ဟု ပြောတယ်။ ထိုအခါ"မဏိစူဠက"မည်သောစစ်သူကြီးက "ဒီလိုမပြောကြပါနဲ့၊ ရဟန်းတော်များမှာ ရွှေငွေမအပ်ပါ၊ ရွှေငွေကို မသာယာကြပါ၊ အလှူမခံကြပါ"ဟု ကန့်ကွက်တယ်။ ထိုအစည်းအဝေးပြီးပြီးနောက် ထိုစစ်သူကြီးသည် ဗုဒ္ဓအထံတော်သို့လာ၍ မိမိပြောအပ်ခဲ့သောစကား၏အမှားအမှန်ကို လျှောက်ထားသောအခါ၊ပြောခဲ့တာတွေအားလုံးမှန်ကြောင်းမိန့်တော်မူပြီးလျှင်

"ရွှေငွေအပ်စပ်သူမှာ ကာမဂုဏ်ငါးပါးလုံးအပ်စပ်၏။ ရွှေငွေအပ်တယ်ဆိုတဲ့တရားကို ရဟန်းတရားမဟုတ်ဘူးလို့မှတ်၊ ရွှေငွေကိုတောင်ကိုယ်ပိုင်ခံယူသုံးစွဲသိမ်းဆည်းထားကောင်းလျှင်မိန်းမလည်း ယူကောင်းမှာပဲ"ဟု မိန့်တော်မူလို၏။ (ရွှေ ငွေ အလှူ မခံရ ပေမယ့် နေသာထိုင်သာရှိအောင်)"ကျောင်းမိုးဖို့ သက်ကယ်မြက်လိုလျှင် ထိုမြက်ကိုတော့ အိမ်အနီးအပါးသွား၍ ဆွမ်းရပ်သလို ရပ်ပြီး အလှူခံကောင်းပါရဲ့။ သစ်သားလိုလျှင်၊ သစ်သားတိုက်ဖို့ လှည်းလိုလျှင်၊ လှူပ်ကိုင်ပေးမည့် ယောကျ်ားလိုလျှင် သွားရပ်ကာ(ဘာအလိုရှိ ပါသလဲ ဘုရားဟုမေးလျှင်) မိမိအလိုရှိတာကို ပြောကောင်းပါရဲ့ ဟု

http://www.dhammadownload.com



ငါဘုရားဟောပါသည်။ ရွှေငွေကိုကား ဘယ်နည်းနှင့်မျှ ကိုယ်ပိုင်ထားကောင်း ရာဖွေကောင်းသည် ဟု မဟောပါ။" ဤသို့မိန့်တော်မူဖူးသည်။

ဤသို့တရားတော်အတိုင်း လိုက်၍ပြောလေ့ရှိသော ငါ့ကိုပင် အသင်ဒကာတို့ ဆရာဘုန်းတော်ကြီးများက "ဒကာတို့ကို ဆဲတယ်၊ သဒ္ဓါတရားပျက်အောင်လုပ်တယ်"လို့ ပြောနေကြတယ်ဟု အရှင်ယသက မိန့်တော်မူရာ အားလုံးဒကာတွေသည် အစစ်အမှန်ကို နားလည်ကြ၍"အရှင်မဟာယသတစ်ပါးသာ ရဟန်းတော်အစစ် ရှိပါတော့တယ်၊ တခြားကိုယ်တော်တွေ ရဟန်းမဟုတ်ကြတော့ပါ"ဟု ပြောဆိုကာ အရှင်ယသကို ဝေသာလီပြည်မှာ အမြဲသီတင်းသုံးဖို့ရာပင့်လျှောက်လေတော့သည်။ သို့သော် အရှင်ယသကား ထိုကိစ္စ နှင့်စပ်၍ သာသနာပြုရန် အများအပြားရှိနေသေးသောကြောင့် (နေမည်မနေဘူးဟု)မိန့်တော်မမူဘဲ ကျောင်းသို့ ပြန်ကြွလေသည်။

**သာ၍ စိတ်ဆိုးကြပုံ**

ကျောင်းတိုက်သို့ ပြန်ရောက်ကြ၍ အဖော်လိုက်သွားသော ကိုယ်တော်ကလေးကို အကျိုးအကြောင်း မေးကြလေရာ အရှင်ယသ က ပြောပုံ၊ ဒကာများက "အရှင်ယသတစ်ပါးကလွဲလျှင် ဝေသာလီမြို့မှာ ရဟန်းအစစ်မရှိ"ဟု လျှောက်ပုံကိုကြားရသဖြင့် သာ၍ ဒေါသ ထွက်ကာ သံဃာစည်းဝေးစေလျက် အရှင်ယသကို "ဥက္ခေပနီယကံ" ပြုဖို့ရန် စီမံစိုင်းပြင်းကြလေသော် သူတို့စီမံနေတုန်းမှာပင် အရှင်မဟာယသသည် ကောင်းကင်သို့ပြန်ကြွ၍ ကောသမ္ဗီပြည်၌ သက်ဆင်းတော်မူ လေသည်။ ["ဥက္ခေပနီယကံ"ဟူသည် နှင်ထုတ်သောကံတည်း။ ထိုအချိန်၌ အရှင်ယသသည် တန်ခိုးရှိပြီးသော ရဟန္တာမဟုတ်ပါလျှင် မည်မျှလောက်ပင် ပိဋကတ်ကျွမ်းကျင်သော်လည်း သူတို့အနှိမ်အနင်းကို ခံရရှာပေလိမ့်မည်။]

http://www.dhammadownload.com



**အရှင်ယသ သံဃာစုတော်မူပုံ**

အရှင်ယသသည်ပါဝါပြည်နှင့်အဝန္တိဒက္ခိဏာပထတိုင်း တို့၌ သီတင်းသုံးတော်မူကြသော သံဃာတော်များအထံသို့ အဓိကရဏ်း (အမှုအခင်း)ဖြစ်ပုံကိုလျှောက်ဖို့ရန်တမန်စေလွှတ်၍မိမိကိုယ်တိုင်မူအဟောဂင်္ဂါတောင်၌ သီတင်းသုံးနေသော အရှင်သမ္ဘူတအထံသို့ ချဉ်းကပ်၍ အရပ်ရပ်ဖြစ်ပုံကို လျှောက်ထားလေသည်။ ထိုအခါ ပါဝါပြည်မှ ရှုတင်ဆောင်ထိပ်ခေါင်တင်ချည်း ဖြစ်တော်မူကြသော ရဟန္တာ ၆ ကျိပ် လောက်ကြွရောက်တော်မူလာကြ၏။ အဝန္တိဒက္ခိဏာပထတိုင်းမှလည်း ရှစ်ကျိပ်ရှစ်ပါးသောရဟန္တာများကြွရောက်တော်မူလာကြ၏။ ထို ရဟန္တာများ စုဝေးမိသောအခါ "ဤ အဓိကရဏ်းသည် အလွန်ခက်ထန် ရဲရင့်လှ၏။ မိမိတို့ဘက်က အားရှိအောင် ဘယ်ပုဂ္ဂိုလ်ကို ရှာကြဦးမည်လဲ"ဟုတိုင်ပင်သည့်အခါ ပိဋကတ်အားလုံးကို နှုတ်ငုံဆောင် ထားသော ရဟန္တာမထေရ် အရှင်ရေဝတကို ပင့်ကြဖို့ရန် သဘောတူကြလေသည်။

အရှင်ရေဝတကလည်းတိုင်ပင်သံကိုဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားတော်မူနှင့်၍ အများနှင့်အတူ ရောရောနှောနှော ခရီးမကြွလိုသောကြောင့် အများဆုံမိလောက်ရာ"သဟံဇာတိ" တိုင်အောင် ခရီးစဉ်အတိုင်း ကြွတော်မူနှင့်သည်။ ထိုအချိန်၌ အရှင်ယသတို့လည်း ရောက်လာကြ၍ ဝဇ္ဇီတိုင်းသားရဟန်းများ၏ အယူဝါဒကို အရှင်ရေဝတအား လျှောက်သောအခါ "အားလုံး ဝိနည်းတော်နှင့်မညီ" ဟု မိန့်တော်မူလေသော် "ဤအဓိကရဏ်းကို တပည့်တော်တို့ ကိုင်ကြပါစို့ရဲ့"ဟု လျှောက်၍ အရှင်ရေဝတလည်း သဘောတူတော်မူသဖြင့် "အဓိကရဏ်းစ၍ဖြစ်ရာဌာန၌ ဆုံးဖြတ်မှသာ ပြီးပြတ်နိုင်မည်ဟု ယူဆကာ ဝေသာလီသို့ ကြွတော်မူကြသည်။

http://www.dhammadownload.com



**ဒုတိယသင်္ဂါယနာ တင်စန်း**

ထိုအချိန်မှာ တစ်မြေပြင်လုံးသံဃာအပေါင်းတွင် သက်တော် ဝါတော် အကြီးဆုံးဖြစ်၍ ဝါတော် တစ်ရာ့နှစ်ဆယ်ရှိသော "သဗ္ဗကာမီ" မဟာထေရ်ကြီးသည် ဝေသာလီပြည်၌ပင် သီတင်းသုံးတော်မူလျက်ရှိ၏။ အရှင်အာနန္ဒာ၏တပည့်လည်းဖြစ်၍ဗုဒ္ဓရှင်တော်ကိုဖူးတွေ့လိုက်ရဖူးသော ပုဂ္ဂိုလ်ကြီးပင်တည်း။ အရှင်ရေဝတသည် ထိုမဟာထေရ်ထံသို့ ကြွ၍ တည်းခိုတော်မူ၏။ အရှင်သမ္ဘူတလည်း ထိုမဟာထေရ်၏ အထံကြွလာ၍ ဝဇ္ဇီရဟန်းတို့ အယူဝါဒဝယ် ဝိနည်းတရားတော်နှင့် ညီမညီ ဆွေးနွေးကြသောအခါဝိနည်းတော်နှင့်မညီကြောင်းကိုမိန့်တော်မူ၏။

ထို့နောက် အဓိကရဏ်းကို ဆုံးဖြတ်ဖို့ရန် သံဃာ စည်းဝေးသောအခါ တစ်ယောက်တစ်ခွန်းဆိုသလို ပြောနေကြသည်မှာ မပြီးပြတ်နိုင်အောင် ရှိသည့်ပြင် "ဘာကိုဆိုလိုသည်"ဟု ကောက်ချက်ချ၍ မရနိုင်ဘဲ ရှိရကား ထိုသံဃာ့အစည်းအဝေးမှ ရဟန္တာကြီး ရှစ်ပါးကို(အဓိကရဏ်းဆုံးဖြတ်ဖို့ရန်)ရွေးချယ်ကြလေသည်။ [ရွေးချယ်အပ်သော ရှစ်ပါးတွင် အရှင်သဗ္ဗကာမီ၊ အရှင်သာဠှ၊ အရှင် သောဘိတ၊ အရှင်ရေဝတ၊ အရှင်သမ္ဘူတ၊ အရှင်ယသ၊ ဤ ၆ ပါးတို့သည် အရှင်အာနန္ဒာ၏ တပည့်များတည်း။ အရှင်ဝါသဘဂါမိယ၊ အရှင်သုမန ၂ ပါးက အရှင်အနုရုဒ္ဓါ၏တပည့်ဖြစ်ကြသည်။ ထို ရှစ်ပါးလုံး ဗုဒ္ဓရှင်တော်ကိုဖူးတွေ့လိုက်ကြရဖူး၏။ ထို့ပြင်–နေရာထိုင်ခင်း ခင်းပေးဖို့ ၁၀ ဝါမျှသာ ရသေးသော အရှင်အဇိတရဟန်းတော်တစ်ပါးကိုလည်း ရွေးချယ်တော်မူသည်။]

ထို့နောက် ဝါလိကာရုံကျောင်းတိုက်ဝယ်ထိုမဟာထေရ်ကြီးများချည်းစုဝေးတော်မူကာ အဓိကရဏ်းကို ဆုံးဖြတ်တော်မူပြီးလျှင် နောက်ထပ်ရဟန်းတော်ပေါင်း ခုနစ်ရာပြည့်အောင် ထပ်မံရွေးချယ်၍ သုတ် ဝိနည်း အဘိဓမ္မာကို သင်္ဂါယနာတင်တော်မူပြန်သည်။ [ထို

http://www.dhammadownload.com



ဒုတိယသင်္ဂါယနာတင်ရာ၌ အကူအညီပေးသော မဟာရာဇာကား သုသုနာဂမင်း၏ သားတော်'ကာဠာသောက'မင်းတည်း။ ထို မဟာရာဇာ၏ အကူအညီဖြင့် အဓမ္မဝါဒီ အလဇ္ဇီဖြစ်ကြသော ဝဇ္ဇီ တိုင်းသားတို့ကို နှင်ထုတ်လိုက်ရာ သူတို့လည်း အသင်းအပင်းစုလျက် သူတို့ သဘောကျသလို တရားတော်ကို ပြင်ဆင်ဖြည့်စွက်၍ သင်္ဂါယနာတစ်မျိုး တင်ကြလေကုန်သတတ်။]

**မှတ်ချက်။** ။ ဒုတိယသင်္ဂါယနာတင်ရခြင်း၏ အကြောင်းကို ရှာလျှင် ငွေအလှူခံခြင်းကိုတွေ့ရသည်။ဗုဒ္ဓရှင်တော်မြတ်ကလည်း"ငွေကို ခံယူကောင်းလျှင် ကာမဂုဏ်ငါးပါးကိုလည်း ခံယူကောင်းတော့မှာပေါ့"ဟု မိန့်တော်မူ၏။ ယခုကာလ၌ကား အလှူ အတန်းဟူသမျှ၌ ငွေအလှူတွေ အများအပြားပါဝင်နေ၏။ "သာသနာကိုပြုနေပါသည်"ဟုနာမည်ကောင်း ယူနေကြသော စာပြန်ပွဲများ၌ ဆုတော်ငွေနှင့် ငွေပဒေသာတွေ ဝေဆာနေတော့၏။ "ပဌမ သင်္ဂါယနာတင် ဘုရင်မင်းမြတ်"ဟု သမုတ်ခံရသော မင်းတုန်းမင်း၏လက်ထက်ကပင်"ဆွမ်းဆန်အလှူတော်"ဟုနာမည်တွင်ကာ ငွေအလှူတွေ များလာခဲ့ဟန်တူ၏။ ထို့ကြောင့်–

မိုးချုပ်လို့ ပြန်ချိန်တော်၊ မြလေးစွယ်တော် ပေါ်သည့် ချောင်းမှာ ဒေါင်းတွေကအော်–ဒေါင်းအော်လျှင် ကြိုသူလွှတ်ပေါ့၊ ပျိုတို့မောင် ဝါဝါဝတ်ကို ဒေါင်းခွပ်ချည့်လေး–ဟု တပေါင်ပေါ်ခဲ့သေး၏။ ဆိုလိုရင်းမှာ– "သာသနာတော်၌ ဒေါင်းဒင်္ဂါးတွေ တချွင်ချွင်မြည်အော်လျက် ပေါ်ပေါက်နေပြီ။ သင်္ကန်းဝါဝါကို ဝတ်နေကြသော အရှင်တို့မှာ ဒေါင်း အခွပ်ခံကြရတော့မည်"ဟုဆိုလိုသည်။ [ထိုကဲ့သို့ဖြစ်နေပုံကို မင်းတရားကြီးကြားသိရသောကြောင့် "ဓမ္မဝိနယ"အမိန့်တော်ပြန်တမ်းကိုပင် ထုတ်ရပေသေးသည်။ အမိန့်တော်ကို နောက်၌ ပြမည်]

ထို့ပြင်– ဝဇ္ဇီတိုင်းသား ရဟန်းမျာတို့ အဓမ္မမှုတွေပြုနေရာ ဌာန၏အနီးမှာပင် အရှင်အာနန္ဒာ၏တပည့်လည်းဖြစ်၊ရဟန္တာလည်း ဖြစ်၍ တစ်မြေပြင်လုံးမှာ သက်တော်ဝါတော် အကြီးဆုံးလည်း ဖြစ်

http://www.dhammadownload.com



သော အရှင်သဗ္ဗကာမိ မဟာထေရ်ကြီး သိတင်းသုံးလျက် ရှိတော်မူ၏။ သို့ပါလျက် ဝဇ္ဇီရဟန်းတို့ကို(မီးများမီးနိုင်ဆိုသလို) နှိမ်နင်းတော် မမူနိုင်ချေ။ အရှင်ယသ၏ လှုံ့ဆော်မှုကြောင့် လဇ္ဇီသူမွန် သီလဝန် အရှင်များ စုပေါင်းမိကြ၍ အားရှိလာကာမှ ဦးစီးဦးကိုင်ပြု၍ သာသနာတော်ကိစ္စကို ရွက်ဆောင်တော်မူရလေသည်။ [ဤအချက်ကိုလည်း သာသနာပြုလိုသူတို့ စဉ်းစားစရာပင်။]

**လဇ္ဇီရဟန်းတော်များ ကြိုးစားချိန်**

ယခုခေတ်၌ လဇ္ဇီသူမွန် သီလဝန်အရှင်မြတ်တွေ ထိုထိုအရပ်၌ ကေန်ရှိပါသေး၏။ သာသနာတော်ကိုလည်း ပြုစု ချီးမြှောက်တော်မူလိုကြပေလိမ့်မည်။ သို့ရာတွင်မိမိတို့အင်အားနည်းပါးကြောင်းကိုသိမြင်တော်မူကြ၍တစ်ကိုယ်ရေတစ်ကာယဖြင့်(သို့မဟုတ် အနည်းငယ်မျှသော ပရိသတ်ဖြင့်) ဖြစ်သလိုတော်သလို သီတင်းသုံးတော်မူကာ ကုသိုလ်ဖြစ်ဖို့သာ ပဓာနထား၍ သာသနာတော်ပြုပြင်ရေး၌မူ လျစ်လျူရှုတော်မူနေကြဟန်တူပါသည်။ ဗုဒ္ဓသာသနာတော်သည် ယခုအချိန်မှာ ၂ ထောင့် ၄ ရာကျော်မျှသာ ရှိသေး၏။ ဤသာသနာကို တည်ထောင်တော်မူကာ သတ္တဝါများကို ကျွတ်တမ်းဝင်စေမည်ဟူသော ဆန္ဒတော်ဖြင့် ပါရမီကိုဖြည့်တော်မူစဉ်က ဤ သာသနာတော်ကြီးအတွက် အသက်စည်းစိမ်များစွာကို စွန့်လွှတ်တော်မူခဲ့သည်မှာကား ဘဝကို မဆိုထားဘိ၊ ကမ္ဘာပေါင်း ၂ ထောင့် ၄ ရာကျော်လည်းမက၊ ၅ ထောင်လည်း မက၊ ၅ သောင်း ၅ သိန်း ၅ သန်း စသည်လည်း မကပင်။

ထိုဗုဒ္ဓရှင်တော်မြတ်ကြီး စွန့်တော်မူခဲ့သော အသက် စည်းစိမ် များနှင့် နှိုင်းစာလျှင် ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်စံတော်မူပြီး၍ အနှစ် ၂ ထောင့် ၄ ရာကျော်မျှသာရှိသေးသော အချိန်အခါ၌ သာသနာတော်သည် ဤမျှလောက် မဆုတ်ယုတ်ထိုက်သေးပါ။ ထို့ကြောင့်

http://www.dhammadownload.com



ယခုအခါ ဗုဒ္ဓသားကောင်း ရဟန်းတော်အပေါင်းသည် မိမိတို့ မျက်မှောက်၌ နိမ့်ကျနေသော သာသနာတော်ကို(ဘယ်လိုအရာမျိုးမှာ နိမ့်ကျနေသည်၊ ဘာ့ကြောင့်နိမ့်ကျရသည်၊ ဘယ်လိုမြှင့်တင်သင့်သည်ဟု စဉ်းစားစိစစ်ကာ) မြှင့်တင်ဖို့ အချိန်အခါရောက်နေပါပြီ။

**ကောသလအိပ်မက်။** ။ ကျားသစ်များကိုလ၊ ဆိတ်စားလို့ကုန်ချေပြီ၊ ဆိတ်ကိုမြင် သစ်တွေပုန်းတယ်၊ ထုံးနှင့်မညီ၊ သုလဇ္ဇီ ဒုဿီတို့နှိပ်နင်း၊သီလဝန်အရှင်မြတ်တို့၊ဒုဿီကိုအမြင်ကပ်လို့တောရပ်သို့ချဉ်း။

ဆိုလိုရင်းကား–"ကျားတို့သစ်တို့ကသာ ဆိတ်တွေကို ကုန်အောင်စားမည်ဆိုလျှင် ဖြစ်နိုင်စရာရှိသေး၏။ ယခုမှာ ဆိတ်တွေက ကျားများ သစ်များကို စားပစ်ကြသဖြင့်ကျားတွေသစ်တွေကဆိတ်ကို မြင်၍ ပုန်းနေသည်မှာ ထူးဆန်းလှသကဲ့သို့ ထို့အတူ လဇ္ဇီ သူတော်စင်တွေကို အလဇ္ဇီဒုဿီလတို့က နှိပ်နင်းကြခြင်းကြောင့် ထိုအလဇ္ဇီ ဒုဿီလတို့ကို မမြင်လို၍ လဇ္ဇီသူတော်စင်တို့ ပုန်း၍ နေရ သကဲ့သို့ တောများသို့ ဝင်နေရသောခေတ်သို့ ရောက်နေသည်မှာ ထူးဆန်းလှပါပေသည်"ဟူလို။

ထိုအိပ်မက်အတိုင်းမဖြစ်မီ အလဇ္ဇီ ဒုဿီလတို့ အားမရှိကြသေးမီ ယခုနှယ်က လဇ္ဇီသူတော်စင်တို့စည်းစည်းလုံးလုံးနှင့်ကြိုးစားကြပါတော့။ မကြိုးစားနိုင်လျှင်ကား ဆိတ်စားခံရသောကျားသစ်များကဲ့သို့ အလဇ္ဇီ ဒုဿီလများ၏ နှိပ်နင်းခြင်းကို ခံရပါလိမ့်မည်။

## ဒုတိယသင်္ဂါယနာအခန်း

**မဟာထေရ်များ၏ အမြော်အမြင်**

ဒုတိယသင်္ဂါယနာ တင်တော်မူကြပြီးသောအခါမဟာထေရ်တို့သည်"နောက်နောင်အခါဝယ် သာသနာတော်၌ ယခု

http://www.dhammadownload.com



လို ဘေးအန္တရာယ်များ ဖြစ်ဖွယ်ရှိသေးသလား”ဟု စဉ်းစားတော်မူကြ၏။ ထိုအခါ နောင်နှစ်ပေါင်း တစ်ရာ့တစ်ဆယ့်ရှစ်နှစ်မြောက်ဝယ် ဓမ္မာသောကမဟာရာဇာ၏ လက်ထက်၌ဘေးရန်ဖြစ်ဖွယ်ရှိကြောင်းကို မြင်တော်မူကြရ၍ ထိုအချိန်မှာ မိမိတို့ မရှိနိုင်ကြောင်းကိုလည်း သိတော်မူရကား ထိုအခါ၌ သာသနာပြုနိုင်မည့်ပုဂ္ဂိုလ်ကို လူ့ပြည်နတ်ပြည်မှာရှာသော်လည်းမတွေ့ကြ၊ ဗြဟ္မာ့ပြည်ကိုကြည့်မှအသက်ကုန်ခါနီး၍ အထက်ဗြဟ္မာ့ပြည်သို့ဆက်လက်ဖြစ်ဖို့ရန်ကုသိုလ်ဈာန်လည်းရှိသောတိဿဗြဟ္မာမင်းကိုတွေ့သဖြင့်သာသနာပြုရေးအတွက် အထက်သို့မဖြစ်ဘဲ လူပြည်၌ဖြစ်ဖို့ရန် တောင်းပန်ကြလေသည်။

ဗြဟ္မာမင်းလည်း“ငါသည်သာသနာတော်၌ဖြစ်ပေါ်လာမည့်ဘေးရန်ကိုနှိမ်နင်း၍သာသနာတော်ကိုချီးမြှောက်နိုင်မည့်သူပါတကား” ဟု လွန်စွာဝမ်းမြောက်လျက် ရဟန္တာအရှင်မြတ်ကြီးတို့၏တောင်းပန်ချက်ကို လက်ခံ၍ အချိန်ရောက်လတ်သော် မောဂ္ဂလိ ဗြာဟ္မဏ၏ အိမ်၌ ပဋိသန္ဓေတည်လာသည်။ ထိုရဟန္တာအရှင်မြတ်တို့လည်း (ထိုစဉ်အခါက ရဟန်းငယ်များသာ ဖြစ်၍ သင်္ဂါယနာတင်ကိစ္စ၌ မပါနိုင်ကြသေးသောပိဋကတ်သုံးပုံဆောင်ရဟန္တာများလည်းဖြစ်ပြီးသော) အရှင်သိဂ္ဂဝ၊အရှင်စဏ္ဍဝဇ္ဇီထေရ် ၂ ပါးတွင်“တစ်ပါးက မောဂ္ဂလိ ဗြာဟ္မဏအိမ်မှသတို့သားကိုရဟန်းဖြစ်အောင်သွေးဆောင်ရစ်ရမည်။ တစ်ပါးက ပိဋကတ်ကိုသင်ပေးရစ်ရမည်”ဟု အမိန့်ပေးကာ အနာဂတ် သာသနာရေးကို ရှုက်ဆောင်တော်မူပြီးမှပရိနိဗ္ဗာန်စံတော်မူလေသည်။

**မှတ်ချက်။** ။ ဤနေရာဝယ် ရှေးရှေးသာသနာ့ဝန်ဆောင် ထိပ်ခေါင်တင်ရဟန္တာကြီးများ၏ သာသနာတော်အတွက် ကြိုးစားတော်မူချက်ကို ယခုခေတ်ပုဂ္ဂိုလ်များ လေးလေးနက်နက် စဉ်းစားသင့်ကြပါသည်။

http://www.dhammadownload.com



**မောဂ္ဂလိပုတ္တတိဿ အရှင်**

မောဂ္ဂလိဗြာဟ္မဏ၏ သားတော် ဖြစ်သောကြောင့် "မောဂ္ဂလိပုတ္တတိဿ"ဟုလည်းကောင်း၊ တိဿဗြဟ္မာမင်း ဖြစ်ခဲ့ဖူးသောကြောင့် "မောဂ္ဂလိပုတ္တတိဿ" ဟုလည်းကောင်း ထင်ရှားသော ရဟန္တာ၏ အလောင်းအလျာ သတို့သားသည် ၁၆ နှစ်အရွယ်ရောက်သောအခါ ဝေဒကျမ်း၌ကျွမ်းကျင်တတ်မြောက်လေပြီ။ အရှင်သိဂ္ဂဝထေရ်သည်လည်းထိုသတို့သားပဋိသန္ဓေနေသည်မှစ၍ ထိုအိမ်၌ ဆွမ်းခံဝင်လေရာ ၇ နှစ်လုံးလုံး ကန်တော့ဆွမ်းမျှမရဖူးချေ။ သို့သော် မိမိရည်ရွယ်ချက် အားလျော်စွာ ရပ်မြဲရပ်နေလေရာ ၇ နှစ်လောက်ကျမှ(သူတို့ဘာသာဖြင့်"အတိစ္ဆထ" မြန်မာလို "ကန်တော့ဆွမ်း"ဟူသော စကားကို ရလေ၏။)

ထို့နောက် ဆွမ်းအနည်းငယ် လောင်းရာမှ ဣန္ဒြေရပုံကို ကြည်ညိုသဖြင့် နေ့တိုင်း ဆွမ်းဘုဉ်းပေးရလေရာ ထိုသတို့သား ၁၆–နှစ်အရွယ်ရောက်သောအခါ ပြဿနာမေးရာ၌ သတို့သား မဖြေနိုင်ရကား ထိုပညာရပ်ကို တတ်သိလိုသောဆန္ဒဖြင့် ရဟန်းပြုလေသော် သိဂ္ဂဝဆရာတော်သည် "ကေသာ,လောမာ"စသော ကမ္မဋ္ဌာန်းကို စီးဖြန်းစေကာ မကြာခင် သောတာပန်ဖြစ်စေသည်။ ထို့နောက် စဏ္ဍဝဇ္ဇီဆရာတော်ထံပို့၍ ပိဋကတ်အားလုံးတတ်မြောက်သော ရဟန္တာဖြစ်၍ များစွာသောပရိသတ်အား ပိဋကတ်ပို့ချလျက် သာသနာ့တာဝန်ကို ဆောင်ရွက်နိုင်သော ထိပ်ခေါင်တင်တစ်ပါး ဖြစ်တော်မူလေသည်။

**ဓမ္မာသောကမင်း**

သာသနာ့ဝံသ (သာသနာ့ အဆက်အနွယ်) ရေးသားသူတိုင်း ဓမ္မာသောကမဟာရာဇာကိုချန်လှပ်၍ မဖြစ်နိုင်ပါ။ အရှင် မဟာကဿပနှင့် အဇာတသတ်မဟာရာဇာတို့ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်တို့ကို စုဆောင်း၍ ရာဇဂြိုဟ်မြို့အနီးဝယ် ဌာပနာစဉ်ကပင်အသောကမဟာရာဇာ၏ သာသနာပြုမည့်အကြောင်း

http://www.dhammadownload.com



ကို အရှင်မဟာကဿပ ဗျာဒိတ်ပေးတော်မူခဲ့၏။ အသောက၏ ခမည်းတော်ဖြစ်သော ဗိန္ဒုသာရမဟာရာဇာသည် ခမည်းတော် စန္ဒဂုတ္တ၏ လက်ထက်မှစ၍ ဗြာဟ္မဏပေါင်း ၆ သောင်းလောက်ကို နန်းတော်၌ အမြဲထမင်းကျွေးလာခဲ့၏။ (ဘာ့ကြောင့်နည်း၊ စန္ဒ မည်သော ဗြာဟ္မဏ၏ နည်းပေးလမ်းပြမှုကြောင့် ကေရာဇ်မင်းအဖြစ်ကို ရခဲ့သည့်အတွက် ဗြာဟ္မဏတို့ကိုကျေးဇူးဆပ်လိုသောကြောင့်တည်း) အသောက မဟာ ရာဇာလည်း ထိုဘိုးတော်ခမည်းတော်တို့ ဝတ်ပြုမြဲအတိုင်း ဝတ်ပြုခဲ့၍ တစ်နေ့သ၌ လေသာနန်းတံခါးမှ ထိုဗြာဟ္မဏတို့ စားသောက်ကြပုံကို ဂရုစိုက်၍ကြည့်လိုက်မိရာ ဣန္ဒြေမဲ့စွာနှင့် စားသောက်နေကြပုံကို မြင်ရ သဖြင့် "ဤမျှလောက်များပြားသောအလှူကို စဉ်းစားနှိုင်းချိန်၍ လှူသင့် ရာဌာန၌ လှူမှ သင့်လျော်မည်"ဟုစဉ်းစားမိလေသည်။

**နိဂြောဓသာမဏေ**

ထိုသို့ မကြာခဏ စဉ်းစားမိလေရာတစ်နေ့ သောအခါ ဝယ်နန်းတော်မြေလမ်း၌ သွားလာနေသော လူအများတွင် စက္ခုန္ဒြေချလျက် ဦးခေါင်းလက်တို့ မလှုပ်မယှက် ငြိမ်သက်စွာဖြင့် ကြွသွားနေသော ကိုရင်ကလေးကို နန်းတော်ပေါ်မှ လှမ်းမျှော်ကြည့်လေရာ လွန်စွာ ကြည်ညိုခြင်းဖြင့် စဉ်းစားမိသည်မှာ အခြားလူတွေသွားလာကြသည်မှာ မငြိမ်မသက် ဣန္ဒြေမရ ရှိလှ၏။ ဤ သာမဏေသွားပုံသည် ငြိမ်သက်တည်ကြည်၏။ သူ့သန္တာန်မှာ ထူးခြားသော တရား ရှိပေလိမ့်မည်ဟုတွေးကာ ကြည့်ရင်းကြည့်ရင်း စဉ်းစားမိ၍ စဉ်းစားရင်းစဉ်းစားရင်းလည်းလွန်မင်းစွာ ချစ်ခင်ကြည်ညိုလာရကား အနီးအပါး၌ရှိသောအမတ်များကို အမြန်သွား၍ အပင့်ခိုင်း၊ ခိုင်းပြီး မကြာခင် နှေးသည်ဟု ထင်သော ကြောင့် "မြန်မြန်ကြွခဲ့ပါ"ဟု မှာလျက် ၂ ခါ၊ ၃ ခါ ထပ်ကာလွှတ်၍ ဖွတ်တရွတ်ကြီး ကြည်ညိုလေသည်။

http://www.dhammadownload.com



သို့သော်သာမဏေကား(မလျှင်မမြန်)မှန်မှန်ပင်သွားလျက် နန်းတော်ပေါ်တက်မိသည့်အခါ"သင့်တော်သောနေရာမှာထိုင်ပါ"ဟု (စုံစမ်းသောသဘောဖြင့်)လျှောက်ထားလျှင် အခြားရဟန်းများမရှိကြောင်းကို သိ၍ ရာဇပလ္လင်ပေါ်မှာပင် ထိုင်တော်မူလေသည်။ [စိတ်နေ စိတ်ထားနှင့် အမျိုးအနွယ်အောက်ကျသူဖြစ်လျှင်ဘုရင့်ထက်မြင့်သောနေရာ၌ ထိုင်ဝံ့မည်မဟုတ်။] ထို့နောက် ဆွမ်းကပ်ပြီးသောအခါ

မင်းတရား။ ။ ကိုရင်တို့ဆရာ၏ဩဝါဒကို သိပါရဲ့လား။

ကိုရင်။ ။ တချို့တစ်ဝက်လောက်တော့သိပါရဲ့။

မင်းတရား။ ။ ကိုရင်... အဲဒီ တရားကို ဟောပြစမ်းပါ။

ကိုရင်။ ။ အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ=ထိုထိုကိစ္စ၌ မမေ့တတ်သော သတိသည် မအိုမသေရာ နိဗ္ဗာန်ရောက်ကြောင်းတရားများဖြစ်၏။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေခြင်းကား တသေတည်း သေခြင်း၏ အကြောင်းရင်းဖြစ်၏။

မင်းတရား။ ။ ဤမျှလောက် ဟောပြလိုက်လျှင် သဘောကျ၍ တရားပြီးဆုံးသောအခါ"နိစ္စဘတ်ဆွမ်းအဖြစ်ဖြင့် ဆွမ်းရှစ်အုပ်လှူပါ၏"ဟုလျှောက်လေသည်။

ကိုရင်။ ။ ဤဆွမ်းအုပ်များကို ဥပဇ္ဈာယ်အား လှူပါ၏။

မင်းတရား။ ။ ဥပဇ္ဈာယ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါတုံး။

ကိုရင်။ ။ မဟာရာဇာ၊ အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ်တို့ကို(မိဘကကြည့်ရှု၍ ပြုပြင်ပေးနေသလို)အမြဲပြုပြင်ပေးသော မိဘသဖွယ်ပုဂ္ဂိုလ်ကို "ဥပဇ္ဈာယ်"ဟုခေါ်ပါတယ်။

မင်းတရား။ ။ နောက်ထပ်ပြီး ဆွမ်းရှစ်အုပ်ကို အမြဲလှူပါဦးမည်။

ကိုရင်။ ။ မဟာရာဇာ၊ အဲဒီဆွမ်းတို့ကိုတော့ ဆရာ အားလှူပါရဲ့။

http://www.dhammadownload.com



မင်းတရား။ ။ ဆရာဆိုတာက ဘယ်လိုပုဂ္ဂိုလ်ပါလဲ။

ကိုရင်။ ။ အတတ်သင်ပေးတဲ့ ပုဂ္ဂိုလ်ကိုဆရာ(အာစရိယ) လို့ခေါ်ပါတယ်။

မင်းတရား။ ။ဒါဖြင့်နောက်ထပ်ဆွမ်းရှစ်အုပ်လှူပါဦးမည်။

ကိုရင်။ ။ အဲဒီဆွမ်းကိုတော့ သံဃာအားလှူပါ၏။

မင်းတရား။ ။ သံဃာဆိုတာက ဘယ်လို ပုဂ္ဂိုလ်ပါလဲ။

ကိုရင်။ ။ ရဟန်းတော်အစုအဝေးကို "သံဃာ" ခေါ်ပါတယ်။ ထိုသံဃာတော်အစုအဝေးကို မှီပြီးတော့မှ ဥပဇ္ဈာယ် အာစရိယတို့ ရဟန်းပြုခဲ့ကြရပါတယ်။ ကိုရင်လည်း ဒီသံဃာကို မှီပြီး ရဟန်းဖြစ်ရပါ့မယ်။

မင်းတရား။ ။ နောက်ထပ်လည်း ဆွမ်းရှစ်အုပ် လှူဒါန်းပါဦးမည်။

**သံဃာတော်**
**၆--သောင်း**

သာမဏေသည် "ကောင်းပြီ"ဟုလက်ခံ၍ နောက်တစ်နေ့၌ ၃ ကျိပ် ၂ ပါးသောသံဃာတော်များနှင့် အတူ နန်းတော်သို့ ဆွမ်းဘုဉ်းပေးကြွတော်မူရာ (ဣန္ဒြေသိက္ခာမှစ၍ ဗြာဟ္မဏတို့ စားသောက်ပုံနှင့် သပ်ရပ်မှုခြင်းကွာခြားလေရကား)"နက်ဖြန်ခါ နောက်ထပ် ၃ ကျိပ် ၂ ပါး ပင့်ခဲ့ပါ" ဟုလျှောက်ထား၍ ဤနည်းအားဖြင့် နေ့စဉ်နေ့စဉ် ဆတက်ထမ်းပိုး တိုးကာတိုးကာ နောက်ဆုံး အချိန်မှာ ၆ သောင်းသောဗြာဟ္မဏနှင့် ရသေ့ပရိဗိုဇ်တို့အား ကျွေးနေကျဆွမ်းဝတ်ကိုဖြတ်၍ ၆ သောင်းသော ရဟန်းတို့အား နိစ္စဘတ်ဆွမ်းလှူပြီးလျှင် နိဂြောဓသာမဏေအတွက်ကြောင့် ဗုဒ္ဓ၏ဉပါသကာဖြစ်ကာမတ္တ မဟုတ်ဘဲ သာသနာတော်ကို အသဲစွဲ ယုံကြည်နေသော သာသနာပြု မဟာရာဇာကြီးအဖြစ် ရောက်၍ နောက်မကြာမီပင် အသောကာရုံ မည်သော ကျောင်းတိုက်ကြီးကို တည်ဆောက်ကိုးကွယ်လေသည်။

http://www.dhammadownload.com



**နိဂြောဓသာမဏေ၏ အစ်မြင်**

အသောက မဟာရာဇာသည် ခမည်းတော်ဗိန္ဒုသာရမင်းနတ်ရွာစံလွှင်စံချင်း မိကွဲ ဘတူ ညီနောင် ၉ ကျိပ် ၉ယောက်တို့ကိုရှင်းလင်းလေရာအကြီးဆုံးသုမနမင်းသား၏ကြင်ရာတော်သည် ကိုယ်ဝန်အရင့်အမာဖြင့် ထွက်ပြေးကာ စဏ္ဍာလတို့၏ရွာဝယ် စဏ္ဍာလ အကြီးအကဲ၏ သမီးအမှတ်ဖြင့် အစောင့်အရှောက်ကို ခံယူနေစဉ် နိဂြောဓသာမဏေ အလောင်းတော်ကလေးကို ဖွားမြင်ရလေသည်။ ထို့နောက် ကလေး၏ အစွမ်းအစကို (ရဟန္တာ ဖြစ်သည့်တိုင်အောင်) မြင်တော်မူသော မဟာဝရုဏ ရဟန္တာ အရှင်မြတ်က စောင့်ရှောက်၍ ၇ နှစ်အရွယ်၌ရှင်သာမဏေပြုပေးလေသည်။ ထိုသို့သာမဏေဖြစ်ပြီး၍ အတော်ကြာသောအခါ မယ်တော်ရှိရာသို့ သွားမည်ဟုကြံကာ နန်းတော် မြေလမ်းဖြင့် ကြွသွားစဉ် အသောကမဟာရာဇာ မြင်ရလေသည်။ ထို့ကြောင့် "နိဂြောဓသာမဏေ"ဟူသည် အသောက မဟာရာဇာ ၏ တူတော်အရင်း မင်းမျိုးမင်းနွယ် ဖြစ်သည် ဟုမှတ်ပါ။

အသောကမဟာရာဇာသည် ဗြာဟ္မဏ ရသေ့တို့ကို ထမင်းကျွေးရာ၌ သူတို့၏စားသောက်ပုံ ဣန္ဒြေမရခြင်းကိုမြင်ရသဖြင့်ကျွေးချင်စိတ် ကုန်ခန်းလောက်အောင် သဒ္ဓါတရား ပျက်ခဲ့၏။ နိဂြောဓသာမဏေ၏ ငြိမ်သက်စွာဖြင့် ဣန္ဒြေစောင့်စည်း၍ သွားနေပုံကို မြင်ရသဖြင့် ကြည်ညိုစိတ်ဖြစ်၏။ သာမဏေ၏တရားတော်သည် ဒါန၏အကျိုးကိုပြသော(အလှူခံပုဂ္ဂိုလ်က ကိုယ့်ဘက်ယက်သံပါသော)တရားမျိုးမဟုတ်ဘဲ မဟာရာဇာ၏ ကိုယ်ကျင့်ကိုပြသော အပ္ပမာဒ တရားတော်ဖြစ်၏။ ဤ ၃ ချက်ကို ကောက်ချက်ချသောအခါ စဉ်းစားဉာဏ်ရှိသူတိုင်း ဗုဒ္ဓသာသနာကို မကြည်ညိုဘဲ မနေနိုင်အောင် ဖြစ်လောက်ပါပေသည်။ ထို့ကြောင့် ယခုခေတ်၌ အနာဂတ်သာသနာကို ပြုပြင်လိုသောအရှင်တို့သည် အနေအထိုင်အပြောအဆို

http://www.dhammadownload.com



အသွား အလာ စားသောက်ပုံမှစ၍ လူကြီးလူကောင်းဆိုသူတွေထက် ကြန္ဒေရရသိက္ခာရှိရှိဖြစ်နေအောင်မိမိတို့ကိုယ်တိုင်ပြုပြင်ဖို့အရေးမကြီးပါလော။ ဟောခန်း ပြောခန်းမှာ လည်း (သူလှူချင်လှူ မလှူချင်နေ၊ ငတ်၍ကား မသေနိုင်)ဒါနခန်းထက် ကိုယ်ကျင့်ကိုသာ မှူရင်းထား၍ ဟောထိုက်သည် မဟုတ်ပါလော။ ထိုသို့ တစ်မျိုးတစ်ဖုံ ပြောင်းလွဲလိုက်ပါလျှင် မကြာခင် အသောကမဟာရာဇာလို စဉ်းစားတတ်သောတက်လူတွေက သာသနာတော်ကို အထင်ကြီးလာကြရပါလိမ့်မည်။

ယခုသော် ထိုကဲ့သို့ အထင်ကြီးလောက်သော အကြောင်းများ၏ချို့ငဲ့မှုကြောင့်(အလှူဒါနပြုချင်လာအောင် ဟောပြောမှု များသောကြောင့်)သာသနာတော်ကို အတွင်းကျကျ ကိုးကွယ်ကြသောဘုရားဒကာ ကျောင်းဒကာစသူတို့၏ သားစဉ်မြေးဆက် တက်လူကလေးတွေကပင် အထင်သေးနေကြပြီမဟုတ်ပါလော။ ဗုဒ္ဓရှင်တော်၏သာသနာ့ဝန်ဆောင်ဘက်က စိတ်အထက်တန်းကျသော အမျိုးသားကောင်း ရဟန်းတော်အပေါင်းတို့ စုပေါင်းညီညာလျက် ကိုယ်ကျင့်ဘက်က တိုးတက်အောင် ကြိုးစားဖို့အချိန်ရောက်နေပါပြီ။

## အစအဆုံးအမြင်း သာသနာပြုခန်း

**အိမ်ရှေ့မင်း ရဟန်းပြုပုံ**

အသောက မဟာရာဇာ၏ ညီတော်ရင်း ဖြစ်၍ အိမ်ရှေ့မင်းလည်းဖြစ်သောတိဿမင်းသားတောကစားထွက်စဉ် သမင်များ၏ မြူးထူး ပျော်ပါးကြ ပုံကိုမြင်၍“အင်း–မြက်စားနေကြသော သမင်များပင် ယခုလိုပျော်ပျော် ပါးပါး မြူးနေကြသေးလျှင် ဘုရင့်အလှူစာကို စားနေကြသော ရဟန်းတော်တွေကား အဘယ်မှာမမြူးဘဲနေနိုင်ကြမည်နည်း” ဟု အတွေးပေါ်ကာ သူ၏နောင်တော် မဟာရာဇာကို ပြောပြမိလေ

http://www.dhammadownload.com



သည်။ မဟာရာဇာ လည်း ထိုစကားကိုကြားရလျှင် အကျိုးအပြစ်ကို မစိစစ် မပြောပြသေးဘဲ "တစ်နေ့ကျမှ သူ့ကိုနားလည်အောင် ပြရတော့မည်"ဟု ကြံစည်ကာ အတော်ကြာသော် အကြောင်းတစ်ခုကို ရှာ၍ စိတ်ဆိုးဟန်ဆောင်ပြီး "မင်းသား၊ တိုင်းပြည်ကိုလက်ခံ၍ ၇ ရက်မျှ စံစားပေတော့၊ ၇ ရက် လွန်သောအခါ သင့်ကိုသတ်မည်"ဟု အမိန့်ပေးကာ တိုင်းပြည်ကို လွှဲအပ်လေသည်။ မင်းသားကား တိုင်းပြည်ကို ရပါသော်လည်း (သေ ရမည့် အရေးတွေးကာ)စံစားချင်စိတ် မပေါ်လာဘဲ မအိပ်နိုင် မစားနိုင် ဖြစ်နေတော့၏။

ထိုအနေကိုမြင်ရသော မဟာရာဇာသည် ညီတော်ကို ခေါ်ပြီး"ဟဲ့–တိဿ၊ ၇ ရက်ကြာလျှင် ငါသေရတော့မည်ဟု ထင်နေရုံမျှဖြင့် သင့်ကိုယ်တိုင် မပျော်နိုင်ပုံကို စဉ်းစားလော့၊ ရဟန်းတော်များကား ရှုရင်းရှိုက်ရင်း သေရခြင်းနှင့် ဆက်သွယ်နေပုံကို အမြဲဆင်ခြင်နေရကား အဘယ်မှာပျော်ပါးနိုင်တော့မှာလဲ"ဟုပြောပြသောအခါ သာသနာတော်ကိုကြည်ညိုလာသဖြင့် နောက်တစ်ခါတောလည်အသွားတွင် ရဟန္တာတစ်ပါး၏တန်ခိုးကို မြင်ရပြန်သောကြောင့် ချက်ချင်း ရဟန်းပြုချင်စိတ်ပေါ်ကာ သူဖူးမြင်ခဲ့ရသော အရှင်မဟာဓမ္မရက္ခိတ ရဟန္တာအရှင်မြတ်အထံ၌ ရဟန်းပြုလေသည်။ ထိုအခါ အိမ်ရှေ့မင်းကို အားကျ၍ မဟာရာဇာ၏နမသားလည်းဖြစ်၊ သမီးတော်သံဃမိတ္တာ၏ကြင်ဖက်လည်းဖြစ်သော အဂ္ဂိဗြဟ္မမင်းသားနှင့်တကွ အများပင် ရဟန်းပြုကြလေသည်။

**ရှစ်သောင်းလေးထောင်**
**ကျောင်းစေတီ**

ထို အသောက မဟာရာဇာ သည် "ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင် ရှိ၏"ဟုကြားသိရ၍ ဓမ္မက္ခန္ဓာတစ်ပါးလျှင် ကျောင်းတိုက် တစ်တိုက်စီ ပူဇော်လိုသောဆန္ဒဖြင့် ၉၆ ကုဋေသော ဥစ္စာကို စွန့်လွှတ်၍ တစ်မြို့လျှင်(ရွာကြီးများလည်း ပါပေလိမ့်

http://www.dhammadownload.com



မည်) တစ်ကျောင်းတိုက်စီ တည်ဆောက်ဖို့ အမတ်တို့ကို စေခိုင်းလေသည်။ ထိုအမတ်များလည်း အသောကမဟာရာဇာ၏ စိုးပိုင်ရာဒေသတိုင်း၌ ကျောင်းတိုက်များ တည်ကြလေရာ ကျောင်းနှင့်တကွ စေတီတော်ပါ အပြီးအစီး တည်ထားကြလေသည်။ ထို့ကြောင့် မဟာရာဇာ၏ ကုသိုလ်တော်များကို "ကျောင်းတိုက်နှင့် စေတီတော်ပေါင်း ရှစ်သောင်း လေးထောင်စီရှိ၏"ဟု ပြောစမှတ်ပြုကြသည်။

**သားတော်သမီးတော် သာသနာ့ဝင်စေနိုင်း**

ကျောင်းတိုက်များကို လှူဒါန်းပူဇော်ရာ၌မဟာရာဇာသည် အလွန်ဝမ်းမြောက်သည်ဖြစ်၍ "ဗုဒ္ဓရှင်တော်မြတ်၏ သာသနာဝယ် အဘယ်သူ၏ စွန့်ကြဲလှူဒါန်းမှုသည် အကြီးအကျယ်ဆုံးဖြစ်ပါသနည်း"ဟု မေးလျှောက်လေရာ သံဃာတော်များ၏ တာဝန်လွှဲခံရသော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကမိန့်တော်မူသည်မှာ–

မထေရ်။ ။ မဟာရာဇာ၊ ပစ္စည်းလေးပါး လှူဒါန်းရေး၌ ဒကာတော်နှင့်တူသူသည် ဗုဒ္ဓမြတ်စွာ၏လက်ထက်တော်တုန်းကပင် မရှိခဲ့ပါ။ ဒကာတော်၏စွန့်ကြဲမှုသာအကြီးကျယ်ဆုံးဖြစ်ပါပေသည်။

မဟာရာဇာ။ ။ (ထိုစကားကိုကြားရလျှင် အလွန့်အလွန်နှစ်သက်ရွှင်ပျ၍) ဒီလိုဖြစ်လျှင် ဒကာတော်သည် သာသနဒါယာဒ (သာသနာ့အတွင်းသား=သာသနာ့ဆွေတော်မျိုးတော်)ဖြစ်ပြီ မဟုတ်ပါလား။

မထေရ်။ ။ (ထိုစကားကိုကြားရလျှင် မဟိန္ဒမင်းသားကို သတိထားတော်မူမိ၏။သာသနာတော်၌ဤမင်းသားရောက်လာလျှင် သာသနာတော်အလွန်တိုးတက်လာမည်ကိုလည်းမြော်မြင်တော်မူ၏။ ထို့ကြောင့် အမှန်လည်းကျ စကားသုံးလည်း လှလေအောင်) မဟာရာဇာ၊ မြေပြင်မှ အထက်ဘဝဂ်တိုင်အောင် ပစ္စည်းပုံကြီးကို လှူဒါန်းပါသော်လည်း "သာသနဒါယာဒ"ဟုမခေါ်နိုင်သေး၊ "ပစ္စယဒါယကာ"

http://www.dhammadownload.com



ဟုသာခေါ်နိုင်သေးသည်။ ဆင်းရဲချမ်းသာမဟူ မည်သူမဆို မိမိရင်သွေးကို သာသနာတွင်းသို့သွင်းပို့ချီးမြှောက်နိုင်သူသာ သာသနာတော်နှင့်သွေးစပ်၍ "သာသနဒါယာဒ"ဟု ဆိုအပ်ပေသည်။

**မှတ်ချက်။** ။ [ဒါယာဒ၊ အမွေကိုခံယူသူ၊ ထိုသူနှင့် တူသောဆွေမျိုး။] သားက သာသနာဝင်ဖြစ်သောကြောင့် မိဘကလည်း သာသနာနှင့်သွေးစပ်၍ သာသနဒါယာဒ(သာသနာ့ ဆွေမျိုး)ဖြစ်ရသည်–ဟူလို။

မဟာရာဇာ။ ။ ထိုအခါ သာသနဒါယာဒအဖြစ်ကို လွန်စွာ လိုလားသော မဟာရာဇာသည် အိမ်ရှေ့မင်း ရာထူးပေးဖို့ရန်မှန်းထား အပ်သော မဟိန္ဒမင်းသားကို (အိမ်ရှေ့ရာထူးထက် ရဟန်းအဖြစ်ကပင် သာလွန်၍မြတ်၏ဟုအကြံဖြစ်ကာ)"ချစ်သား၊ ရဟန်းပြုနိုင်ပါ့မလား" ဟုမေးလေသည်။

မင်းသား။ ။ (ထိုအချိန်မှာ သာသနာတော်၏ ဂုဏ်တက်ချိန် ဖြစ်သောကြောင့် ရဟန်းပြုရခြင်းကို အထင်မသေးသော ခေတ်ဖြစ်ရကား ဘထွေးတော် အိမ်ရှေ့မင်း ရဟန်းပြုတုန်းကပင် အားကျနေသော မင်းသားက)"ပြုနိုင်ပါသည်"ဟု သံတော်ဦး တင်လေသည်။

မဟာရာဇာ။ ။ (သမီးတော်ဘက်လှည့်၍"ချစ်သမီးကောဘိက္ခုနီ မဖြစ်ချင်ဘူးလား"ဟု မေးရာ "ဖြစ်ချင်ပါကြောင်း" လျှောက်သဖြင့် သားတော်သမီးတော် ၂ ယောက်လုံးကိုပင် သာသနာတွင်းသို့သွင်းပို့၍ သာသနဒါယာဒအဖြစ်ကို ခံယူလေသည်။

**တိတ္ထိများ သာသနာဝင်လာပုံ**

သာသနာတော်ဝင် အရှင်မြတ်တို့ဘက်၌ တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ် အများအပြားရှိ၍ အရှင်မဟိန္ဒကဲ့သို့ အထက်တန်းအမျိုးကောင်းသားများက သာသနာ့ဝန်ကို ထမ်းနေကြရုံမက မဟာရာဇာ ကိုယ်တိုင်ပင် အမြတ်တနိုးပြု၍ ကိုးကွယ်ကာ မဟာရာဇာ၏ အာဏာပျံ့နှံ့ရာ အရပ်တိုင်းဝယ် ဗုဒ္ဓ

http://www.dhammadownload.com



တရားတော်မှ လူဝတ်ကြောင်နှင့်ဆိုင်သော တရားတော်များကို ရေးသား၍ ကျောက်တိုင်စိုက်လျက် လူအများအား တရားပေးကာ တရားတော်ကို ယုံကြည် သက်ဝင်လာအောင် ကြိုးစားနေသောအခါဖြစ်၏။ ထိုအခါ၌ ဗုဒ္ဓ သာသနာတော်ဝယ် ပစ္စည်း ၄ ပါး ပေါများပြည့်စုံသလောက် ရသေ့တိတ္ထိတို့၌ ပစ္စည်း ၄ ပါး ရှားပါးရကား များစွာသော ရသေ့တိတ္ထိတို့သည် အစားအသောက် အနေအထိုင် ကျပ်ကြ၏။ ထို့ကြောင့် သာသနာတွင်းသို့ တိတ်တိတ်ပုန်းဝင်ရောက်လာပြီးလျှင် သံဃာအစစ်များနှင့် ရောနှောနေထိုင်ကာ တချို့ကမူ မိမိတို့ယူမြဲ မိစ္ဆာအယူကို ယူကြခြင်းဖြင့် သာသနာတော်မသန့်ရှင်းအောင်ပြုကြတော့၏။ ထိုအခါရဟန်းအစစ် ရဟန်းမှန်တို့သည် သူတို့နှင့်အတူ သံဃာ့ကံများကို မပြုနိုင်ကြသောကြောင့် အသောကာရုံတိုက်ကြီး၌ ၇ နှစ် တိုင် တိုင် ဥပုသ်ပြုကိစ္စရပ်စဲ ခဲ့ရသတဲ့။

**တတိယသင်္ဂါယနာ တင်ရပုံ**

ထိုအချိန်မှာ အရှင်မောဂ္ဂလိ ပုတ္တတိဿ မထေရ်လည်း အဓိကရုဏ်းကြီးကျယ်မည့် အရေးကို မြင်၍(သူတို့နှင့်နီးကပ်စွာနေလျှင်နောင်အဆုံးအဖြတ်ပေးသည့်အခါအလေးမပြုမည်စိုးသောကြောင့်)ဂိုဏ်းသံဃာကိုမဟိန္ဒရဟန်းတော်အားလွှဲအပ်၍ အဟောဂင်္ဂါတောင်သို့ ကြွတော်မူလေသည်။ ထို့နောက် အဓိကရုဏ်း ကြီးသည်ထက် ကြီးလာသောအခါ မဟာရာဇာသည် အရှင်မောဂ္ဂလိပုတ္တတိဿကို ပင့်၍ ထိုမထေရ်၏အထံ၌ ဗုဒ္ဓအယူဝါဒ အစစ်အမှန်ကို လေ့လာပြီးမှ ရဟန်းစစ် ရဟန်းမှန်ကို ရွေးချယ်ဖို့ရန် အယူဝါဒတူမျှသူတွေကို တသန့်စီထား၍ ဗုဒ္ဓအယူကို ကျနစွာ မပြောနိုင်သူ အားလုံးကို လူဝတ်လဲစေသည်။ ထို့နောက် သန့်စင်သောသာသနာဖြစ်သည့်အခါ အရှင်မောဂ္ဂလိ ပုတ္တတိဿ မဟာထေရ်သည် သံဃာ့ပရိသတ်အလယ်၌ အယူဝါဒ အမျိုးမျိုးကိုရှင်းပြသော ကထာဝတ္ထုကျမ်းကို ဟောတော်မူ၍ တန်ခိုး ဣဒ္ဓိ

http://www.dhammadownload.com



ပါဒ်နှင့် ပြည့်စုံသောရဟန္တာတစ်ထောင်ကို ရွေးချယ်ကာ တတိယ သင်္ဂါယနာ တင်ရပြန်သည်။

**မှတ်ချက်။** ။အသောကမဟာရာဇာ၏ ချီးမြှောက် ထောက်ပံ့မှုကြောင့် သာသနာတော်၌ ပစ္စည်း ၄ပါးပေါများသောအခါ အစားအသောက်ကျပ်သော တိတ္ထိတို့တစ်စု သာသနာ၌ အချောင်ဝင်လာကြပုံကို ထောက်၍မည်သည့်သာသနာမဆိုလာဘ်ပေါများလျှင်အချောင်သမားတွေ ဝင်လာတတ်သည်မှာ ဓမ္မတာတစ်ခုဟု မှတ်ပါ။ ထိုတိတ္ထိများကြောင့် ပင် သာသနာတော်ကစဉ့်ကရဲဖြစ်ကြရသကဲ့သို့ထို့အတူအချောင်သမားပေါများသောနေရာတိုင်းမှာ ကစဉ့်ကရဲဖြစ်ရမည်မှာ ဓမ္မတာပင်တည်း။ ထို့ကြောင့် သာသနာပြုမည့် ပုဂ္ဂိုလ်တို့သည် မိမိတို့သာသနာ၌ ပစ္စည်းလေးပါး ဘက်က ပရိယတ်,ပဋိပတ်အလုပ်လုပ်ဖို့အင်အားမရှိအောင် ရှားပါးခြင်းလည်း မဖြစ်စေသင့်။ပစ္စည်းလေးပါးအသုံးအဆောင်အခမ်းအနားတို့ဖြင့်အချောင်သမားတို့ ခိုဝင်လာချင်လောက်အောင်လည်း မပေါများစေသင့်။ "မရှိမပဋိပဒါ"ဟူသော စကားကို ဤနေရာမျိုး၌လည်းအသုံးပြုကာ အလုပ်လုပ်နိုင်လောက်အောင် မရှိမရှား အလယ် အလတ်စားသာလျှင် ဖြစ်စေသင့်ကြပါပေသည်။

**သာသနာပြု လွှတ်စန်း**

တတိယသင်္ဂါယနာတင်ပြီးနောက်အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် နောက်နောင်အခါ သာသနာ တည်ရစ်မည့်ဌာနကို စဉ်းစားတော်မူလေသော် အိန္ဒိယနယ်စွန်နယ်ဖျားနှင့်သီဟိုဠ်ကျွန်းစသော ဒေသတို့၌ တည်ရစ်လိမ့်မည်ကို မြင်တော်မူ၍ ကသ္မီရဂန္ဓာရတိုင်းစသော၉ကိုင်း ၉ ဌာနသို့သံဃာတော်များကိုသာသနာပြုစေလွှတ်တော်မူလေရာ အရှင်မဟိန္ဒထေရ် အမှူးရှိသော သံဃာတော်များကို သီဟိုဠ်ကျွန်းသို့ စေလွှတ်တော်မူသည်။ ထို သီဟိုဠ်ကျွန်း၌ကား"ဒေဝါနံ ပိယတိဿမဟာရာဇာသည် အသောက မဟာရာဇာနှင့် အပြန်အလှန် အဆွေတော်ဖြစ်ရကား အသောက မဟာရာဇာ၏သားတော် အရှင်မဟိန္ဒကို

http://www.dhammadownload.com



စေလွှတ်တော်မူခြင်းမှာ သာသနာတော်စည်ကားဖို့ရန် အားကြီးသော အခြေခံဖြစ်ပါပေသည်။ ထို မဟိန္ဒထေရ်နှင့် နှမတော် သံဃမိတ္တာ ဘိက္ခုနီတို့၏ အစွမ်းကြောင့်ပင် သီဟိုဠ်ကျွန်း သာသနာသည် အခြေခိုင်မြဲစွာ တည်တံ့ခဲ့ရသည့်ပြင် နောက်နောင် အိန္ဒိယ၌ သာသနာ ဆုတ်ယုတ်လာသောအခါ အိန္ဒိယက သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင်တို့သည် သီဟိုဠ်ကျွန်းကို အခြေခံလုပ်၍ ပေထက်အက္ခရာတင် ကိစ္စကို ရွက်ဆောင်တော်မူကြရပေသည်။

## ဒုဋ္ဌဂါမဏိမင်း

**စစ်ရှုံးစဉ်လည်း ဒါနကိုမမေ့**

မဟာဝင်၌တွေ့ရသောသီဟိုဠ်မဟာရာဇာတို့တွင် ဒုဋ္ဌဂါမဏိမဟာရာဇာ၏ သာသနာ ကြည်ညိုပုံသည် ဗုဒ္ဓဘာသာဝင်တို့၏ စိတ်ကို အားအရစေဆုံး အနှစ်သက်စေဆုံးဖြစ်၏။ ထိုမဟာရာဇာသည် ညီတော်တိဿနှင့်စစ်ဖြစ်၍ စစ်ရှုံးခိုက် မြင်းတစ်စီး၊အမတ်တစ်ယောက်မျှဖြင့် တိမ်းရှောင်နေရာ တောထဲမှာပင် လွန်စွာဆာလောင်နေစဉ် အမတ်၏ ပွဲတော် တစ်ယောက်စာကို(မြင်း၊ အမတ်၊ မိမိတို့အပြင် လှူဖို့ပါ)၄ဖို့ ခွဲ၍ အလှူခံပုဂ္ဂိုလ်ကိုကြွေးကြော်ပင့်ယူလေသည်။ အလှူခံပုဂ္ဂိုလ်သည် ဒိဗ္ဗသောတအဘိညာဉ်ဖြင့်ကြား၍ ကြွရောက်လာသဖြင့် မိမိတို့ဖို့ မှန်းထားသောအဖို့ကိုပါ အားလုံး လှူလိုက်ကြလေသည်။ နတ်ရွာစံခါနီး၌ကား မိမိ၏အလှူတော်စာရင်းကို ဖတ်စေရာဝယ် အခြားသော စေတီတော်ကြီးကျောင်းတော်ကြီးများအလှူထက် ဤအလှူကို သာ၍နှစ်သက်ပါသတဲ့။[အချို့ဒါနရှင်များသည်မိမိပြုပြီးသောကောင်းမှုများကိုပုရပိုက်စာအုပ်များ၌ရေးမှတ်၍ထားပြီးလျှင်ထိုကောင်းမှုစာရင်းများကိုမကြာမကြာကြည့်ရှုကာနောက်ထပ်ကုသိုလ်စေတနာတိုးပွားစေကြ၏]

http://www.dhammadownload.com



**စစ်တိုက်ရာ၌ ရဟန်းများကို ပင့်သွားပုံ**

ညီတော်ကိုတစ်ဖန်ပြန်၍စစ်အောင်မြင်သောအခါ စစ်ဗိုလ်ကြီး (သူရဲကောင်း) တစ်ကျိပ်ကို အမှူးထား၍ များစွာသော စစ်တပ်ဖြင့် ဂင်္ဂါမြစ်တစ်ဖက်သို့ကူးပြီးလျှင် ကျေးမင်းများကိုနှိမ်နင်းလိုသောကြောင့် သံဃာများထံ လျှောက်သည်မှာ "ဒကာတော်သည် သာသနာတော်ကို ပြုစုခြင်းငှာ ဂင်္ဂါမြစ်တစ်ဖက်သို့ သွားရဦးမည်။ ရဟန်းတော်များကို ဖူးမြင်နေရခြင်းသည် ဒကာတော်အတွက် မြတ်သော မင်္ဂလာဖြစ်ပါသည်။ ထို့ကြောင့် ရဟန်းတော်များကိုလည်း မပြတ်ဖူးရ၊ ဒါနကိုလည်း ပြုရအောင်"ဟု လျှောက်၍ ပျိုမျစ်သော ရဟန်းတော်ငါးရာကို စစ်မြေပြင်သို့ ပင့်သွားလေသည်။

**မှတ်ချက်။** ။ မဟာရာဇာ၏ အလိုအားဖြင့် "ဖူးမြင်ဖို့ရန်နှင့် ဒါနပြုဖို့ရန်ပင့်သွားသည်"ဟုဆိုရသော်လည်းထိုရဟန်းတော်များအတွက် ဝိနည်းတော်နှင့် သင့်လျော်မည့် နေရာဝယ်"စစ်သားတို့ စည်းကမ်းသေဝပ်အောင် သိမ်းပိုက်မိထားသော နယ်သူနယ်သားများကို သနားညှာတာ၍ နှိပ်စက်မှု၊ မိန်းမများကိုစော်ကားမှုမပြုရအောင်"စသည်ဖြင့်ဩဝါဒပေးနိုင်သောအကျိုးများလည်း ရနိုင်ပေသေးသည်။

**နတ်ရွာစံခါနီး အဘယထေရ်သတိရ**

စစ်ကိုစွပြီးဆုံးသောအခါ၌သူရဲကောင်း စစ်ဗိုလ်ကြီးတို့တွင် အဘယ ဗိုလ်မှူးသည် ချီးမြှောက်တော်မူသော စည်းစိမ်ကိုမယူဘဲ ကိလေသာရန်ကို နှိမ်နင်းဖို့ကျန်ပါသေးသည်"ဟုသံတော်ဦးတင်ကာရဟန်းပြုပြီးနောက် ရဟန္တာဖြစ်လေသည်၊မဟာရာဇာကြီး မမာ မကျန်းရှိသောအခါ ရဟန်းတော်များစွာလာ၍ တရားတော်ကို ရွတ်ဆိုကြလေ၏။ ထိုသံဃာ့ပရိသတ်ဝယ် အဘယထေရ်ကို မမြင်သော ကြောင့် "အဘယသူရဲကောင်းကြီးသည်ကျေးမင်းတို့နှင့်၂ ကြိမ်တိုင်တိုင် စစ်ထိုးရာ၌ ငါမရှုံးမည်ကိုမြင်၍ ငါ့အထံမှာ ရဲဘော် လုပ်

http://www.dhammadownload.com



လာခဲ့သည်။ ယခုသေမင်းနှင့်စစ်ထိုးရာ၌ကား ငါရှုံးမည်ကို မြင်သောကြောင့် ငါ့အနားသို့မလာတော့ပြီ”ဟု အဘယထေရ်ကို သတိရလေသည်။

ထိုအကြံကို အဘယထေရ် သိတော်မူ၍ ရဟန္တာ ငါးရာနှင့်အတူ ကြွလာတော်မူလေသော် လွန်စွာ အားရတော်မူသဖြင့် အနီးသို့ပင့်ဆောင်စေပြီးကာ“ရှေးအခါကသူ့ရဲကောင်းတစ်ကျိပ်ဖြစ်သောအရှင်မြတ်တို့နှင့်အတူစစ်တိုက်၍ဒကာတော့်ဘက်ကစစ်အောင်နိုင်ခဲ့ပေပြီ၊ ယခုသော် ဒကာတော် တစ်ယောက်တည်း သေမင်းနှင့် စစ်တိုက်ရသောကြောင့်သေမင်းကိုရှုံးစေခြင်းငှာမတတ်နိုင်တော့ပါ”ဟုလျှောက်ရာလေသည်။

**အဘယထေရ် စစ်ကူတော်မူပုံ**

မဟာရာဇာ၏ စကားကို အဘယထေရ်က ပြန်၍ မိန့်တော်မူသည်မှာ“အလုံးစုံသော ရုပ်နာမ် ခန္ဓာတို့သည် မမြဲနိုင်ကြပေ၊ဗုဒ္ဓရှင်တော်မြတ်၏ကိုယ်ခန္ဓာသော်မှမြဲခိုင်ခြင်းသဘောမရှိ၍ ပျက်စီးခဲ့ရပေသည်၊ရုပ်နာမ်ခန္ဓာဟူသမျှ၏မမြဲခြင်းသဘော(အနိစ္စ)၊ဆင်းရဲခြင်းသဘော(ဒုက္ခ)၊အနှစ်သာရမရှိခြင်းသဘော(အနတ္တ)ချည်းဖြစ်ကြောင်းကိုနှလုံးသွင်းပါလော့။ ဒကာတော်မင်းမြတ်သည်လွန်ခဲ့သောဘဝကနတ်ပြည်ရောက်ကြောင်းကောင်းမှုရှိသောသာမဏေဖြစ်ပါသော်လည်းနတ်စည်းစိမ်ကိုမတောင့်တဘဲ သာသနာပြုမင်းဧကရာဇ်ဖြစ်လာရပေသည်။ အသင်မင်းမြတ်၏ယနေ့တိုင်အောင် ပြုခဲ့သမျှ ကုသိုလ်တို့ကို အမှတ်ရနေပါလော့”ဟု မိန့်တော်မူလေသည်။

ထိုစကားကိုကြားရသောဒုဋ္ဌဂါမဏိမင်းကြီးသည်ဝမ်းမြောက်တော်မူလှသဖြင့် “အရှင်မြတ်သည် အကျွန်ုပ်၏သေမင်းနှင့်စစ်တိုက်ရာ၌လည်းအဖော်သဟဲဖြစ်ပါပေသည်”ဟုလျှောက်ထား၍ပြုခဲ့ဖူးသောကောင်းမှုစာရင်းကိုဖတ်စေသည်။ ထိုကောင်းမှုစာရင်းဖတ်သောအခါ

http://www.dhammadownload.com



လည်းမဟာရာဇာစိတ်၌သာ၍ထင်လာအောင်ရေးကောင်းမှုအကြောင်းကို အကျယ်ပြောပြတော်မူ၏။ ဤသို့ကောင်းမှုစာရင်းကို ကြားနာပြီးလျှင် ကောင်းမှုဆိုင်ရာ မှာဖွယ်တို့ကို မှာထားပြီးမှ စုတိစိတ် ကျ၍ တုသိတာနတ်ပြည်၌ ဖြစ်လေသည်။

**မှတ်ချက်။** ။ ဤဒုဋ္ဌဂါမဏိ မဟာရာဇာသည် တိုင်းရေး၊ပြည်ရေး၊သာသနာရေး၌သာရာဇဝင်ပြောင်ရုံမကသေရမည့်အရေး၌ပင်ရာဇဝင်ပြောင်ရကား အတုယူဖွယ် ကောင်းလှပေသည်။

## ဓမ္မစေတီ အဏ္ဍရာဇာ၏ခန်း

**မဟာထေရ်များ ကြိုးစားတော်မူခဲ့ပုံ**

သီဟိုဠ်ကျွန်းဝယ်(ပိတုရာဇာ ဟုလည်းထင်ရှားသော) ဝဋ္ဋဂါမဏိမင်း စိုးစံစဉ် တိဿမည်သောဗြာဟ္မဏတစ်ယောက်က သူပုန်ထသည့်ပြင် စောဠတိုင်းမှကျေးမင်းတို့ကလည်း စစ်ဖက်လာ ကြ၏။ တိုင်းသူပြည်သားတို့သည် အိမ်ခြေရာခြေ မတည်နိုင်အောင်ရှိရကား သံဃာတော်များဆွမ်းခဲယဉ်းစဉ်မှာပင် စိတ္တလ ပဗ္ဗတကျောင်းတိုက်၊ မဟာဝိဟာရကျောင်းတိုက်စသည်၌ ၃ နှစ်တိုင်တိုင် စုဆောင်းထားအပ်သော ဝတ္ထုကံ စပါးများကို ကြွက်ကြီးများစွာ ဖျက်ဆီးကြသဖြင့် တစ်ညဉ့်အတွင်း၌ပင် ဖွဲမျှသာကျန်လေတော့၏။ ရဟန္တာ ဖြစ်ပြီးသော ရဟန်းတော်များစွာလည်း ပရိနိဗ္ဗာန်စံကြ၏။ များစွာသော ရဟန်းတို့သည် ဇမ္ဗူဒိပ် (အိန္ဒိယ)ဘက်သို့ ကူးပြောင်းနေထိုင်ကြရလေသည်။

ထိုအချိန်၌ ပိဋကတ်ကျမ်းစာများကို ပေထက်၌ မရေးကြရသေးသောကြောင့် ဇမ္ဗူဒိပ်သို့မကူးဘဲ ဖြစ်သလိုနှင့်နေရစ်ခဲ့ကြသော ရဟန်းတော်များသည် မိမိတို့ နှုတ်တက် ဆောင်ထားသော ပါဠိတော်

http://www.dhammadownload.com



နှင့် အဋ္ဌကထာများကို အလွန်ပင်ပန်းစွာ ရွတ်အံတော်မူရှာကြရပေသည်။ တချို့ရက်များ၌ကား ဆွမ်းကိုမဆိုထားဘိ၊ စားဖွယ်ရာ အာဟာရ တစ်စုံတစ်ရာကိုမျှ မရကြရှာချေ။ သို့သော် မရွတ် မအံလျှင် ပိဋကတ်တော်များ တိမ်းပါးချုတ်ယွင်းမည်စိုးသောကြောင့် ဝမ်းမီးဆောင်သဖြင့် ပူလောင်နေသော ရင်ပေါ်မှာ သဲအစိုများတင်ထား၍ ကြိုးစားပမ်းစား ရွတ်အံတော်မူခဲ့ကြပါသတဲ့။

**ပေထက်အက္ခရာ တင်ခြင်း**

ထိုအခြင်းအရာကို ကိုယ်တွေ့ကြုံခဲ့ရသော မဟာထေရ်တို့သည် နောက်နောင်အခါ ပိဋကတ်တော်များကို နှုတ်တက်ဆောင်နိုင်လောက်အောင်ဉာဏ်အားကိုယ်အား နည်းပါးကြလိမ့်မည်ကိုမြော်မြင်မိရကားယခုလိုဘေးဖြစ်လာလျှင် ပိဋကတ်တော်များ တိမ်းပါး ချုတ်ယွင်းမည့်အချက်ကို လေးနက်စွာ စဉ်းစားတော်မူမိကြသဖြင့် သူပုန်ဘေးငြိမ်းအေး၍ ဝဋ္ဋဂါမဏိမင်း နန်းစံသောအခါ အကျိုး အကြောင်းစုံ ပြောပြတော်မူကာ ထိုမင်း၏ အကူအညီဖြင့် ပိဋကတ်တော်များကို ပေ၌ ရေးသားခဲ့ကြပေသည်။

**မှတ်ချက်။** ။ ပြီးခဲ့သောဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ များစွာသောစာသင်တိုက်ကြီးများဝယ်သင်အံပို့ချမှုရပ်စဲခဲ့ပုံကိုထောက်၍ထိုအချိန်၌ထိုအရှင်မြတ်တို့ပိဋကတ်ဆောင်ခဲ့ကြပုံမှာအလွန်ကြည်ညိုထိုက်ကြပေသည်။ ထိုအရှင်များသည် ထိုအချိန်ကပေထက်အက္ခရာမတင်ခဲ့ပါမူ ယခုလောက်ကြာလျှင် ပိဋကတ်တော်များ တိမ်းပါးချုတ်ယွင်းတော့မည်မှာသေချာသလောက်ပင်ဖြစ်၏၊ထိုအရှင်များ၏မြော်မြင်တော်မူချက်မှာယခုခေတ်ဘာသာဝင်တိုင်းကျေးဇူးဆပ်၍မကုန်နိုင်လောက်သောအချက်ပါပေတည်း။

**သံဃာ့ရတနာစနိုက်း**

ဗုဒ္ဓမြတ်စွာသည် ညဥ့်အခါဝယ် အမှောင်ကြီးကို လင်းစေသော လ,မင်းနှင့် တူတော်မူ၍ အရိယာသံဃာများကား လ,မင်း၏ ဝန်းကျင်ဝဲယာ၌

http://www.dhammadownload.com



ထွန်းလင်းတောက်ပလျက်ရှိကြသောကြယ်တာရာများနှင့်တူတော်မူကြ၏။ ဓမ္မအစစ်အမှန်တို့မှာဗုဒ္ဓလမင်းမှထွန်းလင်းထွက်ပေါ်လာသောအရောင်အဝါများနှင့်တူတော်မူပါပေသည်။လမင်းဝင်သွားသောအခါကြယ်တာရာရောင်ကိုသာ အားပြုရတော့သကဲ့သို့ ထို့အတူ ဗုဒ္ဓ ရှင်တော် လ,ရတနာကြီး ကွယ်ပပြီးရာ ယခုလို အခါ၌ သံဃာ့ရတနာမှတစ်ဆင့် ထွက်ပေါ်လာသော တရားအရောင်ကိုသာ အားကိုးကြရပေတော့၏။ အရှင်မဟာကဿပမှစ၍ သံဃာ့ရတနာဝင် အရှင်မြတ်တို့လည်းယနေ့တိုင်အောင်တရားအရောင်ကိုထွန်းပြောင်စေတော်မူခဲ့ကြသည်မှာ ကျေးနပ်ဖွယ်ရာ ကျေးဇူးတင်ဖွယ်ရာကြီးပါပေတည်း။

ထို့ကြောင့်ပင် ထိုသံဃာ့ရတနာဝင် အရှင်မြတ်များကို ရည်စူး၍“တံ သံဃံ သရဏံ ဂစ္ဆာမိ=ထိုအရိယာသံဃာတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏”ဟု နှုတ်ဖြင့်လည်း ရွတ်၊ စိတ်ကိုလည်း ညွတ်စေပြီးလျှင် ထိုအရှင်မြတ်များ၏သွားလမ်းကိုဖြောင့်တန်းစွာလိုက်နေသော၊ လိုက်မည်ဟု ကြိုးစား၍နေသော အရိယာလောင်း ပုထုဇဉ် ရဟန်းကောင်း သာမဏေကောင်းများစွာတို့ကို အကြောင်းအားလျော်စွာ ထိုက်တန်သလောက်အားပေးချီးမြှောက်နေကြသောသူတော်စင်တို့သည် ယခုလက်ရှိ သာသနာကို အရာရာ အဖက်ဖက်က နက်နက်နဲနဲ ဝေခွဲစစ်ဆေးကြဖို့ရန် တသီးတခြားတကန့်ကန့်လိုသောကြောင့် ပေထက်အက္ခရာတင်ရာအချိန်အထိ သံဃာ့ရတနာများကို ရှိသေစွာ သိမ်းချုပ်၍ နိဂုံးအုပ်ရာဝယ် သံဃာကိုးကွယ်နည်းကိုလည်း အကျဉ်းမျှ ပြပါဦးမည်။

**သံဃာနှင့်**
**အသင်းကောင်းဥပမာ**

“မည်သည့်ပုဂ္ဂိုလ်”ဟုသီးခြားသတ်မှတ်ခြင်းမရှိဘဲ သံဃာအားလုံး အပေါ်၌ စိတ်ရောက်နိုင်၍ သံဃာကို ကြည်ညိုသူအတွက် ပုဂ္ဂိုလ်တစ်ပါးနှစ်ပါးကစ၍ ရာထောင်များစွာအကြည်ညို

http://www.dhammadownload.com



ပျက်စရာကို တွေ့နေရသော်လည်း သံဃာကြည်ညိုမှုကား မပျက်နိုင်ပါ။ ဘုန်းကြီးတို့ကိုယ်တိုင် သမ္မုတိသံဃာတွင် ပါဝင်နေကြရသော်လည်း အရိယာ သံဃာတော်များကို ရည်စူး၍"သံဃံ သရဏံ ဂစ္ဆာမိ= သံဃာတော်ကို ကိုးကွယ်ပါ၏"ဟူသော သရဏဂုံကို တည်စေရပါသေး သည်။ ဤစကားဖြင့် "သံဃံ သရဏံ ဂစ္ဆာမိ"ဟူသော သရဏဂုံ ၌ "သံဃံ"ဟုဆိုလျှင် အရိယာဖြစ်ပြီးသော သံဃာကိုမှန်းလိုက်ပါ ဟု ဆိုလိုပါသည်။

ထင်ရှားစေပါဦးမည်။ တိုင်းပြည်၏ကောင်းကျိုးကိုလိုလား၍ကြိုးစားနေသော"အသင်းကြီးတစ်သင်း"ရှိနေသည်ဟုဆိုကြပါစို့။ ထိုအသင်း၌ ဦးစီးခေါင်းဆောင်များလည်း လုံးဝအပြစ်ကင်းသူများ ဖြစ်ခဲ့၏။ ထိုအသင်း၏နာမည်ကောင်းမှုကြောင့် အသင်းဝင်တွေ တိုးပွား များပြားလာလေရာ အတော်ကြာသော် အသင်းသားထဲမှ မတရား သူတချို့ ပေါ်လာကြလေ၏။ သို့သော် အသင်းကြီး၏ မူလ ရည်ရွယ်ချက်ကောင်းပုံနှင့် ခေါင်းဆောင်များ ကောင်းပုံတို့ကို ကျနစွာ နားလည်သူတို့က ထိုအသင်းကြီးကို အကြည်ညိုမပျက်ကြသေး။ ထိုအသင်းကို ယုံကြည်ကိုးစား အားထားလျက်ပင် ရှိကြသေး၏။

အတော်ကြာလျှင် မတရားအသင်းသား ကိုယ်ကျိုးရှာသမားတွေ ပေါ်များထင်ရှားလာ၏။ အသင်း၏ ရည်ရွယ်ရင်းကို နားလည်သူတို့က မတရားသူတွေ ကိုယ်ကျိုးရှာသူတွေကို အလွန်ရွံရှာမုန်းတီးသော်လည်း အသင်းကြီးကိုကား အပြစ်မမြင်နိုင်ပေ၊ သာ၍ ကာလကြာသောအခါ အသင်းသားထဲမှ လူကောင်းဆိုလျှင် တစ်ယောက်တလေမျှ ရှာနိုင်မှ ရတော့မည်။ ထိုမျှလောက်အသင်းသားတွေ ယုတ်မာနေသော်လည်းအသင်းကြီး၏ရည်ရွယ်ရင်းကိုနားလည်သူအတွက်မှာ အသင်းကြီးကို အကြည်ညို မပျက်ရက်ချေ။

http://www.dhammadownload.com



**သံဃာတော်များ စိတ်တန်းကြွ**

တချို့ စာသင်တိုက်၌ တစ်ရံတစ်ခါ သံဃာကုန် လှူဒါန်းဖွယ်ရှိ၍စိတ်တန်းကြွသွားသည်ကိုမြင်ဖူးကြပါလိမ့်မည်။ ထိုအခါ မြင်ရသူ လူအများ၏ စိတ်ဝယ် လွန်စွာကြည်ညိုကြမည်မှာ အထူးစဉ်းစားဖွယ်ရာမလိုပါ။ ဘုန်းကြီးကိုယ်တိုင် ငြိမ်သက်စွာကြွတော်မူသော ထိုသံဃာ့ အတန်းကြီးကို ကြည့်၍ ပီတိ သောမနဿ (နှစ်သက်ဝမ်းမြောက်ခြင်း)ဖြစ်ရုံမက ဗုဒ္ဓ၏ လက်ထက်တော်က အရိယာ သံဃာတော် အတန်းကြီးကိုမျှော်မှန်းစိတ်ကူးကာရင်ထဲ၌ဆို့မတတ်ဖြစ်ဖူးပါသည်။ ထိုဆို့ခြင်းလည်း ပီတိပျို့လျက် ဆို့ခြင်းဖြစ်ရကား ကောင်းသောဆို့ခြင်းသာတည်း။ ထိုသို့ ကြည်ညို နှစ်သက်ရာ၌ ပုဂ္ဂိုလ်တစ်ပါးပါးအတွက် နှစ်သက်ခြင်း မဟုတ်ပါ၊ သံဃာအားလုံး အပေါ်မှာ အာရုံရောက်နေသော နှစ်သက်ခြင်းသာဖြစ်ပါသည်။

တိုက်တွန်းချက်။ ။ ယခုကာလ "သံဃိက ဆွမ်းလောင်း၊ သံဃာအကုန်ဆွမ်းကပ်" စသောကိစ္စများ၌ သံဃာ့အပေါ်မှာ စိတ်အာရုံရောက်အောင် သတိပြုသင့်ကြပါသည်။ သံဃာတော်များကလည်း အလှူရှင်များ၏ သဒ္ဓါတရားကို စောင့်ရှောက်သောအားဖြင့် သံဃာ့အစည်းအရုံးကိစ္စဟူသမျှဝယ် အထူးဂရုပြုရသင့်ကြပါသည်။

**သံဃာမှန်း၍ လှူဒါန်း**

ပြခဲ့သော အစီအစဉ်ဖြင့်သံဃာ့အပေါ်၌စိတ်အာရုံရောက်နိုင်ကြပါမူ တစ်ကျပ်တန်ပစ္စည်း ပင် ဖြစ်သော်လည်း သံဃိကဒါန ဖြစ်နိုင်၏။ သံဃာကို အမှန်ကြည်ညိုသူတို့ကလည်း လှူစရာရှိလျှင် သံဃာကိုရည်မှန်း၍ လှူဒါန်းမည်သာတည်း။ ထင်ရှားစေအံ့၊ ပြခဲ့သော အသင်းကြီးကို ရည်မှန်း၍ ငွေတစ်ကျပ်လှူဒါန်းရာ၌ ထိုငွေတစ်ကျပ်သည် အသင်းကိစ္စနှင့် စပ်ဆိုင်ရာ၌သာ သုံးစွဲခွင့်ရ၏။ အသင်းဝင်တစ်ယောက်၏ ကိုယ်ရေးကိုယ်တာအတွက်သုံးစွဲခွင့်မရ၊ထိုသို့သုံးစွဲခွင့်မရဘဲအချောင်

http://www.dhammadownload.com



သုံးစွဲလျှင် ထိုငွေတစ်ကျပ်ကို အသင်းမှ ခိုးယူသုံးစွဲရာရောက်သဖြင့် ထိုသူ့အတွက် အပင်းဖြစ်ရတော့သကဲ့သို့ ထို့အတူ သံဃိကလှူဒါန်းအပ်သော တစ်ကျပ်တန်ပစ္စည်းသည် သံဃာတော်အားလုံးနှင့်ဆိုင်၍ သာသနာရေး၌သာ သုံးခွင့်ရ၏။ သာသနာရေးမဟုတ်သော ကိစ္စ၌ သုံးစွဲမိလျှင် ထိုသူ့အတွက် အပင်းထက်ပင် အပြစ်များသေး၏။

**ဗုဒ္ဓရှင်တော် သံဃာကိုညွှန်းပုံ**

မိထွေးတော်ဂေါတမီသည်ဗုဒ္ဓရှင်တော်ကိုသင်္ကန်းလှူလို၍ ယက်ကန်းသည်တော်များကို သီးခြားအမိန့်ပေးကာ တစ်ခါ တစ်ခါလည်း ကိုယ်တိုင်ဝင်၍ မိမိ၏လက်ဖြင့် ပြုရာရောက်အောင် ယက်ကန်းလက်ခတ်ကို ဆွဲကိုင်၍ရက်သေး၏။ ထိုသင်္ကန်းပြီး၍ဗုဒ္ဓအားအလှူလာသောအခါ ဗုဒ္ဓရှင်တော်သည် "သံဃေ ဂေါတမိ ဒေဟိ၊ သံဃေ တေဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစ=ဂေါတမီ၊သံဃာအားလှူလိုက်လော့၊ သံဃာအားလှူလျှင် ငါ့အားလည်းပူဇော်ရာရောက်လိမ့်မည်" ဟုမိန့်တော်မူသည်။

**ဒုဿီလလည်း သံဃာ**

အာနန္ဒာ၊ အနာဂတ်ကာလ၌ ရဟန်းတို့၏အနွယ်ကို ဖျက်ဆီးတတ်သင်္ကန်းကိုလည်ပင်းပတ်ရုံသာ ပတ်ထားကုန်သောဒုဿီလရဟန်းတို့ဖြစ်ပေါ်ကြလိမ့်မည်။ ထိုဒုဿီလတို့၌ လှူသောအခါ သံဃာကိုမှန်း၍ လှူဒါန်းနိုင်ပါမူ မရေမတွက်နိုင်အောင် အကျိုးပေးနိုင်၏ဟု ငါဘုရားဟောတော်မူသည်။ [ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်]

**သံဃာကို ကိုးကွယ်ပုံ**

မိမိဒါနကို သံဃာအားလုံး ရောက်အောင် စိတ်ထားခြင်းသည် သံဃာကို အားကိုးခြင်းဖြစ်၏။ မကျန်း မမာခြင်းစသော ဒုက္ခ ရောက်သောအခါ သံဃာ အားလုံး၏တရားတော်ကိုနာခြင်းသည် ထိုဒုက္ခကို သံဃာဖြင့် ကွယ်ခြင်းမည်၏။ ထိုကဲ့သို့ သံဃာ့အပေါ် စိတ်မရောက်နိုင်သော

http://www.dhammadownload.com



အလှူဒါနပြုရာအခါ ရှိသေရာအခါတို့၌ကား ထိုပုဂ္ဂိုလ်၏ သီလ, သမာဓိ, ပညာဂုဏ်ကို အာရုံပြု၍ ရှိသေသင့် လှူဒါန်းသင့်ပါသည်။ ဒုက္ခမကြုံမီ ထိုပုဂ္ဂိုလ်ကိုအားကိုး၍ ဒုက္ခကြုံလာလျှင် ထိုပုဂ္ဂိုလ်၏ တရားကိုလိုက်နာသောအားဖြင့်ထိုဒုက္ခကိုကာကွယ်သင့်ကြပေသည်။ ထိုသို့ အားကိုးရာမရသော ပုဂ္ဂိုလ်များကိုကား သံဃာကိုရည်မှန်း၍ လှူဒါန်းကိုးကွယ်ခြင်းသာလျှင်အပြစ်ကင်း၍ထိုက်သင့်သောအကျိုး ကို ရစေနိုင်ပေလိမ့်မည်။ အချုပ်မှာ–သီလ စသော ဂုဏ်မရှိဘဲ ကိုး ကွယ်ခြင်းသည် သရဏဂုံနှင့်ဆိုင်သော ကိုးကွယ်ခြင်းမဟုတ်၊ သီလ စသောဂုဏ်ကို အကြောင်းပြု၍ ကိုးကွယ်မှ သရဏဂုံနှင့်ဆိုင်သော ကိုးကွယ်ခြင်းဟု မှတ်ပါ။

**သံဃရတနာခန်းပြီး၏။**

http://www.dhammadownload.com

# မြန်မာပြည်သာသနာ

**သထုံနှင့် ပုဂံ**

သထုံပြည်၌ စစ်မှန်သော သာသနာရောက်သည်မှာ ပုဂံပြည်ထက်နှစ်ပေါင်းများစွာ အလျင်ကျသည်ဟု မှတ်ရပေမည်။ အရှင် မောဂ္ဂလိပုတ္တတိဿထေရ် ကိုးတိုင်းကိုး႒ာနသို့ သာသနာပြု လွှတ်စဉ်ကပင် "သုဝဏ္ဏဘူမိ" ဟုထင်ရှားသော ထိုအချိန်မှာ သမုဒ္ဒရာနှင့်လည်း နီးကပ်နေသော သထုံပြည်နေရာဟောင်းသို့ သာသနာပြု လွှတ်တော်မူသည်ဟု ယူဆကြ၏။ မည်သို့ပင်ယူဆသည်ဖြစ်စေ ပုဂံပြည်ထက် သာသနာအစစ်အမှန်အလျင်ရောက်နေသည်ကား သေချာလောက်ပေသည်။ ဘာကြောင့်နည်း၊အရှင်အရဟံ၏အမိန့်တော်အရသထုံပြည်သို့ပိဋကတ်အတောင်းလွှတ်ရသဖြင့် ပုဂံပြည်၌သာသနာအစစ်အမှန်စ,တည်ချိန်ဝယ် သထုံပြည်၌စာနှင့်ပေနှင့်ကျကျနနသာသနာတည်ပြီးဖြစ်သောကြောင့်တည်း။ ထိုသို့သထုံပြည်၌ သာသနာမှန်တည်ရှိစဉ် ပုဂံပြည်၌အရည်းကြီးဟုထင်ရှားသော ရဟန်းတု ရဟန်းယောင်များသည် လက်ထပ်ခါနီးသတို့သမီးကို သူတို့ထံသို့ တစ်ညလုံး ပန်းဦးဆက်ရန် ပို့ရလောက်အောင် သောင်းကျန်းညစ်ညမ်းလျက်ရှိကြလေသည်။

**သာသနာကို အထင်းမြူပြင်မှု**

လောက၌ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်အောင် ဘုန်းသမ္ဘာ ရှိနေသူသည် စဉ်းစားဉာဏ် လည်း မနည်းတတ်ချေ။ အနော်ရထာကား ထူးခြားသော ဘုန်းသမ္ဘာရှင်တည်း။ ထို့ကြောင့် စဉ်းစားဉာဏ်လည်း ကြီးမားရပေသည်။ ထိုသို့ စဉ်းစားဉာဏ် ကြီးသည့်အတွက် အရည်းကြီးဆိုသူတို့၏ နေထိုင်ကျင့်ကြံပုံကို မကျေနပ်နိုင်ချေ။ သို့ရာတွင်မင်းကျင့်တရား၌ "အဝိရောဓနေ=တိုင်းသူပြည်သားတို့နှင့် မဆန့်ကျင်ရခြင်း"

http://www.dhammadownload.com



ပါသောကြောင့်အများနှင့်မဆန့်ကျင်ဘဲသာသနာပြုနိုင်မည့်အချိန်အခါကို စောင့်မျှော်နေစဉ် သထုံပြည်မှ "အရှင်မဟာဒဿီ"ကြွတော်မူလာသဖြင့်"အရှင်အရဟံ"ဟုထင်ရှားသော ထိုရဟန်းတော်ကို မင်းတရားကိုယ်တိုင် အလွန်ကြည်ညိုကျေနပ်ရကား–

ရှေ့ဆောင် နွားလား၊ အဖြောင့်သွားမူ၊

နောက်နွားတသိုက်၊ အဖြောင့်လိုက်၏–

ဟုဆိုသည့်အတိုင်းမျိုးကြီးမတ်ကြီးမှစ၍တိုင်းသူပြည်သားအများပင် ကြည်ညိုကျေနပ်လာသောအခါ သထုံပြည်မှ ဆရာတော်သံဃာတော်အများလည်း နောက်ထပ်ရောက်လာသောကြောင့် "သာသနာပြုချိန်တန်ပြီ" ဟုယူဆ၍ နဂိုက အောင့်သက်သက်ဖြင့် လက်ခံခဲ့ရသော အရည်းကြီးတစ်စုကို သက်နှ်းအတင်းချွတ်၍ လူဝတ်လဲစေလေသည်။

**ပရိယတ်နှင့် ပဋိပတ်**

စာပေသင်ယူ ပို့ချ ရေးသား ဟောပြောမှုများကို "ပရိယတ္တိ သာသနာ" ဟုခေါ်၍ ဝိနည်းတော်နှင့်အညီ ကျင့်ကြံနေထိုင်မှုမှစ၍ကမ္မဋ္ဌာန်းအားထုတ်မှုကို "ပဋိပတ္တိသာသနာ"ဟုခေါ်၏။ မြန်မာပြည်သို့ ပိဋကတ်ကျမ်းများရောက်လာသောအခါပါဠိဘာသာဖြစ်သောထိုပိဋကတ်တော်များကို နားလည်ဖို့ရာမှာ လွယ်ကူသောကိစ္စ မဟုတ်ချေ။ ထို့ကြောင့် ထိုစဉ်အခါဝယ် အရှင်အရဟံစသော အရှင်သူမြတ်တို့ အကူအညီဖြင့်လည်းကောင်း၊ အိန္ဒိယမှဆက်သွယ်၍ သက္ကတတတ်သော ဗြာဟ္မဏလူမျိုးတို့၏ အကူအညီဖြင့်လည်းကောင်း၊ ပိဋကတ်တော်များကို နားလည်အောင် အလွန်အမင်း ကြိုးစားရလိမ့်မည်။ ထို့ကြောင့် ပါဠိနှင့်မြန်မာ ၂ ဘာသာယှဉ်ပြထားသောနိဿယများသည် ထိုခေတ်ကပင် စ,တင်ခဲ့ဟန်တူပေသည်။

ထိုမျှလောက် ကြိုးစားပါသော်လည်း အသုံးအနှုန်း လွန်စွာ

http://www.dhammadownload.com



ကွဲပြားသောကြောင့် ပါဠိဘာသာကို မိရိုးဖလာဘာသာကဲ့သို့ နိုင်နိုင်နင်းနင်း တတ်မြောက်သူကား တစ်ထောင်မှတစ်ပါးဆိုသလိုရှာမှရှားဖြစ်ခဲ့ပေလိမ့်မည်။ သို့ရာတွင် ထိုပုဂံခေတ်၌ပင် "သဒ္ဒနီတိ" စသောသဒ္ဒါကျမ်းများကို ရေးသားနိုင်ကြသဖြင့်ထိုဆရာတော်များ၏ဉာဏ်၊ ဝီရိယများမှာ အားရဖွယ်ကောင်းပါပေသည်။ ဆိုလိုရင်းမှာ ထိုပုဂံခေတ်မှစ၍ ပိဋကတ်တော်များကို နားလည်ရေးမှာ အထူးမကြိုးစားလျှင် မဖြစ်နိုင်သောကြောင့် မြန်မာပြည်ဝယ် ပရိယတ်၌သာ ဉာဏ်၊ ဝီရိယ အစိုက်များ၍ ပဋိပတ်ဘက်မှာမူ ဝိနည်းတော်အရ ကျင့်မှုမှတိုး၍ အားကြိုးမာန်တက် ကျင့်သူကား နည်းပါးခဲ့လိမ့်မည်ဟု ဆိုလိုပါသည်။

**လူများ၏ သဒ္ဓါ** ထိုသို့ သာသနာသစ်ကို စ၍တည်ထောင်ပြီးသောအခါ ပုဂံပြည်၌မင်းနှင့်တကွ တိုင်းသူပြည်သားတို့က သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏အပေါ်ဝယ်လွန်စွာသဒ္ဓါတရားတိုးပွားကြသည့်ပြင် ကိုယ်မင်းကိုယ့်ချင်းဖြစ်၍ သာယာဝပြောသောကြောင့် ထိုအခါမှစ၍ မြန်မာနိုင်ငံ၏ဘာသာရေးဝယ်ပညာဖြင့် နစ်နစ်ကာကာ စဉ်းစားဆင်ခြင်မှုထက် သဒ္ဓါကိုအရင်းပြုကာ သူ့ထက်ငါ သာလွန်အောင် ဒါနမှုတွေ လွှမ်းမိုးလာဟန်တူပြန်သည်။ မှန်၏၊ "သမ္မာဒိဋ္ဌိကို(အယူမှန်၊ ဉာဏ်မှန်ကို) အမှီပြု၍ ဗုဒ္ဓရှင်တော်ကို ပန်းဆီမီးဖြင့် ပူဇော်မှု၊ ကြီးကျယ်စွာ တရားပွဲပြုမှု၊ စေတီမတည်ရသေးသောနေရာ၌ စေတီ တည်မှုစသော ကောင်းမှုများကိုပြု၏"ဟု (မဟာဝဂ္ဂ၊ မဂ္ဂသံယုတ်၊ ဝိဟာရဝဂ်)၌ဆို၏။ သို့ပါလျက်သဒ္ဓါလွန်ကဲမှုကြောင့် စေတီတည်ပြီးသောအရပ်ဝယ် ထပ်ကာ ထပ်ကာ တည်ထားအပ်သော စေတီတော်များသည် ပုဂံပြည်၌ပင် "လှည်း ဝင်ရိုးသံ၊ တည်ညံ၊ ပုဂံဘုရားပေါင်း= ၄ သန်း ၄ သိန်း ၆ သောင်း ၆ ထောင် ၇ ရာ ၃ ဆယ် ၃ ဆူ"အထိ များပြားခဲ့သတတ်။

http://www.dhammadownload.com



**ပရိယတ်နှင့်သဒ္ဓါ ခွန်တွဲလာပုံ**

ပြခဲ့သော မှန်းဆချက်အရ မြန်မာနိုင်ငံသာသနာတော်သစ်ကိုတည်ကြရာ၌ရဟန်းတော်များသည် ပရိယတ်ကြိုးစားမှုကိစ္စဝယ် မျိုးစေ့ချခဲ့ကြလေရာ ထိုမျိုးစေ့ကိုပင် မင်းနှင့်တကွ ဒကာဒကာမတို့က ဒါနတည်းဟူသော ရေစင်လောင်း၍ ကောင်းမွန်သောအပင်များ စည်ကားကြီးမြင့်အောင် ပြုစုပျိုးထောင်ခဲ့ကြသောကြောင့် ပုဂံခေတ်မှဆင်းသက်၍ ယခု လက်ထက်တိုင် ပရိယတ်သာသနာတည်းဟူသော ပင်စည်ခက်မတို့ဖြင့် တက်ကြွစည်ပင်နေသော သစ်ပင်ကြီးများကို တွေ့မြင်နေရပေသည်။ ထို့ကြောင့် "ယခုအခါသာသနာရေး ဆိုင်ရာဝယ် စာပေအလုပ်နှင့် ဒါနအလုပ်များ ကြီးကျယ်ထင်ရှားသလောက် ရဟန်းတော်များ၏ နယ်ပယ်မှာ ပဋိပတ်ကျင့်မှုကိစ္စနှင့် လူဝတ်ကြောင်များဘက်၌ သုစရိုက် ၁၀ ပါးလောက်မျှပင် ဖြူစင်မှုကိစ္စတို့ မကြီးကျယ် မထင်ရှားလှ"ဟု ဆိုလိုပါသည်။

## အခင်းဝစ္စတော်သာသနာ

[စတုတ္ထအဝမြို့တည် မင်းတရား၏ညီတော်လက်ထက်၌ဝိနည်းသာသဘာထေရ်စီရင်၍ ကောဇာသက္ကရာဇ် ထောင့်တစ်ရာ့ကိုးဆယ်ကိုးခု၊ သာသနာ သက္ကရာဇ် ၁၃၈၁ ခုနှစ်၌ ပြီးစီးသော သီလဝိသောဓနီကျမ်းမှ ထုတ်နုတ်ဖော်ပြချက်။]

**အမတ်စည်းစိမ်ထက် ရဟန်းအဖြစ်သာပုံ**

မြောက်နန်းကျောင်း ဆရာတော်သည် မှူးမတ်မျိုးမှ ထွက်၍ ရဟန်းပြုခဲ့၏။ အခါတစ်ပါး၌ အမတ်များက "အရှင်ဘုရားသည် တပည့်တော်တို့လို လူဝတ်ကြောင်ဘဝဖြင့်နေပါလျှင် အမတ်စည်းစိမ်ကိုရလောက်ပါကြောင်း" လျှောက်ကြလေသော်"သင်

http://www.dhammadownload.com



တို့ အမတ်စည်းစိမ်သည် ရေအိမ်ထက်၌ ငါပွားများအပ်သော အသုဘ သညာ၏ တစ်စိတ်လောက်ကိုမျှ မီနိုင်မည်လော”ဟု ပြန်၍ မိန့်တော်မူလေသည်။

မိန့်လိုရင်းကား– ကျင်ငယ်စွန့်အိမ်ကို“ရေအိမ်”ဟုခေါ်၏။ ထိုရေအိမ်၌ထိုင်စဉ် ပိုးလောက်ကလေးများကိုမြင်၍ “ဤခန္ဓာကိုယ်မှထွက်သော ကျင်ငယ်ရေများသည် ပိုးလောက်တို့၏ ဖြစ်ပွားရာ ရွံ့ရှာဖွယ်ဖြစ်သကဲ့သို့ ဤခန္ဓာကိုယ်၌ ရွံ့ရှာဖွယ်တွေ များလှချေတကားဟု ခန္ဓာကိုယ်၏အသုဘ(မတင့်တယ်ပုံ)အခြင်းအရာကို ဆင်ခြင်ရသော ကုသိုလ်၏တစ်စိတ်တစ်ဖို့လောက်မျှ သင်တို့၏ အမတ်စည်းစိမ် အဖိုးမတန်။ ထို့ကြောင့် ငါရနိုင်သော အမတ်စည်းစိမ်ကို ငါမတောင့်တ”ဟု မိန့်လိုရင်းဖြစ်သည်။ [ဤစကားဖြင့်“ထိုခေတ်က သာသနာတော်ရေးသည် အရှိန်မသေးရကား မှူးမတ်မျိုးပင် သာသနာတော်ဝင်၍ တာဝန်ကိုထမ်းတော်မူကြကြောင်း ထင်ရှားပေသည်။]

**ကြိုးစွံ့သော မင်းရွာဆရာတော်**

မင်းရွာဆရာတော်ကား ဆွမ်းဘုဉ်းပေးသောအခါ မျက်စိမှိတ်၍ နှိုက်မိရာ ဟင်းကိုသာ ဘုဉ်းပေးတော်မူ၏။ ကောင်းနိုးရာကိုရွေး၍ ဘုဉ်းပေးတော်မမူ။ ဆွမ်းကိစ္စပြီးလျှင် လက်မသည်းခွံမျှလောက် လက်ဖက်ကို ဘုဉ်းပေးတော်မူ၏။ ထို့နောက် ကွမ်း ၂ ယာဘုဉ်းပေးပြီးလျှင် နှုတ်ခမ်း ပါးစပ်များကိုဆေး၍ ထိုနေ့အဖို့၌ စားသောက်ဖွယ်များကို နောက်ထပ် ဘုဉ်းပေးတော်မမူ။ (ဧကာသနိက်ဓုတင် အမြဲ ဆောက်တည် တော်မူဟန်တူ၏။) သူတစ်ပါးကို မည်သည့်အခါမျှ ကဲ့ရဲ့လေ့မရှိ။ မိမိအနား၌ ကဲ့ရဲ့စကားပြောလာလျှင် ထိုစကားကို ထောက်ခံပြောဆိုမှုမပြုဘဲ ဆိတ်ဆိတ်နေတော်မူလေ့ရှိသည်။

http://www.dhammadownload.com



**ဆေးပေး သစ်သီးပေး ရှောင်ကြဉ်ပုံ**

အရှင်ဝရဓမ္မဆရာတော်အထံသို့ကျောင်းအမကိုယ်တိုင် လာ၍ ဆေးတောင်းလေရာ"မပေးကောင်းဘူး"ဟုမိန့်တော်မူ၏၊ "ပစ္စည်းလေးပါး ဒါယိကာမဖြစ်ပါသည်"ဟု ထပ်၍လျှောက်တောင်းပြန်ရာ"ပစ္စည်းလေးပါးဒါယိကာမ ဖြစ်လေ မပေးကောင်းလေ"ဟုမိန့်တော်မူ၏။ နံမော်ဆရာတော်၏ ကျောင်းဒကာသမီးသည် ကန်ကြီးပုဂ္ဂိုလ်ထံ ဆွမ်းပို့သွား၏။ ထိုပုဂ္ဂိုလ်က ငှက်ပျောသီးနှင့်မုန့်ကို လက်ဆောင်ပြန်ပေးလိုက်၏။ အိမ်ရောက်၍ ကျောင်းဒကာကြီးသိသောအခါ "ငါတို့ဆရာတော်နှင့်မတူ"ဟု ဆို၍ နောက်ထပ်ဆွမ်းမပို့စေဘဲ ဘုန်းကြီးပေးလိုက်သော ငှက်ပျောသီးနှင့်မုန့်များကိုစွန့်ပစ်စေသည်။ [ဤစကားဖြင့် "ဝိနည်းကို ကျောင်းဒကာ ကျောင်းအမ စသူတို့ နားလည်လေ ကောင်းလေ"ဟုပြ၏။]

**ဗေဒင်မဟောသော ဆရာတော်**

မင်္ဂလာ ဘုံကျော် ဆရာတော်ထံ ဝန်ကတော်ကိုယ်တိုင် လှူဖွယ်လက်ဆောင်များစွာဖြင့်လာ၍ ဝန်ကြီးဇာတာကိုဗေဒင်မေးလေရာ"ဗေဒင်မဟောကောင်းဘူး"ဟု မိန့်တော်မူသည်။ ဝန်ကတော် ပြန်သွားသောအခါ လှူဖွယ်များကို စွန့်ပစ်စေ၍ ဝန်ကတော်ကိုခေါ်ဆောင်လာသော "ငနီ" ကိုလည်း လွန်စွာ ငေါက်ငန်းတော်မူလေသည်။ အရှင်အဂ္ဂဓမ္မဆရာတော်ကား ဆေးကုသောဘုန်းကြီးက လှူလာသော ပစ္စည်းများကို အကုန်စွန့်ပစ်၍ ထိုပုဂ္ဂိုလ်ထိုင်သောနေရာထိုင်ကိုပင်ရေဆေးခိုင်းတော်မူသတဲ့။ [ဤစကားဖြင့် အင်းဝခေတ်က ဆရာတော်များသည် ဝိနည်းတော်နှင့်အညီ အတော်ကျစ်လျစ်စွာ ကျင့်တော်မူကြကြောင်း ထင်ရှား၏။ ဝိနည်းတော်အလိုအားဖြင့် ဗေဒင်ဟော ဆေးကု၍ လှူအပ်သော ပစ္စည်းသည် ထိုပုဂ္ဂိုလ်သာမက ရဟန်းသာမဏေဟူသမျှ မသုံးကောင်းချေ။]

http://www.dhammadownload.com



**သာလွန်မင်းနှင့် ဆရာတော် ၂ ပါး**

သာလွန်မင်းတရားကို သားတော် ရှင်တရုတ်က လုပ်ကြံသောအခါ လေးထပ်ကျောင်းသို့ မင်းကြီး ပြေးလာ၍ လိုက်လာသူကို တောင်ဝှေးဆွဲ၍ ဆီး တားပေးပါ”ဟုမင်းတရားကလျှောက်လေရာ“ငါ ရဟန်းဖြစ်သည်”ဟု ဆိုကာ ဆီးတားမပေးဘဲ စံကျောင်းဆရာတော်ကဆီးတားလေသည်။ အရေးတော်ပြီးသောအခါမင်းတရားကြီးက“လေးထပ်ဆရာတော်သည် ရဟန်းပီသပါပေ၏။ စံကျောင်းဆရာတော်လည်း စစ်သူကြီး ပီသပါ ပေ၏”ဟုဆိုသတတ်။ နောင်ခါ သမီးတော်လက်ထပ်ပွဲ၌ လေးထပ် ဆရာတော်နှင့် တပည့်သံဃာအပေါင်းကိုသာ (သံဃာပီသသည့် အတွက်) ပင့်၍ ရန်သူကိုစစ်သူကြီးကဲ့သို့ ကာကွယ်သော စံကျောင်း ဆရာတော်မှာအပင့်မခံရပေ။[“စံကျောင်းဆရာတော်”ဟူရာ၌မန္တလေး စံကျောင်း မဟုတ်ပါ။]

**အလောင်းမင်း၏ ဆရာတော်များ**

သာလွန်မင်းတရားကြီးစကားမျိုးကို အလောင်း မင်းတရားလည်း ဆိုခဲ့ဖူး၏။ အတုလဆရာတော် သည် ကျမ်းဂန်ကို သင့်ရုံသာ တတ်၏။နှုတ်ပြော ကောင်းလှ၏။ အလောင်းမင်းတရားကြီး တိုင်းပြည်ကို တည်ထောင် ရာဝယ် တိုင်ပင်ဖော် တိုင်ပင်ဖက်ဆရာ ဖြစ်၏။ ပလိုင်းဆရာတော်၊ ကြက်သွန်ခင်းဆရာတော်၊ စရစ်ဆရာတော်တို့ကား ကျမ်းဂန် အရာ မှာလည်းတတ်တော်မူကြ၊ ဝိနည်းသိက္ခာပုဒ်တော်ကိုလည်း လေးစား တော်မူကြ၏။ ထို့ကြောင့် အလောင်းမင်းတရားကြီးက “အတုလ ဆရာတော်သည် ပစ္စုပ္ပန်(ယခုဘဝအတွက်)ဆရာဖြစ်၏။ နောက် ဆရာတော် ၃ ပါးကား သံသရာဆရာတော်(သံသရာအတွက် ဟော ပြော စောင့်ရှောက်တော်မူသော ဆရာတော်များဖြစ်သည်)”ဟု ပြော ဆိုလေသည်။ [ဤစကားဖြင့်ရှေးကသာသနာ့ဒါယကာမင်းများသည် အရာဌာနအားလျော်စွာ ကိုးကွယ်ခဲ့ကြကြောင်း၊ ဝိနည်းအရာ၌လည်း

http://www.dhammadownload.com



အထိုက်အလျောက်နားလည်၍ ပုဂ္ဂိုလ်အကောင်းအဆိုးကို ရွေးချယ်တတ်ကြကြောင်း ထင်ရှားပေသည်။]

**ကြောက်၍ တစ်ပါးတည်းနေသော ဆရာတော်**

သာလွန် မင်းတရားကြီး လက်ထက် ဝယ် ဝိနည်း ပါဠိတော် အဋ္ဌကထာ နိဿယများကို "အရှင်ဇမ္ဗုဓဇ"မည်သော ရွှေဥမင်ဆရာတော်နှင့် တောင်ဖီလာ ဆရာတော်တို့ စီရင်တော်မူကြ၏။ အခါတစ်ပါး၌ တောင်ဖီလာဆရာတော်သည် နိဿယချင်းတိုက်ဆိုင်လို၍ ပုခန်း–သာဂရဝက်ကျ ဥမင်၌ တောရကျင့်နေသော ရွှေဥမင်ဆရာတော်အထံသို့ အခြွေအရံ လှူဖွယ်များစွာဖြင့်ကြွလာ၏။အလုပ်အကျွေးဖိုးသူတော်တစ်ယောက်သာရှိသော ရွှေဥမင်ဆရာတော်သည် မင်းဆရာအတွက် ခင်းပေးစရာဘာမျှမရှိသောကြောင့် မိမိသုံးဆွဲနေကျဖြစ်သော ဓမ္မခဏ်(သားရေနယ်)ကိုခါ၍ ခင်းပေးရ လေသတတ်။ ပညာရှိသူတော်ကောင်းကြီး ၂ ပါးတို့ အားရဝမ်းသာ နှုတ်ခွန်းဆက်သပြီးသောအခါ မင်းဆရာတော်က "ပရိသတ် ခြွေရံ နည်းပါးလှပါသည်၊ ကြောက်တော်မမူပါလား"ဟု မေးလျှောက်ရာ "ကြောက်သောကြောင့် ပရိသတ်နည်းနည်းနှင့် နေပါသည်"ဟု ပြန်ပြောလေသည်။

ထိုအခါ "သြော်...ငါကား ပရိသတ်အများနှင့် နေသူဖြစ်၍ သံသရာအရေးကိုတွေးကာ မကြောက်ရာရောက်ချေပေါ့"ဟု သံဝေဂ ဖြစ်တော်မူ၏။ ထို့နောက် နိဿယချင်း တိုက်ဆိုင်ကြည့်ရှုသောအခါ မင်းဆရာနိဿယသည် ကျယ်ဝန်း၍ ရွှေဥမင်နိဿယသည် ကျဉ်းသောကြောင့် "နောင်လာနောင်သားတို့အတွက် အကျဉ်းဖြင့်သာ တော်လောက်ပြီ"ဟု ယူဆ၍ မိမိနိဿယကို စေတီပြင်မှာမီးပူဇော်လေသည်။ ပြန်လာသောအခါ ရခဲသောသတိသံဝေဂကြောင့် နေရင်းဖြစ်သော စစ်ကိုင်း လေးထပ်ကျောင်းတော်ကြီးသို့ မဝင်တော့ဘဲ တောင်

http://www.dhammadownload.com



ဖီလာတောရသို့ကြွ၍ တောထွက်တော်မူပါသတဲ့။ [အလွန်အတုယူဖွယ်ကောင်းသော သူတော်ကောင်းကြီးများ ဖြစ်ကြပါပေသည်။]

**အစမ်းအနားမကြိုက်သော ဆရာတော်**

သာသနာပိုင် စရစ်ဆရာတော် ပျံလွန်တော်မူ၍ တူတော် ဖြစ်သော အရှင်သာပုံ ကို သာသနာပိုင်တင်လေရာ ထိုသာသနာပိုင်သည် ငယ်ရွယ်သူဖြစ်၍ ဂုဏ်ပကာသနလိုလားဟန်တူ၏။ အခါတစ်ပါး၌ဆွမ်းခံဝင်လာသောအခါ သိုင်းကိုင်သူ အခြံ အရံဖြင့် ဝင်သည်ကို ကြက်သွန်ခင်းဆရာတော်ကြီးနှင့်တွေ့၍"ဟဲ့၊သာပုံ၊ ဒီနှင်တံ (တုတ်)လောက်ဖြင့် နင့်ကို ကြောက်မည်တဲ့လား၊ ကြောက်လောက်အောင် အမြောက်ဆောင်၍ ဆွမ်းခံဝင်"ဟု မိန့်တော်မူလေသည်။ ထို သာသနာပိုင်လည်း အရှက်ရ၍ ဝန်ချလေ၏။ မကြာခင် ပျံလွန်တော်မူလေရာ တိလောကဂုရုဆရာတော်ကို သာသနာပိုင်တင်လေသည်။ ဤကြက်သွန်ခင်းဆရာတော်ကား ခမ်းခမ်းနားနား ဟန်ကြီး ပန်ကြီးလုပ်သည်ကို နှစ်သက်တော်မူဟန်မတူ။စရစ်ဆရာတော်တို့၏ ပထမစာတော်ပြန်အခမ်းအနားပွဲကိုလည်း(တစ်ပါးနှင့်တစ်ပါး အပြိုင်အဆိုင် ပြန်ကြရလေသောကြောင့်)"စရစ်၊ နင်တို့ လက်ဖွေ့ပွဲ မပြီးသေးဘူးလား"ဟု မိန့်တော်မူသတတ်။

**ရှေးဆရာတော်များ ကျင့်တော်မူကြပုံ**

နံမော်ဆရာတော် အရှင်သာရမဇ္ဈုသည်ဝိနည်းကို လေးစားတော်မူ၏။ အခါတစ်ပါး၌ ကိုယ်တော်၏ဇာတိ (ဖွားမြင်ရာ)ဖြစ်သော မိတ္ထိလာ-အုတ်ရှစ်ကုန်းသို့ ကြွတော်မူရာ ခရီးပန်းမည်စိုး၍ ရွာက လှည်း အကြိုလာသော်"မသွားနိုင်မှငါပြောမည်"ဟု မိန့်တော်မူ၍ ရွာသို့ရောက်တော်မူသည့်တိုင်အောင် လှည်းစီးတော်မမူ။ [သွားနိုင်သေးလျှင် နွားလှည်း မြင်းလှည်း လူဆွဲယာဉ်(လံချား)အားလုံးပင် မစီးကောင်း၊ မသွားနိုင်လျှင် နွားထီးစသော အထီးတပ်သည့်လှည်းစသည်ကို စီးကောင်း၏]

http://www.dhammadownload.com



ဒုတိယနံ့မော်ဆရာတော် အရှင်ဓမ္မပါလလည်း မိုးမရွာလျှင် မည်သည့်အခါမျှ ထီးဆောင်းတော်မမူ။ မိုးရွာ၍ ဆောင်းခွင့်ကြုံလာလျှင် သူတစ်ပါးကိုမမိုးစေဘဲ ကိုယ်တိုင်ဆောင်းတော်မူ၏။ အသုံးအဆောင်အလှအပ အယဉ်အကျေးများကို သုံးစွဲတော်မမူ။ နေရာခင်းလည်း(ဓမ္မခဏ်ခေါ်)သားရေပိုင်းအပြင်မရှိ။ ညဉ့်အခါ ပါတိမောက် ၂ စောင်၊ အင်္ဂုတ္တရခန္ဓောပမသုတ်၊ ခုဒ္ဒသိက္ခာကို မပြန်ဘဲမအိပ်။ နံနက်အခါလည်း ဘာဝနာပွားမှုမပျက်။ စကားအပြော ကျွမ်းကျင်တော်မူလှ၏။ ကျမ်းဂန်တို့ကိုလည်း ဆရာကောင်းများ၏အထံချည်း သင်ခဲ့ရလေသည်။

သီလဝိသောဓနီကျမ်းပြုဆရာတော်၏ဆရာဖြစ်သောအရှင်အဂ္ဂဓမ္မနှင့် အရှင်သာရဓမ္မတို့လည်း ဝိနည်းကိုရိုသေတော်မူကြ၏။ သက်န်းမရုံ ဖိနပ်မချွတ်ဘဲ မြို့ရွာတွင်းသို့ ဝင်လေ့မရှိကြ၊ ထိုခေတ်က ဆင်တဲဆရာတော်ဘုရားကြီးသည် အော့အန်၍ အနံ့ကို ပယ်ခြင်းငှာ ကွမ်းရွက်တောင်းသည်ကို ထုံး ရှားစေး ကွမ်းသီးအစုံနှင့် ကပ္ပိယက ကပ်သောကြောင့် "နေလွဲပြီး မဟုတ်လော၊ ကွမ်းရွက်ချည်း ပေး" ဟု ခပ်မာမာ မိန့်တော်မူသည်။ ထိုဆရာတော် အစဉ်အဆက်များသည် မိုးမရွာလျှင် ထီးကိုလည်း ဆောင်းတော်မမူကြ။

အရှင်ဝရဓမ္မကား ရသမျှပစ္စည်းကို ကိုယ်ပိုင်ဟု အမှတ်မထား၊ ကိုယ်သုံးလောက်ရုံသာယူ၍ သံဃိကချည်းပြုလုပ်ထား၏။ တောင်လေးလုံးဆရာတော်ကား ရသမျှကို စွန့်လှူဖို့ချည်း သဘောထား၏။ မင်းရွာဆရာတော်နှင့်ဆုံတားဆရာတော်များလည်းထို့အတူပင်တည်း။ မောင်းထောင်ဆရာတော် မဲခီးဆရာတော်များလည်း ဝိနည်းသိက္ခာကိုရိုသေတော်မူကြ၏၊တပည့်တပန်းချီးမြှောက်မှုလည်း အထူးထင်ရှားတော်မူကြပေသည်။ ထိုဆရာတော်ကြီးများသည် နိဿဂ္ဂိယပါစိတ်၌လာသော ရာဇဘောဂ္ဂ သိက္ခာပုဒ်၊ ဇာတရူပ ရဇတ

http://www.dhammadownload.com



သိက္ခာပုဒ်၊ ကယဝိက္ကယ သိက္ခာပုဒ် စသည်တို့ကို အထူးစောင့်ထိန်းတော်မူကြသဖြင့် ရွှေငွေစသော ပစ္စည်းကို မခံယူကြပေ။

အရှင်သာရမေ့ဆရာတော်သည် စာရေးဖို့ရာ ပေရွက်ကို အလိုရှိ၍ မိမိမှာရှိသောဖျင်အဝတ်ဖြင့် ရဟန်းတစ်ပါးကို အလဲခိုင်းရာ ထိုရဟန်းက အဖိုးဆစ်မိသောကြောင့် ရလာသောပေကိုစွန့်ပစ်စေလေသည်။ [ရဟန်းများသည် ကပ္ပိယနှင့်အတူ ဈေးဝယ်သွားသောအခါ ရဟန်းက မဆစ်ရ၊ ကပ္ပိယဘာသာ ဆစ်၍ဝယ်မှ အပ်သည်] ပေဒ္ဓ ရေးဖို့ရန် စာရေးငှားသောအခါလည်း ကိုယ်တိုင်မငှားဘဲ လူကပ္ပိယကိုသာ အငှားခိုင်းတော်မူသည်။

ဤသို့လျှင်အင်းဝခေတ်၌ ပရိယတ်ပဋိပတ် စွယ်စုံပေါက်၍ မုံသောက်ဇာနည် မဟာထေရ်တို့ရှိတော်မူကြခြင်းသည် ထိုခေတ်ဗုဒ္ဓသာဝက ဒကာ ဒကာမတို့အတွက် လျှုဒါန်းသမျှ အကျိုးရဖို့အကြောင်း ကံကောင်းကြပါပေသည်။ ယခုခေတ်၌လည်း ဤကဲ့သို့ပုဂ္ဂိုလ်များ ရှိကြပါသေး၏။ သို့သော် ထိုပုဂ္ဂိုလ်များသည် ရပ်ရွာနယ်ပယ် အနည်းငယ်လူများ၏ ကိုးကွယ်ရာအဖြစ်ဖြင့် အေးအေးသီတင်းသုံးတော်မူကြပါပေသည်။

**အကောင်းရှိလျှင် အဆိုးရှိ**

ဆုတ်ကပ်ကာလ၌ အကောင်းအဆိုးဒွန်တွဲ၍ လာခဲ့ရသည်မှာ ထုံးစံဓမ္မတာကဲ့သို့ ဖြစ်နေ၏။ ထို့ကြောင့် အကျင့်ကောင်းသော ပုဂ္ဂိုလ်များထင်ရှားနေသည့်အခါ မကောင်းသောပုဂ္ဂိုလ်များလည်း တစ်ထောင့်တစ်နားက ထွန်းကားနေကြဦးမည်သာ။

သို့ဖြစ်ရကား ဝိနည်းပညတ်တော်၌ "ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ် ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ" ဟူသည်နှင့်အညီ–

၁။ ရဟန်းဝါ ဆယ်ဝါ ရပြီးခြင်း၊

http://www.dhammadownload.com



၂။ "ဥဘတောဝိဘင်း"ဟုခေါ်သော ပါတိမောက် အကျယ် အဖွင့်ကို နားလည်ခြင်း၊

၃။ ကံကြီးကံငယ် ပြုထုံးကိုနားလည်ခြင်း၊

၄။ မဟာဝဂ္ဂ စူဠဝဂ္ဂခန္ဓကဋ္ဌလာသော သိက္ခာပုဒ်များကို နားလည်ခြင်း၊

၅။ နာမ်ရုပ်တရားတို့ကို နားလည်း၍ ဟောပြနိုင်ခြင်း။

ဤသို့ ကျောင်းထိုင်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါ အရည်အချင်း ငါးပါးတို့ကို အတင်းအကြပ်သတ်မှတ်ထားပါလျက် တစ်ဝါနှစ်ဝါ ရနှင့်ကျောင်းထိုင်ကြ၊ တပည့်တပန်းရဟန်းသာမဏေများကိုမွေးကာ ဆရာလုပ်နေကြ၊ တချို့လည်း ဆောင်းလရောက်လျှင် စားသောက် ပွဲခံ၍ ပကာတတ်တဲကို အလယ်မှာထားလျက် ဝတ်ပေါင်းကိုယ်စီနှင့် လူသိသူသိဝတ်စောင့်ကြလေသည်။ ထိုသို့ဝတ်စောင့်နည်းကို "ပွဲ ကျောင်းပုဂ္ဂိုလ်တို့၏အလေ့"ဟု မဲခီးဆရာတော်မိန့်တော်မူသတတ်။

**ဝက်သုံးကောင်**

ရှေးက ပွဲကျောင်းဂိုဏ်းဟု တစ်ဂိုဏ်းပေါ်ခဲ့ဖူး၏။ ထို ပွဲကျောင်း ဘုန်းတော်ကြီးတို့၏ လက်ထက်၌ ကထိန်ဝက်၊ ဝတ်နေ ဝက်၊ မင်္ဂလာသုတ်ဝက်ဟု ဝက်သုံးမျိုး ထင်ရှား သတဲ့။ ကထိန်ဝက် ဟူသည် ကထိန်သင်္ကန်းလှူဒါန်းသောအခါ၌ ဝက်သားဟင်းဖြင့် ဆွမ်းကပ်ဖို့ရန် ရည်မှန်း၍ အသားတိုးပွားအောင် အထူးမွေးထားအပ်သော ဝက်ကောင်များတည်း။ ဝတ်နေဝက် ဟူ သည်ကား–ဝတ်စောင့်နေသော ရဟန်းတို့အား ကျွေးဖို့ရန်မှန်း၍ မွေး ထားအပ်သော ဝက်ကောင်တည်း။ မင်္ဂလာသုတ်ဝက်ဟူသည်မှာ ကျောင်းထားသော သားကလေး မင်္ဂလာသုတ် တက်လျှင် နုတ်တင်ပြီး နောက် ဆရာရဟန်းကိုလည်း ဆွမ်းလှူဖို့ရန် ရည်မှန်း၍ မွေးထား အပ်သော ဝက်ကောင်များတည်း။ ဤသို့လျှင် ပွဲဂိုဏ်းပုဂ္ဂိုလ်တို့ လက်ထက်၌ ဝက်သုံးကောင် ထင်ရှားခဲ့သတဲ့။

http://www.dhammadownload.com



**မှတ်ချက်။** ။ ဗုဒ္ဓဝိနည်းတော်၌ အသားစားခွင့်ပြုထားသော်လည်း ရဟန်းသံဃာစားဖို့ရည်မှန်း၍ သတ်အပ်သောအသားဟု တစ်နည်းအားဖြင့်သိနေလျှင် ထိုအသားကို မစားကောင်းဟု ပညတ် တော်မူချက်ရှိ၏။ ထို့ကြောင့်ထိုဝက်သားများသည် ထိုရည်ရွယ်ချက်ဖြင့် မွေးထားပြီးလျှင် အချိန်ကျမှသတ်၍ လှူအပ်သောအသားဟု သိသူတိုင်းပင် မစားကောင်းတော့ချေ။ ထို့ပြင်–ဝက်စောင့်ခြင်းအလုပ်သည် အထူးအထွေကျင့်ရသောအလုပ်မဟုတ်။ များသောအားဖြင့် ကာမစိတ်ဓာတ်နှင့် စပ်၍ ခပ်ကြမ်းကြမ်းအာပတ်သင့်ရာ ထိုအာပတ်သည် သာမန်ဒေသနာကြားရုံမျှဖြင့် မပြေပျောက်နိုင်။ ဝက်စောင့်သောအကျင့်ဖြင့် ရဟန်းတော်ခပ်များများကို အသိပေးကာ အရှက်တကွဲဖြေမှ ပြေပျောက်သောအာပတ်ဖြစ်၏၊ထိုအာပတ်တန်းလန်းနှင့်သေလျှင်အပါယ်ရောက်ဖို့သေချာသလောက်ဖြစ်၏။

**ထိုခေတ်က ကမ္မဝါစာရွတ်ပုံ**

ကမ္မဝါစာရွတ်ဖတ်ရာ၌ တချို့ကနွားမ၏ သားငယ်ကို ခေါ်သံကဲ့သို့ရွတ်၍ တချို့ကမူသမုဒ္ဒရာ ရေဝဲစုပ်သံကဲ့သို့ ရွတ်ကြသတဲ့။ထိုရွတ်ဆိုသံမျိုးကို စာတတ်ပေတတ်ဆရာတော်များ နှစ်သက်တော်မူကြဟန်မတူ။ ထို့ကြောင့် မင်းရွာဆရာတော်ကြီးက "မည်သည့်အက္ခရာမဆို သူ့ဆိုင်ရာဌာန်သို့ရောက်လျှင်ပီ၏။ ဆိုင်ရာ ဌာန်သို့ မရောက်လျှင်မပီ၊ မအော်ဟစ်လွန်းရ။ ဟစ်အော်မှပီသည် မဟုတ်။ နှစ်မတြာ ရွတ်အပ်သောအက္ခရာ တစ်မတြာရွတ်အပ်သော အက္ခရာ မတြာခွဲရွတ်အပ်သော အက္ခရာ တို့ကိုသာမှတ်၍ရွတ်"ဟု မိန့်တော်မူသတဲ့။

ကမ္မဝါစာကို "ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး"ခေါ် ရွတ်နည်းဆယ်မျိုးကို ကျကျနန နားလည်သူမှ ရွတ်ကောင်း၏။ နဂိုကနားလည်သူပင်ဖြစ်သော်လည်းသတိမထားလျှင်မှားတတ်သေး၏။ နဂိုကပင်နားမလည်သူကား သတိထားသော်လည်း မှားမည်သာ။ ထို့ကြောင့် ရဟန်းခံ၊ သိမ်သမုတ်၊ သရဏဂုံပေးကိစ္စများ၌ သာမန်ပုဂ္ဂိုလ်တို့ ကံ၊ အထ

http://www.dhammadownload.com



မြောက်အောင် ရှက်ဆောင်နိုင်ဖို့ မလွယ်ကူကြောင်းကို သီလဝိသော ဓနိကျမ်း၌ သတိပေးထားလေသည်။

**အနှစ်တစ်ရာကျော်က သာသနာရေးကို ပြသသော သီလဝိသောဓနိကျမ်းမှ ထုတ်နုတ်ဖော်ပြချက် ပြီး၏။**

## မင်းတုန်းမင်း၏သာသနာပြုအမိန့်တော်

[အချို့ကိုသာ ကောက်နုတ်ဖော်ပြပါသည်။]

ငါဘုရားဇိမင်းမြတ်သည် ကိုယ်ကျိုးကိုငဲ့၍ မင်းအဖြစ်ကို ယူတော်မူသည်မဟုတ်။ သီရိဓမ္မာသောကမင်းအစရှိသော သာသနာပြု မင်းတို့ကဲ့သို့ သာသနာတော်ကို ချီးမြှောက်တော်မူလို၍ သာသနာနုဂ္ဂဟ ဓမ္မရာဇအဖြစ်ကိုယူတော်မူသည်။ သာသနာတော်၏တည်ရာ ဝိနည်းတရားတော်ရှိသည့်အတိုင်း ရဟန်းတော်တို့ ကောင်းမွန်စွာ မကျင့်က သာသနာတော်ညှိုးနွမ်းသည်။ တစ်ယောက်သော အလဇ္ဇီသည် အလဇ္ဇီတစ်ထောင်ကိုဖြစ်စေ၍ သာသနာတော်ကို ဖျက်ဆီးနိုင်သည်။ ထိုအလဇ္ဇီတို့၏အကျင့်များကား–

၁။ ရွှေ, ငွေစသည်ကို အလှူခံခြင်း၊ ကိုင်ခြင်း။

၂။ ထိုခံယူထားသော ရွှေ, ငွေတို့ဖြင့် ရောင်းဝယ် လဲလှယ်ခြင်း။

၃။ ရဟန်းအသုံးအဆောင်(သင်္ကန်းစသော)ပရိက္ခရာဖြင့် ခဝါသည်စသူတို့ထံမှ ပစ္စည်းကို(ကျောင်းသားကပ္ပိယကို အလဲမခိုင်းဘဲ)ကိုယ်တိုင်လဲခြင်း။

၄။ လူတို့အား ပန်းပေးခြင်း သစ်သီးပေးခြင်းစသော ကုလဒူသနအမှုကို ပြုခြင်း။

၅။ နှစ်ဆယ့်တစ်ပါးသော အနေသနအမှုကို ပြုခြင်း။ [နောက်၌ သီးခြားပြမည်။]

http://www.dhammadownload.com



၆။ ရဟန်းတို့မသင်အပ်၊ သင်၍ ပေးကောင်းသော ဆင်စီး၊ မြင်းစီး အတတ်စသည်တို့ကိုသင်ခြင်း၊ သင်ပေးခြင်း။

၇။ ရောဂါမရှိဘဲ လှည်း(မြင်းရထားစသည်)ကို စီးခြင်း။

၈။ ရောဂါမရှိဘဲ ဖိနပ်စီး၍ မြို့တွင်းရွာတွင်းဝင်ခြင်း။

၉။ ရဟန်းတို့မစီးအပ်သော အလုံးစုံဖုံးသော ဖိနပ်၊ နီသော အသဲကြိုး၊ မည်းသောအသဲကြိုးတပ်သော ဖိနပ်တို့ကိုစီးခြင်း။

၁၀။ ခွင့်ပြုတော်မူအပ်သော ရောဂါမရှိ၊ သမ္မုတိမရဘဲ မြို့ရွာ၊ မြို့ရွာခေတ်(နယ်)၌ ထီးဆောင်းခြင်း။

၁၁။ ပြောက်ကျားသော သင်္ဘောကော်ဇော(ယခုခေတ် ကော်ဇောအမျိုးမျိုး)တရုတ်ကော်ဇောတို့သည် တရားဟောပလ္လင် ဆွမ်းစား ဇရပ်တို့၌လူတို့ခင်းပေးသော်လည်းကောင်း၊ မြေပြင် ကြမ်း ပေါ်သမံတလင်း ပေါ်စသည်၌)ဘူမတ္ထရဏာပြု၍ ခင်းသော် လည်း ကောင်း ထိုင်ကောင်း လျောင်းကောင်း၏။ (ခုတင်စသည်၌ခင်း၍ အိပ်ခြင်း ထိုင်ခြင်းငှာမအပ်။) သို့ပါလျက် ခုတင်စသည်တို့၌ ခင်း၍ ထိုင်ခြင်းအိပ်ခြင်း။

၁၂။ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကိုပြုလုပ်စေခြင်း၊ ကြည့်ရှုနားထောင်ခြင်း။

၁၃။ လော်လေ့ပြုပြင်၍ ကစားပျော်ရွှင်လိုသောစိတ်ဖြင့် ထိုမှဤမှသွားလာခြင်း။

၁၄။ ယာဝဇီဝိကဖြစ်သော ထိုနေ့အကပ်ခံအပ်သော ကွမ်း ဆေး တို့ကို နေလွဲသောအခါ အနာရောဂါမရှိဘဲ သုံးဆောင်ခြင်း။ [သူ့ကိုစားမှပျောက်မည့်ရောဂါရှိလျှင် အပ်၏။]

ယင်းသို့စသော အလဇ္ဇီဓမ္မတို့ကို လွန်ကျူးကျော်နင်း၍ ကျင့်သူတို့ကို အားပေးအားမြှောက် ပူဇော်လှူဒါန်းသူတို့သည်အလဇ္ဇီ နှင့်ပေါင်းဖက်၍သာသနာတော်ကို ဖျက်ရာရောက်သောကြောင့် ထို

http://www.dhammadownload.com



ပုဂ္ဂိုလ်များကို ရွှေမြို့တော်မှစ၍ အရပ်ရပ် မြို့, ကျေးရွာနေ လူတို့က မလှူဒါန်းကြစေနှင့်။ မြို့ရှင် ရွာရှင်တို့ကနိုင်နင်းအောင်တားမြစ်စေ။ ကိုးကွယ်လှူဒါန်းလိုလျှင် အလဇ္ဇီဓမ္မကိုစွန့်လွှတ်စေ၍ ဝိနည်းကံဖြင့် ကုစားစေပြီးမှ ကိုးကွယ်လှူဒါန်းမြဲ လှူဒါန်းစေ။ သာသနာတော် ဖျက်ဆီးသူတို့ကို အများကြောက်ရွံ့၍ သာသနာတော်ဘေးရန် ကင်းငြိမ်းအောင် တင်းတင်းကြပ်ကြပ် ဝန်တို့ကစီရင်။ထီးရုံနန်းရုံစော်ဘွား မြို့ဝန် မြို့သူကြီးတို့ကို စေ့နှံ့အောင် ပြန်ဆိုမှာထားစေ။ [သက္ကရာဇ် ၁၂၁၇ ခု၊ တပို့တွဲလဆန်း ၁၀ ရက်နေ့ ထုတ်ပြန်အပ်သော အမိန့်တော်။]

## အနေသန ၂၁ ပါး

**မှတ်ချက်။** ။ ရဟန်းသာမဏေတို့နှင့်မအပ်စပ်(မရာကောင်း)သော ပစ္စည်းရှာနည်းတို့ "အနေသန"ဟုခေါ်၏။ ထို့ကြောင့် အောက်ပါ အလုပ်များကိုပြုလုပ်ရာ၌ ဒကာဒကာမတို့က ပြန်၍ လှူချင်အောင်ပြုလုပ်ခြင်းများဟုမှတ်ပါ။

၁။ လူများကိုဆေးကုပေးခြင်း။ [မိဘ၊ ကိုးကွယ်ရာမဲ့ဖြစ်၍ ကျောင်းရောက်လာသူ၊ ကျောင်းတာဝန်ဆောင်နေသော ကပ္ပိယစသူ၊ ရန်မူမည့်မင်း၊ ခိုးသား၊ ဓားပြ၊ သူပုန်၊ ဤသူများကို ဆေးကုပေးကောင်း၏။ အခြားသူများကို ဆေးမကုကောင်း။]

၂။ လူတို့၏ စေတမန်လုပ်ခြင်း။ (လူတို့ကစေလွှတ်သဖြင့် တစ်ရွာမှတစ်ရွာသို့ ခရီးရှည်သွား၍ စာပေးစာယူ စကားပေး စကားယူပြုခြင်း) [ရတနာသုံးပါးနှင့်စပ်သော ကိစ္စမှတစ်ပါး အခြားကိစ္စ၌ မပြုရ။]

၃။ လူတို့၏အစေအခိုင်းခံခြင်း။ [ဟိုနားသည်နားခရီးအတို သွား၍ ယူစရာ ငင်စရာကို ယူပေးဖို့ရန် အစေအခိုင်းခံခြင်း။]

http://www.dhammadownload.com



၄။ အနာကို ဓားနှင့်ခွဲပေးခြင်း။

၅။ ဆေးလိမ်းပေးခြင်း။

၆။ ပျို့အန်ဆေးပေးခြင်း။

၇။ ဝမ်းလျှောဆေးပေးခြင်း။

၈။ နှာဆေးပေးခြင်း။

၉။ မျက်စဉ်းပေးခြင်း။

၁၀။ ဝါးပေးခြင်း။

၁၁။ သစ်ရွက်(အိမ်မိုးဖို့ရာ သက်ငယ်ဓနိစသည်)ပေးခြင်း။

၁၂။ ပန်း။

၁၃။ စားဖွယ်သစ်သီး။

၁၄။ ရေချိုးဆပ်ပြာ။

၁၅။ တံပူ(သွားပွတ်တံ)။

၁၆။ မျက်နှာသစ်ရေ။

၁၇။ မျက်နှာချေမှုန့်(ပေါင်ဒါ)။

၁၈။ မြေညက်ပေးခြင်း။

၁၉။ မိမိကိုယ်ကိုအောက်ချခြင်း။ [စကားပြောသည့်အခါ မိမိကိုယ်ကိုအောက်ချ၍ လူတို့ကိုမြှောက်ပင့်ကာ (ကျုပ်–ခင်ဗျား စသည်ဖြင့် သုံးနှုန်း၍)ပြောခြင်း။]

၂၀။ အနပ်နည်းပါး၍ မနပ်များသော ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး၍ အမှားများသော စကားကိုပြောခြင်း။

၂၁။ ကလေးထိန်းများကဲ့သို့ လူတို့၏ကလေးများကို ချီပွေ့ချော့မြှူခြင်း။

ဤသို့ပြုလုပ်၍ ဒကာ ဒကာမတို့နှင့် အကျွမ်းဝင် အလွမ်းသင့် ဖြစ်စေခြင်းတည်း။ ထိုသို့ပြုလုပ်မှုကြောင့် လျှုလေသမျှ ပစ္စည်းသည် (ကျောင်းတိုက်ကြီးပင်ဖြစ်စေ) ထိုပုဂ္ဂိုလ်လည်းမအပ်၊ အခြား

http://www.dhammadownload.com



ရဟန်းများလည်း မသုံးဆောင်ကောင်း။ ထို့ကြောင့်ဝိနည်းကို အလွန်ဂရုပြုသောပုဂ္ဂိုလ်သည် ယုံမှားဖွယ်ရှိသူတို့၏ ပစ္စည်းများကို မသုံးစွဲကြ၊ ထိုသူ၏ကျောင်းသို့လည်း မသွားလိုကြချေ။

မှတ်ချက်။ ။ ပြခဲ့သော အမိန့်တော်ပြန်တမ်းပါအကြောင်းအရာတို့ကို မင်းတုန်းမင်းတရားကြီး လျှောက်တောင်းပန်ချက်အရ ရှမ်းကလေးကျွန်းဆရာတော်ရေးသားတင်သွင်းရာ"သာသနာပိုင်ဆရာတော်၊ ခင်မကန်ဆရာတော်၊ ဘုံကျော်ဆရာတော်၊ ဗားကရာဆရာတော်၊ ပြည်ဆရာတော်၊ ဆရာတော်ဦးစန္ဒိမာ၊ ထီးလင်းဆရာတော်၊ သင်္ဂဇာ ဆရာတော်" ဤသာသနာပြု သုဓမ္မာဆရာတော်ကြီးများ သဘောတူညီမှုထုတ်ဆင့်အပ်သော အမိန့်တော်ပြန်တမ်းဖြစ်ကြောင်းကို ဓမ္မဝိနယအမိန့်တော်ပြန်တမ်း" နံပါတ် ၁၅–အရ သိရပေသည်။

ထိုသုဓမ္မာဆရာတော်ဘုရားကြီးများ၏ သီးခြားဆင့်ဆိုချက်အမိန့်တော်များလည်းရှိပါသေး၏၊ထိုအမိန့်တော်များတွင်တချို့ကား

၁။ ဆွမ်းကွမ်းလှူဒါန်းသူ အများလူတို့၏ သဒ္ဓါတရားပျက်ပြားအောင်သူတောင်းစားကဲ့သို့တိုးဝှေ့ချဉ်းနင်းအတင်းခံယူခြင်း။

၂။ သာမဏေသာရုပ္ပမရှိ(ရဟန်းတော်များနှင့်မလျော်အောင်) သပိတ်ကို ပခုံးထက်၌ တစောင်းယူသွားခြင်း။

၃။ ကန္တား မဏ္ဍပ် ဇရပ် ဈေးဆိုင်စသည်၌ ခြေ၊ လက်တွဲလဲဖရိုဖရဲထိုင်ကာ ရောက်တတ်ရာရာ (မဂ်ဖိုလ်နှင့်ဖီလာဖြစ်သော) စကားတို့ကိုပြောဆိုခြင်း။

၄။ မြို့တွင်း မြို့ပြင် ရပ်ကွက်များ၌ တရားတွေ့ကြ ငြင်းခုံကြသည်ကို တွေ့မြင်ကြားသိလျှင် လူတို့ကဲ့သို့ဝိုင်းဝန်းကြည့်ရှုခြင်း။

၅။ အပင့်အဖိတ် မရှိဘဲလျက် နန်းတော်အိမ်တော် စသည်များသို့ ဝင်ထွက်သွားလာ၍ အနာမာသ နိဿဂ္ဂိယ(ရွှေငွေ)များကို တောင်းခံရှာမှီးခြင်း။

http://www.dhammadownload.com



၆။ ဒါယကာတို့လှူဒါန်းသည့် ပစ္စည်းဝတ္ထုတို့ကို ဒုပ္ပရိဘောဂ(မကောင်းသောသုံးဆောင်ခြင်းဖြင့်)သုံးစွဲခြင်း။

၇။ ဇရပ်တန်ဆောင်းစသည်၌ တရားတော်ကို သံရှည်သံလွင်ပြုပြင်ဆွဲငင်၍ သဘင်သည်တို့ကဲ့သို့ ၄ လုံးစပ် သံပေါက်စပ်စသည်ကိုစပ်ဆိုဟောပြောခြင်း။

၈။ သုသာန်စသည်၌ အပင့်အဖိတ်မရှိဘဲ စောင့်၍ အလှူခံခြင်း။

ဤသို့စသော အမှုများကို မပြုမကျင့်ရ၊ ကျူးလွန်ကျင့်ကြံနေထိုင်သည်များကို တွေ့မြင်ကြားသိရ၍ ဖမ်းဆီးမိလျှင် ကျူးလွန်သူနှင့်တကွ တိုက်ရင်တို့ကို အပြစ် အလျောက် စီရင်မည်။

ဤသို့လျှင် ကိုယ့်မင်းကိုယ့်ချင်းနှင့်နေထိုင်ခဲ့ရာ ရှေးအခါ၌ ပြည့်ရှင်မင်းကလည်း အာဏာစက် မင်းဆရာတော်များကလည်း ဓမ္မစက်ဖြင့် သာသနာတော်ကို စောင့်ရှောက်ခဲ့ကြသည်မှာ အားရဖွယ် လွမ်းဆွတ်ဖွယ် ကောင်းလှပါပေသည်။

## ဗမ္မာ့သာသနာ့အခြေအနေ

**ကျောင်းဘုရား** မြန်မာပြည်၏ ရှေးခေတ်သာသနာရေးကိုပြပြီး၍ ပစ္စက္ခ (လက်ရှိ) သာသနာ့အခြေအနေဝယ် ပြုပြင်သင့်သော(ပြုပြင်၍ ရနိုင်လောက်သော) အချက်များကို ပြပါဦးမည်။ အနော်ရထာမင်းစော လက်ထက်မှစ၍ သဒ္ဓါမျိုးစေ့ကျသဖြင့် ပေါက်ရောက်စည်ကားနေသော သာသနာတော်ဥယျာဉ်၌ ကျောင်းဘုရားစေတီ စသည်ထူးပြား သာသနာ့အဆောက်အအုံ သစ်ပင်များသည် သူ့ခေတ်သူ့ခါ စိုစိုပြည်ပြည်ရှိခဲ့ကြပါသော်လည်းမင်းအဆက်ပြောင်းသလောက် ကျောင်းတိုက်များလည်း အဆက်ပြောင်းကာ

http://www.dhammadownload.com



ထိုက်တန်သော ကျောင်းထိုင် ပုဂ္ဂိုလ်များနှင့် ကွဲကွာ၍ မကြာမကြာ ပျက်စီးရာကြရတော့သည်။

မင်းတုန်းမင်းတရားလက်ထက်တုန်းကအလွန်ကျက်သရေရှိခဲ့ကြသော မန္တလေးတိုက်ကြီးများသော်မှ အနှစ် ၆၀ ကျော် ၇၀ အတွင်းမှာ အိုမင်းပြိုကျ၍ အနိစ္စသဘောကို ဟောပြောနေကြပြီ၊ ဗြိတိသျှအစိုးရလက်ထက်၌ တည်ဆောက်ခဲ့ကြသော တိုက်တာကြီးများလည်းမူလဆရာတော်တို့သက်တော်ယိုယွင်းလျှင်ပင်သူတို့လည်း အိုမင်းသောလက္ခဏာဖြင့် သာယာဖွယ် မရှိကြတော့ချေ။ မူလ ဆရာတော် ကွယ်လွန်ပြီးနောက် ဒုတိယတစ်ဆက်လောက်ဆိုလျှင် အရိုန်အဝါ လျော့ကျရသော ကျောင်းတိုက်တွေသာ များတော့၏။

**စေတီတော် ဆင်းတုတော်**

အလွန်စည်ကားသောနေရာ၌ တည်ရှိသောတချို့ စေတီတော်များနှင့် အစိုးရတာဝန်ယူထားသော စေတီတော်များမှတစ်ပါးများစွာသောစေတီတော် ဆင်းတုတော်များကား ကျောင်းတိုက်တွေထက်ပင် အညှိုးအနွမ်းမြန်တော်မူကြသေး၏။ အချို့ဆင်းတု စေတီတော်များမှာ ဆင်းတု စေတီတော်ဘဝ၌ တည်ရှိကြသေးသော်လည်း လူအများ၏လေးစားရိုသေမှုကို မခံကြရသဖြင့် ထယ်ထယ်ဝါဝါ မရှိပေ။ ဤသို့ဖော်ပြခြင်းဖြင့် "ကျောင်းတိုက်စေတီတော်များကို ကြာရှည်တည်တံ့အောင် ကိုးကွယ်ထိုက်သည်"ဟု ဆိုလိုပါသည်။

**စာပြန်ပွဲများ**

စာပေသင်ကြားပို့ချမှု ပရိယတ်သာသနာသည် ယခုအခါ သာသနာ၏ အဓိကအလုပ်သဖွယ်ကြီးကျယ်ထင်ရှားလျက်ရှိပေ၏။ စာပြန်ပွဲတွေကလည်း ရှေးမင်းများအမွေကိုခံယူကာ ဟိုမြို့ ဤနယ် အသွယ်သွယ်၌ ပေါ်များလှ၏။ ကြံနေရာဝယ်"စရစ်၊ နင်တို့ လက်ဖွေ့ ပွဲ မပြီးသေးဘူးလား"ဟူသော ကြက်သွန်ခင်းဆရာတော်၏စကားသည် စဉ်းစားဖွယ်ကောင်းလှပေ

http://www.dhammadownload.com



၏။] စာမေးပွဲဝင်ရာ၌ သူ့ထက်ငါ သာလွန်လိုစိတ်တွေများလှချေ၏။ စာမေးပွဲလုပ်သူတို့ကလည်း "တစ်ပါးနှင့်တစ်ပါး အားကျပြိုင်မှ စာတတ်လွယ်သည်"ဟုယူဆ၍ ၁ နံပါတ်အောင်သူ၊ ၂ နံပါတ် အောင်သူစသည်ဖြင့် ဆုလာဘ်နှင့်တကွ ချီးမြှောက်ကြသည်။

မင်းတုန်းမင်းတရားကြီးလက်ထက်၌ပင်"ပထမစာတော်ပြန်" ဟူသောဂုဏ်သည် နယ်တုန်အောင်ကျော်ကြား၍ မိဘဆွေမျိုးများပင် ဂုဏ်အတင်ခံရပေသည်။ ငယ်ရွယ်သောစာသင်သားတို့ကိုသာပထမ ပြန်နှင့် မြှောက်သည်မဟုတ်။ ကြီးရင့်သောဆရာတော်များကိုလည်း ဘွဲ့တံဆိပ်ဖြင့် မြှောက်သေး၏။ ထိုအမြှောက်ခံရသူအားလုံးပင် ပုထု ဇဉ်တွေသာများ၍ ထိုဂုဏ်မျိုးရရှိအောင် အမျိုးမျိုးကြံဆောင်ကြသူ တွေလည်း အများအပြားပါဝင်ရကား တရားလမ်းအတိုင်း ဂုဏ်ရသူ တို့သော်မှ "နွားထီးငါးကျပ် နွားမငါးကျပ်"ဖြစ်ကြရလေတော့သည်။

**စာအောင်ပုဂ္ဂိုလ် ချီးမြှောက်ပုံ**

စာအောင်ပုဂ္ဂိုလ်များကို ရှေးမင်းများ၏ လက်ထက်မှစ၍ ယခုထိအောင် ချီးမြှောက်ကြသည် မှာ(စာမေးပွဲအောင်၍သွေးမြောက်နေသူအတွက်) ခြေထောက်၍က,လောက်ပါပေ၏။လူ့ဝတ်ကြောင်များကသာမြှောက် ကြသည်မဟုတ်သေး၊ ရဟန်းသံဃာချင်းလည်း စာမေးပွဲအောင်သူ ကိုသာ အသိအမှတ်ပြုချင်ကြ၏။ သာမန်ရဟန်း သံဃာချင်း သာ မက ဆရာတော်များကပင် စာမေးပွဲအောင်သည်ဟု ဆိုလျှင် ချီး မြှောက်ချင်တော်မူကြသည်။ "ဘယ်နည်းဖြင့် အောင်လာသလဲ"ဟု ကား မစဉ်းစားမိကြတော့ချေ။

ရဟန်းဒကာ ရဟန်းအမတို့ကမူ သူတို့ဦးပဥ္စင်း စာမေးပွဲ အောင်မှ ကျေနပ်ကြ၏။ ဤစာရေးသောဘုန်းကြီးသည်ပင် စာမေးပွဲ အကျိုးအပြစ်ကို စနစ်ကျကျ သိထားသူဖြစ်ပါလျက် အထက်တန်း စာမေးပွဲအောင်ပြီးသူဟုဆိုလျှင် အသိအမှတ်ပြုချင်သလိုဖြစ်နေ၏။

http://www.dhammadownload.com



ဤမျှအရှိန်ကြီးနေသောစာမေးပွဲကို ငယ်ရွယ်သူတွေ (တရားသည် ဖြစ်စေ မတရားသည်ဖြစ်စေ) အဘယ်မှာ မအောင်လိုဘဲ ရှိချေတော့မည်နည်း။ "နောင်ခါလာ နောင်ခါချေး၊ အောင်လျှင်ပြီးရော"ဟု သဘောထားကာ အစွမ်းကုန်ကြိုးစားကြမည်သာ။

**စရဏ မရောက်သမျှ အကျိုးမရ**

[ကိုယ်ကျင့်တရားကို "စရဏ"ဟုခေါ်၏။] ဥဒ္ဒါလကဇာတ်၌ ဥဒ္ဒါလ ရသေ့သည် ဝေဒသုံးပုံကို တတ်သော ဂိုဏ်းဦးစီးနာယကဆရာကြီးတည်း။ သူသည် ဘုရားအလောင်း ပုရောဟိတ်ကြီးနှင့်စကားပြောကြရာ၌ ပုရောဟိတ်ကြီးက "ဝေဒသုံးပုံကို တတ်ရုံမဆိုထားနှင့်၊ ဝေဒအပုံတစ်ထောင်ပင် တတ်၍နေသော်လည်း အကျင့်စရဏသို့ မရောက်သေးသမျှ (ကောင်းကောင်းမကျင့်သမျှ) ဒုက္ခမှမလွတ်နိုင်သေးပါ"ဟုပြောဆိုလေသော် ရသေ့က "ဒီလိုဆိုလျှင် ဝေဒတွေဟာ အကျိုးမပြီး အချည်းနှီးဟု ဆိုလိုပါသလား"ဟုမေးလျှင် ပုရောဟိတ်က "ဝေဒတွေကို အချည်းနှီးတွေ"ဟု မဆိုလိုပါ။ ဝေဒတတ်တော့ "ဝေဒကျမ်းတတ်ပညာရှိကြီး" လို့နာမည်ကျော်တာပေါ့၊ လာဘ်ပေါ၍ အခြွေအရံ များတာပေါ့၊ ဘယ်လောက်ပင် နာမည်ကျော်ကြား၍ လာဘ်ပေါများသော်လည်း ဒီတစ်ဘဝသာ နာမည်ကျော်နိုင် လာဘ်ပေါနိုင်တာပဲ၊ အကျင့်စရဏကိုကျင့်မှသာ နောက်နောင်အခါ ဘဝသံသရာ၌ အေးချမ်းမှုရှိနိုင်တယ်ဟု ပြောလေသည်။

**မှတ်ချက်။** ။ ဤဇာတ်တော်၌ ဝေဒသုံးပုံဟူသည် ပိဋကတ်သုံးပုံကဲ့သို့ ဗြာဟ္မဏတို့အလွန်လေးစားအပ်သော အတတ်ပညာ တည်း။ (ယခုအခါ "ဗေဒင်သုံးပုံ"ဟုခေါ်သည်။) ထိုဇာတ်၌ ပုရောဟိတ်ကြီး၏ စကားသည် ယခုအခါ စာပြန်ပွဲအောင်မှုတစ်ခုကိုသာ အဓိကထား၍ ကြိုးစားကြသူများ သတိထားသင့်သော စကား တစ်ရပ်ပေတည်း။ ကျမ်းစာတို့၌ကား "နာမည်ကျော်ကြား လာဘ်ပေါများအောင်စာသင်ခြင်းထက်(ဘာမျှ

http://www.dhammadownload.com



မလုပ်ဘဲ) အိပ်နေခြင်းက တော်သေး၏"ဟုမိန့်တော်မူပါသည်။ [မဇ္ဈိမ ပဏ္ဏာသ အလဂဒ္ဒူပမာသုတ် အဋ္ဌကထာ။]

**စရဏမပါခြင်း၏ အပြစ်များ**

ငယ်ရွယ်စဉ်က စ၍ ဆရာကောင်းများ အထံ၌ ကိုယ်ကျင့် (စရဏ)ကို မျိုးစေ့ရခဲ့သူများသည် (များသောအားဖြင့်) သာသနာတော်၌ တာရှည်နေနိုင်ကြ၊ နေနိုင်သလောက်လည်း မိမိအကျိုး သာသနာ့အကျိုးကို ဆောင်နိုင်ကြ၏။ မျိုးစေ့မရခဲ့သူများကား ကိုယ့်ကိုယ်ကို မကြည်ညိုနိုင်ဘဲ တာရှည်နေလိုစိတ်လည်း မရှိကြ၊ မထွက်သာ၍ အောင့်အည်းနေရပြန်လည်း မိမိအကျိုး သာသနာ့အကျိုးကို မဆောင်နိုင်ကြချေ။ ထို့ကြောင့် ကိုယ်ကျင့်မရှိဘဲ သာသနာမှာ တည်တံ့နေသူများထက် လူဝတ်လဲ၍ အပြင်ဘက်က သာသနာရေး အားပေးနေသော လူဥပါသကာများကိုသာ ချီးမွမ်းထိုက်ပါပေသည်။

မှန်၏။ လူပြန်တော် ဥပါသကာများသည် ကိုယ်တိုင်က သာသနာမှ ဖဲခွာခဲ့ရသော်လည်း သာသနာတော်၏ အခြေအမြစ်ကို စနစ်တကျသိခဲ့ကြသောကြောင့် သာသနာဝင် ပုဂ္ဂိုလ်ကောင်းများကို လေးစားတတ်ကြသေး၏။ မိမိတို့တတ်နိုင်သည့်ဘက်က သာသနာရေးကိုလည်း အားပေးတတ်ကြသေး၏။ လူနှင့်ဆိုင်ရာ ဒါန, သီလကို အားထုတ်နေလျှင်လည်းနောင်သံသရာအတွက်နစ်နာဖွယ်အချက်မှ ကင်းလွတ်စေနိုင်ကြသေး၏။ ကိုယ်ကျင့်မပါဘဲ သာသနာတော်၌ တည်နေသူကား သူ့အတွက်မသက်သာရာတော့ချေ။

**စာသင်တိုက်နှင့် စရဏ**

ယခုအခါစာသင်တိုက်များ တည်ရှိပုံသည်လည်း စရဏကို အားပေးခြင်းထက် ပရိယတ်ကိုသာ အားပေးခြင်းက များသကဲ့သို့ ဖြစ်နေ၏။ ရှင်းပြဦးအံ့၊ ယခုအခါစာသင်တိုက်များစွာသည် မြို့ကြီးများ၌သာ တည်ရှိနေကြ၏။ စာသင်သားများကား ကျေးလက် တောရွာမှ လာရောက်

http://www.dhammadownload.com



နေကြသူများဖြစ်ကြ၏။ စာသင်တိုက်များ၌ သံဃာအရေအတွက်လည်း များပြားလှ၏။ ထိုမျှလောက် များပြားနေသောစာသင်သားတွေကို ဆရာတော်တို့ နိုင်နိုင်နင်းနင်းအုပ်ချုပ်ဖို့ရန်မလွယ်ကူလှချေ။ ထိုအားလုံးကို ဆွမ်းကွမ်းစသည် လုံလောက်အောင် စောင့်ရှောက်ဖို့မှာကား ဆွမ်းတော်ထား၍ ဝမ်းတော်မှ မနိုင့်တနိုင်ဖြစ်နေကြ၏။ ထို့ကြောင့်"စာသင်သွားမည်"ဟုကြံစည်လိုက်လျှင်(စာသင်တိုက်၏အခြေအနေကိုကိုယ်တွေ့ကြုံပြီး စာသင်သားကြီးများထံမှ သတင်းကြားဖြင့်) ဆွမ်းရေးကို စဉ်းစားရာကြရတော့၏။ ထိုအခါ ပေါ့ပေါ့ပါးပါးယူဖို့ရာ(သိက္ခာပုဒ်ဖြင့်အတင်းအကြပ်တားမြစ်ထားအပ်သော)ငွေကိုသာ ရာကြံကြရလေတော့သည်။

ထိုငွေကိုရပြီးသည့်နောက် ငွေကိုကိုင်မည့် ကပ္ပိယ ကျောင်းသား ခေါ်သွားဖို့ရာလည်း(နေထိုင်ရေးစားသောက်ရေးမှစ၍) တာဝန်လေးမည်ဖြစ်သောကြောင့် ခေါ်ဖို့ခဲယဉ်း၏။ သို့ဖြစ်လျှင် ကိုယ့် တာဝန် ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားဖို့ရာ ထိုငွေကို ကိုယ့် သေတ္တာထဲထည့်ကာ သိက္ခာပုဒ်တော်ကို ရိုသေပါလျက် မတတ်သာ၍ ငွေကိုလည်း ကိုင်မိရာကြပါတော့သည်။ ပထမသော် ငွေမကိုင်ကောင်းမှန်းသိလျက် မလွှဲသာ၍ ရွံ့တွံ့တွံ့နှင့် ကိုင်မိရာကြ၏။ အတော်ကြာသောအခါ မကိုင်ကောင်းဘူးဆိုတဲ့စိတ်များ မေ့ပျောက်သွားပြီးလျှင် ကိုင်ရိုးကိုင်စဉ် ရဲရဲတင်းတင်းကိုင်လေ၏။ မြို့ကြီး ပြကြီး ရောက်စ၌ ပထမသော် ဆွမ်းဆိုင်စသည်မှာ ကိုယ်တိုင်ဝယ်၍ မစားဝံ့ကြ၊ ရှက်သလို ရွံ့သလိုဖြစ်နေ၏။ အတော်အသားကျသည့်အခါ "ဒီလို ကိုယ်တိုင် ဝယ်စားရခြင်းသည် စာသင်သားတိုင်း မလွှဲသာသော ဓမ္မတာအလုပ်တည်း"ဟုထင်လာပြီးလျှင် ဈေးဆိုင်ဟူသမျှသို့ သွားရဲ လာရဲ ဝယ်ရဲဈေးဆစ်ရဲကာ ဈေးသည်ဒကာမက အထက်က မိမိက အောက်ကနေ၍ ဈေးဝယ်ဈေးဆစ်ရသည်ကို ရှက်စရာဟု မထင်တော့ချေ။

http://www.dhammadownload.com



ဈေးသွားရင်း ဩကာသ်ဗိုတ္တစက္ခု သိက္ခာပုဒ်ကို လည်းကောင်း၊ သုပ္ပဋိစ္ဆန္နစသော သိက္ခာပုဒ်များကို လည်းကောင်း မစောင့်စည်းနိုင်တော့သဖြင့် ထိုထိုအာရုံများကို မြင်တွေ့ခဲ့ရကား ကျောင်းတော်ရောက်သော် အတွေးပေါ်လာတတ်ပြန်၏။ စိတ်ပြေလက်ပြေ အဖော်ကောင်းသဖြင့် ပွဲသွားကြည့်မိ၏။ ပထမသော် မကြည့်ကောင်းမှန်း သိလျက် မနေနိုင်၍ ကြည့်မိ၏။ နောက်၌ကား ရိုးနေတော့၏။ ဤသို့ စသည်ဖြင့် ကိုယ့်ကျင့်စရဏ ဖျက်ချင်စိတ်မရှိကြသော်လည်း နေရာ ဌာန လိုက်၍ ဖျက်ကြရလေတော့သည်။ [အားလုံးစာသင်သားများ ဤနည်းအားဖြင့် စရဏပျက်ကြရသည်ဟု မဆိုလိုသော်လည်း အများအပြားကား ဤနည်းနှင်နှင် ပျက်ကြရသည်။ ထူးခြားသော စာသင်တိုက်တချို့နှင့် ထူးခြားသောဆရာသမားကို မှီခိုကြရသူများသာ ကံကောင်းထောက်မ၍ စရဏမပျက်ဘဲရှိကြရပေသည်။]

**စာသင်တိုက်နှင့် စာသင်ချိန်**

များစွာသော မြို့ကြီး တိုက်ကြီးများ၌ အမျိုးမျိုးသော အကြောင်းကြောင့် စာသင်ချိန်လည်း နည်းပါးလှ၏။ များသောအားဖြင့် ဝါတွင်း ၃ လ လောက် ကြိုးကြိုးစားစားနှင့် သင်ယူရ၏၊ဝါကျွတ်သည်မှစ၍နောက် ဝါဆိုအထိကား ဆရာနှင့်သင်ယူရခြင်း နည်းပါးလှတော့သည်။ ဤနည်းအတိုင်းသာ သင်ယူနေကြရသမျှ (ခေတ်အလိုက်) စာတော် ပုဂ္ဂိုလ်တစ်ပါးမဖြစ်နိုင်ပါ။ "စာတော်"ဟူရာ၌ မိမိကိုယ်တိုင် သဘောဉာဏ်ရှိ၍ ဆရာသမားထံ အနည်းငယ် သင်ယူပြီးနောက် ထိုထိုကျမ်းစာများကို ကြည့်ရှု၍ တော်သူ၊ ပင်ကိုဉာဏ်လည်း မှန်မှန်ရှိ၊ ဆရာ့အထံ၌လည်း နှစ်ရှည်လများ သင်ယူခြင်းဖြင့် တော်သူဟု ၂ မျိုးရှိ၏။ ပထမနည်းဖြင့် တော်သူသည် သူ့အတွက်သာ တော်၏။ တပည့်များကို သူ့လိုတော်အောင် ပို့ချတတ်ဖို့ကား မလွယ်ကူလှချေ။

ဒုတိယနည်းဖြင့် တော်သူမှာ တပည့်များကိုလည်း တော်

http://www.dhammadownload.com



အောင်သင်ပြနိုင်၏။ ယခုအခါ မြို့တိုက်များ၌ ပထမနည်းဖြင့် စာတော်သာဖြစ်ခွင့်ရှိ၏။ စာသင်ချိန်နည်းပါးရကား ဒုတိယနည်းဖြင့် စာတော်သူမှာ အလွန်နည်းပါးပေလိမ့်မည်။ မှန်၏၊ များစွာသော စာပြန်ပွဲတို့၌ စာအောင်ပုဂ္ဂိုလ်များသည် ဆရာ့အထံ အပြည့်အစုံ သင်ယူ၍ အောင်သူထက် ဆရာ့အထံ အနည်းငယ်သင်ယူပြီးလျှင် မိမိတို့ဘာသာကြိုးစား၍အောင်သူတွေသာများလေသည်၊ ဤအချက်ကို ထောက်၍လည်း အနာဂတ်ကာလ၌ မြို့ကလေးနှင့်ရွာကြီးများ ဝယ် စာသင်တိုက်များ တည်ရှိစေလိုပေသည်။

**စာတတ်ပြီးမှ လူထွက်ကြရပုံ**

စာသင်သားဘဝ၌ အများနှင့် လျော်ညီအောင် ယောကောသောကောနှင့်နေထိုင်ကာ ဉာဏ်ဝီရိယ အလျောက် စာတတ်မြောက်၍ စာပြန်ပွဲများ၌လည်း ပေါက်ရောက်ပြီးသောအခါ ရှေးဟောင်းနှောင်းဖြစ်ကို ပြန်၍ တွေးမိကြ၏။ တချို့သည် မိမိကျူးလွန်ခဲ့သော အပြစ်များ၌ ပြင်မရအောင် (အာပတ်ဖြေသော်လည်း မပြေနိုင်အောင်)ကျူးလွန်ခဲ့သော ကြောင့် နောင်တရကာ လူဝတ်လဲကြရရှာ၏။ ရဟန်းတော် ကလေး တစ်ပါးကား ဝိနည်းကိုမသင်ရမီက လွန်လာသော အပြစ်ကို ဝိနည်း သင်ခါမှ ပြင်မရတော့ဟု သိရ၍ ချုံးချုံးချလျက် ငိုရရှာလေသတဲ့။ [ယခုကာလ၌ ရထား၊ သင်္ဘောများဝယ် ကျသင့်သောနှုန်းကို မပေး ရအောင် ကြံဆောင်ယူသွားသဖြင့် ကြီးမားသောဝိနည်းအပြစ်ကို ရ တတ်၏။] တချို့စာတတ်ပြီးသူများကား မိမိပြုခဲ့သောအမှုများက ကျူးကျူးလွန်လွန် မဟုတ်သော်လည်း ပေါ့ပေါ့နေမှုက အသားကျ နေသဖြင့် ဣန္ဒြေသိက္ခာကိုစောင့်စည်း၍ တစ်နည်း ပြုပြင်ကာ ကျန အောင် နေနိုင်ဖို့ ခဲယဉ်းလှသောကြောင့် “လူ့ဘဝဖြင့်ပင် သာသနာ တော်ကို ကြည်ညိုချီးမြှောက်တော့မည်”ဟု လူ့ဘောင်သို့ပြောင်းကြ ၏။

http://www.dhammadownload.com



စစ်အတွင်း၌ကား "ကမ္ဘာကြီးတောင် အပြောင်းအလဲရှိသေးတာပဲ၊ ရဟန်းဘဝမှ လူ့ဘဝပြောင်းဖို့ဟာ ဘာခဲယဉ်းတော့သလဲ" ဟု စိတ်ရဲကာ ဂျပန်ငွေရှာလွယ်ချိန်မှာ အများအပြား လူ့ဘောင်သို့ ပြောင်းကြလေသည်။ မည်သို့ပင်ဖြစ်စေ (သာသနာရေးနှင့် နိုင်ငံရေးကိုကြည့်လျှင်) ရဟန်းဘဝ၌ ပေတေနေသူများထက် လူ့ဘဝပြောင်းသူများကို ကျေနပ်ထိုက်ပါသည်။

**အထင်သေး စံနေရပုံ**

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ အတော်ကြာလောက်က စဉ် များစွာသော ဒကာ ဒကာမ တို့သည် ရဟန်းတော်များအပေါ်အထင်မကြီးကြတော့ချေ။ ထိုသို့အထင်မကြီးကြရာ၌ ရဟန်းငယ်များအပေါ် အထင်မကြီးပုံနှင့် ဘုန်းတော်ကြီး ဆရာတော်ကြီးများအပေါ် အထင်မကြီးပုံမှာ မတူတတ်သေးချေ။ ရဟန်းငယ်များအပေါ်၌ မြို့ထဲပြထဲ လည်ပတ်ခြင်း၊ ပွဲလမ်းသဘင်ကို ကြည့်ရှုခြင်း၊ သွားလာနေထိုင်ပုံ မသပ္ပာယ်ခြင်းတို့ကြောင့်အထင်သေးကြ၏။ သို့ရာဝယ် သာသနာတော်ကို အတွင်းကျကျ ကိုးကွယ်သူအချို့ကမူ "စာသင်ဘော်ရလျှင် တော်ရောပ၊ နောင်ခါ ကြီးတော့ပြုပြင်ပါလိမ့်မည်" ဟု မျှော်လင့်၍ ဖြေနိုင်ကြပါသေး၏။

ကျောင်းထိုင်ဘုန်းတော်ကြီးများ အပေါ်၌ကား ရပ်ရွာ နယ်ပယ် ဒကာ ဒကာမတို့ကိုယဉ်ကျေးအောင် မဆုံးမနိုင်ခြင်း၊ တပည့်တပန်း ရဟန်းသာမဏေကျောင်းသားများကို ယဉ်ကျေးအောင်၊ စာတတ်အောင် မသင်ပြနိုင်ခြင်း၊ ပစ္စည်းရှင်ရပ်သူရွာသားတို့နှင့်အလွမ်းသင့်အောင် ဆက်ဆံပေါင်းသင်းခြင်း၊ အတောင်းအရမ်း အခွဲအခန့်များပြားခြင်း၊ ကျောင်းထိုင်ရလျှင် ဟုတ်ဟုတ်မဟုတ်ဟုတ် အပင့်အဖိတ်ခံရမြဲဖြစ်သောကြောင့် ကျောင်းရအောင်ကြိုးစားခြင်း၊ ထိုသို့ ကျောင်းထိုင်ဖြစ်ဖို့လိုလားသဖြင့် ဘုန်းကြီးတစ်ပါး ပျံတော်မူလျှင်

http://www.dhammadownload.com



ရှုံးရောက်လောက်အောင် ကျောင်းလုပ္ပဲဖြစ်ခြင်း၊ ဤသို့စသော အပြစ်များကြောင့် အထင်သေးကြလေသည်။

မြို့ကြီးတစ်မြို့ရှိ ကျောင်းဒကာအထံသို့ "ဘုန်းကြီးက ကား လွှတ်လိုက်စမ်းပါတဲ့"ဟုကျောင်းသားကလေး လာ၍ပြောရာ "မလွှတ် နိုင်ဘူးကွ"ဟု အော်ပြောပြီးလျှင် အနားရှိသော ဘုန်းကြီးသို့ လှည့်၍ "သွားစရာအလုပ်များလို့ကားဝယ်ထားတာ၊ ဘုန်းကြီးတွေက ခဏ ခဏလာတောင်းတယ်"ဟု ညည်းညူသောအပြောဖြင့် ပြောသတတ်။ အခြားမြို့တစ်မြို့မှ အရာရှိကြီးကား အထက်မြို့မှ ခေတ္တကြွလာသော ဆရာတော်အထံ လည်ပတ်ဖို့ရန် ကားလွှတ်လိုက်ပြီးနောက် "တယ်–ဘုန်းကြီးများအလိုက်မသိသကိုး၊ ခုတောင် ကားပြန်မပို့သေးဘူး"ဟုအခြားအရာရှိတစ်ဦးရှေ့မှာညည်းတွားလေသတတ်။ ဤသို့ စသည်ဖြင့် အထက်တန်းလူများကလည်း အထက်တန်းဆရာတော်များကို အထင်သေးကြကြောင်းသိရပေသည်။

**စာစပဘာက်၌လည်း အထင်ကြီးမခံရ**

မိမိတို့ ဘုန်းကြီးဘဝမှာ သူများ ပေးမှ ကမ်းမှ စားသောက်နေထိုင်ရသောဘဝမျိုးဖြစ်၍ပစ္စည်းလေးပါးဘက်၌ (အတောင်း အရမ်းများသူတို့အပေါ်ဝယ်) ပစ္စည်းရှင်တို့ အထင်အမြင်သေးခြင်း ခံကြရသည်မှာ မထူးဆန်းလှပါ။ အသက်နှင့်အမျှ ပညာဆည်းပူးရသောဘဝဖြစ်၍ ပညာရေးဘက်၌မူ အများအပြားပင် အထင်သေးခြင်းကိုမခံရထိုက်ပါ။ သို့ရာဝယ် "ဘုန်းကြီးများ၏ပါဠိဘက်၌ ကျွမ်းကျင်မှုနည်းပါးကြောင်းကို စာပြန်ပွဲ၌ပါဠိဘာသာဖြေပုံကို ကြည့်၍ သိနိုင်ပါသည်"ဟူသော ပထမပြန်ကော်မတီတစ်ဦး၏ စကားများဖြင့် ပါဠိဘာသာဘက်၌ အထင်သေးခံနေရကြောင်း သိရပါသည်။ ဤသို့အထင်သေးခံရခြင်းနှင့်စပ်လျဉ်း၍ ပါဠိဘာသာ

http://www.dhammadownload.com



နိုင်–မနိုင်ကို မိမိတို့ကိုယ်တိုင်စဉ်းစား၍ ပါဠိသင်နည်းကို ပြင်ထိုက် မပြင်ထိုက်ကိုပါ အောက်ပါအတိုင်း စဉ်းစားပါလေ–

၁။ ပါဠိဘာသာကို သဒ္ဒါနည်းလည်းမှန်၍ ပါဠိသွားနည်း လည်း ကျအောင် ရေးနိုင် ပြောနိုင်သလား။

၂။ ပါဠိတော်အဋ္ဌကထာများကို ကြည့်ရှုပြန်လျှင် (မြန်မာ ဘာသာလို) ရှင်းရှင်းလင်းလင်း နားလည်ရဲ့လား။

၃။ နှစ်ပေါင်းများစွာ ပါဠိဘာသာကို သင်ယူနေကြပါလျက် မပြောနိုင်၊ မရေးနိုင်ကြပါလျှင် ပါဠိသင်နည်းကို မပြင်ဘဲနေထိုက် ပါသလား။

၄။ လက်ရှိစာမေးပွဲများ၌ ပါဠိတတ်လွယ်အောင် စည်းကမ်း ပြင်ထိုက်သည် မဟုတ်ပါလား။

**နောင်အခါသာ၍ အထင်သေးဖွယ်**

လာမည့်ခေတ် ကား ပြောတိုင်း ယုံမည့်ခေတ် မဟုတ်တော့၊ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ စဉ်းစားစိစစ်လိုသော ပညာခေတ် ဖြစ်တော့မည်။ ယခုခေတ်ရေးလူကြီးသူမတို့ကဲ့သို့ "သူမကောင်းလျှင် သူ့ထိုက်နှင့် သူ့ကံ"ဟုလည်း စိတ်သဘောကြီးကြီး ထားကြတော့မည်မဟုတ်။ သူတို့သင်ယူအပ်သော ဆင်ခြင်စဉ်းစားဉာဏ်ကို အရင်းခံ၍ အရာရာ ၌ ဝေဖန်ကြတော့မည်။ ထိုအခါကျမှ ရဟန်းတော်များသည် သတိရ ၍ ပြုပြင်ကြလျှင် အပြုပြင်နောက်ကျ၍ အကျိုးရ နည်းပါးမည့်ပြင် "အာဏာပိုင် အစိုးရတို့က(သို့မဟုတ် လူဝတ်ကြောင်များက) ပြုပြင် ပေးမှသာသနာရေးအချိုးကျလာသည်"ဟူသောအကြောင်းအရာသည် ရာဇဝင်မှာ စာတင်စရာဖြစ်ရစ်တော့မည်။ ထို့ကြောင့် မိမိတို့၏ အနာဂတ်သာသနာရေးကို မိမိတို့သာလျှင် စ,ထွင်၍ပြုသင့်ကြပါ သည်။

http://www.dhammadownload.com



## ကဿပမြတ်စွာဘုရားရှင်၏ နောက်ပိုင်းသာသနာ

**တောင်ထိပ်တက်၍ တရားကျင့်ပုံ**

ကဿပရှင်တော် ပရိနိဗ္ဗာန်စံတော်မူပြီး နောက် တဖြည်းဖြည်း သာသနာ ဆုတ်ယုတ်လာသောအခါ ရဟန်းတော် ၇ ပါးသည် သိက္ခာပုဒ်တော်ကိုမလေးမစားပြုနေကြသော အခြားရဟန်းများ ကိုမြင်၍"ကွေ ကီ ကရောမ=ဒီမှာ ဘာလုပ်နေကြတော့မှာလဲ၊ ဧက မန္တေ သမဏဓမ္မံ ကတွာ ဒုက္ခဿန္တကရိဿာမ=သင့်တော်သော နေရာ၌ ရဟန်းတရားကို အားထုတ်၍ ဒုက္ခဆုံးအောင်ပြုကြစို့ရဲ့" ဟု တိုင်ပင်ပြီးလျှင် တောင်ထိပ်သို့ လှေကားဖြင့်တက်၍ အထက် ရောက်မှ လှေကားကိုဖြုတ်ချကာ ရဟန်းတရားကို အစာမစားဘဲ အားထုတ်ကြလေရာ ရဟန္တာတစ်ပါးဖြစ်၍ အနာဂါမ်တစ်ပါး ဖြစ် လေသည်။

ကျန် ၅ ပါးကား သံသရာ၌ကျင်လည်ကြပြီးလျှင် ငါတို့ ဗုဒ္ဓ၏ လက်ထက်တော်၌ တစ်ပါးသည် ပုက္ကုသာတိမင်း၊ တစ်ပါး ကား ကုမာရကဿပထေရ်၊ တစ်ပါးကား ဗာဟိယ ဒါရုစိရိယထေရ်၊ တစ်ပါးကား မလ္လာမင်း၏သား အရှင်ဒဗ္ဗ၊ အခြားတစ်ပါးမှာ သဘိယ ပရိဗ္ဗိုဇ်ဖြစ်လာ၏ဟု( ဓမ္မပဒအဋ္ဌကထာဗာဟိယဒါရုစိရိယ ဝတ္ထု၌) တွေ့ရ၏။ [ ဤဝတ္ထု၌ ကဿပဗုဒ္ဓရှင်တော်၏ သာသနာနောက်ပိုင်း ဝယ် ရဟန်းအများ၏ သိက္ခာပုဒ်တော်ကို မလေးမစားပြုချိန်၌ သူ တော်ကောင်းပုဂ္ဂိုလ်တို့မှာ သူတို့နှင့်အတူ မနေသာအောင်ပင်ဖြစ်လာ ပုံကို သတိပြုပါ။]

**သီးခြား သာသနာပြုပုံ**

ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အတော်ကြာ၍ သာသနာတော် အဆုတ်ယုတ် ကြီး ဆုတ်ယုတ် လာသောအခါ ရဟန်းတို့သည်

http://www.dhammadownload.com



မသင့်မတော်သော ပစ္စည်းရှာနည်း ၂၁ မျိုးတို့ဖြင့် ပစ္စည်းရှာ၍ အသက်မွေးဝမ်းကျောင်းပြုကြ၏။ [ ၂၁ မျိုးကိုရှေ့၌ "အနေသန" ဟူသောနာမည်ဖြင့်ပြခဲ့ပါပြီ။] လူဝတ်ကြောင်များနှင့် ရောနှော ဆက်ဆံမှုများကြကုန်၏။ တချို့ကားသားသမီးတွေပင်ရနေကြကုန်သတဲ့။ ဥပါသကာဆိုသူ(ဘုရားဒကာ ကျောင်းဒကာလို) လူသူတော်ကောင်းများကလည်း ဥပါသကာ ကျင့်ဝတ်ကို မကျင့်ကြတော့။ များသော အားဖြင့် လူသတ္တဝါအများသည် အကုသိုလ်ဒုစရိုက်ကိုကျင့်ကာ အပါယ်ရောက်ရသူတွေများ၍ နတ်ပြည်၌ နတ်သစ်နည်းပါးလေရကား သိကြားမင်းသည် လူတို့ဖြစ်ပုံကိုဆင်ခြင်သောအခါ သာသနာတော် ဆုတ်ယုတ်ပုံမှစ၍ လူအများတို့ အကုသိုလ်လိုက်စားကြပုံကို မြင်ရလေသည်။

ထိုအခါ မာတလိနတ်သားကို ခွေးနက်ကြီးယောင်ဆောင်စေ၍ မိမိကားမုဆိုးကြီးဟန်ဖန်ဆင်းလျက် လေးလက်နက်ကို စွဲကိုင်ပြီးလျှင်"ကမ္ဘာလောကကြီး ပျက်စီးပေါ့"ဟု အသံနက်ကြီးဖြင့် ဟစ်အော်ကာ ဥသိနကမင်း၏နေရာ ဗာရာဏသီဘက်သို့ ဆင်းသက်လာလေသည်။ လူအားလုံးကြောက်ရွံ့ကြသော်လည်းရှင်ဘုရင်ကား မြို့သူမြို့သားတို့ သက်သာရာရအောင် မကြောက်ဟန်ဆောင်၍ "အို...မုဆိုးကြီး၊ ဘာ့ကြောင့် အသင့်ခွေးကြီးက ဟိန်းပါသနည်း" ဟုမေးလေသည်။

ထိုအခါ"လူ့လောက၌ မတရားပြုကျင့်နေသော ရဟန်းရှင်လူ ခပ်သိမ်းသူတို့ကို စားလို၍ ဟိန်းသည်"ဟု ပြောပြီးလျှင် လူ အများတို့ အလွန့်အလွန်ထိတ်လန့်နေကြသောအခါ မုဆိုးအသွင်ကိုစွန့်၍ ကောင်းကင်၌ နတ်အသွင်ဖြင့်တည်နေကာ မိမိသိကြားဖြစ်ကြောင်းနှင့် လူ့လောကကြီးတစ်ခုလုံး တရားပျက်လွန်းလို့ လာခဲ့ရကြောင်း လူတွေသေတိုင်း နတ်ပြည်မရောက်ဘဲ အပါယ်အရောက်

http://www.dhammadownload.com



များကြောင်းတို့ကိုပြော၍ တရားဟောပြီးလျှင် နတ်ပြည်သို့ပြန်သွားလေသည်။

ထိုအခါကျမှ ရဟန်းများလည်း ကိုယ်ကျင့်တရားကို ပြုပြင်ကြသောကြောင့် ဆုတ်နစ်နေသော သာသနာတော်သည် အနှစ်တစ်ထောင်လောက်ပြန်၍ တိုးတက်ကောင်းမွန်လာပြီးလျှင် ဥပါသကာစသော လူသူတော်ကောင်းများလည်း ဒါန,သီလကို အားထုတ်ကြ၍ နတ်ပြည်ရောက်ကြလေသည်။ [မဟာကဏှဇာတ်။]

**မှတ်ချက်။** ။ ဇာတ်တော်၌ အလွန်ယုတ်လျော့နေသော သာသနာတော်ကြီးကို တစ်ဖန်ထပ်၍ပြုပြင်ကာ ရဟန်းရှင်လူတို့ ကောင်းမွန်စွာနေထိုင်ကြသောအခါ သာသနာသည်ပြန်၍ အနှစ် တစ်ထောင်ကြာအောင် ကောင်းလာကြောင်းကို တွေ့ရသောကြောင့် မည်သည့်အခါမဆို သာသနာတော်အဆက်မပြတ်သေးသမျှ(ပါရာဇိကမကျသူ ၅ ပါးလောက်ရှိသေးသမျှ)သာသနာအသစ်ပြင်နိုင်ကြောင်းကိုလည်းကောင်း၊ သာသနာတော် ကောင်းမှုလည်း ကိုးကွယ်ကြသူ လူအများတို့ ကိုယ်ကျင့်တရားကောင်းနိုင်ကြောင်းကို လည်းကောင်း သိရပေသည်။ ထို့ပြင် တောင်ထိပ်သို့ တက်၍ သူတော်စင် အရှင်ကောင်း ၇ ပါးတို့ တရားအားထုတ်မှုလည်း ထိုသို့ သာသနာတော်ဆုတ်ယုတ်ချိန်မျိုးဖြစ်ပေလိမ့်မည်ဟု ခန့်မှန်းရပေသည်။

**ဂိဇ္ဈကုဋ် ပြိတ္တာများ**

ငါတို့ဗုဒ္ဓလက်ထက်တော်၌ ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ် တောင်ကြီးဝယ် ဘုရားရှင် နှင့်တကွ ရဟန်းတော်များ သီတင်းသုံးတော်မူလေ့ရှိကြ၏။ အခါတစ်ပါး၌ အရှင်လက္ခဏနှင့် အရှင် မဟာမောဂ္ဂလာန်တို့သည် တောင်ပေါ်မှ ဆွမ်းခံဆင်းကြလေသော် တစ်နေရာ၌ အရှင်မဟာမောဂ္ဂလာန်သည် တန်ခိုးတော်ဖြင့် ဆင်ခြင်တော်မူလေရာ လွန်စွာထူးဆန်းသော ပြိတ္တာတွေကိုမြင်လေသည်။ ထိုအခါ "မိမိမှာ ဤ

http://www.dhammadownload.com



ပြိတ္တာအဖြစ်မျိုးမှ လွတ်ရလေပြီ”ဟု တွေး၍ လည်းကောင်း၊ “ကံ၏ အကျိုးပေးပုံသည်(ကိုယ်တွေ့မကြုံလျှင် ပြောရုံမျှဖြင့် မယုံနိုင်ကြအောင် ဆန်းကြယ်ရကား)မကြံစည်အပ် မကြံစည်နိုင်”ဟူသော ဗုဒ္ဓတရားတော်ကို သတိရ၍လည်းကောင်း ပြုံးတော်မူသည်။

ပြုံးတော်မူခြင်း၏အကြောင်းကို အရှင်လက္ခဏက မေးသောအခါ “ဗုဒ္ဓရှေ့တော်ရောက်မှမေးပါ”ဟုပြောသဖြင့် ဆွမ်းစားပြီးနောက် ဗုဒ္ဓရှေ့တော်ရောက်၍ ထိုအကြောင်းကို မေးလေသော် “အရှင်လက္ခဏ၊ ယနေ့ဂိဇ္ဈကုဋ်တောင်မှအဆင်းတွင် ရဟန်းပြိတ္တာတွေကို မြင်ခဲ့ရသည်။ သူတို့၏ သင်္ကန်းများလည်းမီးတောက်လို့၊သပိတ်များလည်းမီးတောက်လို့၊ ခါးပန်းကြိုးလည်း မီးတောက်လို့၊ တစ်ကိုယ်လုံးလည်းမီးတောက်လို့၊ သူတို့၏ပါးစပ်ကလည်း ကယ်ပါ ယူပါ တစာစာနှင့်နာကျင်သံကို အော်နေကြတယ်။ ထိုရဟန်းပြိတ္တာတို့ကို မြင်ရတဲ့အခါ“သြော်...အံ့သြစရာကောင်းပေစွ၊ ဒီလိုသတ္တဝါမျိုးရှိမှ ရှိရလေတယ်”ဟု တွေးမိတဲ့အကြောင်းကို ပြောပြလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် အခြားရဟန်းများကို မိန့်တော်မူသည်မှာ ငါ၏သာဝကတို့သည် မျက်စိအမြင် (ဉာဏ်အမြင်) ကျယ်ကြပေစွ၊ သာမန်စက္ခုဖြင့် မမြင်နိုင်သောအရာကို မြင်နိုင်ကြပေစွ၊ ထိုသတ္တဝါတွေကို ရှေး(ဗုဒ္ဓဖြစ်ခါနီး) ဒိဗ္ဗစက္ခု အဘိညာဉ်ရတုန်းကပင် မြင်တော်မူခဲ့၏။ သို့သော် ပြော၍မယုံလျှင် မယုံသူမှာ အကျိုးမဲ့ဖြစ်စရာရှိသောကြောင့် မည်သူ့ကိုမျှ မပြောဘဲ နေခဲ့သည်။ “ထိုသတ္တဝါတွေသည် ကဿပမြတ်စွာ၏ သာသနာတော်၌ ယုတ်မာသောရဟန်းများဖြစ်ခဲ့ကြ၏။ ထိုမကောင်းမှုကြောင့် ငရဲ၌ အနှစ်များစွာ ခံခဲ့ရပြီးမှ ပြိတ္တာဖြစ်လာကြရသည်” ဟုမိန့်တော်မူသည်။

အမှာ။ ။ အရှင်မောဂ္ဂလာန်သည် ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေ၊ သာမဏေမများနှင့် လူပြိတ္တာ အမျိုးမျိုးကိုဂိဇ္ဈကုဋ်တောင်

http://www.dhammadownload.com



၌ မြင်ရကြောင်းလျှောက်၍ ဗုဒ္ဓရှင်တော်ကလည်း သူတို့၏ ရေး မကောင်းမှုကို ဟောပြတော်မူသည်။ (လက္ခဏသံယုတ်ပါဠိတော်)

**မပြင်လျှင် စက်ဖွယ်**

ကဿပရှင်တော်၏ နောက်ပိုင်းသာသနာဝယ် တောင်ပေါ်တက်၍ ရဟန်းတော် ၇ ပါး တရားကျင့်ကြပုံ၊ မဟာကဏ္ဍဇာတ်တော်၌ သိကြားမင်းကိုယ်တိုင်သာသနာတော်ကိုပြုပြင်ခဲ့ရပုံ၊ထိုစဉ်ကကိုယ်ကျင့်မကောင်းသော ရဟန်းသာမဏေတို့ ငရဲကျ၍ ငရဲမှလွတ်မြောက်ပြီးနောက် ဂိဇ္ဈကုဋ်တောင်၌ပြိတ္တာဖြစ်နေကြပုံကိုကောက်ချက်ချလိုက်သောအခါ ဤ ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်နောက်ပိုင်း၌ နေထိုင်ရသော ငါတို့သည် အားလုံးအကောင်းချည်းဖြစ်အောင် မပြုပြင်နိုင်စေကာမူ ပေါင်းသင်းသူချင်း ကျေကျေနပ်နပ် အကောင်းချည်းဖြစ်ဖို့ရာ ပြုပြင်သင့်ကြပါသည်။

"ထိုသို့ ပြုပြင်၍မဖြစ်နိုင်တော့"ဟုဆိုလျှင် မတိုးတက်နိုင်သော သာသနာကိုပြုပြင်နေရန်မလို၊ ကိုယ်လွတ်ရန်းကြဖို့သာ တာဝန်ရှိပါတော့သည်။ ထိုသို့မှ ကိုယ်လွတ်မရုန်းနိုင်ကြလျှင် မိတ်ဆွေ ကိုယ်တော်တစ်ပါးပြောသလို နောက်ဘဝနေရာကို သေချာအောင် စီစဉ်ရပေလိမ့်မည်။ စာသင်သားဘဝတုန်းက ကိုယ်တော်ကြီးတစ်ပါး ပြောပုံကား "ဟော့...ငါသေလို့စာပေးချင်လျှင်(အဝီစိဒိစတြိတ်သိဋ္ဌိုင်းအပိုင်၊ ဂိဇ္ဈကုဋ်တောင်၊ ဇောင်ချမ်းပင်အောက်) လို့လိပ်စာတပ်လိုက်ပေတော့"ဟူသည်တည်း။

ဤကိုယ်တော်ပြောသည့်အတိုင်းပင် ယခုအခါ၌လည်း ထိုထို ဤဤမြို့ရွာတို့၌ ရဟန်းဘဝမှ စုတေပြီးနောက် အောက်တန်းရက္ခစိုး အညံ့စားလူဝင်စား ဖြစ်ရသူများနှင့် ပြိတ္တာ တစ္ဆေဖြစ်နေသူများကို တွေ့ရကြားရပါသည်။

http://www.dhammadownload.com



## မျက်မှောက် တစ္ဆေ ပြိတ္တာများ

( "တစ္ဆေ" ဟူသည် ပြိတ္တာ အမျိုးတွင် ပါဝင်သောသတ္တဝါတစ်မျိုးတည်း)

**ဆရာတော်ကြီး၏ လည်စေ့ညှစ်သောတစ္ဆေ**

အလွန်မဝေးသောရှေးခေတ်က ရန်ကုန်မြို့ဝယ် ကုမ္ပဏီတစ်ခု၏အကိုးကွယ်ခံဘုန်းကြီးတစ်ပါးရှိ၏။ ထိုဘုန်းကြီးသည် လယ်တီပဏ္ဍိတနှင့် ပြိုင်နိုင်လောက်အောင် အရာရာ၌ ထင်ရှားဟန်တူ၏။ ထိုဘုန်းကြီးနေဖို့ ထိုကုမ္ပဏီကအလွန်လှပသောကျောင်းကို ဆောက်လုပ်နေ၏။ ကျောင်းမပြီးခင် ထိုဘုန်းကြီးကွယ်လွန်ရှာသည်။ ကျောင်းပြီးသောအခါ ထိုကျောင်းတိုက်၏ ဆရာတော်ကြီးကို ကျောင်းလှူရ၏။ ဆရာတော်ကြွလာ၍ ညဥ့်အခါ၌ ကျိန်းစက်တော်မူစဉ် ကွယ်လွန်သွားသော ကျောင်းဘုန်းကြီးပြိတ္တာက ဆရာတော်၏ လည်စေ့ကို ညှစ်ပါသည်တဲ့။ ဆရာတော်ကြီး၏လည်ကိုညှစ်ဝံ့သော ပြိတ္တာသည်သာမန်မဟုတ်၊ သရဲသဘက်လောက် ထက်သော ပြိတ္တာဖြစ်ဟန်တူသည်။ ထိုသတင်းကို လယ်တီပဏ္ဍိတကြား၍ ရှေ့ ၂ ပါဒနှင့်တကွ–

> ဣန္ဒကောပိ ဘူတော အာသိ၊
> ဝိစိတ္တာ လောကိယာ ဂတိ–

ဟုရေးသားပါသည်တဲ့။ [ဣန္ဒကောပိ၊ သိကြားဆိုသူသည်လည်း။ ဘူတောအာသိ၊ တစ္ဆေ မြေဘုတ် ဖြစ်နေပြန်၏။ လောကိယာ၊လောက၌ပေါ်ပေါက်တတ်သော။ဂတိ၊ဖြစ်ပုံထွေလာ အကြောင်းအရာသည်။ ဝိစိတ္တာ၊ ထူးပေဆန်းပေသည်တကား။]

**ဓမ္မကထိကအကျော် ဆရာတော် တစ္ဆေ**

အခြားတစ်နိုင်ငံ၌တစ်နိုင်ငံလုံးထင်ရှားသော ဓမ္မကထိက ဆရာတော် တစ်ပါးရှိ၏။သူ၏တရားဟောဓမ္မာရုံကြီးသည်

http://www.dhammadownload.com



ပင် တရားဟောပလ္လင်နှင့်တကွအလွန်ခမ်းနားပါသတဲ့၊ထိုဆရာတော် ပျံလွန်တော်မူပြီးနောက် ပွဲကြည့်လာသောလူတို့သည် ညဥ့်အခါ၌ မိုးရွာသည့်အတွက် တချို့လူတို့ ဓမ္မာရုံအတွင်းသို့ဝင်သွားရာ တရားဟောပလ္လင်ပေါ်ထိုင်နေသော ထိုပုဂ္ဂိုလ်ကို တွေ့ရပါသည်တဲ့။

**မှတ်ချက်။** ။ "အမြင်ပေါက်သည်"ဟု ဆိုသော ဂိုဏ်းဆရာတော်ကြီးတစ်ပါးကား ဓမ္မကထိကအချို့၏ နာမည်ဖြင့်"ဇနက ရေ၊ မည်သူမည်ဝါတွေ ပြိတ္တာဖြစ်နေကြတယ်"ဟုမိမိခပ်ရှယ်ရှယ်တုန်းကပြောဖူး၏။ သို့သော် မိမိကား မယုံခဲ့ပါ။ ယခုအခါ၌ကားထိုစကားသည်လည်း စဉ်းစားစရာဖြစ်နေပေသည်။

**ကမ္မဋ္ဌာန်းဘုန်းကြီး တစ္ဆေ**

ဂန္ဓာရုံကျောင်းတိုက်အနီး ကျောင်းတစ်ကျောင်း ဝယ် တရားအားထုတ်ပြီး ရိပ်သာသို့ပြန်လာသော ကြီးမှရဟန်းပြုသော ပုဂ္ဂိုလ် ၂ ပါးရှိ၏။ မကြာမီ တစ်ပါးပျံလွန်တော်မူ၍ ဆိုင်ရာဆွေမျိုးတို့ လာပြီးလျှင် ထိုကျောင်း၌ ခုနစ်ရက်လည်သည့်တိုင်အောင်နေကြ၏၊ဆွေမျိုးများပြန်သွားပြီးနောက် ညဥ့်အချိန်ရောက်သောအခါ ကျန်ရှိသော တစ်ပါးက မီးထွန်း၍ ပြတင်းပေါက်တံခါးကို ပိတ်၏၊ တစ်စုံတစ်ယောက်ကဖွင့်လေသည်။ ထပ်ပိတ်ပြန်၏၊ ထပ်၍ဖွင့်ပြန်သည်။ ထိုကိုယ်တော်သည် ကုဋီသွားချင်စိတ်ရှိ၍ ကျောင်းဘေးနားက ကုဋီကလေးသို့ ဆင်းသွားသောအခါ ထိုကုဋီထဲပျံလွန်ပြီးသော ဦးပဥ္စင်းကြီး ထိုင်နေသည်ကို မြင်ရပါသည်တဲ့။ ကျန်ရစ်သော ကိုယ်တော်သည် ကျောင်းပေါ်သို့ ပြန်တက်လာပြီးလျှင်"မင့်ကိုလူတုန်းကမှမကြောက်ဘဲတစ္ဆေဖြစ်မှကြောက်ရမှာလား"ဟုကြုံးဝါး၍ ကမ္မဋ္ဌာန်း သက်စောင့်ဓားရှည်ကြီးကို ခုတင်ပေါ်သို့တင်လိုက်ပါသတဲ့။ ထို ဓားရှည်ကို တစ္ဆေကိုယ်တော်က ယူ၍ လွှင့်ပစ်လိုက်သောအခါ ကျန်ရစ်သော ကိုယ်တော်သည် မကြောက်သော်လည်း"တစ်ညလုံးအိပ်ရတော့မှာမဟုတ်" ဟု တွေး၍ သူ့အိပ်ရာ

http://www.dhammadownload.com



လိပ်ကလေးကိုယူပြီးလျှင် တခြားကျောင်းသို့ ထွက်သွားသောအခါ နောက်ကလိုက်၍ (မသွားစေလိုသောသဘောဖြင့်) အိပ်ရာလိပ်ကိုဆွဲထားပြန်သည်တဲ့။

**မှတ်ချက်။** ။ဤသို့တစ္ဆေခြောက်ပုံကို မိမိကျောင်းတိုက်က စာချဘုန်းကြီးတစ်ပါးသိ၍ ပြောပြသောကြောင့် တစ္ဆေခြောက်ရာ၌ "ကြောက်စေလို၍ ခြောက်ခြင်း၊ ချစ်၍ ကစားသောအားဖြင့် ခြောက်ခြင်း စသောအားဖြင့် အမျိုးမျိုးရှိလိမ့်မည်"ဟုတွေးမိပါသည်။ [ထို တစ္ဆေသည် လူပယောဂဆရာကနှင်သောကြောင့် ထိုကျောင်းမှ ထွက်သွားရသည်ဟု ကြားရသောအခါ လူကနှင်သောကြောင့် သွားရခြင်းကို မိမိစိတ်၌ မခံချင်ဖြစ်လာသည်၊ မိမိကားဘုန်းကြီးတစ္ဆေကို ဘုန်းကြီးကမေတ္တာရပ်ခံသောကြောင့် မခြောက်တော့ဟုသာ ကြားချင်ပါသည်။

**ကျောင်းထိုင်တစ္ဆေ** ကျောင်းတိုက်တစ်တိုက်၌ ကျောင်းဆောက်မပြီးသေးခင် ကျောင်းဘုန်းကြီးပျံလွန်တော်မူ၏။ ပျံလွန်တော်မူ၍ သိပ်မကြာခင် နေဝင်သောအခါ ထိုကျောင်းပေါ်၌ လက်သမား အလုပ်လုပ်သကဲ့သို့ ဟိုခေါက် ဒီခေါက်နှင့် ခေါက်လေ့ရှိသတတ်။ ကျန်ရစ်သောတပည့်များက အခြားစာချဘုန်းကြီးကို ပင့်၍ ထိုအချိန်၌ သွားရောက်စုံစမ်းသောအခါ ရှေးရှေးညဉ့်များကဲ့သို့ သံရိုက်နေသံကိုကြားရပါသည်တဲ့။

**ဂန္ဓာရုံထွက် တစ္ဆေ** ဂန္ဓာရုံ၌ ကိုရင်ဘဝက နေသွားသော စာတော်သော ကိုရင် တစ်ပါးသည်မန္တလေးသို့ပြောင်းရွှေ့နေထိုင်ပြီးနောက် သူ့အရပ်သို့ရောက်သောအခါ ရဟန်းဖြစ်၏။ ရဟန်းဖြစ်၍မကြာခင်ပျံလွန်တော်မူသောအခါ တစ္ဆေပြိတ္တာဖြစ်၍ သူနေရာကျောင်းသို့ဝင်ဖို့ရန် အစောင့်အရှောက် နတ်များထံ အကြိမ်ကြိမ်ခွင့်တောင်းပြီးမှဝင်ခွင့်ရသဖြင့်ကျောင်းတိုက်ရှိ ပုဂ္ဂိုလ်တစ်ယောက်ကိုပူး၍သူ၏ဖြစ်ပုံအကြောင်းကိုပြောပြပါသည်တဲ့။

http://www.dhammadownload.com



**ငါမသွားဘူး မင်းသွား**

ကျောင်းတစ်ကျောင်း၌ ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူရာ တပည့်ကိုယ်တော်က ကျောင်းကို ဆက်၍ အုပ်ချုပ်လေသည်။ ထို့နောက် ကျောင်းဘုန်းကြီးက မိမိဆရာဘုန်းကြီး ထိုကျောင်းမှာရှိနေကြောင်းသိ၍ ညဥ့်အခါ၌ ပဋ္ဌာန်းပါဠိတော်ကိုရွတ်၏။ နံနက်ရောက်သောအခါ ကွယ်လွန်သောဆရာဘုန်းကြီးက လူတစ်ယောက်ကိုပူး၍ ပြောသည်မှာ–"ညဥ့်တုန်းက ငါ့ကိုမနေစေချင်လို့ မောင်အဝှာက ပဋ္ဌာန်းရွတ်လိုက် တာ နားကိုပူလို့၊ ငါမသွားဘူး မင်းသွား"ဟု ပြောပါသည်တဲ့။

**ဂူအောင်းတစ္ဆေ**

ဘုန်းကြီးအခေါ်ခံရသူတစ်ဦးကား "ဂူထဲ၌ ၇ ရက်လုံးလုံး အစာမစားဘဲနေနိုင်သည်"ဟူသော ကြွေးကြော်သံဖြင့် အရပ်တော်တော်များများသို့ လှည့်လည်ပြီးနောက် ပြည်မြို့သို့ရောက်သောအခါ စုံစမ်းလိုသောကျောင်းအမနှင့်တွေ့၍ မည်သူမျှအနားမလာရဘဲ ခိုင်မာသောလုံခြုံသောအုတ်ဂူလုပ်ပြီးလျှင် ထိုဂူအတွင်း၌ ဝင်နေစေ၏။ အခြားနေရာ၌မူ အသက်ရှူပေါက်ရဖို့ လူ မသိအောင် အပေါက်ထား၍ အစာသွင်းနိုင်အောင် သူ့လူများက ကြံနိုင်သော်လည်း ထိုနေရာ၌ မကြံနိုင်ရကား ၇ ရက်ပြည့်၍ ဖွင့်ကြည့်သောအခါ တံခါးအနီး၌ သေနေသည်ကို တွေ့ရသတတ်။ ထိုနေရာ၌ တစ္ဆေခြောက်၍ မသွားဝံ့ကြ။ သို့သော် ထိုသို့သေသွားပြီးနောက် သူ့ကိုယုံကြည်သော အခြားအရပ်က ဒကာတချို့ရောက်လာသောအခါ ထိုဂူနေရာကိုအလွန်ရိုသေစွာရှိခိုးကြပါသတဲ့။[အလွန်ရိုး သော(အ,သော) လူမျိုးပါပေ။]

**နိုင်ငံရေးဘုန်းကြီး တစ္ဆေ**

နိုင်ငံရေးကို ရွက်ဆောင်နေသော ဆရာတော်တစ်ပါးလည်း ပျံလွန်တော်မူသောအခါ တစ္ဆေပြိတ္တာဖြစ်နေပုံကို အမြင်ပေါက်သော ဆရာက "မန္တလေးဈေးချိုနှင့်ကျုံးအကြားဝယ် သွားလာနေသည်ကို မြင်ရ

http://www.dhammadownload.com



သည်"ဟုပြောကြောင်းကို ဒကာတစ်ယောက်လျှောက်၍ သိရသည်။

**ညှိုးငယ်နေသော ဘုန်းကြီး ၂ ပါး**

တစ်နေရာ၌ ကျောင်းကိုယ်စီဖြင့် ဘုန်းတော်ကြီး ၂ ပါး ရှိ၏။ အနေအထိုင်လည်း မညံ့၊ အများ သံဃာနှင့်လည်း ဆန့်ကျင်ခြင်းမရှိ၊ချစ်ခင်ကြည်ညိုသူများ၏။ ထိုကိုယ်တော် ၂ ပါးသည် သူ့နေရာနှင့် သူ အသီးအသီး ပျံလွန်တော်မူလေသော် သူတို့ကိုသိသော "အမြင် အထင်ပေါက်သည်"ဟုဆိုသူတစ်ယောက်က သင်္ကန်းဝတ်လျက်ပင် ညှိုးညှိုးငယ်ငယ်နေကြပုံကို မြင်ရပါသည်တဲ့။

စဉ်းစားဖွယ်။ ။ ထိုကိုယ်တော် ၂ ပါးသည်"ဘာ့ကြောင့် ထိုကဲ့သို့ဖြစ်ရပါသနည်း"ဟု စဉ်းစားသည်ရှိသော် ခေတ်အလိုက် လာဘသက္ကာရကို လိုလားမှုကား ကင်းရှာကြမည် မဟုတ်ချေ။ ငွေစသော နိဿဂ္ဂိပစ္စည်းများလည်း ခေတ်အလိုက် ကင်းနိုင်ရှာကြမည် မဟုတ်ချေ။ ထို့ကြောင့် ထိုကဲ့သို့ဖြစ်ရသည်ဟု စဉ်းစားမိပါသည်။

**ရာဇဂုရုတချို့**

ရဟန်းခံကိစ္စတစ်ခုကြောင့် သံဃာအများ စုမိရာ သိမ်အတွင်း၌ ဆရာတော်ကြီးတစ်ပါးက ဩဝါဒပေးရင်း"ကိုယ်တော်တို့၊ကောင်းကောင်းနေကြပါ၊ရှင်ဘုရင်လက်ထက်တုန်းက ရာဇဂုရု တံဆိပ်ရ တချို့သော်မှ ပြိတ္တာဘဝ၌ ရောက်နေကြသည်"ဟု အထင်အမြင်ပေါက်နေသော ပြာသာဒ်အုတ်ကျောင်း ဆရာတော်က အမိန့်ရှိသည်ဟုပြောပါသတဲ့။

**မှတ်ချက်။** ။ ရာဇဂုရုတချို့ဟုဆိုသဖြင့် ကောင်းမွန်စွာကျင့်တော်မူကြသော ရာဇဂုရုဆရာတော်များမပါဝင်ဟုမှတ်ပါ။ မှန်၏။ ရာဇဂုရုပင်ဖြစ်သော်လည်း ရှင်ဘုရင်က ထောက်ပံ့သောဆန်များကို ဆွမ်းမချက်တော့ဘဲ ရောင်းစားကြသောကြောင့်တချို့ဆရာတော်များအား"ဆွမ်းဆန်တော်ပါဘုရား"လျှောက်၍ ငွေကိုလစဉ် ထောက်ပံ့ကြရပါသည်တဲ့၊ ထိုသို့ဖြစ်လျှင် ယခုအခါအဂ္ဂမဟာပဏ္ဍိတတချို့အတွက် စဉ်းစားစရာပေ။

http://www.dhammadownload.com



**ဘုရားလူကြီး ပြိတ္တာတွေ**

လွန်ခဲ့သောတမြန်နှစ်လောက်ကဘုန်းကြီးနှင့်စပ်သော ဆိုင်ရာဂိုဏ်းဝင် တချို့သည် အထက်၌ ထင်ရှားသောဘုရားများကို အဖူးအမြော် သွားကြ၏။ မြို့တစ်မြို့သို့ ရောက်သောအခါ ဒကာ တစ်ယောက်သည် ထင်ရှားသောဘုရားကုန်းတော်ပေါ်သို့ ညဥ့်အချိန်တစ်ယောက်တည်း တက်သွား၍ ဘုရားစာများကိုရွတ်ပြီးလျှင် ကုသိုလ်အဖို့ကို အမျှဝေသောအခါ ဘုန်းကြီးတစ်ပါးလည်း ပါဝင်သော ဘုရားလူကြီးတွေဟု ထင်ရသော ပြိတ္တာအချို့သည် အလွန် ဆိုးဝါးသောရုပ်အဆင်းဖြင့် သာဓုခေါ်ဖို့ရန်ပါးစပ်မှ အသံမထွက်နိုင်သောကြောင့် အလွန်ပင်ပန်းစွာ ခံနေရသည်ကို တွေ့ရပါသည်တဲ့။ [ထိုအရပ်ရှိလူတို့က ထိုဘုန်းကြီး၏ ဘုရားနှင့်စပ်၍ မတရား စီးပွားရှာပုံကို ပြောပြလိုက်ပါသည်တဲ့။]

**တစ္ဆေ လူဝင်စား**

မန္တလေးဈေးချို အနောက်ဘက်၌ ဒကာမ တစ်ယောက်သေပြီးနောက် ဆယ်လကျော်မှ ထိုအမျိုးအိမ်၌ လူ(မိန်းမ)ပြန်၍ ဖြစ်လာ၏။ စကားပြောတတ်သောအခါ "ဒီအဝတ်လည်း ငါ့ဟာ၊ ဟိုအဝတ်လည်း ငါ့ဟာ၊ ဒီပစ္စည်းလည်း ငါ့ဟာ"ဟု ရှေးဘဝတုန်းက သူ့ပစ္စည်းများကို ပြောသဖြင့် "ညီး ဒီအိမ် မဝင်စားခင်က ဘယ်မှာဖြစ်နေသလဲ"ဟု မေးကြသောအခါ "ဒီလမ်းထဲမှာပဲ ဖြစ်နေတယ်"ဟု ပြော၏။ ညီး လူတွေကို မကြောက်ဘူးလား"ဟုမေးသောအခါ "လူကြီးတွေကို မကြောက်ပါဘူး၊ ကလေးတွေကတော့ တုတ်နဲ့ခဲနဲ့ ဟိုဟိုဒီဒီပစ်တဲ့အခါ သူတို့ကိုလည်း မှန်တတ်လို့ ကလေးတွေကိုကြောက်တယ်" ဟု ပြော၏။

"ညီး မပျင်းဘူလား"ဟုမေးသောအခါ "မပျင်းပါဘူး၊ ဒီလမ်းထဲမှာ အဖော်တစ္ဆေတွေ အများကြီးပဲ"ဟုပြော၏။ "ညီးတို့ ဘာစားနေတုံး"ဟုမေးသော အခါ"လူတွေပစ်တဲ့ ထမင်းလုံး ဟင်းဖတ်နဲ့

http://www.dhammadownload.com



သလိပ်ချွဲတွေကိုစားနေကြတယ်။ အမေဆွမ်းတော်တင်ပြီး အမျှဝေတဲ့ အခါ သာခုမခေါ်ပါဘူး၊ ဆွမ်းတော်စွန့်တော့ လုစားကြတာပဲ”ဟု တစ္ဆေပြိတ္တာတို့ရဲ့သဘာဝကို ပြောပြပါသည်တဲ့ ။[ထိုအမျိုး၏ သူတော် ကောင်းပုံကို သတိပြုပါ။]

**အာဂန္တု ဘုန်းတော်ကြီးများ**

မြို့တစ်မြို့မှ မိမိကျောင်းသို့လာ၍ ရှင်ပြုသော အလှူဒကာ တစ်ယောက်သည် သူ၏ဆိုင်ရာမြို့မှ ဘုန်းတော်ကြီးများကိုလည်း ပင့်ခဲ့၏။ နံနက်၌ ထုံးစံအတိုင်း ဩဝါဒပေးရင်း အလှူရေစက်ချသော အခါ ဘုန်းကြီး ဘဝမှ တစ္ဆေပြိတ္တာ ဖြစ်သွားကြသော ပြအပ်ခဲ့သော ဝတ္ထုများကို ထည့်သွင်းဖော်ပြလိုက်၏။ ထိုဘုန်းတော်ကြီးများသည် မိမိတို့ တည်းခိုရာကျောင်းသို့ ရောက်သောအခါ “ဆရာတော်က သူကြားဖူး သော ဝတ္ထုတို့ကိုသာပြောပြတာပါ။ မိမိတို့နယ်၌လည်း ဒီလို ဝတ္ထု မျိုးတွေ ရှိပါသေးတယ်”ဟု ကျောင်းနေ ဆွမ်းစားကျောင်း ဘုန်းကြီး အား ထိုဝတ္ထုများကို ပြောပြကြသည်တဲ့။

**ဗုဒ္ဓတရားတော်**

[ အန္ဓီဘူတော အယံလောကော၊ တနုကေတ္ထ ဝိပဿတိ။ သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။] လူရောရှင်ပါ ဤသတ္တဝါအပေါင်းသည် မောဟ တည်းဟူသော အမှောင်က ဉာဏ်မျက်စိကိုဖုံးလွှမ်းထားသောကြောင့် အကြောင်းအကျိုး အကောင်းအဆိုးတို့ကို မမြင်နိုင်စွမ်းသောသူကန်း သဖွယ်ဖြစ်၍နေ၏။ ငှံးစသောငှက်အုပ်ကြီးကို မုဆိုးက ပိုက်ကွန်ဖြင့် လွှမ်း၍ဖမ်းလိုက်သည်ရှိသော် ပိုက်ကွန်မှလွတ်ထွက်သောငှက်သည် တစ်ကောင်တလေသာ ရှိတော့သကဲ့သို့ ထို့အတူ အနည်းငယ်သော သတ္တဝါသည်သာ သုဂတိဘဝသို့လည်းကောင်း၊ နိဗ္ဗာန်သို့ လည်း ကောင်း ရောက်နိုင်သည်။ [ ဓမ္မပဒ၊ ပေသကာရဓီတာဝတ္ထု။]

http://www.dhammadownload.com



**လူများလည်း သတိထားဖွယ်**

ဤ တရားတော်နှင့် အညီ စဉ်းစားသည်ရှိသော် အိမ်ရာတည်ထောင်လူ့ဘောင်ကိုစွန့်ခွာ၍ ရဟန်းဘဝ၌ရောက်နေကြသော ပုဂ္ဂိုလ်များသာမက လူ့ဘောင်၌ ပေါ့ပေါ့ဆဆနေကြသော ငါးပါးသီလကို လုံခြုံအောင် မထိန်းနိုင်သော လူဝတ်ကြောင်များလည်း (ပရလောက) နောက်ဘဝကို ယုံကြည်ကြလျှင် ပရလောက၌ အကျိုးများဖွယ် မရှိသော ဂုဏ်ပကာသန ဒါန, သီလ, ဘာဝနာမှုတို့ကို ပြုမည့် အစား အကျိုးများသော ငါးပါးသီလကိုလည်းကောင်း၊ အသက်မွေးဝမ်းကျောင်း စင်ကြယ်သော အာဇီဝဋ္ဌမကသီလကိုလည်းကောင်း၊ ဒုစရိုက် ၁၀ ပါးမှ ရှောင်ကြဉ်၍ သုစရိုက် ၁၀ ပါးကိုလည်းကောင်း၊ အမြဲထိန်းကာ ပကာသနကင်းသဖြင့် သန့်ရှင်းသောဒါန ဥပုသ် သီလဘာဝနာ တို့ကိုသာကြိုးစားသင့်ကြပါသည်။

**နိဂုံး**

ဤ စတုတ္ထအခန်း၌ မြန်မာပြည် သာသနာဝင် အစဉ်အဆက်ကို အကျဉ်းအမြွက်မျှပြ၍ ကဿပဗုဒ္ဓရှင်တော်မြတ်၏သာသနာနောက်ပိုင်းအဖြစ်အပျက်ကိုလည်းကောင်း၊ ဤအချိန်မှာပင် ပြိတ္တာ တစ္ဆေဖြစ်နေသူ တချို့ကို လည်းကောင်း ပြခဲ့ပြီ။ "ပိန္နဲသီး တစ်ပိုင်း ပုပ်နေလျှင် အကောင်းပိုင်းသည် အပုပ်ကို အကောင်းပြန်ဖြစ်လာအောင် မစွမ်းနိုင်ဘဲ သူသာလျှင်အပုပ်ဘက်သို့ ပါတော့သကဲ့သို့ သာသနာဝင် အရှင်ကောင်းများလည်း မကောင်းသူတွေကို အကောင်းဖြစ်လာအောင်မတတ်နိုင်ဘဲ အကောင်းတွေသာလျှင် မကောင်းဘက်သို့ ပါရတော့မည်ကဲ့သို့ ဖြစ်နေချေပြီ" ဟု ဆရာတော်တစ်ပါး မိန့်တော်မူရှာပေသည်။ ဤစာရေးသူ၏ ကလေးဘဝမှ ယခုအရွယ်ကျအောင်ဗုဒ္ဓရှင်တော်၏သာသနာဆုတ်ယုတ်လာပုံမှာ မျက်မြင်အားဖြင့် ထင်ရှားလှပါသည်။ ယခုနှယ်က ပြုပြင်တားဆီးမှုမရှိပါမူ အတော်ကြာလျှင် ကဿပရှင်တော်မြတ်၏

http://www.dhammadownload.com



နောက်ပိုင်းသာသနာ အခြေအနေတိုင်အောင် ပျက်စီးသွားမည်ကို စိုးရိမ်ရပါသည်။ ယခုအခါ နေလအသွင် ထင်ရှားတော်မူကြပေသော သာသနာ့ဝန်ဆောင် ဆရာတော်အများလည်း ၆၀ အရွယ်တော် နည်းပါး၍ ၇၀ အတွင်း ၇၀ ကျော်အရွယ်သာ များကြလေသည်။ ထိုဆရာတော်များသည် ယခုပင် သာသနာ့ဝန်ကို အားသွန်၍ မဆောင်နိုင်ကြတော့ပါ။ နောက် ၁၀ နှစ်လောက်ကြာလျှင် ဖူးမြင်ခွင့် ရကောင်းမှ ရတော့မည်။

ထိုဆရာတော်ဘုရားများ ကွယ်လွန်၍သွားလျှင် မည်သည့်ဂိုဏ်း၊ မည်သည့်တိုက်တာ၌မျှ (ယခုအခြေအနေအရ) အစားသွင်းစရာမရှိကြပါ။ ယခုအချိန်၌ပင် အစားသွင်းစရာမရှိသဖြင့် ဟာ၍ကျန်ရစ်သော တိုက်တာများကို မြင်နေကြရပြီမဟုတ်ပါလော။ ထို့ကြောင့် အနာဂတ်ကာလ၌မြန်မာပြည်သာသနာတော်၏တည်တံ့ရေးကို လည်းကောင်း၊ စွမ်းနိုင်ကြပါမူ သာသနာတော်ကို အကြောင်းပြု၍ မြန်မာကို ကမ္ဘာက အသိအမှတ်ပြုရေးကို လည်းကောင်း တွေး၍ အနာဂတ်သာသနာရေးကို ညွှန်ပြဖို့ရာ လက်ရှိသာသနာ့ အခြေအနေပြ စတုတ္ထ ဤအခန်းကို ဆုံးခန်းသို့ ရောက်စေရပါသတည်း။

**မြန်မာပြည်သာသနာအခန်း ပြီး၏။**

http://www.dhammadownload.com

# အနာဂတ်သာသနာ

## ကာလာမသုတ်ခေါ်

**မခွဲလမ်းရာ ဆယ်ဌာန**

ကောသလတိုင်း အပါအဝင်ဖြစ်သော ကာလာမ မင်းတို့၏ အုပ်စိုးရာ ကေသမုတ္တနိဂုံးသည် တော အုပ် တစ်ခု၏ အဝင်ဝ၌ တည်သောကြောင့် ထို တောလမ်းခရီးသွားတို့၏ တည်းခိုရာအရပ်ဖြစ်နေ၏။ အယူ အမျိုး မျိုးရှိသော ဆရာကြီးတို့သည် ထိုအရပ်ရောက်လျှင် မိမိတို့အယူကို ဝါဒဖြန့်၍ အခြားအယူများကို ဖိနှိပ်၍ ပြောဟောတတ်ကြကုန်၏။ ထိုနိဂုံးသားတို့သည် အယူဝါဒနှင့်စပ်လျဉ်း၍ ယောင်ဝါးဝါးဖြစ်နေ ကြစဉ် ဗုဒ္ဓရှင်တော်မြတ်သည်လည်း ထိုအရပ်သို့ ရောက်တော်မူလာ ၏။ ထိုနိဂုံးသားတို့သည် "အယူဝါဒအမျိုးမျိုးကို ကြားနေကြရသဖြင့် ဟိုသူပြောတာ ဟုတ်နိုးနိုး၊ ဒီသူပြောတာ ဟုတ်နိုးနိုး၊ တွေးတောနေ ကြပါကြောင်း" လျှောက်ကြလေရာ ဗုဒ္ဓရှင်တော်မြတ်က အမျိုးမျိုး ကြားနေရသောသင်တို့မှာ ယုံမှားတွေးတောစရာပေပဲဟု မိန့်တော်မူ ပြီးလျှင်

"နားထောင်ကြ ကာလာမ အမျိုးသားတို့-

၁။ ကလေးဘဝမှစ၍ ကြားနာမှတ်သားခဲ့ရခြင်းဖြင့်လည်း "ဟုတ်တယ် မှန်တယ်"ဟု အစွဲအမြဲ မယူကြနှင့်။

၂။ မိဘဘိုးဘွားစသည်တို့မှ ဆင်းသက်၍ (ပရံပရ= အဆက်ဆက်)မှတ်ယူ လုပ်ကိုင်ရိုးဖြစ်၍လည်း အစွဲအမြဲ မှတ်ယူ မထားကြနှင့်။

၃။ "ဣတိကိရ=ဒီဟာကဒီလိုတဲ့"ဟု အခြားတစ်ယောက်က ပြောလိုက်ရုံမျှဖြင့်လည်း အမြဲအစွဲ မှတ်ယူမထားကြနှင့်။

http://www.dhammadownload.com



၄။ “ဒီအယူအဆသာ ငါတို့သင်အပ်သော ကျမ်းစာနှင့် ညီတယ်”ဟုမိမိတို့ ကျမ်းစာနှင့်ညီနေရုံဖြင့်လည်း အတည်တကျ မှတ်ယူ မထားကြနှင့်။

၅။ မိမိဘာသာကြံစည်အပ်သောအရာကိုလည်း “ဟုတ်လုပြီမှန်လုပြီ”ဟု အမြဲအစွဲ ယူမထားကြနှင့်။

၆။ အခြားနေရာ(အခြားနိုင်ငံ)တို့၌ သူတစ်ပါးတို့လုပ်နည်းကိုင်နည်းကို သဘောကျ၍လည်း ဤနေရာ၌ သင့်တော်လှပြီဟု အမြဲအစွဲ ယူမထားကြနှင့်။

၇။ တစ်စုံတစ်ခုပြုဖို့ရန် အကြောင်းအထောက်အထားကို စဉ်းစားရာဝယ် အထောက်အထားကောင်းကိုရ၍ သဘောကျသဖြင့်လည်း အမြဲအစွဲ မယူကြနှင့်။

၈။ “သူပြောအပ်သောအယူဝါဒသည် ငါတို့စဉ်းစားကျေနပ်ထားသော အယူနှင့်ညီမျှပေသည်ဟု အယူဝါဒချင်း တူမျှရုံဖြင့်လည်း အမြဲအစွဲ မယူကြနှင့်။

၉။ “ဤရသေ့ ရဟန်းကား ယုံကြည်ထိုက်သော အထက်တန်း ပုဂ္ဂိုလ်တည်း၊ ဒီလိုပုဂ္ဂိုလ်၏စကားကို လေးလေးစားစား မှတ်သားထိုက်သည်”ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်။

၁၀။ “ဤရသေ့ရဟန်းကား ငါတို့ကိုးကွယ်အပ်သော ဆရာဖြစ်၏။ ငါ့ဆရာစကားကို ငါမှတ်သားသင့်သည်”ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်။

ကာလာမအမျိုးသားတို့၊ “ဤအကျင့်တွေသည် ကောင်းလည်း မကောင်း၊ အပြစ်လည်းမကင်း၊ ပညာရှိကဲ့ရဲ့စရာလည်း ဖြစ်၏။ ထိုအကျင့်အကြံ အလုပ်အကိုင်ကို ပြုလိုက်လျှင် စီးပွားမဲ့ ဒုက္ခရောက်ဖို့ဖြစ်၏”ဟု ကိုယ်တိုင်နားလည်လာသောအခါထိုအကျင့် ထိုအပြုအမူများကို စွန့်လိုက်ကြ။ “စီးပွားတိုးတက်၍ သုခရဖို့ အကျင့်

http://www.dhammadownload.com



များ”ဟု ကိုယ်တိုင်နားလည်ထားသော အကျင့်အကြံ အပြုအမူများ ကိုသာ လိုက်နာပြုကျင့်ကြ။ (တိကင်္ဂုတ္တရပါဠိတော်)

[ဆောင်] ကလေးဘဝ၊ စ,၍မှလျှင်၊ ကြားရဖန်ဖန်၊ ပရံပရ၊မိဘ ဘိုးဘွား၊ ဆက်ဆက်အားဖြင့်၊ မှတ်သားခဲ့ဘိ၊ ပြုရိုးရှိ၏။

ဣတိကိရ၊ ကြားလူကပြော၊ ကျမ်းသဘောနှင့်၊ နီး နေသညီပြန်။

အကြံသက်သက်၊ကြံစည်ချက်တည်း၊ တစ်နည်းမှန်း ဆ၊ နည်းလမ်းရယူ၊ တစ်မူအကြောင်း၊ ကြံကောင်းကြံရ၊ ကိုယ့် ယူဆကို၊ အားရနှစ်သက် ညီညွတ်ချက်ပါ။

ရဟန်းမှာမူ၊ ပြောရာမှန်ကန်၊ ဖြစ်သင့်တန်၏။

တစ်ဖန် သူဟာ၊ တို့ဆရာဟု၊ ဆယ်ဖြာကြောင်းစု၊ တစ်ခုခုကြောင့်၊ ယူမှုတိမ်းစောင်း၊ မှားတတ်ကောင်းသည်၊ အပေါင်း စဉ်းစားကြစေသော်။

**မှတ်ချက်။** ။ ဤကာလာမသုတ်၌“မိမိတို့ငယ်ရွယ်စဉ်က မှတ်သားထားသောအရာ မိရိုးဖလာ(ပြုရိုးပြုစဉ်)နှင့် ရသေ့ရဟန်း ပြော သမျှ ဆရာသမားပြောသမျှတွေကိုပင် အကျိုးရှိ–မရှိ စဉ်းစား၍ အမှန် အကျိုးရှိကြောင်းကို ကိုယ်ပိုင်ဉာဏ်ဖြင့်သိမှ မှတ်ယူ လိုက်နာ ရမည်”ဟု အမိန့်တော်ရှိ၏။ ယခုကာလ၌ မိရိုးဖလာ အစွဲသန်နေသူတို့သည် ဗုဒ္ဓရှင် တော်၏ ဤမိန့်ခွန်းတော်ကို ဦးထိပ်ရွက်ပန်ဆင်ကာအစွဲသန်သင့်ရာ၌သာ အစွဲသန်ကြ၍ မစွဲလမ်းသင့်ရာတို့၌ကား လွှယ်လွှယ်ကလေးနှင့် ပြုပြင်နိုင် မှသာ သာသနာကျိုး နိုင်ငံကျိုး မိမိအကျိုး ပွားတိုးစေနိုင်ကြပေလိမ့်မည်။

အသောကမဟာရာဇာသည် မိရိုးဖလာ ကိုးကွယ်ထားသော ဗြာဟ္မဏတွေကိုစွန့်လွှတ်၍ ရဟန်းတော်များကို ကိုးကွယ်ကာ အကြီး အကျယ် သာသနာပြုခဲ့ပါသည်။ အနော်ရထာမင်းစောလည်း အရည်း

23 B

http://www.dhammadownload.com



ကြီးများကိုဖယ်ရှား၍ အရှင်အရဟံအမှုထားသော သံဃာစစ်များကို နှစ်နှစ်ကာကာ ချီးမြှောက်ခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံ၌ သာသနာရေးဝယ် ပြုပြင်ဖွယ်တွေရှိသော်လည်း ထိုမင်းများ ကဲ့သို့ တစ်မျိုးတစ်မည် ပြောင်းပစ်ဖို့မလိုပါ။ အဆုတ်ဘက် အလျော့ဘက်သို့ ငဲ့နေသော သာသနာကို အနည်းငယ်ဦးလှည့်ပေးလိုက်ရုံမျှဖြင့် အတိုးဘက် အတက်ဘက်သို့ရှေးရှုဖြစ်ကာ အမျိုးဘာသာ သာသနာ အကျိုး ပွားတိုးစေနိုင်သည်ဟု မြော်မြင်မိပါသည်။ ဤသို့မျှ လက်ရှိ ပုဂ္ဂိုလ်တို့က(နိုင်ငံခေါင်းဆောင်သာသနာ့ဝန်ဆောင်တို့က) မပြုပြင်ခဲ့ကြလျှင်အနာဂတ်လူငယ်တို့သည်သာသနာကိုကိုးကွယ်ကြတော့မည် မဟုတ်ပါ။

## အနာဂတ်ကျောင်းတိုက်များ

**ပရိယတ်နှင့် ပဋိပတ်ကျောင်း**

ဗုဒ္ဓရှင်တော်၏ သြဝါဒ ပိဋကတ်တော်များကို တာဝန်ယူကြရသော ရဟန်းတို့၏သီတင်းသုံးရာ ကျောင်းတိုက်များသည် ဗုဒ္ဓ အလိုတော်ကျဖြစ်ဖို့ရာ ကျမ်းစာများကိုသင်ယူပို့ချသော ပရိယတ်ကျောင်းတိုက်နှင့် တရားကျင့်သုံးနေသော ပဋိပတ်ကျောင်းတိုက်များသာ ဖြစ်စေသင့်ပါသည်။ [သံဃာအနည်းငယ် သီတင်းသုံးရာဌာနကို"ကျောင်း"ဟုခေါ်၍ သံဃာ အစိတ် ၃၀ စသည် စုပေါင်းလျက် သီတင်းသုံးရာ ဌာနကို"ကျောင်းတိုက်"ဟုခေါ်တွင်စေသင့်သည်။] ထိုပရိယတ် ပဋိပတ် ၂ မျိုးတွင် တစ်မျိုးမျိုးမျှ ကျကျနနမရှိသောကျောင်း၊ ကျောင်းတိုက်များသည်နှစ်အတော်ကြာလျှင်အလိုအလျောက်ကွယ်ပျောက်လောက်အောင် အစိုးရနှင့် ဝန်ဆောင်များက ကြောင့်ကြစိုက်သင့်ပါသည်။

http://www.dhammadownload.com



**ကမ္မဋ္ဌာန်း ဘုန်းတော်ကြီးများ** ကမ္မဋ္ဌာန်း အားထုတ်သော အရှင်မြတ်တို့သည် သက်တော် ဝါတော်ကြီး ပုဂ္ဂိုလ်များနှင့် မကျန်းမမာဖြစ်သောပုဂ္ဂိုလ်များကို ချန်၍ ကျန်ပုဂ္ဂိုလ်များမှာ(အမြဲဆွမ်းခံစားရသော) ပိဏ္ဍပါတိကဓုတင်ဆောင်များချည်းသာ ဖြစ်စေသင့်၏။ ထိုတရားကျင့်ပုဂ္ဂိုလ်များလည်း မြို့ရွာနှင့်စပ်သော သုမင်္ဂလ–ဒုမင်္ဂလကိစ္စတို့၌ ကြောင့်ကြစိုက်ဖွယ် မလိုတော့ရကား ဖိုးသူတော် ကပ္ပိယဒကာများမှတစ်ပါး ကျောင်းသား သူငယ်စသူတို့ ရှိဖွယ်မလိုတော့။ သို့ရာဝယ် အလွန်ထင်ရှား ကျော်စောသော တရားကျင့်ဆရာတော်များ ကျောင်းတိုက်၌ကား အခါ အားလျော်စွာ ဥပါသကာ ဥပါသိကာမတို့ဆည်းကပ်လျက် ရက်ပေါင်းကြာညောင်းစွာ နေထိုင်ရာလည်း ဖြစ်ရလိမ့်မည်။ အလွန်ဘုန်းကံကြီးမားသော ထိုတရားကျင့်ဆရာတော်များလည်း ဘုန်းကံအလျောက် ပေါများ ပိုလျှံသော လာဘ်များကို အနီးအပါး၌ရှိသော စာသင်တိုက်များအား ချီးမြှောက်ခြင်းဖြင့် ပရိယတ္တိသာသနာကိုလည်း စောင့်ရှောက်တော်မူနိုင်ကြပါလိမ့်မည်။ [ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်သည် ဤအတိုင်း ချီးမြှောက်ခဲ့ပါသည်။]

**ကမ္မဋ္ဌာန်းကျောင်း** "ကမ္မဋ္ဌာန်း အလုပ်" ဟူသည် ကိစ္စနည်းလေကောင်းလေ ဖြစ်၏။ ကမ္မဋ္ဌာန်းတရားကို အားထုတ်လိုသူတို့ မနေထိုက်သောကျောင်းသည် "မဟာဝါသ= ကျောင်းကြီး တိုက်ကြီး၊ နဝါဝါသ= အလုပ်အကိုင်ပြုစရာတွေ များသောကျောင်းသစ် တိုက်သစ်၊ ဇရာဝါသ=ပြုပြင်စရာတွေ များသောကျောင်းအို၊ ပန္ထနိ=လူသွားလူလာ လမ်းနှင့်နီးသောကျောင်း" ဤသို့စသည်ဖြင့် တစ်ဆယ့်ရှစ်မျိုးရှိသည်။ ထို့ကြောင့် ကမ္မဋ္ဌာန်းတိုက်များ၌ ကျောင်းကြီးများကို ဆောက်လုပ်လှူဒါန်းကြခြင်းသည် ကုသိုလ်ရသော်လည်းကမ္မဋ္ဌာန်းအလုပ်ကိုကားနှောင့်ယှက်ရာရောက်၏။

http://www.dhammadownload.com



ရှင်းပြဦးအံ့၊ ကမ္မဋ္ဌာန်းဘုန်းတော်ကြီးသည် တစ်ပါးနေလောက်ရုံ ကျောင်းကလေးဖြင့် ရိုးရိုးကုပ်ကုပ်တရားကိုသာအားထုတ်နေ၏။ ကြည်ညိုသောဒကာ ဒကာမတို့က ကျောင်းကြီး တိုက်ကြီးဆောက်၍ လှူဒါန်းကြ၏။ ထိုဘုန်းကြီးမှာ လက်သမား ပန်းရံသမား ကူလီများနှင့် စကားပြောရသဖြင့် တရားအားထုတ်ချိန်နည်းသွား၏။ နဂိုက ရ,လက်စ သမာဓိလည်း လျော့သွား၏။ လက်သမား စသူတို့နှင့် စကားမပြောရစေကာမူ သူတို့ကို တွေ့ရမြင်ရ၊ သူတို့၏လုပ်ကိုင်သံကို ကြားရ၍ သမာဓိပျက်ရ၏။ ကျောင်းပြီးသောအခါ၌ကား ကျောင်းကြီးကို ပိတ်ရ ဖွင့်ရတံမြက်လှည်းရစောင့်ရှောက်ရနှင့်တာဝန်တွေများကာ အနှောင့်အယှက်သာဖြစ်တော့သည်။

**မြှမြင်စရေး** ဤပြခဲ့သောစကားစဉ်အရ ဒကာ ဒကာမများ၏ ကျောင်းကြီးဆောက်လှူဒါန်းမှုသည် ကုသိုလ်ရသော်လည်း အလှူခံ ပုဂ္ဂိုလ်မှာမူ တရားအလုပ် ဆုတ်ယုတ်ရကား ပဋိပတ်ကိုအားပေးရာမရောက်ဘဲ တစ်နည်းအားဖြင့်ဖျက်ဆီးရာ ရောက်နေ၏ဟု သတိပြုကာ အနာဂတ်ကာလ၌ ကမ္မဋ္ဌာန်းတိုက်များဝယ် ကျောင်းကြီးဆောက်လှူမည့်အစား ထိုပုဂ္ဂိုလ်တစ်သက်တာမျှ ချမ်းချမ်းသာသာ အားထုတ်နိုင်အောင် ဆွမ်း၊ ဆေးနှင့် နေသာထိုင်သာရှိရုံကျောင်း စင်္ကြံ ရေကန် ရေတွင်း လိုသလောက်ကိုသာ ကြည်နူးဖွယ်ရှိအောင် တည်ဆောက် လှူဒါန်းသင့်ကြပါသည်။

အချုပ်မှာ မည်သည့်အလှူဒါနမဆိုမိမိကုသိုလ်ရရုံလောက်ကိုသာ မတွေးဘဲ အလှူခံပုဂ္ဂိုလ်၌ အသုံးကျမကျ၊ အလုပ်ကို အားပေးရာ ရောက်မရောက်ကိုပါ ထည့်သွင်းစဉ်းစားပြီးလျှင် ပရိယတ်ကိုဖြစ်စေ၊ ပဋိပတ်ကိုဖြစ်စေ အားပေးသော ဒါနကိုသာပြုသင့်ကြသည်။ မစဉ်းမစား ဒါနပြုလျှင် ပင်ပန်းကြီးစွာ ရှာထားရသော ပစ္စည်းများအတွက် အကျိုးရသင့်သလောက် ရလိမ့်မည်မဟုတ်ပါ။ တချို့ မှာမူ

http://www.dhammadownload.com



ကျောင်းနေပုဂ္ဂိုလ်ကို မကျေနပ်သည့်အတွက် "အေးစေဖို့ တရားနာ၊ ပူဇာစ အကျိုး" ဖြစ်တတ်ပါသေးသည်။

**ရှေးခေတ် ကမ္မဋ္ဌာန်းတိုက်**

ပါစီနဝံသတောသ၌ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင် ကိမိလတို့ သီတင်းသုံးတော်မူကြသည်။ ထိုတောကျောင်း၌ သစ်ရွက်တို့ဖြင့် မိုးကာ ထားသော ကမ္မဋ္ဌာန်းကျောင်းကလေး ၃ ကျောင်း၊ စင်္ကြံသွားဖို့နေရာ ၃ ဌာနနှင့် ရေကန်, ဆွမ်းစားကျောင်းကလေး ကုဋီအိမ်စသည်မျှသာရှိ၏။ ထိုတောကျောင်းသို့ ဗုဒ္ဓရှင်တော် ရောက်တော်မူလာ၍ အရှင် အနုရုဒ္ဓါက "မိမိတို့သည် ရေနှင့်နို့ရည် ရောထားသကဲ့သို့ အချင်းချင်း ချစ်ကြည်သောစက္ခုဖြင့် ကြည့်ကာ ညီညွတ် ချမ်းသာစွာနေထိုင်ကြရ ပါကြောင်း" အောက်ပါအတိုင်း လျှောက်လေသည်-

ဤသီတင်းသုံးဖော်များနှင့် အတူနေရသောတပည့်တော်မှာ အလွန်ကြီးစွာသောလာဘ်ကို ရနေသည်ဟုယူဆပါသည်။ သီတင်းသုံးဖော် ၂ ပါး(အရှင်နန္ဒိယနှင့် အရှင်ကိမိလ)တို့အပေါ်၌ ကိုယ်ဖြင့် ပြုစရာရှိလျှင် မေတ္တာပါသောကိုယ်အမူကိုပြုပါသည်။ နှုတ်ဖြင့် ပြောစရာရှိလျှင် မေတ္တာပါသောစကားကိုသာ ပြောပါသည်။ စိတ်ဖြင့်ကြံစရာရှိလျှင် မေတ္တာစိတ်ကိုသာ ဖြစ်စေပါသည်။ ရှေ့မှာဖြစ်စေ၊ ကွယ်ရာမှာဖြစ်စေ မေတ္တာထားမှုကား မထူးခြားပါ။

မည်သည့်ကိစ္စမဆို တပည့်တော်၏စိတ်အလိုကို ဖယ်ထား၍ သူတို့ ၂ ပါး၏ စိတ်အလိုကျသာ ဖြစ်စေပါသည်။ တပည့်တော်တို့ ၃ ပါးမှာ ခန္ဓာကိုယ်သာကွဲပြား၍ စိတ်ထားမှာမူ တစ်စိတ်တည်းလိုဖြစ်နေပါသည်။ ( ၂ ကိုယ့်တစ်စိတ် ဆိုသလို ၃ ကိုယ့်တစ်စိတ် ဖြစ်နေပါသည်-ဟူလို) [အရှင်နန္ဒိယ၊ အရှင်ကိမိလတို့ကလည်း ထိုအတိုင်းပင် လျှောက်ကြသည်။]

ထို့နောက် နေထိုင်ပုံကို လျှောက်ပြန်သည်မှာ-

http://www.dhammadownload.com



ဆွမ်းခံပြန်လာသောအခါ အလျင်ရောက်သောမထေရ်က ဆွမ်းစားဖို့နေရာခင်း၊ ခြေဆေးခုံ၊ ခြေဆေးရေထား၍ ဆွမ်းပိုသေးလျှင် ထည့်ဖို့ရာ ခွက်ကိုဆေးထားပါသည်။ သောက်ရေသုံးရေကိုလည်း ခပ်ထားနှင့်ပါသည်။ ထိုအလျင်ရောက်သော မထေရ်သည် ဆွမ်းပိုမည်ထင်လျှင် ဆွမ်းပိုထည့်စရာခွက်၌ သန့်သန့်ထည့်ပြီးမှ ဆွမ်းစားပါသည်။ ဆွမ်းစားပြီးနောက် သပိတ်ကို စင်ကြယ်စွာ ဆေးကြော သုတ်သင်ပြီးလျှင် သပိတ်အိတ်၌ထည့်၍ ယူသွားပါသည်။ နောက်ရောက်လာသော အရှင်လည်း ထိုနည်းအတိုင်း ဘုဉ်းပေးပါသည်။(ဆွမ်းမလောက်လျှင်အပိုထည့်ထားသောခွက်မှယူ၍ပိုနေလျှင်လည်း ခွက်၌ထပ်ထည့်၍ဘုဉ်းပေးပါသည်။ နောက်ဆုံးရောက်သော အရှင်ကား ထိုနည်းအတိုင်း ဘုဉ်းပေးပြီးနောက် နေရာထိုင် စသည်ကိုသိမ်း၍ သောက်ရေ သုံးရေ အိုးများကိုသိမ်းပါသည်။ ဆွမ်း ပိုလျှင် ပိုးကောင်ကလေးတွေ မရှိသော ရေထဲ၌ဖြစ်စေ၊ မြက် သစ်ပင် မရှိသောမြေပြင်၌ဖြစ်စေ သွန်ပြီးမှ ခွက်ကိုဆေး၍သိမ်းထားပါသည်။

အခြားနေရာ၌ သောက်ရေ သုံးရေများ မရှိသည်ကိုမြင်လျှင် ရေအိုးကို ရေကန်သို့ ယူသွား၍ ဆေးကြောပြီးမှ ရေထည့်ပါသည်။ ထို့နောက် တစ်ပါးတည်း မယူနိုင်လျှင် (သမာဓိပျက်မည်စိုးသောကြောင့် အဝေးကမခေါ်ဘဲ)မြင်လောက်သော အရပ်တိုင်အောင် သွားပြီးမှ(အသံပြုလျှင် အခြားတစ်ပါး ကြားမည်စိုးသောကြောင့် အသံမပြုဘဲ)လက်ယပ်ခေါ်ခဲ့၍ မူလနေရာသို့ ထိုရေအိုးကို ၂ ပါး ရွှေ့ယူပါသည်။ ဥပုသ်နေ့များ၌ တရားစကားဆွေးနွေးကြသည့်ပြင် ၅ ရက် တစ်ကြိမ်လည်း တစ်ညလုံး တရားဆွေးနွေးကြပါသည်။

ဤသို့လျှောက်ပြီးသောအခါ ဗုဒ္ဓရှင်တော်ဘုရားသည် တရားစကားကို ဆက်လက်မိန့်တော်မူပြီး၍ ထိုမှတစ်ဖန် ပါလိလေယျကတောသို့ ကြွတော်မူသည်။

http://www.dhammadownload.com



**စာသင်ကျောင်းတိုက်များ**

အိမ်ခြေ နှစ်ရာ သုံးရာ ရှိသော ရွာကြီးနှင့် မြို့ကလေးများ၌ အစိတ် သုံးဆယ်အောက် မနည်းသော သံဃာအများ သီတင်းသုံးရာ စာသင်တိုက်များ တစ်တိုက်ကျစီ တည်ရှိစေသင့်ပါသည်။ အတော် အတန်ကြီးသော မြို့၌ကား ၂ တိုက်လောက် ရှိစေကာမူ သင့်တော်ပေသည်။ မန္တလေး ရန်ကုန်ကျောင်းတိုက်များမှာ အနာဂတ်ကာလဝယ် အထက်တန်း စာသင်ပုဂ္ဂိုလ်တို့သာ နေထိုင်ရာဖြစ်၍ ပါဠိတက္ကသိုလ် အဖြစ်ဖြင့် တည်ရှိစေသင့်၏။ စာသင်တိုက်များတည်ရာမဟုတ်သော ရွာငယ်များ၌ကား ရပ်ရွာ၏ သုမင်္ဂလ(အလှူအဒါန်း) ဒုမင်္ဂလ (အသုဘ)ကိစ္စတို့ကိုရွက်ဆောင်ဖို့ရာနှင့် ရွာသားသူငယ်တို့အား မူလတန်းပညာ သင်ပြဖို့ရာ ရွာကျောင်းတစ်ကျောင်းသာ ရှိစေသင့်ပါသည်။ ထို စာသင်တိုက် စာသင်ကျောင်းများမှတစ်ပါး တည်ရှိနေသော ကျောင်းတိုက်များကား တရားကျင့်ရာဌာနကျောင်းတိုက်များသာဖြစ်စေသင့်၏။

ညွှန်ပြခဲ့သော စကားအရ ကျောင်းတိုက်အမျိုးအစားသည် (၁) တက္ကသိုလ်ကျောင်းတိုက်၊ (၂) မြို့ရွာစာသင်တိုက်၊ (၃) ရွာငယ်မူလတန်းကျောင်း၊ (၄) တရားကျင့်ကျောင်းဟု ၄ မျိုး ၄ စားရှိသင့်ကြောင်းကိုပြသည်။ [မြို့ရွာစာသင်တိုက်များ၌ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း စာသင်တိုက်ဟု ၃ မျိုးခွဲထားသင့်၏။ ထိုသို့ခွဲခြားဖို့ရန်လည်း စာသင်နည်းကိုက အတန်းခွဲပြီး ရှိရပေလိမ့်မည်။ ထိုသို့ခွဲခြားရာ၌ အုပ်ချုပ်သောဆရာတော်တို့၏ စာပေအရည်အချင်းလိုက်၍ ခွဲခြားသင့်၏။ အနည်းအများလိုက်၍ ခွဲခြားခဲ့လျှင် သံဃာများမှုကိုသာ ဂရုစိုက်ကြသဖြင့် မကြာခင်အုပ်ချုပ်၍ မနိုင်မနင်းဖြစ်ပါလိမ့်မည်။]

http://www.dhammadownload.com



**ကျောင်းမများခြင်း အကျိုး**

"ဘုရား ၂ ဆူ ပွင့်လျှင် သူ့ဘုရား ငါ့ဘုရားဟု အပြိုင် အဆိုင် စိတ်ထားဖြင့် တရား မရနိုင်ဘဲ မတရားတွေများဖွယ်သာရှိ၏"ဟု ကျမ်းစာတို့၌ ဆို၏။ ထို့အတူ တစ်ရွာ၌ စာသင်ကျောင်း စာသင်တိုက် ၂ ဌာနရှိလျှင် သူ့ကျောင်းငါ့ကျောင်းဟု ရွာသူရွာသား စိတ်ဝမ်း ကွဲပြားရုံမက အချင်းချင်း ပဋိပက္ခဖြစ်၍ ရုံးရောက်သောအမှုတွေ ယခုမျက်မြင်ပင် များလှပေသည်။ ထို့ကြောင့် တစ်မြို့တစ်ရွာတည်း၌ စာသင်ကျောင်းတိုက် ၂ ကျောင်း ၂ တိုက် မလိုလားအပ်။ သို့ရာတွင် ကမ္မဋ္ဌာန်းကျောင်းတိုက်လည်း သီးခြားရှိဦးမည်ဖြစ်၍ ကျင့်လိုသော ပုဂ္ဂိုလ်များ ကမ္မဋ္ဌာန်းတိုက်၌လည်းကောင်း၊ စာသင်လိုသော ပုဂ္ဂိုလ်များ စာသင်တိုက်၌လည်းကောင်း တစ်စုတစ်ဝေးတည်း နေသင့်ပေသည်။

**ကျေးရွာကြီးတို့၌ စာသင်တိုက် မရှိပြစ်**

ထိုထို ရွာ၌ ရှိကြသော စာသင်သား အရွယ်ငယ်ငယ် ရဟန်းငယ်တို့သည် မိမိတို့၏ ရပ်ရွာအနီးအပါး၌ စာသင်တိုက်မရှိခြင်းကြောင့် ငယ်ရွယ်စဉ်က စည်းကမ်းကျအောင် စာမသင်ရဘဲ အသက်အရွယ်ကြီးမှ(ရဟန်းဖြစ်မှ) မြို့စာသင်တိုက်သို့ ရောက်တတ်ကြ၏။ ထိုသူတို့သည် ဉာဏ်အရည်အချင်း မည်မျှပင် ရှိသော်လည်း ထိပ်တန်းရောက်အောင် မတတ်မြောက်နိုင်ကြတော့။ ထိုသို့ကြီးရင့်မှ စာသင်ရသဖြင့် စာသင်မှု၌ စိတ်မပါဘဲ ပျင်းရိချင် လည်ပတ်ချင်စိတ်သာ များလျက် သွားလာလည်ပတ်ကာ မြို့ရွာအတွင်း၌ မကြည်ညိုဖွယ်တွေသာ ဖြစ်တော့၏။ ကိုရင်တုန်းက စာသင်ထွက်ကြသူတို့မှာလည်း ဆရာမိဘတို့နှင့် ဝေးကွာနေသည့်အတွက် ကျန်းမာရေး ကိုယ်ကျင့်ထိန်းသိမ်းရေးမှစ၍ ကြောင့်ကြ စိုးရိမ်ဖွယ်တွေ များလှ၏။ အမှန်မှာလည်း ကျန်းမာရေးချွတ်ယွင်းလျက် ကိုယ်ကျင့်ပျက်သူတွေသာ များလှတော့၏။

http://www.dhammadownload.com



**ဗုဒ္ဓအလိုတော် မကျ**

ရှင်းပြဦးအံ့၊ မိဘနှင့်ဝေးကွာနေ၍ မြို့တိုက်များသို့ စာသင်ရန် ထွက်လာသူတိုင်း ငွေမပါလျှင် (ယခုအခါ) မပြီးသလောက် ဖြစ်နေ၏။ ငွေကို ခံယူသည်ကစ၍ ဝိနည်းတော်အရ နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။ ငွေကို ကိုင်တိုင်းကိုင်တိုင်း ဒုက္ကဋ်အာပတ် အပြည့်အကျပ် ထပ်နေပြန်၏။ ထိုငွေဖြင့် ဝယ်၍စားသောက်သုံးစွဲသမျှ စားဖွယ် သောက်ဖွယ်တွေလည်း နိဿဂ္ဂိယပစ္စည်းဖြစ်၍ မစွန့်ပစ်သမျှ နိဿဂ္ဂိယအာပတ်နှင့် စားတိုင်းသောက်တိုင်း ဒုက္ကဋ်အာပတ်တွေ မရေ မတွက်နိုင်အောင်ဖြစ်နေ၏။ ထိုပစ္စည်းကို အခြားပုဂ္ဂိုလ်များသုံးစွဲလျှင်လည်း ထိုအတိုင်းပင်အာပတ်သင့်ကြရ၏။ ဤသို့လျှင် မိဘနှင့်ဝေးကွာနေသော မြို့စာသင်တိုက်များဝယ် ငွေမပါလျှင် မပြီးနိုင်သောကြောင့် အာပတ်အပြစ်တွေ မရေမတွက်နိုင်အောင် များလှတော့၏။ ဗုဒ္ဓရှင်တော်၏တရားကိုသင်ယူနေကြပါသော်လည်း ဗုဒ္ဓရှင်တော်တားမြစ်ထားသော အပြစ်တွေကို နေ့ရှိသမျှ ကျူးလွန်နေရပါလျှင် အဘယ်မှာ ဗုဒ္ဓအလိုတော်ကျပါတော့မည်နည်း။ ဗုဒ္ဓအလိုတော် မကျမှန်းသိလျက်နေလျှင် အဘယ်မှာ သံသရာကျိုးရပါတော့မည်နည်း။

**သာသနာ၌ မပျော်နိုင်**

ထိုကဲ့သို့ အပြစ်များကို ကျူးလွန်လာခဲ့ရသော စာတတ် ပုဂ္ဂိုလ်တို့သည် အဘယ်မှာ သာသနာတော်၌ တရားနှင့်ပျော်ပိုက်နိုင်တော့မည်နည်း။ တစ်နည်းအားဖြင့် စဉ်းစားရသော် သူ့ ဆရာ ဖြစ်သောအခါ၌လည်း တပည့်ပရိသတ်များကို တော်သလိုသာ အုပ်ချုပ်ပေတော့မည်။ သို့ဖြစ်လျှင် မြန်မာနိုင်ငံသာသနာသည် အဘယ်မှာ ကိုယ်ကျင့်ဘက်က တိုးတက်နိုင်ပါတော့မည်နည်း။ လျော်ရင်းနစ်ရသော လျှော်သဖွယ် မြုပ်ကွယ်ဖို့ အချက်သာ များတော့မည် မဟုတ်ပါလော။ အုပ်ချုပ်သော ဆရာတော်တို့လည်း ထိုအပြစ်ကို မြင်တော်မူကြပေသည်။

http://www.dhammadownload.com



သို့သော်မိမိကိုယ်တိုင်က ဆွမ်းမကျွေးနိုင်သော တပည့်ကလေးတွေကို "ငွေနှင့်ဝယ်၍ မစားကြနှင့်၊ အငတ်နေကြ"ဟု ဆိုရက်ကြမည်လော၊ ထိုသို့မဆိုရက်သဖြင့် အောင့်သက်သက်နှင့် ကြည့်နေကြရသည်။ ထို့ကြောင့် စာသင်တိုက်များကို မိမိတို့ရပ်ရွာ အနီးအပါး၌ မရှိ–ရှိအောင် အနာဂတ်ကာလ၌ ဧကန်ကြိုးစားကြမှသာ ငွေမပါဘဲ ဖြစ်နိုင်သော စာသင်နည်းဖြင့် သန့်ရှင်းစင်ကြယ်စွာ စာသင်နိုင်ကြပေလိမ့်မည်။ ထိုသို့သင်နိုင်မှသာ သူတော်ကောင်းဖြစ်ဖို့ လွယ်ကူပါတော့မည်။

**ရွာကြီးတို့၌ စာသင်တိုက်ရှိကျိုး**

မိမိတို့၏ ရွာကြီးမှာ (သို့မဟုတ် ရွာ၏ အနီးမှာ) စာသင်တိုက် ရှိလျှင် တစ်ဆယ့်သုံးလေးနှစ်သားအရွယ် မူလတန်းအောင်ပြီး၍ ၁၅ နှစ် သားအရွယ်မှာ စာသင်တိုက်၌ စာသင်နိုင်၏။ ဥတု ရေ မြေ တူမျှ သောကြောင့် ကျန်းမာရေးလည်း မစိုးရိမ်ရ၊ အကယ်၍ မကျန်းမာလျှင် ချက်ချင်း ဆရာမိဘရောက်နိုင်၏။ ရပ်ရွာနယ်ပယ် တစ်နယ်လုံးမှ စာသင်တိုက်တစ်တိုက်သာရှိသဖြင့် စားရေးသောက်တာ ပြည့်စုံနိုင်ရကား ငွေမပါဘဲ စာသင်နိုင်၏။ သို့ဖြစ်လျှင် ငွေနှင့်စပ်သော အပြစ်အရပ်ရပ်ကင်း၍ သန့်ရှင်းလေပြီ၊ "မည်သူ့သား၊ မည်သည့် ဆရာ့တပည့်"ဟုအချင်းချင်းသိကြပြီဖြစ်၍ ဟော့ရမ်းသော့သွမ်းမှုလည်း (ပွဲကြည့်မှု၊ အိမ်လည်မှုစသည်လည်း)မရှိနိုင်တော့ပြီ။ [မျက်မြင်အားဖြင့် ရွာကြီးစာသင်တိုက်၊ မြို့ငယ်စာသင်တိုက်များ၌ အုပ်ချုပ်၍ လွယ်ကူသည်ကို တွေ့ရပေ၏။ ထိုစာသင်တိုက် သံဃာများ လည်း အချိုးကျကျ သီတင်းသုံးကြသည်သာ များ၏။]

ထိုသို့အချိုးကျကျနေထိုင်၍ စာသင်လာခဲ့သူ စာတတ်လျှင် မိမိပရိသတ် ကိုလည်း အချိုးကျအောင် ပြုပြင်လိုသော မျိုးစေ့ဓာတ်ခံ ပါလာတတ်ကြ၏။ ယခုခေတ် အအုပ်အချုပ်ကောင်းသော ဆရာ

http://www.dhammadownload.com



တော်များသည် ထိုစာတ်ခံပါလာသော ဆရာကောင်း၏ တပည့်များ ချည်းသာတည်း။ ကျမ်းစာများ၌ "ရှင်သာမဏေ စ၍ပြုခြင်းသည် ပဋိသန္ဓေနေခြင်းနှင့်တူ၏။ အဆုံးအမ မကောင်းသောကျောင်း၌ နေ မိခြင်းသည် မကောင်းသောအမျိုး၌ ပဋိသန္ဓေနေမိခြင်းနှင့်တူ၍ အဆုံးအမကောင်းသောကျောင်း၌ နေထိုင်မိခြင်းကား အမျိုးကောင်း ၌ ပဋိသန္ဓေနေရခြင်းနှင့်တူ၏"ဟု မိန့်သည်။

**၁၀ နှစ်အပြည့် သင်လျှင် ပြည့်စုံ၏**

ပိဋကတ် ပါဠိ အဋ္ဌကထာ ကျမ်းစာ အရပ်ရပ်သည် ဉာဏ်မှန်မှန်ရှိသူ စံနစ်တကျ မပျက်မကွက် သင်ရမည်ဆို လျှင် ဆယ်နှစ်လောက်သင်က လုံလုံလောက်လောက် အထ မြောက် ၏။ သို့ဖြစ်လျှင် တစ်ဆယ့်ငါးနှစ်သားအရွယ်မှာ ထယ်ထယ်ဝါဝါ စာချနိုင်ပေပြီ။ သူသည် သက္ကတ အင်္ဂလိပ် ဟိန္ဒူစသော ဘာသန္တရ ကို သင်လိုလျှင် နောက်ထပ် ၅ နှစ် သင်နိုင်သေး၏။ ပါဠိတက္ကသိုလ် မှာ တစ်ချိန်၌ ပိဋကတ်ကိုပို့ချ၍ တစ်ချိန်၌ ဘာသန္တရသင်နေပါလျှင် ၃၅ နှစ် အရွယ်မှာ မြန်မာပြည်တွင်မကဘဲ ကမ္ဘာကို ခြေလှမ်းနိုင် ဖွယ်ရှိ၏။ ထိုအတိုင်းသာ ကြိုးစားကြပါမူ အနာဂတ်ကာလ၌ သီလ သိက္ခာ ပြည့်ဝ၍ ပညာရှာမှီးကြသော မြန်မာရဟန်းတော်များသည် (ယခုအခါ သာသနာတော်ကို အထင်သေးနေသော လူတစ်စု၏) အဖူးအမြော်ကို ခံကြရပါလိမ့်မည်။

**ဗုဒ္ဓလက်ထက်တော် ကျောင်းတိုက်**

ဗိမ္ဗိသာရ မဟာရာဇာသည် သောတာ ပန်ဖြစ်ပြီးနောက် ဗုဒ္ဓနှင့်သံဃာတော် များ သီတင်းသုံးဖို့ရာ ကျောင်းတိုက် နေရာကို စဉ်းစားသည်မှာ "မြို့ရွာနှင့် မဝေးလွန်း၊ မနီးလွန်း၊ သွား လမ်း လာလမ်းကောင်း၊ ဘုရားဖူးလို တရားနာလိုသူတို့သွားဖို့လည်း လွယ်ကူ၊ နေ့အခါ၌ လူအများနှင့် ရောပြွမ်းခြင်းမရှိ၊ ညဉ့်အခါ မြို့

http://www.dhammadownload.com



(ရွာ)ထဲမှ ဆူညံသံလည်း မကြားရ၊ လူတို့ဖြတ်သန်းသွားလာခြင်း မရှိ၊(တိုင်ပင်စရာရှိလျှင်)တိုးတိုးတိတ်တိတ်တိုင်ပင်နိုင်လောက်အောင် လူတို့မှလည်းကင်းရှင်း၍ ရဟန်းတော်များ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်း ကာဖြင့် ကိန်းအောင်းစရာလည်း ကောင်းသောနေရာသည် အဘယ် မှာ ရှိပါလိမ့်မည်နည်း”ဟုစဉ်းစားသောအခါ ထိုဂုဏ်အင်္ဂါနှင့် ပြည့်စုံ သော ဝေဠုဝန်ဥယျာဉ်ကိုတွေ့ရ၍ ထိုဥယျာဉ်ကိုပင် လှူဒါန်းလေ သည်။ အနာထပိဏ်သူဌေး ကျောင်းတိုက်နေရာရှာစဉ်ကလည်း ထို နေရာမျိုးကိုပင်ရွေးချယ်၍ ဇေတမင်းသား၏ဥယျာဉ်ကိုတွေ့ရသဖြင့် ထိုဥယျာဉ်ကိုဝယ်၍ဇေတဝန်တိုက်တည်ဆောက်လှူဒါန်းလေသည်။

ဤသို့လျှင် ဗုဒ္ဓရှင်တော်၏ လက်ထက်တော်က ကျောင်း တိုက်ကြီးများသည် မြို့နှင့်ခပ်လှမ်းလှမ်းမှာ တည်ရှိကြသည်ကိုတွေ့ ရပေသည်။ မင်းတုန်းမင်းလက်ထက်ကကျောင်းတိုက်ကြီးများလည်း မြို့၏အရှေ့ဘက်၌(တချို့မြောက်ဘက်ယွန်းယွန်း မန္တလေး တောင် တစ်ဝိုက်၌)တည်ရှိကြသည်မှာ မြို့နှင့်ပဏာရလှပေ၏။ နောက်မှ “ဆွမ်းခံ၍ လွယ်ကူအောင်”ဟု သဘောထား၍ တဖြည်းဖြည်း မြို့ အနောက်ဘက်သို့လည်းကောင်း၊ မြို့တောင်ဘက်သို့ လည်းကောင်း၊ ကျောင်းတိုက်များရွှေ့ပြောင်းကာ မြို့နှင့်နီးကပ် ဆက်စပ်လာဟန်တူ သည်။ [ ရွှေကျင်ဆရာတော်ကြီးက တပည့်ရင်းဖြစ်သော မဟာ ဝိသုဒ္ဓါရုံ ဆရာတော်အား “အရှေ့ဝိသုဒ္ဓါရုံတိုက်သည် လူနေအိမ်များ နှင့်နီးကပ်၍ မန္တလေးတောင် မြောက်ဘက်၌ တောကျကျ တည်ရှိ သော ရွှေကျင်တိုက်လောက် မကောင်း” ဟု မိန့်တော်မူဖူးပါသတဲ့ ]

**ငကောင်းရွာ စာသင်တိုက်**

မြင်းမူနယ်၌“ငကောင်း၊ မင်းရွာ”ရှိ၏။ ငကောင်းရွာ၌ ရေးကသံဃာငါးဆယ်ကျော်ရှစ်ဆယ်မျှ သီတင်း သုံးရာ စာသင်တိုက် ရှိခဲ့ဖူး၏။ ထိုစာသင်တိုက်၌ ကျေးဇူးတော်ရှင်(မြောင်းမြမြို့ပဋ္ဌာနတာရုံတိုက်)ဆရာတော် သီတင်း

http://www.dhammadownload.com



သုံးခဲ့ဖူး၏။ ရွာကား အိမ်ခြေ များများ ရှိပုံမရ။ စာသင်တိုက် ဆရာတော်သည် ထိုရွာဇာတိပင်ဖြစ်၍ စာသင်ချိန်က “နောင်အခါ စာသင်တိုက်တည်အံ့”ဟု ရည်ရွယ်ချက် ဖြင့် ဝမ်းကွဲညီနောင် ၃ ပါးတို့ (တစ်ပါးက ဝိနည်း၊ တစ်ပါးက အဘိဓမ္မာ၊ တစ်ပါးက သုတ္တန်ကို) တာဝန်ယူ၍ သင်ယူတော်မူကြ သတတ်၊ စာသင်ပြီးနောက် စာသင်တိုက် တည်ထောင်တော်မူကြသည်။

**ရွာက ကြိုးစားပုံ**

“ရွာ ဘုရား ရွာသား မရှိသေ” ဟု ဆိုရိုးရှိသော်လည်း ထို ဆရာတော်များကိုကား ရွာသားတို့က အလွန်ရိုသေကြ၏။ စာသင့်တိုက်အတွက် အားတက်သရော ရှိကြ၏။ စပါးပေးချိန်၌ တစ်တင်းစီ နှစ်တင်းစီ တတ်အားသမျှစု၍ နှမ်း ပဲ ပေါချိန်၌လည်း တစ်ပြည်စီတစ်ခွဲစီစု၍ ဆရာတော်၏နောင်တော်ကြီးထံ အပ်နှံကြ၏။ ထို စပါး နှမ်းများကို ဆန်ဖွပ်ချိန် ဆီပွတ်ချိန်၌ ထိုက်သလို တာဝန်ယူကြသေး၏။ ဤနည်းအားဖြင့် ထိုသံဃာတော်များ၏ နံနက်ဆွမ်းအတွက် ကောင်းစွာ လုံလောက်လေတော့၏။ နေ့ဆွမ်းကိုလည်း စားဦးစားဖျားမှ တာဝန်ယူကြသေး၏။ ရွာနှင့်သံဃာ မမျှအောင် ရှိသော်လည်း ဝန်မလေးကြပေ၊ ရပ်သူရွာသားတို့ ဘာသာရေး၌ ယဉ်ကျေးကြကြောင်းလည်း အရပ်ရပ်၌ နံ့စပ်ကျော်ကြားလေ၏။

**အလွန်ကြည်ညိုဖွယ် ဆရာတော်**

ဝိနည်းဘက်က တာဝန်ယူသော ဆရာတော်သည် သက်တော် သာ၍ ရှည်၏။ ကြီးရင့်တော်မူသောအခါ စာသင်တိုက်မှမလှမ်းမကမ်း၌ ဇောဓိပင်စိုက်၍ တောကျောင်းကလေး တည်ကာ ထို တောကျောင်း၌ မကြာခဏကြွ၍ သီတင်းသုံးတော်မူ၏။ (ဤစာရေးသော ဘုန်းကြီးကိုယ်တိုင်ပင်) ထိုဆရာတော်ကို ဖူးလိုက်ရဖူး၏။ ဘုန်းကြီးတစ်သက်တာ၌ အကြည်ညိုဆုံး ဆရာတော်တို့

http://www.dhammadownload.com



တွင် တစ်ပါး အပါအဝင် ပါပေသည်။ ထိုစာသင်တိုက်မှ စာတတ် ဝိနည်းမိုရ် အတော်များများ ထွန်းကားခဲ့သော်လည်း ယခုအချိန်မှာမူ ထိုစာသင်တိုက် မထင်ရှားတော့ချေ၊ ဝမ်းနည်းဖွယ်ကောင်းလေစွ၊ ဤ အကြောင်းအရာများဖြင့် တောရွာ၌ စာသင်တိုက်ကောင်း ဖြစ်နိုင်ကြောင်း ဝိနည်းအပေါက်အကြား နည်းပါးသဖြင့် အကျင့်စရဏ ပြည့်စုံသောပုဂ္ဂိုလ်ကောင်းများ ထွန်းကားနိုင်ကြောင်း ပြလိုပါသည်။

**စာသင်တိုက် ကျောင်းဆောက်မှု** ကျောင်းဆောက်မှု၌ စဉ်းစားထိုက်သော အချက်တွေ များလှ၏။ စာသင်တိုက်ဟူသမျှ အသစ်တည်ရတော့မည်ဖြစ်လျှင် ကံကြီးကံငယ်ပြုဖို့ရန် သိမ်လည်း ဖြစ်နိုင်၊ စာချကျောင်းလည်း ဖြစ်နိုင်၊ ဘုရားဆင်းတုတော်သီတင်းသုံး၍ ဘုရားဝတ်ပြုကြဖို့ရာ ဘုရားကျောင်းလည်းဖြစ်နိုင်၊ ကာလအားလျော်စွာ စည်းဝေးဟောပြောဖို့ရာ ဓမ္မာရုံလည်း ဖြစ်နိုင်သော အလယ်ကျောင်းကြီးတစ်ကျောင်း(မြို့ရွာ ဒေသ လိုက်၍) ခပ်ကောင်းကောင်းဖြစ်ရန် လိုပေသည်။ ထိုကျောင်းကြီးကို ပစ္စည်း တတ်နိုင်သူ တစ်ဦးတစ်ယောက်က မ,တည်၍မြို့ရွာကဝိုင်းဝန်းကြပြီးလျှင် တစ်မြို့လုံးတစ်ရွာလုံးနှင့်ဆိုင်သော ကျောင်းဖြစ်မှသာ ရပ်သူရွာသားတို့သာ၍ ညီညွတ်ဖွယ်ရှိသည်။

ထို့နောက် သံဃာအများနေထိုင်ဖို့(စာချဘုန်းကြီးများနှင့် စာသင်သားများအတွက်) ၂ ပါးနေ ၃ ပါးနေ မိုးလုံလေလုံ ခပ်ကြမ်းကြမ်း ကျောင်းကလေးတွေနှင့် ဆွမ်းစားကျောင်းကို လည်းကောင်း၊ သံဃာအလွန်များလျှင် စာချဖို့နေရာများကို လည်းကောင်း အစီအစဉ်ကျကျနှင့် သပ်သပ်ရပ်ရပ်တည်ဆောက်သင့်ကြပေသည်။အနီးအပါး ကျောင်းဟောင်း ကျောင်းပျက် ဇရပ်ပျက်များကိုလည်း "ဝိနည်းတော်နှင့်မဆန့်ကျင်သောကျောင်းဇရပ်"ဟုစိတ်ချရလျှင်ရွှေ့ပြောင်းဆောက်သင့်၏။ နဂိုက ဝိနည်းတော်နှင့်အပ်စပ်ပုံမရသော ကျောင်းများကို

http://www.dhammadownload.com



မူလစပ်ဆိုင်သော ဆွေမျိုးများက သူတို့ပိုင်ပစ္စည်းဟု သဘောထား၍ သယ်ယူရွှေ့ပြောင်းလှူလျှင် အပ်တော့သည်သာ။ ထိုသို့ ကျောင်းဆောက်ပြီးနောက် စားရေးသောက်တာအတွက်ကိုမူ ဂေါပကအဖွဲ့နှင့် ရပ်ရွာမြို့နယ်ကို အားထားရပေလိမ့်မည်။ [ဤနေရာ၌ဆိုင်ရာကျောင်းတိုက်များ၏ စည်းကမ်းဥပဒေကိုလည်း သီးခြားရေးသင့်၏။]

**အုပ်ချုပ်သော ပုဂ္ဂိုလ်**

အားလုံးသော ကျောင်းထိုင်တိုက်အုပ် ဆရာတော်များသည် မိမိတစ်ပါး၏ကောင်းကျိုးထက်အများကောင်းကျိုးကို ရှေ့ရှုသောစိတ်ဖြင့် တပည့် ပရိသတ် ရပ်ရွာ ဒကာ ဒကာမတို့ကို အမြဲညှာတာစိတ် ရှိသင့်၏။ သူတို့၏ တိုးပွားကြောင်း နည်းလမ်းကိုသာ ပြုကျင့် နေထိုင်သင့်၏။ ဝိနည်းတော်လာ "ကျောင်းထိုင်အင်္ဂါ" ခေါ် ဥပဇ္ဈာယ်ဆရာ ဖြစ်ထိုက်သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များချည်း ဖြစ်စေသင့်သည်။ [ဥပဇ္ဈာယ်ဆရာ၏ဂုဏ်အင်္ဂါကို ရှေး၌ပြခဲ့ပြီ] ထို့ပြင် ရွာကျောင်း အုပ်ချုပ်သော ဘုန်းတော်ကြီးသည် အနည်းဆုံး မူလတန်းနှင့်ညီမျှသော သင်ခန်းစာများကိုပို့ချနိုင်သောပုဂ္ဂိုလ်ဖြစ်စေသင့်သည်၊ကျောင်းတိုက်ကို အုပ်ချုပ်ကြသောဆရာတော်များကား သတ်မှတ်ထားသောအဆင့်အတန်းကို နိုင်နင်းစွာပို့ချနိုင်သော ဆရာတော်များချည်း ဖြစ်စေသင့်သည်။

**မှတ်ချက်။** ။ မူလတန်းကျောင်း၌ မိန်းကလေးများကို လက်မခံရ။ မိန်းကလေးများနှင့် အချို့ယောကျ်ားကလေးများအတွက်ကား လူဝတ်ကြောင်များ၏ စာသင်ကျောင်း ရှိပေလိမ့်မည်။ ထိုစာသင်ကျောင်းများလည်း (ရွာငယ်များအတွက် အနီးအပါး ၂ ရွာ ၃ ရွာပေါင်း စပ်၍)မရှိ–ရှိအောင်တည်ထောင်ပြီးလျှင် စာသင်ချိန် ကလေးဟူသမျှ စာသင်ကျောင်း၌ မသင်မနေရဟု အစိုးရက ပညတ်သင့်သည်။ ထို့ကြောင့် စာသင်တိုက်များရှိရာ ရွာတို့၌ မူလတန်းအတွက် စာသင်တိုက်က တာဝန်ယူဖွယ်မလို။

http://www.dhammadownload.com



**ဂေါပကအဖွဲ့** ကြီးသည် ဖြစ်စေ၊ ငယ်သည် ဖြစ်စေ ကျောင်းတိုက်တိုင်း၌ ဂေါပကအဖွဲ့ ရှိသင့်၏၊ ထို ဂေါပကအဖွဲ့များကား ကျောင်းဒကာ ကျောင်းအမ စသူတို့၏ဆိုင်ရာနှင့် ရွာလူကြီးများအပြင် ထိုကျောင်းအတွက် အထူးကြောင့်ကြစိုက်နေသော လူကောင်းများဖြစ်စေသင့် ၏။ ထိုဂေါပကအဖွဲ့၏တာဝန်မှာ အလှူဒါန ရသမျှကို ထိန်းသိမ်းစောင့်ရှောက်၍ ကျောင်း၌လိုသမျှကိုသာ တဖြည်းဖြည်းလှူရန်ဖြစ်၏။ ဂေါပကအဖွဲ့ဝင်တို့ ထိန်းသိမ်းရမည့်ပစ္စည်းမှာ ဆွမ်းအတွက်, ဆေးအတွက်(သင်္ကန်းလိုလျှင်သင်္ကန်းအတွက်)စာအုပ်ခဲတန် စသည်တို့အတွက် ရည်မှန်း၍ ကျောင်း နဝကမ္မအဖြစ်ဖြင့် လှူဒါန်းထားသောရှင်ပြုစသည်မှရအပ်သောပစ္စည်းများနှင့် အစိုးရက ထောက်ပံ့သော ပစ္စည်းများသာ ဖြစ်ပါလိမ့်မည်။ ထိုဂေါပကအဖွဲ့ဝင်တို့၏ အထူးလိုလားအပ်သော အရည်အချင်းမှာ သာသနာကို စောင့်ရှောက်လိုသောစိတ်နှင့် ဝိနည်းတော်ကို အတော်များများ နားလည်ထားခြင်းတည်း။ [ဂေါပကအဖွဲ့၏ တာဝန်များကိုလည်း စည်းမျဉ်းထား၍ သီးခြားစီစဉ်သင့်ပေသည်။

**ဒါနပစ္စည်း သိမ်းဆည်းမှု** သားရှင်ပြု သမီးမင်္ဂလာ စသောကိစ္စတို့၌ ဘာသာရေးအရ ဒါနမှုများ ပြုလေ့ရှိရာ အနာဂတ်ကာလဝယ် ကျောင်းတိုက်၌ အမှန် လိုအပ်သောပစ္စည်းများကိုသာ လှူသင့်၏။ ဥပမာ၊ သံဃာများ၌ ဆွမ်းရှားပါးနေလျှင် ဆွမ်းဆန်စသည်ကိုသာ ဂေါပကအဖွဲ့ထံအပ်နှံ၍ သံဃာတော်များအား ပင့်ဖိတ်လှူဒါန်းသင့်၏။ ဝိနည်းနားလည်သော ဂေါပကအဖွဲ့ကား နဝကမ္မအား လှူဒါန်းအပ်သောငွေကိုပင်ဝိနည်းတော်နှင့် လျော်ညီအောင် စီစဉ်၍ လှူဒါန်းတတ်ပါလိမ့်မည်။ [နဝ=အသစ် +ကမ္မ=အလုပ်။ ကျောင်းတိုက်၌ အသစ် အသစ်ပြုလုပ်ဖွယ် အလုပ်ကို "နဝကမ္မ"ဟုခေါ်၏။ ထိုအလုပ်များ၌ ကုန်ကျ သုံးစွဲဖို့ရန် လှူ

http://www.dhammadownload.com



ဒါန်းခြင်းကို"နဝကမ္မအား လှူဒါန်းခြင်း"ဟုခေါ်၏။ ထိုသို့ လှူရာ၌ မည်သည့်ပုဂ္ဂိုလ်မျှ မပိုင်၊ သို့သော် ထိုပုဂ္ဂိုလ်များ၏ ဆိုင်ရာ အလုပ်၌ကား ထိုငွေဖြင့် ကပ္ပိယ ဒါယကာများက သုံးစွဲနိုင်သည်။]

တစ်ရံတစ်ခါ ကျောင်းဒကာ ကျောင်းဒကာမ စသူတို့က ဝတ္တုကံအဖြစ်ဖြင့် လယ်ယာများကိုလည်း ကျောင်းအားလှူတတ်၏။ (ယခုကာလ၌"ဝတ္တက"ဟုခေါ်သည်။) ထိုဝတ္တုကံ လယ်ယာ စသည်ကိုလည်း ဂေါပကအဖွဲ့ကပင် စီစဉ်ပေးရလိမ့်မည်။ ပုဂ္ဂိုလ်တစ်ပါးအားဖြစ်စေ၊ တိုက်သံဃာများအားဖြစ်စေ၊ မည်သည့်နည်းနှင့်မျှ ငွေကိုလည်းကောင်း၊လယ်ယာကိုလည်းကောင်းတိုက်ရိုက်မလှူကောင်း။

**စာသင်စည်းကမ်း** မူလတန်းကျောင်းမှစ၍ တက္ကသိုလ်ကျောင်းများအထိ စာသင်နည်းစည်းကမ်းရှိသင့်၏။(ကျမ်းစာအသုံးအနှုန်းချင်း ကွဲလွဲ စေကာမူ) အတန်းထားပုံချင်းမှာ တစ်မျိုးတစ်စားတည်း ဖြစ်စေသင့်၏။ ဥပမာ၊ သဒ္ဒါ ဗျာကရဏ်းကို လေ့လာကြရာ၌ ကျောင်းတိုက်အချို့က ဗာလာဝတာရ၊ အချို့က ကစ္စည်းသဒ္ဒါကြီး၊ အချို့က ရူပသိဒ္ဓိ၊ အချို့က မောဂ္ဂလ္လာန်ဟုအမျိုးမျိုး လေ့လာကြသော်လည်း ပဒမာလာစဉ် တတ်ခြင်း၊ ရုပ်အကျဉ်းတွက်တတ်ခြင်း၊ သဒ္ဒါနည်းအရ ပါဠိဝါကျကို ရှင်းလင်းနိုင်ခြင်းအားဖြင့် အရည်အချင်းတူမျှပုံမှာ ထူးမခြားနား ဖြစ်စေသင့်၏။ ထို့ကြောင့် အတန်းစာမေးပွဲများ၌ ဆိုင်ရာသုတ်၊ သုတ်နက်ရခြင်း၊ မရခြင်းကို လိုရင်းထား၍ မေးမြန်းခွင့်ရှိစေရလိမ့်မည်မဟုတ်၊ ထိုအတန်းအားလုံးလည်း အစိုးရအသိအမှတ်ပြုထားသောအတန်းချည်းသာဖြစ်စေပါလိမ့်မည်။

**ကျောင်းတိုက်ချင်း ဆက်သွယ်ပုံ** မူလတန်းကျောင်းမှစ၍ မိမိတို့ နီးစပ်ရာ နယ်အတွင်းရှိ ကျောင်းများသည် တစ်ကျောင်းနှင့်တစ်ကျောင်း ဆက်သွယ်ရပေလိမ့်မည်။ ဥပမာ မူလတန်းကျောင်းမှ ကျောင်းသားသာမဏေများသည် ရေ့သို့တိုး၍

http://www.dhammadownload.com



သင့်လိုလျှင် မိမိတို့နယ်ပယ်ရှိ တတိယတန်း ဒုတိယတန်း ပထမတန်းစားကျောင်းများတွင် နီးကပ်လျက်ရှိသော ကျောင်းတိုက်များသို့ ပြောင်းရွှေ့သင်ယူစေကြရမည်။ မြို့ကြီးတိုက်ကြီးများသို့ မသွားစေရ၊ မြို့ကြီး၌ တည်ရှိသော တက္ကသိုလ်တိုက်ကြီးများ၌လည်း နယ်မှ အတန်းမဆုံးသေးသူကို လက်မခံရဟု ဆိုလိုသည်။[ဤသို့နယ်ရှိ တိုက်များသို့ သွားစေရခြင်း၏အကျိုးကို ရှေ့၌ပြခဲ့ပြီ]

**အတန်းနှင့် ကျမ်းစာပြဋ္ဌာန်းရေး**

ဤအချက်မှာ နောင်ခါကျနစွာ အလုပ်လုပ်ချိန်၌ညှိနှိုင်းတိုင်ပင်ရမည့်အချက်ဖြစ်၏။ သို့ရာတွင် အကြမ်းအားဖြင့် မှန်းထားချက်ကို ဖော်ပြဦးမည်။ မူလတန်းကျောင်းများ၌ ယခုခေတ်လူများ၏ မူလတန်းကျောင်းများကဲ့သို့ အတန်းများ သတ်မှတ်သင့်၏။ ဤအချိန်မှာ ပါဠိပိဋကတ်စာပေဘက်က များစွာ အရေးမကြီးလှသေး။ လူ့ဘောင်၌ ရေးတတ် ဖတ်တတ် တွက်ချက်တတ်မှုနှင့် လူမှုရေးရာလိမ္မာမှုကိုသာ ဂရုပြု၍ ဘာသာရေးအခြေခံ သိတန်သော အချက်များကိုလည်း နားလည်အောင် သင်ပြလိုက်ရမည်။ တတိယ၊ ဒုတိယ၊ ပထမတန်းကျောင်းတိုက်တို့ကား ရဟန်းဘဝ၌ နေမည့် ပုဂ္ဂိုလ်များ အတွက်သာဖြစ်၍ ပါဠိပိဋကတ်ပညာရပ်များကိုသာ သင်ပြရပေမည်။ ထိုသို့သင်ပြရာ၌ ပိဋကတ်ပါဠိတော်ကို သဒ္ဒါ သင်္ဂြိုဟ် မှစ၍ ၁၀ နှစ်မျှ သင်ယူရလျှင် အားလုံးပေါက်ရောက်ပြီး ဖြစ်စေသင့်၏။ ထိုသို့ဖြစ်နိုင်လောက်အောင်လည်း ၁၀ တန်းခွဲခြား၍ ထားရမည်။ ထိုသို့ ခွဲခြားပြီးလျှင် တတိယတန်းကျောင်းများ၌ ၅ တန်းလောက်၊ ဒုတိယတန်းကျောင်းများ၌ ၇ တန်းလောက်၊ ပထမတန်းကျောင်းများ၌ ပထမတန်းမှစ၍ ၁၀ တန်းအထိ သင်ပြနိုင်စေရမည်။

**တက္ကသိုလ်ပညာ**

တက္ကသိုလ်ကျောင်းများ၌ကား ပါဠိဘာသာကို ၁၀ တန်း အထိ သင်ယူပြီးနောက် ထူးခြားသော

http://www.dhammadownload.com



အရည်အချင်းရှိ ပုဂ္ဂိုလ်များကိုသာ ရွေးချယ်လက်ခံသင့်၏။ ထိုတက္ကသိုလ်ဝင်အရှင်တို့ သင်ကြရမည့်ပညာရပ်များကား(၁) ကျောင်းတိုက် အုပ်ချုပ်၍ ဆရာလုပ်နည်း၊ (၂) ကျမ်းစာရေးသား၍ ပြင်ဆင်နည်း၊ (၃) တရားဟောနည်းနှင့် ဩဝါဒပေးနည်း၊ (၄)သက္ကတ ကျမ်းစာများ၊ (၅) ဟိန္ဒီ၊ အင်္ဂလိပ် စသော ခေတ်အလိုက် သိထိုက်သောဘာသာများတည်း။ ထိုတွင် ၁-၂-၃ သည် မသင်မနေရသော မူလပညာရပ်ဖြစ်၍ ၄-၅ တို့မှာ သင်လိုမှ သင်ရမည့် အပိုဘာသာများဖြစ်စေသင့်သည်။ တက္ကသိုလ်ပညာ လုံလောက်ပြီးသော ဆရာတော်များသည် မိမိဆိုင်ရာ ကျောင်းတိုက်များသို့ပြန်၍ အုပ်ချုပ်ခြင်း၊ ကျောင်းတိုက်သစ်တည်ခြင်း၊ စာပေရေးသားပြင်ဆင်ခြင်း၊ တရားကျင့်ခြင်း၊ တရားဟောခြင်းဖြင့် အမျိုးဘာသာ သာသနာအကျိုးကို ရွက်ဆောင်နေကြပေလိမ့်မည်။ ပါဠိနှင့်ဟိန္ဒီ သက္ကတ အင်္ဂလိပ် (ဘာသာစုံ)တတ်သူတို့ကား နိုင်ငံခြားတိုင်အောင်ဟောပြောခြင်း၊ ရေးသားခြင်းတို့ဖြင့် မြန်မာပြည်၏ အောင်လံတံခွန်ထူးချွန်သူများဖြစ်သင့်ကြပေသည်။

**ကျောင်းတိုက်များ၌ အဆောက်အအုံ**

တက္ကသိုလ်ကျောင်းတိုက်မဟုတ်သော ကျောင်းတိုက်များကို ဆိုင်ရာနယ်ပယ်ကို အားကိုး၍ တည်ဆောက်ရမည် ဖြစ်သောကြောင့် ဆိုင်ရာနယ်ပယ်၏ အကူအညီကို မျှော်လင့်စရာရှိ၏။ ရှင်းပြဦးအံ့။ ဆရာတော်မှစ၍ အားလုံးပုဂ္ဂိုလ်များသည် (ကျန်းမာပါလျှင်)ဆွမ်းခံကြရမည်ဖြစ်၏။ ထို့ကြောင့် ဆွမ်းခံရလောက်သော ရွာကြီးနှင့်မြို့ကြီးများ၌သာ စာသင်တိုက်အကြီးအငယ် တည်ဆောက်ရပေလိမ့်မည်။ စာသင်သားတို့ကိုလက်ခံရာ၌လည်း အစားအသောက်တတ်နိုင်ရုံလောက်သာ နှိုင်းချိန်၍ လက်ခံသင့်ပေသည်။ စာသင်သားနှင့် စာချပုဂ္ဂိုလ်ဟူသမျှသည် ၂ ထပ် ဘုဥ်းပေးရမှ သင့်လျော်မည်။

http://www.dhammadownload.com



ထိုကဲ့သို့ ၂ ထပ်မပြည့်စုံလျှင် နံနက်စောစောတွင် ယာဂု ဘုဉ်းပေး၍ မွန်းလတ်အချိန်တွင် ဆွမ်းတစ်ထပ်နှင့်လည်းပြီးနိုင်၏။ထိုမျှလောက် မပြည့်စုံလျှင်ကား တရားကျင့်သောပုဂ္ဂိုလ်များ နေရာသာ ဖြစ်သင့်တော့သည်။

စာအောင်ပုဂ္ဂိုလ် အနည်းအများလိုက်၍ အစိုးရ ထောက်ပံ့သောပစ္စည်းများနှင့် ရပ်ရွာနယ်ပယ်မှဒါနပစ္စည်းများလည်းရှိပေလိမ့်ဦးမည်။ ထိုဒါနပစ္စည်းများကို ဂေါပကအဖွဲ့ကသိမ်းဆည်း၍ အရေးကြီးသောဆွမ်းဆေးကိစ္စ၌ အသုံးချသင့်ပေသည်။ [နေရာ ကျောင်းများကား ဆိုင်ရာမနေရှင်များနှင့် ကျောင်းဒကာစသူတို့က ကြည်ဖြူစွာ လှူဒါန်းကြမည့်အပြင် သင်္ကန်းများကိုလည်း ဆွေမျိုး မိဘနှင့် ဒကာ ဒကာမများကတာဝန်ယူကြပါလိမ့်မည်]

**စာချရရှိရေးနှင့် သက်သာရေး**

သာသနာရေးကိုစ၍ ပြင်ရာ၌ ကျောင်းထိုင်စာချ ပုဂ္ဂိုလ်များကို ခပ်မြန်မြန်ရအောင် တက္ကသိုလ်ကျောင်းတိုက် တစ်တိုက်လောက် အရေးကြီးတည်ထောင်၍ ရွေးချယ်ကာ အစိုးရအသိအမှတ်ပြုသော ကျောင်းတိုက်များ အမြန်ဆုံး ရစေရမည်။ နှစ်ပေါင်း အတော်ကြာလျှင် တက္ကသိုလ်ကျောင်းမှဂုဏ်ထူးရသော ကျောင်းထိုင် ဆရာတော်များ အများအပြားပေါ်ထွက်လာပါလိမ့်မည်။ ကျောင်းထိုင်စာချပုဂ္ဂိုလ်များလည်း တိုက်တာအကြီးအငယ်အားလျော်စွာ တစ်တိုက်မှာ လေးပါးငါးပါးစသည် ရှိရပေမည်။ ထိုပုဂ္ဂိုလ်များ၏ ဘောဇနသပ္ပာယဖြစ်မှုလည်း လွန်စွာအရေးကြီး၏။ စာပေပို့ချရသည်အတွက် နဂိုအားအင် ဆုတ်ယုတ် မသွားအောင် မျှတလောက်သော ဘောဇဉ်ဟင်းလျာနှင့် ညနေအဖျော်များရသင့်သည့်အပြင် (ခမ်းနားကြီးကျယ်ခြင်း မရှိသော)သန့်ရှင်း သပ်ရပ်သော နေရာထိုင်ခင်းနှင့် ဆေးဝါးများကိုလည်း အမြဲရသင့်ပေသည်။

http://www.dhammadownload.com



ထို့ပြင်စာချဘုန်းကြီးများ၏မိဘများဆင်းရဲနွမ်းပါးနေလျှင် ထိုမိဘများ၏ စားသောက်နေထိုင်ရေးလည်း မယုတ် မလွန်ရအောင် စီမံပေးသင့်၏။ ထိုအလုံးစုံအတွက် ဆိုင်ရာဒကာ မရှိပါမူ၊သို့မဟုတ် ဂေါပကအဖွဲ့မှာ ဆောင်ရွက်နိုင်လောက်အောင် အင်အားမရှိပါမူ ဒကာဒကာမတို့ အင်အားရှိသလောက်သာ စာသင်တိုက်ငယ်အဖြစ် တည်ရှိစေသင့်၏။ စာချဘုန်းကြီးများသည် စာချနေစဉ် ဘောဇဉ် ဆေးဝါးနှင့် မိဘအတွက် အကူအညီမရဘဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ၍ စာချမနေသင့်။ ထိုသို့ ဆင်းရဲခံရဦးမည်ဆိုလျှင် တရားကျင့်၍ ကိုယ်ကျိုးသက်သာကိုသာ ရှာသင့်ကြပေသည်။

**စာမေးပွဲများ**

စာမေးပွဲများ၌ မူလတန်းမှစ၍ တက္ကသိုလ်တန်း အထိ အတန်းတိုင်းရှိစေသင့်၏။ ထိုအတန်းများ တွင် အချို့အတန်းကို ကျောင်းတိုက်အတွင်း၌ကျင်းပ၍ မေးခွန်းများ ကိုလည်း ကျောင်းစာချများကပင်ထုတ်သင့်၏။ ထိုထိုကျောင်းတိုက် ၏ နောက်ဆုံးအတန်းများကို(မူလတန်း၊ ဒုတိယတန်း၊တတိယတန်း ကျောင်းများအတွက်)နယ်ရှိ ပထမတန်းစာသင်တိုက်မှ မေးခွန်း ထုတ်သင့်၏။ ပထမတန်းစားကျောင်းများ၏ နောက်ဆုံးတန်း အတွက် တက္ကသိုလ်ကျောင်းမှ မေးခွန်းထုတ်သင့်၏။ စာအောင် သည့်အတွက် ဆုတော်ငွေ ရကြမည်မဟုတ်။ စာအောင်ဦးရေနှင့် အဆင့်အတန်းလိုက်၍ကား နဝကမ္မအတွက် အစိုးရက ဂေါပကအဖွဲ့ ကို လွှဲအပ်၍ ကျောင်းအား လှူဒါန်းပေလိမ့်မည်။

**သိမ်သမုတ်**

"သီမာ" ဟူသော ပါဠိသည် "အပိုင်း အခြား= နယ်နိမိတ်သတ်မှတ်ထားသောအရပ်"ဟု အဓိပ္ပာယ် ထွက်၏။ ရဟန်းများ ကံကြီး ကံငယ် ပြုဖို့ရာ နယ်နိမိတ် သတ်မှတ်ထားသော အရပ်"ဟု ဆိုလို၏။ "ထိုသို့ သတ်မှတ်ထား သောအရပ်"ဟုသံဃာများက အသိအမှတ်ပြုခြင်းကို"သိမ်သမုတ်"

http://www.dhammadownload.com



ဟုခေါ်၏။ ထို့ကြောင့် အစိုးရက နေရာတစ်ခုကို လူဝတ်ကြောင် တစ်ယောက်အားဥပဒေနှင့်အညီ"သီးခြားရွာ"ဟုပေးလိုက်လျှင်လည်း သိမ်သမုတ်ခြင်းကိစ္စပြီးနိုင်တော့၏။ သိမ်သမုတ်ရာ၌ အလွန် များစွာ ငွေကုန်ခံမည့်အစား ထိုနေရာ၌မိုးလုံလေလုံရှိအောင်ကျောင်းဆောက် လိုက်ခြင်းသာ သာ၍ အကျိုးရဖွယ်ရှိ၏။ သို့ရာတွင် သိမ်သမုတ်ရာ၌ ပိဋကတ်တတ်ကျွမ်းသော ဆရာတော်များပါဖို့ အရေးကြီး၏။ နား မလည်သူများချည်းသာသမုတ်လျှင်ကား အောင်မြင်ဖို့မလွယ်ကူချေ။

**ရဟန်းခံ**

ယခုကာလ ရဟန်းခံကိစ္စလည်း အကုန်အကျများ လွန်း၏။ ဘုန်းကြီး၏ညီ ၂ ယောက်တွင် ဝမ်းကွဲ ညီကို ၇၀၀ လောက် အကုန်ခံ၍ သူ့မိဘများက ရဟန်းခံပေး၏။ ၄ လလောက်ကြာလျှင် လူထွက်သွားတော့၏။ ညီရင်းတစ်ယောက် ကိုကား ထောင်ငါးရာလောက် အကုန်ခံ၍ ရဟန်းအမများက ရဟန်း ခံပေး၏။ ဝါ အတော်ရ၍ ပထမကျော်အောင်ပြီးမှ လူထွက်သွား၏။ ရဟန်းခံကိစ္စ၌ ဆရာတစ်ပါး အခြားသံဃာ ၄ ပါး၊ ဤ သံဃာစစ် ငါးပါးသည် သပိတ်သင်္ကန်းပြည့်စုံသောရဟန်းလောင်းကို သိမ် စစ် စစ်သို့သွင်း၍ ဝိနည်းတော်အရ စီစဉ်ပေးလိုက်လျှင် ရဟန်းခံခြင်း ကိစ္စ အထမြောက်တော့၏။ ထိုမျှလောက် မကျဉ်းသော်လည်း ခပ် ကျဉ်းကျဉ်းနှင့်ကိစ္စပြီးမြောက်စေ၍ နောင်အခါထိုရဟန်းသစ်ဖို့အမှန် လိုလားထိုက်သော စာအုပ်၊ သင်္ကန်း၊ ဆွမ်း၊ ဆေးတို့ကိုသာ တဖြည်း ဖြည်း ထောက်ပံ့သင့်၏။ တစ်ခါတည်း အကုန်ခံခြင်းကို ပြုပြင်သင့် သည်။

**ရဟန်းပြု ရည်ရွယ်ချက်**

ရဟန်းပြုရာ၌ ၁–ကြွေးထူနေသောကြောင့် ရဟန်း ပြုခြင်း၊ ၂–ရာဇဝတ်ပြစ်မှုကို ရှောင်တိမ်း၍ နေလို သောကြောင့် ရဟန်းပြုခြင်း၊ ၃–သာမဏောဘ ဖြင့် နေရာမှ အသက်ကြီး၍ ယီးတီးယားတားနှင့် ရဟန်းပြုခြင်း၊ ၄–

http://www.dhammadownload.com



သဒ္ဓါတရားအလျောက်ရဟန်းပြုခြင်း၊ ၅-ပညာလိုလားသောကြောင့် ရဟန်းပြုခြင်းဟု ၅ မျိုးရှိ၏။ ၁-၂ အကြောင်းများကြောင့် ရဟန်းပြုသူတို့ကို အစိုးရကပင် ခွင့်မပြုထိုက်၊ ၃-အကြောင်းကြောင့် ရဟန်းပြုသူများလည်း နောင်အခါ မရှိထိုက်၊ ၄-၅ အကြောင်းတို့ကြောင့် ရဟန်းပြုသူများကိုလည်း လူဝတ်ကြောင်များရသော ကုသိုလ်ထက်ပို၍ ကုသိုလ်ရလိုသူများကိုသာ ခွင့်ပြုသင့်ပါသည်။ ထို့ကြောင့် "ကမ္မဋ္ဌာန်း အားထုတ်လိုပါသလား၊ စာသင်လိုပါသလား" ဟုမေးမြန်းထိုက်၏။

ကမ္မဋ္ဌာန်းအားထုတ်လိုသူကို ရဟန်းဖြစ်ပြီးလျှင်ပြီးချင်း တရားကျင့်ပုဂ္ဂိုလ်များ သီတင်းသုံးနေထိုင်ရာကျောင်းတိုက်၌နေထိုင်စေသင့်၏။ စာပေသင်လိုသူကို အစိုးရက အသိအမှတ်ပြုထားသော စာသင်တိုက်၌သာနေစေသင့်၏။ ထို ၂ မျိုးတွင်မပါဝင်သောသာမန်အလုပ်လက်မဲ့ကျောင်း၌ကား မနေစေသင့်။ ထိုသို့နေထိုင်ပြီးနောက် အစိုးရက(သူကြီးက)ထိုပုဂ္ဂိုလ်၏ ဆရာစသည်ကို မှတ်၍ သွားလေရာ ဆောင်ယူဖို့ရန် လက်မှတ်တစ်မျိုးကို ဆက်ကပ်ထားသင့်၏။ ဤအချက်ကို အစိုးရပိုင်းက ပေါ့ပေါ့ဆဆ မယူဆထိုက်၊ ကြံနေရာ ဝယ် သီဟိုဠ်ယိုးဒယားတို့မှ သာသနာ့ ဥပဒေများကို နည်းယူတန်သမျှ ယူထိုက်ပေသည်။]

**ကထိန်ခင်း** ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၌ ဝါကပ်၍ (ဝါမပျက်ဘဲ)သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုသောရဟန်းရှိရာကျောင်းတိုက်၌သင်္ကန်းတစ်ထည်ဖြစ်စေ၊ အများဖြစ်စေ "ဣမံ စီဝရံ သံဃဿ ဒေမိ=ဤသင်္ကန်းကို သံဃာတော်များအား လှူဒါန်းပါ၏ "ဟု လျှောက်ထား၍ လှူရ၏။ ထိုသင်္ကန်းကို သင်္ကန်းမရှိသော ရဟန်းအားပေး၍ ထိုရဟန်းက(ဝိနည်း ထုံးစံ အရ) ကထိန်ခင်းရ၏။ သံဃာအားလုံး သင်္ကန်းပြည့်စုံကြလျှင် အကြီးဆုံး

http://www.dhammadownload.com



မထေရ်အား ပေး၍ ထိုမထေရ်ကြီး က ကထိန်ခင်းရ၏။ ထိုကထိန်ကို ဝမ်းမြောက်ကျေနပ်ပါကြောင်းပြောသော ရဟန်းများလည်း ကထိန်ခင်းသောရဟန်းနှင့် အလားတူ ရသင့်သော အကျိုးများကိုရကြ၏။ ရသင့်သောအကျိုးများကို စာလာအတိုင်း သိလိုသူတို့ စာတော်သော ဆရာသမားထံ မေးကြပါလေ။

**ယခုခေတ် ကထိန်**

အစပထမ၌ "ကထိန်အလှူ" ဟူသည် သင်္ကန်းအလှူပင်ဖြစ်၏။ နောက်မှ သင်္ကန်း၏ အခြံအရံအဖြစ်ဖြင့် အခြားလှူဖွယ်တွေပါလာ၏။ ထိုအခြားလှူဖွယ်များတွင် ကျောင်း၌ မရှိမဖြစ်သော ပစ္စည်းမျိုးဆိုလျှင် သင့်တော်ပါသေး၏။ ယခုသော် ပဒေသာပင်သီး၍ လှုဖအောင် တိုလီ မိုလီကလေးတွေများလှ၏။ ပဒေသာပင် တစ်ပင်လျှင် ၅၀ တန် တစ်ရာတန်စသည်ဖြင့် ဂုဏ်ယူကြ၏။ ကျောင်းရောက်သော်ကား အသုံးမကျလှ။ လူတွေမှာလည်း အကုန်မနည်းချေ။ ဒီအထဲမှာ ပွဲတွေကိုလည်း ထည့်လိုက်ရသေး၏။ ပွဲလမ်းအတွက် ကုန်ကျ စရိတ်နှင့် အသုံးမဝင်သော တိုလီမိုလီအတွက် ကုန်ကျငွေကို နုတ်လိုက်လျှင် ကျောင်း၌အသုံးဝင်သောသင်္ကန်းစသည်၏ တန်ဖိုးမှာ ငါးပုံပုံ တစ်ပုံမျှ ပါကောင်းမှပါပေလိမ့်မည်။

ဤကထိန်ပွဲတွင် အသားတင်အကျိုးရကြသူကား စောင်ကော်ဇော ဓာတ်မီးစသောနိုင်ငံခြားပစ္စည်းရောင်းသူ နိုင်ငံခြား ကုန်သည်ကြီးများပင်တည်း။ မှန်၏၊ ကထိန်ခေတ်၌ နိုင်ငံခြားသို့ ဆက်ရသောငွေတွေမှာ သိန်းပေါင်းအတော်များများပင် ရှိပေလိမ့်ဦးမည်။ ရန်ကုန်မြို့၌ကထိန်လှည့်လည်သည်ကိုကြည့်ရှုနေသော ပေါက်ဖော်သူဌေးတစ်ယောက်က မြန်မာလူကြီး တစ်ယောက်အား "ခင်ဗျားတို့လည်း အရမ်းမဲ့ အလှူတွေမရှိလျှင်၊ ကျွန်တော်တို့မှာလည်း ဘိန်းရှူသူတွေမရှိလျှင် ကြွယ်ဝချမ်းသာသောနိုင်ငံဖြစ်မှာပဲ" ဟု ပြောသတဲ့။

http://www.dhammadownload.com



**ဥတ်မကြီး**

ယခုခေတ် ကထိန်ခင်းကြရာ၌ "ဥတ်မကြီး" ဟုခေါ်သော လှူဖွယ်ပစ္စည်းများ သီးခြားပါလာသည်ကို တွေ့ရ၏။ ကထိန်ခင်းမည့်သင်္ကန်းကို မရှိနှမ်းပါးသောရဟန်းအား၊ သို့မဟုတ် အကြီးဆုံးမထေရ်အားပေးသည့်အခါ "ဥတ်" ဟုခေါ်သော ပါဠိတစ်မျိုး ဖြင့်ပေးရ၏။ ထိုသင်္ကန်းကို "ဥတ်သင်္ကန်း" ဟု ခေါ်ကြ၏။ ထို ဥတ်သင်္ကန်း၏အခြံအရံဖြစ်သော လှူဖွယ်များကို "ဥတ်မကြီး" ဟု ခေါ်ကြသည်။ ယခုအခါ "ညှပ်မကြီး" ဟု တချို့က ခေါ်နေကြ၏။ ထိုဥတ်မကြီးတွင် ပါဝင်သော ပစ္စည်းများသည် အလှူဒကာများက "မည်သည့်ပစ္စည်းသည် ကျောင်းတိုက် သံဃိကပါဘုရား၊ မည်သည့်ပစ္စည်းက ဥတ်သင်္ကန်းခံယူသောပုဂ္ဂိုလ်အတွက်ပါဘုရား" ဟုခွဲခြား၍မလျှောက်လျှင်အားလုံးပစ္စည်းများ ဥတ်သင်္ကန်းရသူနှင့်သာ ဆိုင်၏။

**ဥတ်မကြီးရသူ**

ယခုခေတ်၌ကား သင်္ကန်းရှားပါးသူတို့ မရှိသောကြောင့် အများအားဖြင့် အကြီးဆုံးသော ပုဂ္ဂိုလ်အား ဥတ်သင်္ကန်း ပေးကြ၏။ ဥတ်မကြီးပစ္စည်းများလည်း ပုဂ္ဂိုလ်ကြီးသာ ရ လေ့ရှိ၏။ ထိုသို့ရရာ၌ အကြီးပုဂ္ဂိုလ်သည် တိုက်တာသံဃာအားလုံးကို ကြည့်ရှုကျွေးမွေးနေသော ပုဂ္ဂိုလ်ဖြစ်လျှင် တော်ပါသေး၏။ သူတစ်ပါးတည်း ခံစားသော ပုဂ္ဂိုလ်ဖြစ်လျှင်ထိုအလှူမျိုးသည်စံနစ်မကျချေ။ [ယခုအခါများစွာသော ကျောင်းတိုက်၌ အကြီးပုဂ္ဂိုလ်ဆိုတိုင်းလည်းသံဃာနှင့်ဝေမျှသုံးစွဲသောပုဂ္ဂိုလ်မဟုတ်တတ်ချေ။]

**သံဃိကစစ်မှ ကထိန်ဖြောက်**

"ကထိန်သင်္ကန်း" ဟူသည် ဆရာတော်တစ်ပါးကျောင်းထိုင်ဘုန်းကြီးတစ်ပါးမျှကို ရည်စူး၍ လှူရသော သင်္ကန်းမဟုတ်၊ သံဃာတော်အားလုံးကို ရည်စူးမှ(တတ်နိုင်ပါလျှင်တစ်သာသနာလုံးကိုရည်စူးမှ)သံဃိကအစစ်

http://www.dhammadownload.com



ဖြစ်နိုင်၏။ ယခုကာလ၌ကား မိမိကြည်ညိုသော ဆရာတော် ကျောင်းထိုင်ဘုန်းကြီးကို ရည်စူး၍ ကထိန်သင်္ကန်း လှူမိတတ်၏။ ထိုသို့ပုဂ္ဂိုလ်တစ်ပါးကို ရည်စူးထားလျှင် သံဃိက မဟုတ်ပြန်လျှင် ကထိန်သင်္ကန်းအရာလည်း မဝင်နိုင်။ ဥတ်မကြီး၌ ထည့်ထားသော လှူဖွယ်များလည်း နဂိုကပင် ဆရာတော်အား ရည်စူးပြီး ဖြစ်တတ်လေ၏။ ထိုသို့ဖြစ်လျှင် အားလုံး သံဃိကအလှူ မဟုတ်၊ ပုဂ္ဂိုလ်တစ်ပါးအတွက် ပုဂ္ဂလိကသာ ဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် ကထိန်ခင်းရာ၌ ဆရာတော်များသည် သံဃိက စစ်စစ်ဖြစ်အောင် ဟောပြောသင့်၏။ သင်္ကန်းများကို အခြား ကျောင်းတိုက်မှ ပင့်ထားသောသံဃာများအား ခွဲခြား၍လှူလိုသေးလျှင် ဤကျောင်းတိုက်ရှိ သံဃာများ ကျေနပ်အောင်ခွင့်တောင်းပြီးမှသာ လှူရလိမ့်မည်၊သို့မဟုတ်လျှင်ရေစက်ချစဉ်ကပင်ဤကျောင်းတိုက်အတွက် သံဃိက၊ပင့်သံဃာများအတွက်ပုဂ္ဂလိကဟုခွဲခြားလှူဒါန်းသင့်သည်။ [ဤအကြောင်းအရာများကို လူအများနားလည်မည် မဟုတ်သော ကြောင့် ဆရာသမားတို့က နားလည်အောင်ပြောပြသင့်ကြပါသည်]

**လက်တွေ့အပြစ်** ကထိန်ခင်းခြင်း ၏ စည်းကမ်းမကျမှုကြောင့် ယခုအခါ မျက်မြင်အပြစ်များတွေ့နေရသည်မှာ— သံဃာအနည်းငယ်ရှိသောကျောင်း၌ မဲကျသောကြောင့် တစ်ထောင်တန် ဥတ်မကြီးဖြင့် အတီး အမှုတ် ပွဲလမ်းသဘင် ကျင်းပ၍ တပျော်တပါး သွားကြ၏။ ကထိန်ပြီးလျှင် ထိုကျောင်း၌ ဓားပြတိုက်သည်ဟုကြားရတတ်၏။ သို့မဟုတ် "ကထိန်ရသောဘုန်းကြီးသည် ထို ပစ္စည်းတွေကို ရောင်း၍ လူထွက်လေပြီ"ဟုကြားရတတ်၏။ သို့ မဟုတ် နီးစပ်ရာ ဒကာ ဒကာမများနှင့် ဆွေမျိုးဉာတိတို့ ခွဲဝေယူ တတ်ကြ၏။ [ သံဃာ များသော်လည်း သံဃာကို ဝေလေ့မရှိသော ပုဂ္ဂိုလ်ကြီးများ ကထိန်ရရာ၌လည်း ဤနည်း နှင်နှင်တည်း။]

http://www.dhammadownload.com



ထိုချွတ်ယွင်းချက်များ မဖြစ်စေကာမူ ပဒေသာပင်၌ ပါလာသောစောင်၊ ကော်ဇော၊ ခြင်ထောင်၊ နာရီ၊ စားပွဲနှင့် ကုလားထိုင်စသော အလှအပ အခမ်းအနားတွေကို သိမ်းဆည်း၍ နေရာချထားရသဖြင့်နဂိုကတရားနှင့်စာပေနှင့်နေသောအရှင်သူမြတ်တို့မှာအနှောင့်အယှက်သဖွယ် ဖြစ်နေတော့၏။ ထို့ပြင် ဘာသာရေးကိစ္စဆို၍ ပွဲတခြိမ့်ခြိမ့်ကျင်းပကာ အတီးအမှုတ်မြိုင်စွာဖြင့် လှူဒါန်းရန်သွားခြင်းမှာလည်း အလွန်တိတ်ဆိတ်ခြင်းကို လိုလားတော်မူ၍ တောကျောင်းများ၌သာ မွေ့လျော်တော်မူသော ဗုဒ္ဓရှင်တော်၏အလိုကို မဆိုထားဘိ၊ ယခုခေတ်သူတော်သူမြတ်တို့၏ အလိုမျှလည်း မကျချေ။

**ကထိန်**
**မှုပြင်ရေး**

ဤ ပြခဲ့သော အပြစ်များကို နားလည်ကြကုန်သော ဗုဒ္ဓဥပါသကာ ဥပါသိကာမတို့သည် ဒူးနေရာဒူး တော်နေရာတော် ဆိုသလို ဘာသာရေးကိစ္စ၌ ပွဲလမ်းသဘင်အပျော်အပါးကိုလည်း ရှောင်ရှားဖို့ရန် တောင်းပန်လိုပါသည်။ မိမိတို့အလှူဝတ္ထုနှင့် ကျောင်းမှာအသုံးတည့်မတည့်၊ အသုံးတည့်ပြန်လျှင် သာသနာရေးဆိုင်ရာ ပရိယတ် ပဋိပတ်ကို အားပေးရာ ရောက်မရောက်ကိုလည်းကောင်း၊အကျိုးမများလှသော အသုံးအဆောင်ပစ္စည်းများအတွက် နိုင်ငံခြားသို့ တိုင်းပြည်မှငွေများမထွက်စေဖို့ကိုလည်းကောင်း သတိပြုစေလိုသည်။

ထို့ကြောင့် ကထိန်ခေတ်ရောက်၍ လှူတော့မည်ကြံလျှင် သင်္ကန်းအလှူသည် ဗုဒ္ဓရှင်တော်၏ပထမရည်ရွယ်တော်မူချက်ဖြစ်ကြောင်း သတိပြု၍ကျောင်းတိုက်သံဃာများ၏ သင်္ကန်းအခြေအနေကို စဉ်းစားသင့်၏။ စဉ်းစားရုံနှင့် မပြီးနိုင်ပါလျှင် ပြည့်စုံ မပြည့်စုံမေးမြန်းလျှောက်ထားသင့်၏။ ထို့နောက် တတ်နိုင်သေးလျှင်ကားဖိနပ်အတွက်စဉ်းစားသင့်၏။ ထိုပစ္စည်းများ ပြည့်စုံကြသည်ဟု ဆိုလျှင် ဆောင်းဝင်တော့မည်ဖြစ်၍ သံဃာတော်များအတွက် ခြုံထည်

http://www.dhammadownload.com



စဉ်းစားသင့်၏။ ဖျင်ဇကေသီလည်း အလွန်အသုံးဝင်သော ခြုံထည် ဖြစ်နိုင်၏။[ဖျင်ဇကေသီ ကျကျနနဆိုလျှင် ရုံ၍ဖြစ်၊ရန်း၍ဖြစ်၊ဆောင်း အခါတွင် ခြုံစရာလည်းဖြစ်၊ တစ်ချက်ခုတ် သုံးချက်ပြုတ် အကျိုးရ မည်။]

ထို့ထက်ပိုလျှင်လည်းပရိယတ်ကိုအားပေးရာရောက်အောင် စာအုပ် ခဲတံ မင်အိုး အစရှိသည်ကိုလည်းကောင်း၊ ခပ်မြန်မြန် အသုံး ဝင်မည့် ကျမ်းစာအုပ်ကိုလည်းကောင်း၊ စဉ်းစားသင့်၏။ ထို့ထက်ပို ပြန်လျှင် နေ့စဉ်အသုံးဝင်နိုင်သော ပရုပ်ဆီ၊ လျက်ဆား၊ ဝမ်းနုတ် ဆေး စသော ဆေးများကိုလည်းကောင်း၊ သပိတ်ဆေး အဝတ်လျှော် ရေချိုးရန် ဆပ်ပြာကိုလည်းကောင်း စဉ်းစားသင့်၏။ ထိုမှတစ်ပါး လူ အများမြင်၍သင့်တော်သော၊ ကျန်းမာရေးလည်းညီညွတ်သောအခြား အသုံး အဆောင် လိုရာကိုလည်း စဉ်းစားသင့်၏။ [ဆွမ်းကိုမကျွေး သော်လည်း ကိစ္စမရှိ၊ စာသင်တိုက်ဖြစ်လျှင် ဆွမ်းကျွေးမည့်အစား ဆန်, ဆီစသည်ကသာ၍ အသုံးဝင်၏။] ဤသို့စသည်ဖြင့် ကာထိန် အလှူဒါနကို ကာလဒေသလိုက်၍ ထိုက်သင့်သလို သာသနာ အား ပေးသော ကုသိုလ်ဖြစ်အောင် အနာဂတ်ကာလ၌ ကျေကျေနပ်နပ်ပြု ပြင်ကြပါကုန်။

**သားရှင်ပြု လှူဒါန်းကြပုံ**

ဘုန်းကြီးဝါဒမှာ "နေ့စဉ် စိတ်ကောင်းထား၍ နေ့စဉ်ဒါနဝတ်နှင့် ကိုယ်ကျင့်သီလ ကောင်းခြင်း ကိုသာ အရာရာဝယ်သာယာအေးမြလျက် နောက် ဘဝ၌ မုချဂတိကောင်းကြောင်း အလုပ်ဖြစ်၏" ဟုယူဆပါသည်။ တစ်ရံတစ်ခါ ပကာသနများစွာဖြင့် ဒါနအကြီး အကျယ် ပြုမှုများကို အနှစ်အသားဟု မမှတ်ထင်သည့်အပြင် လူအများ၏ ကိုယ်ကျင့်ပျက် ကြောင်း ရဟန်းတော်များ အလုပ်ပျက်ကြောင်းဟုသာ ထင်ပါသည်။

ရှင်းပြဦးအံ့၊ သားရှင်ပြုကိစ္စ၌ ဂုဏ်အသရေရှိ လူကြီး

http://www.dhammadownload.com



လူကောင်းတို့ကား ထိုကဲ့သို့သော အစာကိုစားနေကျဖြစ်၏။ သူက ဖိတ်လို့သာ အားနာ၍(မသွားမကောင်းသဖြင့်)သွားရသည်။ အိမ်မှာ အလုပ်ကိစ္စ တန်းလန်းနှင့် မအားကြ။ ကျွေးမွေးရာ၌ ကုန်သောငွေ လည်း မနည်းလှ စားရသူတို့ကလည်း အားနာပါးနာ နှင့် မလွဲသာ၍ လာကြရာဝယ် အဘယ်မှာ ကုသိုလ်ထုပ်ကြီး ရနိုင်မည်နည်း။ ထို အပေါ်မှာ ဂုဏ်ဖော်ချင်သော စိတ်ကောက်ကလေးက (ပကာသန အကုသိုလ်လောဘစိတ်ကလေးက) ပါလိုက်ချေသေး၏။

ဘုန်းကြီးပင့်ရာမှာလည်း ပင့်ရိုးအတိုင်းမပါမကောင်းသော ဘုန်းကြီးပေါင်းများစွာကို ပင့်ရပြန်၏။ ထိုဘုန်းကြီးများသည် တစ် နေကုန် တစ်နေခန်း ပရိယတ် ပဋိပတ် အလုပ်ဖျက်ကာ အလှူရှိရာ ကျောင်းသို့သွား၍ နေကြရ၏။ နောက်ပါကျောင်းသားတို့လည်း စာ သင်ပျက်ကြ၏။ သို့ဖြစ်လျှင် ရာပေါင်းထောင်ပေါင်းများစွာ အကုန် အကျခံပြုကြသော သားရှင်ပြု သမီးနားသ အလှူဒါနကြီးသည် သာ သနာကြီးပွားရေးကို အဘယ်နည်းဖြင့် အားပေးရာ ရောက်တော့မည် နည်း။

**ထိပ်ကွက်ကလေးကိုသာ စိရင်လိုက်ပါတော့**

သားရှင်ပြု တစ်ခု၌ ကြားရဖူး သည်ကား–အလှူ့ဒကာသည် ထိုနယ်၌ နာ မည်ကြီးသူတည်း။ အလှူမှာ အမဲသား (နွားသား)ကျွေး၏။ ပရိသတ်တွေလာကြသည်မှာ ကျွေး၍ မလောက် အောင်ပင်။ အတော်ကြာလျှင် ဝယ်ထားသောအသားတွေ ကုန်လုပြီ။ အလှူ့ဒကာသည် ပရိက္ခရာရှစ်ပါးကိုလွယ်ကာ အတော်ကြည်နူးစွာ ဖြင့် ရှင်လောင်းလှည့်ရာတွင်ပါဝင်နေ၏။ ထမင်းကျွေးသူများလည်း အမဲသား လောက်ပုံမရ၍ ဗျာများနေကြပြီ။ နောက်ဆုံး၌ မကြံတတ် တော့သဖြင့် အလှူ့ရှင်ထံ ပြေးလာကြ၍ ဟင်းလောက်ပုံ မရကြောင်း ပြောကြလေ၏။ အလှူ့ဒကာလည်း အတော်စိတ်မောသွားဟန် တူ

http://www.dhammadownload.com



၏။ တောင်ကြံမြောက်ကြံနှင့် ကြံရာပါသော်လည်း အကြံမရတော့ပြီ။ အတော်ကြာကြာ တွေးပြီးမှ "အင်း–အိမ်က ထိပ်ကွက်ကလေးကိုသာ စီမံလိုက်ကြပါတော့"ဟု ရှုံ့မဲ့သောမျက်နှာဖြင့် ညွှန်ပြလိုက်ရာသတဲ့။

**အမျှဝေမှားပုံ**

သားရှင်ပြု အလှူ့ရှင်တစ်ယောက်လည်း နာမည်ကြီးသူပင်တည်း။ ကူငွေများများရလျှင် နဂို တင်နေသော ကြွေးများပင် ကျေလောက်လိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် ကြီးကျယ်သောအလှူကို စီစဉ်လေ၏။ ချက်ပြုတ်ထားသည်မှာလည်း အများပင်။ သို့သော် လူအလာများသလောက် ကူငွေမရချေ။ ကုန်ကျစရိတ်နှင့် ရသမျှငွေကို စောစောက စိတ်တွက်တွက်နေ၏။ ထင်ကြေးမကိုက်သဖြင့် ခပ်စောစောကပင် မျက်နှာမသာမယာလှ။ ညနေချိန်၌ ပင့်ထားသော ကိုယ်တော်များ ပရိတ်ရွတ်ရန် မဏ္ဍပ်သို့ ကြွလာကြပြီ။ သူကား ရေခွက်ကိုင်ကာ သံဃာစင်ပေါ်ရောက်နေ၏။ ဘုန်းကြီး တစ်ပါးက အာဝဇ္ဇန်းရှင်ရှင်နှင့် ရေစက်ချပေး၏။ အလှူ့ဒကာမှာ သူ့အနီး၌ ကပ်လျက် ရေစက်ချပေးနေသည်ကိုမျှ ကောင်းကောင်းမကြားရဘဲကူငွေနှင့်ကုန်ကျစရိတ်များကိုအပြန်အလှန်စဉ်းစားနေစဉ် ဘုန်းကြီးလည်း ရေစက်ချပြီးရော၊ သူလည်း ကူငွေ တွက်ရာမှ အရှုံးထွက် နေတာကို သိရရော။ ထိုအခိုက်၌ အနားရှိ ဆွေမျိုးများက "အမျှဝေလိုက်၊ အမျှဝေလိုက်"ဟုတိုက်တွန်းသံကြားသဖြင့် ကပျာကယာ "သောက်ကျိုးနဲပါပြီဗျို့"ဟု နှုတ်ကထွက်သွားရာသတဲ့။

**အလားတူ အလှူပျက်တွေ**

ဤအဖြစ်အပျက်မျိုးသည် ယခုခေတ်ကျမှ ပေါ်လာသည် မဟုတ်၊ မင်းကြီးဦးပေါ်ဦးတို့၏ လက်ထက်ကပင် အလားတူ သားရှင်ပြုရှိခဲ့သည်။ ထို့ကြောင့်ယမမင်းထံ အစစ်ခံသံပေါက်၌ ထို အလှူမျိုးတွေ မကျေနပ်၍ မင်းကြီးရေးထားသည်မှာ–

http://www.dhammadownload.com



သားကြီးရှင်ဖြစ်၊ ကျွန်တော်စစ်၊ ညစ်၍လှူခဲ့တယ်။
ကွမ်း ဆေး လက်ဖက်၊ ဆီစက်စက်၊ ဝက်နှင့်ကြက်သား ကျွေးခဲ့တယ်။
သည်ကို ဟိုကို၊ ကြွပါဆို၊ ဗျိုဗျာမစဲ ခေါ်ခဲ့တယ်။
ကျွန်တော့်အလှူ၊ ကြွေးတွေပူ၊ ငွေကူကိုသာ မျှော်မိတယ်။
ကူငွေနှင့်သာ၊ ငါလှူတာ၊ ထေမိပါမှ ကာတော့မယ်။

ဤသို့လျှင် မင်းကြီး ဦးပေါ်ဦးလက်ထက်ကပင် သားကြီးရှင်ဖြစ် အလှူတွေထွန်းကားနေခဲ့၏။ စည်းပျက်ကမ်းပျက်ဟူသမျှသည် မပြုပြင်သမျှ တစ်ခေတ်ကထက် တစ်ခေတ် သာ၍ ဆိုးဝါးကြမ်းတမ်းမြဲဖြစ်ရကား ယခုခေတ် တချို့ရပ်ရွာ၌ မလှူမိကြို့တင်၍ "ဝက်သားမည်မျှပေးပါ၊ အမဲသားမည်မျှပေးပါ"ဟုဆိုင်ရာသို့ အမိန့်ပေးထားကြ၏။ ဆိုင်ရာကလည်း အလှူရက်ရောက်မှ ဝက်နှင့်နွားတို့ကိုသတ်ဖြတ်၍ လောလော လတ်လတ် အသားတွေကို ဒါနရှင်အလှူ့ဒကာလက်သို့ ပို့ဆက်ကြတော့၏။ ဤမျှလောက် ပျက်စီးနေသော ဘာသာရေးအလုပ်ကို ဘုန်းကြီးများနှင့် အမျိုးသားအစိုးရဆိုသူတွေက အဘယ်မှာလျှင် မပြုပြင်ဘဲ နေထိုက်တော့မည်နည်း။

**ရှင်လောင်းကို စိစစ်ပါ**

ရှင်သာမဏေပြုလုပ်မည့် အလောင်းအလျာကို "ရှင်လောင်း"ဟုခေါ်၏။ ထိုရှင်လောင်းဆိုသူတို့တွင် တချို့သည် စကားမျှ မပီသေး။ တချို့ကား အတော်အတန်ကြီးပါသော်လည်း ရှင်သာမဏေများကျင့်ရမည့် ကျင့်ဝတ်ကိုနားမလည်။ တချို့ရှင်ကလေးများမှာမဏ္ဍပ်အတွင်း၌ သင်္ကန်းချည်၍ မဏ္ဍပ်ကထွက်လျှင် ထွက်ချင်း လူဝတ်လဲရတော့၏။ မလဲလို့လည်း မဖြစ်ကြတော့။ ရှင်သာမဏေပြုရာ၌"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော သရဏဂုံပါဠိကို ဆရာ ဘုန်းကြီးနှင့် ရှင်လောင်းနှစ်ဦးလုံးပင် ပီပီသသ(ဌာန်ကရိုဏ်း ကျကျ) ရွတ်ဆိုတတ်မှ ရှင်သာမဏေအစစ်

http://www.dhammadownload.com



ဖြစ်သည်ဟု ကျမ်းစာ၌ ဆိုထား၏။ ယခုခေတ်မြန်မာရှုမျိုးတို့ကား အင်မတန်ကြိုးစားမှ စာလာ ပေလာအတိုင်း ပိနိုင်၏။ ထိုသို့မပီစေကာမူ ရှင်သာမဏေဟုဝန်ခံ၍ ဆိုင်ရာကျင့်ဝတ်များကို ကျင့်တတ်လျှင် အပြစ်ကင်းဖွယ် ကုသိုလ်ရဖွယ် ရှိပါသေး၏။ ယခုသော် များသောအားဖြင့် ရှင့်ကျင့်ဝတ်ကို နားလည်သူများ နည်းပါး, ကျင့်သူကသာ၍ရှားတော့၏။ ဤကိစ္စကိုတိုင်းသူပြည်သားတို့နားလည်အောင် စီမံပြီးလျှင် မူလတန်းပညာလောက်ကို(အနည်းဆုံး) သင်ပြီး၍ ကောင်းစွာနေထိုင်တတ်မှသာ ရှင်သာမဏေ ပြုစေသင့်ကြပါသည်။

**ကြီးကျယ်သော ရှင်ပြုနည်းကိုပြင်**

ယခုအခါ ခေတ်စားနေသော ရှင်ပြုနည်းများ၌ ငွေပိုငွေလျှံ ရှိသူတို့အတွက် မထောင့်သာသော်လည်း ရှိသမျှ ပစ္စည်းကလေးနှင့် အားခဲရသူ ကြွေးယူ၍ သားကြီးရှင်ဖြစ်ပြုရသူတို့အတွက် အလွန် နစ်နာလှပေ၏။ သံသရာကျိုးလည်း နေ့စဉ်ဆွမ်းလောင်း၊ မိဘပြုစု စသော ဒါနမျှလောက် အားမကိုးရ။ ပြခဲ့သော နွားသတ် ဝက်သတ် ခိုင်း၍ ငွေကူကိုမျှော်ရသောအလှူနှင့် ဂုဏ်ပကာသနကို ပဓာနထားသော အလှူတို့မှာ ငွေကုန် အပြစ်ဖြစ် ၂ မျိုးလုံးနစ်နာ၏။ ထိုအလှူမင်္ဂလာဝယ် သားငယ်ကို မင်းမြောက်တန်ဆာဆင်၍ အဘိသိက်သွန်းလိုက်သော်လည်း ဘယ်သူကမျှ အထင်မကြီးကြ။ ထို အဘိသိက် သွန်းလောင်းမှုကြောင့် ဘာမင်္ဂလာမှလည်း မတိုးတက်ပါ။ယခု ရှင်လောင်း များထက် မယှဉ်သာလောက်အောင် အဆင့်အတန်း မြင့်သော သားတော်ရာဟုလာရှင်ပြုရာဝယ် ဘာဘိသိက်မှ မသွန်းရ၊ ဘာအလှူကြီးမှလည်း မလှူလိုက်ရ၊ ကျောင်းတော်လိုက်သွားရာမှ အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဦးခေါင်းရိတ်၍ သာမဏေဝတ် ပေးရုံမျှဖြင့် ရှင်ပြုကိစ္စ ပြီးစီးရပါသည်။

http://www.dhammadownload.com



**မိမိတူအား ပြောခြင်း**

မိမိ၏တူ၌ ၉ နှစ်မျှရှိသော သားကြီး ရှိ၏။ ထိုကလေးကို ရှင်ပြုမည့် အကြောင်း လျှောက်၏။ သူတို့မှာ ၂ ယောက်လုံး အထက်တန်း ကျောင်းဆရာဖြစ်သော်လည်း ငွေများများ မပိုနိုင်သောကြောင့် "ငွေဘယ်ကရမည်လဲ"ဟု မေး၏။ ယောက်္ခမ ၂ ယောက်က သူတို့ မသေခင်ကလေးကို သင်္ကန်းနဲ့မြင်ချင်လို့ သူတို့ရဲ့ရွှေတစ်ဆယ်သားကိုရောင်းမည်ဟု ပြောပါသည်။ ကောင်းပြီ၊ အလှူဖိတ်တဲ့အခါ မင်းတို့လို စားသောက်နိုင်သူများကို ဖိတ်ပြီး အစားကောင်းတွေကို ကျွေးတာနဲ့ ငွေအတော်များများကုန်သွားပြီ။ သူတို့မှာ ဒီလိုအစားကောင်းကို ဝယ်၍စားနိုင်သောကြောင့် ကျေးဇူးတင်လှမည်မဟုတ်။

ဘုန်းကြီးပင့်တော့လည်း သိက္ခမ်းပြီးဘုန်းကြီးများကိုပင့်၍ သင်္ကန်းစသည်လှူလို့ ငွေအတော်ကုန်သွားလိမ့်မည်။ ဒီပစ္စည်းမျိုးထိုဘုန်းကြီးများမှာရှိနေသောကြောင့် ကျေးဇူးများလှမည်မဟုတ်၊ ကလေးငယ်လည်း ရှင်သာမဏေ၏ကျင့်ဝတ် နားမလည်ဘဲ ကိုးရိုးကားရားဝတ်၍ မဏ္ဍပ်အတွင်းဝယ် ကစားကာ ပျော်သလို နေရာပေလိမ့်မည်။ ရွှေတစ်ဆယ်သားကုန် ရှင်ပြုရာ၌ ကလေးမှာ အကုသိုလ်ရရှာတော့မည်။ ထို့ကြောင့် အဲဒီလိုပြုမည့်ရှင်ပြုကို သင်တို့မြို့မှာသာပြုပါ။ ဒီလိုမဟုတ်ဘဲ ကလေးကုသိုလ်ရ၍ ဘာသာရေး နားလည်အောင်ရှင်ပြုပေးလိုလျှင် ဆယ်တန်းအောင်မှ၊ သို့မဟုတ် တက္ကသိုလ်ဒီဂရီရမှ ဘုန်းကြီးကျောင်းလာပြီးရှင်ပြု၊ သို့မဟုတ် ဒုလ္လဘဝတ်ပါ။ ရွှေတစ်ကျပ်သားမျှ မကုန်စေရပါဘူးဟု ပြောလိုက်ပါသည်။

**ဘုန်းကြီးမျဲ**

ရွာဦး ရွာထိပ် ၌ ကြည်ညို ကိုးကွယ်ထားသော ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူရာဝယ် ရပ်သူရပ်သားတို့ လွမ်းဆွတ်မှု ပြေပျောက်အောင် သူ့ထက်ငါ အားကျ၍နောက်ဆုံးပူဇော်ကြခြင်းကို အပြစ်မဆိုလိုပါ။ သို့ရာဝယ် အသည်း

http://www.dhammadownload.com



အသန် မမာတုန်းက ပျံလွန်မည့်ပုဂ္ဂိုလ်ကျေနပ်လောက်အောင် ဆရာကောင်း ဆေးကောင်း ဓာတ်စာကောင်းတို့ဖြင့် မကုသ၊ မပြုစုကြဘဲ၊ ပျံလွန်ခါမှ ရာပေါင်း ထောင်ပေါင်း သောင်းပေါင်းများစွာ အကုန်အကျခံ၍ ပူဇော်ခြင်း၌ အကျိုး ရှာမရသည့်ပြင် ဝမ်းနည်းဖွယ်ကိုသာ မြင်နေရပါတော့သည်။

ထင်ရှားစေပါဦးမည်၊ ဤစာကိုရေးရာနှစ်ကိုထောက်၍ လွန်ခဲ့သော ကိုးနှစ်လောက်က နာမည်ကျော်ဆရာတော်တစ်ပါး အဇော်စိုးရိမ်လောက်အောင် မကျန်းမမာဖြစ်၏။ ဟိုက သည်က ဆေးအတွက် လှူကြသည်မှာ ၄၀ ကျော်တန်မျှသာရှိ၏။ သို့ရာဝယ် ကံကောင်းလှ၍ ပျံတော်မမူသေးပါ။ အကယ်၍ ပျံတော်မူပါလျှင် ထိုဒကာ ဒကာမ တပည့် တပန်းတို့ လေးရာမက လေးထောင်ကျော်အောင် အကုန်အကျခံ၍ ဘုန်းကြီးပျံပွဲ ဆင်နွှဲကြပေလိမ့်မည်။ ထိုကဲ့သို့ အကုန်အကျခံကြရာ၌ ဆရာသမား၏ ဂုဏ်ကို ရည်စူးကြခြင်းထက် ဂုဏ်ပကာသနနှင့် ရပ်သူရွာသားတို့၏ အပျော်အပါး အတွက်သာ ပဓာနဖြစ်သည်ဟုဆိုလျှင် အရမ်းစွပ်စွဲရာရောက်မည်မထင်။

ဘုန်းကြီးငယ်စဉ်က မြောက်ကျောင်းမှာ သက်တော်ကြီး ဘုန်းကြီး ၂ ပါးဆက်၍ ပျံလွန်တော်မူ၏။ ထိုအခါ ဘုန်းကြီးတို့ကျောင်းက ကျောင်းသားတွေ စာအံရင်း ပျင်းပျင်းရှိတာနှင့် ပြောကြသည်မှာ "သူများကျောင်းက ဘုန်းကြီးတွေတော့ ခဏခဏ ပျံလွန်တော်မူကြတယ်။ ငါတို့ကျောင်းက ဘုန်းကြီးများတော့ တစ်ပါးမှ ပျံလွန်တော်မူဖော်မရဘူး။ ခုနှယ် တစ်ပါးလောက် ပျံလွန်တော်မူလျှင် ဘယ်လောက်ကောင်းမလဲ"။ ဤသို့ ကျောင်းသားတွေ ပြောနေသံကို ဘုန်းတော်ကြီး ကြား၍များစွာ ကြိမ်းမောင်းတော်မူသည်။

**အရိုးအိုးစေတီ**

ထို့ပြင် အသက်ထင်ရှားရှိစဉ်က အလွန်အကျူး ရှိသေလေးစားမှု မပြုကြဘဲ အရိုးကျမှ အရိုးအိုး

http://www.dhammadownload.com



စေတီ တည်ထားခြင်းလည်း နည်းလမ်းမကျလှ။ ထိုတည်ထားပြီး သော အရိုးအိုးစေတီကိုလည်း မည်သူမျှ အရေးတကြီး မကိုးကွယ်ကြ။ နှစ်ပေါင်းအတော်ကြာသော် ဘုန်းတော်ကြီးအရိုး လူအရိုး ခွဲခြားမရသည့်ပြင် ဓာတ်တော် ဌာပနာထားသော စေတီတော်များနှင့် လည်း ထူးမခြားပင်ဖြစ်နေတော့၏။ မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်၌ "မြတ်စွာဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာနှင့်စကြာမင်း ဤ ပုဂ္ဂိုလ် ၄ ပါး၏ အရိုးများကိုသာ စေတီတည်၍ ပူဇော်ထိုက်သည်" ဟုဟောတော်မူ၏။ [စကြာမင်းသည် သူ့ခေတ်နှင့်သူ့အခါ သတ္တဝါအကျိုးကို အလွန်ဆောင်သွားသော တရားမင်းပေတည်း။ တစ်လောကလုံးမှ တစ်ယောက်သာဖြစ်နိုင်ရကား ထူးဆန်းသောအရာလည်းဖြစ်၏။ ထို့ကြောင့် စေတီတည်၍ ကိုးကွယ်ထိုက်သူတို့တွင် စကြာမင်းလည်း ပါဝင်ရသည်။]

ပုထုဇဉ်ရဟန်းများ၏ အရိုးကို စေတီတည်ထားဖို့ရန် ဗုဒ္ဓရှင်တော် ခွင့်ပြုတော်မူလျှင်ကား သီလရှိသော ပုထုဇဉ် အရှင်များသည် သီဟိုဠ်ကျွန်းမှာပင် မရေမတွက်နိုင်အောင် များပြားရကား စေတီတည်ထားဖို့ရာ နေရာမလောက်ဘဲ ရှိပေလိမ့်မည်။ ထိုမျှလောက် များပြားနေလျှင် ထူးထူးခြားခြား အံ့သြဖွယ်လည်း မဖြစ်တော့ရာ။ ထို့ကြောင့် ပုထုဇဉ် အရှင်မြတ်တို့၏ အရိုးများကို စေတီတည်ခွင့်ပြုတော်မမူ။ ထို့ကြောင့် ယခုကာလ၌ ဘုန်းကြီးပျံတော်မူလျှင် အရိုးအိုးစေတီတည်ထားရိုး ဖြစ်နေသော စနစ်ကိုပြင်သင့်ပြီ။

"သီလရှိသောပုထုဇဉ် အရှင်များ ပျံလွန်တော်မူသောအခါ ပရိနိဗ္ဗာန်စံတော်မူသော ရဟန္တာများကဲ့သို့ ကြီးကျယ်စွာ ပူဇော် နိုင်သည်"ဟု အဋ္ဌကထာကဆို၏။ ထိုသို့ ဆိုရာ၌ ယခုကာလလို ရက်ရှည် လ,များထား၍ မီးလောင်စရာဖြစ်သောကြောင့် "လောင်တိုက်" ဟုခေါ်သော မီးလောင်စာ အကြီးအငယ် ကိုးဆယ် တစ်ရာလောက်

http://www.dhammadownload.com



ဖြင့် ပူဇော်ရမည်ဟု မဆိုလို၊ ထိုပျံတော်မူရာနေ့မှာပင် ပန်းနံ့သာ နံ့သာထင်းတို့ဖြင့် သင်္ဂြိုဟ်ပူဇော်ရမည်ဟုဆိုလိုပေသည်။

အဋ္ဌကထာ။ ။ ပုထုဇ္ဇနဘိက္ခုနံ ဟိ ထူပေ အနညာ– ယမာနေ တမ္ဗပဏ္ဏိဒီပေ တာဝ ထူပါနံ ဩကာသော န ဘဝေယျ၊ တထာ အညေသု ဌာနေသု၊ တသ္မာ အနစ္ဆရိယာ တေ ဘဝိဿန္တီတိ နာနုဇာနာတိ။ ပေ။ ပုထုဇ္ဇန သီလဝတော ပန ပရိနိဗ္ဗုတဘိက္ခုနော ဝိယ မဟာန္တမ္ပိ ကာတုံ ဝဋ္ဋတိယေဝ။

**ပျံတော်မမူဘဲ ရှုံးတော်မူမှာ စိုးရပုံ**

"ဘုန်းတော်ကြီး"ဟူသည် ရှေးဘဝက ဗြဟ္မာ့ပြည်မှစုတေခဲ့၍ကာမဂုဏ်အပြစ် မြင်ကာ ရဟန်းပြု၍နေ၏။ ထိုပုဂ္ဂိုလ် သည် (မေတ္တာဘာဝနာစသော ကမ္မဋ္ဌာန်းပေါက် ချာန်ရ၍) စုတေ သောအခါ မူလဌာန ဗြဟ္မာ့ပြည်သို့ပင် ပြန်သွားသောကြောင့် ဘုန်း တော်ကြီး စုတေသည်ကို ပြန်တော်မူသည်"ဟုခေါ်၏။ တစ်နည်း– "ဘုန်းကြီးများသည် ကောင်းမှုကုသိုလ် ထူးထူးထွေထွေ များပြားလှ ၏။ သီလသိက္ခာလည်း ကောင်းကြ၏။ စုတေလျှင် ဘယ်နည်းနှင့် မဆို အထက် နတ်ပြည် ဗြဟ္မာ့ပြည်သို့ ပျံတက်ရမည်သာတည်း"ဟု ရှေးကယူဆကြ၏။ ထို့ကြောင့် စုတေသည်ကို "ပျံလွန်တော်မူသည်" ဟုခေါ်ကြ ၏။ ထိုအခေါ်သည် သီလသိက္ခာနှင့် အမှန်ပြည့်စုံသော ဘုန်းတော်ကြီးများအတွက် မှန်ကန်သောအခေါ်ပင်တည်း။

ဒိစတြိတ်တစ်ခု၌ ဘုန်းကြီးတစ်ပါးကား ငွေတိုးပေး၍ စား ၏။ အသည်းအသန်မမာသောအခါ ငွေတိုးယူထားသော ရွာသားတို့ က သူတို့စာရင်းကိုရှာကြ၏။ မမာနေသောဘုန်းကြီးသည် သူနေရာ ၏ ကြမ်းပေါက်အောက်ကို အလွန်စူးစိုက်စွာ မကြာခဏ ကြည့်နေ ၏။ ဒကာတစ်ယောက်သည်ထိုကြည့်ပုံကိုသဘောပေါက်၍ထိုကြည့် ရာမြေကို တူးလေရာ ရွှေငွေများစွာရလေသတဲ့။ ဘုန်းကြီးလည်း

http://www.dhammadownload.com



မကြာမီ ပျံတော်မူလေ၏။ ထိုဘုန်းတော်ကြီးမျိုးကား အထက်သို့မပျံဘဲ အောက်သို့ ရှုံးတော်မူမှာ စိုးရလေသည်။

**သတိပြုဖွယ်တွေ** ယခုအခါ မည်သည့်ဘုန်းကြီး၊ မည်သည့် ဆရာတော် ပျံလွန်တော်မူ၍ "သင်္ကန်းအစုံပေါင်း မည်မျှ၊ ကော်ဇောစသည်ကမည်မျှ၊ ငွေသားကမည်မျှ"စသည်ဖြင့် စာရင်းကြားရသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှ၏။ ဘုန်းကြီး ပီပီသသ နေလိုကြလျှင် ဝတ်လောက် သုံးစွဲလောက်ရုံမှတစ်ပါး ရသမျှကို မရှိနွမ်းပါးသော တပည့် ရဟန်း သာမဏေများကိုသာ ဝေခြမ်းလှူဒါန်းသင့်၏။ ငွေဆိုသည်မှာ လုံးလုံး ကိုယ်ပိုင်ထားကောင်းသော ပစ္စည်းမဟုတ်၊ ထို ပစ္စည်းတွေကို တွယ်တာသော လောဘဇောဖြင့် စုတေ စိတ်ကျပါမူ "သာပေက္ခကာလံ ကြိယာ အတ္တနောယေဝ ဂေဟေ ယက္ခ ကုက္ကုရ။ ပေ။ နိဗ္ဗတ္တန ကာရဏံ ဟောတိ=ပစ္စည်းစသည် တွယ်တာလျက် သေရခြင်းသည် မိမိ နေရာ အိမ်(ကျောင်း)၌ တစ္ဆေ ပြိတ္တာ ခွေး နွား ကျွဲ ကြွက် ကြက် သန်း ကြမ်းပိုးစသည်ဖြစ်ခြင်း၏ အကြောင်း ဖြစ်၏"ဟု မဟာသုဒဿန သုတ္တဋ္ဌကထာ၌ မိန့်၏။ ထို့ပြင် ဆရာဘုန်းတော်ကြီး ပျံတော်မူခါနီး၌ ကျောင်းတောင်းသူ ပစ္စည်းတောင်းသူများလည်း ဆရာကို အတင်းတွန်းချသည်နှင့် တူလှ၍ စဉ်းစားစရာကောင်းပေသည်။

**ဘုန်းကြီးပျံ ကြာရှည်ထားပြစ်** ယခုကာလ၌ ဘုန်းကြီးပျံကို ကြာရှည်ထားလေ့ရှိခြင်း၊ ကြာရှည်ထားလေ့မရှိခြင်းဟု ၂ မျိုးရှိ၏။ ကြာရှည်ထားခြင်း၌ ရည်ရွယ်ချက်ကား ရပ်ဝေးတပည့်များ လာရောက်မီအောင်စောင့်ဆိုင်းလိုခြင်း၊ ဒကာဒကာမများ၏ ဘုန်းကြီးပျံ၌ ကုန်ကျဖို့ရန် ငွေရှိချိန်ကို စောင့်လိုခြင်းများဖြစ်၏။ ထိုတွင် အဝေးတပည့်များလာရောက်မှုသဂြိုဟ်ခြင်းလည်း တစ်နည်းအားဖြင့် ထိုမှုရမည့် အကူအညီတို့ကို မျှော်လင့်ခြင်းပင်ဖြစ်၏။ ထို

http://www.dhammadownload.com



သို့မဟုတ်ဘဲအဝေးတပည့်များနောက်ဆုံးကန်တော့ခြင်းဖြင့်ကန်တော့စေလိုသောကြောင့် ထားရပါသည်”ဟုဆိုလျှင် အလောင်းကို မမီလိုက်ဘဲ ဂူဏ်ကိုမှန်း၍ ကန်တော့လျှင်လည်း ပြီးနိုင်ပြီဖြစ်၍ ထိုအကြောင်းလည်း မလုံလောက်သေးချေ။ အမှန်မှာ ပွဲနှင့်လမ်းနှင့် စည်စည်ကားကားဖြစ်စေလိုသောကြောင့် ကြာရှည်ထားကြသည်”ဟု ထင်စရာအကြောင်းရှိ၏။ ထိုသို့ကြာရှည်ထား၍ စည်စည် ကားကား ကျင်းပခြင်း၌ အောက်ပါအပြစ်များကိုတွေ့ရလေသည်–

၁။ အလောင်းကို စောင့်ရှောက်ရမှုကြောင့် ပရိယတ်ကျောင်းတိုက်ဖြစ်လျှင် စာသင်စာချပျက်ခြင်း၊ ပဋိပတ်ကျောင်းတိုက်၌ ပဋိပတ်အကျင့် လစ်ဟင်းခြင်း။

၂။ ဒကာ ဒကာမတို့ အလုပ်အကိုင် ပျက်၍ အကုန်အကျများခြင်း၊ ထိုကုန်ကျရာ၌ တချို့ဒကာ ဒကာမများကား မရှိမဲ့ ရှိမဲ့နှင့် သူများနည်းတူဖြစ်အောင် ကြံစည်၍ထည့်ရခြင်း၊ တချို့လည်း စိတ်မပါဘဲ ရပ်ရွာနှင့် မဆန့်ကျင်အောင် ထည့်ရခြင်း။ [ထို့ကြောင့် “ဘုန်းကြီးသေ၊ ရွာကြေ”ဟုဆိုကြသည်။]

၃။ ပွဲလမ်းသဘင်တွေများ၍ ကြည့်ရှုသူတို့မှာ ကျန်းမာရေးချွတ်ယွင်းတတ်ခြင်း။

၄။ တာဝန်ဆောင် ပုဂ္ဂိုလ်များဝယ် အလုပ်များသော ရဟန်းငယ် ရှင်ငယ်တို့မှာ အပြင်းအထန် ကျန်းမာရေးချွတ်ယွင်းတတ်ခြင်း။ [“နာမည်ကြီးဆရာတော်တစ်ပါးပျံတော်မူရာ၌ နောက်ပါ ၂ ပါး၊ ၃ ပါး ခေါ်သွားတတ်သည်”ဟု ပြောစမှတ်ရှိ၏။ ဆိုလိုရင်းကား ဆရာတော်ပျံ၌ လုပ်ကိုင်ရသောကြောင့် မကျန်းမာ၍ ၂ ပါး၊ ၃ ပါး ပျံတော်မူတတ်သည်ဟု ဆိုလိုသည်။]

၅။ ဝက် ကြက် စသော သတ္တဝါအများလည်း ဘုန်းကြီးပျံကို အကြောင်းပြု၍ သေကြရခြင်း။[ဆရာတော်တစ်ပါး၏ဘုန်းကြီးပျံ

http://www.dhammadownload.com



သို့ တပည့်အများ သွားကြရာ ညဥ့်အခါ၌ သဲသောင်ပြင်ထက် တက်၍ နားနေခိုက်ဝယ် ကပ်လာသောလှေကြီး တစ်စင်းပေါ်မှာသတ်ပြီး ကြက်ကောင်တွေ အပြည့်တင်လာသည်ကိုမြင်၍ "ဘယ်သွားမလို့လဲ"မေးရာ"ဆရာတော်ရျာပန သွားမလို့"ဟုဖြေသည်ကို ကြားခဲ့ရကြောင်း ကိုယ်တွေ့တစ်ဦးက လျှောက်ဖူးသည်။]

၆။ ဘုန်းကြီးပျံကို နာမည်ခံ၍ ဟိုဟိုသည်သည် အလှူခံကာ စီးပွားရှာလိုသူတို့ မတရားသဖြင့် စီးပွားရှာခွင့်ရခြင်း။

ဤသို့ စသည်ဖြင့် လက်တွေ့အပြစ်တွေ များပြားရကား အောက်ပါစည်းကမ်းချက်အတိုင်း ဘုန်းကြီးပျံကိစ္စကို ပြုပြင်သင့်ကြပါသည်။

**ဘုန်းကြီးပျံ ပြုပြင်ရေး**

မိမိ၏ ဆရာသမားကို လေးစားသော တပည့် ဒကာဒကာမတို့သည် မကျန်းမာကြောင်းသိလျှင် အစွမ်းကုန် ကြိုးစား၍(ဝိနည်းတော်နှင့်လည်း ညီစွာ)ကုသသင့်၏။ အကောင်းဆုံးဆရာနှင့် ဆေးဝါးတစ်စာများကို မိမိတို့ အစွမ်းအားလျော်စွာ ရှာဖွေဆက်ကပ်သင့်၏။ ထို ဘုန်းတော်ကြီးသည် မနေသာ၍ ပျံလွန်တော်မူရစေကာမူ တပည့် ဒကာ ဒကာမတို့ အပေါ်မှာ မေတ္တာများများနှင့် ကျေကျေနပ်နပ်ပျံလွန်တော်မူရပေလိမ့်မည်။ ပျံလွန်တော်မူကြောင်း ကေန်သိရသည့်အခါ၌ကား အချိန်ရှိသေးလျှင် အနီးအပါးရှိတပည့်များနှင့် ဒကာဒကာမတို့သည် နောက်ဆုံးပူဇော်ခြင်းဟု သဘောထား၍ မိမိတို့အိမ်မှာ အသင့်ရှိသော ဆီနံ့သာတုံးဖြင့် အမြန်ဆုံး မီးသဂြိုဟ်သင့်၏။ အချိန်မရှိလျှင်ကား တစ်ညဥ့်မျှထား၍ နောက်တစ်နေ့တွင် ကိစ္စပြီးစေသင့်၏။

ကြီးကျယ်သောဆရာတော်ဖြစ်၍ခပ်လှမ်းလှမ်းမှတပည့်များ နေ့ချင်းရက်ချင်း မရောက်နိုင်ပါမူ ၃ ရက်မျှ ထားသင့်ကြ၏၊ ထို့ထက် ပို၍ကား မည်သည့်နည်းနှင့်မှ မထားသင့်ပေ။ အရှင် သာရိ

http://www.dhammadownload.com



ပုတ္တရာ၊ အရှင်မောဂ္ဂလာန် စသောရဟန္တာကြီးများ ပရိနိဗ္ဗာန် စံတော်မူရာမှာပင် နေ့ချင်းညချင်း ပြီးစေပုံကို အတုယူသင့်ပါသည်။ ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်စံတော်မူရာ၌ကား ပြင်ဆင်၍ မပြီးနိုင်သောကြောင့်သာ မီးမသင်္ဂြိုဟ်ရသေးခင် ၇ ရက်မျှကြာသွားပါသည်။

**လူ့အသုဘ**

ဤ မြန်မာပြည်၌ သူသေ အလောင်းကောင်ကို အမွှမ်းတင်ကာ ငွေကုန်လူပန်း စီစဉ်ကြသည်မှာ စိတ်ပျက်ဖွယ်ရာကောင်းလှလေ၏။ တချို့မှာ ဆေးဖိုးဓာတ်စာ ငါးကျပ် တစ်ဆယ်မျှ အကုန်မခံ နိုင်ကြသဖြင့် မသေတန်ဘဲနှင့် သေရပြီးနောက် အလောင်းကောင် ဘဝရောက်မှ ကျန်ရစ်သူတို့က မရှိမဲ့ရှိမဲ့ကြံဆောင်၍ တစ်ဆယ် နှစ်ဆယ်မက အကုန်အကျခံပြီး သင်္ဂြိုဟ်ကြရ၏။ ထိုအလောင်းကို ၃ ရက်ထက်မနည်း အိမ်မှာ ထားလိုကြသေး၏။ [ထိုသို့ထားရာ၌ ဘိုး ဖြစ်သူထံမှ အကြောင်းပြချက်ကို ကြားသိရဖူးသည်မှာ "သေ–သေချင်းတော့ ဆွေမျိုးများက မပစ်ရက်ကြသေးဘူး၊ ၃ရက်လောက် ကြာ၍ ပုပ်နံလာသောအခါကျမှ ပစ်နိုင်ကြတယ်။ ဒါ့ကြောင့် ကျန်ရစ်သူများ ပစ်ခွာနိုင်အောင် ၃ ရက်၊ ၅ ရက်စသည်ထားကြတယ်" ဟူ၏]

ထိုသို့ထားရုံတွင်မပြီးသေး၊ ဆွေမျိုး မိတ်ဆွေတွေ လာသမျှအတွက် ကွမ်း ဆေး လက်ဖက်စသော စားသောက်ဖွယ်ရာများကိုပါ အသုဘအိမ်၌ စီစဉ်၍ထားရ၏။ ချမည့်နေ့၌ကား မင်္ဂလာပွဲပမာ တချို့က ဖီးလိမ်းဝတ်ဆင်၍ လာကြသေး၏။ တတ်နိုင်သလောက်ကျွေးကြရ လက်ဖက်ရည်တိုက်ရသည်မှာလည်း အလှူဒါနပွဲကလေး တစ်မျိုးဖြစ်နေ၏။ ပုပ်နေသောအလောင်းကို မနံအောင် သေတ္တာထဲမှာလှောင်၍ အနီးအပါး၌ ပျော်ပျော်ရွှင်ရွှင် စားသောက်ရယ်မောနေကြသော လူလယ်ခေါင်ဝယ် အလောင်းရှင်များကလည်း အသံကုန်ဟစ်ကာငိုကြရာ၏။ "စားသောက်ရယ်မောနေသူများက ငိုသူများကို

http://www.dhammadownload.com



အားမနာလို့လား၊ ငါသူများက ရယ်ကာမောကာ စားကြ သောက်ကြတာကို မသဒ္ဒါလို့လား"ဟု စဉ်းစားစရာဖြစ်တော့၏။ မည်သို့ပင်ဖြစ်စေ ထိုဖြစ်နေပုံကို လောကမျက်စိဖြင့် ကြည့်ကြည့်၊ ဘာသာရေးမျက်စိဖြင့် ကြည့်ကြည့် ယဉ်ကျေးမှုမရှိပါ။

**သွားလေသူ သဘောကျမဟုတ်နိုင်**

ဘုန်းကြီးပျံ အသုဘကို ရက်ကြာကြာထားရာ အခြား အကျိုး မရှိစေကာမူ သွားလေသူက သဘောကျမည်ဆိုလျှင်တော်ပါသေး၏။ ယခုသော် သွားလေသူကလည်း ထိုကဲ့သို့ကြာကြာထားသည့်အတွက် နှစ်သက်လှမည်မဟုတ်ချေ။ ထင်ရှားစေအံ့၊ မိမိ၏ လက်ခြေစသော ကိုယ်အင်္ဂါတစ်ခုခု၌ အနာပေါက်၍ နံနေလျှင် ထိုအနာကို လူစိမ်းမမြင်စေလိုဘဲ တတ်နိုင်သမျှ ဖုံးကြရ၏။ "အသုဘ" ဟူသောစကားသည် မတင့်မတယ် ရွံစဖွယ်ဟူသော အဓိပ္ပာယ်ကို ပြ၏။ သို့ဖြစ်လျှင် တစ်ကိုယ်လုံး မတင့်မတယ် ရွံစဖွယ်တုံးကြီးဖြစ်နေပါလျက် ရက်ကြာကြာ အပုပ်ခံ၍ လူတွေအား ပြနေခြင်းကို အဘယ် သွားလေသူ ကျေနပ်နိုင်အံ့နည်း။ "တချို့က ဆရာသမားကို ကြာကြာထား၍ ပူဇော်လိုပါသည်"ဟု ပြောကြသေး၏။ ထိုသူတို့၏ အိမ် ကျောင်းသို့ တစ်လှည့်စီ ပို့၍ ထားလျှင် သူတို့ပူဇော်ချင်မည်လော။ ဘုန်းကြီးအတွက် စပ်မိတိုင်းပြောသောစကားကား "ငါသေလျှင် ကြာရှည်မထားဘဲ သူတစ်ပါးမမြင်ရာရောက်အောင် အမြန်ဆုံးစွန့်လိုက်ကြ"ဟုပင်တည်း။ အားလုံးသွားလေသူများလည်း ဘုန်းကြီးလိုပင် သဘောတူဖြစ်ပါလိမ့်မည်။

**သုသာန်ပို့ပုံ**

ယခုကာလဝယ် အသုဘကို ကြာရှည်ထား၍ သုသာန်သို့ ပို့ကြသောအခါ ရွာအနီးချုပ်စပ်မှ ဘုန်းတော်ကြီးများကို သရဏဂုံ တင်ရန် ပင့်ကြရသေး၏။ ဆေးဖိုးဝါးခ မတတ်နိုင်၍ သေရစေကာမူ သရဏဂုံတင် ကိုယ်တော်များ

http://www.dhammadownload.com



အတွက် လှူဖွယ်နည်းလျှင် မျက်နှာပျက်ရမလိုဖြစ်၏။ တတ်နိုင်သူတို့ကမူ တစ်ရာအထိ(တစ်ရာတန်အထိ) လှူဒါန်း၍ သရဏဂုံ တင်ကြ၏။ ထိုလှူဒါန်းသောဆွေမျိုးများမှာ "ဘာကိုရည်မှန်းရမည်"ဟု သတိရကြဟန်မတူ။ သူတို့သတိရနေသည်ကား နောက်ဆုံး၌ဝါနန္ဒအားရပါးရ ငိုသံပေးလျက် နှုတ်ဆက်လိုက်ရန်ပင် ဖြစ်ဟန်တူ၏။ ထိုသို့ ငိုကြွေးနှုတ်ဆက်ပြီးနောက် အိမ် ပြန်ရောက်သောအခါ ကြွေးယူ၍ အသုဘချလိုက်ရသူတို့မှာ ကြွေးအတွက် စိတ်လေးလာကြရတော့၏။

ပစ္စည်းများများကျန်ရစ်သူအတွက် အမွေစကားပြောခြင်းဖြင့် ဆွေမျိုးရင်းချာတွေ စိတ်ဝမ်းကွဲဖို့ လမ်းထွင်ကြလေ၏။ တစ်ခုလတ် မုဆိုးဖို–မတို့လည်းမိမိတို့နေရေးထိုင်ရေးအတွက်တွေးကြလေ၏။ မနေ့တစ်နေ့က အိမ်ပေါ်မှဆင်းသွားသော အလောင်းကောင်တော့ "အဝိဒ္ဒူရေ လူသေမြှုပ်တဲ့ သုသာန်မြေမှာ တစ္ဆေချင်း စကားပြော၍ တသောသောနေလေပြီ"ဟု ယူဆကြလေသလားမသိ။ ထို့ကြောင့် တချို့မှာ အလောင်းကောင်နေရာ အုတ်ဂူလုပ်၍ ထိုဂူအတွင်း၌ သူကြိုက်တတ်သော အဝတ်အစားများကို ထည့်သွင်းပြီးမှဂူပေါက်ကို ပိတ်ကြ၏။ တချို့ကား ထိုဂူနားသို့ တစ်နှစ်တစ်ခါသွား၍ အစာကျွေးတတ်ကြသေး၏။ သေတဲ့သူသည် ထိုဂူ၌ တစ္ဆေဖြစ်နေလျှင် အကျိုးရှိ၏။ သို့မဟုတ်လျှင် အချည်းနှီးပင်။

**သရဏဂုံတင်**

လူတစ်ယောက်၏ နောက်ဆုံးစုတေစိတ်နှင့် ဘဝသစ် ပဋိသန္ဓေစိတ်သည် လက်ဖျောက် တစ်ချက်တီးချိန်ကို ကုဋေတစ်သိန်းလော်က စိတ်လျှင် တစ်စိတ်လောက်သာ အချိန်ကြာ၏။ "ဘဝဟောင်းက စုတေသည်နှင့်တစ်ပြိုင်နက် ဘဝသစ်မှာ ဖြစ်ရတော့၏"ဟုဆိုလိုသည်။ အိမ်အနီးအပါး၌ တစ္ဆေပြိတ္တာဖြစ်နေရသူများသည် ထိုတစ္ဆေဘဝမှာပင်အသစ်ဖြစ်ရ၏။ နတ်ပြည်

http://www.dhammadownload.com



နှင့် ငရဲပြည်သို့ရောက်မည့်သူများလည်း ထိုခဏအတွင်းမှာပင် ထိုဘဝသစ်၌ ဖြစ်ပြီးလေ၏။ ထို့ကြောင့် အလောင်းကောင်ကို သင်္ချိုင်းမှာဖြစ်စေ၊ အိမ်မှာဖြစ်စေ သရဏဂုံတင်ကြောင်းကို သေလွန်သူသိဖို့ အရေးမှာအလှမ်းဝေးလှချေ၏။ သိမည်ဆိုလျှင် အိမ်အနီး၌ (သုသာန်၌)တစ္ဆေ ပြိတ္တာဖြစ်နေသူလောက်သာ သိခွင့်ရှိသည်။

ယခုအခါ "သရဏဂုံတင်"ဆိုသည်မှာလည်း အထူးအဆန်းမဟုတ်၊ ရိုးရိုးတန်းတန်း သီလပေးခြင်း လှူဖွယ်ပစ္စည်းကို ရေစက်ချ၍ သေသူအား အမျှပေးခြင်းပင်တည်း။ ထိုတွင် လှူဖွယ်ပစ္စည်းများကို လှူဒါန်း၍အမျှပေးခြင်းကို ကောင်းသောနည်းလမ်းဟုပင် ဆိုသင့်ပါ၏။ ထိုအမျှပေးဝေမှုကို လူ့ပြည် နတ်ပြည် ငရဲနှင့် တောကြီးထဲမှာပြိတ္တာဖြစ်နေသူတို့မသိကြ၊ ဝမ်းမမြောက်နိုင်ကြ၍ကုသိုလ်အဖို့ကို မရကြသော်လည်း အနီးအပါး၌ ပြိတ္တာ တစ္ဆေဖြစ်နေသူမှာ သိနိုင်ဝမ်းမြောက်စွာ သာဓုခေါ်နိုင်လျှင် ကုသိုလ်အဖို့ ရဖွယ်ရှိပါပေ၏။ သို့သော် ငိုကြွေးမြည်တမ်းလျက် သောကပရိဒေဝ အကုသိုလ်ခြံရံကာ သုသာန်မှာလှူဒါန်းအမျှဝေခြင်းကား အလှူရှင်များမှာလည်း ကုသိုလ်အရနည်း၏။ တစ္ဆေပြိတ္တာဖြစ်နေသူလည်း ထိုငိုနေပုံကို မြင်ရသဖြင့် ဝမ်းမြောက်လှမည်မဟုတ်ပါ။

**အသုဘာ မြုပြင်ရေး**

"အားလုံးလူတွေ တစ်နေ့ကျလျှင် ဧကန်သေကြရမည်"ဟူသော ထုံးစံတရားကို မည်သူမဆို နားလည်ပြီးဖြစ်၏။ ထို့ကြောင့် ဘယ်နည်းနှင့် သေသေ မထူးဆန်းလှချေ။ သို့ရာတွင် သေလောက် ကြေလောက် ရောဂါရနေသူကို ဆွေမျိုးရင်းများက လူအားငွေအားဖြင့်တတ်နိုင်သမျှ ကုသသင့်၏။ ထိုသို့ ကုသကြပါလျက် သေသွားသူကို "ငါတို့ ဝတ္တရားတော့အကျေသားပဲ၊ သူ့ကံက ဒီလိုဖြစ်ဖို့ စီမံလာတာတော့ ငါတို့တာဝန်မဟုတ်၊ သူ့ကံပဲ" ဟုဖြေသိမ့်ကာ ဝမ်းနည်း ပူဆွေးမှုတွေကို

http://www.dhammadownload.com



သက်သာနိုင်သမျှ သက်သာပါစေ။ [ကိုယ်ကျင့်အဘိဓမ္မာ၌ ပြထားသော သေခါနီးပြုပြင်ရေးနှင့် သောကပရိဒေဝ အကြောင်းများကို ကြည့်ရှု၍ လိုက်နာကြပါလေ။] ထိုသို့ စိတ်သက်သာနိုင်သမျှ သက်သာအောင်ဖြေ၍ အချိန်ရှိသေးလျှင် ထိုနေ့မှာပင်၊ အချိန် မရှိလျှင် နောက်တစ်နေ့၌ (ထုံးစံမဖျက်လိုလျှင်) မိမိတို့ ကိုးကွယ်နေကျ ဆရာသမားကို အိမ်သို့ပင့်၍ သရဏဂုံတင်ပါ။ ထိုသို့ သရဏဂုံတင်ရာ၌ လှူဖွယ်ပစ္စည်းများလည်း မလိုသေးပါ။ ဆရာသမားကလည်း သူတို့၏ သောက ပရိဒေဝ လျော့စေနိုင်သော တရားစကားများကို တတ်နိုင်သမျှ ဟောပြသင့်ပါသည်။

**ဆွမ်းသွတ် အမျှဝေ**

ထို့နောက်( ၇ ရက်လည်အောင် မဆိုင်းဘဲ) မိမိတို့ အခွင့်သာသော တစ်ရက် နှစ်ရက်အတွင်းမှာ တတ်နိုင်သမျှ ဆွမ်း အဝတ် ဖိနပ်စသော လှူဖွယ်ဝတ္ထုများကို ပြင်ဆင်၍(ထိုအချိန်အလှူမျိုး၌ ငွေကိုမလှူရ) သွားလေသူကို သချိုင်းတိုင်အောင် သွားရောက် ဖိတ်ခေါ်ပြီးလျှင် သီလ သိက္ခာအရှိဆုံးဟုယုံကြည်လောက်သော ဘုန်းတော်ကြီးတစ်ပါး ဖြစ်စေ၊ သံဃာကိုပင့်၍ သံဃိကဒါနဖြစ်စေ လှူဒါန်းကာ သွားလေသူ၏နာမည်ကို ခေါ်ယူအမျှဝေပါ။ သွားလေသူသည် အိမ်အနီးအပါး၌ ပြိတ္တာဖြစ်နေလျှင် မိမိအတွက်ပြုသော ထိုအလှူကို ဝမ်းမြောက်စွာ သာဓုခေါ်၍ကုသိုလ်အဖို့ရလျက် အဝတ်အစားများ ချက်ချင်း အကျိုးရပါလိမ့်မည်။ [ရတနာ့ဂုဏ်ရည်၌လည်း ဤအမျှဝေနည်းကို ရေးထားပါသည်။] ဤပြခဲ့သော နည်းသည် အကုန်အကျလည်း သက်သာ၊ လိုရာအကျိုးလည်း အမှန်ပြီးစေနိုင်သောနည်းဖြစ်ရကား အနာဂတ်ကာလ၌ အသင်းအပင်းဖွဲ့ကာ ဤနည်းကို အမြန်ဆုံးလိုက်နာသင့်ပါသည်။

http://www.dhammadownload.com



**ဘုရားတည်မှု** ဘုရားစေတီတည်ထားရာ၌ ကုသိုလ်ရသည်ကား မှန်ပါ၏။ သို့သော် အကျိုးရသင့်သမျှ အပြည့် အစုံရဖို့ စဉ်းစဉ်းစားစား တည်ထားသင့်ကြသည်။ မဟာဝဂ္ဂသံယုတ် ဝိဟာရဝဂ္ဂအဋ္ဌကထာ၌ သမ္မာဒိဋ္ဌိဖြစ်ပုံကို ပြရာဝယ် "အပ္ပတိဋ္ဌိတေ ဒိသာဘာဂေ စေတိယ ပတိဋ္ဌာပနံ=စေတီမတည်ရသေးသောအရပ် (မြို့–ရွာ)တို့၌ စေတီတည်ထားခြင်းကို သမ္မာဒိဋ္ဌိ=အယူမှန်ခြင်း"ဟု ဆို၏။ စေတီရှိပြီးနေရာ၌ ထပ်၍တည်ခြင်းကို အဋ္ဌကထာ မလိုလား ကြောင်းမှာလည်း ဉာဏဝိဘင်္ဂ အဋ္ဌကထာ၌ "ဧကသ္မိံ ဝိဟာရေ ဒွိန္နံ စေတိယာနံပိ လာဘာသက္ကာရော ဥဋ္ဌာရော န ဟောတိ=တစ်ကျောင်း တစ်တိုက်ဝယ် စေတီတော် ၂ ဆူရှိရာ၌ လာဘ်ပူဇော်မှု မများ (မကောင်း)နိုင်"ဟူသော စကားဖြင့် သိသာ၏။

ထိုအဋ္ဌကထာစကားကိုလက်ရှိအခြေအနေကလည်းထောက် ခံလျက်ရှိ၏။စေတီတော်များပြားသည့်အတွက်မည်သည့်စေတီတော် မျှ အစောင့်အရှောက်ကျကျနနနှင့် သားနားသပ္ပာယ်အောင်, စေတီ တော် ရောက်သွားလျှင် စိတ်ကြည်နူးအောင် ကိုးကွယ်ထားသည်ကို မတွေ့ရ။ မဟာမြတ်မုနိ၊ ရွှေတိဂုံစေတီတော်များ၏ ရင်ပြင်တော်၌ သော်မှလည်း လူများ၏ ခြေရာတွေနှင့် ခွေးမစင် ပန်းအမှိုက် စသည် များကို တွေ့ရပါသေးသည်။

**ဖြစ်ချင်တိုင်း ဖြစ်နေပုံ** တချို့ စေတီတော်ဝင်းအတွင်း၌ စေတီအငယ်၊ ဆင်းတုတော် အငယ်တွေ အများအပြားရှိကြ၏။ တစ်ဖက်ကိုလှည့်၍ ဦးချနေခိုက် များစွာသော စေတီဆင်းတုတော်များကိုကျောပေးထားရာရောက်တော့၏။ နာမည် ကြီးသော ဆင်းတုတော်မှာ ပန်းတွေပြည့်နေသော်လည်း ထိုဆင်းတု တော် စေတီတော်အငယ်များ၌ ပန်းတစ်ပွင့်မျှ မရှိကြပေ။ ကျေးရွာ များ၌ ဘိုးဘွားအစဉ်အဆက်က တည်ထားပြင်ဆင်လာသော စေတီ

http://www.dhammadownload.com



တော်များ ရှိတတ်သေး၏။ သားစဉ်မြေးဆက်တို့ စီးပွားတက်ချိန်၌ ထိုစေတီတော်များတန်ခိုးတော်ကြီးမား၍ သားစဉ်မြေးဆက်တို့ ဆုတ်ယုတ်သောအခါ ထိုဘိုးဘပိုင် စေတီတော်များလည်း ညိုမည်းခြောက်သွေ့၍(ဆင်းရဲသော ကျောင်းဒကာ၏ ဘုန်းကြီးပမာ) အရိုန်အဝါမတောက်နိုင်ကြချေ။

ကာလအတော်ကြာလျှင်ကား မြက်သစ်ပင်များ ပေါက်ရောက်ရာ အုတ်ပုံဘဝသို့ရောက်၍ တချို့စေတီများမှာ ဌာပနာတိုက်အဖောက်ခံရရုံတွင်မက အုတ်တွေကို လူတို့က အသုံးပြုကာ ဖြစ်ချင်သလိုဖြစ်နေရှာလေတော့သည်။ [စစ်အတွင်းက မြို့ပြစေတီတော်ဆင်းတုတော်များ၌ ခြင်ထောင်ကြိုး အချည်ခံရပုံ၊ စစ်သားများထမင်းချက်ရာ၌ ဆင်းတုတော် ၂ ဆူ၏ ပခုန်းတော်ပေါ် တုတ်တန်းတင်၍ ချက်ပုံကို လူအများပင် တွေ့မြင်ကြားသိလိုက်ရပေသည်။]

**မြှုပြင်ရေး** အနာဂတ်ကာလ၌ ပုဂ္ဂလိက ဘိုးဘပိုင် ဘုရားစေတီ ဆင်းတုတော်များ အသစ်မတည်ဘဲ ရွာလုံးမြို့လုံး ကိုးကွယ်ဖို့ရာ အဟောင်းစေတီများကို စုပေါင်းပြင်ဆင်၍ဖြစ်စေ၊ လုံးလုံးမရှိသေးလျှင် အသစ်တည်၍ဖြစ်စေ ကြီးကျယ် ခမ်းနားသော စေတီတော်, ဆင်းတုတော်ကိုသာ တည်ထားကိုးကွယ်၍ မဟာရံ တံတိုင်း တံခါးပိတ်များဖြင့်သားနားသပ္ပာယ်စွာဆင်ပြင်ထားသင့်ပါသည်။ အဖိုးအဖွားအရွယ်နှင့် သူတော်ကောင်း စိတ်ဓာတ်အထူးရှိသော ငယ်ရွယ်သူတို့လည်း နံနက်နှင့်ညနေပိုင်း၌ စေတီဝင်းသို့ သွားရောက်ဖူးမြော်ကာ မြက်သစ်ပင်တို့ကို ရှင်းလင်းခြင်း၊ ပန်းပင်စိုက်ခြင်း၊ ရေလောင်းခြင်းတို့ဖြင့် သက်တော်ထင်ရှား ဘုရားရှိနေသောကျောင်းတိုက်လို သဘောထားကာ (စွမ်းနိုင်ပါမူ) ထိုဘုရားဝင်းအတွင်းမှာပင် ကမ္မဋ္ဌာန်း ထိုင်လျက် နောင်သံသရာရေးအတွက်ကြိုးစားသင့်ကြပါသည်။ [ဆင်းတုတော်များကိုလည်း များသော နေ

http://www.dhammadownload.com



ရာမှ လုံးလုံးမရှိသေးသော (ချင်းတောင်ဒေသစသော) အရပ်များသို့ ပင့်ဆောင်ကိုးကွယ်သင့်ပါသည်။]

**ဆွမ်းတော်ကြီးတင်**

ဗုဒ္ဓရှင်တော်လက်ထက်၌ ကောသလ မဟာရာဇာက တစ်ဖက်၊ မြို့သူ မြို့သား များက တစ်ဖက် အပြိုင်အဆိုင် ဆွမ်းကျွေးပွဲလုပ်ခဲ့ကြဖူး၏။ နောက်ဆုံး၌ ကောသလမဟာရာဇာသည် မလ္လိကာမိဖုရား၏ အကြံပေးချက်အရ သံဃာတော်များနေထိုင်ဖို့ရာ နေရာ ထိုင်ခုံ ငါးရာ၏ နောက်၌ ဆင်တစ်စီးစီ ထီးဖြူဆောင်းစေလျက် ရဟန်းတော်များ၏ အကြား၌ နန်းတော်သူများကိုနံ့သာကြိတ်စေ၍ ထိုနံ့သာတို့ဖြင့် မွှမ်းမံခြယ်လှယ်ကာ မည်သူမျှ မတုပနိုင်သော အသဒိသ ဆွမ်းဒါနကြီး ကိုပြုဖူးလေသည်။ ယခုခေတ်ဆွမ်းတော်ကြီးပွဲ ပြင်ဆင်ပုံကား ထို အလှူမျိုးနှင့်လည်း မတူချေ။ ထိုအသဒိသဒါနသည် သံဃာတော် များ ဘုဉ်းပေးရသော ဒါနဖြစ်၏။ ဤ ဆွမ်းတော်ကြီးများကိုကား သံဃာများ ဘုဉ်းမပေးရပါ။ များစွာသော ဆွမ်းတော်ကြီးများကို ကြည့်လိုက်သောအခါ မုန့်မျိုးစုံတို့၏အကြား၌ ပန်းကန်ပြား အပြည့် ထည့်အပ်သော ဝက်သားတုံးကြီး ကြက်ကောင်လုံးကြော် အများ အပြား တွေ့ရပေသည်။

**ကပ်လှူပြီး စွန့်ပစ်**

ထိုလှူဖွယ်များကို ညဥ့်ဦးက ရှေ့တော်မှာ ပြင် ဆင်ထား၍ နံနက်စောစော၌ ဆွမ်းတော်ကပ်ကြ ၏။ မိုးလင်းသောအခါ ထို ဆွမ်းတော်ပွဲများကို ကျေးရွာများ၌(စားချင်သူစား သဘောထား၍) စွန့်ပစ်ကြ၏။ မြို့ များ၌ကား တချို့ကို စွန့်ပစ်၍ တချို့ကိုကား ပြန်၍ ရောင်းစားကြ သည်ဟု ကြားရ၏။ ထိုဆွမ်းတော်ကြီး၌ မုန့်မျိုးစုံ သီးမျိုးစုံ ပြင်ဆင် ထားသည်မှာ ကြည့်ရှုဖွယ်ကောင်းပါပေ၏။ ကြက်ကောင်လုံးနှင့် ဝက်သားတုံးကြီးတွေကား (ဗုဒ္ဓ သက်တော်ထင်ရှား ရှိပါမူ မည်သည့်

http://www.dhammadownload.com



နည်းနှင့်မျှ ခွင့်ပြုတော်မူမည်မထင်။ တချို့လူများ နတ်တင်ပုံနှင့်လည်း ထွေးရော ယှက်တင်ရှိလေ၏။ မြန်မာလူမျိုးတို့ ဗုဒ္ဓကို မကိုးကွယ်ခင်က နတ်တင်နည်းကိုပင် ဗုဒ္ဓကို ကိုးကွယ်သောအခါ နေရာပြောင်းလိုက်ခြင်းမျှသာဖြစ်လေရော့သလားဟုလည်းထင်မိ၏။

ထို့ပြင်"မုန့်မျိုးစုံ သီးမျိုးစုံကို သံဃာတော်များ မသုံးစွဲရဲမက လူကြီးလူကောင်းများပင် မစားနိုင်ဘူး"ဟူသော ဝါဒမှာလည်း နတ်တင်ရာမှ စွဲလမ်းလာသောဝါဒပင်ဖြစ်မည် ထင်၏။ ဘုန်းကြီး ၆ နှစ်သား အရွယ်လောက်က ဆွမ်းတော်ကြီး စွန့်နေရာတွင်ဝင်၍ ကောက်ယူနေသည်ကို ဘိုးဖြစ်သူက ကြိမ်မောင်းမာန်မဲကာ (လက်ဖြင့် မထိကောင်းသလို)ကပျာကယာ အပစ်ခိုင်းလေသည်။

**ဆွမ်းကြီးလောင်း** ထို ဘုရားပွဲ၌ ဆွမ်းကြီး လောင်းကြပုံ လည်း (ကျေးရွာများ အတွက်)ကိုယ့်အိမ်မှာ မုန့်လုပ်ကြ ကြော်လှော်ကြ၍ ရှိသမျှ ဟင်းများကို စုပေါင်းကျွေးမွေး လှူဒါန်းကြရုံဆိုလျှင် တော်ပါသေး၏။ ယခုသော်"မည်သည့်ရွာ၌ ဘုရားပွဲအကြီးအကျယ်ရှိသတဲ့"ဟုရက်ချိန်းကို သိကြသော အသားရောင်းသူတို့က ထိုဘုရားပွဲ၌ ကျွေးမွေးလှူဒါန်းဖို့အတွက် ဝက်ကြက်တို့ကို သတ်ဖြတ်ကြလေသည်။ အရင်းစစ်လိုက်သော်"ဘုရားပွဲ ဆွမ်းကြီးလောင်းမှုကြောင့် သတ္တဝါများ သေကြရ၏"ဟု အကြောင်း အကျိုးဆက်သွယ်နေရကား အကြီးအကျယ် ဆွမ်းလောင်းရာဝယ် နွား ဝက်ကြက် စသောသတ္တဝါတို့၏ လတ်ဆတ်သောအသားတို့ကို မပါစေဘဲ သက်သက်လွတ်ဖြစ်စေ၊ ငါးကြော် ငါးခြောက်ဟင်းများဖြင့် ဖြစ်စေ လောင်းလှူသင့်၏။ ဆွမ်း, မုန့်များ ကိုလည်း စားလောက်ရုံ လောင်းလှူသင့်ပါသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းသာမဏေတို့အား အသားစားခြင်းကို မတားမြစ်ပါသော်လည်း ၁–မိမိတို့အတွက် ရည်မှန်း၍

http://www.dhammadownload.com



သတ်အပ်သောအသားဟု မျက်မြင်ဒိဋ္ဌဖြစ်ခြင်း၊ ၂–သူများ ပြောသံကြားခြင်း၊ ၃–တောကျေးလက်၌ မိမိရောက်မှ ကြက်သားဟင်း ချက်ကပ်လျှင်"ငါ့အတွက်တမင်တကာသတ်လေသလား"ဟုယုံမှားသံသယဖြစ်ခြင်း၊ ဤ ၃ မျိုးမကင်းသော အသားကိုမစားရဟု တားမြစ်တော်မူထား၏။ ထိုဆွမ်းကြီးလောင်းများ၌ ထို ၃ မျိုးမှကင်းလွတ်သောအသားရဖို့ရာ ခဲယဉ်းလှ၏။ တချို့နားလည်သော ဒကာများလည်း ထိုအပြစ်မှလွတ်အောင် အများရောင်းနေကျဈေးကြီးသို့ သွား၍ စုဆောင်းဝယ်ယူကြရလေသည်။

**ပွဲလမ်းသဘင်နှင့် ကစားပွဲ**

တန်ခိုးကြီးဘုရားဟု ထင်ရှားသော ဘုရားပွဲတိုင်းလိုပင် ဇာတ်သဘင်များ နှင့် အလောင်း အစား ကစားပွဲများ တွဲဖက်ပါဝင်နေသည်မှာ ဗုဒ္ဓအလိုတော်နှင့် လုံးဝဆန့်ကျင်နေသော စံနစ်သာတည်း။ အကယ်၍ ဗုဒ္ဓရှင်တော်သက်တော် ထင်ရှားရှိနေပါမူ ဇေတဝန် ကျောင်းတော်အတွင်း၌ ဤကဲ့သို့ ပွဲကျင်းပကာ ဗုဒ္ဓရှေ့တော်ဝယ် မင်းသား မင်းသမီး ဆိုသူတွေသီဆိုကြ၊ လူပျက်တွေ ပျက်လုံး ထုတ်ကြနှင့် ပူဇော်ခွင့်ရကြပါမည်လော။ ဘုရားပွဲဟူသည်မှာ ဘုရားကို ရည်မှန်း၍ လျှုဒါန်းပူဇော်ရမည့် ပွဲတည်း။ သို့ပါလျက် ဘုရားကို သတိမရကြဘဲ ဘုရားကိုအနားထား၍ ပျော်ရွှင်ကြခြင်း၊ ပွဲကြည့်ရာမှ ကစားဝိုင်းမှရန်ပွဲဖြစ်ကြသဖြင့် သေကြကြေကြ ရုံးရောက်၍ ငွေကုန် လူပန်းဖြစ်ကြခြင်းကား ရိုင်းစိုင်းသောလူမျိုးဖြစ်ကြောင်းကို ဝန်ခံရာ ကျလှချေ၏။

အိန္ဒိယဟိန္ဒူလူမျိုးတို့၏ဝတ်တက်ပွဲဘုရားပွဲများ၌ မဟတ္တမ ဂန္ဒီကြီးက ငြိမ်းချမ်းသာယာမှု တရားရေအေးတိုက်ကျွေးကြောင်းကို (သတင်းစာ၌)ဖတ်လိုက်ရသောအခါ ဘုန်းကြီးတို့ ဘုရားပွဲတွေကို တွေး၍ ဝမ်းနည်းမိပါတော့သည်။ ထို့ကြောင့် အနာဂတ်ကာလ၌

http://www.dhammadownload.com



ဘုရားပွဲကို အစိုးရနှင့်တကွ ရဟန်းတော်အရှင်မြတ်တို့ ပြုပြင်ပေးရန် လေးနက်စွာ တောင်းပန်ပါသည်။

**ဘုရားပွဲ ပြုပြင်ရေး**

ကဆုန်လပြည့် စသည်၌ ဗုဒ္ဓ အထိမ်းအမှတ်ပွဲဖြစ်စေ၊ မိမိတို့ ရပ်ရွာ စေတီ ဆင်းတုတော်ပွဲဖြစ်စေ သက်တော် ထင်ရှား မြတ်စွာ ဘုရားကို ရည်စူးပြုလုပ်ကြရမည်သာတည်း။ ထိုအခါ နေရာထိုင်ခင်းကို သပ်ရပ် သားနားစွာခင်းကျင်း၍ ဝင်းထိန်နေအောင်ဆီမီးပူဇော်ခြင်း၊ ပန်းမျိုးစုံပူဇော်ခြင်း၊ စိမ်းစိုသောသစ်ပင်(ငှက်ပျောပင် ရွက်လှပင်) များနှင့် သစ်သီးမျိုးစုံ မုန့်မျိုးစုံများကို (နံနက်ဆက်ကပ်ရန်)ပြင်ဆင်ထားခြင်း(သားငါးစသောဟင်းများမပါစေရ)။ဤသို့ ပြင်ပြီးလျှင် ပထမအချိန်၌ အမျိုးသမီးများက ဓမ္မစကြာ, အနတ္တ လက္ခဏ, မဟာသမယသုတ်, သတိပဋ္ဌာန်စသော တရားတော်များကို သာယာကြည်နူးဖွယ် ရွတ်ဆိုသင့်သည်။ ဒုတိယအချိန်၌ (ရနိုင်လျှင်) ဓမ္မကထိကအကျော်အမော်တို့ကိုပင့်ဖိတ်၍ ဗုဒ္ဓဂုဏ်တော်တို့ကိုသာ များစွာဟောပြောစေသင့်၏။[ထိုတရားပွဲ၌လှူဖွယ်ပစ္စည်းများမပါစေရ။] တတိယအချိန်၌ လူငယ်ပိုင်းက ဗုဒ္ဓဂုဏ်တော်ဘွဲ့ဖြစ်သော တရားဂီတတို့ကို သီဆို၍ စန္ဒယားစသည်တို့ကို (အငှားလိုက်ပိုက်ဆံရမဟုတ်ဘဲ သဒ္ဓါတရားသက်သက်ဖြင့်) သာယာငြိမ့်ညောင်းစွာ တီးမှုတ်သင့်၏။

မကြာမီကဝက်လက်နယ်ညောင်ပင်ကြီးတော ဝိနည်းစာပြန်ပွဲသို့သွားခဲ့ရာ သီတင်းသုံးဘော်များနှင့်အတူ နံနက်စောစောဆွမ်းစားနေတုန်း ဗြုန်းခနဲအနားလာ၍ဓာတ်စက်ဖွင့်၏။ မဖွင့်ဖို့ရန်တားမြစ်မည်ဟု နှုတ်ကထွက်ခါနီး“မေတ္တာဓာတ်နှင့် ဗုဒ္ဓမြတ်စွာ” ဟူသော အသံကိုကြားရသဖြင့်မတားနိုင်ဘဲ စိုက်၍ နားထောင်ရာအောင်ခြင်းရှစ်ပါး သီချင်းဖြစ်၍ ဝမ်းမြောက်စွာဖြင့် သီချင်းရှင်နှင့်ဓာတ်ပြား ကုမ္ပဏီကို ချီးမွမ်းမိပါသည်။ ထိုသီချင်းမျိုးကား တဏှာ

http://www.dhammadownload.com



လောဘ ကိလေသာစိတ်ကို မဖြစ်စေဘဲ ကုသိုလ်စိတ်ကိုသာ ဖြစ်စေပါသည်။ ထို့ကြောင့် ဘုရားပွဲများ၌ ထိုကဲ့သို့သီချင်းများဖြင့် ဗုဒ္ဓဂုဏ်တော် ဖွဲ့နွဲ့ရုံမက ထိုကဲ့သို့ အသံကောင်းသော အမျိုးသား အမျိုးသမီးများက ဗုဒ္ဓဂုဏ်တော်ကို ကိုယ်တိုင်နားလည်အောင်လေ့လာ၍ အကျယ်တဝင့်စကားဖြင့်ပြောကာ ဂီတများကို ရွတ်ဆိုတီးမှုတ်သင့်ပါသည်။

ဤနည်းဖြင့် ညအချိန်ပူဇော်ပွဲကိုရုပ်သိမ်း၍ နံနက်စောစော အရုဏ်တက်၍ သံဃာတော်များကိုပါ ပင့်ပြီးလျှင် ဘုရားအတွက်လည်း တစ်ပွဲစာ သက်သက်ပြင်၍ ဆွမ်းတော်ကပ်ခြင်း။ [ထိုဆွမ်းတော်ကပ်ရာ၌လည်း ဗုဒ္ဓဂုဏ်တော်ဘွဲ့များကို တီးမှုတ်နိုင်ပါသည်] ဘုရားမှပိုလျှံသည်ဟု ယူဆရသော မုန့်များကို အမှန်ဝေယျာဝစ္စပြုသူတို့ စားကောင်းပါ၏။ သာ၍ပိုလျှင် ရဟန်းတော်များအား ကပ်လှူခြင်း၊ ဖုန်းတောင်းယာစကာတို့အား စွန့်ကြဲခြင်းတို့ဖြင့် အထူးကုသိုလ်ရသော ဘုရားပွဲကိုနွှဲကြဖို့ရန် တောင်းပန်ပါသည်။ ယခုအခါ မန္တလေးမြို့ဝယ် တချို့ဆွမ်းတော်ကြီးများကို ဘိုးဘွားရိပ်သာများသို့သွား၍ တစ်ဆင့်လှူဒါန်းကြသည်ဟု ကြားရ၏။ ပကောင်းသော စံနစ်ပင်ဖြစ်ပါပေသည်။

## ဆီမီးတင်းကျွတ်ပွဲများအမြင်

**အခါမကောင်းပုံ** မြို့ကြီး မြို့ငယ် အနယ်နယ်တို့၌ သီတင်းကျွတ်သောအခါ ကထိန်ပွဲ ဘုရားပွဲ ဆွမ်းတော်ကြီးလောင်းပွဲစသည်ဖြင့် ဘာသာရေး ဆိုင်ရာ အလှူပွဲတွေ များပြားလှ၏။ ထိုပွဲများ၌ ဇာတ်အငြိမ့် ရုပ်သေး စသော ပွဲသဘင်များလည်း ပါဝင်ကြ၏။ ထိုသို့ဖြစ်ရာ၌ ဘာသာရေးတွင် ပျော်ပွဲရွှင်ပွဲများ ပါဝင်

http://www.dhammadownload.com



ခြင်းအပြစ်ကို ပြခဲ့ပြီ။ ကထိန်ပွဲစသည် ကျင်းပရာအခါသည် နောက် မိုးကောင်းကောင်း ရွာတတ်လေရာ ဥတုပြောင်း၍ ဆောင်းဝင်တော့မည့် အချိန်အခါ ဖြစ်၏။ ထိုကဲ့သို့ ဥတု ပြောင်းချိန်၌ကား ရိုးရိုးသားသား နေထိုင်သူတို့ပင် ဖျားနာတတ်ကြသေး၏။ ကျန်းမာရေး ကျမ်းစာတို့၌ ဥတုပြောင်းမည့် တန်ဆောင်မုန်းလအခါကို "ယမဒါဌာ =ယမမင်း၏အစွယ် ထက်မြက်ရာအခါ" ဟုခေါ်၏။ ထိုအခါ၌ ဖျားနာနေလျှင် သာ၍ဂရုစိုက်ရမည့်အခါ သေလွယ်တတ်သောအခါ ဟု ဆိုလိုသည်။

**လူဆင်းရဲ ပရိသတ်မွဲ**

ကြည့်ကြသူများတွင် မိမိတို့အိမ်၌ သာယာပျော်မွေ့စွာဖြင့် နေထိုင်ကြသော အထက်တန်းစား သားသမီး လူကြီးလူကောင်းများ နည်းပါးလှ၏။ သူတို့ကား ပွဲဈေးတန်းလျှောက်ရုံသာလာတတ်ကြလေသည်။ တစ်ညလုံးမိုးလင်းထိအောင် ပွဲကြည့်သူတို့မှာ အဆင် အခြင် နည်းပါးသူ မိမိတို့အိမ်တွင် ပျော်ရွှင်စွာမနေရသူ လူဆင်းရဲများသာဖြစ်တတ်ကြ၏။ နဂိုကပင်တွေ့ကရာစား၍ဖြစ်သလိုကြီးပွားရသော ထိုလူဆင်းရဲများသည် တစ်ညလုံးအအေးခံ၍ ကောက်ညှင်းပေါင်း ဗယာကြော် စသော အစာကြေခဲသော အစာများကို စားလျက် ပွဲအရသာကို မြိန်မြိန်ရှက်ရှက် ခံစားပြီးနောက် တချို့မှာ အလုပ်မလုပ်လျှင် စားစရာမရှိ၍ အလုပ်ဆင်းရတော့၏။ ညက အိပ်ရေးပျက်ခဲ့၍ နေ့အချိန်၌ အားရအောင်မအိပ်ရ၊ တစ်ညလုံးလည်းအအေးမိ၏။ မိုးအေး ဆောင်းအေးနှင့် လေအေးကလေး ရောထွေး လာသောအခါ အိမ်ကလည်း (တချို့မှာ)ကောင်းစွာမလုံချေ။ ထိုသူတွေ၏ကျန်းမာရေးကား ဘယ်သို့နေရှာမည်နည်း။

**မမာမကျန်းဖြစ်လျှင်**

ထို ပွဲကြည့်များသော လူဆင်းရဲတစ်စုသည် တကယ်လို့များ မကျန်းမမာဖြစ်

http://www.dhammadownload.com



ကြပါလျှင် ဆေးဆရာ ကောင်းကောင်းလည်း မခေါ် နိုင်ကြ၊ ဆွေမျိုး ဉာတိ ရင်းနှီးသူတွေ မှိုင်တွေချ၍ သေဖို့သာ ပြင်ကြရတော့သည်။ ထိုကဲ့သို့ အသေအပျောက် များပြားလာလျှင် "ဘယ် မြို့ ဘယ်ရပ်ကွက်၌ ပုလိပ်ကပ်ရောဂါဖြစ်သတဲ့"ဟု ဟုတ်ဟုတ် မဟုတ်ဟုတ် သတင်းဖြစ်လာ၏။ ထိုအခါအိမ်ကြီးရှင်ပစ္စည်းရှင်တွေလည်း အလုပ်အကိုင် ထိခိုက်လျက် ရတက်မအေးနိုင်တော့ပြီ။ တချို့လည်း အကြောက်လွန်ကာ ကြောက်ဖျား ကြောက်နာကျ၍ သေကြပြန်၏။ လူဆင်းရဲ သားသမီး ၁၀ ယောက် သေနေသော်လည်း မတုန်လှုပ်သော ရပ်သူရပ်သားတို့မှာ လူရည်တတ်သားသမီးတစ်ယောက် ပျက်စီးသောအခါ ကမ္ဘာမီးတောက်မလောက် အကြောက်ပိုကာ ဟိုရွှေ့သည်ပြောင်းနှင့် ဗလောင်ဆန်ဆူပွက်၍ ပြည်ပျက်သလိုဖြစ်သွားတတ်လေ၏။ ထို့ကြောင့်"ဘာသာရေးများ၌ အပျော်အပါး ကစားပွဲ မပါအောင် အနာဂတ်ကာလ၌ အစိုးရကိုယ်တိုင် ဇိကုပ်၍ နတ်ပြည်တင် ကောင်းပါရဲ့"ဟု မျှော်လင့်ရတော့သည်။ [ထိုဘာသာရေးပွဲအစား သီးခြားပျော်ပွဲများကို ပန်းဥယျာဉ်အငြိမ့်များလို တောရွာများ၌လည်း စီမံသင့်ပေသည်။]

**ဥပုသ်စောင့်**

ဘာသာရေး ကိစ္စများကို ပြုပြင်ရာ၌ ယခုခေတ် ဥပုသ်စောင့်ပုံများကိုလည်း စဉ်းစားထိုက်၏။ ကျေးရွာများ၌ ဥပုသ်စောင့်ဖို့ ကျောင်းသို့လာပြီးနောက် သီလ မယူသေးမီ ရောက်တတ်ရာရာ စကားကိုသာပြောကြ၏။ သီလယူပြီး သောအခါ အိမ်ပြန် ထမင်းစားပြီးလျှင် လူကြီးများ ကျောင်း, ဘုရား, ဇရပ်သို့ ပြန်လာကြ၍ အိပ်သူ အိပ်, ထွေရာလေးပါး စကားစမြည် ပြောသူက ပြောကြသည်။ တရား စကားပြောသူ တရားစစ်တရားမှန်ကို နာခံဆွေးနွေးမေးမြန်းသူကား ရာခိုင်နှုန်းဆယ်ယောက်ထက် များမည်မဟုတ်ချေ။ မြို့ကြီးပြကြီး၌ကား သာ၍ဆိုးဝါးလှသော အချက်

http://www.dhammadownload.com



ရှိ၏။ ဝါတွင်းကာလ၌ ဥပုသ်နေ့များမှာ သက်သတ်လွတ် ဆားဟင်း လောက်ကိုသာ စားသောက်၍ ဥပုသ်စောင့်ထိုက်ပါလျက် ယခုအခါ ၌မူ အဖိတ်နေ့၌ နွား ဝက် ကြက်တွေပိုရ၍ သေကြရရှာလေသည်။ [သူတို့ဘာသာ သတ်ကြ, သေကြတာကို မစဉ်းစားလိုသော်လည်း ဘာသာရေးကြောင့် သေရခြင်းကို လုံးလုံးမလိုလားထိုက်။]

ထိုအသားများကို ဝယ်ယူချက်ပြုတ်ကြပြီးလျှင် ဥပုသ်နေ့၌ အသိုက်အဝန်းကောင်းနှင့် မိမိတို့နီးစပ်ရာ ကျောင်းဇရပ် ဘုရားသို့ တပျော်တပါးသွားရောက်၍ စားသောက်ကြလေတော့၏။ ထိုကဲ့သို့ ဥပုသ်စောင့်ပုံမှာ ပျော်ပွဲစားထွက်ခြင်းမျိုးတည်း။ "အချို့သော အမျိုး သမီးကလေးများလက်၌ လောကီဝတ္ထုစာအုပ်များပင် အဆင်သင့် ပါလာတတ်ကြသော"ဟူ၏။ ထိုမှတစ်ပါး စကားပြောကြ၊ အိပ်မော ကျကြ၊ အပျော်အပါး အသံကောင်းသောတရားကို ရွေး၍နာကြသည် မှာ ကျေးရွာများ၌ ထူးမခြားနားပင်။ ဤကားလူတိုင်းမဟုတ်သော် လည်း တစ်ရာလျှင် ကိုးဆယ်သော လူထု၏ ဥပုသ်စောင့်ပုံနည်း တည်း။ [နည်းလမ်းကျသော ဥပုသ်စောင့်ပုံကို ရတနာဂုဏ်ရည်၌ ညွှန်ပြခဲ့ပါပြီ။]

**လက်ထပ်မင်္ဂလာ** လက်ထပ်မင်္ဂလာသည် ဘာသာရေးနှင့် မဆိုင် သော်လည်း တိုင်းသူပြည်သားတို့ အကုန်အကျ များ၍ မွဲနေလျှင် ဘာသာရေး သာသနာရေးပါ အနှောင့်အယှက်ဖြစ် တော့၏။ထို့ကြောင့်လက်ထပ်မင်္ဂလာအကြောင်းများကိုလည်း ထည့် သွင်းပြဦးမည်။ ကောင်းကျိုးချမ်းသာရခြင်း၏အကြောင်းဟူသမျှကို "မင်္ဂလာ"ဟုခေါ်၏။ အလွန်ကြွယ်ဝချမ်းသာသူတို့၏ လက်ထပ်ပွဲ၌ အကုန်အကျများစွာ ခံလိုက်သော်လည်း သူတို့မှာ မထောင့်သာပေ။ မှန်မှန်ကြွယ်ဝသူ ဆင်းရဲသူတို့၏ (တစ်ဖက်နှင့်တစ်ဖက် မျက်နှာရ အောင်) အကုန်အကျများစွာ ခံလိုက်ခြင်းကား နောင်ခါစီးပွားရေး၌

http://www.dhammadownload.com



အရင်းအနှီး ဆုတ်ယုတ်သွားသဖြင့် အမင်္ဂလာ ဖြစ်လေသည်။ လက်ထပ်ပွဲ၌ လာရောက်သူတို့က လက်ထပ်ပွဲ၏ကြီးကျယ်ခမ်းနားမှုကို ချီးမွမ်းကြသော်လည်း နောင်ခါ ခမ်းနားစွာ လက်ထပ်ခဲ့ကြသူတို့ ဆင်းရဲနေကြလျှင် မည်သူမျှ အဖက်လုပ်ချင်ကြမည်မဟုတ်။ ထို့ကြောင့် လက်ထပ်ပွဲ၌ လူကြီးသူမ တော်သင့်ရုံဖိတ်၍ လက်ထပ်လိုက်ခြင်းသာလျှင် အကုန်အကျ နည်း၍ နောင်စီးပွားရေးကောင်းဖို့ရာ မင်္ဂလာဖြစ်ပေလိမ့်မည်။

**လက်ထပ်ပြီးနောက် နေထိုင်ရေး**

လက်ထပ်ပြီးသူများလည်း တစ်ဖက်ဖက် မိဘများအိမ်၌ အတော်ကြာကြာ နေနိုင်ဖို့ အရေးကြီး၏။ ဤနေရာဝယ် ဘုန်းကြီးတို့ ဆွေမျိုးများ၏(ရှေးခေတ်က) ထုံးစံတစ်ခုကို ဖော်ပြလိုပါ၏။လက်ထပ်ပြီးနောက် အိမ်သီးခြားမခွဲသေးဘဲ မိဘတစ်ဦးဦးထံမှာ အတော်ကြာကြာပင်နေကြ၏။ မိဘတို့ကကျွေးထား၏။ အချို့ကား အဝတ်လည်းဆင်၏။ အလုပ်ကိုလည်း အတူလုပ်စေ၏။ ထို့ကြောင့် သူတို့မှာ စားစရိတ်မကုန်, လုပ်ကိုင်၍ ရသမျှတို့ကို စုမိလေ၏။ မိဘတို့မှာလည်း နဂိုကကျွေးထားရသော တစ်ယောက်ထက် နောက်တစ်ယောက်တိုးရုံမျှဖြင့် ထူး၍ဝန်မလေးကြ၊ လက်ထပ်တုန်းက လက်ဖွဲ့လိုက်ကြသော ငွေဖြင့် စပါး နှမ်းစသည် ဝယ်ထား၏။ အရှုံးမရှိ၊ အမြတ်ကြီးနှင့် အမြတ်ကလေးပင်။ ၂ နှစ် ၃ နှစ် ကြာသော် စပါး ၄ ရာ ၅ ရာ စသည်စုမိကြလေ၏။ ဤနည်းဖြင့် တိုးတက်လာရာ အရွယ်ကောင်းတုန်းအချိန်မှာ အမွေတချို့ရပြန်သဖြင့် လူရည်တတ်ကလေးတွေ ဖြစ်နေပြန်တော့၏။ ထိုရှေးက အသောက်အစား အကစား မရှိကြသဖြင့် ဆွေမျိုးထဲ၌ ဆင်းရဲသူသည် နည်းပါးခဲ့၏။ ယခုကား ထိုသို့ မဟုတ်တော့ချေ။

http://www.dhammadownload.com



**ရဟန်းတော်များ ပြုပြင်နိုင်ပုံ**

လွတ်လပ်ပြီးသော မြန်မာပြည်ကို ကမ္ဘာပေါ်တွင် လူချင်းတူအောင် မြှင့်တင်ရာ၌ တိုင်းပြည် ခေါင်းဆောင် လူဝတ်ကြောင်များချည်း ပြုပြင်နေရုံဖြင့် မြန်ဆန်လှမည်မဟုတ်၊ ရဟန်းတော်များကလည်း မိမိစွမ်းနိုင်ရာဘက်က တိုင်းသူပြည်သားကို ပြုပြင်ပေးသင့်ကြ၏။ ရှင်းပြဦးအံ့၊ မြန်မာပြည်ရှိလူဦးရေတွင် ရာခိုင်နှုန်း ၉၀ သည် ကျေးလက်များ၌ နေထိုင်ကြသူများဟု ဆို၏။ ထိုကျေးလက်သားတို့သည် အများအားဖြင့် ရဟန်းတော်များ၏စကားကို လိုက်နာကြ၏။ ထို့ကြောင့် ပထမဆုံးရဟန်းတော်များ၏အရည်အချင်းကို(ညွှန်ပြခဲ့သော စာသင်တိုက်တို့ဖြင့်)မြှင့်တင်၍ ရွာတိုင်းရွာတိုင်း၌ ဘုန်းကြီးကောင်း ရှိနေပါလျှင် ထိုရွာသူရွာသားတို့ အမြန်ဆုံး အသိဉာဏ် တိုးပွားပါလိမ့်မည်။

မှန်၏။ (၁) ကျောင်းဘုန်းကြီး ကောင်းခြင်း၊ (၂) ရွာသူကြီးကောင်းခြင်း၊ (၃) ဆေးဆရာကောင်းခြင်း၊ ဤသုံးမျိုးရှိလျှင်ပင် နေချင်စရာကောင်းသော တိုးတက်လမ်းရှိသော ရွာတစ်ရွာ ဖြစ်နိုင်၏။ ဆေးဆရာမရှိလျှင် အသေအပျောက်နှင့် ရောဂါများဖွယ်ရှိသောကြောင့် ဆေးဆရာကောင်းရှိခြင်းကို ရွာ၏ဂုဏ်အင်္ဂါဟုထည့်လိုက်ပါသည်။ ဆေးဆရာဟူရာ၌ တစ်ယောက်သာမက ဆရာဝန်ဆိုင်ရာနှင့် ဝမ်းဆွဲဆရာမများပါ( ၂ ရွာ ၃ ရွာ မှာ တစ်ယောက်ကျ) ရှိသင့်၏။ ထိုဆရာများလည်း လူကောင်းသူကောင်းစိတ်ရှိ၍ ရွာ၏မိဘသဖွယ် ဖြစ်နိုင်မည့်သူကိုသာ အစိုးရလခနှင့်ထားသင့်၏။ ကျောင်းဘုန်းကြီး နှင့် ရွာသူကြီးတို့ကား ညွှန်ပြမည့်အချက်များ၌ အရေးတကြီး ပြုပြင်ကြရပါလိမ့်မည်။

**ကျေးရွာ ပြုပြင်ရေး**

ရွာတိုင်းရွာတိုင်း၌ ကျောင်းထိုင်ပုဂ္ဂိုလ်နှင့် ရွာသူကြီး ကောင်းရှိလျှင် ထိုပုဂ္ဂိုလ်နှစ်ဦးလုံးပင် တစ်ရွာလုံး၏ မိဘလည်း ဟုတ်၊ ဆရာလည်း

http://www.dhammadownload.com



ဟုတ်သော အခြေအနေ၌ တည်ရှိစေ၍ ရွာသူရွာသားတို့၏ စီးပွား ရေး၊ ကျန်းမာရေး၊ လိမ္မာရေး၊ တတ်သိ နားလည်ရေးများအတွက် တာဝန်ခံများ ဖြစ်စေသင့်၏။ [ရွာသူကြီးသည် သူ့အတွက် စီးပွားရေး လုံလောက်သူဖြစ်သင့်၏။] ကျေးရွာပြုပြင်ရမည့် ကိစ္စများကား–

၁။ အိမ်ဆောက်ပုံ လူသွားလမ်း လှည်းသွားလမ်းထားပုံ မှစ၍ ရွာကို ဖုန်မထူစေဘဲ လှပသောရွာဖြစ်စေရန်။

၂။ ရေတွင်းရေကန်များ၌ တစ်နှစ်ပေါက်အောင် လုံလောက်စွာ ရေရှိစေရန်။ [ အဝီစိတွင်းရှိလျှင် ကောင်း၏။]

၃။ အစားအသောက် အနေအထိုင်မှစ၍ အများ ကျန်းမာရေးနှင့် ဆန့်ကျင်သော အရာများကို တားဆီးပေးရန်။

၄။ ရဟန်းတော်ကျောင်းအပြင် မူလတန်းတစ်ကျောင်း လူဝတ်ကြောင်ဆရာများ အုပ်ချုပ်၍ တည်ရှိစေရန်။[ရွာ ငယ်လှလျှင် ၂ ရွာ ၃ ရွာ ပေါင်းနိုင်၏။ တစ်နည်းသော် ယောကျာ်းကလေးများကို ဘုန်းကြီးကျောင်း၌နေစေ၍ မိန်းကလေး သက်သက် စာရေးစာဖတ် နှင့် အတွက်တတ်ရုံမျှ ရှေးလူကြီးသူမတို့က သင်ပြသင့်၏။]

၅။ စာသင်ချိန်ရောက်သူတိုင်း မသင်မနေရဟု ပညတ်ရန်။

၆။(လူရည်တတ်မဟုတ်သော)သာမန်လူတိုင်းအိမ်တိုင်း၏ စီးပွားရေးအခြေအနေကို ရွာလူကြီးများ ခန့်မှန်းသိရှိနိုင်ရန်။

၇။ ကြွေးကင်းနိုင်သမျှ ကင်းအောင် အသုံးအစွဲ ချွေတာရန်။

၈။ဖဲဝိုင်းကြက်ဝိုင်းထန်းရည်ဆိုင်အရက်ဆိုင်များမရှိစေရန်။

၉။ ရာဇဝတ်မှု တရားမမှုများ အလွန်နည်းပါးစေရန်။

၁၀။ အကြောင်းအားလျော်စွာ ပေါ်လာပြန်လျှင် ဘုန်းတော် ကြီးနှင့် သူကြီး ရွာလူကြီးတို့က ဟောပြော ဖြန်ဖြေပေးရန်။

၁၁။ ရာဇဝတ်မှုကလေးများပင် ထိုပုဂ္ဂိုလ်များဖြင့် ပြီးပြတ် စေရန်။

http://www.dhammadownload.com



၁၂။ ရာဇဝတ်မှုကင်းအောင်လည်း ထိုပုဂ္ဂိုလ်များက မကြာခဏ ဟောပြော ဆုံးမပေးရန်။

၁၃။ စုပေါင်း၍ဖြစ်နိုင်သမျှရောင်းဝယ်လုပ်ကိုင်မှု၌စုပေါင်းလုပ်ကိုင်ကြရန်။

၁၄။ ကျန်းမာရေး၌လည်း ခြင်းလုံးခတ်ခြင်း၊ ဘောလုံးကန်ခြင်း၊ မိန်းကလေးများက ဘောလုံးကြက်တောင်ရိုက်ခြင်း၊ ထုတ်ဆီးခြင်းစသည်ဖြင့် အမြဲလေ့လာရန်။

၁၅။ အဆင်အပြင်၌လည်း(ပွဲလမ်းသဘင်ကြုံလျှင်) မြို့သူမြို့သားများနှင့် ကျေးရွာသူကျေးရွာသားတို့ ကွဲပြားခြားနားခြင်း မရှိလောက်အောင် ပြုပြင်တတ်၍ နေ့စဉ်နေ့တိုင်းလည်း အလုပ်လုပ်ချိန်မှတစ်ပါး အားလပ်ချိန်၌ သပ်သပ်ရပ်ရပ် နေလေ့ရှိကြစေရန်။

၁၆။ မိန်းမတို့၏ချက်ပြုတ်ခြင်းအတတ်၊ အိမ်မှုထိမ်းသိမ်းနည်းအတတ်ကိုလည်း ကျောင်းများ၌ သင်ခန်းစာအဖြစ်ဖြင့် (မူလတန်း လူဝတ်ကြောင်ကျောင်းမှာပင်)သင်ပြပေးရန်။

၁၇။ လက်ထပ်ထိမ်းမြားချိန်၌(ဆင်းရဲသူများဖြစ်လျှင်) ရပ်ရွာလူအားလုံးကပင် ဝိုင်းဝန်း၍ ချီးမြှောက်ကြရန်။

၁၈။ ထိုအိမ်ထောင်သစ်သည် ဒီဘဝ၌ကြွေးတင်သူမဖြစ်ဖို့ရန် လုံ့လဝီရိယရှိအောင် ဩဝါဒပေးကြရန်။

၁၉။ သုမင်္ဂလ ဒုမင်္ဂလ ကိစ္စ၌ ညီညာဖျဖျ ဝိုင်းဝန်း ကူညီကြရန်။

ဤသို့စသည်ဖြင့် ပြုပြင်ရေးကို ရှက်ဆောင်သင့်ပါသည်။

**လောကနိဗ္ဗာန် ရွာကလေး**

အနာဂတ်သာသနာရေးတစ်ကျမ်းလုံး ပြီးဆုံးခါနီးဝယ် ပညာရေးဝန်ကြီး စောစံဖိုးသင်ပြောသောစကား၌ကပ္ပလီရွာကလေးအကြောင်းကို သတင်းစာ၌တွေ့ရသည်မှာ—သထုံခရိုင်ရှိ ကပ္ပလီ ရွာကလေးသည် မြန်မာ

http://www.dhammadownload.com



ပြည်တစ်ပြည်လုံးက အတုယူထိုက်သော ရွာကလေးဖြစ်ပါတယ်။ ထိုရွာမှာ ခိုးသား ဓားပြမရှိပါ။ အိမ်တံခါးဖွင့်ပြီး အိပ်နိုင်ပါတယ်။ ရွာသားအချင်းချင်း ဆက်ဆံပေါင်းသင်းမှု အထူးရှိတယ်။ ဈေးဆိုင်မှာ ရောင်းသူ မရှိတဲ့အခါ အဝယ်လာလျှင် ဝယ်သူကချိန်တွယ်ပြီး ကျသင့်သောပိုက်ဆံကို ထားခဲ့ပါတယ်။

ထိုရွာကလေးသည်၁၉၂၈ခု(ခရစ်သက္ကရာဇ်)နှစ်က "ဘီရော့" မည်သော အင်္ဂလိပ်ခရစ်ယာန်ဘုန်းကြီးနေထိုင်သွား၍ ထိုဘုန်းကြီးကပင် ပြုပြင်ပေးသွားပါတယ်။ တစ်ယောက်နှင့် တစ်ယောက် ငြူစူခြင်း စောင်းမြောင်းခြင်း(ပါဠိလို ဣဿာ)မရှိကြပါ။ ယခုအခါ ထိုရွာသူရွာသားတို့ သမဝါယမနည်းကို ထွင်လိုက်ကြပြန်ပြီ၊ သုံးအိမ်ထောင်စုပေါင်း၍ ထမင်းတစ်အိုးတည်း ချက်ကြပါတယ်။(ထင်း,ရေစသည် အကုန်သက်သာ၍ အိမ်သူ ၃ ယောက်ကုန်မည့်နေရာမှာ တစ်ယောက်တည်းသာ ကုန်ပါတော့တယ်။) ထိုကဲ့သို့ ဖြစ်လာတာကိုမေးတော့"ကျွန်တော်တို့ စိတ်ပြောင်းသွားကြပြီ။ နောက်ကို လူတွေရဲ့စကားကို (နိုင်ငံရေးသမားကို ဆိုလိုဟန်တူသည်။) နားမထောင်တော့ဘူး။ ဘုရားစကားကိုသာ နားထောင်ကြတော့မယ်။ လူတွေရဲ့စကား နားထောင်လျှင် ကျုပ်တို့လူတွေ ပဋိပက္ခ(ဆန့်ကျင်ဘက်) ဖြစ်ကြလိမ့်မယ်"ဟု ပြောကြပါတယ်။

**မှတ်ချက်။** ။ ဤရွာကလေး၏ထူးခြားကောင်းမွန်ပုံကို အထူးချဲ့ထွင်ရေးသားဖွယ်မလိုတော့ပါ။ အင်္ဂလိပ်ခရစ်ယာန်ဘုန်းကြီး က ပြုပြင်ပေးသွားတယ်ဆိုရာ၌မူ ယဉ်ကျေးသိမ်မွေ့မှုအရာဝယ် အထက်တန်း အကျဆုံးဟု ဂုဏ်ယူနေကြရသော ဗုဒ္ဓဘာသာကို လက်ကိုင်ပြုကာ ဆရာသမားအနေထား၍ အကိုးကွယ်ခံနေကြရသော ဘုန်းကြီးတို့အတွက်ကား ရက်ဖို့လည်းမဟုတ်၊ ဝမ်းနည်းဖို့လည်းမဟုတ်၊ အားကျဖို့သာ ဖြစ်ပါသည်၊ အနာဂတ်ကာလ၌ ဘုန်းတော်ကြီးများသည် လောက

http://www.dhammadownload.com



ကြောင်း ဓမ္မကြောင်း ကောင်းသည်ထက်ကောင်းသောနည်းကိုသာ ရပ်သူရွာသား တိုင်းသူပြည်သားတို့အား ညွှန်ပြသင့်ကြပါသည်။

**တောရောမြို့ပါ မြုပြင်ရေး**

ပြခဲ့သော နည်းများဖြင့် အချိုးအစား ကျအောင် ပြုပြင်ရုံတွင်မက တစ်နှစ်တစ်ခါ ၂ နှစ် ၃ နှစ် တစ်ခါစသည်ဖြင့် လူငယ် လူရွယ် များကို မြို့သို့ တစ်လုံးတစ်စည်းတည်း ကားကြီးများဖြင့်(ရေလမ်းဖြစ်လျှင်လှေကြီးများဖြင့်)ခေါ်သွားပြီးလျှင် ရက်အတော်ကြာအောင် (ကိုယ့် ဘာသာ ချက်ပြုတ်စားသောက်နေထိုင်ကာ)မြို့သူမြို့သားတို့ နေထိုင်ရေး စားသောက်လုပ်ကိုင်ရေးများကို လက်တွေ့ပြသင့်၏။ ဥပမာ၊ ရွှေဘိုနယ်ကျေးရွာဖြစ်လျှင် မကြာခဏ ရွှေဘိုမြို့၏ အနေအထိုင်ကိုပြ၊ ထို့နောက် မန္တလေး၊ ထို့နောက် ရန်ကုန်ကို ပြသင့်၏။ ကျေးရွာနေသူများသာ မဟုတ်သေး။ မြို့ကလေးနေသူများကိုလည်း ထိုနည်းအားဖြင့် မြို့ကြီးများသို့ ခေါ်ယူပြသသင့်၏။ နိုင်ငံတွင်းဝယ် ချင်းတောင် ရှမ်းပြည်စသည်သို့လည်း တစ်ရံတစ်ခါအများစုပေါင်း၍သွားရောက်ကြည့်ရှုသင့်၏။ ကိုယ့်နိုင်ငံသာမက အိန္ဒိယ၊ သီဟိုဠ်၊ အင်္ဂလန်၊ အမေရိကန်စသောတိုင်းတစ်ပါးသို့လည်းအစိုးရကသင်္ဘောစင်းလုံးရှာပေး၍ တောမြို့အားလုံးမှ လိုက်နိုင်သူ ဓနရှင်တို့ကို (သူတို့စရိတ်ဖြင့် လိုက်စေကာ သင်္ဘောပေါ်မှာပင် ချက်ပြုတ်စားသောက်၍) ခေါ်ယူပြသသင့်၏။

ဤနည်းသည် ဆန် ဆီ ငါးပိ ကြက်သွန် ရေတ်စသည်များကို မိမိတို့၏နေရင်းအရပ်မှ ယူသွားနိုင်သဖြင့်လည်းကောင်း၊ အားလုံး စုပေါင်း၍ ကားစသည်ကို ငှားရသဖြင့် လည်းကောင်း၊ အမှန်အကုန်အကျလည်းနည်း၏။ ပျော်ရွှင်စရာလည်းကောင်းလှ၏။ ဒေသန္တရ ဗဟုသုတ ရကြသဖြင့် လူရည်အတော်ဝ,လာကြလိမ့်မည်ဟု လည်းယူဆ၏။ မြန်မာမင်းများလက်ထက်က မြန်မာပြည် ဆုံးရှုံး

http://www.dhammadownload.com



ခဲ့ရခြင်းသည် အကြားအမြင်နည်းပါး၍ (အ–န–ထုံထိုင်း)ကြသော ကြောင့်ပင်ဖြစ်၏။ ထို့ကြောင့် ဤနည်းကို ရပ်ရွာခေါင်းဆောင် အားလုံးစဉ်းစားသင့်ကြပါသည်။

## လူမှုများလေညီး သာသနာပြုနိုင်ပို

**သံဃာကွဲပုံ** ဘုရား လက်ထက်တော်၌ ကောသမ္ဗီမြို့ဝယ် ရဟန်းတစ်ပါး အာပတ်သင့်၏။ သို့သော်လည်း သူ့ကိုယ်သူ အာပတ်မသင့်ဟု အယူရှိ၏။ အခြားရဟန်းတို့က အာပတ်သင့်၏ဟု အယူရှိကြလေသည်။ ထို့ကြောင့် အခြားရဟန်းတို့က "ကိုယ်တော် အပတ်သင့်နေပြီ၊ ထို အာပတ်ကိုရှုပါ"ဟု ပြောသည့်အခါ "တပည့်တော်ရှုစရာ အာပတ် မရှိပါ(တပည့်တော် အာပတ်မသင့်ပါ)"ဟုပြန်ပြောလေ၏။ ထိုအခါ အခြားရဟန်းတို့က ထိုရဟန်းကို (အာပတ်မရှုမှုကြောင့်) နှင်ထုတ် ကြကုန်၏။ [ ကံကြီး ကံငယ် ကိစ္စတို့၌ မပေါင်းသင်းရန် ဝိနည်းကံဖြင့် ကြဉ်ထားခြင်းကို "နှင်ထုတ်ခြင်း"ဟု ဆိုလိုသည်။] ထိုနှင်ထုတ်ခံရသောရဟန်းသည် စာတတ်ပုဂ္ဂိုလ်ဖြစ်ရကား သူ၏ပြောပြချက်အရ သူ့ဘက်ပါနေသော (သူ့ကိုမတရားသဖြင့် နှင်ထုတ်ကြသည်ဟု ယူဆနေသော) သံဃာလည်း အတော်များပြားလေရကား သံဃာ ၂ သင်း ကွဲကြလေ၏။ တစ်ဖက်နှင့်တစ်ဖက်ဆဲရေးကြ သတ်ပုတ်ကြ ကုန်၏။ ဗုဒ္ဓရှင်တော် မြတ် တားမြစ်သော်လည်းမရကြချေ။ ထိုကြောင့်"သံဃာအား ဘုရားမဆန်သာ"ရကား ကိုယ်တော်တစ်ပါးတည်း ပါလိလေယျက တောသို့ကြွ၍ ဝါကပ်တော်မူရလေသည်။

http://www.dhammadownload.com



**လူများက အကြပ်ကိုင်ပုံ**

ဗုဒ္ဓရှင်တော်မြတ်သည် ဝါကျွတ်၍ ပါလိလေယျက တောမှ သာဝတ္ထိပြည်သို့ ကြွတော်မူလာ၏။ ထိုအချိန်၌ ကောသမ္ဗီပြည် ဒါယကာတို့ စုဝေးတိုင်ပင်ကြသည်မှာ–"ကောသမ္ဗီပြည်၌နေထိုင်ကြသော ဒီရဟန်းတွေ၏နှောင့်ယှက်မှုကြောင့် ဗုဒ္ဓရှင်တော် အရပ်တစ်ပါးသို့ ကြွသွားတော်မူရတယ်၊ ကျွန်ုပ်တို့ကို ဘုရားမဖူးရအောင် ဒီကိုယ်တော်တွေပြုကြတယ်။ ကျွန်ုပ်တို့ အကျိုးမဲ့ကို ဒီကိုယ်တော်တွေ များစွာပြုရာရောက်တယ်။ ဒီနေ့ကစ၍ ကောသမ္ဗီပြည် ရဟန်းတို့အား ရှိခိုးမှု၊ သူတို့လာလျှင်နေရာမှ ထ,ပေးမှု၊ လက်အုပ်ချီမှု၊ ရိုသေမှုကို မပြုဘဲ နေကြစို့ရဲ့။ ဒီလိုနေလိုက်လျှင် ဘုရားရှင် ကျေနပ်အောင်သော်လည်း နေကြလိမ့်မယ်၊ အခြားအရပ်သို့သော်လည်း ရွှေ့သွားကြလိမ့်မယ်၊ လူသော်လည်း ထွက်ကြလိမ့်မယ်" ဤသို့ တိုင်ပင်ပြီးလျှင် ထိုအတိုင်းနေလိုက်ကြလေသည်။

**သံဃာများ ညီညွတ်ပုံ**

လူအများ အကြပ်ကိုင်ရာ၌ ရှိမခိုးခြင်းစသည်မှာ များစွာအရေးမကြီးလှသော်လည်းဆွမ်းမလောင်းခြင်းကား အတော် အရေးကြီး၏။ ယနေ့ ဆွမ်းမရလျှင် ယနေ့ပင် ခက်ကြရတော့သည်။ ထို့ကြောင့် ရက်များစွာမကြာဘဲ "ဘုရားအထံသို့သွား၍ ဤအဓိကရဏ်း (သံဃာကွဲပြားမှု) ငြိမ်းအေးအောင်ပြုကြပါတော့မည်"ဟု လူတို့အား ဝန်ချ၍ ဗုဒ္ဓ ရှိတော်မူရာ သာဝတ္ထိပြည်သို့ သွားကြလေသည်။ ထိုအချိန်ကျမှ မူလအာပတ်သင့်သော ရဟန်းလည်း ဝိနည်းတော်ကို ပြန်၍ဆင်ခြင်သောအခါ သူ့မှာအာပတ်သင့်တာ အမှန်ဖြစ်ကြောင်း သိ၍ တစ်ဖက်သံဃာ့အထံ အမှန်အတိုင်း ဝန်ခံပြီးလျှင် မူလနှင်ထုတ်သောကံကို ရုပ်သိမ်းပါရန် လျှောက်ထားသဖြင့် အများကျေနပ်ကာ သံဃာတော်အားလုံး ညီညွတ်စွာဖြင့် ဗုဒ္ဓအထံသို့ အဖူးအမြော် ဝင်ကြလေသည်။

http://www.dhammadownload.com



**မှတ်ချက်။** ။ ဤ၀တ္ထုဌ် ကွဲနေသောသံဃာကို ဘုရားရှင်ကိုယ်တော်တိုင် ဆုံးမ၍ မရသော်လည်း လူဒါယကာများက ညီညွတ်အောင် ပြုပုံထောက်၍ အနာဂတ်ကာလ၌ သာသနာရေးရာဝယ် လူဒကာများကလည်း ပါဝင်ပြုပြင်နိုင်ကြောင်း သိစေလိုပါသည်။ မှန်၏။ ယခုခေတ်မှာပင် မြို့ကလေးနှင့် ကျေးရွာများ၌ ဝိနည်း သိက္ခာ နားလည်သူ လူကြီးလူကောင်းတို့က "မည်သည့်အနေအထိုင်မျိုးကို မကြည်ညိုနိုင်ကြ"ဟုသိရှိလျှင် ရဟန်းတော်များ ရှောင်ကြဉ်လေ့ရှိသည်ကို တွေ့ရပေသည်၊ သို့ရာတွင် သာသနာပြုမည့် လူဒကာများကလည်း ဝိနည်း၏ခြွင်းချက်တချို့ကို နားလည်ဖို့လိုပေဦးမည်။

**ကျမ်းစာပြုပြင်ရိုက်နှိပ်ရေး** ယခုအခါ မြန်မာနိုင်ငံ၌ ကျမ်းစာပုံနှိပ်ပုံသည် ရှေးခေတ်က ပေစာတို့ကို ကူး၍ ရိုက်နှိပ်ခဲ့ကြရသောကြောင့် အဖြတ် အခွဲ အချဲ အခြား မရှိ၊ ပြွတ်သိပ်လျက်ရှိနေ၏။ စာအုပ်ချုပ်ပုံ ဖုံးပုံမှစ၍ ပြုပြင်ဖွယ်လည်းများစွာရှိနေ၏။ အနာဂတ်ကာလဝယ် ပထမတန်း ကျောင်းတိုက်နှင့် တက္ကသိုလ်တိုက် ဆရာတော်များသည် ထိုကျမ်းစာ ပြုပြင်ရိုက်နှိပ်ရာ၌ အားလုံးလိုပင် အကူအညီ ရကြပေလိမ့်မည်။ ထို့ပြင် မရိုက်နှိပ်ရသေးသော အဋ္ဌကထာ ဋီကာများကိုလည်း ရိုက်နှိပ်ရပေဦးမည်။ အနာဂတ်ကာလ၌ စာသင်တိုက်တိုင်းဝယ် ပိဋကတ်တိုက်လည်း တည်ရှိရတော့မည်ဖြစ်၍ နည်းသစ်ဖြင့် ရိုက်နှိပ်အပ်သမျှ ပါဠိတော် အဋ္ဌကထာဋီကာများကို ထိုပိဋကတ်တိုက်၌ထားရန် ဆိုင်ရာဂေါပကအဖွဲ့က တာဝန်ယူနိုင်ကြလိမ့်မည်။ ရိုက်နှိပ်သည့်အခါ၌မူ အစိုးရစရိတ်ဖြင့် ရိုက်နှိပ်၍ အရင်းကျသမျှကိုသာ လက်မှတ်ထိုးကြရန် အစိုးရ ကပင် စီမံသင့်သည်။

**မှတ်ချက်။** ။ ဆဋ္ဌသင်္ဂါယနာတင်စဉ်က တာဝန်ခံဆရာတော်များသည် နိုင်ငံအရပ်ရပ်မှ ကျမ်းစာရိုက်နှိပ်ပုံကိုကြည့်ကာ မိမိတို့ ကျမ်းစာကိုလည်း ခေတ်မီအောင်ဂုဏ်ဆင်ရိုက်နှိပ်စေပြီးဖြစ်သည်။

http://www.dhammadownload.com



**ဆဋ္ဌ သင်္ဂါယနာတင်**

ဤအလုပ်ကို အစိုးရကိုယ်တိုင် သဘောကျပါမူ (မင်းတုန်းမင်းတရားကြီး၏ကျောက်ပြားပေါ်တွင် အက္ခရာတင်ကာ ပဉ္စမသင်္ဂါယနာ တင်အမည်ခံသကဲ့သို့)ထို့အတူ နိုင်ငံတစ်ဝှမ်းလုံးမှအရေးပါ အရာရောက်မည့် ဆရာတော်များကို ကြီးကြပ်ပြင်ဆင်စေကာ ဆဋ္ဌသင်္ဂါယနာတင်ဖြစ်စေရန် စီမံဖွယ်များကိုလည်း စဉ်းစားထားသင့်ကြ၏။ [ဤသို့ စသည်ဖြင့် နိုးဆော်လိုက်သောကြောင့် ဆဋ္ဌသင်္ဂါယနာတင်ကိစ္စကား ပြီးစီးသွားပေပြီ။ သို့သော် မိမိကျေနပ်လောက်အောင် မဖြစ်ခဲ့ပါ။]

## နိဂုံးချုပ်

**ကျမ်းပြီးချိန်နှင့် ရိုက်နှိပ်ချိန်**

"သာသနာရေးနှင့်စပ်၍ တိုးတက်အောင် ညွှန်ပြဖို့ရာမှာ သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏တာဝန်"ဟု ရဟန်းငယ်ဘဝတုန်းကပင် ယူဆခဲ့ပါသော်လည်း မိမိ၏အရွယ်နှင့်မတန်သေး၍ ထိုအရေးကို လျစ်လျူရှုခဲ့ရပါသည်။ ယခုသော် မိမိအရွယ်ကလည်း အတော်ကြီးလာပြီ။ မြန်မာနိုင်ငံလည်း ကေန်လွတ်လပ်ရေးရတော့မည်ဟုကောလာဟလဖြစ်နေပြီ။ သို့ဖြစ်၍"ဤကျမ်းစာသည် လွတ်လပ်သောအခါ အကူအညီ ဖြစ်ပါစေတော့"ဟု သဘောထားလျက် ကောလာဟလ ဖြစ်ချိန်ကစပြီး ရေးသားခဲ့ရာ လွတ်လပ်ရေးအောင်ပွဲ ကျင်းပတော့မည့် ၁၃၀၉ ခု၊ ပြာသိုလပြည့်ကျော် ၉ ရက်နေ့ မတိုင်မီ တစ်ရက် ကြိုတင်၍ ဤကျမ်းစာကိုပါပြီးစီးစေခဲ့ပါသည်။ ထိုသို့ ပြီးစေပြီးနောက် တစ်နှစ်လောက်ကြာမှ ရိုက်နှိပ်ရသောအခါ ပြည်တွင်းမစ်ဟု ဆိုရလောက်အောင် သောင်းကျန်းမှုနှင့် ကြုံကြိုက်နေသောကြောင့် ဤ

http://www.dhammadownload.com



ကျမ်းနိဂုံးကို နဂိုရေးရင်းအတိုင်း မဟုတ်စေဘဲ လက်ရှိ ဖြစ်နေပုံနှင့် ကိုက်ညီအောင် တစ်မျိုးပြင်လိုက်ရပါတော့သည်။

**အမှာ။** ။ ဤကျမ်းစာကို ရေးသားရာ၌ မည်သည့်ဘာသာ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ထိပါးစေလိုသောစိတ်မရှိဘဲ သာသနာတော် အရေးနှင့် မြန်မာပြည်ထောင်စု၏ စီးပွားရေးကိုအဓိကထား၍ ရေးသားပါသည်။ သို့ပါလျက် မတော်တဆ ထိပါးသကဲ့သို့ဖြစ်ချေသော် ခွင့်လွှတ်ကြပါရန် တောင်းပန်ပါသည်။

**ဂိုဏ်းပါတီစိတ် မထားသင့်**

တစ်နိုင်ငံလုံး တစ်သာသနာလုံး တစ်နယ် တစ်မြို့ တစ်ရွာ လုံးစသော အများအကျိုးဆောင်သူတို့သည် အများနှင့်ဆိုင်သော အလုပ်၌ ဂိုဏ်းစိတ်၊ ပါတီစိတ်စသော သံယောဇဉ်ခင်တွယ်စိတ်များ မထားသင့်ပါ။ ရှင်းပြပါဦးမည်။ သံဃာတော်ပိုင်း၌ ဂိုဏ်းချင်း တိုက်တာချင်း ကျောင်းချင်း ခွဲခြား၍ စိတ်ထားမှု၊ လူဝတ်ကြောင်ပိုင်း၌ ပါတီ ခွဲခြား၍ စိတ်ထားမှုသည် အလွန်ကျဉ်းမြောင်းသောစိတ်၊ မေတ္တာ ကရုဏာ ပျံ့နှံ့ဖို့ရာ နယ်ကျဉ်းသော ဣဿာ မစ္ဆရိယ တိုးပွားစေသော စိတ်သာဖြစ်၏။ ထိုစိတ်မျိုးရှိနေသူသည် "အများကြီးပွားအောင် ဆောင်ရွက်ပါသည်"ဟု နှုတ်ကပြောသော်လည်း အလုပ်သဘောမှာမူ မိမိဆိုင်ရာကြီးပွားမှုကိုသာ ပြုလျက်ရှိတတ်၏။ ထိုသူ့သန္တာန်မှာ အခြားဂိုဏ်းပါတီ၏ကြီးပွားမည်ကို ဝန်တိုသော မစ္ဆရိယနှင့် တကယ် ကြီးပွားပြန်လျှင် မနာလိုသော ဣဿာလည်း ဖြစ်တော့မည်သာ။

ထိုအခါ အခြားဂိုဏ်းပါတီကလည်း မိမိဂိုဏ်းပါတီအပေါ်၌ ဣဿာမစ္ဆရိယ ဖြစ်ဦးမည်သာ။ သို့ဖြစ်လျှင် တစ်နိုင်ငံလုံးကို လည်းကောင်း၊ တစ်သာသနာလုံးကိုလည်းကောင်း၊ ဣဿာ မစ္ဆရိယတွေ လွှမ်းဖုံးကာ ကြီးပွားမှု၏ အန္တရာယ်ချည်းသာ ဖြစ်ပေလိမ့်မည်။ ဤ

http://www.dhammadownload.com



နေရာဝယ် သက္ကပဉှသုတ်တော်လာ ဗုဒ္ဓနှင့်သိကြား၏ အမေး အဖြေကို မှတ်သားသင့်ပါသည်။

**သိကြား။** ။ နတ်ရောလူပါ များစွာသောသတ္တဝါတို့သည် ရန်မရှိ ဒဏ်မရှိ ဒေါသမရှိ အေးချမ်းစွာ နေထိုင်ဖို့ရန် ရည်သန် တောင့်တကြပါလျက် အဘယ့်ကြောင့်တောင့်တသလိုမဖြစ်ဘဲ အန္တရာယ် ဘေးဒဏ် ရန်မာန်တွေနှင့် နေကြရပါသနည်းဘုရား။

**ဗုဒ္ဓ။** ။ ကိုယ်ထက်သာ မနာလိုသော ဣဿာ၊ ကိုယ်ကောင်းစားသလို သူတစ်ပါး မကောင်းစားစေလိုသော မစ္ဆရိယ၊ ဤတရား ၂ ပါးသည် သတ္တဝါတို့သန္တာန်၌ စွဲကပ်လျက်ရှိ၏။ ထို တရား ၂ ပါးကြောင့် ဖြစ်ချင်သလိုမဖြစ်ရဘဲ မဖြစ်လိုတာတွေ ဖြစ်နေကြရသည်။

**သိကြား။** ။ ထိုတရား ၂ ပါးသည် ဘေးရန်များ၍ မကြီးပွားစေနိုင်သော တရားဖြစ်ပါလျက် အဘယ့်ကြောင့်(မြွေပွေးကို ခါး ပိုက်ပိုက်ထားသကဲ့သို့)မိမိတို့သန္တာန်မှာ အဖြစ်ခံ၍ နေကြပါသနည်း ဘုရား။

**ဗုဒ္ဓ။** ။ ချစ်အပ်သောပုဂ္ဂိုလ် အသင်းအပင်းဥစ္စာ၊ မချစ်အပ်သောပုဂ္ဂိုလ် အသင်းအပင်းဥစ္စာဟု ခွဲခြားထားမှုကြောင့် ဣဿာ မစ္ဆရိယ တရား ၂ ပါးဖြစ်နေကြရသည်။ [အချစ်ဂိုဏ်းပါတီ၊ အမုန်းဂိုဏ်း ပါတီဟု မညီမမျှ ခွဲခြားမှုကြောင့် အချစ်ဖက်၏တိုးတက်မှုကိုသာလိုလား၍ အမုန်းဖက်၏တိုးတက်မှုကို မလိုလားသော ဣဿာ မစ္ဆရိယ ၂ ပါး ဖြစ်ရသည်။ အချစ်ဖက်၏ကောင်းကျိုးကိုသာ ရွက်ဆောင်၍ အမုန်းဖက်၏ဆိုးကျိုးကိုသာ ရွက်ဆောင်ကြသောကြောင့်လည်း အန္တရာယ် ဘေးဒဏ် ရန်မာန်များစွာဖြစ်၍ ဆင်းရဲဒုက္ခဖြင့် ပျက်စီး ဆုတ်ယုတ် ကြရသည်–ဟူလို။]

**ပါရမီဖြစ်**
**ဆောင်ရွက်ပါ**

တိုက်တာကို အုပ်ချုပ်နေသော ဆရာတော်များ၊ အထက်တန်းရာထူးရှင်များ၊ အလုပ်အကိုင် ကြီးမားသော ပွဲစားကုန်သည် စက်ပိုင်များနှင့် လယ်ပိုင်ရှင် ငွေတိုးပေးလူကြီးသူမတို့သည် မိမိကိုယ်ကိုဗုဒ္ဓသာဝက (ဗုဒ္ဓ တရားတော်ကို လိုက်နာသော ဗုဒ္ဓ ဘာသာ ဝင် လူကြီးသူမများ)ဟု

http://www.dhammadownload.com



အမြဲသတိထားသင့်၏။ ဗုဒ္ဓတရားတော်၌ အလုပ်လုပ်မှုကံသည် အလွန်တာသွား၏။ စိတ်နေစိတ်ထား မြင့်မြင့် မြတ်မြတ်နှင့် ပြုလုပ်သမျှကံသည် (နိဗ္ဗာန်မရခင်) ချမ်းသာခွင့်ရအောင်စီမံ၍ နိဗ္ဗာန် ကိုလည်း ရစေနိုင်၏။ ယခုဘဝ၌ အနည်းငယ် ခြိုးခြံ၍ လက်အောက်ငယ်သား ဆင်းရဲသူအများအား ညာတာခြင်းဖြင့် နောင် သံသရာဝယ် မကြုံသာအောင် ကြီးကျယ်သောစည်းစိမ်ကို အလွယ်တကူရစေနိုင်၏။ နောက်ဘဝကို ထားဦး၊ ယခုဘဝမှာပင် ထိုလူကြီးသူမတို့၏ ဂုဏ်သတင်းသည် ထုံသင်းလှိုင်ပျံ့ ရပ်တိုင်းနှံ့လျက် စီးပွားတိုးတက်သည်ကိုလည်း တွေ့နိုင်ပါသည်၊ ယခုခေတ်နှင့် စာသော် ယုံတမ်းစကားဟုမှတ်ထင်ရလောက်သောရှေးလူကြီးတစ်ယောက်၏အကြောင်းကို ပြပါဦးမည်။

ဘုန်းကြီးတို့ရွာ၌ ဘုန်းကြီးမှပြန်၍ရေတွက်လျှင် ၃ ဆက်လောက် လွန်ခဲ့သော အဖိုးတော်သူ တစ်ယောက်ရှိ၏။ စပါးရိတ်သိမ်းပြီးသောအခါ ရွာထဲလျှောက်၍ အနည်းငယ် ချို့တဲ့ဟန်ရှိသောဟိုအိမ်သည်အိမ်၌ ဝမ်းစာစပါး သိုလှောင်ထားသော ပုတ်ကလေးများကိုကြည့်၏။ တစ်နှစ်စာ လုံလောက်ပုံမရလျှင်"ငါ့တူ ငါ့တူမများဝမ်းစာနည်းလှပါကလား၊ ဦးဆီလာပြီးယူလှဲ့ကြဦး၊ မယူဘဲမနေနဲ့"ဟု ဖိတ်ခေါ်ကာ ဝမ်းစာလုံလောက်အောင် သိုလှောင်ထားစေသတဲ့။ မြန်မာမင်းလက်ထက် ကာလပျက်၍သူသူငါငါပုန်းကြရသော်လည်း ထိုလူကြီးကား ညနေဘုရားသွား မပျက်ပေ။ ဓားပြတွေနှင့် တွေ့လျှင် "ဟော့...ဘုရားဒကာ မြင်ပါ့မယ်ကွ"ဟု အချင်းချင်း ပြောကြ၍ သူတို့ကပင် အရင်ပုန်းနေကြသတဲ့။ ဤသို့လျှင် အများကောင်းအောင်ဆောင်ရွက်သူမှန်လျှင် နောက်ဘဝတိုင်အောင် စောင့်၍မနေရ။ ယခုဘဝမှာပင် ချမ်းသာစွာနှင့် စီးပွားတိုးတက်ခွင့်ရှိပါသည်။ ထို့ကြောင့်ပြခဲ့သော လူကြီးသူမတို့သည် မိမိကိုယ်ကို အလောင်းအလျာဝင်

http://www.dhammadownload.com



သူတော်စင်တစ်ယောက်ဟု သဘောထားကာ သူတစ်ပါး၏အကျိုးကို ပါရမီဖြစ် အနစ်ကျအောင် ရွက်ဆောင်သင့်ကြပါသည်။

**ဗုဒ္ဓဝါဒသည် ကြီးပွားရေးကို နှောင့်နှေးစေသလော**

စစ်တပ်ဖြင့် ဂုဏ်လုပ်နေသော ယခုခေတ်၌ "ဗုဒ္ဓဝါဒသည် လောကီကြီးပွားရေးကို နှောင့်နှေးစေ၏" ဟု အချို့က ယူဆကြ၏။ သို့သော် ဗုဒ္ဓလက်ထက်တော်မှစ၍ ဘုရားကျောင်းဒကာဖြစ်သော (သောတာပန်)ဗိမ္ဗိသာရ မဟာရာဇာ, ကောသလ မဟာရာဇာနှင့် ဓမ္မာသောက, ဒုဋ္ဌဂါမဏိ အစရှိသော ဗုဒ္ဓဝါဒီတို့သည် ဗုဒ္ဓဝါဒနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြပါသည်။ ဆက်ပါဦးမည်၊ ဗုဒ္ဓဝါဒကို ကြည်ကြည်ညိုညို နှင့် လိုက်နာသူသည် အနေအထိုင် ကြွေ့ရ၏။ အသုံးအစွဲ မျှတ၏။ မပျင်းမရိလုံ့လရှိ၏။ မတရားလောကကြီးဝယ် သာ၍တင့်တယ်၏။ သံသရာရေးကို တွေးပြန်လျှင် သူ၏တရားမျှတမှုကို အားပြုကာ သာယာကျေနပ်၏။ တရားနည်းလမ်းကျသော အလုပ်ကိစ္စဟူသမျှဝယ် ရက်ဖွယ်မရှိဟု နားလည်ထားသဖြင့် မည်သည့် ဂုဏ်သရေရှိ လူကြီးကိုမျှ အချည်းအနှီး မကြောက်ရွံ့တတ်ပါ။ ထိုသတ္တိကြောင့် ဗုဒ္ဓဘာသာမြန်မာစစ်သားတို့သည် လက်နက်အင်အား လူအင်အား တူမျှပါမူ မည်သည့်တိုင်းတစ်ပါး ရန်သူကိုမျှ ရွံ့ကြမည်မထင်။ ဤသတ္တိကြောင့်ပင် အနော်ရထာ, ဘုရင့်နောင်, အလောင်းမင်းတရား, မင်းကြီးဗန္ဓုလ အစရှိသော သတ္တိခဲ ရဲရဲတောက်တွေ (အလားတူ နောက်လိုက်များနှင့်တကွ)ထွက်ပေါ်ခဲ့ကြပေသည်။ ဤသို့လျှင် ဗုဒ္ဓဝါဒသည် လောက၏ကြီးပွားရေးကို မနှောင့်နှေးစေသည့်အပြင် အပြည့်အစုံလိုက်နာသူအား အမြန်ဆုံးကြီးပွားရေးကို လမ်းညွှန်ပေးနိုင်ပါသည်။ [ဗုဒ္ဓဝါဒ၌ ကံကိုသာ အားကိုးရမည် မဟုတ်ပါ။ ဉာဏ် ဝီရိယကိုလည်း အားကိုးရပါသည်။]

http://www.dhammadownload.com



**ဗုဒ္ဓဝါဒဖြင့်ပြုပြင်မှ လွယ်ကူမည်**

များစွာသောကျေးရွာနေသူတို့သည် ကွန်မြူနစ်၊ ဆိုရှယ်လစ် စသော ဝါဒသစ်တို့၏ သဘောတရားကို နား၊မလည်ကြပါ။ နားလည်လိုသောဆန္ဒလည်းရှိကြပုံမရပါ။ သူတို့ သမားရိုးကျ နားလည်နေသော ဝါဒကား ဗုဒ္ဓဝါဒသာတည်း။ ထိုဗုဒ္ဓဝါဒမှ လူများနှင့် တိုက်ရိုက် သက်ဆိုင်သော ကြီးပွားရေးအချက်များကို ကျောင်းသုံး သင်ခန်းစာ ဖြစ်အောင် စီစဉ်ညွှန်ပြ၍ ဗုဒ္ဓဝါဒအရ ပြုပြင်လျှင် မြန်မာနိုင်ငံတော်သည် ခပ်မြန်မြန် တိုးတက်လာဖွယ်ရှိသည်ဟု ထင်မိပါသည်။ ကွန်မြူနစ်၊ ဆိုရှယ်လစ်စသော ဝါဒသစ်များလည်း သူတို့နည်းအရ တစ်နိုင်ငံလုံး ကျကျနန လိုက်နာကြလျှင် တိုးတက်စေနိုင်သည်မှာ အမှန်ပင်ဖြစ်တန်ရာ၏။ သို့သော် ထိုဝါဒတွေကို လူအများက နားမလည်သောကြောင့် နားလည်ပြီးသော, တိုးတက်လည်း တိုးတက်စေနိုင်သောဝါဒဖြင့် တိုင်းပြည်ကိုပြုပြင်မှ ခပ်မြန်မြန်တိုးတက်ဖွယ်ရှိသည်ဟု ဆိုလိုပါသည်။ [ဘာသာရေးကြောင့် အကျိုးမဲ့ ကုန်ကျမှုတို့ကား ဗုဒ္ဓဝါဒ(ဗုဒ္ဓ၏အလိုတော်ကျ)မဟုတ်ကြောင်းကို အနာဂတ်သာသနာ အခန်း၌ ပြခဲ့ပါပြီ။] "ဗုဒ္ဓဝါဒဖြင့် ပြုပြင်ပါလျှင် အခြားဘာသာဝင်များနှင့် ဆန့်ကျင်နေမည် မဟုတ်ပါလော"ဟု မေးခွင့်ရှိ၏။ ဗုဒ္ဓဝါဒသည် လောကုတ္တရာရေး၌ကား အခြားဝါဒနှင့် အထူးတလည်ခြားနား၍ လောကီကြီးပွားရေး၌ကား ဆန့်ကျင်လောက်အောင် မကွဲပြားပါ။

**ဘာသာရေးသည် ဘိန်းနှင့်တူသလော**

ခေတ်လူတချို့က "ဘာသာရေးသည် ဘိန်းနှင့် တူ၏"ဟု ဆိုကြ၏။ သူတို့ ဆိုလိုရင်းကား–ဘိန်းသည် အလွန် စွဲလမ်းစေခြင်း လက္ခဏာရှိသကဲ့သို့ ဘာသာရေးသည်လည်း အလွန်စွဲလမ်းစေခြင်း လက္ခဏာရှိ၏။ ဘိန်းစွဲမိလျှင် အဖြတ်ခက်သကဲ့သို့ ဘာသာရေး စွဲသူများလည်း ထိုဘာသာကို အစွန့်ခက်၏။ ဘိန်းကို

http://www.dhammadownload.com



မကောင်းမှန်း သိလျက်နှင့် ရှုမြဲရှု စားမြဲစားသကဲ့သို့ ဘာသာရေး အလုပ် တချို့ လည်း အကျိုးမရှိမှန်းသိလျက် လုပ်မြဲလုပ်နေကြ၏။ ဘိန်းကြောင့် လူမျိုးပျက်စီးရသကဲ့သို့ ဘာသာရေးကြောင့် လူမျိုး ပျက်စီးရ၏။ ဤသို့စသည်ဖြင့် ဆိုလိုဟန်တူသည်။

အရင်းခံဗုဒ္ဓဘာသာ၌ ထိုသို့ပျက်စီးလမ်းများမရှိပါ။ ယခု အချို့ပျက်စီးနေရသည်ကား ဘာသာရေးကို ဇန်းပြ၍ ကိုယ်ကျိုး ကြည့်သူများကြောင့်သာဖြစ်ရ၏။ အမှန်အားဖြင့် ဗုဒ္ဓ၏ဝါဒကို ကျကျနနလိုက်စားလျှင် မပျက်စီးသည့်ပြင် တိုးတက်ရမည်အမှန်ပင် တည်း။ "မှားမှားမှန်မှန် ငါ့အယူသာအမှန်"ဟု စွဲလမ်းသူများအတွက် ကား(ဗုဒ္ဓ, ဟိန္ဒူ, ခရစ်ယာန်, မဟာမေဒင်)မရွေး မည်သည့်ဘာသာ မဆို ဘိန်းနှင့်တူပါသည်။ ထိုစွဲလမ်းမှုမျိုး မရှိဖို့ရာလည်း ကာလာမ သုတ်ကို ဗုဒ္ဓရှင်တော် ဟောတော်မူခဲ့ပါသည်။ [အနာဂတ်သာသနာ ခန်းအစ၌ ပြန်ကြည့်ပါ။] "မှားမှားမှန်မှန် အရမ်းစွဲလမ်းမှုသည် ဘိန်း နှင့်တူတမ်း"ဖြစ်လျှင် ဝါဒရေးလည်း ဘိန်းနှင့်တူသည်သာ။ မှန်၏၊ ရှေးတုန်းက ခွဲရေး တွဲရေး စသည်ဖြင့် ပါတီဝါဒ ကွဲခဲ့ကြရာ၌ တစ် အိမ်သားချင်းသော်မှ စေ့စပ်၍မရအောင် ကိုယ့်ဝါဒကို ကိုယ်စွဲလမ်း ခဲ့ကြ၏။ ယခုလည်း ထိုကဲ့သို့စွဲလမ်းကြသည်ပင် မဟုတ်ပါလော။

**အော်နေရုံနှင့် မပြီး**

မြန်မာပြည်လွတ်လပ်ရေးအောင်ပွဲနေ့က "ဒါ တို့ပြေ၊ ဒါတို့မြေ"ဟု ကြွေးကြော်ခဲ့ကြ၏။ ကြက် သီးထဖွယ် အားရဖွယ်ပေ။ သို့ရာတွင် အော်နေ သော ထိုအမျိုးသား အမျိုးသမီးများသည် ကြွေးကြော်ရင်း မိမိတို့ ပိုက်ဆံအိတ်ကို နှိုက်ကြည့်စေလို၏။ "ပြည်ထောင်စုကို အသက်ပေး လို့ တို့ကာကွယ်မလေ"တဲ့။ ဘာနဲ့ကာကွယ်ကြမှာလဲ ဟရို့၊ လက်နဲ့ ကာလို့ လုံမှာမဟုတ်ဘူးနော်။ ကုန်းတပ်၊ ရေတပ်၊ လေတပ်တွေနဲ့ ကာကွယ်ရမည် မဟုတ်လား၊ ယခုအခြေအနေအရ အမျိုးသားတို့ရဲ့

http://www.dhammadownload.com



ဘဏ္ဍာအိတ်ထောင့်ထဲမှာ သေနတ် သင်္ဘော ဝယ်စရာ လေယာဉ်ပျံ ဝယ်စရာ ပိုက်ဆံဘယ်နှစ်ပြား စုမိပြီလဲ။ အမျိုးသား အမျိုးသမီးတွေက အော်အော်ပြီးတော့ သိပ် အသုံး ပက်စက်ကြ တာကိုး၊ ဘာပိုက်ဆံ စုမိမှာလဲ။ တန်ခူးလအခါတွင်းသင်္ကြန်ဆိုလျှင် ဘယ်လောက် အသုံးအစွဲပြိုင်ကြသလဲ။ မော်လမြိုင်၊ ရန်ကုန်၊ မန္တလေးဆိုတဲ့ မြို့ကြီးတွေဟာ သိပ်ကဲတာပဲ၊ ကဆုန်လ ညောင်ရေသွန်းပွဲမှာလည်း မနည်းသေးဘူး၊ နယုန်လ ဝါဆိုလက စပြီးလျှင် တပေါင်းလပွဲတော်ကြီးတွေအထိ ကုန်လိုက်တာ မပြောနဲ့တော့၊ ထိုကုန်သမျှ ငွေတွေ မြန်မာနိုင်ငံမှာ လယ်နေတာမဟုတ်ပါဘူး၊ သင်္ဘော လေယာဉ်ပျံတွေနဲ့ နိုင်ငံခြားရောက်ကုန်တာတွေသာ များတယ်။

**မယှကငှက်** ဇာတ်တော်မှာ "မယှက" ခေါ်တဲ့ ငှက်အကြောင်း ပါတယ်။ ထိုငှက်ကလေးဟာ အသီးတွေ ဝေဆာသော ညောင်ပင်ပေါ်တက်ပြီး "ဒါငါ့ဟာ–ဒါငါ့ဟာ"ဟု အော်နေ၏။ သူအော်နေတုန်းမှာ အခြားငှက်တွေလာ၍ စားကြ၏။ သူကား "ငါ့ဟာ–ငါ့ဟာ"ဟု အော်နေတုန်းပင် ညောင်ပင်မှာအသီးတွေကုန်၍ အခြားငှက်များ ပြန်သွားသည့်တိုင်အောင် အော်လျက်သာ ကျန်ရစ်ရှာ၏။ ထို့အတူပင် အမျိုးသားသမီးတွေက နိုင်ငံခြား ပစ္စည်းတွေကို ဝတ်စားဆင်ပြင်ကာ နိုင်ငံခြားမော်တော်ကားကြီးတွေကိုစီးပြီး "ဒါတို့ပြေ ဒါတို့မြေ"ဟု အော်နေကြတုန်းမှာပင် နိုင်ငံခြားငှက်တွေက အမြတ်ကြီးကြီး အသီးကောင်းကောင်းတွေကိုစား၍ ပြန်သွားကြလေပြီ။ တချို့ကား မပြန်တော့ဘဲ အခြေစိုက်၍ အသိုက်ဖွဲ့ကာ ငွေကိုသာ တွင်တွင်ပို့ကြလေသည်။

ဤစာကိုရေးခြင်းဖြင့်နိုင်ငံခြားကုန်သည်ကြီးများကို အပြစ်မတင်လိုပါ။ အမျိုးသားတွေကိုသာ အော်နေရုံမျှနှင့် မပြီးနိုင်ကြောင်း၊ ချွေတာစုဆောင်းမှုအလုပ်လုပ်ရာ၌ မပျင်းရိမှု ရှိမှသာ ဘဏ္ဍာအိတ်

http://www.dhammadownload.com



တောင့်တင်း၍"ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်နိုင်ကြမည့်"အကြောင်းကို ပြောပြလိုရင်းဖြစ်ပါသည်။

**ကျေနပ်ဖွယ် သာသနာ**

ဘုန်းကြီး မြင်ချင်သော မြန်မာနိုင်ငံတော်ကား အားလုံး ညီညွတ်စွာဖြင့် စီးပွားရေးကို လေးစားမှုကြောင့် တိုးတက်လာသော ကျန်းမာရေး၊ ပညာရေးတို့ကို အခြေပြု၍ မြေပြင် ရေပြင် ဝေဟင်တပ် တို့ဖြင့် သပ်ရပ်ထယ်ဝါ တင့်တယ်စွာသော ပြည်ထောင်စုမြန်မာအိမ်တော်တွင် စည်းကမ်းကျနစွာ အထွတ်တင်ထားသော ကျောင်း ကန် ဘုရား စာသင်တိုက်များကို မြင်ချင်လှပြီ။ အကြင်အခါ၌ စာသင်တိုက် ကမ္မဋ္ဌာန်းတိုက်နှင့် ကျောင်းကန်ဘုရားတို့သည် ဝင်လာသူတို့စိတ်ကို ဆွဲဆောင်နိုင်လောက်အောင် သာယာ၏။ ဆိတ်ငြိမ်၏။ ထိုအတွင်း၌ သီတင်းသုံးနေထိုင်သူတို့သည် စိတ်ထားဖြူလွှင် သူတော်စင်များချည်း ဖြစ်၏။ ထိုအခါ(ဈာန် မဂ်ဖိုလ် မရစေကာမူ) ကျေနပ်ဖွယ်ကောင်းသော သာသနာတော်ဖြစ်ပါလိမ့်မည်။

**ကျွန်းကိုင်းမှီ ကိုင်းကိုကျွန်းမှီ**

ရေလယ်ခေါင်ကျွန်းသည် ကိုင်းပင်တွေ အမြစ်တွယ်၍ ယှက်နွယ်ခြင်းကြောင့် ခိုင်မြဲရ၏။ ကိုင်းပင်တွေလည်း ကျွန်းခိုင်မြဲသောကြောင့်ပင် ခိုင်မြဲတည်တံ့ရ၏။ ထို့အတူ ပြခဲ့သော အစီအစဉ်အရ သာသနာတော်အရေးကို ပြင်လိုက်ကြလျှင် သာသနာတော်ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်တံ့၍ နိုင်ငံတော် တည်တံ့မှုကြောင့် သာသနာတော်ကလည်း စည်ပင်ဖွယ်ရှိရကား ရှင်ဘက်လူဘက်ခေါင်းဆောင်များသည် ဟိတောပဒေသလာ စိတြဂီဝါခိုအသင်းနှင့် သမ္မောဒမာနဇာတ်တော်လာ ငုံးအသင်းတို့၏ ညီညွတ်ကြသည့်ထုံးကို နှလုံးသွင်း၍ ဗုဒ္ဓသာသနာတော်ကို အထွတ်တင်ထားသော မြန်မာနိုင်ငံတော်ကြီးကို ခိုင်ဖြိုးတိုးပွားအောင် ကြိုးစားနိုင်ကြပါစေသတည်း။

http://www.dhammadownload.com



# နောက်ဆုံးညွှန်ပြချက်

**အစိုးရပါမှ ဖြစ်နိုင်**

ဤ အနာဂတ်သာသနာရေးကျမ်း၌ ပြုပြင်ဖွယ်များကို အစိုးရပါမှ ပြုပြင်နိုင်မည်။ အစိုးရ ဆိုသူ့သည် တန်ခိုးအာဏာ လွန်စွာရှိ၏။ တိုင်းသူပြည်သားတို့ အကျိုးများမည့်ကိစ္စတို့ကို အနော်ရထာမင်းစသော မြန်မာမင်းအဆက်ဆက်တို့ ပြုပြင်ခဲ့ကြ၏။ ပြုပြင် သလောက်လည်း အကျိုးရှိခဲ့သည်။

ဤခေတ်၌ မြန်မာနိုင်ငံဝယ် ပြုပြင်ဖွယ်အများအပြားရှိ၏။ ထိုများစွာသောပြုပြင်ဖွယ်တို့တွင် သာသနာရေးကိစ္စလည်း အပါအဝင်ဖြစ်၏။ သို့သော် ပြုပြင်ပုံနည်းမကျလျှင် "ဖွတ်သည့်အတွက်ညစ်"ဆိုသလိုဖြစ်တတ်၏။ ထို့ကြောင့်လည်း မပြုပြင်ဘဲ မိရိုးဖလာအတိုင်း ကြည့်နေခဲ့ကြဟန်တူ၏။ ထိုသို့ကြည့်နေခဲ့မှုကြောင့် ယခုအခါ အမြင်မတော်စရာတွေ ရေးကထက် များနေလေပြီ။

**အစိုးရ မပါလျှင်**

အစိုးရသည် အကြောင်းအမျိုးမျိုးကြောင့် မပါနိုင်လျှင် မိမိတို့သံသရာရေးကို မိမိတို့တွေးကာ လူဝတ်ကြောင် ဒါယကာ ဒါယိကာမများလည်း ဆရာကောင်းထံနည်းခံ၍ ဖြစ်တန်သမျှ ပြုပြင်သင့်ကြ၏။ ဆရာတော် သံဃာတော်များကား တစ်ဖက်ပုပ်နေသော ပိန္နဲသီးအပုပ်ဘက်သို့ ပါမသွားအောင် ဝိနည်းသိက္ခာကိုလည်း လေးလေးစားစား ထိန်းသိမ်း၍ သမထဝိပဿနာဘာဝနာကိုလည်း အချိန်များများ ကြိုးစားသင့်ကြ၏။ ဤသို့ကြိုးစားနိုင်မှသာ သာသနာတော်နှင့် ကြုံတွေ့ရကျိုးနပ်၍ အနာဂတ် သံသရာခရီးလမ်း ဖြောင့်တန်းစေနိုင်ပါလိမ့်မည်။

http://www.dhammadownload.com

# နိဂုံးချုပ်လင်္ကာ

ကျမ်းပြီးမှတ်ထုံး၊ ကမ္ဗတ်ဖုံး၍၊ နိဂုံးအခန်း၊ လက်ရုံး တန်းပိမ့်၊ ခေတ်ဆန်းခုနှောင်း၊ လူအပေါင်းကား၊ မကောင်းကိုးကွယ်၊ ကောင်းကိုးကွယ်ဟု၊ ညာဘယ်မခြား၊ မပြုငြားဘဲ၊ စဉ်းစားဝေဖန်၊ ကျိုးရှိတန်မှ၊ လျှော်ကန်ရုံမျှ၊ ကိုးကွယ်ကြလိမ့်။

ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ကောင်းစွာကြိုတင်၊ မပြုပြင်သော်၊ အမြင်မှိန်မှေး၊ အထင်သေး၍၊ ယဉ်ကျေးဖွယ်ရာ၊ အဖြာဖြာနှင့်၊ ဘာသာဝါဒ၊ ဟူသမျှတို့၊ စစကုန်သုဉ်း၊ ပြုတ်ပြုတ်ပြုန်းလိမ့်။

ထွတ်ဘုန်းသာသနာ၊ မှိန်သောခါဝယ်၊ ထွေရာကောင်းနိုး၊ ဝါဒမျိုးဖြင့်၊ အကျိုးမဟုတ်၊ ဖြစ်ပြန်ခဲ့မူ၊ တကဲ့တိုင်းကြီး၊ ပြည်အနီးဌှိ၊ တိုင်းသီး ပြည်နယ်၊ မျက်နှာငယ်လိမ့်။

သို့နယ်ကြောင်းရာ၊ စုပေါင်းကာဖြင့်၊ ကောင်းစွာမျှော်ညှိ၊ ဆင်ခြင်မိ၍၊ တို့၏နယ်မြေ၊ တို့အမွေနှင့်၊ တို့မေဘာသာ၊ သာသနာကို၊ တို့သာကြံ့ကြံ့၊ စောင့်ရှောက်အံ့ဟု၊ ခံ့ခံ့မားမတ်၊ စိတ်ထားမြတ်ဖြင့်၊ နာဂတ်သာသနာ၊ ရေးအရာကို၊ တွေးကာသိုက်မြိုက်၊ ရေးသားလိုက်၏။

သိထိုက်သိရာ၊ သိပြီးခါဝယ်၊ စဉ်လာထင်မြင်၊ ပြင်ကာဆင်လျက်၊ စည်ပင်သာယာ၊ သာသနာနှင့်၊ မြန်မာပြည်ထောင်၊ တိုးတက်အောင်လျှင်၊ ခေါင်းဆောင်ရှေ့သွား၊ ရှင်လူများတို့၊ ခွဲခြားမေတ္တာ၊ မထားပါဘဲ၊ များစွာရိုသင်း၊ ငုံးခပင်းတို့၊ မကြွင်းကိုယ်စီ၊ ပိုက်ကိုချီသို့၊ ညီညီကြိုးကုတ်၊ အားသွန်ထုတ်က၊ ဗုဒ္ဓသာသနာ၊ ပြည်မြန်မာသည်၊ ကမ္ဘာထုတ်ချင်း ထွင်းလိမ့်သောဝ်။

**အနာဂတ်သာသနာရေး ပြီးပြီ။**

http://www.dhammadownload.com

ဆရာတော်အရှင်နေကာဘိဝံသ

ဟောကြားတော်မူခဲ့သည့်

# မောချင်ခုနစ်ပါးတရားတော်
# သံဃာ့ဂုဏ်ရည်တရားတော်
# သူတော်ကောင်းလက္ခဏာတရားတော်
# ဆွမ်းအနုမောဒနာတရားတော်

စသည်တို့ကို

တစ်ပုဒ်ချင်းသီးသန့် အိပ်ဆောင်အရွယ်ဖြင့် ထုတ်ဝေရန်
စီစဉ်နေပါပြီ။

မကြာမီထွက်ပေါ်လာပါတော့မည်။

## ပါရမီစာပေ

၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၈၂၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်